ကျန်ရစ်...မြစ်



About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ်

မေလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်

အောင်သိန်းသန်းပုံနှိပ်တိုက် (၁၀၄၃၅) အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

အတွင်းပုံနှိပ်

ပုံရိပ်ရှင်ပုံနှိပ်တိုက်(၁၀၈၃၆) အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး

တန်ဖိုး - ၃၆၀၀ ကျပ်

ကျန်ရစ်...မြစ်



မာတိကာ

(၁) - ပွံ့ရိပ်ပေါင်းနှစ်ခု
(၂) - ဦးကျားကြီးရယ်၊ လကွယ်နေ့ရယ်
(၃) ထန်းဖူးဇာတာ တစ်စောင်
(၄) - လွမ်းလိုက်တာ ဘွားဘွားရယ်
(၅) - မိုးမိုးလေးရဲ့ မေမေ့ကျောင်း
(၆) - ကစားမလား... နားမလား
(၇) - ရွှေလမှာ ယုန်ဝပ်၊ ဆန်ဖွပ်သည့် အဘွားအို
(၈) - မယားတောသူ
(၉) - ညာတကာနစ္စ
(၁၀) - စျေးသည့် မေမေ၊ စျေးသည် သမီး
(၁၁) - ဒါနဆန်ပါရှင်
(၁၂) - ချစ်ရည်နှင်းစက် အလွမ်းဓာတ်တူ
(၁၃) - ပွံ့ကြက်ခင်
(၁၄) - ပိုပြောကောင်းတဲ့သူ
(၁၅) - ချစ်တဲ့သူငယ်လေ
(၁၆) - ကြမ္မာမှန်တိုင်း လေရိုင်းဆင်သည်
(၁၇) - မုန်တိုင်း၏ အမြင့်ဆုံးအဆင့်
(၁၈) - လောကစံ လှိုင်းကြက်ခွပ်လေးတွေ
(၁၉) - ကျွန်ရစ်...မြစ်
"ကျွန်ရစ်...မြစ်" မှတ်တမ်းလွှာ

(၁)

ပုံရိပ်ဟောင်းနှစ်ခု

"ဒီနေ့ ရန်ကုန်မှာ မိုးရွာတယ်၊ ရွာလိုက်တာ ဆိုတာများ တစ်သက်လုံး မရွာဖူး ခဲ့တဲ့အတိုင်းပဲ၊ နေ့ဖို့ညစာ မချန်ဘဲ အကုန်အစင် ရွာတော့မယ့်အတိုင်းပဲ"

နှစ်တစ်ဝက်ပင် ကျိုးလာလင့်ကစား သည်နှစ်အဖို့ သည်စာကြောင်းသည် အသစ်စက်စက် ဒိုင်ယာရီ စာမျက်နှာတွင် ဦးဆုံး မင်ထင်ခွင့် ရသည့် အကြောင်းအရာ ဖြစ်သည်။ ဆယ်ကျော်သက်ဘဝတုန်းကမူ နေ့စဉ် အဖြစ် အပျက်များကို မှတ်တမ်းတင်တတ်သည့် အကျင့် ကျွန်မမှာ ရှိခဲ့သည်။ သည်အကျင့်ကလေး ပျောက်နေခဲ့သည်မှာ ကြာပါပကော။ သို့ပေမဲ့ နှစ် တစ်နှစ် ကုန်ဆုံးချိန်ရောက်လျှင် သက္ကရာဇ်အသစ်နှင့် နေ့စဉ်မှတ်တမ်း စာအုပ် လှလှလေးများကို ကျွန်မ ဝယ်တတ်ပါသည်။ ရေးကား မရေးဖြစ်။ မအားလို့လား။ ဒါလည်း မဟုတ်။

မရေးချင်တာလား။ ဒါလည်း မဟုတ်ပြန်။ ရေးစရာ မရှိတာလား။ ဒါကတော့ လုံးလုံးကြီး လွဲပါသည်။ တကယ်တော့ အတွေးနှင့် ခံစားချက် သွားသလောက် အရေးက မလိုက်နိုင်ခြင်းကြောင့်သာ ဖြစ်လိမ့်မည်။ စိတ်လိုလက်ရရှိချိန်မို့ ရေးပြန်တော့လည်း အတွေးတွေက ဟိုရောက်သည်ရောက် ခုန်ပျံကျော်လွှားနှင့်။ အခုလည်း ရာသီဥတုအကြောင်း ရေးမိပြန်ပြီ။

ဘာတွေ ရေးနေမိပါလိမ့်နော်။ ရန်ကုန်မှာ မိုးရွာတာ အဆန်းမှ မဟုတ်တာပဲ။ တစ်ခါတလေများဆိုလျှင် လချီပြီးတောင် မိုးက စွေချင် စွေနေ သေးတာ။ သည်စာမျက်နှာကို တစ်နေ့နေ့မှာ ပြန်ဖတ်မိလျှင်... အဲဒီနေ့ မိုးရွာတော့ ဘာဖြစ်လဲ... ဟူ၍ အမိပ္ပာယ်မဲ့ မေးခွန်းအတွက် အဖြေရှာချင် ရှာနေမိနိုင်သည်။ သည်လိုနောက်ဆက်တွဲ အတွေးကြောင့် ရာသီဥတု အကြောင်း ဆက်မရေးဖြစ်တော့ပြန်။

"ဒေါ်လာဈေးက တက်လိုက်တာ၊ ထောင့်ငါးရာတောင် ကျော်နေပြီ"

စာကြောင်း အဆုံးမှာ အစောကလို မေးခွန်းက ထပ်ဆင့် လိုက်လာ ပြန်သည်။ ဒေါ်လာဈေးတက်တော့ ဘာဖြစ်မှာတဲ့လဲ။ သို့နှင့် ဒေါ်လာဈေး တက်သည့် အကြောင်းမှသည် အလုပ်အကြောင်းနှင့် နေ့စဉ် ကုန်ကျစရိတ် အကြောင်းဆီသို့ အတွေးမျှင်သည် တစ်နွယ်ငင် တစ်စင်ပါ ရောက်သွားပြန်၏။ သည့်နောက် ချက်ချင်းဆိုသလို အဘွားအိုတစ်ဦးနှင့် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်သည် ကျွန်မအတွေးကို စိုးမိုးသွားသည်။ သူတို့နှစ်ယောက်သည် ကျွန်မကို ပြုံး၍ ကြည့်နေကြသည်။

"ဒီတစ်ပတ် ဈေးဖိုး... ၆၀၀"

ပုံရိပ်ဟောင်းများနှင့်အတူ နားစည်မှသို့ ပဲ့တင်လှိုင်းခတ်လာသော အသံကို ပြန်ကြားယောင်မိသည်။ သည်ပုံရိပ်တို့ကို မြင်တိုင်း ကျွန်မမှာ သက်ပြင်းချ၍

မျက်လွှာကို စေ့ပိတ်ရစမြဲ။

"ဈေးဖိုး ၆၀၀"၊ "ဈေးဖိုး ၆၀၀" တဲ့လား။

"တယ်လီဖုန်း ပြောနိုင်သည်၊ တစ်ခါပြော ၁/ကျပ်"။

ဈေးဖိုး ၆၀၀ ကျပ်နှင့်အတူ တွဲစပ်လျက် သတိရမိသည်မှာ တယ်လီဖုန်း တစ်ခါပြောလျှင် တစ်ကျပ် ပေးရခြင်း ဖြစ်သည်။ ဈေးဖိုး ၁၀၀၀ ကျပ် ဆိုသည့်အရာနှင့် ပူးတွဲ၍ မှတ်ဉာဏ် စွဲထင်သည်ကတော့ တယ်လီဖုန်း တစ်ခါ ပြောလျှင် သုံးကျပ်ဟူ၍ ဖြစ်သည်။ အခုတော့ ကျပ်တန် ဆိုသည်မှာ ပြတိုက်မှာ သွားကြည့်မှသာ မြင်ဖူးနိုင်သည့် အရာမျိုး။ ငွေ၆၀၀ နှင့် မိသားစုတစ်စု တစ်ပတ်စာ စားဝတ်နေရေးကို ဖြေရှင်းခဲ့ရပါသည် ဆိုလျှင် ယုံတမ်းပုံပြင်လိုလို။

စက္ကန့်တို့၊ မိနစ်တို့၊ ရက်၊ လ၊ နှစ်တို့ တဖျစ်ဖျစ် လောင်ကျွမ်းခဲ့ ပြီး ဖြစ်ပါသည်။ တောင်ဘက် နှစ်အိမ်ကျော်က တရုတ်မန်ကျည်းပင်ကြီး နေရာတွင် တည်ပင်တစ်ပင် အစားထိုး ရောက်လာသည်။ အိမ်နောက်ဖေးက ရွှေလာငွေလာဂမုန်း နှစ်ပင်အနက် တစ်ပင် သေသွားသည်မှာ အတော် ကြာပါပြီ။ ဖုန်ထူသော ကွင်းပြင်နေရာတွင် ကွန်ကရစ်အတိပြီးသော လမ်းကို မြင်ရသည်။ အချိုသော ညနေများတွင် မျှော်ကြည့်ဖူးသော မြစ်ပြင်မှာလည်း သောင်ပြင်ကျယ်ကြောင့် မှုန်ကွေးကွေးသာ ရှိတော့၏။

တိမ်မီးခိုးသဖွယ် အငွေ့သာ ကျန်ရစ်သော အတိတ်ကို ဖျတ်ခနဲ အောက်မေ့မိရာတွင် ရှိုက်မိသော အသက်ငွေ့မှာ နေရာမှာတင် ခေတ္တတန့်သည်။ တစ်ဆက်တည်းမှာပင် မှိုင်းကျသွားသော မျက်ဝန်းထဲတွင် ကျွန်မကို ငေးကြည့် နေသော အမျိုးသမီးနှစ်ယောက်၏ သဏ္ဌာန်မှာ မှိန်တစ်လှည့် လင်းတစ်လှည့်နှင့်။

"သွားပါတော့လေ.. သွားပါတော့"

နာကျင်လျက်ကပင် နှင်မိသည်။ စိတ်ဆန္ဒလိုအင်နှင့် ဆန့်ကျင်ဘက်လုပ်ရပ် ဖြစ်သဖြင့် စကားသံသည် ပီပီပြင်ပြင် မရှိလှ။

ပြင်ပမှာတော့ မိုးသည် ဖွဲရာကနေ တဖြည်းဖြည်း သည်းလာပါသည်။ သွပ်ခေါင်မိုးအပေါ်သို့ မိုးပေါက်များ အရှိန်နှင့် ကဆုန်ပေါက် ကြွေလိမ့်ကျ လာသဖြင့် ဝုန်းဝုန်းဒိုင်းဒိုင်း မြည်သံဟိန်းလာသည်။ သည်လိုည အိပ်ပျော် နိုင်ပါ့မလား။

"မက်နေကျ အိပ်မက်တွေ မမက်တာ ကြာပြီ"

ဒါကတော့ သုံးကြောင်းမြောက် စာကြောင်း ဖြစ်သည်။ သည်စာကြောင်းကို ရေးပြီးနောက်တွင် အတွေးမျှင်က ပို၍ ရှည်လျားလာသည်။

အိပ်မက်တွေ အရင်လို မမက်တော့တာ ဘဝအသစ်မှာ သူတို့ ပျော်နေကြလို့ ထင်ပါရဲ့။ ထိုအတွေးသည် ကျွန်မကို သေချာပေါက် နိုက်စက်ကလူ ပြု၏။ အိပ်မက်မက်တိုင်း ငိုရသော်လည်း ထိုအဖြစ်ကနေ ကျွန်မ မလွတ်မြောက်ချင်ပါ။ လွတ်မြောက်ရန်လည်း ကြိုးစား အားမထုတ်ချင်ပါ။ ဒါသည်မှန်သောသစ္စာ ဖြစ်ပါသည်။ သည်ဘဝမှာ သည်အိပ်မက်လေးသာလျှင် တခုတ်တရ အလွမ်းဖြေစရာအဖြစ် ကျန်ရစ်ပါသည်။

ပျော်ရွှင်သူနှင့် နာကျင်သူ … မည်သူက အတိတ်ကို ပို၍ တမ်းတတတ်သည်ကို ကျွန်မ မသိပါ။ သို့သော် ကုသိုလ်ထူးသူများသာလျှင် ကြည်ကြည်သာသာ လွမ်းနိုင်သည့် အတိတ်ကို ပိုင်ဆိုင်ခွင့် ရနိုင်သည်ဟု ထင်ပါသည်။ နိစ္စဓူဝ ရင်သန်ရသော ဘဝ၏ ရသစုံလင်မှုတွင် အလွမ်းသည် တစ်ခါတစ်ရံ အစာကြေဆေး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မိုးရွာသည့် အချိန်မျိုး၊ လသာသည့် အခိုက်အတန့်မျိုး၊ ပင်လယ်လှိုင်းသံကို နားဆင်နေရချိန်မျိုးတွင် အတိတ်ကာလများကို စားမြုံ့ပြန်ကာ လွမ်းရသည်က ဘဝ တဏှာကို မသိမသာ ဆွဲဆန့်ပေးနိုင်သော ကာမဂုဏ်တစ်ပါး ဖြစ်၏။ ထို အကြောင်းကြောင့် အတိတ်ဟောင်း၊ အိပ်မက်ဟောင်းတို့ကို ကျွန်မ တွယ်တာ လှပါသည်။

တစ်ခါက ရန်ကုန်ကို ရောက်လာသော အညာက မိတ်ဆွေ အမျိုးသမီးကြီး ပြောသည့် စကားကို အမှတ်ရမိသည်။ သူသည် လူလွတ်တစ်ဦး ဖြစ်သည်။ သူ နေထိုင်ရာ အညာက ရွာတွင် ဆွေမျိုးဉာတကာ မရှိ၊ အမိ အဖတို့ကလည်း ကွယ်လွန်နှင့်ပြီ။ သူ့လိုပဲ တစ်ကိုယ်ရေ တစ်ကာယ နေထိုင်သူ ဆွေမျိုးနီးစပ်သူ တစ်ဦးက ရန်ကုန်တွင် အတူနေထိုင်ရန် လှမ်းခေါ်သည့်အခါ တစ်နေ့တော့ သူ ရောက်လာရှာပါသည်။ သို့ပေမဲ့ သူ့ကို ကြည့်ရတာ ရန်ကုန်တွင် ပျော်ပိုက်ပုံ မပေါ်ပါ။ တစ်နေ့တာ အတောအတွင်း ညှိုးငယ်သော သူ့သွင်ပြင် အထင်ရှားဆုံး အချိန်ကား ညနေ နေစောင်းလျှင် တိုက်ခန်း ဝရန်တာသို့ ထွက်ကာ အဝေးကို မျှော်ရီငေးနေတတ်သည့်အချိန် ဖြစ်သည်။

“ဘယ်ရည်းစားများ လွမ်းနေတာလဲ ကြီးတော်ရယ် … ကိုယ့်မှာ တစ်ကိုယ်တည်း အပျိုကြီး၊ ရွာမှာ တွယ်တာစရာ ဘယ်သူမှလည်း ကျန်တော့တာ မဟုတ်ဘဲနဲ့ ဘယ်သူ့များ လွမ်းလို့ တမျှော်မျှော်လုပ်နေရတာလဲ”

သူ့ကို သည်လို မေးလျှင်တော့ အခြားသူများအဖို့ ထူးဆန်းသော၊ သို့သော်လည်း သူ့အတွက်မူ ရိုးရှင်းသော အဖြေတစ်ခုကို သူ့ဆီကနေ ကြားရ လေ့ရှိပါသည်။

“လွမ်းစရာ မရှိဘူး ဆိုပေမယ့် ရွာက ကိုင်းပင်လေးတွေကို တွေးပြီး လွမ်းရတာပဲ”

“ကိုင်းပင်လေးတွေ… ကိုင်းပင်လေးတွေ”

တဲ့။ သူ ပြောသွားခဲ့သည်။ ကိုင်းပင်လေးတွေကို လွမ်းပါသတဲ့။ ဒိုင်ယာရီ ရေးနေရင်းက ထိုအကြောင်းကို စဉ်းစားမိသွားပြန်သည်။ သူ ပြောသည့် ကိုင်းပင်လေးတွေ ဟူသော စကားလုံးကို တဖွဖွ ရွတ်ကြည့်မိသည်။ သူ့ခံစားချက်ကို ကျွန်မ ထိထိမိမိ တိတိကျကျ စာနာမိလေပြီ။ “လူတွေဟာ တွယ်ရာမဲ့ မဟုတ်ကြပါဘူး၊ ဘဝတဏှာကိုဆွဲဆန့် စေတဲ့ အာရုံတစ်ခုခုမှာ အမြဲငြိတွယ်ရင်း သိသိရက်နဲ့ မရုန်းထွက်… အထပ်ထပ် ချည်နှောင်နေကြတာပါ”

ဒါကတော့ သည်နေ့အဖို့ နောက်ဆုံးစာကြောင်း ဖြစ်သည်။ ရေးစရာ အကြောင်းအရာများစွာ ရှိနေသေးသော်လည်း မရေးလိုလှတော့။ တစ်ခါတစ်ရံ ဝေဒနာသက်သာစေရန်အတွက် ခံစားချက်ကို ဖောက်ထုတ်သည့် နည်းဖြင့် ကုစားတတ်ကြသော်လည်း ခံစားချက်တိုင်း ဖြေချထိုက်နေသည်တော့ မဟုတ်ပါ။ ဆေးဝါးများလို တစ်နေ့နည်းနည်းချင်းစီ မှီဝဲထိုက်သော ဝေဒနာမျိုး လည်း

ရှိပါသေးသည်။ ဝေဒနာနှင့် အသက်ဆက်ရသည်။ ဒါဟာ အလွမ်းပေါ့။

ဒိုင်ယာရီထဲက အကြောင်းအရာများကို ကျွန်မ စိတ်စွဲသဖြင့် ထင်ပါသည်။ မိုးအေးအေးနှင့် လွမ်းဆွေးခဲ့သော ညတွင် မက်နေကျ အိပ်မက်သည် လာခေါက်ပြန်ချေသည်။

ထိုအထဲတွင် ထန်းဖူးဇာတာတစ်စောင် ပါသည်။ လည်ပ်တုံဆွဲကြိုး တစ်ကုံး ပါသည်။ ရှင်မတောင်နံ့သင်းသော အမျိုးသမီးနှစ်ဦး ပါသည်။ ရေဒီယိုသတင်းနားထောင်သူ အဘိုးအိုတစ်ဦး ပါသည်။ ဘေးလွယ်အိတ်ထဲတွင် ဖတ်စရာ စာအုပ်တစ်အုပ်စ၊ နှစ်အုပ်စ ထည့်ကာ စက်ဘီးတစ်စီးနှင့် ပေတစ်ရာလမ်းမပေါ်တွင် နင်းဖြတ်သွားသူ အမျိုးသားတစ်ယောက် ပါသည်။ ညီမလေးကို အင်မတန်ချစ်သော အစ်မတစ်ယောက် ပါသည်။ ခေါင်းတွင် အပူဖုဖလပွနှင့် နှပ်ချေးတရှုပ်ရှုပ် ကလေးမလေးတစ်ဦးပါ ပါသည်။

❑

(၂)

ဦးကျားကြီးရယ်၊ လက္ကွယ်နေ့ရယ်

"မန္တလေးမှာ အမှုအခင်းတွေ သိပ်ဖြစ်တာပဲ"

"အေးလေ…ခားထိုးမှု ဖြစ်တာလည်း ခဏခဏ…ကိုယ်ကြည့်မရတဲ့သူဆိုရင် မန္တလေးကို သွားပါလားလို့တောင် မြောက်ပေးရမလိုတောင် ဖြစ်နေပြီ"

ဆူးလေတွင် ဘတ်စ်ကား စောင့်နေရင်း ဘေးက အမျိုးသမီးနှစ်ဦး၏ အပြန်အလှန်စကားပြောသံကို ကြားလိုက်ရသည်။ ခဏအကြာတွင် "အဲဒီ ကားက မြေနီကုန်းကို ရောက်တယ်" ဆိုပြီး ဆိုက်လုဆိုက်ခင် ဘတ်စ်ကား ဆီသို့ သူတို့နှစ်ယောက် ပြေးသွားကြသည်။ မြို့လယ်ကောင်သည် ပိုးဟပ် အသေ ရှိရာတွင် အရပ်ရှစ်မျက်နှာမှ ဝိုင်းအုံခဲနေသော ပုရွက်ဆိတ်များ ပြိုင်တူ တိုးဝှေ့နေသည့်နှယ် ကြိတ်ကြိတ်ခဲခဲ ရှိလှသည်။

ယခုတော့ ရန်ကုန်တွင် မိုးစဲသွားသည်မှာ သုံးရက်ခန့် ရှိလေပြီ။ ရာသီကား မှိုင်းပျပျ ဖြစ်မြဲ။ မိုးမရွာ၊ လေမတိုက်ဘဲ တင်္ငွေ့င်္ငွေ့ပူနေသဖြင့် လောင်အိုက်လှသည်။ ပြိုက်ပြိုက်ကျသော ချွေးမှာ တစ်ကိုယ်လုံးတွင် ရှိသော အင်အားမှန်သမျှကို အဝတ်ရေညှစ်လိုက်သလို ဆွဲစုပ်ယူညှစ်လိုက်သဖြင့် ကိုယ်ခန္ဓာမှာ နွမ်းဖပ်ပြီး ကျန်ရစ်ခဲ့သည်။ နုံးသည်။ မောသည်။ ရေငတ်သည်။ လူတို့ တိုးကာ ဝှေ့ကာ အော်ကာ ဟစ်ကာ တွန်းကာ ထိုးကာ ရှိနှင့်သော မြင်ကွင်းကြောင့် ပို၍ စိတ်လက်မအီမသာ ဖြစ်ရသည်။ တုပ်ကွေးများ ဖြစ်ချင်လားမသိဟု တွေးပြီး ဘတ်စ်ကားမှတ်တိုင် ထိုင်ခုံမှာ ထိုင်ရင်း မျက်စိ မှိတ်၍ အသာမှိန်းနေခိုက်တွင် မန္တလေး၌ အမှုအခင်း ပေါ်များကြောင်း စကားသံကို ကြားရခြင်း ဖြစ်သည်။

လူတို့သည် မိမိနှင့် နီးစပ်သည့် သတင်းအပေါ်မှာ ပို၍ စိတ်ဝင်စားမှု ရှိသတဲ့။ မန္တလေး ဆိုသည့် ဝေါဟာရကို နားတွင် အဖျားခတ်မိရုံနှင့် သိလိုစိတ်က ခေါင်းထောင်လာသည်။ လွမ်းတစိတ်က ဘောင်ဘင်ခတ်လာသည်။ ဒါက ကျွန်မ၏ ဇာတိမြို့ပေကိုး။

ကျွန်မတို့ ငယ်စဉ်တုန်းက မန္တလေးက သည်လို မဟုတ်။ လူဦးရေလည်း မများလှသလို မျက်နှာစိမ်းလည်း မပေါ်လှပါ။ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင် စသည့် ကျုံး၏ အရပ်လေးမျက်နှာစလုံးမှာ စက်ဘီးလေး ကြော့ကြော့နင်းရင်း တစ်အိမ်နှင့် တစ်အိမ် ကူးလူးဖို့ မခက်ခဲလှ။ မရှုပ်ထွေးလှ၊ မဆူညံလှ။ အဘိုး၊ အဘွားတို့ ပြောသည်က ဒုတိယကမ္ဘာစစ်အပြီး မုံရွာ၊ ရွှေဘို စသည့် အနီးအနား အညာမြို့တော်များက လူတွေ ပို၍ ပြောင်းရွှေ့ လာသည့်နောက်ပိုင်း မြို့တော်ဟာ စည်ကားလာသတဲ့။ သည်စည်ကားမှုဟာ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း တရွေ့ရွေ့ တက်ရိပ်ပြသွားသော လူဦးရေနှင့် တိုက်တာအဆောက်အအုံ ကိန်းဂဏန်းနှင့် ယှဉ်လျှင်မူ မပြောပလောက်ပေ။ ယဉ်ကျေးမှုအငွေ့အသက် အကင်းမသေသေးသည့် မြို့၏ ရွှေထီးဆောင်း ကာလ အဖျားအနားကို သိမီခဲ့သော ကျွန်မအဖို့ သည်မြို့သည် အဘိုးလည်း ဟုတ်သည်။

အဘွားလည်း ဟုတ်သည်၊ အဖေလည်း ဟုတ်သည်၊ အမေလည်း ဟုတ်သည်၊ ကိုယ်ကိုယ်တိုင်လည်း ဟုတ်သည်။

မန္တလေးဟု စကားစလိုက်လျှင် ကျွန်မ ပထမဆုံး မှတ်မိသည်မှာ ဦးကျားကြီးဝင်း မီးလောင်ခြင်း ဖြစ်သည်။ ထိုမီးလောင်မှုနှင့် ကျွန်မ၏ လူ့ဘဝ အစကား ရှေ့ဆင့်နောက်ဆင့် ဖြစ်ခဲ့သည်။ ဦးကျားကြီး မီးကို ကျွန်မ မမီလိုက်ပါ။ လူကြီးများ ပြောစကားဖြင့်သာ ရင်းနှီးရသည်။ ကျွန်မ သိတတ်စအရွယ် အသက်လေး၊ ငါးနှစ်တုန်းက မေမေနှင့် ဈေးချိုသို့ လိုက်သွားလျှင် လမ်းတစ်လျှောက်တွင် လောင်မီးက ချန်ရစ်ခဲ့သည့် ပြတင်းပေါက် ဟောင်းလောင်းနှင့် တိုက်အိုများကို ကြိုးကြားကြိုးကြား တွေ့ရပါသည်။ အမှတ် (၆) လိုင်းကားမှာ ကျွန်မတို့ အိမ်မှ ဈေးချိုသို့ ရောက်နိုင်သည့် တစ်ခုတည်းသော ယာဉ်လိုင်း ဖြစ်ခဲ့သည်။ စစ်ကျန် ဗိုက်ပူကားအိုကြီး သယ်ဆောင်ရာကို တရွေ့ရွေ့ လိုက်ပါသွားရင်း မီးကြောင့် ပျက်စီးခဲ့ရသော မြို့ကို ငေးကြည့်တတ်ခဲ့သည်။ ကျွန်မ မမွေးဖွားမီက လောင်မြိုက်ခဲ့သော မီး၏ အဖျက်စွမ်းအား မည်မျှသက်ရောက်မှု ပြင်းထန်သည်ကို ချက်ချင်း နာလန်ထူ ရန်မထနိုင်တော့သော မြို့က သက်သေခံလျက် ရှိသည်။

မေမေ ပြောတာထက် ဘွားဘွားကတော့ မီးလောင်မှုအကြောင်း အသေးစိတ်ပိုပြီး ပြောပြနိုင်ပါသည်။ ဘွားဘွား ပြောပြပုံက ရုပ်လုံးကြွသည်။ စီကာ စဉ်ကာ ရှိသည်။ မနေ့တစ်နေ့က ဖြစ်ပွားသွားခဲ့သည့်အလား အဖြစ်အပျက်ကို လတ်ဆတ်အောင် သူ ပြောတတ်သည်။

“ညနေစောင်းကတည်းက စပြီး လောင်တယ် မှတ်တာပဲ…မီး…မီးဟေ့ဆိုလို့ အိမ်အပြင်ထွက်ကြည့်တော့ အနောက်မြောက်ထောင့် ကောင်းကင်မှာ ဝင်းလို့… အစကတော့ ခပ်အေးအေး ကြည့်နေတာပေါ့ … အရေးထဲ လေကလည်း တိုက်လိုက်တာ… မီးက မငြိမ်းဘဲ တဖြည်းဖြည်း ကြီးလာတော့ မဖြစ်တော့ဘူးဆိုပြီး ပစ္စည်းတွေ သိမ်းရတာ… တစ်ညလုံးလည်း မအိပ်ရပါဘူးအေ.. .. ဘယ်အချိန် ဒီဘက်ကိုများ ရောက်လာမလဲလို့… ကံကောင်းချင်တော့ တောင်လေတိုက်တော့ မီးက မြောက်ဘက်ကို ရွေ့တယ်… ညမိုးချုပ်တဲ့အထိ မီးက အရှိန်ကောင်းတုန်း… ဗဟိုဘဏ်နား ရောက်တော့မှ ငြိမ်းတယ် … ငြိမ်းတော့လည်း မြို့တစ်ဝက်က မီးထဲပါသွားပြီလေ”

“မီးက မြောက်ဘက်ကို မသွားဘဲ တောင်ဘက်ကို လာရင် ကျွန်တော်တို့ ဘယ်ကို ပြေးကြမှာလဲဟင် ဘွားဘွား”

“ဘုန်းကြီးကျောင်း ပြေးမှာပေါ့အေ ညည်းနှယ်… ဘုရားကြီးနားက ဘုန်းကြီးကျောင်းကို ပြေးမလား၊ ဗောဓိကုန်းဘက်က ဘုန်းကြီးကျောင်းကို ပြေးမလား …. မန္တလေးမယ် ဘုန်းကြီးကျောင်းတွေ ပြည့်လို့… ကိုယ်နဲ့ သိသိ မသိသိ မီးဘေးဒုက္ခသည်ဆိုရင် ဘယ်ဘုန်းကြီးကျောင်းကမှ ပစ်မထားဘူး… မန္တလေးရော စစ်ကိုင်းရော ဘုန်းကြီးကျောင်းတွေ ရှိနေသမျှ လုံခြုံတယ်… စစ်ဖြစ်တုန်းကလည်း ဒီမြို့က လူတွေ စစ်ကိုင်းချောင်တွေထဲ သွားပြီး စစ်ခိုကြရတာပဲ”

နောင်တွင် လူကြီးတွေက ကောက်ချက်ချကြသည်။ ဦးကျားကြီး မီးဟာ မြို့၏ ကံကြမ္မာကို အချိုးအကွေ့ ဖြစ်စေသည်တဲ့။ မီးကြောင့် ခါးကျိုး ကျသွားသည့်မြို့မှာ ၁၉၈၇ ခုနှစ်တွင် ငွေစက္ကူများ တရားမဝင် ကြေညာအပြီး နောက်တစ်နှစ် အကြာတွင် တစ်ပြည်လုံး အုံကြွသည့် အရေးအခင်းကြီးလည်း နောက်ဆက်တွဲ

ဖြစ်လေရာ ပိုမိုကျပ်တည်းလာခဲ့ဟန် ရှိခဲ့သည်။ သည့်နောက် မှာတော့ မြို့လယ်ကောင်တွင် အစဉ်အဆက် နေလာသူအချို့ မြို့အပြင်ဘက်သို့ ရွှေပြောင်း စတည်းချလာကြသည်ဟု ရှေ့မီနောက်မီတို့က ပြောသည်။

“ဦးကျားကြီးမီးက တစ်မြို့လုံးကို ဂြိုဟ်မွှေတာ ... ဒီလောက်ကြီးတဲ့ မီး တစ်ခါမှ မကြုံဖူးဘူး ... အဲဒါ နိမိတ်မကောင်းတာ… ညည်းက ဦးကျားကြီးဝင်း မီးလောင်ပြီး နှစ်လ နေတော့ မွေးရော… မီးလောင်တုန်းက ညည်းအမေမှာ ကိုယ်ဝန်ကြီး တမမနဲ့ တောင်ပြေးရမလိုလို မြောက်ပြေးရ မလိုလိုလေ … မပေါ့မပါးဖြစ်ရတာ… ညည်းကို မွေးတော့လည်း လက္ခယ်နေ့ကြီး… အဲ့ဒီကတည်းက ဒီကလေး ကောင်းကျိုးပေးမှာ မဟုတ်ဘူးလို့ ငါက သိပြီးသား”

ကျွန်မနှင့် ဘွားဘွား စကားနိုင်လုတိုင်း ဘွားဘွားက မဆိုင်ရာကို ဆွဲထည့်ကာ သည်လို အနိုင်ယူပြောတတ်သည်။ သည်အကြောင်းကြောင့်ပင် ဦးကျားကြီးမီးသည် ကျွန်မ အသိဉာဏ်တွင် စွဲစွဲထင်ထင် ဖြစ်ခဲ့ရသည်။ အသစ် ပြန်လည် မပြင်ဆင်နိုင်သဖြင့် သည်အတိုင်း ပစ်ထားရသော မီးလောင်တိုက် အိမ်များကို ကိုယ်နှင့် ဆက်စပ်မှု ရှိသည့်အလား ငေးမောလွမ်းတတတ်လာသည်။

“မြောက်ဘက်အိမ်က ကိုကိုကုလား မွေးတုန်းက လျှော်လှုပ်တယ် တဲ့… ဒေါ်လေးညိုက အဲ့ဒါ သူ့သားဟာ မင်းလောင်းလေး ဖြစ်ချင်ဖြစ်မှာလို့ မေမေ့ကို ပြောဖူးတယ်တဲ့ သိလား၊ အဲဒါ ဟုတ်လား ဘွားဘွား … ကျွန်တော် မမွေးခင် မီးလောင်တယ် ဆိုတော့ ကျွန်တော်ကကော ဘာဖြစ်မှာလဲဟင်”

“ကြားဖူးပါဘူးအေ… ပေါက်ပေါက် ရှာရှာတွေ…ကုလားလည်း ဘာမှ မဖြစ်ဘူး…ညည်းလည်း ဘာမှမဖြစ်ဘူး…ဒါပေမဲ့ ကုလားက လိမ္မာတယ်၊ အနေအေးတယ်…ညည်းကတော့ ဆိုးတယ်…အဲ့ဒီတော့ ငါ့အတွက်တော့ ကောင်းကျိုးမပေးဘူး”

သည်လိုအပြောခံရတိုင်း ကျွန်မသည် ဘွားဘွားကို အတွန့်တက် စမြဲ။

“ဘာလို့ ကောင်းကျိုးမပေးတာလဲ”

“ညည်းမှ မလိမ္မာတာ”

“ဘာလို့ မလိမ္မာဘူးလို့ ပြောတာလဲ”

“ပြောစကားမှ နားမထောင်တာပဲဟာ”

“ပြောစကားက ဘယ်တုန်းက နားမထောင်ဘူးလို့လဲလို့”

“ကိုင်း ကြည့် …… အခု ဂျစ်ကန်ကန် လုပ်နေတာတွေ”

ကျွန်မသည် သိပြီးသား အကြောင်းအရာကိုပင် ဘွားအေကို ဂျီကျပြီး မေးမေးစမ်းစမ်း လုပ်တတ်သည်။ ကိုယ်မသိလိုက်ရသည့် ကိုယ့်အကြောင်းကို စိတ်ဝင်စားလှသည်။ ကျွန်မကို မွေးဖွားစဉ်က လူကောင်လေး ဖွံ့ရဲ့လား၊ အသားလေး နီရဲ့လား၊ အူဝဲမြည်သံ အောင်ရဲ့လား ဆိုသည်ကအစ သိချင်သည်။

ငှက်ပေါက်စလေးများလို အမွေး ကျိုးတိုးကျဲတဲနှင့် အသိုက်ထဲကနေ နှုတ်သီးကို မိုးမျှော်လျက် ကျည်ကျည်ကျာကျာ မြည်တမ်းသလိုမျိုး ကျွန်မ လုပ်ခဲ့ဖူးသလား။ ကြောင်ပေါက်စလေးတွေ မမြင်မကမ်း တစမ်းစမ်းနှင့် ထော့နင်းနင်းဖြစ်သလို ကျွန်မကကော ရှန်းကန်ခဲ့ဖူးသလား။ ဝက်ပေါက် ကလေးတွေ တစ်ကောင်ပေါ်တစ်ကောင် ကျော်ခွတိုးဝှေ့ကာ မိခင်နို့ကို အာသာ ငမ်းငမ်း ဖြစ်သလိုမျိုး ကျွန်မကကော အငမ်းမရဖြစ်ခဲ့ဖူးလား။ ဘဝ၏အဦးအစသည် သည်မျှအထိ ကျွန်မအဖို့ စိတ်ဝင်စားစရာ ကောင်းပါသည်။

⁂

ဧပြီလ နှောင်းပိုင်း တစ်ရက် ဖြစ်ပါသည်။ တိတိကျကျ ဆိုရလျှင် လမကုန်ခင် တစ်ရက် ဖြစ်သည်။

နွေရာသီမို့ အရဏ်ကျင်းချိန် စောပါ၏။ ဆူပွက်လွန်းသော အပူရှိန်သည် ထိုတစ်နေ့ နွေလယ်ညဥ့်မှာတော့ အနည်းငယ် ပျော့ပျောင်းဟန် ရှိခဲ့ပါသည်။ သို့သော် ဆေးရုံကြီး၏ မွေးလူနာဆောင်ပြင်ပတွင် ဇနီးသည်ကို စောင့်နေရသော အမျိုးသားကြီးနှင့် မွေးခန်းထဲက ကိုယ်ဝန်ဆောင်မိခင်မှာတော့ သောကလောင်စာသည် မွေးဖွားခါနီးလေ အရှိန်တညီးညီး တောက်လေ ဖြစ်နေသည်။

“အဲဒီအချိန်တုန်းက ဘာမှမတွေးမိဘူး… မွေးလာတဲ့ ကလေး ခြေလက်အင်္ဂါစုံ မစုံ၊ အဲဒါပဲ ပူတာ”

ကျွန်မကို မွေးခဲ့သည့်အကြောင်း ပြန်မေးလေတိုင်း မေမေ့အဖြေသည် သည်သို့သာ မယွင်းမပြောင်း ရှိနေခဲ့သည်။ မွေးဖွားချိန်အတွင်း ခြေချော်လက်ချော် ဖြစ်ပြီး မိခင်၏ အသက်အန္တရာယ်နှင့် ကြုံလာခဲ့လျှင်ကော ဆိုသည့် ဒုတိယမြိုအပူသည်ပင် စိုးစဥ်းမျှ မရှိခဲ့၊ မတွေးခဲ့ပါတဲ့။ မေမေ၏ အပ်ကြောင်းထပ်မျှသော ထိုအဖြေကို မဟောင်းသော ပုံပြင်လို နားထောင် မဝ ဖြစ်ခဲ့သည်။ ပြီးတော့ ဒါဟာ ကျွန်မအကြိုက်ဆုံး ပုံပြင်ပါပဲ။

လူ့လောကထဲသို့ ရောက်လာသူကို သက်ဆိုင်ရာ အသိုင်းအဝိုင်း၏ အသိအမှတ်ပြုပုံကို အခြေခံပြီး ထိုလူသား၏ အတ္တဦး သန္ဓေတည်သည်ဟု ထင်ပါသည်။ ကလေးဘဝမှာတော့ မိမိကို မမွေးဖွားခင်က အကြောင်း၊ မွေးဖွားစဥ် အကြောင်း၊ မွေးဖွားပြီး အကြောင်းတို့ကို အတော်သိချင်ခဲ့သည်။ ကျွန်မကတော့ သူများထက် ထူးချင်သည့် နေရာတွင် နှစ်ပြန်ကဲသူဟု ဆိုရမည်။

“သမီးကို မွေးတော့ မျက်နှာဖုံးစွပ် ပါလာလား မေမေ”

“မပါပါဘူး… ဒီအတိုင်းပဲ မွေးတာလေ… ငိုလိုက်တာလဲ ပြဲလန် နေတာပဲ”

“အချင်းကော စလွယ်သိုင်း မွေးလာတာလား”

“ဟယ်… ပေါက်ပေါက်ရှာရှာ… ဘာစလွယ်မှ မသိုင်းဘူး”

“ရွှေဇွန်းကော ကိုက်ရသေးလားဟင်”

ထိုအခါ အနားမှာရှိသော အဘွားသည် မနေသာတော့။ ကျွန်မ၏ တောင်စဉ်ရေမရ မေးခွန်းများကို နားကလောလာဟန် တူသည်။

"ဟဲ့... မွေးခါစကလေး သွားတောင် မပေါက်သေးတာ... ဘယ်က ရွှေဖွန်းကို ကိုက်ချင်သေးတာတုံး"

"ဒါဖြင့် တခြားကလေးတွေလိုပဲ မွေးလာတာပေါ့"

"အေးပေါ့"

မေမေနှင့် ဘွားဘွား၏ အဖြေကြောင့် စိတ်ကူးယဉ်ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ရသည်။ သူတို့ မည်သို့ ပြောပါစေ။ ကစားဖော် သူငယ်ချင်းများနှင့် တွေ့လျှင်တော့ ကျွန်မသည် မျက်နှာဖုံးစွပ်လျက် အချင်းစလွယ် သိုင်းကာ ရွှေဖွန်းကိုက်ပြီး မွေးဖွားလာသူဟုသာ ပြောလေ့ရှိသည်။ သူတို့ကလည်း အားကျမခံ မွေးကတည်းက အဖေ၊ အမေ နာမည်အော်ခေါ်ပြီး မွေးလာသူတွေဟု ပြောလိုပြော၊ ဆေးရုံမှာကတည်းက သူငယ်ချင်းတွေ ရလာခဲ့သည်ဟု ပြောလိုပြော တစ်ယောက်နှင့်တစ်ယောက် သေးသေးတင် မခံ ပြန်ကြွားကြပါသည်။

"နေပါဦး ... အဲဒီ ရွှေဖွန်းကိုက်တာတွေ၊ စလွယ်သိုင်းတာတွေက ဘယ်က သိလာရပြန်တာတုံး"

ဘွားဘွားသည် သနပ်ဖက် ဆေးပေါ့လိပ်ကို တစ်ချက် ဖွာလိုက်ရင်း ခပ်ငေါ့ငေါ့ မေးလေသည်။ နေ့လယ်နေ့ခင်းဆိုလျှင် ဘွားဘွားသည် ထမင်း စားပြီးချိန်တွင် ခါးတွင်းချဉ်ပြေအောင် ဆေးလိပ်ဖွာတတ်သည်။ ဘွားဘွား နှင့် မလှမ်းမကမ်းတွင် မေမေကလည်း စာရင်း တွက်ချင် တွက်နေတတ်သည်။ သည်လိုအချိန်ဆိုလျှင် ကျွန်မကတော့ သူတို့အနားမှာ တကျည်ကျည်ပေါ့။

"သူများတွေ ပြောနေကြတာပဲလေ"

"အဲဒီတော့ အဲလို မွေးလာတော့ ဘာဖြစ်သတဲ့တုံး"

"အဲဒီလို မွေးလာရင် ထူးခြားတယ်တဲ့... ထီပေါက်တယ်တဲ့... ချမ်းသာတယ်တဲ့"

ကျွန်မကို ထူးထူးခြားခြား မွေးမပေးခဲ့လို့သာ အဖေတို့၊ အမေတို့ ထီမပေါက်၊ မချမ်းသာကြတာ ဆိုပြီး ငြိုငြင်ချင်မိသလိုလို ရှိသည်။ ဘွားဘွား ကတော့ ကလေးလို မနေရ၊ မတွေးရကောင်းလား ဆို၍ ဆူငေါက်သည်။ ဆူချင်ဆူ၊ ငေါက်ချင်ငေါက်၊ ကျွန်မတို့ကတော့ ပေါက်ကရပေါင်းစုံ ဇာတ်လမ်း ခင်းကာ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ကြသည်။

သူငယ်တန်းပင် မတက်ရသေးသော ကျွန်မတို့သည် မွေးကင်းစ ကလေးဘဝအကြောင်း စားမြုံ့ပြန်လျှင်ပင် နှစ်ပရိစ္ဆေဒ အလွန် ကြာညောင်းခဲ့ပြီ ဖြစ်သော အကြောင်းအရာတို့ကို တသသ ပြောဆိုနေရသလို လူကြီးဟန် ဖမ်း၍ ပြောတတ်ကြသည်။ မနေ့တစ်နေ့က အကြောင်းအရာလေးကို ပြန်ပြောကြလျှင်တောင် "ငါ ငယ်ငယ်တုန်းကလေ.." ဟူ၍ အစချီတတ်သည်။

ထိုအကြောင်းများ ပြန်တွေးရလျှင် တစ်ခါတစ်ရံတော့လည်း ရယ်မိသည်။ တစ်ခါတစ်ရံတော့လည်း လွမ်းစရာကောင်းသည်။ သည်အထဲတွင် ဖိုးကျော်၏ နိမ္မာန်ဇာတ်လမ်းလည်း ပါသည်။

"ငါ ငယ်ငယ်တုန်းက နိမ္မာန်ရောက်ဖူးတယ်"

ဖိုးကျော် သည်လို ပြောလာတော့ ကျွန်မ မခံချင် ဖြစ်မိသည်။ ပြီးတော့ အံ့သြရသည်။ သည်တုန်းက ဝါတွင်းကာလမှာ ဘွားဘွားနှင့်အတူ တရားပွဲကို အဖော်လိုက်ခဲ့တုန်းကပါ။ သူ့စကားသံကို ကြားကြားချင်း တရားနာ ပရိသတ်အတွက် ကုသိုလ်ပြုသည့် ဆီးဖျော်ရည်ကို တန်းစီ ယူနေရင်းက ခြေလှမ်းကိုတုံ့၍ လှည့်ကြည့်မိသည်။ ဆီးဖျော်ရည်ထက် ဖိုးကျော် နိမ္မာန် ရောက်ဖူးသည့် အကြောင်းကို သာ၍ စိတ်ဝင်စားသည်။

"နင်က ဘယ်လိုလုပ် ရောက်ဖူးတာလဲ"

"အဖေ ခေါ်သွားတာ... ဆိုက်ကားလည်း စီးရတယ်၊ ရထားလည်း သုံးရက် စီးရတယ်၊ လေယာဉ်ပျံရောပဲ... ပြီးမှ ရောက်တာ... နိမ္မာန်က နိုင်ငံခြားနဲ့ တူတယ်ဟ..."

သည်လိုနှင့် ကျွန်မတို့မှာ နင်က နိမ္မာန်ပဲ ရောက်ဖူးတာ၊ ငါက ငရဲ ရောက်ဖူးတယ်၊ ငါက နတ်ပြည် ရောက်ဖူးတယ်၊ သရဲတွေဆီ ရောက်ဖူးတယ် ဟူ၍ အလုအယက် ကြွားကြသည်။ လူကြီးများဆီကနေ အကြားဖြင့် တစ်ယောက်က သိုက်က လာတယ်ဟု ဆိုလျှင် ကျန်သူအပေါင်းကလည်း သိုက်ကချည်း ဖြစ်ကုန်သည်။ တစ်ယောက်ပြီး တစ်ယောက် ကိုယ်ပိုင်သိုက် ဇာတ်လမ်းကို မရိုးမချင်း အမျိုးမျိုးထွင် ပြောကြသည်။

တစ်ယောက်က သရဲ တွေ့ခဲ့သည်ဟု ဆိုပြန်လျှင် "နင်တွေ့တဲ့ သရဲထက်... ငါ့သရဲက ပိုကြောက်စရာကောင်းတယ်" ဟု ဆိုကာ သရဲ အကြောင်း ပြိုင်ပြောကြပြန်သည်။ အနိုင်လိုချင်လွန်း၍သာ အပြိုင်အဆိုင် ပြောခဲ့ကြသည်။ ညကျတော့ ကိုယ်ပြောထားသည့် သရဲပုံပြင်ကို ကိုယ့်ဘာသာ ပြန်တွေးမိပြီး ကြောက်ကြရပြန်သည်။ အပြိုင်ပြောကြစတမ်းဆိုလျှင် အနိုင်မခံ အရှုံးမပေး အကြွားကောင်းလွန်းလို့လည်း အရိုက်ခံရဖူးသည်။

"ငါ့အဘွားမှာ နှလုံးရောဂါ ရှိတယ် ... မောမောနေတာလေ... ရပ်ရှင်ထဲက မင်းသမီးတွေလိုပဲ သိလား... အဲဒါ သူဌေးရောဂါတဲ့"

ဝေလွင်က သည်လို ပြောလာတော့ ကျွန်မ မခံနိုင်တော့။

"ငါ့အဘွားဆို ဒီထက်တောင် များသေး၊ နှလုံးရောဂါရော၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ၊ ကာလသားရောဂါ အကုန်ရှိတယ်... အကုန် သူဌေးရောဂါချည်းပဲ ... ငါ့အဖေနဲ့ ငါ့အမေဆို အဘွားကို ဆေးကုရလို့ ပိုက်ဆံတွေ တအားကြီးကုန်တာ"

တစ်ဖက်က သူငယ်ချင်း ပါးစပ်ပိတ်သွားအောင်၊ သူပင် ပြောစရာ မကျန်တော့လောက်အောင် သိသမျှရောဂါတွေကို သည်လိုတသီတတန်းကြီး ပြောလိုက်ရသည်ကိုပင် ကျွန်မမှာ အားရနေမိသည်။ ဝေလွင်သည် မျက်လုံး ကလေး

ပြုံး၊ ပါးစပ်ကလေး အဟောင်းသားဖြင့် အံ့ဩနေလေသည်။ ပြီးတော့ ဝေလွင်က ပြောသေးသည်။

"နင်တို့ ချမ်းသာလိုက်တာနော်… ငါလည်း အဲလိုရောဂါတွေ ဖြစ်ချင်လိုက်တာ"

တဲ့။ ပြောကောင်းလား၊ မပြောကောင်းလား မသိပေမဲ့ ကျွန်မတို့မှာ ကိုယ့်ထက်သာသည်ဟု ထင်လျှင် အားကျတတ်ကြသည်။ ကလေးဘာသာ ဘာဝ အိုခြင်း၊ နာခြင်းနှင့် ရောဂါဘယ ဆိုသည်ကိုလည်း အထူးကြောက်လန့် မနေမိ။ သူ့မှာ နှလုံးရောဂါရှိတယ်ဟု ဆိုလျှင် ကိုယ်ပါ နှလုံးရောဂါ လိုက်ဖြစ် ချင်သည်။ သူငယ်ချင်း နေမကောင်းလျှင် ကိုယ်ပါ ချက်ချင်းလက်ငင်း ဖျားပြီး ကျောင်းမသွားချင်တော့ပေ။ တုပ်ကွေးရာသီများ ဆိုလျှင် မိဘတွေကသာ သူတို့သားသမီးကို တုပ်ကွေးကူးလာမှာကို စိုးရိမ်နေကြသည်။ ကျွန်မတို့ မှာတော့ ကျောင်းမသွားချင်သဖြင့် တုပ်ကွေး ကွေးချင်ချင် ဖြစ်နေသော သူငယ်ချင်း အနားမှာတင် ဝေဒနာကူးအောင် အလုအယက် ပူးကပ်ထိုင်ချင်ကြ သေးသည်။

ဘွားဘွားကတော့ ကျွန်မတို့နှင့် ပြောင်းပြန်။ သူက အယူသီးတတ်သည်။ ဇာတ်လမ်းက ကျွန်မ အကြွားအကြောင်းကို ဝေလွင့်အမေသိရာက စပါသည်။ ဈေးမှာ ဝေလွင့်အမေနှင့် ဘွားဘွားတို့ တွေ့ကြတော့ ဝေလွင့် အမေက ပြောသတဲ့။

"ဒေါ်ဒေါ်ို့ မြေးအငယ်မကတော့ ကြွားတာများ လက်လန်တယ်"

"ဘာများ ကြွားလိုက်လို့လဲ"

"ဘာရှိရမလဲ ဒေါ်ဒေါ်ရယ်…ဒေါ်ဒေါ်ို့အတွက် ၉၆ ပါးရောဂါ အားလုံးကို သူ လေလံဆွဲပေးထားတာ"

နဂိုကတည်းက ကျွန်မအပေါ် အမြင်မကြည်လင်သော ဘွားဘွား အတွက် ပိုပြီး မျက်မုန်းကျိုးစရာ ဖြစ်လာသည်။ မေမေ့ကို တိုင်တည်ပြီး စွဲချက်တင်တော့ လျှာချော်ပြီး အကြွားလွန်သည့် အမှုဖြင့် အရိုက်ခံရသည်။ ရိုက်တာက နာလှအောင်တော့ မဟုတ်။ သို့ပေမဲ့ ကျွန်မမှာ ဝမ်းနည်းလှသည်။ "သမီးက စေတနာနဲ့ ကြွားပေးတာကို" ဆိုကာ ပြောပြီး ငိုသတဲ့။ လူကြီး တွေမှာ ရယ်ရခက်၊ ငိုရခက်နှင့်။ ကျွန်မ မွေးကင်းစတုန်းက အကြောင်းကို ဖွယ်ဖွယ်ရာရာ မပြောကြသော်လည်း သည်လို ပေါက်တိပေါက်ရှာ ဇာတ်လမ်း တွေကိုတော့ အဘိုးတို့၊ အဘွားတို့ အတော်လေး မှတ်မှတ်သားသား ရှိကြသည်။ "ညည်း ငယ်ငယ်က သိပ်ဆိုးတာ" ဆိုကာ အစချီပြီး ပြောရတာမျိုးကို သူတို့ ပိုပြီး အာတွေ့ကြသည်။

ငယ်ငယ်တုန်းကတော့ အရိုက်ခံရတိုင်း ငါ့ကို ဘာလို့ ရိုက်ပါလိမ့်ဆိုပြီး မသိနိုးနားစိတ်ဖြင့် ငိုရသည်။ အသက်ကြီးလာသည့်အခါ ထိုအဖြစ်အပျက် များကို တတိတိ ပြန်တွေးတိုင်း တစိမ့်စိမ့် ပြုံးမိသည်။ သို့သော်လည်း ပြုံးသူ၏ မျက်ဝန်းမှာ အရည်ကြည်တို့ လဲ့နေခဲ့သည်။ ဒါကတော့ သိနိုးနားစိတ်ကြောင့် ဖြစ်ပါသည်။ လကွယ်နေ့တွင် မွေးခဲ့သောသူ၏ ဘဝတွင် လမင်းအလင်းလို ဝင်းပသော နေ့ရက်များ ရှိခဲ့ဖူးသည်။ ဘဝသည် လပြည့်နှင့် လကွယ်လို မှောင်တစ်လှည့်၊ လင်းတစ်လှည့်။ ကျွန်မ၏ အသက်ဆယ့်လေးနှစ်အထိတော့ လကွယ်မှသည် တဖြည်းဖြည်း လဆန်းပြီး လပြည့်ခဲ့သောနှစ်များ ဖြစ်သည်။

သည့်နောက်နှစ်များကတော့ လပြည့်ကျော်နှစ်များဟု ဆိုရပါမည်။

❑

(၃)

ထန်းဖူးဇာတာ တစ်စောင်

လိမ္မာသော ကလေးထဲတွင် ကျွန်မ မပါဝင်ခဲ့ပါ။ ဂျစ်ကန်ကန်၊ ညစ်တစ်တစ် ဆိုသည်မှာ ငယ်စဉ်က ကျွန်မ ပိုင်ဆိုင်ခဲ့ရသော သညာများ ဖြစ်သည်။ သို့ပေမဲ့ ကျွန်မ၏ ဇာတာကို ကြည့်ပြီး ထူးချွန်ထက်မြက်မည့် ကလေး၊ လိမ္မာရေးခြားရှိမည့် ကလေး၊ သူတော်ကောင်းဖြစ်မည့် ကလေးဟုများ ဗေဒင်က ဟောလျှင် ချက်ချင်းဆိုသလို ကျွန်မ၏ စနိုးဝိုက်ပုံပြင်မှာ အရောင် တောက်ပလာပါသည်။

ဖေဖေကတော့ ကျွန်မ၏ တစ်ခုသော မွေးနေ့မှာ ကျွန်မ မွေးဖွား ခဲ့စဉ်က အကြောင်းကို ဒိုင်ယာရီစာအုပ်ထဲတွင် စာသံပါပါ အမှတ်တရ ရေး ပေးဖူးသည်။

“အဲဒီနေ့က လူ့လောကကို စရောက်ခါစ သမီးလေးရဲ့ ငိုသံ သေးသေး စူးစူးလေးက ဖေဖေ့အတွက်တော့ ဆည်းလည်းသံပါပဲ၊ သမီးနဲ့ မမဟာ ဖေဖေနဲ့ မေမေအတွက် လမင်း နှစ်စင်းပေါ့၊ သမီး ဘဝကို အေးချမ်း စေချင်တယ်၊ ကြည်လင်စေချင်တယ်၊ ထွန်းပစေချင်တယ်” တဲ့။

သည်တော့လည်း ကျွန်မ တွေးမိပြန်သည်။ အမိဝမ်းက ကျွတ်ခါစ နီတာရဲလေး ကျွန်မကို တွေ့ရစဉ်က ဖေဖေ ဘယ်လိုများ ခံစားရပါလိမ့်၊ မြန်မာဗွီဒီယို ဇာတ်လမ်းထဲကလို ခုန်ပေါက်နေသလား၊ ခြေတုန်လက်တုန်နှင့် ပျော်ရွှင်နေမလား။

“အမေရော ကလေးရော ကျန်းမာတယ်၊ ချောချောမောမော ဖြစ်တယ်ဆိုရင် ပြီးတာပဲပေါ့ သမီးရယ်…”

ဖေဖေ၏ ရိုးရှင်းသော အဖြေကို အားမရနိုင်ပါ။ ဒါကလည်း ကျွန်မက သားဦး မဟုတ်သောကြောင့် ဖြစ်လိမ့်မည်ဟု တွေးကာ အားငယ်မိသည်။

“မမ အလှည့်တုန်းကကျတော့ ဘွားဘွားက ချစ်လွန်းလို့ ဆိုပြီး မွေးပြီးပြီးချင်း သူ့ခုတင်ထဲ ခေါ်သိပ်တာဆို…သမီးက အရင်မမွေးဘဲ မမက ဘာလို့ အရင်မွေးရတာလဲ”

မကျေမနပ်နှင့် ကျွန်မ ဆူဆောင့်လျှင်-

“နောက်မှ မွေးပေမယ့် ဖေဖေ့သမီးလေးက အချောလေးပဲ”

ဖေဖေ သည်လို နှစ်သိမ့်တော့မှသာ ကျွန်မက ကျေနပ်တော့သည်။

“အေး…ဟုတ်တယ် ဟုတ်တယ်၊ အငယ်မက အချော”

အဘိုး အဘွားတွေကလည်း ကျွန်မကို စနောက်ချင်သဖြင့် ဘေး ကနေ မြှောက်ပင့်ပေးတတ်သေးသည်။ ကလေး ဆိုတော့ ကိုယ်ကလည်း အဟုတ် ထင်သည်။ မှန်ပြေးကြည့်ရသည်။ မျက်နှာကို ဖွေးနေအောင် ပေါင်ဒါ ပုတ်သည်။ မျက်နှာတစ်ခုတည်းသာ ကွက်၍ ဖွေးကာ လည်ပင်း မည်းနေသူကို အဝေးကနေ

တွေ့လျှင်တောင် ကျွန်မမှန်း မှတ်မိနိုင်ကြပါသည်။

အသားကလည်း မည်းသည့်အပြင် လူကလည်း ပိန်သေးသည်။ အချိန်တိုင်းလိုလို နှပ်တရှပ်ရှပ်နှင့် ရှိတတ်ပြီး ထိုနှပ်ရည်များ စီးကျလာသည့် အခါ လျှာနှင့်သပ်၍ စုပ်တတ်သေးသည်။ "ဟဲ့....နို့ဆီတွေကို အဲလောက် စုပ်မနေနဲ့လေ" အစခံရပြန်တော့လည်း ကျွန်မက စိတ်ဆိုးသေးသည်။ သို့ပေမဲ့ နှပ်ညှစ်ဖို့တော့ အင်မတန်ပျင်း၏။ တစ်ခါတလေ လက်အားနေလျှင်တော့ နှပ်ချေးတွေကို ထိုင်ပြီး လုံးနေတတ်ပါသည်။

"အေး...နို့ဆီ စုပ်တာက တော်သေး...သမီး လသားအရွယ် တုန်းက သမီးမေမေက ဈေးရောင်းနေတုန်း သမီးကို ခဏ လှည့်မကြည့်မိဘူး ဖြစ်သွားတာလေ...ဘာပြောကောင်းမလဲ...ချေးအလူလူး၊ သေးအလူးလူးနဲ့ ပါးစပ်မှာလည်း အဲဒါတွေ ပေပွလို့ပဲ"

ဖေဖေသည် ပြောရင်းနှင့် တဟားဟား ရယ်လေသည်။ ကျွန်မ ငယ်ဘဝနှင့် ပတ်သက်လျှင် ဖေဖေ့အတွက် အမှတ်ရဆုံးမှာ ထိုကိစ္စပင် ဖြစ်လိမ့်မည်။ ကျွန်မကမူ မကျေနပ်။ ကိုယ့်ကိုယ်ကိုယ် သူများနှင့်မတူ ထူးခြားသူ ဖြစ်ရမည်ဟု တွေးထင်ထားသမျှ ဖေဖေ ပြောတာနှင့် တခြားစီ ဖြစ်နေလေသည်။ သည့်အထဲ အစ်မဖြစ်သူကလည်း "နင့်ကို မြောင်းထဲက ကောက်ရတာ" ဆိုပြီး မီးထိုးသေးသည်။ သည်လို ပြောလျှင် စ နေမှန်း သိသည့်တိုင် အတော်လေး စိတ်ဆိုးမိသည်။ တွေ့ကရာပစ္စည်းနှင့် ကောက် ပေါက်ကာ ရန်စွာတတ်၏။

"မေမေ အာထရာဆောင်း ရိုက်တုန်းက ယောကျ်ားလေးတဲ့၊ မွေးလာတော့ နင် ဖြစ်နေတာ၊ အဲဒါ ဘေးက ခုတင်က ကလေးချင်း လဲသွားတာ နေမှာ"

သူ့စကား ဟုတ်သည်၊ မဟုတ်သည် အပထား၊ ဝမ်းနည်းရသည်က အရင်။

"သူ ပြောတာ ဟုတ်မှာပဲ၊ အဖေအရင်း အမေအရင်းတွေက ငါ့ကို မချစ်လို့ နေမှာ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ ငါ့ကို ပြန်လာခေါ်မှာပါ"

သို့နှယ် တောင်တောင်ဤဤ တွေးကာ တစ်ယောက်တည်း ဝမ်းနည်းလိုက်၊ ဖြေသိမ့်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ် ရုပ်ရှင်ထဲက မင်းသမီးလို ခံစား ရပြန်သည်။ သည်ဟာက အလကားတော့ မဖြစ်။

"ငါ့အဖေရင်း၊ အမေရင်းက မိုးကုတ်က ကျောက်သူဌေးတွေ...အခု အဖေနဲ့ အမေက မွေးစားမိဘတွေ...ငါ့မှာ အဖေ နှစ်ယောက်၊ အမေ နှစ်ယောက် ရှိတယ်" အစချီပြီး ကစားဖော်တွေကို ပြောပြဖို့ရာ ပုံပြင် တစ်ပုဒ် အဖတ်တင် ကျန်ရစ်ပါသည်။

ကျွန်မ ဆိုသည်ကလည်း စိတ်ကူးယဉ်ဇာတ်လိုက် ဆန်ချင်သည်။ အိမ်မှာဆိုလျှင် မည်သူနှင့်မျှ မတည့်။ အဘွားနှင့် ရန်ဖြစ်လိုက်၊ တစ်နှစ် ရစ်လာသာ ကွာသော အစ်မနှင့် ရန်ဖြစ်လိုက်၊ အမေရိုက်တာ ခံရသဖြင့် စိတ်ဆိုး စိတ်ကောက်လိုက်နှင့်မို့ အဖေရင်း၊ အမေရင်းကို ရှာရန်ဆိုပြီး ပိုက်ဆံ စုသည့် ဇာတ်လမ်းမှာ ငယ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။

သို့ပေမဲ့ အဘွားနှင့် အမေကို စိတ်ကောက်တိုင်း စုဘူးခွဲပြီး အိမ်ပေါ်ကနေ ဆင်းလေတော့ ဘယ်သောအခါကမှ ပိုက်ဆံကို မည်မည်ရရ မစုမိခဲ့။ အိမ်ပေါ်က

ဆင်းပြီးလျှင် လမ်းထိပ်တွင် ရှမ်းခေါက်ဆွဲ သွားစားတတ်သည်။ ဗိုက်ဝလျှင် အိမ်ပြန်လာကာ အိပ်သည်။ အိပ်ရာက နိုးသည့်အခါ ရိုက်သည့် အကြောင်းကို အစပြန်ကောက်ကာ ငိုသည်။ စားစရာတွေ့လျှင် ထပ်စားသည်။ ပြီးလျှင် အစကနေ ပြန်ငိုသည်။ မောလျှင် အိပ်သည်။ နောက်တစ်နေ့ စိတ်ပြေလျှင် ပိုက်ဆံ ပြန်စုပြန်သည်။ သည်လိုနှင့် သံသရာလည်ပတ်လေသည်။

မေမေသည် ရင်ကဖြစ်သည့် သမီးနှစ်ယောက်လုံး အပေါ်တွင် ချစ်ခြင်းမေတ္တာ တူညီသော်လည်း ကျွန်မကိုတော့ ပို၍ တွယ်တာဟန် ရှိသည်။ မမကို မွေးစဉ်က ရေရှည်ကို မျှော်ပြီး စင်းဂါးအပ်ချုပ်စက်တစ်လုံး ဝယ်ခဲ့သည်။ အငယ်ကိုတော့ သားယောကျ်ားလေးဟု ထင်မှတ်ခဲ့၍ ဆိုင်ကယ် တစ်စီး ကြိုတင်ဝယ်ခဲ့သည်တဲ့။ ၁၉၈၀ နှစ်လွန်ကာလများတွင် သားအတွက် ရည်မှန်း၍ ဥစ္စာစုဆောင်းရာတွင် ဆိုင်ကယ်သည် မေမေ့အတွက် လက်လှမ်း မီရာပစ္စည်း ဖြစ်ခဲ့ဟန်တူသည်။ သားမဟုတ်ဘဲ သမီးလေး ဖြစ်နေပြန်တော့လည်း ဘွားအေ၏ မေတ္တာ မရသူဟူ၍ တွေးကာ ကျွန်မအပေါ် ပိုပြီး ကရုဏာသက်ခဲ့သည်။

ကျွန်မနှင့် ဘွားဘွားကလည်း ဘယ်ဘဝက ဘယ်လိုရေစက်ကြောင့်ရယ် မသိ၊ နည်းနည်းမျှ မျက်နှာကြော မတည့်ကြချေ။ ဘွားဘွားသည် ကျွန်မနှင့်အပြိုင် ကလေးဆန်သည်၊ ရန်ဖြစ်သည်၊ စိတ်ကောက်သည်။ မြေးအဘွားနှစ်ယောက် ကြည့်မျှကြသည်ဟူ၍ မရှိသလောက် ရှားပါသည်။ ကျွန်မအပေါ် ဘွားဘွားက မနှစ်လိုသလောက် မမကတော့ သူ့ နှလုံးသည်းပွတ် ဖြစ်လေသည်။ သားအချစ်၊ မြေးအနှစ် ဆိုသလို တစ်ဦးတည်းသော သားက မွေးသည့် မြေးဦးမို့ တုန်နေအောင် ချစ်သည်။ သည်မြေးမကို တစ်ချက်ကလေးမျှ အငိုမခံချေ။ ကိုယ်တိုင် ရေမိုးချိုးပေးပြီးနောက် သနပ်ခါး ဖုန်နေအောင် လူးပေးပြီးလျှင် ကျွန်းသေတ္တာကြီးပေါ်တွင် မြေးမကို တင်ကာ ရှေ့တိုးကြည့်လိုက်၊ နောက်ဆုတ်ကြည့်လိုက်နှင့် တပြုံးပြုံး ရှုကြည့်မဆုံး ဖြစ်ကာ ကျေနပ်နေတတ်သည်။ ချွေးစိုလို့ပဲဖြစ်ဖြစ်၊ တစ်ခုခုစားလိုက်လို့ပဲ ဖြစ်ဖြစ် သနပ်ခါး ကွက်သွားလျှင် ဘွားဘွားခမျာ တို့ဖတ်ပဝါပြေးယူပြီး သူ့မြေးသနပ်ခါး ပျက်သွားသည့် နေရာတွင် ဖုန်ဖုန်မှုန်မှုန်လေးဖြစ်အောင် ပြန်ပြင်ပေးသည်။ ဘွားဘွား၏ အချစ်က အတ္တများသည်။ မိခင်အရင်းနှင့် ညီမအရင်း အပေါ်မှာ သူ့မြေးက သံယောဇဉ်ပိုသွားမှာမျိုးကို မလိုလား။ အိပ်တာကအစ မမနှင့် ဘွားဘွားက တစ်ခန်း၊ ကျွန်မကတော့ မေမေနှင့်သာ အိပ်ရသည်။ အဘွားနှင့် အမေအတွက် ကျွန်မတို့ နာမ်စားသုံးပုံက တစ်မျိုး ဖြစ်သည်။ အဘွားကို ဘွားဘွားဟု ခေါ်သည့်အခါလည်း ရှိ၊ သို့မဟုတ် အမေဟု ခေါ်သည်လည်း ရှိရဲ့။ မွေးမိခင်ကိုတော့ မေမေဟုသာ ခေါ်သည်။ ကိုယ့်ကိုယ်ကိုယ်တော့ ကျွန်တော်ဟူ၍ သုံးနှုန်းပြီး ပြောသည်။ “ကျွန်တော်” ဆိုတာကို မေမေက မကြိုက်လေတော့ တစ်ခါတလေ သတိထားပြီး “သမီး” ဟု ပြောရပါသည်။

ဘွားဘွားကတော့ သူ့ကို အမေဆိုပြီး ခေါ်သည်ကို ပိုသဘောကျပုံ ရသည်။ ဘွားဘွား၏ ဘဝတွင် ဖေဖေနှင့် မမကသာ အရေးအကြီးဆုံး။ ဒါဟာ သူ့သားနှင့် သမီးပေါ့။ သည်လူတွေနှင့် သူ့ဘဝက ပြည့်စုံပြီး ဖြစ်လေသည်။ အဘိုးကိုတော့ ဘွားဘွား ချစ်လည်း ချစ်သည်၊ ကြောက်လည်း ကြောက်သည်၊ အထင်လည်း ကြီးသည်။ သို့ပေမဲ့ သားနှင့် မြေးအရေးနှင့် ယှဉ်လာလျှင်မူ “ဘဘ” ဆိုသည့် ကျွန်မတို့အဘိုးမှာ ဘွားဘွား၏ ဦးစားပေး အဆင့်တွင် ဒုတိယအဆင့်မှာသာ ရှိသည်။ ကျွန်မနှင့် မေမေကတော့ ဘွားဘွား၏ စိတ်ဝင်စားမှု ဧရိယာပြင်ပတွင်သာ ရှိပါလိမ့်မည်။

အဘွား အားကိုးနှင့် မမက အသွေးအမွေးပြောင်သလောက် ကျွန်မ ကတော့ ညစ်တီးညစ်ပတ်နိုင်သည်။ ဈေးဆိုင်နှင့် အလုပ်ရှုပ်နေလို့ မေမေက ရေမချိုးပေးနိုင်တိုင်း ကျွန်မလည်း အပျင်းထူပြီး ချောင်ခိုတတ်သည်။ တွေ့ကရာ သဲပုံထဲလည်း ခေါင်းစိုက်၍ ဆော့တတ်သည်။ အပေါင်းအသင်း စုံလျှင် တီကောင်လည်း တူးတတ်သည်။ ချွေးတလုံးလုံး၊ ဖုန်အလူးလူး၊ ကြေးအထပ်ထပ်နှင့်မို့ မည်းညစ်နေတတ်သည်။ ပြီးလျှင် ဘယ်တော့မှ ခြေဆေး၊ လက်ဆေးပြီး မအိပ်တတ်။

သည်ကြားထဲ မျက်စိတစ်ဖက်က အမြဲလိုလို စွန့်နေတတ်သေးသည်။ သည့်အပြင် ရွယ်တူ ကလေးမလေးတွေလို ဆံပင်ကုပ်ဝဲ တခါခါမျိုး ကျွန်မမှာ မရှိ၊ ငယ်ငယ်တုန်းက မေမေက အလုပ်ရှုပ်သက်သာအောင် ခေါင်းတုံးတုံး ပေးထားသဖြင့် အမြဲတစေ ခေါင်းတုံးဆံပင်ပေါက်နှင့်သာ ဖြစ်သည်။ အသက် သုံးနှစ် အရွယ်ခန့်လောက်က အပူကြီး၍ ဦးချိုစောင်းတွင် ခို့ဥလုံးခန့် အပူဖုကြီး တဖြည်းဖြည်း ကြီးလာချိန်တွင် ပခက်ထဲတွင် အငြိမ်မနေဘဲ အဆော့သန်မိ၍ အောက်သို့ပြုတ်ကျရာ ဖုကို ခိုက်မိသည်။ ထိုဒဏ်ရာကို ဆေးခန်းတွင် ခွဲစိတ်ရသည်။ သို့နှင့် ထိုချိုစောင်းတွင် သေရာပါ အမာရွတ်မှာ ထင်းထင်း ပေါ်လျက်ရှိသေးသည်။ လူက စုတ်ချွန်းချွန်း၊ ငယ်နာမည်က “ပလွေရိုး” တို့၊ “မည်းပိန်မ” တို့ ဖြစ်နေပေမယ့် အင်မတန် လှချင်သည်။

တကယ်တော့ အကျည်းတန် အလှကြိုက် ဆိုသလိုပါပဲ။ စာကလေး ခေါင်းလို အမွေးကျိုးတိုးကျဲတဲ ခေါင်းသေးသေးလေးပေါ်တွင် ကျွန်မက စံပယ်ပန်း၊ ခရေပန်းကို ခွေချင်သေးသည်။ မေမေသွားသမျှ အလှူ၊ မင်္ဂလာဆောင်ကို လိုက်ချင်သည်။ ရိုးရိုး လိုက်ချင်တာ မဟုတ်။ လူကြီးတွေလို ရွှေအပြည့်၊ စိန်အပြည့် ဝတ်ချင်သည်။ မေမေက ကျေနပ်အောင် ကလေးဆွဲ ပုလဲပုတီးလေးတွေ ရောင်စုံ ဝယ်ပေးထားသည်။ တကယ့်အစစ်ထင်ပြီး ကျွန်မမှာ ဒီပုလဲဆွဲကြိုးတွေကို လူမမြင်အောင် ဖာတောင်းထဲမှာ ဝှက်ရတာက အလုပ်တစ်ခု။ ဒါတင်မက အပျိုမတွေလို ဗယားအိတ်(ပိုက်ဆံအိတ်) လွယ်ချင်သေးသည်။

တစ်နေ့တော့ ဆိုင်ကို သားရေပိုက်ဆံအိတ် လာဝယ်သူ တစ်ဦးက ဇစ်ပျက်နေသည့် သူ့ပိုက်ဆံအိတ်အဟောင်းကို ထားရစ်ခဲ့သည်။ မေမေက ဇစ်ပျက်နေရာကို အပ်ချိတ်နှင့်တွယ်ပြီး ကျွန်မကို ပေးပါသည်။ အဲသည် ဇစ်ပျက်ပိုက်ဆံအိတ်ကိုပင် မြတ်မြတ်နိုးနိုး ရှိခဲ့မိသည်။ ပိုက်ဆံအိတ်ထဲမှာ ပိုလိုကားချပ်တွေ၊ ထီလက်မှတ်အဟောင်းတွေ၊ သာမညတောင် ဆရာတော်ဘုရားကြီး ပုံတော်နှင့် ရင်ထိုးတစ်ခု ထည့်ပြီး သိမ်းထားသည်။ အိမ်မှာ ဧည့်သည်လာလို့ မေမြို့တို့၊ စစ်ကိုင်းတို့ လိုက်ပို့လျှင်လည်း ကျွန်မမှာ အဲသည် ဗယားအိတ်ကြီး တကားကားနှင့် လူကြီးလို ဟန်ထုတ်ရပါသည်။ မီးရေး ထင်းရေး လန့်ပြီဆိုလျှင်လည်း ကျွန်မ ပိုင်ဆိုင်သည့် ဖာတောင်းကြီးရယ်၊ ဗယားအိတ်ရယ်၊ စာဘူးရယ်ကို ပြေးပိုက်ရပါသည်။

မေမေကတော့ ကျွန်မ အလှအပ ကြိုက်လွန်းတာကို သိပ်သဘော မတွေ့လှ။ သမီးတွေကို ပညာသာလျှင် ထူးချွန်စေချင်သည်။

ခက်တာက ကျွန်မက အင်မတန်သွေးဆိုးသည်။ ပေကတ်ကတ်နိုင်သည်။ မူကြိုကိုလည်း ပို့မရ၊ ကျောင်းကို ဇွတ်ပို့လျှင် မြေပြင်တွင် လူးလိမ့်ပြီး ငိုတတ်သည်။ အဆဲလည်း သန်သည်။ နောက်တော့ မိဘတွေကလည်း အလုပ်ရှုပ်ခံပြီး ကျွန်မကို

မှုကြိုမထားတော့ချေ။ ကျွန်မက ကျောင်းသာ မသွားချင်တာ၊ ကျောင်းကပွဲ အတွက် မမက ဝတ်ကောင်းစားလှ ဝတ်ပြီး သွားလျှင်တော့ လိုက်ချင်သည်။ အစ်မကိုရော၊ အဘွားကိုရော မျက်နှာချိုသွေးရသည်။ သို့ပေမဲ့ ဘွားဘွား ကတော့ "ညည်းနဲ့ ဘာဆိုင်လို့လဲ၊ ငါ့မြေး သူ့ဟာသူလေး လှနေတာကို ကတ်တီးကတ်ဖဲ့လုပ်ပြန်ပြီ" ဆိုပြီး ကျွန်မကို မာန်တတ်သည်။

ဘေးပတ်ဝန်းကျင်က ကျွန်မနှင့်ပတ်သက်ပြီး မေမေ့ကို "ကလေးမို့ဂျီကျနေတာ၊ နောက်တော့ သူ့ဟာနဲ့သူ ဖြစ်သွားမှာပေါ့" ဆိုကာ ဖျောင်းဖျသူက ဖျောင်းဖျသည်။ ရည်မှန်းချက်ကြီးပြီး အစိုးရိမ်ကြီးတတ်သည့် မေမေကတော့ ကျွန်မအတွက် ပူန်မြဲ ပူပန်သည်။ သူငယ်တန်း အတန်းစာကို သူကိုယ်တိုင် အိမ်မှာ ကြိုပြီး သင်ပေးပြန်တော့လည်း ကျွန်မက စိတ်မဝင်စားလှ။

"ဒီအရွယ်နဲ့ သူ ဘာဝါသနာပါတယ် ဆိုတာ သိနိုင်မှာ မဟုတ်သေးဘူးလေ...သူ့ရှေ့ရေးတွေ ဘာတွေ အများကြီး ကြိုမစဉ်းစားပါနဲ့ဦး"

ဖေဖေ့ရဲ့သည်လို ကြားဝင်စကားသံကိုလည်း မေမေ လက်မခံတတ်ပါ။

"ဘီး သမီးနှစ်ယောက်လုံး ပညာရေးမှာ နံပါတ်တစ် ဖြစ်ရမယ်"

တဲ့။ ဒါက မေမေ့ကြွေးကြော်သံ၊ မေမေ့ရည်မှန်းချက်။

အနာဂတ်အရေး ဆိုတာနှင့် ပတ်သက်လျှင် ဘဘကတော့ ရိုးရာ အစဉ်အလာတစ်ခုကို ကျွန်မတို့အတွက် လုပ်ပေးပါသည်။ ထိုသည်က ဘဝ တစ်သက်တာလုံးအတွက် ဆောင်ထားရမည့် ဇာတာတဲ့။ မန္တလေး မဟာမုနိ ဘုရား၊ တောင်ဘက် စောင်းတန်းက အသိဗေဒင်ဆရာ တစ်ဦးဆီမှာ မြေး နှစ်ယောက်လုံးအတွက် ထန်းဖူးဇာတာ လုပ်ပေးပါသည်။

"ဇေယျတု သာသနာတော်နှစ် ၂၅၂၈၊ သက္ကရာဇ် ၁၃၄၆၊ ဒီယနှစ်ကြွင်း ၂၄၆ ရဿရဝိဖုဋ္ဌ မိဿရာသီဝေါဟာရ မာသတန်ခူး လပြည့်ကျော် ၁၄ ရက်၊ ၁၉၈၄ ခု ဧပြီ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၃ နာရီ ၅၅ မိနစ် မြန်မာပဟိုရ် ညည့် ၃ ချက်တီးကျော်၊ ၂ နာရီ ၃ ပါဒ် ၂ ဗီဇနာ ၃ပြန် ခရာပြည့် မိန်ရာသီလဂ်၊ မိန်ရာသီစန်း၊ တနင်္လာဟော ရတ်၊ တနင်္လာတုရင်း၊ သောကြာနဝင်း လဂ်စီးနက္ခတ် ၂၅ လုံး၊ ၂ ပါဒ် ၁၄ ဃဋီ၊ ၁၃ ဝိဃဋီ၊ ၃၉ အနုလဋီထက် လဂ်စီးလျက် ထိုနာရီ၏ မွန်းတည့် နက္ခတ်သော်ကား ပြုပ္ပသန် နက္ခတ် ၂၅၃၊ အသာ ၄၉ လိတ္တာတွင် ရတနာ သုံးပါး ဦးထိပ်ထား၍ သတို့သမီးကို မာတာမိခင် ဖွားသန့်စင်သည် နာမံ အေးလဲ့လဲ့မူ တြိစက္ကဖွဲ့စာတာ အာယု ၁၂၀ ရှည်စေသော်ဝ်" ဟူသော စာသားလေးသည် ဇာတာပေလွှာပေါ်တွင် ထင်းထင်းပေါ်နေ၏။

မာတာမိခင်က ဇာတာကို တကိုင်ကိုင်နှင့် သမီးငယ်၏ ရှေ့အလားအလာကို စိတ်ဝင်စားနေသော်လည်း ကျွန်မကတော့ ဇာတာထဲက နာမည် ကိုသာ စိတ်ရောက်နေခဲ့သည်။

ကျွန်မ၏ ဇာတာအမည်က အေးလဲ့လဲ့မူ ဆိုပဲ။ သည်နာမည်ကို မကြိုက်လှ။ မသိလျှင် ရုပ်ရှင်မင်းသမီး နွဲ့နွဲ့မူနှင့် အမျိုးလိုလို တွေးစရာ ဖြစ်သည်။ ကျွန်မ ဆဋ္ဌမတန်းရောက်ချိန်တွင် ဘောလုံးသမား မျိုးလှိုင်ဝင်း နာမည်ကြီးလာတော့ သူ့ကိုတုပြီး အေးလှိုင်ဝင်းဟူ၍ ကိုယ့်ဘာသာ နာမည် ပြောင်းသေးသည်။

ထိုနာမည်သည်လည်း မတွင်ပြန်ချေ။

ငယ်ငယ်တုန်းကတော့ နာမည်ပြောင်းတမ်း ကစားနည်းကို မကြာ မကြာ ကစားဖြစ်သည်။ ကျွန်မ ကျောင်းနေတော့ အတန်းထဲက သူငယ်ချင်း မိုးမမျိုးကို အားကျပြီး "ဝင်းပပမျိုး" ဆိုပြီး ပြောင်းလိုက်၊ ပဉ္စမတန်းရောက်တော့ ဆရာကြီးမင်းသိခ်၏ "မနောမယ မြသက်လယ်" ကို ဖတ်ပြီး ကိုယ့် ဘာသာ တွက်ချက်ပြီး "အားအင်သွေး" တို့၊ "အားအင်သစ် တို့ ပြောင်းလိုက်နှင့် ခဏခဏ နာမည်ပြောင်းသည်။

"ငါ့ နာမည် အားအင်သစ် ဖြစ်သွားပြီ၊ အဲ့ဒီအတိုင်းပဲ ခေါ်ကြတော့"

သူငယ်ချင်းတွေကလည်း ပြီးပြီးရော "အေးအေး" ဆိုပြီး ကျွန်မကို အလိုလိုက်ကြပါသည်။ အလိုမလိုက်လို့လည်း မဖြစ်၊ နာမည် တစ်ခါပြောင်းတိုင်း မေမေ့ဈေးဆိုင်ထဲက ချိုချဉ်တွေကို သူမသိအောင် ယူလာပြီး နာမည်ပြောင်းပွဲ ကျင်းပသည်ကိုး။ ကြာတော့ ခဏခဏ နာမည် ပြောင်းလွန်း၍ သူငယ်ချင်းတွေမှာ မျက်စိလည်ပြီး ကျွန်မကို မည်သို့ ခေါ်ရမှန်းပင် မသိကြတော့ပေ။ ကျွန်မ ဒုက္ခပေးပုံက သူငယ်ချင်းတွေတင် မဟုတ်၊ ရွာက ဆွေမျိုးတွေကိုပါ နာမည်အသစ်ကို အသိအမှတ်ပြုအောင် လုပ်ရသေးသည်။

"သို့...မချို...သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ ကျွန်တော် နာမည်ပြောင်းလိုက်တဲ့အကြောင်း မချို၊ မမဝင်းမာနဲ့ အမေသန်းစိန် တို့ကို ပြောပြချင်ပါတယ်"

သို့ကလို အစချီကာ အဘိုးဘက်က တော်စပ်ရသော အရာတော်က အစ်မသုံးဝမ်းကွဲများထံသို့ စာရေးပါသည်။

"ဘဘ...မချိုတို့ကို ဒီစာ ပို့ပေးနော်"

ကျွန်မ ပူဆာတိုင်း ဘဘဟာ ငြင်းလည်း မငြင်း၊ ပို့လည်း မပို့ပေးဘဲ စာတွေကိုသာ သိမ်းထားပါသည်။ ကျွန်မ ကြီးလာတော့မှသာ "ညည်း ငယ်ငယ်ကလေ..." ဘယ်ပုံဘယ်ညာ ဇာတ်စုံခင်းပြီး ရယ်ကြသည်။ ကျွန်မလည်း ရှက်ရှက်နှင့် ရယ်ရတာပါပဲ။

ပလွေရိုးဟာ ငယ်ငယ်က နည်းနည်းမျှ မလိမ္မာခဲ့၊ စကား နားမထောင်ဘဲ ဂျစ်ကန်ကန် ရှိခဲ့သော်လည်း ဘိုးအေလုပ်ပေးထားသည့် ဇာတာကိုတော့ တရိုတသေ ရှိခဲ့သည်။ ဘဘ ပြောပုံအရ ကျွန်မဟာ ထန်းဖူးဇာတာကို အတော်လေး တသသ လုပ်တတ်သတဲ့။ ရွှေဝါရောင် ပေါက်နေပြီးသား ဇာတာကို ပိုပြီး အရောင်တောက်အောင် ဆီနှင့် နန္ဒင်းရောပြီး လူးပေးပါ ဆိုသည့် ဗေဒင်ဆရာ၏ အမှာစကားကိုလည်း အင်မတန် အရေးတယူ ရှိသတဲ့။ ဒါကလည်း အကြောင်းရှိပါသည်။ ကံအညွှံ့ပျောက်အောင် ဇာတာကို တရိုတသေ ရှိရမည်ဆိုပြီး လူကြီးတွေက ခြောက်လှန့်ထားသည်ကိုး။ "ဇာတာ မြင့်ရင် ကံမြင့်မယ်"ဆိုသည့် စကားအပေါ်မှာလည်း အကောက်အယူ လွဲပြီး အမှတ်ကြီးမိခဲ့သည်။

မှတ်မိပါသေးတော့သည်။ ဇာတာသွားယူသည့်နေ့က ဘဘနှင့် အတူ ကျွန်မပါ လိုက်သွားခဲ့သည်။ ဇာတာထဲမှာ ဖော်ပြထားသလို ဆိုရင်တော့ ကျွန်မဟာ မိန်ရာသီလဂ်၊ မိန်ရာသီစန်း၊ တနင်္ဂနွေနှင့် စနေ ဥစ် ရပြီး ကြာသပတေး

ကသစ်ရထားသည့် အထွန်းဘွား သမီးကညာ တစ်ပါးပေါ့။ တိုးတက်ကြီးပွားမည့်သူဟု ပုဏ္ဏားက ဟောပေးသဖြင့် ဘဘ ခေါင်းတဆတ်ဆတ်နှင့် ကျေနပ်လေသည်။ သို့သော် ခြွင်းချက်ကြီးတစ်ခုလည်း ပါရှိခဲ့ သည်တဲ့လေ။

ဟောချက်ကို အလုံးစုံအပြီးသတ် ကောက်ချက်မချခင်တွင် "ကလေးမလေး လက္ခဏာလည်း ကြည့်ပါဦးမယ်" ဟု ပုရောဟိတ်က ဆိုလေသည်။ ဇာတာနှင့် လက္ခဏာ နှစ်ခုကို ပေါင်း၍ စစ်ပြီးနောက်တွင် စိုးရိမ်စရာ စကားတစ်ခုကိုတော့ သတိထားနှင့်ရအောင် ပြောလေသည်။

သည်စကားကို ကျွန်မ နားထဲက မထွက်။ နောင် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ထိုစကားသည် အသည်းတွင် သံမှိုနှက်သကဲ့သို့ စွဲထင် ကျန်ရစ်သည်။

"ကလေးမလေးရဲ့ မူလဇာတာအရ အကောင်းလည်း ရှိပါတယ်… ဒါပေမဲ့ သတိထားရမှာက မိစုံဖစုံနဲ့ ကြာရှည်နေရမယ့်သူ မဟုတ်ဘူး"

ဇာတာ၏ အဓိပ္ပာယ်ကို ကောင်းကောင်းမသိသော်လည်း ဖေဒင် ဆိုတာ ရှေ့ဖြစ်အဟောဟု အကြမ်းဖျမ်း သဘောပေါက်မိသဖြင့် မိစုံဖစုံနှင့် ကြာရှည်မနေရ ဆိုသည့် စကားမှာ အကောင်းမဟုတ်ကြောင်း အလိုလို ခံစားမိသည်။ တစ်ဆက်တည်းမှာပင် ဖေဒင်ဆရာဆီကို မလာမီ နှစ်ပတ် ကျော်လောက်က အဖြစ်အပျက်ကိုလည်း ရုတ်ခြည်းပင် သတိရလိုက်မိသည်။ ကျွန်မရဲ့လက်လွန်မှုများ။

သည်တုန်းက ကျွန်မတို့ အိမ်က ဧည့်ခန်းထဲက ဆက်တီခုံ တစ်လုံး၏ အောက်ခြေတွင် နကျယ်ကောင်လေးတွေ အသိုက်လာဖွဲ့ကြသည်။ နကျယ် ကောင်လေးတွေသည် ရွှံ့ခဲဖြင့် မံထားသလို ဖြစ်နေသော သူတို့ ဂေဟာထဲသို့ အပေါက်သေးသေးလေးမှ ဝင်စို့ ထွက်စို့ဖြင့် အလုပ်ရှုပ်နေကြသည်။ သည် အကောင်လေးတွေကို မေမေက အရင်တွေ့သည်။ အထူးအဆန်းအဖြစ် သမီးဖြစ်သူကို ခေါ်ပြခဲ့သည်။

"အဲဒါ နကျယ်ကောင်လေးတွေရဲ့အိမ်ပေါ့ …. ကြည့်စမ်း သမီး"

အစပိုင်းမှာတော့ ကျွန်မ ငြိမ်ငြိမ်ဆိမ်ဆိမ် ကြည့်ပါသေးသည်။ နောက်တော့ ကြည့်နေရင်းမှာပင် စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။ တခုခု လုပ်ချင်လာသည်။ ဖြစ်ချင်တော့ နကျယ်ကောင်လေ့လာရေး လုပ်နေတုန်းမှာပဲ ဆိုင်ကို ဈေးဝယ်လာပါသည်။ မေမေ ဈေးထရောင်းနေချိန်ကို အခွင့်ကောင်း ယူပြီး ကျွန်မမှာ ဘေးနားက အုတ်ခဲကျိုးနှင့် အကောင်လေးတွေကိုရော၊ မြေခဲနှင့် မံထားသည့် သူတို့အိမ်ကိုပါ အားပါးတရ မွမွကြေအောင် ထုပစ်ခဲ့သည်။ မေမေ ပြန်ရောက်လာတော့ မိနစ်ပိုင်းအတွင်း အသက်နှင့် ခန္ဓာ အိုးစားကွဲသွားသော နကျယ်လေးတွေကို ကြည့်ပြီး ကျွန်မကို အတော်လေး ဆူသည်။

"ဘာလို့ လုပ်ရတာလဲ…သမီး ငရဲကြီးမယ်…ဝဋ်လည်မယ်"

ဝဋ်လည်ခြင်း၏ အနက်ကို ကောင်းကောင်း ရိပ်စားမိနိုင်သည့် အရွယ် မဟုတ်သေးချိန်မို့ မသိသော်လည်း ငရဲကြီးမည် ဆိုခြင်းကိုတော့ ကျွန်မ နားလည်ပါ၏။ နကျယ် အသေကောင်လေးများနှင့် ကြေမွသွားသော သူတို့အသိုက်ကို ကြည့်ကာ ကျောထဲ စိမ့်သွားသလိုလို၊ ငိုချင်သလိုလို

တစ်ခဏတော့ ဖြစ်သွားသေးသည်။ သည့်စိတ်မလုံခြုံမှုဟာ ဗေဒင်အဟောကြောင့် ပြန်လည်လူးလွန့်လာသည်။ ဒါသည့်ပင်လျှင် ဘဝခရီးရှည်အတွက် မော်ဆရာ၏ တပ်လှန့်သံ ဖြစ်ခဲ့သည်လား မဆိုနိုင်ချေ။

❏

(၄)

လွမ်းလိုက်တာ ဘွားဘွားရယ်

"ဗေဒင်ဟောတာများအေ၊ အဲဒီလောက် စိတ်ထဲ ထားမနေနဲ့… စိတ်ရင်းကောင်းဖို့က အဓိကပဲ… ငါ့ ကြည့်ပါလား… ထန်းတောထဲပဲ ကြီးရမယ် မှတ်တာ၊ ဟော… စိတ်ရင်းကောင်းတော့ ကြီးလာတော့ စက်ပိုင်ကတော် ဖြစ်တာပဲ"

ဘွားဘွား၏ စကားမှာ ကျွန်မကို အားပေးနေတာလား၊ ဆုံးမနေ တာလား မကွဲပြားပါ။ သို့ပေမဲ့ သူ့ကိုယ်သူ ပြန်ညွှန်းနေတာလေးကတော့ သိသာသည်။

"စက်ပိုင်ကတော်တော့ မဖြစ်ချင်ပါဘူး… စက်ဆိုတာ ပြည်သူတွေ အပိုင်သိမ်းလို့ ရတယ်လို့ ဘဘက ပြောတယ်"

"ပြည်သူတွေ အပိုင်သိမ်းတာ မဟုတ်ပါဘူး… ပြည်သူပိုင် သိမ်းတာပါ"

"အင်း… ဟုတ်တယ်… ပြည်သူပိုင် သိမ်းတာ.. စက်ပိုင်လုပ်မယ့် အစား ကိုယ့်ဘာသာ ငွေထုတ်တဲ့ စက်ပဲ တီထွင်မှာပေါ့… မဟုတ်ရင် စားပွဲထိုး လုပ်မယ်လေ"

ကျွန်မတို့ ငယ်စဉ်က ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် မန္တလေးမှာ အမျိုးသမီးငယ်လေးတွေကို စားပွဲထိုးအဖြစ် အလုပ်ခန့်သည့်ခေတ် ရှိခဲ့ဖူးသည်။ လှတပတ ဝတ်စားရသော သူတို့ကို ကြည့်ပြီး ကျွန်မလည်း အားကျမိရာ အားကျလေသည်။ ငွေစက် တီထွင်မည် ဆိုတာကို ကြားတော့ ဘွားဘွားက ကျွန်မကို "သေချာပါတယ် … ညည်းကတော့ ထောင်ကဲ ဖြစ်မှာပဲ" တဲ့။ ထောင်ကဲဆိုသည်ကို ကျွန်မက နားမလည်၍ မေးမိတော့ "ထောင်မှာပဲ ကဲ… နေရမှာမို့… ထောင်ကဲလို့ ပြောတာ" တဲ့လေ။

ဘွားဘွားနှင့် ကျွန်မ မတည့်ချင်လည်း မတည့်စရာပင်။ သူက ရှေးရိုးဆန်သည်။ ကျွန်မက ဗရွတ်ရွတ်တ အင်မတန်ပြောသည်။ သည်တော့ သူက သိပ်မကြည်။

ဘွားဘွားသည် ရွာဘုန်းကြီးကျောင်းတွင် သင်ပုန်းကြီး အောင်ရုံသာ တက်ဖူးသည်။ သူတို့ညီအစ်မ သုံးယောက်ထဲမှာ သူက အငယ်ဆုံး။ မိဘတွေက ထန်းတောင်သူ ဖြစ်သည်။ သူ ငယ်ငယ်က ကိုယ်တိုင်ကလည်း စိတ်မပါ၊ မိဘတွေကလည်း ချစ်လွန်းလို့ဆိုပြီး ကျောင်းမလွှတ်ခဲ့သဖြင့် စာလည်း ကောင်းကောင်း မသင်ခဲ့ရချေ။ သို့ပေမဲ့ အိမ်မှာ အငယ်ဆုံး ဖြစ်တာ၊ ဂျစ်တစ်တစ် နိုင်တတ်တာတွေမှာတော့ ကျွန်မနှင့် တူလေသည်။ သူ့ကိုယ်သူ အချောဆုံး၊ အလှဆုံး၊ အတော်ဆုံးဟု ထင်တတ်သည်မှာလည်း သူ့မြေးအငယ်မနှင့် တထေရာတည်း။

"အစ်မတွေက မသန်းရှင်၊ မသန်းရင် ဖြစ်ပြီး အမေ့ကျမှ နာမည်က ဘာလို့ မတင်ညွှန့် ဖြစ်ရတာလဲ"

ကျွန်မတို့က ထိုသို့မေးလျှင် "ငါက အချောဆုံးမို့ပေါ့အေ့" ဟု အားရပါးရ ဖြေတတ်သည်။ မည်သို့ သက်ဆိုင်သလဲ မသိပါ။

"အဖေတို့၊ အမေတို့ သေကြတော့ ယာကွက်တွေကို ညီအစ်မ တစ်တွေကို ခွဲပေးကြပါရောလား… မမကြီး၊ မမလေးလည်း သူ့ဟာနဲ့ သူ ရကြပါရဲ့… ငါက မတောင်းပါဘူး .. ဒါပေသိ ကံက ထိုက်တော့ ငါလည်း ပေးကြတယ်… အဲ့ဒီမှာ ငါတို့ ဘကြီးက ဘာပြောလဲဆိုရင် မမကြီး၊ မမလေးတို့ အကွက်ထက် ငါ့အကွက်က ပိုကောင်းတယ်တဲ့… ဒီအငယ်ဆုံးမလေးဟာ အချောဆုံး၊ အလိမ္မာဆုံးလေးမို့ ဒီလိုအကွက်ကောင်းကို ရတာလို့ ခဏ ခဏ ပြောတယ်"

သူ့ဘကြီးက သူ့ကို တကယ်ပဲ ခဏခဏ ပြောခဲ့၊ မပြောခဲ့ ကျွန်မတို့ မသိနိုင်ပါ။ သို့ပေမဲ့ ဘွားဘွားကတော့ အဲသည်စကားကို ကျွန်မတို့ကို ကြုံတိုင်း ခဏခဏ ပြောပါသည်။ ကြာတော့ "ငါ့ဘကြီးက ဘာပြောလဲဆိုရင်… ဟူ၍ သူက စကားစရုံရှိသေး ကျွန်မတို့က ""ဒီကောင်မလေး အငယ်ဆုံးမလေးဟာ အချောဆုံး၊ အလိမ္မာဆုံးလေးလို့ ပြောတယ်လေ" ဆိုပြီး ရှေ့ကနေ ကြိုပြီး ပြောတတ်သည်။ ဒါကို သူ မကျေနပ်။ "အော်ဝမ်းကျမတွေ ငါ ပြောမှာကို ညည်းတို့ သိနေကြတယ် ဟုတ်လား"

ထိုအခါတိုင်း သူ့ဆီကနေ မျက်စောင်းလှဲ့လှဲ့နှင့်အတူ "အော်ဝမ်းကျမ" ဟူသော ဒေသိယျအဆဲစကားလုံးလေးကို ကြားရစမြဲ။

"အဲဒါကြောင့် ပြောတာ … ညည်းက ညည်းအဘွားနဲ့ တူတာ.. မတင်ညွှန့်လို ကိုယ့်ကိုယ်ကိုယ် ချောတယ်၊ တော်တယ် ထင်တာတွေ တစ်ပုံစံတည်း"

"အလိုတော်… အဲ့ဒီဟာမလေးတော့ ကျုပ်နဲ့ လာမတူခိုင်းပါနဲ့"

တစ်ခါတလေ ဘဘက ဘွားဘွား မကြိုက်မှန်း သိသိကြီးနှင့် မခံချင်အောင် ပြောတတ်သေးသည်။ သည်လိုအခါတိုင်း ဘွားဘွားကလည်း ပက်ခနဲ ခွန်းတုံ့ပြန်တတ်သည်။ ကျွန်မနှင့် အဲသလောက်အထိကို အစေးကပ် သူရယ်ပါ။ ဘွားဘွား မကြည်ဖြူတာလည်း မပြောနှင့်တော့။ သူ၏ အစဥ်အလာ အစွဲအလမ်းမှန်သမျှ ကျွန်မက အတော်လေး အနှောင့်အယှက်ပြုလေတော့ မျက်မုန်းကျိုးမယ် ဆိုရင်လည်း ကျိုးချင်စရာ။ သည်အထဲတွင် အိမ်တွင်း နတ်အုန်းဆွဲသည့် အကြောင်းလည်း ပါလေသည်။

ကျွန်မတို့ အိမ်အပေါ်ထပ် အရှေ့တောင်ထောင့်တွင် အိမ်တွင်း နတ်စင် ရှိပါသည်။ ဘွားဘွားက အိမ်တွင်း မင်းမဟာဂီရိကို ပူဇော်တတ်သည်။ နတ်ကွန်းကို ကတ္တီပါအနီစဖြင့် အမြဲကာထားတတ်သည်။ ကျွန်မကလည်း ကတ္တီပါစ၏ နောက်ကွယ်တွင် မည်သည့်အရာရှိသလဲ ဆိုတာကို အင်မတန် သိချင်သည်။

"အစကို သွားမလှပ်နဲ့နော်… ညည်းကို နတ်ကိုင်လိမ့်မယ်"

ဘွားအေက ခြောက်လှန့်ထားလို့သာ၊ စပ်စုချင်စိတ်ကို မနည်း အောင့်အည်းထားရသည်။ လူကတော့ မရိုးမရွ ဖြစ်လှပြီ။ နတ်စင်အောက်မှာတော့ စားပွဲအပုလေး တစ်လုံး ရှိပြီး သူ့အပေါ်တွင် အင်တုံတစ်လုံး တင်ထား သည်။ အင်တုံထဲတွင်မူ ဘွားဘွား ဆက်သထားသည့် ဒေါနဲ၊ နှင်းဆီ၊ သပြေခက်တို့မှာ တလူလူ ကြော့ဝေနေလေသည်။ ဝါတွင်း၊ ဝါထွက် ဆိုလျှင်တော့ ငှက်ပျောသီးတွေ၊

လက်ဖက်တွေပါ ဆက်သတတ်သည်။ ကျွန်မတို့ တစ်မိသားစုလုံးတွင် အိမ်တွင်းနတ်ကိုးကွယ်သူဟူ၍ ဘွားဘွား တစ်ယောက်သာ ရှိပါသည်။ သူ့ယုံကြည်မှုနှင့် သူမို့ကျိန်တဲ့သူများကလည်း မကန့်ကွက် ကြပါ။

တစ်ခုသော ဝါအထွက်မှာ နတ်အုန်းလဲတာ ကျွန်မနှင့် ကြုံလေသည်။ ဘွားဘွားက မြေးမပလွေ့ရှိး ရှိနေတာကို မေ့ပြီး ကတ္တီပါအနီစကို ဖယ်လိုက်သည်။ သည်အခါ သူ့နတ်အုန်းကြီးက ဖုံးမရ၊ ဖိမရ ဘွားဘွားကြီး ပေါ်လာသည်။

"ဟင်… အုန်းသီးကြီး… ဘာနတ်မှလဲ မရှိဘူးနော် ဘွားဘွား"

"ဟဲ့… ဒါက ရိုးရိုးအုန်းသီး မဟုတ်ဘူး… နတ်အုန်းသီး … မတော်မရော် မလုပ်နဲ့ … နတ်ကိုများ ဘာမှတ်နေတုံး… စစရာ နောက်စရာ မဟုတ်ဘူး"

မထူးတော့ပြီမို့ အုန်းသီးမှန်း ဝန်ခံရတာတောင် ဘွားဘွားသည် လေမလျှော့၊ မှင်သေသေနှင့် ကျွန်မကို ခြောက်သေးသည်။ ကျွန်မကတော့ အုန်းသီးမှန်း သိသွားကတည်းက အရင်လောက် မကြောက်တော့။ အဲသည် ကတည်းက နတ်တင်ထားသည့် ငှက်ပျောသီး ဆိုလျှင်လည်း မစွန့်မီ ကတည်းက ခိုးစားတတ်သည်။ လက်ဖက်ကိုလည်း နှိုက်တတ်လာသည်။ နတ်တင်သည့် လက်ဖက်မှာ လက်ဖက်အသားချည်းမို့ ခပ်ဖန်ဖန်ရှိသည်။ အဆာပလာမပါ၊ ဆီစိမ်းသတ်သတ် ဆမ်း၍ နှမ်းလေးဖြူးရုံသာ ရှိသည်။ ထိုခါးသက်သက် လက်ဖက်ကိုပင် မကြိုက်ဘဲနှင့် နှိုက်နှိုက်စားကာ ပြန်တွေး ပစ်တတ်သည်။ ဘယ်လိုအကျင့်ရယ်တော့ မသိ၊ မလုပ်ရန် တားမြစ်ထားလျှင် လုပ်ချင်နေတာမျိုးပေါ့။

သည့်အပြင် ဘွားဘွား ငြိမ်နေပြန်လျှင်လည်း ကျွန်မ မနေတတ်၊ ဘွားအေ၏ အဆူအဆဲ အသံကြားမှ ဘဝက ပြည့်စုံသလိုလို ရှိသည်။ ဘွားဘွား မသိအောင် လုပ်ရတာ၊ ဘွားဘွား စိတ်ဆိုးတာကိုပဲ ကျွန်မမှာ ပျော်ရသည်။ သည်လိုနှင့် ဘွားအေကို အတိုက်အခံလုပ်ပြီး တို့ကနန်း ဆိတ်ကနန်း စနောက်မိပါသည်။

တစ်ခါသားမှာတော့ အသုဘချတမ်း ကစားသဖြင့် အရိုက်ခံရဖူးသည်။ ညနေ နေဝင်ရီတရောအချိန်တွင် မီးဖိုချောင်ထဲမှာ ပိုးဟပ်အသေ တစ်ကောင် တွေ့ရာကနေ ဇာတ်လမ်းစပါသည်။ ပိုးဟပ်သေကို ယူလာပြီး ဖေဖေနှင့် မေမေတို့၏ ခုတင်ပေါ်မှာ တင်သည်။ ပြီးနောက် အိမ်ဘေး ပတ်လည်မှာ အလေ့ကျပေါက်နေသည့် ပန်းတွေကို ခူးလာပြီး ပိုးဟပ်သေ ပေါ်မှာ ဖြန့်ကြဲပေးထားသည်။ ခုတင်တိုင်ကိုလည်း ဖဲကြိုးတွေနှင့် ချည်လို့ ချည်ပေါ့။ တစ်အောင့်ကြာတော့ ပိုးဟပ်အသေကို အသုဘ ယပ်တောင် တစ်ခုအပေါ်မှာ တင်ပြီး သမ္ဗုဒ္ဓေ ကိုးခေါက် ရွတ်ကာ အိမ်ကိုပတ်ပြီး အသုဘ ချကြပါသည်။ မြောက်ဘက် ဝင်းထရံဘေးမှာ မြှုပ်ခဲ့ပြီး "ပိုးဟပ်လေး ဖိုးဖြူ၊ အသက် (၁) ရက်" ဆိုပြီးတောင် သေသေချာချာလေး မှတ်တိုင်စိုက်ထူ ပေးခဲ့သေးသည်။

ကျွန်မတို့ ဘာတွေ လုပ်နေသည် ဆိုတာကို ဘွားဘွား မသိ၊ ပန်းတွေ ကြဲလိုက်၊ ဖဲကြိုးတွေ ချည်လိုက်ဆိုတော့ သူ စိတ်ဝင်စားပုံရသည်။

"ညည်းတို့ အဖေနဲ့ အမေနဲ့ မင်္ဂလာဆောင်ပြီးတာပဲ ကြာကြာ လှပြီ… ဘာလဲ ဖဲကြိုးတွေနဲ့ … အဲဒါ ဘာအရှုံးထတာလဲ"

ကျွန်မတို့ ညီအစ်မနှစ်ယောက်ကလည်း အရှုံးထသည်ဟု ပြောတာတော့

မခံနိုင်။ သည်တော့ ဖိုးဖြူနှင့် ပတ်သက်သော ကျွန်မတို့ ပြုခဲ့သည့် ကုသိုလ်အကြောင်းကို ဟုတ်တိုင်းမှန်ရာ ရှင်းပြကြသည်။

"အဲဒါ အရူးထတာ မဟုတ်ဘူး… ပိုးဟပ်လေး သေသွားလို့… အသုဘခုတင် ပြင်ပေးထားတာ"

သူ မထင်ထားသည့် အဖြေကို ကြားတော့ ဘွားဘွားမှာ ချက်ချင်း စကားမပြန်နိုင်ဘဲ မျက်လုံးကြီး ပြူးလို့။ ပြီးတော့မှသာ "အော်ဝမ်ကျမတွေ … မလုပ်ကောင်းတာတွေ…လုပ်တာ.. လာခဲ့စမ်း နှစ်ကောင်လုံး" ဆိုပြီး ရိုက်တော့သည်။ အဲသည်တစ်ခါမှာတော့ ဘွားဘွား တော်တော် စိတ်ဆိုး သွားပုံရသည်။ ခါတိုင်း မရိုက် မဖြစ်၍ ညီအစ်မ နှစ်ယောက်လုံးကို ရိုက်လျှင်တောင် သူ့မြေး အကြီးမကိုတော့ သာသာဖွဖွသာ ရိုက်တတ်သည်။ အခုတော့ အကြီးရယ်၊ အငယ်ရယ် မရှောင်ခဲ့။

မမချော ကျွန်မ ပေါက်ကရ ဆော့ကစားလို့ အရိုက်ခံရလေတိုင်း အဆစ် ပါတတ်သည်။ အိမ်က ရေချိုးကန်ထဲမှာ နှစ်ယောက်သား ရေဆင်းကူးကြလို့လည်း အရိုက်ခံရဖူးပါသည်။ သည်အရေးမှာလည်း ထုံးစံအတိုင်း ဆွယ်သူ က ကျွန်မ။

"ရေအောက်ထဲကို ငုံ့လိုက်ရင် အောက်မှာ ငါးလေးတွေ၊ လိပ်ကလေးတွေ အများကြီးပဲ… လှမှလှ"

အစကတော့ ခချောမယ် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေပေမယ့် ကြာတော့ ကျွန်မ ပြောတာကို အဟုတ်မှတ်ပြီး ရေကန်ထဲ ဆင်းပြီး ငုပ်လေသည်။ မည်သည့်ငါးမှ မတွေ့ရ။ သို့ပေမဲ့ သူကလည်း ခေသူ မဟုတ်လေတော့ "အေး… ငါ တွေ့တယ်… အနီရောင်လေးတွေရော၊ အဝါရောင်လေးတွေရော" သို့ကလို ဖြီးသေးသည်။ ငါးရှိရှိ၊ မရှိရှိ ညီအစ်မ နှစ်ယောက်လုံး အိမ်က ရေကန်ထဲတွင် ပျော်ပျော်ပါးပါး ရေဆင်းဆော့ပြီး ရှူးပေါက်ကြသည်။

အစပိုင်းမှာ ဘွားဘွား မရိပ်မိသေးပါ။ သုံး လေးရက် နေတော့ သူ့မြေးနှင့်ကျွန်မ တပူးတွဲတွဲ ရေချိုးခန်းတံခါး ပိတ်ပြီး ရေချိုးကြတာ၊ ရေချိုးလျှင်လည်း ကြာတတ်တာကို သတိထားမိလာသည်။ ခေါ်စစ်တော့ နှစ်ခါ မမေးရ။ ကြောက်တတ်သူ အစ်မက ဝန်ခံနှင့်သည်။ လူကြီး မသိအောင် ရေကန်ထဲ ဆင်းသည့်အမှုနှင့် ရှူးပေါက်ချခဲ့သည့် အမှုနှစ်မှုအတွက် နှစ်ယောက်သား ကြိမ်စာ အကျွေးခံရပြန်ပါသည်။

"အဲဒါကြောင့် ငါ ပြောတာ… ညည်းကို အဲ့ကောင်မလေးနဲ့ မပေါင်းနဲ့လို့ … ကိုယ့်ဟာကိုယ် အေးအေးနေ… မဟုတ်ရင် အဲဒီလိုပဲ အရိုက်ခံရမယ်"

ဘွားဘွားက တားလို့၊ မမ မပါလည်း ကျွန်မ မမှုတတ်။ မမနှင့် တူတူ ကစားရရ၊ မရရ ကျွန်မဘာသာ တစ်ယောက်တည်းလည်း ဖြစ်အောင် ကစားပါသည်။ တစ်ခါတစ်ရံ ဘောလုံးကန်တမ်းများ ကစားလျှင် တစ်ယောက်တည်းနှင့် နှစ်သင်းခွဲကန်တတ်သည်။ ဘယ်ဘယ်ခြေထောက်သည် ရန်ကုန် အသင်းဖြစ်ပြီး၊ ညာဘက်ခြေထောက်သည် မန္တလေးအသင်း ဖြစ်သည်။ ဂိုးဝင်အောင် ကန်လိုက်သည့် ခြေထောက်ဘက်က အသင်းက အနိုင်ရတတ်သည်။

မမကတော့ တစ်ဦးတည်းသော ညီမလေးမို့ ချစ်ရှာသည်။ သူ့အဘွား

ဘယ်လိုတားတား အတူတူလာဆော့သည်။ "နင် မွေးတုန်းကလေ ငါ့မှာ အရုပ်ကလေးတစ်ရုပ် ရသလိုပဲ ပျော်လိုက်တာ... ကြီးလာတော့ ခွေးမလေး... ငါ့ကို ကိုက်တယ်" တဲ့။ သူ့ရင်ဘတ်ပေါ်က ကျွန်မ ကိုက်သဖြင့် သေရာပါမည့် ဒဏ်ရာကို ပြရင်း မှတ်မှတ်ရရ ဆိုဖူးသည်။ ငယ်ငယ်က ရန်ဖြစ်ကြလျှင် ကျွန်မသည် အလွန် လက်မြန်ခြေမြန် ရှိသည်။ မမက တို့နေးနေးမို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်လျှင် သူချည်းခံရသည်သာ များ၏။

မမက သံယောဇဉ် ကြီးရာပါသည်။ ကျွန်မတို့သည် ငယ်စဉ်က ထမင်းစားလျှင် ဘွားဘွားနှင့်သာ အတူတူစားကြသည်။ ထမင်းဟင်းကျက်လျှင် ဘဘက ဦးဦးဖျားဖျား စားသည်။ ပြီးလျှင် ကျွန်မတို့ မြေးအဘွားတစ်တွေ စားကြသည်။ မေမေက ဈေးဆိုင်လူပါးချိန်တွင် ထမင်းပန်းကန်ကို ဆိုင်ခန်းကို ယူပြီး သူ့ဘာသာ စားတတ်သည်။ ဖေဖေကတော့ အပြင်မှာပဲ အပေါင်းအသင်းတွေနှင့် သူ့ဘာသာ စားချင်စားလာ၊ သည်လိုမှ မဟုတ်ရင်တော့ အိမ်ကျမှ စားတတ်သူ။

ထမင်းအတူတူ စားကြသည့်အခါတိုင်း ဘွားဘွားသည် ဟင်းကို ချင့်ချိန်ထည့်ပေးတတ်သည်။ အသားစား မကျူးစေချင်တာရော၊ အတိုင်း အထွာနှင့် စားတတ်အောင် လေ့ကျင့်ပေးချင်တာရောကြောင့် ပါသည်။ မျက်နှာတော့ လိုက်သပေါ့လေ။ ဟင်းကောင်း ကျွေးကောင်း ဆိုလျှင် မမကို ပိုထည့်ပေးတတ်သည်။ ကျွန်မကတော့ ဟင်းစားကြီးသူမို့ ကိုယ်ရသည့် ဝေစုနှင့် ဘယ်တော့မှ မဝတတ်ပေ။ ထပ်လိုချင်သည်။ မမကို တိုးတိုးကျိတ်ကျိတ် တောင်းရသည်။ မမမျှာ သူ့ဝေစုကို ဘွားဘွားမမြင်အောင် ကျွန်မ ပန်းကန် ထဲကို ထည့်ပေးလျှင် ကျွန်မက ထမင်းဖြူတွေနှင့် ဖုံးပြီး ဝှက်ကာ စားပါသည်။

ထမင်းစားတာလည်း ထမင်းစားတာမို့၊ အိပ်တာလည်း အိပ်တာမို့ ဘွားဘွားက အလွန်ခွဲခြားသည်။ သူတို့ မြေးအဘွား အိပ်ခန်းထဲကို ကျွန်မ ဝင်လာလျှင် မကြိုက်တတ်ပါ။ ကျွန်မတို့ သားအမိ အိပ်ခန်းထဲကို မမ ဝင်ဆော့လျှင်လည်း သူ ငြိုငြင်တတ်ပြန်သည်။ ဘွားဘွားကမ္ဘာသည် သူ ချစ်သော မြေးမ တစ်ဦးတည်းအတွက်သာ ဖြစ်သည်။ သည်မြေးကို သူပဲ အပိုင်သိမ်းကျုံးပြီး ချစ်ချင်သည်။

"ညည်းအမေက ညည်းကို ချစ်တာ မဟုတ်ဘူး... ညည်း ညီမပဲ ချစ်တာ... ငါကပဲ ညည်းကို ချစ်ရတာ"

ကျွန်မတို့အပေါ် မမ အချစ်ပိုသွားမည်ကို နည်းနည်းမျှ သူ မလိုလား။ သို့နှင့်ပင် ညီအစ်မနှစ်ယောက်ကို အစကတည်းက ဘွားဘွား စည်းခြား ထားသည်။

ပုံမှန်အချိန်တွေမှာ ကျွန်မနှင့် ဘွားဘွား တဇောင်း (ရှားစောင်း) စေးနှင့် မျက်ချေးဖြစ်တတ်သော်လည်း ဘွားဘွား ဈေးသွားလျှင်တော့ ကျွန်မ လိုက်ချင်သည်။ ဘွားဘွားကတော့ အများအားဖြင့် မမကိုပဲ ခေါ်သွားတတ်သည်။ ဒါကို ကျွန်မ မကျေနပ်လှ။ မေမေနှင့်တော့ ဈေးချိုကို မလိုက်ချင်ပေ။ ဈေးချို တစ်ရုံပြီး တစ်ရုံ ကူးချည်သန်းချည် သူ သွားသည့်နောက်ကို တကောက် ကောက်နှင့် လိုက်ရသည်က မလွယ်လှ။

သည့်အပြင် မေမေက ဈေးမှာဆိုရင် ဘာမှ မဝယ်ကျွေးတတ် သလောက်၊ ဘွားဘွားကတော့ ဈေးထဲက သရေစာလေးတွေ ဝယ်ကျွေးတတ်သည်။ နေ့တိုင်း

ဈေးသွားတာမျိုးတော့ မဟုတ်၊ ရပ်ကွက်ထဲကို လာရောင်းသည့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည့်တွေဆီမှာသာ တစ်ရက်စာ ဝယ်လေ့ရှိပါသည်။ အခါကြီး ရက်ကြီးမို့ ဈေးသည် မလာသည့်အချိန်၊ သို့မဟုတ် ငရုတ်သီး၊ ကြက်သွန် များများစားစား ဝယ်ဖို့ လိုတော့မှသာ ဘုရားကြီးဈေးဟု ကျွန်မ တို့ ခေါ်တတ်သည့် မဟာမုနိဘုရားကြီး၏ မြောက်ဘက်မုခ် အဆင်းတွင် ရှိသော ဈေးသို့ ဘွားဘွား ပြေးတတ်သည်။

ဘုရားကြီးဈေးသည် ကျွန်မတို့ အိမ်နှင့် မန္တလေးအခေါ် ဆယ်ပြ ကျော်လောက် ဝေးပါသည်။ တစ်ခါတစ်ရံ မြင်းလှည်းနှင့် သွားသည်။ တစ်ခါတလေတော့ ဆိုက်ကားနှင့်။ တစ်ခါတလေတော့ ခြေကျင် ဒိုးကြသည်။ အသွားခြေလျင်ဆိုရင် အပြန်ကျတော့ ဆိုက်ကားနှင့် ဖြစ်သည်။ ဈေးသို့ ရောက်လျှင် တွေ့မိတွေ့ရာ သရေစာလေးများ၊ ဒါမှမဟုတ် "ဇော်" ကြက်စာဆိုင်နားက ရွှေရင်အေး တိုက်သည်။ မဟုတ်လျှင် ၄၂ လမ်း စိန်ကျော်ကွေ့က ပန်းကမ္ဘာရေခဲမုန့် ကျွေးသည်။ ကျွန်မမှာ ရွှေရင်အေးနှင့် ရေခဲမုန့်မျက်နှာကြောင့် ဘွားအေ ဈေးသွားခါနီးတိုင်း သူ့ကို မျက်နှာချို သွေးရပါသည်။

တစ်ခါတော့ ကျွန်မကို မခေါ်ဘဲ ထားသွားသဖြင့် ညနေစာ ချက်ထားသော ကြက်သားဟင်းတွေ အကုန်လုံးကို စားပစ်ပြီး အိုးထဲမှာ အရိုးတွေချည်း ပြန်ထည့်ပစ်ထားပြီး ပညာပြခဲ့သည်။ ထိုကတည်းက ကျွန်မ ရန်ကို ရှောင်လို၍ ဘွားဘွားမှာ ဟင်းဆိုလည်း ဟင်းမို့၊ ပုစွန်ခြောက်ဆိုလည်း ပုစွန်ခြောက်မို့၊ နို့ဆီဆိုလည်း နို့ဆီမို့၊ ဘီစကွတ်ဆိုလည်း ဘီစကွတ်မို့ ဝှက်ရတော့သည်။ သူက ဝှက်လေ ကျွန်မက ရှာလေ။ ကျွန်မအတွက်တော့ ဝှက်ထားသည့် အရာကို ရှာနိုင်သည့် အဖြစ်လောက် ပျော်စရာကောင်းတာ မရှိ။ ပြီးလျှင်တော့ မြေးအဘွားနှစ်ယောက်မှာ တဂျိန်းဂျိန်း ရန်ဖြစ်ကြသည်။

ကျွန်မကြောင့် ပစ္စည်းဝှက်ရသူများတွင် ဘွားဘွားတင် မဟုတ်၊မေမေလည်း ပါသည်။ ကျွန်မ ငယ်ငယ်တုန်းက မေမေ့ သန္ဓေတားဆေး တွေကို ခဏတိုင်းဆိုသလို မေမေ မသိအောင် ယူစားတတ်ပါသည်။ ဆေးလုံး လေးတွေက ချိုသည်ကိုး။ အချိုမကုန်မချင်း ဆေးကို လျှာပေါ်တွင် ငုံထား တတ်သည်။ ပြီးလျှင်တော့ ထွေးထုတ်ပစ်တတ်သည်။ တစ်ခါတလေတော့လည်း ဝါးစားတတ်သည်။ မေမေက သူ့ဆေးတွေ သူ မသောက်လိုက်ရဘဲ ကုန်သွားသဖြင့် ကြာတော့ ကျွန်မကို မသင်္ကာဖြစ်လေသည်။

"မေမေက တော်လိုက်တာနော်… အဲဒီတုန်းက သမီးကိုတောင် မမေးရသေးဘူး သမီးလက်ချက်ပဲလို့ တန်းသိတာပဲ"

"အေးလေ… ဒီလိုလုပ်မယ့်သူက ညည်းပဲရှိတာကိုး…"

အဲသည်အကြောင်းကို ပြန်ပြောဖြစ်တိုင်း သားအမိနှစ်ယောက် ရယ်ကြရသည်။

မေမေနှင့် ဘွားဘွားသည် ချွေးမနှင့် ယောက္ခမတို့ ထုံးစံအတိုင်း ကိစ္စတော်တော်များများတွင် သဘောမမျှကြသော်လည်း သူတို့နှစ်ယောက် စည်းလုံးကြသည့်အချိန် နှစ်ချိန်ရှိခဲ့ဖူးသည်။ ပထမတစ်ချိန်က ၈၈ အရေးအခင်း ကာလတွင် ဖြစ်သည်။ ထိုအချိန်က ဘဘသည် သူ့ဆန်စက်ရှိရာ ကောဝင်း ဂျုံးတောင်ဘက်ကို ပြန်နေခိုက်၊ ဖေဖေကလည်း ခရီးထွက်နေခိုက်ဖြစ်သည်။

မာရှယ်လော ထုတ်ထားသည့် ညဥ့်သန်းခေါင်တွင် သေနတ်သံများ ကြားရသည်။

ဘွားဘွားသည် အိမ်ပေါ်ထပ် အခန်းကနေ ကျွန်မတို့ သားအမိ အိပ်သည့် အိမ်အောက်ထပ် အခန်းသို့ ပြေးဆင်းလာသည်။

"မဘီး.. ဟဲ့..ကြားလား"

"ကြားတယ် အမေ... လာ..လာ"

သူတို့နှစ်ယောက် အသံတိုးတိုး တိုးတိုးပြောကြပြီး တစ်အိမ်လုံးကို အတွင်းကနေ မင်းတုပ် သေချာချ၊ မချ အထပ်ထပ်စစ်ပြီး မီးငြိမ်းလိုက်၏။ ခုတင်အောက်တွင် ကျွန်မတို့ မြေးအဘွား၊ သားအမိတစ်တွေ အိပ်ချင်မူးတူးနှင့် သေနတ်သံများ စဲသည်အထိ ပုန်းကြရသည်။ ထိုစဉ်က ဘာမှန်းမသိသော်လည်း ကျွန်မအဖို့ အတွေ့အကြုံအသစ် ဖြစ်နေခဲ့သည်။ အရေးအခင်း ပြီးသည့်နောက် ကျောင်းတွေ ပြန်မဖွင့်မီ ကစားကြသည့်အထဲတွင် ဆန္ဒပြတမ်း ကစားတာလည်း ပါခဲ့ဖူးသည်။ ကျွန်မက "ဒီမိုကရေစီရရှိရေး တို့အရေး.. တို့အရေး" နှင့် ရှေ့ကတိုင်သမျှ မမက "အရေးတော်ပုံ အောင်ရမည်" ဆိုပြီး နောက်က လိုက်ပေးသည်။ အတိုင်အဖောက်ညီညီနှင့် ညီအစ်မနှစ်ယောက် အိမ်ကို ကျော့ကာကျော့ကာပတ်၍ ချီတက် ဆန္ဒပြကြပါသည်။ မလုံခြုံသော ကာလမို့ ယောက္ခမနှင့် ချွေးမကြားက အရည်ကျဲသော ဆက်ဆံရေးမှာ ထိုစဉ်တစ်ခဏ သွေးပမာ စေးပျစ်နေခဲ့ဖူးသည်။

မေမေနှင့် ဘွားဘွား ဒုတိယအကြိမ် မဟာမိတ် ဖြစ်သွားကြတာ ကလည်း ကျွန်မပယောဂကြောင့် ဖြစ်သည်။ သည်တစ်ခါလည်း အတတ်ဆန်း ထွင်သည့် အမှုကြောင့်ပါပဲ။ အပေါက်ရှာ ကစားတတ်သူတို့၏ ထုံးစံအတိုင်း ကျွန်မမှာ ကျွန်မလုပ်သမျှကို မမ ပါးစပ်အဟောင်းသား ဖြစ်သွားသည်မျိုးကို ကျေနပ်သည်။ မမကို အံ့သြအောင် လုပ်မည် အကြံဖြင့် ထိုနေ့က သူ့ကို မျက်လှည့်ပြမည်ဟု ပြောသည်။ သူကလည်း အဟုတ်မှတ်သည်။ သူက စိတ်ဝင်တစား ရှိလေလေ၊ ကျွန်မကလည်း ဟန်ရေးတပြပြဖြစ်လေလေပါပဲ။

"ဒီမှာ နင် သံတိုင်နှစ်တိုင် တွေ့တယ်နော်... အဲဒီထဲ ငါ ခေါင်းဝင် ပြမယ်.. ကြည့်နေ"

လှေကားခြေရင်းက ပြတင်းပေါက် သံတိုင်နှစ်တိုင်ကြားသို့ ကျွန်မ ခေါင်းထည့်ပြသည်။ အတော်လေး ကျပ်ကျပ်တည်းတည်း ထိုးသွင်းရပါသည်။ တကယ်ပဲ ထိုးသွင်းနိုင်သည့်အခါ မမသည် အံ့သြပြီး သဘောတကျ လက်ခုပ်တီးလေသည်။ မမကို ထူးဆန်းအောင် လုပ်ပြလိုက်ရသဖြင့် ကျွန်မလည်း အတော်ကြီး ကျေနပ်ခဲ့သည်။ သို့ပေမဲ့ ပြဿနာက ကျွန်မမှာ ခေါင်းကို သွင်းရုံသာ သွင်းတတ်ပြီး သံတိုင်ကြားကနေ ပြန်မထုတ်တတ်တော့ချေ။

"မမ လုပ်ပါဦး... ငါ့ ခေါင်းကြီး ပြန်ထုတ်လို့ မရတော့ဘူး"

အစကတော့ ကျွန်မက နောက်နေတာလို့ သူက ထင်သည်။ နောက်တော့ ငိုသံပါကြီးနှင့် ပြောကာမှ သူလည်း တကယ်မှန်းသိပြီး လူကြီးတွေ မသိအောင် ညီအစ်မနှစ်ယောက် တိုးတိုးကျိတ်ကျိတ်နှင့် ခေါင်းကို ဆွဲထုတ် ကြသည်။ ဘယ်လိုမှ မရတော့ မမက ငိုပြီး ဘွားဘွားနှင့် မေမေ့ကို သွားပြောသည်။ သူတို့နှစ်ယောက်လုံး မျက်ကလူးဆန်ပြာ ဖြစ်ပြီး ကျွန်မကို ဆွဲကြ လွဲကြဖြစ်တော့သည်။ ဘေးအိမ်က

လူတွေပါ သိပြီး သံတိုင်ကို ဝိုင်းဖြဲပေးကြ၊ အတွင်းဘက်က ဆွဲတဲ့သူနှင့် သံတိုင်အပြင်ဘက်ကနေ ကျွန်မ ခေါင်းကို တွန်းပေးသူနှင့် လူကြီးတွေ အတော် အလုပ်ရှုပ် သွားကြလေသည်။ ခေါင်းနှင့်ကိုယ် အိုးစားမကွဲဘဲ ကျွန်မခေါင်းကလေး လွတ်လွတ်ကျွတ်ကျွတ် ဖြစ်လာတော့ အနားပင် မယူရသေး၊ အဘွားနှင့် အမေတို့ နှစ်ယောက် ပေါင်းပြီး ကျွန်မကို တက်ညီလက်ညီ ဘယ်တစ်ချက်၊ ညာတစ်ချက် စည်တော်ကြီး တီးကြတော့သည်။

ကျွန်မကလည်း အမှတ်မရှိတော့ ငိုပြီးလျှင် ပြီးပြီးပျောက်ပျောက် မေ့လွယ်ပြန်သည်။ ဘွားဘွားကတော့ ကျွန်မကို အမြင်လည်း ကတ်သလို လန့်လည်း လန့်ပုံရသည်။ ကျွန်မ ဘာလုပ်နေသည်၊ ဘာကစားနေသည် ဆိုတာကို မေမေ့ထက်တောင် သူက စိတ်ဝင်စားသေးသည်။ တစ်ခါတလေ ကျွန်မကြောင့် ဘွားဘွား အရှုးဖြစ်ရတာလည်း ရှိပါသည်။ သည်တစ်ခါတော ကျွန်မတို့ ရပ်ရှင်ရိုက်တမ်း ကစားကြတုန်းကရယ်ပါ။

"ဟယ်လို… ရဲစခန်းကလား… လမ်း ၈၀ က တိုက်ကြီးမှာ လူသတ်မှု ဖြစ်နေပါတယ်… အမြန်လာခဲ့ပါ"

ကျွန်မတို့ အတော်လေး သရုပ်ဆောင်ကောင်းသွားလို့လား မသိ၊ ပုတီးစိပ်ရင်း နားစွန်နားဖျား ကြားမိသော ဘွားဘွားမှာ မနေနိုင်တော့ဘဲ-

"ဟဲ့…ဘယ်မှာ ဖြစ်တာတဲ့တုံး" ဟုပင် မေးလာရသည်။

"ဒီအိမ်မှာ ဖြစ်တာလေ… အခု လူသတ်သမားက အိမ်မှာ လူသတ် ပြီးပြီ၊ ခဏနေ အိမ်ကို မီးရှို့တော့မှာ"

သူ မေး၍ ရှင်းပြရပြန်တော့လည်း ကျွန်မမှာ ပေါင်တွင်းကြော ဆွဲအလိမ်ခံရပြန်ပါသည်။

"ရှေးလူကြီးများက ပြောတယ်… အရူး ပြောတာရယ်၊ ကလေး ပြောတာရယ်၊ သဘင်သည် ပြောတာရယ် မှန်တတ်တယ်တဲ့၊ နိမိတ်မရှိ နမာမရှိတွေ ငါ့ အိမ်ပေါ်မှာ မပြောကြနဲ့… သွားကြ.. သွားကြ"

ကျွန်မကလည်း ကျွန်မပါပဲ။ ဘွားဘွားများ ဆူဝေါက်ပြီ။ ရိုက်ပြီ ဆိုလျှင် မှတ်ထားသည်။ ညအိပ်လျှင် ဘွားဘွား အိပ်ပျော်ပြီဆိုကာမှ ဘွားဘွားတို့ အခန်းထဲသို့ ခြေသံမကြားအောင် ခြေဖျားထောက်ပြီး ခိုးဝင် တတ်သည်။ ပြီးလျှင် ဘွားဘွား၏ ဆီးအိုးထဲမှာ ရှူးပေါက်ထားခဲ့သည်။ ဘွားဘွားက ညတစ်ရေးနိုးတိုင်း ဆီးသွားတတ်သည်ကိုး။ သူ ဆီးမသွားလျှင်တောင် သူ့မြေးအကြီး ဆီးသွားထားနှင့်သည်ဟုပဲ သူ ထင်တတ်သည်။

သည်လိုနှင့် မနက်လင်းလျှင် ဘွားဘွားမှာ ကျွန်မ ပေါက်ထားခဲ့သည်ကို မသိဘဲ ဆီးအိုးကို သွန်ရလေသည်။ ဘွားအေကို သည်လို မလိမ့်တပတ် လုပ်ရတာကို ကျွန်မမှာ ကွယ်ရာကနေ ချောင်းကြည့်ပြီး အမြူးနေတတ်သည်။

တစ်ခါတလေ ဘွားဘွား၏ ထဘီ နောက်ဘက်မှာ အမြီးတပ်ပေး လိုက်သည်မျိုးလည်း ရှိသေးသည်။ ဘွားဘွားက မသိဘဲ အမြီးတန်းလန်း တန်းလန်းနှင့် ရပ်ကွက်ထဲ လှည့်တတ်သည်။ သူ ပြန်လာလျှင် သူမမြင်ရခင်

"အငယ်မ ဘယ်ရောက်သွားတုံး... လာခဲ့စမ်း.. အော်ဝမ်းကျမ" ဆိုသည့် အသံကို အရင်ကြားရသည်။ ထိုအခါမျိုးတွင် ကျွန်မသည် အခန်း တံခါးကို အထဲကနေ ချက်ထိုးပြီး စောင်ခေါင်းမြီးခြုံကာ အိပ်ချင်ယောင် ဆောင်လေ့ ရှိသည်။

ကျွန်မကချည်း ဘွားဘွားကို စိတ်တိုစိတ်ဆိုးအောင် လုပ်နိုင်ခဲ့သည် မဟုတ်ပါ။ ဘွားဘွားကြောင့်လည်း ကျွန်မ ငိုခဲ့ရသည်များ ရှိပါသည်။

တစ်ခါတော့ ကျောင်းကနေ ငိုပြီး ပြန်လာသည့် ကျွန်မကို မည်သို့ ချော့ရမည်မှန်း မသိအောင် လူကြီးတွေ အကျပ်တွေ့ဖူးသည်။ အကြောင်းရင်းကို မေးတော့ "သမီး ဗိုက်ကြီးတော့မှာလား မသိဘူး မေမေ" ဆိုကာ ရှိုက်ရှိုက်ပြီး ပြောသတဲ့။ မေမေ့ခမျာ အတော်လေး အထိတ်တလန့် ဖြစ်သွားသည်။

"ဒီနေ့ ဆရာမက သမီးနဲ့ အတန်းထဲက ကောင်လေးကို လက်ဆွဲပြီး ပြေးကြတဲ့... ပြီးတော့ ဟိုဘက်စည်းထိပ်က ဘောလုံးကို ကောက်ခိုင်းတာ... သမီး မကစားချင်ဘူး... ဒါပေမဲ့ ဆရာမကို ကြောက်တော့ ကစားရတာပေါ့ ... အဲ့ကောင်လေးက သမီး လက်ကို ဆောင့်ဆွဲပြီး ပြေးတယ် မေမေ... သမီး ဗိုက်ကြီးတော့မယ် ထင်တယ်"

မေမေသည် ကျွန်မ ပြောတာကို နားမလည်ချေ။ ထပ်ခါထပ်ခါ မေးမှ နောက်ကွယ်က အကြောင်းရင်းကို သိရသည်။ ဘွားဘွား ပြောဖူးသည့် ပြဇာတ် ဇာတ်လမ်းတွေထဲမှာ ကျွန်မ မှတ်မိနေတာ တစ်ခု ရှိသည်။

"အကောင်က ထရေ(ထန်းရည်) မူးပြီး ကလေးမလေးကို ဆွဲလား ယမ်းလား လုပ်တာပေါ့ ... မင်းသမီးရဲ့ အိမ်ကလူတွေက ဂါတ်တဲကိုတော့ တိုင်ကြတာပဲ... ဒါပေမဲ့ ကလေးမလေးက ကိုယ်ဝန်ရှိသွားရော"

"ကိုယ်ဝန်ရှိတယ် ဆိုတာ ဘာလဲဟင်"

"ဗိုက်ကြီးတာကို ပြောတာ"

အဲသည်ကတည်းက ကျွန်မမှာ ဆွဲလားယမ်းလားလုပ်လျှင် ဗိုက်ကြီး မည်ဆိုသည့် အသိကို အတော်လေး စွဲသွားသည်။ စွဲမိစွဲရာ စွဲပြီး ငိုလိုက် သည်မှာ တော်တော်နှင့် ချော့မရ။ မေမေ စိတ်ဆိုးတော့ ဘွားဘွားက-

"ငါက ရိုးရိုးပြောတာပဲဟာ... ညည်းသမီးကိုက တော်ရုံမတွေးဘူး" ဆိုပြီး ဆင်ခြေကန်သည်။

သို့ကလို ကျွန်မတို့ မြေးအဘွားမှာ ကြွက်နှင့်ကြောင် ဇာတ်လမ်း ထဲကအတိုင်း ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်ပါသည်။

※

သည့်အပြင် ဘွားဘွားနှင့် ကျွန်မအကြားတွင် အမှတ်တရဖြစ်ရသည့် နောက် အကြောင်းရင်း တစ်ခုက လူဝင်စားနှင့် ပတ်သက်ပြီး ဖြစ်သည်။ ကျွန်မတို့နှင့် တစ်လမ်းကျော်တွင် သုံးဘဝတိုင်တိုင် သည့်မိခင်ထံတွင်ပဲ ပြန်ဝင်စားသည့် မမချွေး ဆိုသူ ရှိသည်။ မမချွေးကို ငယ်စဉ်က သူ့အမေက ရိုက်တော့-

“အမေကသာ သမီးကို ရိုက်တာ… သမီးကတော့ အမေ့ကို ချစ်လွန်းလို့ သုံးခါတောင် အမေ့ဆီကို ပြန်လာတယ်”

ဆိုပြီး ပြောသတဲ့။ မမဋ္ဌေး အပျိုပေါက်ဖြစ်တော့ ကျွန်မ ကျောင်းမနေ ရသေး။ သို့သော် မေမေ့ထံက တစ်ဆင့် ကြားရသော မမဋ္ဌေး၏ ဇာတ်လမ်းကို ကျွန်မ အတော်စိတ်ဝင်စားသည်။ မမဋ္ဌေးလိုလည်း ကျွန်မ ပြောတတ်ချင်သည်။ ကျွန်မ ကြားဖူးတာက လူဝင်စား ဆိုသည်မှာ သူ ဝင်စားတော့မည် ဆိုလျှင် အိပ်မက်ပေးတတ်သည်။ သည့်အပြင် သူ့ကိုယ်ပေါ်မှာ အမှတ်အသား တစ်ခုခု ပါသည်တဲ့။ ကျွန်မ၏ ဘယ်ဘက်လက်ဖမိုးပေါ်မှာလည်း အမှတ် ညိုညိုလေးတစ်ခု ပါသည်ပဲ။ ကျွန်မကကော ဘာလို့ လူဝင်စား မဖြစ်နိုင် ရမှာတဲ့လဲ။

“သမီးကို မမွေးခင်တုန်းက မေမေ အိပ်မက်မက်လားဟင်”

“မမက်ပါဘူးအေ… ဘာအိပ်မက်မှ မမက်ဘူး”

“မေမေက ဘာလို့ မမက်ရတာလဲ… မေမေကလည်း မက်ပေးပါလို့ဆို… မက်ပေးပါ”

ဂျီတိုက်လွန်းမက ဂျီတိုက်သဖြင့် မေဖော့မျာ အိပ်မက် မက်ပေးရသည်။

“ခုမှ သတိရတယ်… ဟုတ်တယ်၊ သမီးကို မွေးခါနီးမှာ အိပ်မက် မက်တယ်… ဆင်ဖြူတော်ကြီးက လာပြောတယ်”

“မေမေပြောပြတဲ့ ဝေဿန္တရာဇာတ်ထဲက ဆင်ဖြူလား မေမေ”

“အေး… ဟုတ်တယ်.. အဲ့ဒီဆင်ဖြူကြီးက ပြောတယ်… သမီးက လိမ္မာတဲ့သမီး ဖြစ်မှာတဲ့… စာလည်း အရမ်းကြိုးစားမှာတဲ့”

သည်လို ပြောပေးတော့မှ ကျွန်မလည်း ကျေနပ်တော့သည်။

သူငယ်ချင်းတွေနှင့် ကစားကြသည့်အထဲတွင် စက္ကူအလွှတ်ပေါ်မှာ အသက်အောင့်ကာ ခဲတံဖြင့် အစက် ၇ ချက်ချ၊ သမ္ဗုဒ္ဓေ သုံးခေါက် ရွတ်ပြီးနောက် စာရွက်၏ နောက်ကျောဘက်ကို လှန်ကြည့်လျှင် အရင်ဘဝကို ပြန်မြင်ရသည့် အကြောင်းလည်း ပါသည်။ ကျွန်မတို့မှာ အသက်အောင့်ရင်း သမ္ဗုဒ္ဓေ မရွတ်တတ်သဖြင့် အခက်တွေ့ကြသည်။ သို့ပေမဲ့ ကိစ္စမရှိ။ အောင့်ချင် သလို အောင့်ပြီး ရွတ်ချင်သလို ရွတ်ကာ စာရွက်၏ နောက်ကျောဘက်ကို လှန်ကြည့်ကြသည်။ ဘာမှလည်း မမြင်ရ။ ဘယ်သူကမှတော့ “ဘာမှလည်း မမြင်ရဘူး”ဟူ၍ မပြောကြပါ။ သူ့ထက်ငါ လုပြီး ကိုယ် ဘာမြင်ရသည် ဆိုတာ ကိုသာ ဇာတ်လမ်းဆင် ပြောကြသည်။

“ငါ မြင်ရပြီ… ငါက ဟိုဘဝက မို့မို့မြင်အောင် ဖြစ်ခဲ့တာ”

တစ်ယောက်က သည်လို စ လိုက်လျှင် နောက်တစ်ယောက်ကလည်း “ငါက တင်နီလာဝင်း…” “ငါက ဇင်မာဦး” “ငါက မေဝင်းမောင်” စသည်ဖြင့် အလုအယက် ပြောကြသည်။

သို့ကလို ပြောလျှင် အနားတွင်ရှိသည့် လူကြီးတွေက ရယ်ကြသည်။

"ဟဲ့ ... မို့မို့မြင့်အောင်တို့၊ ဇင်မာဦးတို့က မသေသေးဘူး... ပေါက်ကရတွေဟယ်"

ဘယ်သူတွေ ဘယ်လိုပြောပြော ကျွန်မတို့ကတော့ တစ်ယောက်နှင့် တစ်ယောက် အကျောမခံကြချေ။ ထိုအထဲတွင် ကျွန်မက အလွန်လူလည် ကျသည်။

"ငါက ဟိုဘဝက နန်းတွင်းက မင်းသမီးဖြစ်ခဲ့တာ... ငါ့ တိုင်းပြည်မှာ၊ နင်က ဆိုက်ကားနင်းတယ်... နင်က ပဲပြုတ်ရောင်းတယ်"

သည်လို အထက်စီးက ပြောတတ်သည်။

ကျွန်မ၏ လူဝင်စား ဇာတ်လမ်းကို ယုံကြည်သူက ဘွားဘွား ဖြစ်သည်။ ဘယ်ဘက်လက် ဖမိုးပေါ်က အမှတ်ညိုညိုလေးကို အကြောင်းပြုပြီး ကျွန်မကလည်း လူဝင်စားဖြစ်ကြောင်း မှင်ကောင်းကောင်းနှင့် ပြောတတ်သည်။ သို့ပေမဲ့ သူနှင့်ကျတော့ ဇာတ်လမ်းက နောက်တစ်မျိုးပေါ့ ။

"ကျုပ်မြေးအငယ်မက လူဝင်စားတဲ့..."

အိမ်နီးချင်းတွေကို သူ သည်လို ပြောလျှင် အိမ်နီးချင်းတွေကလည်း ဘွားဘွားအလိုကို လိုက်ကာ စိတ်ဝင်စားဟန် ပြရသည်။

"ပြောပြလိုက်လေ... ဟိုနေ့က ဘွားဘွားကို ပြောတဲ့ လူဝင်စား ဆိုတာ... ဘယ်က ဝင်စားတယ် ဆိုတာ"

"ကျောက်ဆည်ကနေ ဝင်စားတာ"

သည်တုန်းက ကျောက်ဆည် ဆိုသည်ကို မရောက်ဖူးသေးသလို ဘယ်နားမှာ ရှိမှန်းလည်း မသိပါ။ မျက်စောင်းထိုးအိမ်က အန်တီ တစ်ယောက်က "ကျောက်ဆည် သွားတယ်" ခဏခဏ ပြောလွန်း၍သာ နားထဲမှာ စွဲနေခဲ့သည်။

"မိဘတွေက ဘာလုပ်တာတဲ့လဲ"

"ခြံစိုက်တယ်"

"ဘာဖြစ်လို့ သေသွားတာလဲ သမီးရဲ့"

"ဘူးပင်အောက်မှာ နေတုန်း ဘူးသီးပြုတ်ကျလာတာလေ... အဲဒါကြောင့် သေသွားတာ"

ကျွန်မ အဖြေကြောင့် ဘွားဘွား ဆဲလိုက်သည်မှာ မိုးမွှန်လို့ပါပဲ။ သည်အကြောင်းကို ပြန်ပြောလေတိုင်း ဘဘမှာ အတောမသတ် ရယ်တတ်သည်။

"မတင်ညွှန့်... မတင်ညွှန့် ... အတော်ရိုးရှာတာ ညည်းတို့ မြေးအဘွား မတည့်တာလည်း ပြောမနေနဲ့တော့"

ဘွားဘွား ရိုးပုံက ရွှေကြက်ကျကာ လူဝင်စား ကြောင်ကိစ္စမှာလည်း ထင်ရှားပါသည်။

ကျွန်မ ဒုတိယတန်း တက်နေစဉ်က ရွှေကြက်ကျဘုရားနားက ရပ်ကွက်ထဲတွင် ကြောင်တစ်ကောင်သည် လူဝင်စားဖြစ်ပြီး လူစကား ပြောတတ်သည်ဟူ၍ နာမည်ကြီးဖူးသည်၊ ထိုစဉ်က မန္တလေးမြို့ထဲနှင့် လူဝင်စားကြောင် ရှိရာ ရွှေကြက်ကျသို့ အခကြေးငွေယူပြီး ကားများ ပြေးဆွဲပေးသူများလည်း စီးပွားဖြစ်လိုက်ကြသေးသည်။ ဘယ်က ဘယ်လို သည့်သတင်း ပြန့်လာမှန်း မသိသော်လည်း အတော်များများ အုတ်အော်သောင်းတင်း ဖြစ်သွားသည်။ လှည်းရှိသူက လှည်း၊ စက်ဘီးရှိသူက စက်ဘီး၊ လိုင်းကား စီးသူကလည်း စီးနှင့် လူဝင်စားကြောင်ကို လာကြည့်ကြသည်။ တိုးတိုးကြိတ်ကြိတ်နှင့် ပွဲတော်လို စည်ကားခဲ့သည်။ ကျွန်မတို့ မြေးအဘွားလည်း ဘယ်နေလိမ့်မလဲ။ စပ်စပ်စုစုအုပ်စုထဲတွင် ရှေ့ဆုံးက ဖြစ်သည်။

“ကြောင်လေးရေ.... နာမည် ပြောပြပါဦး... နာမည် ဘယ်လိုခေါ်လဲ”

ပရိသတ်က မေးလျှင် ကြောင်သည် တောင်ကြည့် မြောက်ကြည့် လုပ်ပြီး “ညောင်” ဟု အော်လေသည်။ ဒါကိုပင် ပရိသတ်က “ဟယ်... ရန်အောင်တဲ့ ကြားလား... ကြားကြရဲ့လား... ရန်အောင်လို့ ပြောနေတယ်” ဟု ဆိုကြသည်။ ကြောင်က “ညောင်” လိုက်၊ သူတို့က “ရန်အောင် ဟု ကြားလိုက်နှင့်၊ သူ့အရပ်နှင့် သူ့ဇာတ်ကိုက် နေသည်။

“မဟုတ်ပါဘူး... ကြောင်ကလေးက ညောင်လို့ အော်နေတာလေ”

ကျွန်မက အတွန့်တက်တော့ ဘွားဘွားက “ရန်အောင်ပါတဲ့ဆိုမှ... ရန်အောင်ဆို ရန်အောင်ပေါ့အေ့” ဆိုပြီး ပြန်ရန်တွေ့သည်။ သည်လိုနှင့် မြေးအဘွားနှစ်ယောက် အိမ်ပြန်ရောက်သည့်အထိ “ရန်အောင်” ဟုတ်၊ မဟုတ် ငြင်းခုံလာကြသည်။ အိမ်ပြန်ရောက်သည့်အခါ ကျွန်မက ထုံးစံအတိုင်း ဟောင်ဖွာဟောင်ဖွာ လုပ်သည်။

“ကြောင်က ညောင်လို့ အော်တာကို ဘွားဘွားက ရန်အောင်လို့ ဇွတ်ငြင်းတယ်”

ဘဘကို ဆီးပြီးတိုင်တော့ ဘွားဘွားက မျက်စောင်းတခဲခဲနှင့် ရှိလေသည်။ ကျွန်မကိုလည်း စိတ်ကောက်ပြီး ထိုရက်ပိုင်း စကားမပြော တော့ချေ။

ဘွားဘွားနှင့် ရှားရှားပါးပါး တည့်သည့်အခါများလည်း ရှိတတ် ပါသေးသည်။ အထူးသဖြင့် သူနှင့် ဖဲအတူတူ ရိုက်သည့်အခါများတွင် ဖြစ်သည်။ ဘယ်ကစပြီး ဘယ်လို ဘွားဘွား ဖဲရိုက်တတ်လာသည် မသိပါ။ ဘဘ တောခိုစဉ်က တောထဲသို့ သူ လိုက်သွားတုန်း တတ်လာသည်လား၊ သို့မဟုတ် ဘဘ ဂျုံးတောင်မှာ ဆန်စက်တည်တော့ ဆန်စက်ထဲက အလုပ်သမားတွေက သင်ပေးလိုက်သဖြင့် ရိုက်တတ်လာသလား မသိပါ။

သူက သူ့ပညာကို မြေးနှစ်ယောက်ကို လက်ဆင့်ကမ်းသည်။ ကျွန်မမှာ ကျောင်းမနေရခင်ကတည်းက ဖဲရိုက်အရင်တတ်နှင့်သည်။ အပွင့်တူရာတွေ စုရတယ် ဆိုသည့် စကားကို အသေမှတ်ထားသည်။ အရှုံး အနိုင် ကောင်းကောင်း

နားမလည်သမို့ ဘွားဘွားက "ညည်း နိုင်တယ်" "ညည်း ရှုံးတယ်" စသည်ဖြင့် ဆုံးဖြတ်ပေးသည့်အတိုင်း အတည်ယူရသည်။ မြေးအဘွား သုံးယောက် မီးပျက်သည့် ညများတွင် ဖယောင်းတိုင်ထွန်းကာ ထီလက်မှတ် အဟောင်းများကို ပိုက်ဆံလို သဘောထားပြီး ဖဲရိုက်တမ်း ကစား ကြလေသည်။

"ဟဲ့... ကလေးတွေ... လုပ်စရာရှိတာ မြန်မြန်လုပ်ကြ... မီးက မျက်တောင်ခတ်နေပြီ"

ဘွားဘွား ပြောလည်း ပြောစရာပင်။ လျှပ်စစ်မီးက ရှားရှားပါးပါး လာသည့်အခါလေးတွင်တောင် မီးအားက ပြည့်မီလှသည် မဟုတ်သဖြင့် မှိတ်တုတ်မှိတ်တုတ် ရှိနှင့်ပြီ။ သည်လိုအချိန်မျိုးတွင် ဘွားဘွားက လောဆော် လိုက်လျှင် ကျွန်မတို့လည်း ကောင်းကောင်း သဘောပေါက်သည်။

"မီးပျက်ရင် ကုလားကား ကြည့်မယ်"

ညီအစ်မနှစ်ယောက်စလုံးကလည်း တက်တက်ကြွကြွ ကြွေးကြော် ကြသည်။

"အော်ဝမ်းကျမတွေ တိုးတိုးမပြောကြဘူး... ငါ့ကို မကြီးမငယ်နဲ့ ဆိုပြီး လူ ကဲ့ရဲ့(ကဲ့ရဲ့) ခံရအောင် လုပ်နေကြတယ်"

ဘွားဘွား မည်သို့ပင် မာန်မဲပါစေ၊ ကျွန်မတို့သည် ဖဲဝိုင်းသိမ်းလည်း ရှုံးသည်၊ နိုင်သည်ကိုလည်း လူကြားအောင် ပြောကြသည်။

ငယ်ဘဝတစ်လျှောက်လုံး ကျွန်မ မှတ်မိသမျှ မန္တလေးညများတွင် အမှောင်လွှမ်းသော ညများသည် အများဆုံး ဖြစ်ပါသည်၊ မီးပျက်လျှင် ကျွန်မတို့မှာ လုပ်စရာမရှိ၊ မှောင်လျှင် ခြင်ကလည်း အခွင့်ကောင်းယူသည်။ ညနေဝင်ရီတရော အမှောင်ဆိုက်လာသည်နှင့်အမျှ ခြင်တို့သည် ဖွဲနှင့် ဆုပ်ပက်လိုက်သည့်ပမာ ဦးခေါင်းထက်တွင် တစီစီ ငြာသံပေး၍ ဝဲပျံနေသည်များ၊ လက်နှင့် ဖမ်းရိုက်လိုက်လျှင် တစ်ကောင်မဟုတ် တစ်ကောင်တော့ အနည်းဆုံး မိတတ်သည်။ ပါးကို ကိုက်လိုက်၊ လက်မောင်းကို သွေးစုပ်လိုက်၊ ခြေထောက်ကို တွယ်သွားလိုက်နှင့်မို့ ယပ်တောင်ကို လက်တွင် မော်တာ တပ်ထားသလို အဆက်မပြတ် ယမ်းပေးနေမှ တော်ကာကျသည်။ ထိုအခါမျိုးတွင် ဘွားဘွားမှာ ဖဲကစားရင်း မြေးနှစ်ယောက်ကို ယပ်ခပ်ပေးရသည့် အလုပ်ပါ တာဝန်ယူရသည်။

ထိုမီးပျက်သော ညများကို ပြန်အောက်မေ့ကြည့်လျှင် ဘွားဘွား၏ ရင်ငွေ့နွေးနွေးကို ပြန်လည်ခံစားမိသည်။ ရင်မတောင် သနပ်ခါးရနံ့နှင့် ချွေးနံ့ သင်းနေသော ဘွားဘွား၏ ကိုယ်သင်းရနံ့ကို ဘယ်အခါမှ မမေ့နိုင်ပါချေ။ အလွမ်းရနံ့များဟုတောင် တင်စားချင်ပါသည်။

အိမ်ရှေ့ ဝရန်တာသည် မြေးအဘွားတို့၏ ညီလာခံကျင်းပရာ နေရာ ဖြစ်သည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်သည် ဘွားဘွား၏ ဘယ်ဘက် ပေါင်၊ ညာဘက်ပေါင် တစ်ဖက်တစ်ချက်စီပေါ်တွင် အကျအန ခေါင်းအုံးလျက် ဘွားဘွား ပြောပြသော ပုံဝတ္ထုများကို နားထောင်ရသည်။ လရောင် ကလေး မဝင်းတဝင်း၊ ကြယ်ရောင်လေး မလင်းတလင်းအောက်တွင် ဘွားဘွား၏ ပုံပြင်များထဲက ဇာတ်ကောင်များကို အတွေးနှင့် ပုံဖော်ရင်း ငိုက်စင်းကာ ဇိမ်ခံကြသည်။ နွေရာသီကာလများ ဆိုလျှင် ကျွန်မတို့ ကျောပြင်ပေါ်က မိတ်ဖုများကို ဘွားဘွားက

ပုံပြောပြရင်း အယားဖြေပေးတတ်သည်ကိုး။

ဒွေးမယ်နော်ခမျာ သူ့ချစ်သူလေးကို လွမ်းစိတ်ဖြင့် တ ငိုရှာသည်ကို ကြားရတော့ မျက်ရည်ဝဲရသည်။ ရွဲကုန်သည် ပြဇာတ် နားထောင်ရတော့ မပေးပေး... ပေးပေး ... ငါ့ ရွှေခွက်ပေး ဆိုသည့် နေရာ၌ အတွေးမျက်လွှာတွင် ချက်ချင်းပင် ရွှေခွက်လုသော ပုံကို မြင်ယောင်လာသည်။ လောဘဇော တိုက်ပြီး ရူးလှရူးခင်ပုံကို တွေးပြီး ကြောက်လည်း ကြောက်ရသည်။ ဘွားဘွား အပြောအပြောကောင်းသဖြင့် သားနှင့်သမီးကို ခွဲရ၍ မယ်မဒီ ဖြေမဆည် ဗျာပါဆိုက်ပုံကို ကြားပြီး အမှောင်ထဲမှာပင် ကျွန်မတို့သည် ရှိုက်ကာ ရှိုက်ကာ ငိုမိ ပြန်သည်။

"ဇာတ်ဆိုရင် ရွှေမန်းတင်မောင်ကမှ ကောင်းတာ... တင်မောင်တို့က အချောတွေ... မြို့တော်သိန်းအောင်ကျတော့ ဆက်တင်တွေက ခမ်းနားချက်... သဘင်သည် မဝင်ရတို့၊ ကိုးဆယ်ဆ သာလိမ့်မယ်တို့၊ မိုးလား တိမ်လား မြူလားတို့အေ... ညည်းတို့များ ကြည့်ဖူးစေချင်တယ်"

တစ်ခါတစ်ရံ ဘွားဘွားက ထိုသို့တမ်းတမ်းတတ ပြောတတ်သည်။ ယပ်ကလေး ယမ်းလိုက်၊ ကျောကလေး သပ်ပေးလိုက်နှင့် ပြောပြတတ်သော ဘွားဘွား၏ လေသံတွင် လွမ်းရိပ်ကဲသဖြင့် လိုက်မောသံများကို တစ်ခါတစ်လေ ခံစားမိသည်။ "ပြီးခဲ့ပါပြီလေ... ပြီးခဲ့ပါပြီ" ကုန်လွန်ခဲ့သော ရက်လနှစ်များ အပေါ် သည်လိုလည်း သူ့မှာ မချိတင်ကဲ ရေရွတ်တတ်သေးသည်။

ကျွန်မတို့အဖို့မူ အဘွား၏ ရင်ငွေ့ကို လှုံရသည့်အခိုက်တွင် မန္တလေး၏ မီးပျက်ခြင်းကိုလည်း မေ့၏။ ခြင်အန္တရာယ်ကိုလည်း ဂရုမမူမိတော့၊ နွေအပူ ကိုလည်း ပူသည် မထင်တော့။ အဆုံးတွင် ဘွားဘွား၏ "အို့... အို့...အေး... အေး... အို့အို့....အေး... အေး" ဟူသော ချော့မြူသံအကြားတွင် မျက်တောင်များ ငိုက်စင်းကုန်လေသည်။

ခဏအကြာတွင် ဆိုင်ပိတ်ချိန်လည်း ရောက်ပြီမို့ မေမေက ကျွန်မကို ပြန်လာခေါ်တတ်သည်။ မေမေ လာခေါ်တာကို အိပ်ချင်မူးတူးနှင့် သိနေသည့်တိုင်အောင် မျက်လုံးမဖွင့်ဘဲ မေမေ့ အချီအပေ့ နောက်မှာ အလိုက်သင့် ပါသွားခဲ့သည်။

လူ့ဘဝတွင် အကောင်းအမွန် ထိပ်တန်းတွေကိုချည်း ကြုံတွေ့ နေရမှ အမှတ်တရ ရှိတတ်သည် မဟုတ်ကြောင်း အဆိုကို လျှပ်စစ်မီးမဲ့သော နွေညများကို ပြန်တွေးမိလေတိုင်း လှိုက်လှိုက်လှဲလှဲ ထောက်ခံမိပါသည်။

❑

(၅)

မီးမီးလေးရဲ့ မေမေ့ကျောင်း

အလွမ်းသည် ရာသီနှင့်လည်း ဆက်စပ်သည်။ ရနံ့နှင့်လည်း ဆက်စပ်သည်။ သီချင်းသံနှင့်လည်း အဆက်အစပ် ရှိနိုင်သည်။ ဝန်းကျင်နှင့် အခြေအနေ တို့လည်း လွမ်းတစိတ်ကို ချော့မြှူနိုင်လေသည်။ "အလွမ်း" ဟူသော ခေါင်းစဉ်ကို ဦးတည်မိခိုက်တွင် မျက်ကြည်လွှာကို စေ့ပိတ်လိုက်သည်။ နှာသီးဖျားတွင် သန့်စင်နူးမြည့်သော မြေသင်းနံ့ကို ခံစားမိသည်။ မိုးဦးလေဦး၏ အေးမြကြည်စင်သော အငွေ့အသက်သည် အနားသို့ တစ်မုဟုတ်ချင်း ရောက်လာသလို ကျွန်မကိုယ်ကို လွမ်းခြုံလျက်။ ထိုစဉ်အခါတွင် အာရုံကို တစ်ဖန်နှိုးသည့် အဖြူနှင့် အစိမ်း အရောင်တို့သည် အတိတ်ကြေးမုံပြင်ဝယ် တဖျပ်ဖျပ် လွင့်နေလေ၏။

ထိုအချိန်သည် ကျောင်းဖွင့်ချိန် ဖြစ်၏။

ကျွန်မဘဝတွင် ဘွားအေ၏ လက်ကို အားကိုးတကြီး ဆုပ်ကိုင်မိသည့် အမှတ်ရဆုံး အဖြစ်အပျက်မှာ ပထမဆုံး ကျောင်းစတက်ရသည့် နေ့တွင် ဖြစ်သည်။ ဘွားဘွားသည် မမ၏ လွယ်အိတ်ကို လွယ်လျက် (ကျွန်မကတော့ ကိုယ့်လွယ်အိတ် ကိုယ်လွယ်ရပါသည်) မြေးနှစ်ယောက်ကို လက်တစ်ဖက် တစ်ချက်က ဆွဲကာ ကျောင်းပို့လေသည်။ ဟုတ်မှန်ရာကို ဝန်ခံရလျှင် ထိုစဉ်က ကျွန်မ ကြောက်နေမိသည်။ ကျောင်းကြီးကို မသွားရသေးခင်ကတော့ ကျောင်းသွားရမည့်နေ့ကို မျှော်ပြီး ပျော်ခဲ့ရသည်။ တကယ်တမ်း ကျောင်းသွားရတော့ ထိုအပျော်တို့သည်လည်း ကျောင်းဝင်းနှင့် ခြေတစ်လှမ်းစာ နီးလာလေ တတိတိနှင့် ကျပျောက်ကုန်လေ ဖြစ်သည်။

ကျောင်းမနေရသေးခင်ကတော့ ကျွန်မထက် တစ်နှစ်နှင့် ရှစ်လ ကြီးသော မမ ကျောင်းသွားလျှင် သူ ကျောင်းပြန်ချိန်ကို မျှော်ရဖူးသည်။ သူ ပြန်လာလျှင် သူ ရွတ်ပြသည့် ကဗျာများကို နားထောင်ပြီး အမူအရာနှင့် လိုက်ဆိုရသည်။

"မီးငယ်က ဉာဏ်ကောင်းတယ်... သမီး သင်ပေးလိုက်ရင် ချက်ချင်းရတယ် မေမေ"

သည်လိုများ ချီးကျူးခံရလျှင် လူက မြှောက်ကြွမြှောက်ကြွ ဖြစ်ချင်သည်။ ကြာတော့ မမ ကျောင်းဆင်းချိန်တိုင်းကို မျှော်သည့် အကျင့်ရ လာသည်။ နာရီလည်း မကြည့်တတ်သေးသူမို့ ... တွေ့ရာ လူကြီးတိုင်းကို သုံးနာရီ ထိုးပြီလားဟု မေးတတ်သည်။ နေ့လယ် သုံးနာရီဆိုလျှင် ကျောင်း လွှတ်တတ်သည်ကိုး။

တကယ်တမ်း ကျောင်းစတက်ရသည့်နေ့ကျတော့လည်း နေ့လယ် သုံးနာရီကို မျှော်ရသည်ပင်။ ဘွားဘွားက ကျွန်မ အတန်းရှိရာ (စီ) ခန်းသို့ ပို့ပေးသည်။ ရှေ့ဆုံးခုံတွင် သားသည်မအေများ ကိုယ်စီကိုယ်င ဦးထား ကြသည်။ အစဦးဆုံးနေ့မို့ လိုက်ပို့သည့် မိဘများနှင့် ကလေးများ၊ ဆရာများ အခန်းကျဉ်းလေးထဲတွင် ပွတ်ခတ်နေလေသည်။ ဘွားဘွားမှာ ကျွန်မ နေရာ ရရေးအတွက် ခုံလိုက်ရှာပေးသည်။ နောက်ဆုံးခုံသာ ရတော့သည်။ သူ့ခမျာ ကျွန်မ

ခံရရေးအတွက် လုံးပန်းနေရသော်လည်း ကျွန်မကမူ “သုံးနာရီထိုးဖို့ အကြာကြီး စောင့်ရဦးမှာလားဟင်” ဟုသာ တတွတ်တွတ် မေးမိသည်။

“အေး... ကြာဦးမှာ... နေ့လယ် ထမင်းစားဆင်းချိန်ကျရင် လာကြိုမယ်လေ... ညည်းအစ်မက ညည်းကို ဒီမှာ လာခေါ်လိမ့်မယ်... မမ လာမခေါ် မချင်း ဘယ်မှမသွားရဘူးနော်... ညီအစ်မနှစ်ယောက် အတူတူ ထွက်လာကြ... ငါ ကျောင်းရှေ့မှာ စောင့်နေမယ်”

ဘွားဘွားသည် ပြောပြောဆိုဆို သူ့ချွေးခံအိတ်ထဲကနေ ငါးမူးတစ်စေ့ ထုတ်ပေးသည်။ မုန့်ဖိုးတဲ့။ ကျွန်မမှာ ထိုမူးစေ့ကို ကြည့်လိုက်၊ အတန်းထဲကို ပြန်ကြည့်လိုက်နှင့် လှိုက်လှိုက်ပြီး ဝမ်းနည်းလာသည်။ မကြာပါ။ ကျောင်းတက်ခါနီးချိန်တွင် မေမေ ရောက်လာပြန်သည်။ ဘဝတစ်သက်တာတွင် မိခင် ဆိုသည်ကို ယခုမှပင် ပထမဆုံး မြင်တွေ့ဖူးရသည်မို့ ဝမ်းသာရ သလိုမျိုးကို လှိုက်လှိုက်လှဲလှဲ ရှိခဲ့သည်။ မေမေ့လက်ကို တင်းတင်းဆုပ်မိသည်။ အိမ်မှာဆိုလျှင် ခုနစ်အိမ်ကြား အော်ငိုတတ်သူက ကျောင်းဝင်းတွင် ရှိုက်သံသဲ့သဲ့မျှသာ ထွက်နိုင်သည်။ မငိုပံ့၊ အသံတောင် ရဲရဲ မထွက်ပံ့။

“မငိုရဘူးလေ သမီး... နော်.. လိမ္မာတယ်... သမီးအတွက် မေမေက ကွန်ပါဘူး လာပေးတာ”

ဒေါင်းရုပ်လေး ပါသော သံကွန်ပါဘူးလေး ဖြစ်သည်။ တရုတ်ပန်းချီ ကားများထဲတွင် မြင်နေကျပုံစံကဲ့သို့ မြင့်ယံစွန်းသည့် စိမ်းညို့ပြီး မြူခိုးတွေ ဝေနေပါသည်။ ထိုတောအုပ်အလယ်မှာမှ ဥဒေါင်းသည် လည်ကို ကြော့ကြော့ မော့လျက် ဟန်ချီထားပါသည်။ ကွန်ပါဘူးကို မြင်သည့်အခိုက် တစ်ခဏတော့ အာရုံပြောင်းသွားသော်လည်း မြဲမြဲဆွဲကိုင်ထားသော မေမေ့လက်ကိုမူ မလွှတ်မိ။

“ကျောင်းတက်တော့မယ် သမီးရဲ့ .... မငိုရဘူးနော်... ဆိုင်ကို ဒီအတိုင်း ပစ်ထားခဲ့ရတာ... မေမေ သွားတော့မယ်... မငိုရဘူးနော်”

မေမေသည် “မငိုရဘူးနော်” ဆိုသည့် စကားကို ထပ်တလဲလဲ မှာရင်း နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ကျောင်းဝင်းကနေ ခွာလေသည်။ မေမေ၏ နောက်ကျောပြင်ကို ကြည့်ရင်း မိခင်ကို တစ်သက်လုံး ပြန်မတွေ့ရတော့ မှာလိုပင် တအီအီ ဝမ်းနည်းမိသည်။ ပထမဆုံး ကျောင်းစတက်ရသည့်နေ့သည် ကျွန်မငယ်ဘဝတွင် အသံအတိတ်ဆုံးနေ့ ဖြစ်လိမ့်မည် ထင်သည်။

“နာမည် ဘယ်လိုခေါ်လဲ”

ဆရာမ အမေးကို ဖြေဖို့ရာ ကျွန်မမှာ အာစေးမိနေသလို နှုတ်ကို ဟဖို့ပင် ခဲယဉ်းနေခဲ့သည်။ အသံတို့သည် မဟာအဝီစိသို့ နစ်ဝင်ကုန်ပြီလား မသိ။

“ဆရာမက နင့် နာမည်ကို မေးနေတာ... ငါ့ နာမည်က လှဲ့ဝါအေး”

ဘေးက သူငယ်ချင်းက ကျွန်မဘက်ကို လှည့်ပြီး ရှင်းပြသည်။ သူက ၈၈ အရေးအခင်းဖြစ်သဖြင့် ကျောင်းတွေ ပိတ်ကုန်၍ သည်တစ်ခေါက် သူငယ်တန်းက သူ့အဖို့ ဒုတိယမြောက်အတန်း။ သည်တော့ သူက ကျွန်မထက် လူရည်လည်သည်။

"ငါ့နာမည်လည်း လှဲ့ဝါအေးပဲ"

သူငယ်ချင်းကို ကျွန်မ ပြန်ပြောလိုက်တဲ့ အသံ ဆရာမ ကြားသွားသည်။

"နှစ်ယောက်စလုံး လှဲ့ဝါအေး ဖြစ်လို့ မရဘူးလေ၊ ကဲ...ထားတော့ ထားတော့..."

လှဲ့ဝါအေးက ကျွန်မဘက်သို့ လှည့်ပြီး မျက်စောင်းထိုးသည်။ "ငတုံးမ" ဟုလည်း မကြားတကြား ပြောသည်။ ပုံမှန်ဆိုလျှင် စွာကျယ်ကျယ်နိုင်လှ သော်လည်း ထိုတစ်ခါက်တွင် ကျွန်မမှာ ခွန်းတုံ့မပြန်နိုင်ချေ။ အလိုလို နေရင်းသာ ငိုချင်နေမိသည်။ နောက်တော့မှသာ လှဲ့ဝါအေးသည် ကျွန်မ၏ အရင်းနှီးဆုံး ငယ်ပေါင်းဖော်တစ်ဦး ဖြစ်လာခဲ့ပါသည်။

ကျွန်မမှာ ကျောင်းမှာတင် အသံတိတ်သည် မဟုတ်၊ အဲသည်နေ့က အိမ်မှာလည်း ငြိမ်ကုတ်နေခဲ့သည်။ ဘဘက မြေးဖြစ်သူကို "အလကားပါဟာ… အိမ်မှာပဲ ကျယ်တဲ့ အိမ်ကျယ်မပါ" ဆိုပြီး မခံချင်အောင် စနောက်သည်ကိုပင် မကြားဟန်ပြုခဲ့သည်။ တကယ်တော့ ရှေ့တိုးမယ့် ဆင်က နောက်တစ်လှမ်း ဆုတ်တာရယ်ပါ။ ကျွန်မ၏ ပညာခန်းက နောက်တစ်ရက်ကျမှ အစွမ်းပြလေ သည်ကိုး။

ကျောင်းဖွင့်ရက် ဒုတိယနေ့ကစပြီး ကျောင်းသွားခါနီးတိုင်း အိမ်တွင် ငိုချင်းချ ပွဲကြီး ဆင်နွှဲပါသည်။ ပုံမှန်ဆိုလျှင် ဘွားဘွားက မြေးတွေကို မနက်စာ ကျွေးပြီး ကျောင်းပို့၊ ကျောင်းကြို တာဝန်ယူရသည်။ ကျွန်မက ဘယ်လို နှိုးနှိုး မကြားဟန်ဆောင်ပြီး ပေကတ်အိပ်တတ်သဖြင့် မမကို ကျောင်းအရင် ပို့ရပါသည်။ နောက်တော့ တမင်သက်သက် ကျွန်မ လူလည်ကျနေတာကို မေမေ ရိပ်မိပြီး အိပ်ရာပေါ်ကနေ ဆွဲထူပါသည်။ ဇွတ်ပေအိပ်လျှင်တော့ ကြိမ်စာ အကျွေးခံရသည်။

ကျွန်မ၏ ငိုချင်းချပွဲမှာ မျက်နှာသစ်၊ သွားတိုက်ကတည်းက အစ ပြုသည်။ တဟီးဟီး ငိုကာ သွားကို မပြီးစတမ်း တိုက်နေသဖြင့် မေမေ ကျွန်မကို စိတ်မရှည်နိုင်တော့။ သူကိုယ်တိုင် ဝင်ပြီး ဆိုးဆိုးဆတ်ဆတ် မျက်နှာ ဝင်သစ်ပေးသည့် အခါမျိုးလည်း ရှိသည်။ ပြီးလျှင် ကောက်ညှင်းပေါင်းနှင့် အကြော်ကို ဇွတ်ကျွေး၏။

"အေး...မစားလို့ကတော့ ငတ်မယ်နော်"

မေမေ့ ရာဇသံကြောင့် ကျွန်မသည် မျက်ရည်မကျဘဲ တဟီးဟီး ငိုချင်ယောင်ဆောင်လျက်က ကျွေးသမျှကို ကြောက်ကြောက်နှင့် အမြန် သွတ်ရသည်။ ပြီးလျှင် ပျစ်နေအောင် သွေးပေးထားသည့် သနပ်ခါးတွေကို မေမေက လက်ညှိုးနှင့် ကော်ကာ ကျွန်မ မျက်နှာပေါ်သို့ တင်ပြီးနောက် လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်းပွတ်ပြီး ပါးကွက်ကြီးကြီး ကွက်ပေးသည်။ ပဲကြီးအိုးမှောက် သနပ်ခါးလိမ်းပေးသည် ဆိုသည့်ပုံမျိုး အမှန်ဖြစ်သည်။ နှုတ်ခမ်းတွေရော၊ မျက်ခုံးတွေနေရာပါ မကျန် သနပ်ခါးများ ဖွေးနေသည်။ ဟနေသော မျက်လုံးနှစ်ပေါက်မှာတော့ ကျလုကျခင် မျက်ရည်တို့က ဝေ့သီ ဝေ့သီနှင့်။

သည့်နောက်မှာတော့ ဘွားဘွားဆီသို့ သွားရပါသည်။ ဘွားဘွားက ခရေပန်းခြောက်များ စိမ်ထားသည့် အုန်းဆီကို ကျွန်မ ဦးရေပြားပေါ်

လိမ်းပေးပါသည်။

"ဗုဒ္ဓသရဏံ ဂစ္ဆာမိ... ဓမ္မံသရဏံ ဂစ္ဆာမိ... သံဃံသရဏံဂစ္ဆာမိ... ကျန်းမာပါစေ... ဘေးကင်းပါစေ... ကိုင်း... သွားတော့အေ..."

ဆိုသည်က မြေးတွေကို အုန်းဆီလူးပေးတိုင်း ဘွားဘွား ဆုတောင်းပေးသည့် စကား။ အဘွားဆီကနေ အုန်းဆီလိမ်းပြီး ဆုတောင်းသံ ကြားရပြီဆိုသည့်အချိန်ကစပြီး တာစူနေသည့် ကျွန်မ၏ မျက်ရည်တို့မှာ ပိုးပိုးပေါက်ပေါက် တိုးလျှိုပေါက် ကျတော့သည်။

"ဒီကောင်မလေးဟာလေ... မသိရင်... ကျောင်းသွားမယ့်ဟာ သူ့ကို သေရွာပို့တဲ့အတိုင်း... ငါက သရဏဂုံ တင်ပေးလိုက်လို့ သူ့မှာငိုရ သလိုပဲ"

ဘွားဘွား ဘယ်လိုပြောပြော ကျွန်မကတော့ ငိုသည်။ အုန်းဆီလူးပြီး နောက် မေမေက "ကဲ... လာခဲ့... မြန်မြန်" ဟုဆိုကာ ဆောင့်ဆွဲခေါ် လိုက်သည့် အချိန်တွင် ကျွန်မ၏ ငိုချင်းက အထွတ်အထိပ်သို့ ရောက်လေသည်။ ဈေးဆိုင်ခန်း အလယ်က သစ်သားတိုင်ကို အားကုန် ဖက်ထားကာ "မသွားဘူး... မသွားဘူး" ဆိုပြီး တစ်လမ်းလုံး ကြားအောင် အော်ငိုသည်။ အမေက ဖွတ်ဆွဲ၊ သမီးက မြေပြင်ပေါ် လူးလိမ့်၊ တရွတ်တိုက်ပါသွားနှင့် အတော်ရုပ်ပျက်လှသည်။

ကျောင်းသို့ ရောက်လျှင် သနပ်ခါး တစ်ဖက်မှာ ပျက်နှင့်ပြီ။ အတန်း ထဲတွင် ဆရာမရှေ့မို့ အသံမထွက်ဝံ့သော်လည်း ငိုကြွေရှည်လိုက်ပုံက မုန့်စားဆင်းချိန်အထိ ရှိုက်ရှိုက်နေဆဲ။ အနားက သူငယ်ချင်းတွေက မနေသာ၍ သူတို့မှာ ပါသည့် မုန့်တွေ ထုတ်ကျွေးလျှင်တောင် ကျွန်မက စားလည်း စား၊ ငိုလည်းငို ဆိုသည့်အထဲမို့ အငိုမပျက်ဘဲ စားနိုင်သည်။

"သူ့ ကျောင်းပို့ရတာကလည်း ဝက်သတ်ရတဲ့အတိုင်းပဲ...မောလိုက်တာ"

အမေနှင့် အဘွား ဘယ်လိုညည်းညည်း ကျွန်မကတော့ သမိုင်း အပျက် မခံခဲ့ပါချေ။

"ငါ့မြေးရယ်...ညည်း နေ့တိုင်း ငိုရတာ မမောဘူးလား"

ဘဘက တစ်ခါတစ်ရံ ထိုသို့ မေးတတ်သည့်အပြင် "တစ်ရက်တလေ... ကျောင်းလွတ်မနေပါနဲ့ဟယ်" ဟုလည်း ကျွန်မဘက်က စစ်ကူ တတ်သေးသည်။ ကျွန်မ ငိုသည့်အကျင့်က အတော်လေးကြာမှ ပျောက်သည်။ ဒါကလည်း အတန်းထဲက လူတွေ အရယ်ခံရလို့ရယ်ပါ။

ထိုနေ့က ဆရာမက ကျွန်မကို စာဖတ်ပြခိုင်းသည်။ မျက်ရည် စက်လက်နှင့် ငိုရှိုက်လျက်ကြားက "ညအခါ .. ဟီးဟီးဟီး.. လသာသာ ဟီးဟီး.. ကစားမလား..ဟီးဟီး" တဟီးဟီးနှင့် ထိုသို့ ရှိုက်နေသဖြင့် တစ်တန်းလုံးက သဘောကျပြီး ရယ်ကြသည်။ ထိုကတည်းက ကျွန်မမှာ ချက်ချင်း မျက်ရည်သုတ်ပြီး မည်သည့်အခါမှ ထပ်မငိုတော့ပေ။

ကျွန်မ ငိုတိုင်း စနောက်လေ့ရှိသည့် လူတွေကို ကလေးစိတ်နှင့် ထိုစဉ်က အလွန်မျက်မုန်းကျိုးခဲ့ဖူးသည်။ ထိုအထဲတွင် အိမ်နီးချင်း ဘိုးတိမ်ညွန့်လည်း ပါသည်။

ကျွန်မကို တွေ့တိုင်း သူက မကြားတကြား နောက်တတ်သည်။

"ဟိုနေ့က ဘယ်အိမ်က အလှူလဲ မသိပါဘူးကွာ… မြောတီးသံ ကြားရတယ်ဟေ့"

"မြောကလည်း နာမည်ကြီး မြောထင်ပါရဲ့… ဆိုပြော ငိုပြောလေးနဲ့ဟ"

အစက ဘိုးတိမ်ညွှန့် ပြောတာကို ကျွန်မ သဘောမပေါက်ပေမယ့် ဘွားဘွားက မဲ့ရွဲ့ပြီး ရှင်းပြသည်။

"အဲဒါ ညည်းကြောင့်၊ ကြည့်ပါလား… ဘေးအိမ်တွေကတောင် ပြောကုန်ပြီ… ကိုယ် အရိုက်ခံရတာကို လူသိအောင် ငိုရတယ်လို့ အံ့ပါ့"

သည်လိုနှင့် ကျွန်မမှာ ဘိုးတိမ်ညွှန့်ကို အလွန်အမြင်ကတ်သည်။ သူပြောပြော၊ မပြောပြော သူ့ကို မြင်သည်နှင့် ကျွန်မက မျက်စောင်းထိုး၊ နှုတ်ခမ်းစူပြီး မျက်နှာလွှဲပစ်တတ်သည်။ သူကလည်း ကျွန်မကို စလို့ ကောင်းသည့် ကလေးဟု ထင်ဟန်ရှိသည်။ တွေ့တိုင်း တစ်ခုမဟုတ် တစ်ခု ကလိတတ်လေသည်။ ဒါကို ကျွန်မက စွဲနေအောင် မှတ်ထားတတ်သည်။ နောင်များမှာတော့ ကျွန်မကို ဆူသူ၊ ရိုက်သူ၊ မခံချင်အောင် စနောက်သူ အပေါင်းကို ပညာပေးလို့ ရမည့်နည်းကို တွေ့ခဲ့သည်။

သည့်နောက်တွင် အရိုက်ခံရလျှင် ကျွန်မ မငိုတော့ပေ။ အိပ်ခန်း ထဲသို့ ပြေးဝင်ကာ တံခါးကို အထဲကနေ ချက်ထိုး၍ မကျေနပ်သမျှ ထိုင်အော် တတ်သည်။

""ဒေါ်တင်ညွှန့် သူများသားသမီး နှုတ်ခမ်းနီဆိုးတာကို မြန်မြန်ယောက်ျားရမယ် ပြောတာ… သူကျတော့ ၁၇ နှစ်နဲ့ ယောက်ျား ယူပြီး ကလေး ခြောက်ယောက်တောင်…မွေးပြီးတော့ … ညည့ကျတော့ ဘော်လီလည်း ဝတ်မအိပ်ဘူး… မဘီး .. (မေမေ့နာမည်ပါ)… ရိုက်တယ် နော်… အဲလို ရိုက်လို့ … မနက်ဖြန်ကျရင် ဈေးရောင်းမကောင်းပါစေနဲ့ .. ဟိုဘက်အိမ်က … ဘိုးတိမ်ညွှန့် … သူများ သားသမီး အရိုက်ခံရတိုင်း ဝမ်းသာမနေနဲ့… ခင်ဗျားသမီးတွေ ဒေါ်နုမေဆီက အကြွေးဝတ်ပြီး ကြွားကြွားနေတာ တစ်ရပ်ကွက်လုံး သိတယ်" စသည်ဖြင့် အော်တတ်သည်။

လူကြီးများက "တံခါးဖွင့်စမ်း" ပြောလည်း လုံးဝမဖွင့်ပေးတတ်၊ လက်နက် မချတတ်ပေ။ သည်ယုန်ကို မြင်ပြီး သည်ချုံကို ထွင်ခဲ့သူမို့ ကျွန်မမှာ လက်နက်အပြည့်အစုံကို အစောကြီးကတည်းက စုဆောင်း ထားပြီးသား။ မေမေ့ ဈေးဆိုင်ခန်းထဲကနေ စားစရာ၊ သောက်စရာတွေကို တိတ်တိတ်ယူထားပြီး အိပ်ခန်းထဲမှာ ဝှက်ထားနှင့်ပြီးပြီ။ စားလိုက်၊ သောက်လိုက်၊ အော်ပြောလိုက်နှင့်။ ခဏနေ တစ်ရေး အိပ်ပျော်သွားလိုက်၊ နိုးလာလျှင် လမ်းထိပ် အအေးဆိုင်ကနေ ပျံ့လွင့်လာသည့် ဟေမာနေဝင်းသီချင်းကို လိုက်ဆိုလိုက်နှင့် … အတော်လေး ဟန်ကျနေသည်။ သတိရလျှင် အဘွား၊ အမေနှင့် ဘိုးတိမ်ညွှန့်ကို အစကနေ ပြန်ကောက်ပြီး ရာဇဝင်ဖော်ပြန်သည်။ ဘဘကတော့ အခန်းအပြင်ကနေပြီး တဟားဟား ရယ်နေတတ်ပေမယ့် ဘွားဘွားကတော့ ကြိတ်မနိုင်ခဲမရ ဖြစ်နေတတ်သည်။

"အော့ကြောလန်မ ပါတော်… အော်ဝမ်းကျမနယ်"

မေမေကလည်း တစ်ခါတလေတော့ စိတ်ပျက်လက်ပျက် ညည်းသည်။

"ရိုက်တော့လည်း ရိုက်တယ် ဖြစ်တယ်… ဆိုးလိုက်တာလည်း လွန်ရော …"

"အေး… နောက်တစ်ခါ ပြောစကား နားမထောင်လို့ကတော့ နော်… သူများကို ပေးပစ်လိုက်တော့မှာ … ဒီအိမ်မှာ မထားဘူး"

သည်လိုပြောလျှင်တော့ တစိမ့်စိမ့် ဝမ်းနည်းမိသည်။ အသံမထွက်ဘဲ မျက်ရည်ပေါက်ပေါက် ကျတတ်သည်။

"မျက်လုံးထဲမှာ မျက်ရည်တွေ တဖြည်းဖြည်း တအိအိ ပြည့်လာပြီး တစ်ပေါက်ချင်း တလိမ့်လိမ့်ကျတာ.. သူက မင်းသမီးလေ… မင်းသမီး"

မေမေက ကျွန်မကို မချော့သည့်အပြင် ဆိုင်မှာ ဈေးလာဝယ်သည့် သူတွေကို ကျွန်မအကြောင်း ဟာသလုပ်ပြောတတ်သေးသည်။

သည်လို အခါဆိုလျှင်တော့ "မို့မို့မြင့်အောင် မျက်ရည်တစ်ဖက်ပဲ ကျပြီး ငိုတာက ငါနဲ့တူလား မသိဘူး" ဆိုသည့် ပေါက်ပေါက်ရှာရှာ အတွေး မျိုးလည်း ရှိခဲ့ဖူးသေးသည်။ လုလုပပ ငိုရန် မည်သို့ပင် စိတ်ကူးထားပါစေ၊ အကြောင်းကြုံလာတိုင်း မြေပေါ်လူးလိမ့် အာခေါင်ခြစ်ငိုတတ်သည့် အကျင့်၊ တစ်နေကုန် တအီအီ ဆွဲပြီး အခန်းဆက်လို အပိုင်းခွဲကာ ငိုတတ်သည့် အကျင့်မှာ မပျောက်ပါ။ လူကြီးတွေကလည်း ကျွန်မကိုဆိုလျှင် အလွန် စ ချင်ကြသည်။ တစ်ခါတလေ ကျွန်မမှာ ငိုရင်း မောလာသဖြင့် ရေသောက်ပြီး မုန့်ထိုင်စားကာ တစ်ထောက်နားနေလျှင်တောင်မှ "ဟ… ငိုတာ ပြီးသွားပြီလား" ဆိုသည့် အပြောမျိုးဖြင့် သတိရအောင် လာဆွပေးကြသဖြင့် စိတ်တိုတိုနှင့် ဆက်ငိုပေးရပြန်ပါသည်။

⁜

ကျောင်းမှာ အသားကျလာသည့် နောက်ပိုင်းမှာတော့ ငိုသံစဲလာလေသည်။ အိမ်မှာ ကစားချိန် နည်းလာသဖြင့် မိခင်ကြီး၏ အထုအထောင်း၊ အဆွဲအလိမ် ခံရခြင်းမှလည်း နည်းနည်းကင်းလွတ်လာ၏။ စနေ၊ တနင်္ဂနွေနေ့များတွင် ငိုခြင်းထက် တီဗွီကို ငြိမ်ငြိမ်ဆိမ်ဆိမ် ကြည့်တာက ပိုများလာသည်။ စနေနေ့ နေ့လယ်ခင်းဆိုလျှင် မြန်မာ့ရုပ်မြင်သံကြားက လွှင့်သည့် Telematch ကို အလွန်ကြိုက်ပါသည်။ အပ်ကျမပ်ကျ နားမလည်သော်လည်း အရုပ်ကြီးတွေ တလှုပ်လှုပ်နှင့် ပုံရိပ်များက ကျွန်မအဖို့ အလွန်ဆွဲဆောင်မှု ရှိခဲ့သည်။ တနင်္ဂနွေနေ့လယ်တွင် ပြသည့် အဖြူ အမည်း ရုပ်ရှင်ဇာတ်ကားများကိုလည်း ငြိမ်ငြိမ်လေး ထိုင်ကြည့်တတ်လာသည်။ ပြီးလျှင်တော့ ရုပ်ရှင်ထဲက မင်းသား၊ မင်းသမီး သရုပ်ဆောင်သလို လိုက်လုပ်ကြသည်။

ကျွန်မဘဝတွင် ရုပ်ရှင်ထဲကလို လိုက်လုပ်သဖြင့် မှတ်မှတ်ရရ နှစ်ခါ အရိုက်ခံရဖူးသည်။ ပထမတစ်ခါက မင်းသား ဇော်ဝမ်း၏ "သူ့ရဲ့ကောင်းလေးများ" ဇာတ်ကားကို ကြည့်ပြီး ရုပ်ရှင်ထဲမှာ ဇော်ဝမ်း လေထီးစီးပြီး ခုန်ချသလို ကျွန်မလည်း အဖေ့ပုဆိုးဟောင်းကို စူပါမင်း ဝတ်ရုံလို လုပ်ကာ လည်ပင်းမှာ သိုင်းချည်၍ အိမ်လှေကားတစ်ဝက်ကနေ ခုန်ချလို့ပါ။

ဒုတိယတစ်ခါက မင်းသားညွှန့်ဝင်းနှင့် မင်းသမီးနွဲ့နွဲ့မူတို့၏ "ချစ်တတ်လာသော နှလုံးသား" ဇာတ်ကားနှင့် ပတ်သက်သည်။ အဲသည် ဇာတ်ကားထဲမှာ မင်းသားကြီး ဦးညွှန့်ဝင်းက မျက်စိအလင်း ကွယ်သူ၊ မင်းသမီးကတော့ သူ့ကို ပြုစုစောင့်ရှောက်သူပေါ့။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာ ရုပ်ရှင်လည်း ပြီးရော မျက်မမြင်တွေ ဖြစ်ကုန်ကြတော့သည်။ မမကလည်း နံရံကို တစမ်းစမ်း လုပ်ပြီး "ညီမလေးရေ... ညီမလေး... နင် ဘယ်မှာလဲ" ဆိုပြီး သရုပ်ဆောင်သည်။ ကျွန်မကလည်း မခေပါ။ ခေါင်းတမော့မော့လုပ်ပြီး မည်သည့်အရာကိုမျှ မမြင်ရတော့ စမ်းကာ စမ်းကာနှင့် "မမ... မမ ငါ နင့်ကို မမြင်ရတော့ဘူး" ဆိုပြီး ပြန်ဆောင်သည်။ သည်လို မျက်စိ မမြင်တမ်း ကစားကြသည်ကို ဘွားဘွား သိတော့ မလုပ် ကောင်းတာ လုပ်ရမလား ဆိုသည့် စွဲချက်နှင့် ဒဏ်ပေးခံရပါသည်။

သို့ပေမဲ့ ကျွန်မတို့ ပျော်ခဲ့ပါသည်။ အဆုံးအစမဲ့ လွတ်လပ်ခြင်းကို ပိုင်ဆိုင်ခဲ့ရ၏။ ညတိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရသည်။ အရုဏ်ဦးကို ကြည်ကြည်လင်လင် နှုတ်ခွန်းဆက်နိုင်ခဲ့သည်။ ရခဲ့ဖူးသော ကြိမ်ဒဏ်သည် အသားစိုင်အပေါ်တွင်သာ ရက်ပိုင်းမျှ ထင်ကျန်ခဲ့ပါသည်။ ကျခဲ့ရသော မျက်ရည်သည် သောကမစွက်သဖြင့် အလျင်အမြန် ခြောက်သွေ့ခဲ့သည်။ ရယ်တစ်ခါ ငိုတစ်လှည့် ကုန်ဆုံးခဲ့သော နေ့ရက်များဟု ဆိုသော်ငြား ဝင်လေ ထွက်လေ ချောင်ချိသော ကာလများမို့ ရယ်သံတွင်လည်းကောင်း၊ ငိုသံတွင်လည်းကောင်း အလှည့်အဖြား ကင်းခဲ့ပါသည်။

ငြိမ်းချမ်းသော မြို့ပြတွင် ကြီးပြင်းရသူမို့ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် လှိုင်းလေမငြိမ်သည့် နိုင်ငံရေးအလှုပ်အခတ်များချိန်တွင်တောင် ကျွန်မတို့ ကလေးတစ်သိုက်က စစ်ပွဲ ဆိုသည်ကို ကစားနည်းတစ်ခုထက် ပိုပြီး မမြင်တတ်ခဲ့ချေ။ ဘဘ၏ ရေဒီယိုသတင်းတွေ၊ လူကြီးချင်း ပြောနေကြသည့် စကားတွေကို နားစွန်နားဖျား ကြားပြီး ကျွန်မတို့မှာ မြောင်းဆန်အောင် စစ်တိုက်တမ်း ဆော့ကြသည်။ အင်္ဂလိပ်နှင့် ဂျပန်၊ ကေအန်ယူနှင့် ဗကပ၊ မဆလနှင့် ရောင်စုံသူပုန် စသည်ဖြင့် နှစ်ယောက်တစ်တွဲ စိတ်ကူးတည့်ရာ နာမည်မှတ်ပြီး ခေါင်းသူကြီးနှစ်ဦးက သူတို့ကြိုက်ရာလူကို ရွေးကြရသည်။ တစ်ခါတလေ ဂျပန်ရယ်၊ ဗကပရယ်၊ မဆလရယ်က တစ်ဖွဲ့၊ အင်္ဂလိပ်၊ ကေအန်ယူနှင့် ရောင်စုံသူပုန်တို့က တစ်ဖွဲ့ ဆိုပြီး နှစ်ဖွဲ့ခွဲကာ ကစားကြသည့် အခါမျိုးလည်း ရှိသည်။ ပြင်ပမှာ မည်သို့ပင် ကွဲကြကွဲကြ၊ ကျွန်မတို့ ကစား ကြလျှင်တော့ ညွန့်ပေါင်းတပ်တွေ ဖြစ်ကုန်ကြသည်း

"စစ်ဖြစ်တယ် ဆိုတာများ... ညည်းတို့တစ်တွေက ပျော်စရာမှတ်နေလား... တောင်မင်းကို ရှိခိုးရမလား၊ မြောက်မင်းကို ရှိခိုးရမလား မသိနိုင်ဘူး.. ဘယ်သူ့ကို ဖအေ ခေါ်ရမှန်းမသိ ကြောက်နေရတာ"

သည်လိုနှင့် ဘွားဘွား၏ စစ်ပြေး အတွေ့အကြုံများသည် ကျွန်မတို့ အတွက် အိပ်ရာဝင်ပုံပြင် ဖြစ်ခဲ့ရဖူးသည်။ အင်္ဂလိပ်ခေတ်က ဘယ်လို၊ ဂျပန်ခေတ်က ဘယ်လို၊ ဘဘတောခိုတုန်းက တောထဲကို ဘွားဘွားလိုက်သွားတုန်းက ဘယ်လိုဘယ်ပုံဆိုပြီး ဘွားဘွားက ထွေထွေရာရာ ပြန်ပြောင်း ပြောပြတိုင်း ကျွန်မမှာတော့ အိမ်မှာ ဖုံးခိုကျင်းတူးဖို့ကိုချည်း စိတ်စွဲနေတော့သည်။

သည့်အပြင် ကိုယ့်ကိုယ်ကိုယ်လည်း ဂျပန်ခေတ်ကို နာမည်ပြောင်း ထားသည့် ခေတ်မှာ နေထိုင်နေရဆဲဟု ထင်နေသည်။ သည်လောက်အထိ

ဂျပန်ခေတ် ကာလဆိုးက ကျွန်မအတွေးကို လွှမ်းမိုးနိုင်စွမ်း ရှိသည်။ ဘွားဘွားတို့ စစ်ပြေးစဉ်က ရွှေနှင့် လက်ဝတ်ရတနာများကို ရွာက အိမ်အောက်တွင် မြှုပ်ခဲ့ရသည်။ စစ်ပြီးလို့ ပြန်လာချိန်မှာ မြှုပ်ထားသည့် ရတနာများကို ပြန်ရှာ၍ မတွေ့တော့ ဆိုသည့် ကိစ္စကလည်း ကျွန်မအာရုံကို အတော်ကြီး ရစ်ပတ်နေခဲ့ဖူးသည်။ ဒါနှင့်ပဲ စစ်အတွင်းက ရတနာတွေကို ရှာဖွေရန် ဆိုသည်မှာ ကျွန်မ၏ ရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့ပြန်သည်။

တောင်တောင်ဤဤ မရေမရာ ဤစိတ်ကူးယဉ်မှုသည် လေနီကြမ်းက တစ်ချက် မွှေယမ်းလိုက်သည်တွင် အခိုးအငွေ့လို ပျောက်ကွယ်ကုန်သည်။ ဂျပန်အစိုးရလက်ထက် ဆိုသည်မှာ လွန်လေခဲ့ပြီးပြီ ဖြစ်ကြောင်းကိုလည်း ထိုအခါကျတော့မှ ထင်းထင်းမိမိ သိရတော့သည်။

ထိုနေ့သည် ထုံးစံအတိုင်း မီးပျက်သောည ဖြစ်သည်။ သန်းခေါင်ယံ အချိန်တွင် ရပ်ကွက်ထဲက ရန်လိုစူးစမ်းစိတ်ဖြင့် ထိုးဟောင်သော ခွေးတစ်အုပ်၏ တပ်လှန့်သံသာလျှင် အကျယ်ဆုံး ဖြစ်ခဲ့သည်။ မဖိတ်ခေါ်ခဲ့သော လူတစ်အုပ်သည် အိမ်တံခါးကို ခပ်ပြင်းပြင်းခေါက်ခဲ့သည်။ သည့်နောက် ဖေဖေ့ကို သူတို့ မေးသည်။ လူရှိနေလျှင် ထုတ်ပေးပါဟု သူတို့ ပြောသည်။ မတတ်သာသည့် အဆုံး ထိုလူအုပ်စုနှင့် အတူ ဖေဖေ လိုက်သွားရသည်။ လူစိမ်းတို့နှင့် ဘယ်ဆီကိုမှန်း မသိ လိုက်သွားရသော သားဖြစ်သူကို ကြည့်ပြီး ဘွားဘွား ဆို့ဆို့ နင့်နင့် ငိုခဲ့သည်။

“ငါ့သားလေး ဘေးမသီ ရန်မခပါစေနဲ့… ဒီတစ်သက် ပြန်တောင် တွေ့ရပါ့မလား”

ငိုရင်း ညည်းရင်း ဘွားဘွား၏ သောကမီးညွန့်တို့က တအိအိ ကြီးထွားလာလေသည်။ သည့်နောက် နောက်ရက်ကစပြီး ဘွားဘွား အိပ်ရာထဲ မှန်းမှန်းလဲခဲ့သည်။ သတိရ တစ်ချက်၊ မရ တစ်ချက်နှင့် သူ့ကျန်းမာရေး အခြေအနေသည် တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ ဖြစ်နေလေသည်။ အနည်းငယ် သတိရရုံမျှပင် မျက်စိမျှ မပွင့်နိုင်မီကပင် “သား…. သား” ဟု တဖွဖွ မြည်တမ်းသည်။ ဘွားဘွား ကျန်းမာရေးကြောင့် မေမေသည် ထိုရက်ပိုင်း ဆိုင်ပိတ်ထားလိုက်သည်။ ဘဘက ဟုမ္မလင်းဘက် ခရီးလွန်နေ၍ အိမ်မှာ မိန်းမသားများချည်းသာ ကျန်ရစ်သည်။

မေမေသည် ဆိုင်ပိတ်ထားရင်း ဘွားဘွားကို တစ်ဖက်က ပြုစုကာ တစ်ဘက်ကလည်း နာမည်ကြီး ဗေဒင်ဆရာတိုင်းဆီသို့ ရောက်ရသည်။ ဘုရားတကာ သွားပြီး ငှက်လွှတ်ရ၊ ငါးလွှတ်ရနှင့် အလုပ်မအားရအောင် ရှိနှင့်သည်။

“ခေါ်သွားတဲ့ သူတွေက ခဏမေးမြန်းဖို့ နေမှာပါ… သိပ်လည်း စိတ်ပူမနေပါနဲ့”

အကြောင်းသိသော အိမ်နီးချင်းတို့က နှစ်သိမ့်ကြသည်၊ လူကြီးတွေ အရိပ်အခြည်ကို ကြည့်ပြီး ကျွန်မလည်း မကစားနိုင်တော့။ ထိုရက်ပိုင်း ကျောင်းသို့ မသွားရသည်ကိုတောင် မပျော်နိုင်ဘဲ စိတ်မှာ ကျပ်တည်းနေခဲ့သည်။

မေမေ အပြင်သွားချိန် ဘွားဘွားကို စောင့်ပေးရတိုင်း သူ့လက်ကို သာသာဆုပ်ပြီး သူ သင်ပေးထားသည့် သမ္ဗုဒ္ဓေဂါထာကိုသာ တွင်တွင် ရွတ်ဖတ်ပေးနေမိသည်။ အစာနှင့်ရေ မဝင်တာ ကြာပြီဖြစ်သဖြင့် ပါးရိုး ထင်းထင်း

ပေါ်ကာ မျက်တွင်းဟောက်ပက်ကျနေသော ဘွားဘွား၏ ရုပ်သွင်ကို ကြည့်ပြီး ဘွားဘွားအပေါ် ပထမဆုံးအကြိမ် ကရုဏာသက်မိလေသည်၊ ဘွားဘွား မရှိတော့လျှင်ဟု တွေးမိလျှင် "ဟင့်အင်း..ဟင့်အင်း" ခေါင်းယမ်း မိသည်။

ဟင့်အင်း… ဘွားဘွား မသေရပါဘူး။ ဘွားဘွား မသေနိုင်ပါဘူး။ အင်္ဂလိပ်ခေတ်မှာလည်း မသေခဲ့၊ ဂျပန်ခေတ်မှာလည်း မသေခဲ့၊ တောထဲမှာလည်း မသေခဲ့တဲ့ ဘွားဘွားဟာ ဒီလောက်နဲ့ မသေနိုင်ပါဘူး။ ကျွန်မ ဘွားဘွားကို ချစ်ပါတယ်။ ဘွားဘွားက တခြားသူ မဟုတ်ပါဘူး။ ကျွန်မ ဘွားဘွားပါ။

"ဘွားဘွား … မြန်မြန်နေကောင်းပါတော့နော်… ကျွန်တော် ဘွားဘွားနဲ့ နောက်ဆို ရန်မဖြစ်တော့ပါဘူး"

ကျွန်မ၏ ကတိစကားကို ဘွားဘွား မကြားနိုင်ခဲ့ပါ။ သူ့ အသိ အာရုံသည် "သား" ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးတည်း အပေါ်တွင်သာ တွယ်မှီ နေခဲ့လေသည်။ ထူးဆန်းသည်က အမြဲတမ်း ကျောင်းသွားဖို့ရာ အပျင်းထူခဲ့သည့် ကျွန်မသည် လူစိမ်းတစ်သိုက်က ဖေဖေ့ကို စစ်မေးရန် ခေါ်သွားသည့် နောက်တွင် ကျောင်းမတက်ရတော့မည်ကို စိုးရိမ်လာသည်။ ထိုအကြောင်းကို ကျောင်းက သူငယ်ချင်းတွေ သိကုန်မှာ၊ ကျောင်းက ဆရာမတွေ သိကုန်မှာကို စိုးကြောက်ခဲ့သည်။ သူတို့ သိပြီး ကျွန်မကို မခေါ်မပြော ဖြစ်ကြမှာကို မလိုလားပေ။

ကျွန်မ ကျောင်း ဆက်တက်ချင်သေးသည်။ သူငယ်ချင်းတွေနှင့် ဆော့ကစားချင်ပါသေးသည်။ ကျောင်းသည် ကျွန်မ၏ ဒုတိယအိမ် ဖြစ်ခဲ့လေပြီ။ နံနက်ခင်းတိုင်းတွင် စာသင်ခန်းထဲကနေ နိုင်ငံတော်သီချင်းကို သီဆိုပြီး နိုင်ငံတော်အလံကို မှန်းဆကာ အလေးပြုရသည့် နေ့ရက်များကို ကျွန်မ တွယ်တာနေပြီဖြစ်ကြောင်း ထင်းထင်းပပ သတိပြုမိခဲ့သည်။

❑

(6)

ကစားမလား… နားမလား

ဘွားဘွား နေမကောင်းသော ရက်များသည် ကျွန်မနှင့် ဘွားဘွား ငြိမ်းချမ်းရေး ရသော ကာလများ ဖြစ်ခဲ့သည်။ ဘွားဘွားကို စနောက်၍ မရတော့သလို ကျွန်မ ပြောသမျှကို စိတ်ဆိုး ဆူပူနေဖို့လည်း ဘွားဘွားမှာ မစွမ်းသာခဲ့။ ခန္ဓာကိုယ်သည် ကြွေလုလုသစ်ရွက်ခြောက်နှယ် လှုပ်လီလှုပ်လဲ့ ပါးလုပ်လုပ်သာ ကျန်တော့သည်။ ဖေဖေ ဘာမှမဖြစ်၊ စစ်မေးရုံသာရှိပြီး မကြာခင် အိမ်ကို ပြန်လာတော့မည် ဟူသော ခိုင်မာသည့် သတင်းစကားကို ကြားရတော့မှ ဘွားဘွား နာလန်ထတော့သည်။ တကယ်လည်း မကြာသော လအနည်းငယ် အတွင်း ကျွန်မတို့ဆီသို့ ဖေဖေနှင့် သူ့မိတ်ဆွေ စာရေးဆရာအချို့ ပြန်ရောက် လာပါသည်။ ပြန်မလာနိုင်သူ အချို့လည်း ရှိခဲ့သည်။

ဘွားဘွား နေကောင်းလာတော့လည်း ထုံးစံအတိုင်း မြေးအဘွား ရန်ဖြစ်ကြသည့် ဇာတ်လမ်းမှာ တစ်ပတ် ပြန်ကျော့လေသည်။ ကျွန်မတို့ အိမ်တွင် ရယ်သံတချို့နှင့် ပြန်လည်ဝေစည်ခဲ့ရသည်။ ထို့အတူ ကျွန်မ၏ ငိုသံမှာလည်း တညံညံ ရှိလာပြန်လေ၏။ သည်အထဲတွင် ကျွန်မ၏ စိုက်ပျိုး မွေးမြူရေး အကြောင်းလည်း ပါလေသည်။

ကျွန်မ မှတ်မိသလောက် ကျွန်မတို့ငယ်ငယ်က ရုပ်မြင်သံကြား အစီအစဉ်မှာ ည ခုနစ် နာရီကစပြီး လွှင့်သည်။ "မြန်မာ… မြန်မာ… ကမ္ဘာပေါ်မှာ ကြွားနိုင်စေဖို့ရာ" ဆိုသည့် စစ်ချီတေးသီချင်းမှသည် တစ်နေ့တာ ရုပ်မြင်သံကြားအစီအစဉ် ပြီးဆုံးသဖြင့် "ပြီးပါပြီ" စာတန်းထိုးသည်အထိ မငြီးမငွေ့ ထိုင်ကြည့်ကြသည်။ ဒါတောင် မီးလေးက ရှားရှားပါးပါး သဘော ကောင်းပြီး လာလေဦးမှ။ တီဗွီထဲတွင် ပါသမျှ၊ မြင်ရ ကြားရသမျှကို အကုန်လုပ်ဖူး၊ စမ်းကြည့်ဖူးချင်သည်။ ထိုအထဲတွင် "စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား" အစီအစဉ်၏ ဂယက်လည်း မကင်းချေ။

"နိုင်ငံမှာ ကောက်ပဲသီးနှံ ××× အလျှံပယ်အောင် သီးပွင့်ဖြာဝေ ××× ရာသီမရွေးဘဲ စိုက်ပျိုးတိုင်း ရနိုင်… သဘာဝတရားက ကောင်းချီးပေးတယ်လေ ××× ဘာသာ သာသနာ ရောင်ဝါမည့်ိုးတဲ့ မြန်မာတို့တိုင်းပြေ(ပြည်) ××× ရတနာမြေမှာ ရတနာမိုးများ ရွာတာ တို့တိုင်းပြေ ××× ရွှေပင်ငွေပင် မြေမှာသီးတဲ့ မြန်မာမြေကြီးတွေ ××× လယ်တွေ ယာတွေ အထွက်တိုးလို့ တောင်သူလယ်သမားတွေ ××× လယ်ယာကိုင်းကျွန်း ဖြစ်ထွန်းအောင် ကြိုးစားပါ ××× ထမင်းရည်ချောင်းစီး အလှူတော် ပေးနိုင်စေ"

အကော်ဒီယံ(ဦး)အုန်းကျော်ကြီးက သည်လို သီချင်းဆိုပြီး တီဗွီ ကနေတစ်ဆင့် နှိုးဆော်လိုက်သည်တွင် ကျွန်မတို့ ကလေးတစ်သိုက်လည်း ပျော်ပျော်ပါးပါးကြီး စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားကြပါတော့သည်။ ဘွားဘွား သိမ်းထားသည့် ခရမ်းချဉ်သီးတွေ၊ ငရုတ်သီးတွေကို ယူပြီး သဲထဲမှာ မြှုပ်ပစ်ကြသည်။ ပြီးလျှင် နေ့စဉ် ရေမှန်မှန်လောင်း၍ အပင်ပေါက်၊ မပေါက် စောင့်ကြည့်ကြသည်။ ဟာသအမြောက်ဆုံးက စပါးပင်စိုက်ကြသည့် ဖြစ်ရပ် ဖြစ်သည်။

ကျွန်မတို့အိမ်မှာ ချက်နေကျဖြစ်သည့် ရွှေဘိုမနောဆန်မှာ စပါးလုံး အတော်လေး များပါသည်။ ဘွားဘွားက စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် များတွင် ကျွန်မတို့ကို တစ်ပတ်စာ ချက်မည့် ဆန်ထဲကနေ စပါးလုံး ရွေး ခိုင်းပါသည်။ အရင်ကတော့ စပါးလုံး ရွေးရမယ်ဆိုတိုင်း တညည်းညည်း တညူညူ ရှိတတ်ပေမယ့် စပါးစိုက်ပျိုးရေး လုပ်မည်ဆိုသည့် အကြံ ရှိလာကတည်းက မပျင်းမိတော့ပါ။

အဘွားဆီက စပါးလုံးတွေကို ယူပြီး သဲပုံထဲမှာ စပါးစိုက်ကြပါသည်။ မရေးမနှောင်းမှာပဲ မိုးကျလာတော့ ကျွန်မတို့ စပါးစိုက်ထားသည့် သဲပုံနှင့် ခပ်လှမ်းလှမ်းက ဝင်းထရံနားတွင် မြက်ပင်များ အစီအရီ ပေါက်လာ ကြပါသည်။ ဒါကိုပဲ ကျွန်မတို့က စပါးလုံးတွေ သဲပုံထဲကနေ နေရာရွှေ့ပြီး ဝင်းထရံနားမှာ အပင်သွားပေါက်တယ် ထင်ပြီး ပျော်ကြသည်။ စိတ်ကူးတွေလည်း လွတ်ယဉ်သပေါ့။ စပါးတွေ ရိတ်ပြီး အိမ်အတွက် ဆန်ရောင်းပေးဖို့ အထိတောင် တွေးမိကြရဲ့။

ကျွန်မ အိပ်မက်မှာ မကြာရှည်လိုက်ရပါ။ တစ်နေ့ ကျောင်းကနေ အိမ်ပြန်ရောက်တော့ ဝင်းထရံနားမှာ ပြောင်ရှင်းနေသည့် မြေတလင်းကို မြင်ရ၏။

“သမီးတို့ စပါးပင်တွေကော”

ကျွန်မကသာ ငိုမဲ့မဲ့နှင့် မေးရတာပါ။ လူကြီးတွေကတော့ ရယ် နေကြသည်။ ဘွားဘွားကတော့ အလိုက်မသိဘဲ ခပ်မာမာ ပြောသည်။

“ညည်းတို့ မြက်ပင်တွေ ငါ နုတ်ပစ်လိုက်ပြီ”

လူကြီးတွေ ရယ်တာရော၊ ကိုယ့်စပါးပင်လေးတွေကို မြက်ပင်ဆိုပြီး အပြောခံရသဖြင့် စိတ်ဆိုးတာရောကြောင့် မျက်ရည်တွေ တလိမ့်လိမ့် ကျလာသည်။ ဘွားဘွားကိုလည်း စိတ်ဆိုးမာန်ဆိုးနှင့် ပြောမိသေးသတဲ့။

“သူတို့ ကောင်းစားအောင် သူများသားသမီးက စပါးစိုက်ပေးထားတာကို နုတ်ပစ်တယ်.. ဘွားဘွားဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး”

ဘွားဘွားကလည်း မခံ၊ ကျွန်မကို ခပ်ငေါ့ငေါ့ ပြန်တွက်ပါသည်။

“အမယ်လေး… လူကြီးစကား ပြောလို့တော်… အေးပါ ကျေးဇူးရှင်မရယ်.. ကျေးဇူးကြီးပါပေတယ်”

သို့ပေမဲ့ ကျွန်မ လက်မလျှော့။ စိုက်ပျိုးရေးဇာတ်လမ်း ပြီးတော့ မွေးမြူရေးဇာတ်လမ်းကို ဆက်ပါသည်။ ကျွန်မတို့အိမ်မှာ ကျွန်မတို့တွေ သိတတ်စအရွယ်အထိ ဖေဖေက တိရစ္ဆာန်ဆေးကုခန်း ဖွင့်ပါသေးသည်။ သည့်အပြင် အိမ်မှာ ကြက်ဥဖောက်စက် (ကြက်အကောင်ပေါက် ဖောက်ခြင်း) လည်း ရှိသေးသည်။ ကြက်ဥဖောက်စက်က သိပ်တော့ မကြာခဲ့ပါ။ ဖိုဖို စီးစီး မလုပ်နိုင်သဖြင့် ခဏသာ လုပ်ဖြစ်လိုက်သည်။ ကြက်ဥဖောက်စက် လုပ်စဉ်က ကြက်ဥကနေ ကြက်ကလေးတွေ ပေါက်လာကြသည့် အဖြစ်ဟာ ကျွန်မအတွက်တော့ အံ့သြစရာ၊ ချစ်စရာလေးတွေပါပဲ။ ဒါကို လက်တည့် လည်း စမ်းကြည့်ချင်သည်။ ဒါနှင့်ပဲ ကိုယ်တိုင် ကြက်ဥဖောက်ရန် ကြိုးစားမိသည်။

ဖြစ်ချင်တော့ အဲသည်အချိန်တုန်းက ကျွန်မတို့ မြောက်ဘက်အိမ်က

ဘုရားစင် သွပ်အမိုးပေါ်မှာ ခိုတွေ အသိုက်ဖွဲ့ကြပါသည်။ ခိုဥတွေကို ခိုမကြီးက နေ့စဉ်ရက်ဆက် ဝပ်ပေးရသည့်နောက်မှာ ခိုကလေးတွေ ပေါက်လာ ကြသည်ကို မြင်ဖူးထားသည်။ သည်အမြင်အတွေ့နှင့်ပင် ကျွန်မလည်း ကြက်ဥ မှသည် ကြက်သားပေါက်ဆီသို့ စီမံကိန်းကို စလေသည်။

လွယ်တော့ မလွယ်ကူလှပါ။ ဘွားဘွားဆီကနေ သူ မသိအောင် ကြက်ဥတွေ တစ်လုံးချင်းစီယူပြီး မွေ့ရာပေါ်မှာ တင်၊ သည့်နောက် ကြက်ဥ၏ ဘေးနားကို စောင်တွေနှင့်ရံပြီး လူကြီးတွေ မသိအောင် ဝပ်ပေးသည်။ အသံ လည်း မထွက်ရဲ။ အိပ်ခန်းနားမှာ တစ်ယောက်ယောက် လာနေသည့် ခြေသံ ကြားလျှင် ပုံပြင်စာအုပ်တစ်အုပ် အမြန်ကောက်ကိုင်ပြီး စာဖတ်ချင်ယောင် ဆောင်ရသေးသည်။ အသက်လည်း ပြင်းပြင်းမရှူရဲ။

သို့ပေမဲ့ မည်သို့ဝပ်ဝပ် ကြက်ဥကနေ ကြက်ပေါက် ထွက်မလာတော့ ကျွန်မ စိတ်တိုလာမိသည်။ သုံး၊ လေးရက် ဝပ်လို့မှ အကောင် မပေါက်လျှင် နောက်တစ်ဥ ပြောင်းဝပ်ပါသည်။ တစ်နေ့မှာတော့ ဝပ်ရတာ မောလာတော့ မှေ့ပြီး ကိုယ်ကို လှဲချလိုက်မိသည်။ ကြက်အကောင် မပေါက်ဘဲ ကြက်ဥကွဲသွားတော့ လူကြီးတွေလည်း ရိပ်မိကုန်သည်။ အနှစ်ချုပ်တော့ ဆောင်းတွင်းကြီး စောင်တွေ၊ မွေ့ရာတွေ လဲရသဖြင့် မေမေ ဆူတာ ခံရတာသာ အဖတ်တင်ပါသည်။

ကြက်ဥဇာတ်လမ်း ပြီးတော့လည်း ကျွန်မမှာ အမှတ်မရှိ။ နေ့ရှိသရွေ့ တစ်ခုခု တီထွင်ဖို့သာ စဉ်းစားမိသည်။ ကျွန်မ ဖတ်နေကျ ကာတွန်းဇာတ်ကောင်တွေ ဖြစ်သည့် မောင်တီထွင်တို့၊ ဘိုဘို ကာတွန်းထဲက အီးတီတို့ ဆိုသည်ကလည်း အခုခေတ်စကားနှင့် ပြောရလျှင် ကျွန်မ၏ ဟီးရိုးများ ဖြစ်သည်။ ဒါကြောင့်ပင် ရေမွှေးတီထွင်ပြန်လေသည်။

ဒါကတော့ ကျွန်မ ပထမတန်းတုန်းကရယ်ပါ။ ဘုရားစင်က ဘုရားပန်းတွေကို ကြည့်ရင်းကနေ ရေမွှေးထုတ်ဖို့ အကြံရမိသည်။ အကြံ ရရချင်းမှာပဲ ဘုရားစင်က ပန်းတွေကို ယူ၊ ငရုတ်ဆုံထဲ ထည့်ထောင်း။ ရလာသည့် အရည်ကို ရေထပ်ရောပြီး မေမေ့ ပေါင်ဒါမှုန့်တွေကို အကုန်လောင်းထည့်သည်။ ပြီးလျှင် လျှက်ဆားပုလင်းထဲက လျှက်ဆားတွေကို သွန်ပစ်ပြီး ဖော်စပ် ထားပြီးသည့် ရေမွှေးကို ပုလင်းထဲသို့ ပြောင်းထည့်ပါသည်။ ရေမွှေးဆွတ်လို့ ရအောင်ကတော့ လျှက်ဆားပုလင်းအဖုံးကို အပ်နှင့် ဖောက်ထားသည်။ အားလုံး ပြည့်စုံပြီ ထင်တော့ ကျွန်မ နမ်းကြည့်ပါသည်။ မမွှေး။ မည်သို့မျှ မမွှေး။ မမွှေးသည့်အပြင် မည်သည့်အနံ့ဟူ၍ ပြောဖို့ ခက်ခဲလောက်အောင်ပင် နံနေသေးသည်။

စိတ်ဓာတ်တော့ မကျမိပါ။ ငါးပိတို့၊ ကြက်သွန်တို့ ထောင်းသည့် ငရုတ်ဆုံမှာ ထည့်ထောင်းခဲ့ရတာ၊ သည်လောက်တော့ ရှိမှာပေါ့ဟု ကိုယ့် ကိုယ်ကိုယ် ဖြေသိမ့်သည်။ သည်တစ်ဘူးက နမူနာ၊ အောင်မြင်လာတော့မှ ငရုတ်ဆုံအသစ် ဝယ်တော့မည်။ စိတ်ကူးကတော့ သို့ကလို ခပ်ကြီးကြီးပါပဲ။ ဆန့်ထုတ်ခဲ့သော စိတ်ကူးကို တစ် ဒီဂရီမျှပင် မလျှော့ပေါ့ခဲ့ပါ။

ခက်တာက ကိုယ့်ဘာသာ တွေးရုံနှင့် အားမရ၊ ကလေးသဘာဝ တစ်ခုခု လုပ်ပြီးလျှင် ကြွားချင်သည်။ ကျွန်မ ရေမွှေးကို ကြည့်ပြီး လူကြီး တွေကို အံ့သြသွားစေချင်သည်။ ဖြစ်ချင်တော့ ကျွန်မရေမွှေးကို မည်သူကမျှ စိတ်မဝင်စား။ အစမ်း ပေးဆွတ်တာတောင် “ကိုယ့်ဘာသာ ကစားနေစမ်း ပါအေ” ဆိုပြီးသာ

နှင်လွှတ်ခံရသည်။ နောက်ဆုံး လက်ကျန် အားကိုးစရာ ဆိုလို့ ကျွန်မမှာ မေမေသာ ရှိတော့သည်။

"မေမေ...မေမေ နောက်နေ့ ဈေးချိုကို သွားရင် သမီးရေမွှေးကို ဆိုင်ရှင်တွေနဲ့ စပ်ပေးပါလား"

"မမနဲ့ သွားဆော့နေစမ်းပါ သမီးရယ်၊ မေမေ ဒီမှာ အလုပ်ရှုပ်နေတယ်"

မေမေကပါ အရေးမစိုက်လေတော့ အတော်လေး အားငယ်သွားပါသည်။ ဈေးဆိုင်မှာ တင်ရောင်းဖို့ မပြောနှင့် ၊ စမ်းသုံးကြည့်ဖို့တောင် အငြင်းခံရသည်။

သည်အချိန်မှာပဲ ဖြစ်ချင်တော့ ကျွန်မအဖို့ ကံကောင်းစေသည်လား၊ ကံဆိုးစေသည်လားရယ်လို့ မဆိုနိုင်၊ စမ်းသပ်ကြည့်ဖို့ လူတစ်ဦးတော့ ရှိလာပါသည်။ တကယ်တော့ လူတစ်ဦး ဆိုတာထက် ပိုပြီး တိတိကျကျ ပြောရလျှင် ဘုန်းကြီးတစ်ပါးဟု ဆိုရပါမည်။ ထိုကိုယ်တော်ခမျာမယ် ကံဆိုးသူ မောင်ရှင် ဖြစ်ရရှာလေသည်။

သူ့အဖြစ်က တကယ်ကို ဆွမ်းခံရင်း ငှက်သင့် သလိုပါပဲ။ တကယ်က သူ့ကျောင်းက ကြောင်ကလေး နေမကောင်းလို့ ဖေဖေ့ဆီမှာ ကြောင် လာပြတာပါ။ ဆေးခန်းမှာက ခွေးနာ၊ ကြောင်နာ ရောဂါသည်တွေကလည်း အဲ့သည်နေ့ကျမှ ပြုံကျနေတော့ ဘုန်းကြီးခမျာ သူ့ကြောင်ကလေးကို ရင်ခွင်မှာ ပိုက်ပြီး သူ့အလှည့် မရောက်မချင်း စိတ်ရှည်လက်ရှည် စောင့်ရှာပါသည်။ ကျွန်မမှာသာ ဘုန်းကြီးကို မြင်တော့ အကွက်ဆိုက်ပြီ ဆိုပြီး ဝမ်းသာလုံးတွေဆို့၊ ရေမွှေးကို စမ်းဖို့ရာ သူ့ကို ဟိုကချောင်း၊ သည်က ချောင်းနှင့် အကြံတွေ ထုတ်လိုထုတ်၊ တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေရသည်။ ရေမွှေးကောင်းကြောင်းကိုသာ ကိုယ်တော်သိလျှင် တရားဟောလျှင် ထည့် ဟောပေးဖို့ တောင်းဆိုရမည်။ သည်လိုဆို လူတွေပိုသိလာမှာပဲ။ အဲသည် တော့မှ ပိုက်ဆံနှင့် ရောင်းမည်။ အိမ်ဝယ်မည်။ ကားစီးမည်။ ကျွန်မမှာ အောင်မြင်ဖို့ရာချည်း တဆုံးတွေးထားသည်။

ခက်တာက ဘုန်းကြီးကို ရေမွှေးလေး စမ်းဆွတ်ကြည့်ပါလား ဆိုပြီးလည်း မလျှောက်ရဲပါ။ အစသည် အခက်ဆုံး ဖြစ်သည်။ နောက်တော့လည်း ရေမြေအနေအထားကို အနုလုံပဋိလုံ ကြည့်ရင်း အကြံရလာပါသည်။ ဘုန်းဘုန်း ထိုင်နေသည့် နေရာက လှေကားအောက်မှာပါ။ ဧည့်သည်က များတော့ ထိုင်ခုံရှိသည့် နေရာမှာပဲ သူ ထိုင်လိုက်ရပုံပေါ်သည်။ သည်လို နေရာယူမှားခြင်းကိုက ထိုကိုယ်တော်အတွက် ထိုနေ့အဖို့ ပြဿဒါး ဖြစ်သွား ရှာသည်။

ကျွန်မအတွက်တော့ လှေကားအောက်က ခုံပေါ်မှာ ကိုယ်တော် နေရာယူလိုက်မိတာကိုက အခွင့်ကောင်းပေါ့။ ဘုန်းကြီးကို သူ့အလိုလို ရေမွှေးနံ့ကို အနံ့ခံမိရင်းကနေ ရေမွှေးရှိရာ နေရာကို လိုက်ရှာသူ ဖြစ်စေချင် ခဲ့သည်။ သည်အကြံနှင့်ပဲ လှေကားအပေါ်ဆုံးကို တက်ပြီး၊ လှေကား လက်ရန်း အပေါ်ကနေ လက်လျှိုပြီး ဘုန်းကြီးကိုယ်ပေါ်ကို ရေမွှေးတွေ တစ်စက်ချင်း အစက်ချပါသည်။ သို့ပေသိ ရေစက်တွေဟာ ကိုယ်တော့် သင်္ကန်းပေါ်ကို သိသာအောင်ပင် မစိုစေပါ။ ကြာတော့ ကျွန်မလည်း စိတ်မရှည်တော့ သည်နှင့် ပုလင်းကို ဖွင့်ပြီး ရေမွှေးတွေကို လောင်းချလိုက်သည်။

ပထမတော့ ကိုယ်တော့်ခမျာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ရုတ်တရက် သူ့ခေါင်းပေါ်ကို ကျလာသည့် ရေတွေကို သပ်ရင်း ဇဝေဇဝါနှင့် ဟိုကြည့် သည်ကြည့် လုပ်သည်။ သည့်နောက်မှာတော့ မသင်္ကာဖြစ်ပြီး မျက်နှာကြက်ကို ဆတ်ခနဲ မော့အကြည့်တွင် ကျွန်ကို သက်သေခံ ပစ္စည်းနှင့် မိလေသည်။ ကျွန်မမှာလည်း ရေမွှေးပုလင်းကို ကိုင်ထားနေ ရင်းက ကိုယ်တော်၏ မျက်လုံးပြူးပြီး အံ့ကြိတ်ပြသည့် မျက်နှာကိုလည်း မြင်ရရော၊ ကြောက်ကြောက်လန့်လန့်နှင့် ပလင်းကို လွှတ်ချမိရာ ကိုယ်တော်၏ ဥသျှစ်သီးပမာ ဦးခေါင်းတော် အပေါ်ကို တည့်တည့်ကျပါတော့သည်။

ပြဿနာတက်ပြီ ဆိုတာ သိသည်နှင့် ကျွန်မသည် နောက်သို့ လှည့်မကြည့်ဘဲ အိပ်ခန်းထဲသို့ တန်းနေအောင်ပြေးပြီး စောင်ခေါင်းမြီးခြုံကာ အိပ်ချင်ယောင်ဆောင်ပါတော့သည်။ မကြာပါ။

"အငယ်မ ဘယ်ရောက်သွားတုံး၊ လာစမ်း"

မိခင်ကြီး၏ ပြင်းလှသော ရာဇသံက နောက်ကနေ လိုက်လာပါသည်။ ကျွန်မကလည်း အင်မတန် မူရာမာယာများသည်။ ရိုက်ပင် မရိုက်ရသေး၊ ဇာတ်နာအောင် ကိုယ်က အရင်ပြောနှင့်သည်။

"သမီးက ရေမွှေး စမ်းသပ်တာကို မေမေတို့က ဂရုမှ မစိုက်တာပဲ၊ ဘုန်းဘုန်းအပေါ်ကို လောင်းချရတာပေါ့"

ဖေဖေတို့၊ မေမေတို့လည်း စိတ်မကောင်းဖြစ်ပြီး အဲသည်တော့မှ ကျွန်မ၏ ရေမွှေးအကြောင်း ဂရုတစိုက် မေးဖော်ရတော့သည်။

"သမီးက ရေမွှေးကို ဘယ်လို စမ်းသပ်ထားတာလဲ၊ ပြောပြစမ်းပါဦး"

မေးဖော်ရလာတော့ ကျွန်မမှာ တက်ကြွတဲ့ ကြက်ဖဖြစ်ပြီး ဘုရားစင်က ဘုရားပန်းတွေ အကုန်ယူကာ ငရုတ်ဆုံထဲ ထည့်ထောင်း၊ ပြီးတော့ မေမေ့ ပေါင်ဒါဘူးထဲက ပေါင်ဒါမှုန့်အကုန်ကို ရေနှင့်ရောဖျော်ပြီး ဖော်စပ်ထားသည့် အကြောင်း အားတက်သရော ပြောပြမိပါသည်။ သည်တော့မှ ဘုန်းကြီး ခေါင်းပေါ်သို့ ရေမွှေးလောင်းချသည့် အမှုနှင့် အရိုက်မခံရဘဲ ဘုရားပန်းနှင့် ပေါင်ဒါမှုန့်တွေ ကုန်အောင် ယူကစားမိသည့် ပြစ်မှုနှင့် အရိုက်ခံရပါတော့သည်။

သည်လိုနှင့်ပဲ ကျွန်မ၏ ကမ္ဘာကျော် ရေမွှေးထုတ်မည့် လုပ်ငန်းကြီးလည်း အဆုံးသတ်သွားလေတော့သည်။ ဒါတောင် အားမလျှော့သေးပါ။ ငယ်ငယ်က ကျောက်ပျဉ်ပေါ်မှာ သနပ်ခါးသွေးရင်း စိတ်ကူးသေးသည်။ ကျွန်မ သနပ်ခါး အလွန်ကြိုက်သော်လည်း သနပ်ခါးသွေးရမည်ကို အလွန်ပျင်းပြီး အလွန်မုန်းပါသည်။ ငါလိုပဲ သနပ်ခါးသွေးရမှာ ပျင်းတဲ့သူတွေအတွက် အဆင်ပြေအောင် သွေးပြီးသားကို ဘူးနဲ့ထည့်ရောင်းမှ ဆိုပြီး စဉ်းစားခဲ့သည်။ နောက်ကျတော့ လက်သွေးသနပ်ခါးတို့၊ သနပ်ခါးအရည်တို့ ဆိုတာတွေ ခေါ်လာတော့ ကိုယ့်အကြံ သူများ ဦးသွားပြီ ဆိုပြီး ဆွေးရသေးသည်။

ကျွန်မ၏ အစ်မကလည်း ခေသူ မဟုတ်ပါ။ သူ့တီထွင်မှုအကြောင်း ကြုံလျှင် ကြွားတတ်သေးသည်။

"နင် တီထွင်တာထက် ငါတီထွင်တာက ပိုကောင်းတယ်၊ နင်တောင်

အငိုက်မိသွားတာပဲ”

သူ သည်လို ပြောတိုင်း ကျွန်မမှာ အစကနေ စိတ်ပြန်ဆိုးဖြစ်သည်။ ပြန်တွေးမိတိုင်း တနုံ့နုံ့ဖြစ်ဆဲ။

သူကတော့ တစ်သက်မှာ တစ်ခါသာ တီထွင်ဖူးပါသည်။ အဲဒါကတော့ ဆောင်းတွင်းမှာ ရေမချိုးဘဲ ကြေးတွေကို လုံးထားပြီး ကျွန်မကို အားဆေးဆိုပြီး ညာကျွေးခဲ့တာပါ။ ကျွန်မမှာတော့ အဟုတ်မှတ်ပြီး အားတွေ ရှိလာမယ် ထင်ပြီး သောက်လိုက်ရတာ။ အငိုက်မိခဲ့ဖူးသည့် အဖြစ်ပေါ့။

※

တကယ်တော့ ညီအစ်မနှစ်ယောက် အတူတူ ကစားကြတိုင်း မမကြောင့် ကျွန်မ နစ်နာတာထက် ကျွန်မကြောင့် မမ နစ်နာရတာက ပိုများပါသည်။ ကျွန်မအဖို့မှာတော့ ပရိသတ်ဆိုလို့ သူတစ်ယောက်ပဲ ရှိပါသည်။ ကျွန်မဘာလုပ်လုပ် အမာခံ အားပေးသည်။ ကျွန်မ ဆပ်ကပ်ပြလျှင်၊ မျက်လှည့်ပြလျှင် မမဟာ ထာဝရပရိသတ်ပေါ့။

ကျွန်မတို့ ငယ်ငယ်က တီဗွီမှာ လာသည့် အစီအစဉ်များထဲတွင် ဆပ်ကပ်တို့၊ မျက်လှည့်တို့ကို အကြိုက်ဆုံး ဖြစ်သည်။ ပြီးလျှင် သူတို့လို လိုက်တုပြီး လုပ်ရတာ အမော။ အိမ်ရှေ့က တစ်ပေခွဲသာ ကျယ်သည့် မြောင်း ပေါင်ကို ဟိုဘက်ကနေ သည်ဘက်ကို ကျော်လွှားရတာကလည်း ကျွန်မတို့ အဖို့ မဟာစွန့်စားခန်း၊ စတန့်ခန်း ဖြစ်သည်။ ဒါကိုလည်း ဆပ်ကပ်ဆိုပြီး ကျွန်မတို့က ခပ်တည်တည် အမည်တပ်သည်။ စက်ဘီးကို ရှေ့ဘီးထောင်ပြီး စီးရသည့် စတန့်၊ လက်တစ်ဖက် လွှတ်ပြီး စီးရသည့် စတန့်၊ အုတ်နံရံ ဘေးတစ်ဖက်တစ်ချက်ကို ခြေထောက်နှစ်ဖက်နှင့် ကန်ပြီး တဖြည်းဖြည်း အပေါ်သို့ တက်ရသည့် စတန့်။ ကိုယ့်ဘာသာ လုပ်ကြည့်ပြီး ကိုယ့်ဘာသာ သဘောကျ၊ ကိုယ့်အချင်းချင်း ပြန်အားပေးနှင့် အတော်လေး ဟုတ်နေကြသည်။ တစ်ယောက်ကို တစ်ယောက် အားပေးနေ့တုန်းကတော့ အကောင်း၊ ကစားရင်း အနာဖြစ်ကြ၊ ငိုကြ၊ ယိုကြရပြီ ဆိုလျှင်တော့ အကြီးဖြစ်ပြီး အငယ်ကို မကစားဖို့ မတားရကောင်းလား ဆိုသည့် အမှုနှင့် မမမှာ အရိုက်ခံရတတ်သည်။ မျက်လှည့်ပြတုန်းကလည်း အမှုတွဲထဲမှာ မမဟာ ထိပ်ဆုံးကပေါ့၊

မျက်လှည့်ပြကွက်များထဲတွင် တစ်ခုခုကို ဖျောက်ပြပြီး ခိုကလေးတွေ ဖြစ်သွားအောင် လုပ်ပြရတာ၊ သို့မဟုတ် ရှိနှင့်ပြီးသား ပစ္စည်းတွေ ပွားလာအောင် လုပ်ပြရတာမျိုးကို ကျွန်မ အကြိုက်ဆုံး ဖြစ်သည်။ ဒါကိုလည်း ကျွန်မ စမ်းသပ်ချင်သည်။ ထုံးစံအတိုင်း ပရိသတ်က မမပါ။

မမမှာ ကျွန်မ မျက်လှည့်ပွဲကို မကြည့်ချင်ဘဲ ကြည့်ရသည့်အပြင် ကျွန်မထုတ်ထားသည့် စည်းကမ်းတချို့ကိုလည်း လိုက်နာရပါသေးသည်။ စည်းကမ်းချက်များတွင် မျက်လှည့်ပြနေတုန်းမှာ ကျွန်မ အနားကို မကပ်ရ၊ ဘယ်လိုလုပ်တာလဲ ဟူ၍ မမေးရ၊ ဘာကိုပြပြ အံ့သြပြရမည် စတာတွေ ကိုတော့ လိုက်နာဖို့ အထူးကြပ်မတ်ထားသည်။ “နင့်ဟာကလည်း ဘာမှလည်း မဟုတ်ဘူး” ဟု ဆိုပြန်လျှင်လည်း ကျွန်မက စိတ်ကောက်သေးသည်။

ကျွန်မ၏ မျက်လှည့်ပွဲ တစ်ပွဲမှာတော့ တစ်ကျပ်တန်များကို မီးရှို့ ပြသည့်

ပြကွက် ပါသည်။

"ဟော... တွေ့တယ်နော်... ပြာဖြစ်သွားပြီနော်.. တွေ့လား . . ဒီမှာ နောက်တစ်ရွက်"

မမမှာ ကြည့်ပြီး အံ့ဩရှာသည်။ သူ အံ့ဩလေ ကျွန်မမှာ အောင်မြင် သူလို ပီတိတွေ ဖြာလေပါပဲ။ သူ့ခမျာ ကျွန်မက တစ်ကျပ်တန် တစ်ရွက်ကို မီးရှို့ပြလိုက်ပေမယ့် တစ်ကျပ်တန်တွေ အများကြီး ထပ်ထွက်လာအောင် ပြနေသည်ဟု ထင်ရှာသည်။ တကယ်က မေမေ့စတိုးဆိုင်ထဲက တစ်ကျပ်တန် တွေကို ယူပြီး တစ်ရွက်ပြီး တစ်ရွက် မီးရှို့ပြနေခဲ့တာပါ။ ပရိသတ်က အံ့ဩတိုင်းသာ ပြကွက် အောင်မြင်တယ်လို့ ဆိုရကြေးဆိုလျှင် ကျွန်မ၏ ပြကွက်က အတော်လေး အောင်မြင်ခဲ့ပါသည်။ မမတင် မဟုတ်၊ ထိုပြကွက်ကို ဘွားဘွားနှင့် မေမေ မြင်တော့လည်း ရင်ဘတ်စည်တီးမတတ် အံ့ဩလွန်း မက အံ့ဩခဲ့ကြသည်ကိုး။ ထုံးစံအတိုင်း မြောသံနှင့် အဆုံးသတ်ရသော မျက်လှည့်ပွဲမှာ မမပါ သံပြိုင်ဟစ်ကြွေး အတူငိုပေးရလေသည်။ သူက ရှုံးရှုံး မငိုဘဲ အမူကြီးအောင် လုပ်သေးသည်။ "ညီမလေးက ဒါပြီးရင် သူ့လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ခုန်ချပြမယ် ပြောတာကို အခု မကြည့်ရတော့ဘူး" တဲ့။ ကောင်းကြရောလေ။

ညီအစ်မနှစ်ယောက် ကြိဖန်ကစားကြလွန်းသဖြင့် ကျွန်မမှာ သေရာပါ ဒဏ်ရာ ရခဲ့ဖူးသည်။ ဒါကတော့ တစ်ယောက်တစ်လှည့် နားဖာကလော်တမ်း ကစားကြသဖြင့် ဖြစ်ရတာပါ။ မမသည် ကျွန်မ၏ ညာဘက် နားထဲကို ဆံညှပ် ကလစ် အမည်းရောင်နှင့် တစ်ဆုံးထိုးထည့်လိုက်သည်။ နားထဲကနေ သွေးတွေ ထွက်လာပြီးနောက် ကျွန်မ ငိုတော့ မေမေ့ခမျာ ဆေးခန်းသို့ အမြန်ပို့ပေးရ သည်။ မေမေ အတော်လေး စိတ်ဆိုးသွားပြီး မမကို ကြိမ်တုတ်ကျိုးသည်အထိ ရိုက်ခဲ့သည်။ မမမှာ အရိုက်ခံရလို့ရော၊ ကျွန်မကို သနားလို့ရော ငိုရရှာသည်။ မမ အတွက် စိတ်မကောင်းဖြစ်ပေမယ့် ကျွန်မ၏ ညာဘက်နားက အကြားအာရုံ ကတော့ အကောင်းပတိ ပြန်မဖြစ်တော့ပါ။ သည်လောက် ဖြစ်တာတောင် ကျွန်မမှာ အကစားမက်သေးသည်။ သူများထက် အဆန်းထွင်ပြီး ကစားရတာ ကိုပဲ မက်မက်စက်စက်ရှိသည်။ အမှတ်မရှိတတ်။

ဘွားဘွားကတော့ သူ့မြေးပါ ရောယောင်ပြီး အရိုက်ခံရတိုင်း ကျွန်မကို တိုးလို့သာ စိတ်ဆိုးလေသည်။ ကျွန်မကလည်း မမကိုဆိုလျှင် အနိုင်ကျင့် စရာဟုသာ မြင်သည်။ ဥပမာ - ထီရောင်းတမ်း ကစားသည့်အခါမျိုး ဖြစ်သည်။ ကျွန်မက ထီလက်မှတ်အဟောင်းတွေနှင့် ထီဆိုင်ဖွင့် ထားသည်။

ထုံးစံအတိုင်း မမက ထီထိုးသူ ဖြစ်ရသည်။ တစ်ခါမှာတော့ သူကလည်း ကလန်ကဆန်၊ မထိုးနိုင်ဘူး ဆိုပြီး ပြတ်ပြတ်သားသား ငြင်းသည်။ ဝယ်လို အားက လိုက်မလာလေတော့ သူ စိတ်ဝင်စားအောင်လို့ ကျွန်မက ထီပေါက်စဥ် အရင်ရောင်းလိုက်သည်။ ထီရောင်းသူသည် ထီပေါက်စဥ် အရင် မရောင်းသင့် ဆိုသည်ကို အဲသည်တုန်းက ကျွန်မ မရိပ်မိခဲ့ပါ။

မမကလည်း လူလည်။ ကျွန်မ ထီပေါက်စဥ် ရောင်းတော့မှ ပေါက်စဥ်ကို အရင်ဝယ်ပြီး ပေါက်ဂဏန်းတွေကို ထီလာထိုးလေသည်။ ပေါက်မဲအဖြစ် ကျွန်မ၏ အရုပ်မတွေ တတိတိ ပါကုန်တော့ သူ့ကို ဆက်ပြီး မကြည့်ဖြူ နိုင်တော့။ အဲသည်တော့မှ ထီပေါက်စဥ် အရင်ရောင်းတာဟာ မှားမှန်း သိရတော့သည်။

သူကလည်း အလိုက်ကမ်းဆိုးမသိ၊ ပေါက်မဲတွေချည်း စွတ်ထိုး သည်။ ကြာတော့ သည်းမခံနိုင်ဘဲ သူ့ကို ကုန်းကိုက်ရာက ညီအစ်မ နှစ်ယောက် ရန်ဖြစ်ကြရသည်။

ညီအစ်မနှစ်ယောက် အမြဲတမ်း ရန်ဖြစ်နေတာချည်းပဲတော့ မဟုတ်။ နှစ်ယောက်သား တတွဲတွဲ ချစ်နေပြီး စိတ်ညီကြသည့်အခါများလည်း ရှိပါသည်။ ကျွန်မတို့နှစ်ယောက် အတည့်ဆုံး အချိန်ကတော့ မွေးနေ့ပွဲ ကျင်းပကြသည့် အခါမျိုးမှာပေါ့။ သူ့အရုပ်မက မွေးနေ့လုပ်လိုက်၊ သူက မွေးနေ့လုပ်လိုက်၊ ကျွန်မ အရုပ်မက မွေးနေ့လုပ်လိုက်၊ ကျွန်မက မွေးနေ့လုပ်လိုက်နှင့်။ ကျွန်မ တို့မှာ ကျောင်းပိတ်ရက်တိုင်း တစ်နေ့ အဝတ်အစား သုံးစုံလောက်လဲကာ မွေးနေ့ပွဲ ကျင်းပတမ်း ကစားကြလေသည်။ သည်လိုအခါမျိုးမှာ ညီအစ်မ နှစ်ယောက် ချစ်ကြည်ရေး ရတတ်သည်။ သီချင်းတွေ ဆိုလိုက်၊ အတူတူ တွဲကလိုက်နှင့် ပျော်ကြလေသည်။ ဒါတောင် မွေးနေ့ပွဲလုပ်နေရင်း ရွာထဲကို ဂျပန်ဝင်လာပြီဆိုသည့် ဇာတ်ကို ချက်ချင်း ပြောင်းလျှင်လည်း ပြောင်းကြသေးသည်။ မည်သို့ပဲ ဇာတ်ပြောင်းပြောင်း ညီအစ်မနှစ်ယောက်မှာ အတိုင်အဖောက် ညီလှလေသည်။

ဆိုခဲ့သလိုပါပဲ။ ကျွန်မ အဆန်းထွင်ပြီး ကစားသမျှ မမဟာ အမီ လိုက်နိုင်သူရယ်ပါ။ မြှောက်လည်း မြှောက်ပေးသေးသည်။ အတွဲညီကြ၏။ ဥပမာ - မြန်မာရုပ်ရှင်ဇာတ်ကားတွေထဲမှာ လူတစ်ယောက်ဟာ အရာဝတ္ထု ကြီးကြီးမားမား တစ်ခုခုနှင့် ခေါင်းကို တိုက်မိလျှင် အတိတ်မေ့တတ်သည်။ နောက်တစ်ကြိမ် သူ့ခေါင်းကို ခိုက်မိတော့မှပဲ အတိတ်ကို သတိရတတ်လေသည်။

သို့နှင့် ကျွန်မ၏ ခေါင်းကို ခြင်ထောင်တိုင်တို့၊ တံခါးပေါင်တို့နှင့် ဆောင့်မိလျှင် နာသည့် အကြောင်းကိုတောင် ချက်ချင်း မတွေးနိုင်သေးဘဲ အနားမှာ ရှိသည့် မမကို “ငါ အတိတ်မေ့သွားပြီလား မသိဘူး မမ” ဆိုကာ ပြူးပြူးပျာပျာ မေးရသည်။ သည်လိုဆိုလျှင် သူကလည်း ကျွန်မခေါင်းကို နှစ်ခါ၊ သုံးခါလောက် ဆင့်ခေါက်တတ်သည်။ သည်တော့မှ “တော်ပါသေးရဲ့... အတိတ်မမေ့တော့ဘူး” ဆိုပြီး ညီအစ်မ နှစ်ယောက် စိတ်ချလက်ချ ဖြစ်တော့သည်။

တစ်ခါတလေကျတော့ ကျွန်မက နေမကောင်းလျှင် အဆွေးမင်းသမီး လုပ်တတ်သေးသည်။

“ငါ မရှိတော့ရင်.. နင် ငါ့အရုပ်လေးတွေကို တောင်းစားရတဲ့ ကလေးတွေကို ပေးလိုက်ပါဟာ”

သည်လို ပြောလျှင် မမသည် ရုပ်ရှင်ထဲက သရုပ်ဆောင်တွေလို ခေါင်းကို ငိုက်စိုက်ချလျက် “အေးပါ ... စိတ်ချပါဟာ” ဆိုပြီး တုန်ယင်သော အသံဖြင့် ပြောပေးရသည်။ ပြီးတော့ အရုပ်ကို သူ ယူသိမ်းပေးထားသည်။ သုံး လေးရက် ကြာတော့ ကျွန်မက နေပြန်ကောင်းလာသည်။ နေလည်း ပြန်ကောင်းလာရော “ငါ့အရုပ် ပြန်ပေး” ဟု သူ့ကို ပြန်တောင်းသည်။ သူကလည်း “နင် ငါ့ကို ပေးပြီးသား” ဆိုပြီး ငြင်းသည်။ သည်လိုနှင့် ရန်ဖြစ်ကြပြန်သည်။

ကျွန်မတို့နှစ်ယောက် မှတ်မှတ်ရရ ချစ်ကြည်ရေးရဖူးသည့် အချိန်ကတော့ မန္တလေးမြို့မှာ လျှောင်အကြီးအကျယ် လုပ်မည်ဆိုသည့်သတင်း ခေတ်ထချိန် တုန်းက ဖြစ်သည်။ သည်တုန်းကတော့ ကျွန်မက သတ္တမတန်း၊ သူက အဋ္ဌမတန်းမို့ အရွယ်တော့ နည်းနည်းကြီးပါပြီ။ အဲ့သည်တုန်းက မြန်မာ့ခေမဂ္ဂဇင်းမှာလား၊

ခနမင်္ဂဇင်းမှာလား မမှတ်မိတော့ပါ။ မန္တလေးမြို့ကြီးမှာ ငလျင်အကြီးအကျယ် လှုပ်နိုင်သည့် နေရာမှာရှိသဖြင့် သတိထားသင့်သည့်အကြောင်း အထူးဆောင်းပါး ပါပါသည်။ မန္တလေးမှာလည်း ငလျင်လှုပ်မည် ဆိုသည့် ကောလာဟလတွေ တိုက်တိုက်ဆိုင်ဆိုင် ထွက်နေလေတော့ ဆောင်းပါးကို ဖတ်ပြီး ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ညဆိုလျှင် ဖြောင့်အောင်ပင် မအိပ်ရဲကြ။ ငလျင်က နေ့ခင်းဘက်မှာ လှုပ်လျှင် အကြောင်းမဟုတ်၊ ညအိပ်နေတုန်း လှုပ်ခဲ့လျှင် ဆိုသည့်အတွေး ဝင်လာတော့ ကြိုတင်ကာကွယ်မှု တစ်ခုခု လုပ်ထားရန် ညီအစ်မ နှစ်ယောက် အကြံထုတ်ကြသည်။

တခြားတော့ မဟုတ်၊ ညအိပ်နေတုန်းမှာ ငလျင်လှုပ်ခဲ့ပါက ထွက်ပြေး နိုင်လျှင်တောင် တိုက်ပြိုကျပြီး ခေါင်းကို ခဲမှန်ပါက မရှုမလှ သေပွဲဝင်နိုင်ခြေ များသည်လေ။ ဒါနှင့်ပဲ ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး အိပ်ကြဖို့ မမနှင့် အဖော်စပ်ကြည့်သည်။ သူကလည်း သဘောတူသည်။ သို့ပေမဲ့ ပြဿနာက အိမ်မှာ ဆိုင်ကယ်ဦးထုပ် တစ်လုံးတည်းသာ ရှိပါသည်။ နောက်ဆုံးတော့ မဲနှိုက်ပြီး ပေါက်တဲ့သူ ဦးထုပ်ဆောင်းကြေး သဘောတူကြပါသည်။ မဲနှိုက်ကြတော့ ပေါက်မဲရသူက ကျွန်မ။ ကတိအတိုင်း ကျွန်မက ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး အိပ်ခွင့်ရပြီး မမကတော့ ဒန်ဖလားဆောင်းပြီး အိပ်ပါသည်။

မန္တလေး၏ အပူကဲလှသည့် မေလ ညတွေမှာ ချွေးသံရဲရဲနှင့် ဦးထုပ်ကို မချွတ်ဘဲ အိပ်ကြသည်။ နှစ်ယောက်စလုံး ခေါင်းတွေနာပြီး အိပ်မရ။ ဒန်ဖလားစွပ်ပြီး အိပ်သူ မမကတော့ ပိုပြီး ဆိုးတာပေါ့။ သူ့ခမျာ ဟိုဘက်၊ ဒီဘက် စောင်းလိုက်တိုင်း ဂလုံး... ဂလုံး မြည်သံနှင့်အတူ လူလည်း အတော်မသက်မသာ ဖြစ်ရလေသည်။ နှစ်ညလောက် အိ်ပြီးသည့် နောက်မှာတော့ ကျွန်မတို့ ထပ်ပြီး မခံစားနိုင်တော့။ ဒါတောင် စိတ်က မပြတ်။ ဦးထုပ် ဆောင်းပြီး မအိပ်ကြတော့သော်လည်း အိပ်ရာဘေးမှာတော့ ဦးထုပ်ကို ထားအိပ်ပါသေးသည်။ ငလျင်လှုပ်သည်နှင့် တစ်ပြိုင်နက် ကောက်ပြီး ဆောင်း နိုင်အောင် ဖြစ်ပါသည်။

ညီအစ်မနှစ်ယောက် အမှတ်မရှိပြန်တော့ လူမည်းကြီး ဇာတ်လမ်း မှာလည်း အကြောက်လွန်ကြပြန်သေးသည်။ လူမည်းကြီးဇာတ်လမ်း ဆိုတာ ကတော့ ၁၉၉၇ ခုနှစ် နွေရာသီနှောင်းပိုင်းတွင် မန္တလေးမှာ လူပြောများသည့် ကောလာဟလတစ်ပုဒ်ပေါ့။ ဖြစ်ပုံက စစချင်းမှာ မဟာမုနိဘုရားကြီး ဝမ်းဗိုက်တော် အဖောက်ခံရသည် ဆိုသည့် သတင်းက အရင်ဆုံး လူပြော သူပြော များလာခဲ့ပါသည်။ သည့်နောက် မကြာပါ။ ကုလား-ဗမာ ရိုက်ကြ နှက်ကြသည့်ကိစ္စများ ဖြစ်လာသည်၊ မန္တလေးမြို့တွင် ညမထွက်ရအမိန့် ထုတ်လိုက်ရသည်။

သည့်လိုအချိန်မှာ မည်သူက စလိုက်သည် မသိ။ ညမထွက်ရအမိန့် ထုတ်ထားသည့် အတောအတွင်း မိန်းကလေးတွေရှိသည့် အိမ်ကို လူမည်းကြီး တက်လာသည် ဆိုသော သတင်းတွေ အရပ်ထဲမှာ ပျံ့နှံ့လာပါသည်။ လူမည်းကြီး မလာအောင် ကလေးဆိုလည်း ကလေးမို့၊ အပျိုဆိုလည်း အပျိုမို့ အိမ် ခါးပန်းမှာ စာရေးရမတဲ့။ ရေးရမည့်စာက “ကလေးမရှိ... ချွေးရှိသည်” တဲ့။ လူမည်းကြီးကို ကြောက်သည့်စိတ်နှင့် ကျွန်မတို့လည်း ချွေးအဖြစ်ခံကာ အများနည်းတူ ကလေးမရှိ၊ ချွေးရှိလိုက်ကြလေသည်။ သည့်အပြင် လူမည်းကြီးက မီးရောင်ကို ကြောက်သည်ဟု ကြားပြန်တော့လည်း ညီအစ်မ နှစ်ယောက် စလုံး လက်နှိပ်ဓာတ်မီးကို လက်က မချစတမ်းကိုင်ပြီး အိပ်ကြပြန်ပါသည်။ နည်းနည်းမျှ အိပ်ကောင်းခြင်း မအိပ်ခဲ့ရ။

သည့်အကြောင်းတွေကို ဘွားဘွား သိတော့ သူ့မြေးကို ဆူသည်။ ပြောလည်း ပြောသေးသည်။ "ညည်းညီမနဲ့ ကြာကြာပေါင်းရင် ညည်းပါ ရူးသွားမယ်" တဲ့။ ကျွန်မကလည်း သေးသေးတင် မခံ။ ဘွားအေကို ပြန်ကာ လှန်ကာ ပြောသည်။

"ကျွန်တော် ကြီးလာလို့ ပိုက်ဆံရှာနိုင်ရင် ဘွားဘွားကို ထမင်း သုံးရက် မကျွေးဘူး"

"အေးပါအေ... ကြီးပွားမယ့် ဟာမလေးပါ.. ကြီးပွားပါစေ တော်... ကြီးပွားပါစေ"

သည်လိုသာ မြေးအဘွားနှစ်ယောက် အပြန်အလှန် ပြောပြီး စကားနိုင် လုကြတာပါ။

ကျွန်မတို့ ကြိုးခုန်တမ်း ကစားကြလျှင်တော့ ဘွားဘွားခမျာ ကျွန် ကြိုးတစ်စကို အမြဲကိုင်ပေးရပါသည်။ ကြိုးတစ်စကို မမက ကိုင်ပေးလျှင် ကျန်တစ်ဖက်ကို ရေအိုးစင်တိုင်တွင် ချည်ရပါသည်။ သို့ပေမဲ့ ရေအိုးစင် တိုင်က အရှည်လှကြီး မဟုတ်တော့ အဆင်မပြေလှပါ။ ဘွားဘွားကိုသာ ပေးကိုင်ရသည်။ ဘွားဘွားကို ကြိုးကို ဒူးမှာ အရင်ထား၊ ဒူးကို ကျော်နိုင်လျှင် ပေါင်ကို တက်၊ ပေါင်ပြီးလျှင် ပေါင်ရင်း၊ ခါး စသည်ဖြင့် သတိပေး နေရသည်။

"ဘွားဘွား ... ပေါင်ရင်းလေ ... ပေါင်ရင်း ... ငေးမနေနဲ့ဦး"

"အဲ့ဒီဆေးပေါ့လိပ်ကြီး ချထားစမ်းပါ ဘွားဘွားရဲ့... ကျွန်တော်တို့ ချိုင်းရောက်သွားပြီ"

သည်လိုဆိုလိုက်လျှင် ဘွားဘွားခမျာ "အေးပါ ... ငါ လုပ်ပေးနေ တာပဲဟာ" ဆိုပြီး မြေးတွေကို ပွတ်တွတ်ပွတ်တွတ် ပြောလျက်ကပင် အလိုလိုက်ရရှာသည်။ ထိုအခါများတွင် ဘွားဘွား၏ မျက်စောင်းသည် ချစ်စရာကောင်းသည်။ မျက်စောင်းချိတ်လျက်ကပင် ဘွားဘွားမျက်နှာသည် ကြည်နေ၏။ လင်းနေ၏။ မျက်ဝန်းများကား ရွှန်းလဲ့နေ၏။ သူ့မျက်နှာက ပြုံးတုံးတုံးကြီး ဖြစ်သည်။

ညအခါ လသာသာ

ကစားမလား၊ နားမလား။

ဘွားဘွားရေ...

ချစ်သလား၊ မုန်းသလား။

ချစ်ပါတယ်။ ချစ်ပါတယ်။

စိတ်လက် ကြည်သာချိန်မို့ ကျွန်မ ရွတ်နောက်နောက်နှင့် ကဗျာ စပ်ပြီး ဘွားဘွားကို စ နောက်သည်၊ ထိုအခါတွင် ဘွားဘွားသည် ရက်ကိုးရက်ကန်း ဖြစ်နေတတ်ပြီး ရက်ပြုံးပြုံးတတ်သေးသည်။ သူပြုံးသည် ကိုပင် ကျွန်မ မြင်မှာကိုလည်း သူ့ခမျာ စိုးသေးသည်။ သူ ပြောသည်မှာ "ဒီဟာမလေး ဘယ့်နှယ်ဟာလေးမှန်းကို မသိဘူး" တဲ့။ ကျွန်မ မနောက်ပါ။ ဘွားဘွားကို ကျွန်မ

ချစ်ပါသည်ဟု ထပ်မံ အတည်ပြု၍ ဆိုချင်ပါသည်။ တကယ်တော့ ဘွားဘွားဟာ ဘွားဘွားဟု ဆိုခြင်းထက် ကျွန်မ၏ ကစားဖော် မဟုတ်ပါလား။

❑

(၇)

ရွှေလမှာ ယုန်ဝပ်၊ ဆန်ဖွပ်သည့် အဘွားအို

အရှေ့အရပ်ဆီကနေ ပြည့်လင်းသော လဝန်းကြီး တဖြည်းဖြည်း မြင့်တက်လာသည်ကို တစိမ့်စိမ့်ကြည့်ဖူးပါသလား။ လယ်ကွင်းပြင်ကနေ ကြည့်လျှင် ပို၍ထင်ရှား ဝင်းပသော လပြည့်ဝန်းကို ငွေရည်ပြည့်နေသော စဉ့်အိုးအဝကို မြင်ရသည့်အလား ဝိုင်းဝိုင်းစက်စက် ဖိတ်ဖိတ်လက်လက် မြင်ရတတ်သည်။ ဘဝတစ်သက်တာတွင် လယ်တောစပ်ကနေ လပြည့်ဝန်းကို ကြည့်ဖူးသည့် အခွင့်အရေးမျိုး တစ်ခါသာလျှင် ရှားရှားပါးပါး ရခဲ့ဖူးပါသည်။ မြို့ပြနေသူ အဖို့မှု အများအားဖြင့် လပြည့်ဝန်းကို မြင်ချင်လျှင် တိုက်ခေါင်မိုးအပေါ်သို့ တက်ကြည့်ရသည်ကိုး။

ထိုအခါမျိုးတွင် ဆရာကြီးတင်မိုး၏ "အမေ့ကျောင်း" ကဗျာကို သတိရမိသည်။

"ဖိုးလဝါဝါ ပြူကာထွက်တော့... ကျောင်းတက်ချိန်လို့ မှတ်ရတယ်၊ အမေ့ရင်ခွင် ထိုင်ခုံလုပ်လို့... ငုတ်တုတ်ကလေး ထိုင်ပါ့မယ် ၊ ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့ ... ကြယ်ဝလုံးတွေ ရေးရတယ်"

ထိုကဗျာကို နှုတ်က ဖွဖွရွတ်ဆိုမိလျှင်တောင် မည်သည့်အခါမှ အဆုံးအထိ မရောက်ခဲ့ပေ။ "ရွှေကျား ရွှေယုန် ပုံပြင်ခင်းတော့... အင်း အင်း လိုက်ကာ နားထောင်မယ်" ဆိုသည့် စာကြောင်းရောက်လျှင်ပင် အသံတို့ ရှတလျက် မိန်ဖျော့တိုးဝင်သွားတတ်သည်။

ငယ်စဉ်က လပြည့်ညဆိုလျှင် "ရွှေလမှာ ယုန်ဝပ်တာ... အဘိုးအို မဟုတ်ဘူး... အဘွားအို... မယုံရင် သေချာကြည့်" ဆိုသော ဘွားဘွား ပြောခဲ့ဖူးသည့် စကားသံကို ကြားယောင်လာမိသည်။ အဘိုးအိုလား၊ အဘွားအို လား ဆိုသည်ကို လပြည့်ညရောက်လျှင် စိတ်ကူးပေါက်တိုင်း ညမီးအိမ်ကို ကြည့်လျက် မြေးအဘွားတွေ အပျော်သဘော ငြင်းခုံကြစမြဲ။ သည်လိုနှင့် အရှေ့အရပ်ကနေ ပွင့်အာလင်းလက် ထွန်းမြင့်လာသည့် စန်းလသီတဂူကို မြေးအဘွား သုံးယောက် ဒူးကို လက်ဖြင့် ပိုက်လျက် ဆောင့်ကြောင့်ထိုင်ကာ မျှော်ကြည့်တတ်ခဲ့ကြသည်။

လဝန်းပေါ်က ဆန်ဖွပ်နေသော ပုံရိပ်သည် အဘိုးပုံဖြစ်စေ၊ အဘွားပုံ ဖြစ်စေ၊ ပြင်ပလောကတွင်တော့ ကျွန်မဘွားဘွား၏ အလုပ်မှာ ဆန်ဖွပ်ရခြင်းထက် ပိုပါသည်။ ဘွားဘွားသည် အသက်ကြီးသူ ဖြစ်ပေမယ့် သူ့အချိန်ကိုတော့ သူ လေးစားသည်။ မနက်အိပ်ရာ ထချိန်၊ ဈေးဝယ်ချိန်၊ ချက်ပြုတ်ချိန်၊ နေ့ခင်း တစ်ရေးအိပ်ချိန်၊ ညနေစာ ချက်ချိန် အိပ်ချိန် စသည်ဖြင့် စည်းစနစ် ကျနေသည်။ နေ့ခင်း တစ်ရေးအိပ်ချိန် ဆိုသည်ကလည်း ခဏတစ်ဖြုတ်သာ။ တကယ်တော့ ဘွားဘွားမှာ နားချိန် မရှိ။ ရေးအဘွားကြီးမို့ အစစအရာရာ စေ့စပ်၏။ ချက်ပြုတ်ရာမှာလည်း အချိန်မှန်၊ စားတာ သောက်တာမှာလည်း အချိန်မှန်သည်။ နံနက် ၇ နာရီ တစ်ကြိမ်၊ ၁၁ နာရီ တစ်ကြိမ်၊ ညနေ ၅ နာရီတစ်ကြိမ် စသည်ဖြင့် အချိန်မှန် စားတတ်သည်။

ဆောင်းတွင်း မနက်ခင်း ဆိုလျှင် နံနက်ခင်း နေရောင်ပျပျအောက်တွင် အအေးဓာတ်ကြောင့် ခဲလျက်ရှိသော အုန်းဆီပုလင်းကို နေရောင်ပြနေသော ဘွားဘွားကို လှုပ်လီလှုပ်လဲ့ တွေ့နိုင်ပါသည်။ ကျန်သည့် နေ့လယ် အချိန်များ တွင်မူ ထမင်းခြောက် လှန်းချင်လှန်း၊ မဟုတ်လျှင် ခရမ်းသီးကို ထက်ပိုင်း ခြမ်း၍ ဝက်သားနှင့် ချက်ရန်အတွက် ခရမ်းသီးခြောက် လှန်းချင်လှန်း၊ သို့မဟုတ်လျှင် အပွေးကုန်သော သနပ်ခါးများကို ကြိတ်စက်သို့ပို့၍ ကြိတ်ပြီး သည့်နောက် ရလာသည့် သနပ်ခါးအနှစ်တွေကို လက်တို့၊ ခြေထောက်တို့ လိမ်းရန်အတွက် သူကိုယ်တိုင် သနပ်ခါးခဲလေးတွေ လုပ်ပြီး နေလှန်းချင် လှန်းနေတတ်သော ဘွားဘွားကို တွေ့ရတတ်ပါသည်။

မြန်မာနှစ်ကူးချိန် နီးလျှင်တော့ တစ်အိမ်လုံးမှာ ရှိသည့် ဟောင်းနွမ်း ဆွေးမြည့်နေသည့် ပစ္စည်းပစ္စယတွေကို လွှင့်ပစ်ဖို့ရာ ဘွားဘွားမှာ ဟိုသိမ်း သည်သိမ်း လုပ်ချေပြီ။ သို့ပေမဲ့ ဘွားဘွားဟာ အနုမြောကြီးတတ်သူရယ်ပါ။ လွှင့်ပစ်မည့် ပစ္စည်းတွေကို သူ့ဘာသာ ပြန်ပြီး စစ်လိုက်လျှင် တကယ့်တကယ် ပစ်မည့်ပစ္စည်း ဆိုသည်မှာ မကျန်တော့လောက်အောင် နည်းသွားတတ်သည်။ အထူးသဖြင့် ကြွပ်ကြွပ်အိတ်တွေ ဆိုလျှင် သေချာထုပ်ပိုးထားသည်။ အိမ်မှာ ကြွက်အောင်းမည်ကို စိုးသဖြင့် ကျွန်မတို့က ဘွားဘွား စုထားသည့် ကြွပ်းကြွပ်အိတ်တွေကို ရမည်ရှာပြီး သူ မသိအောင် လွှင့်ပစ်ကြသည်။ သူက မြေးတွေ မသိအောင် အသာပြန်ကောက်ယူပြီး သိမ်းတတ်သည်။ သူ သိမ်းထား တာကို ကျွန်မတို့ မြင်လျှင် မြေးအဘွားတစ်တွေ စကားများကြပြန်ပါသည်။ သို့ပေမဲ့ တစ်နှစ် တစ်ခါ ရေအိုး လဲတတ်သည်ကတော့ ဘွားဘွား၏အကျင့် ဖြစ်သည်။ တပေါင်းလဆန်းလောက်တွင် "ပြာသိုအိုးတွေ… ပြာသိုအိုး" အော်ရောင်းသည့် အိုးသည်ကို တမင်စောင့် ဝယ်လေ့ရှိသည်။ ပြာသိုအိုးထဲတွင် သိပ်ထားသော သောက်ရေသည် စိမ့်သည်၊ အေးသည်၊ မွှေးသည်၊ ချိုသည်ဟု ဘွားဘွား ထင်သည်။

မနက်မိုးလင်းလျှင် ကျွန်မတို့အတွက် လက်ဖက်ရည် ဝယ်ရာမှာလည်း ဘွားဘွားဟာ သူ အသက်ရှင်နေစဉ် ကာလတစ်လျှောက်လုံး အိမ်မှာ ရှိသည့် ဒန်ချိုင့်ကိုသာ သုံးခဲ့ပါသည်။ အိမ်မှာ ဘဘတို့၊ ဖေဖေတို့၏ ပုဆိုးတွေ စုတ်လျှင် ပထမတော့ လက်သုတ်ပဝါအဖြစ် ကျွန်မတို့ သုံးရသည်။ လက်သုတ် ပဝါ အတော်ညစ်တော့ အနှီးအဝတ်မှာ လက်နှီးစုတ်အဖြစ်သို့ ရာထူးကျရသည်။ သို့မဟုတ်လျှင် ကြမ်းတိုက်စရာ အဝတ်အဖြစ်ပေါ့။ နောက်ဆုံးအဆင့်ကား ခြေသုတ်ဖုံ ဖြစ်သည်။ ဖျင်ကြမ်းလက်သုတ်ပဝါ ဆိုသည်မှာ ဧည့်ကောင်း ဆောင်သည့်အတွက်သာ ဖြစ်၏။ ထို့အတူ အညာအခေါ် တိုက်ပန်းကန် (ကြွေပန်းကန်) ဆိုသည်မှာလည်း ဧည့်သည်အတွက်သာ ဖြစ်သည်။ ကျွန်မတို့အိမ်မှာ ဘဘကလွဲပြီး ကျန်တစ်မိသားစုလုံးကတော့ သံဇလုံ၊ သံပန်းကန်ပြားနှင့်သာ စားကြရပါသည်။

အစားအသောက် ဆိုလျှင်လည်း အသားဟင်း ဆိုလျှင် ဘယ်နတုံး၊ အသီးအရွက်ဟင်း ဆိုလျှင်လည်း ဘယ်ရွှေဘယ်မျှ စသော ခွဲတမ်းနှင့်သာ စားရသည်။ ကျွန်မတို့၏ ကျောင်းမုန့်ဖိုးမှာလည်း ဘွားဘွား ပေးသော အချင့်အချိန်အတိုင်းသာ ယူရပါသည်။ ကျွန်မ သူငယ်တန်းတက်စဉ်က နေ့စဉ် မုန့်ဖိုး ငါးမူးရခဲ့ပြီး ပထမတန်းတွင် တစ်ကျပ် စရသည်။ တတိယတန်း ရောက်တော့ သုံးကျပ်၊ ပဉ္စမတန်းမှာ ငါးကျပ်၊ သတ္တမတန်းနှစ်တွင် တစ်ဆယ် ရပါသည်။

အသား၊ ငါး၊ ဟင်းရွက် သွားဝယ်တိုင်းလည်း ပေါက်ပြဲနေသည့် ပလက်စတစ်

ခြင်းတောင်းကို အပေါက်နေရာမှာ ကြေးနန်းကြိုးတွေနှင့် တုပ်နှောင်ပြီး အသုံးပြုသည်။ ယခုခေတ်လို အသိဉာဏ် ပွင့်လင်းလာသည့် အလျောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အမြင်နှင့်ကြည့်လျှင် ဘွားဘွားတို့လို အမူအကျင့်ရှိသည့် ရှေးလူကြီးသူမများကို ဂုဏ်ထူးဆောင်ဆု ပေးသင့်သည်ပေါ့။ သို့ပေမဲ့ အဘွားကိုယ်၌ကတော့ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုတွေ၊ ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုတွေအကြောင်း လက်လှမ်းမီသူ မဟုတ်ပါ။ ပစ္စည်းအဟောင်းအနွမ်းတွေကို တသသ သိမ်းဆည်းတတ်သည့် အကျင့်မှာ တကယ်တော့ သူ ပိုင်ဆိုင်သမျှ ဘာလေးပဲ ဖြစ်ဖြစ်၊ ပိစိလေး ဖြစ်လျှင်တောင် တန်ဖိုးထားပြီး တွယ်တာတတ်သည့် စိတ်ကြောင့်သာ ဖြစ်ပါသည်။

သူ စုဆောင်းထားသည့် အရာများထဲတွင် ရှေးခေတ် တိုက်ပန်းကန်ပြားတွေ၊ ရေနွေးကရားတွေ၊ လက်ဖက်ရည်အချို့ ပန်းကန်ဆက်လိုက် ပုံစံမျိုးစုံ ပါပါသည်။ တချို့တွေက ကျွန်မအဘိုး စက်ပိုင်ဘ၀ ရွှေထီးဆောင်းစဉ်က ဝယ်စုခဲ့တာတွေ ပါသလို တချို့ဟာများကတော့ ဘွားဘွားဘာသာ ဘုရားပွဲ တွေမှာ မဲပေါက်လာတာရယ်ပါ ။

ဘွားဘွား၏ ဝါသနာကလည်း တစ်မျိုး။ ဘုရားပွဲတွေမှာ မဲပေါက်လို ပေါက်ငြား တစ်စောင်ပြီး တစ်စောင် ဝယ်ရသဖြင့် မဲအတွက် ကုန်ကျသည့် ငွေကိုတော့ ထည့်မတွက်ဘဲ ဘာပဲပေါက်ပေါက်၊ ယုတ်စွအဆုံး တန်ဖိုးမရှိသည့် ပစ္စည်း ပေါက်လျှင်တောင် ကျေနပ်နေတတ်ပါသည်။ များသောအားဖြင့် သူ မဲပေါက်လာရတာတွေက ပန်းကန်တွေပေါ့။ သူ့ပန်းကန်ပြားတွေကို သူ့ ချစ်းမြေး ကျွန်မအစ်မကပဲ ငယ်ငယ်က စိတ်ကောက်တိုင်း စိတ်လိုလက်ရ ခွဲပစ်တတ်သည်။ မည်မျှလောက် သူ မြတ်နိုးသည့်ပစ္စည်း ဖြစ်ပါစေ .. သူ့မြေး လုပ်သမျှကိုတော့ အတားအဆီး မရှိ၊ တပြုံးပြုံးနှင့် လက်ခံနေတတ်သည်။ မဲပေါက်တာအပြင် ဘုရားပွဲက ခြောက်ကောင်ဝိုင်းတွေဆီကနေလည်း ပန်းကန်တွေ ရလာဖူးပါသည်။

“ညည်းတို့က ခေတ်ပျက်၊ ခေတ်ကျပ်ကို ကြုံခဲ့ဖူးတာ မဟုတ်ဘူး… ဒီတိုက်ပန်းကန်ပြား (ကြွေပန်းကန်ပြား) တွေဆိုတာ ဟိုခေတ်က (မဆလခေတ် ကို ဆိုလိုသည်) လွယ်လွယ်နဲ့ ရတာ မဟုတ်ဘူး … ငါ့မှာ ဘုရားပွဲဈေးထဲက ခြောက်ကောင်ဝိုင်းမှာ နိုင်လို့ ရတဲ့ တိုက်ပန်းကန်ပြားတွေ ဟော ဟိုဟာမ (မမကို လက်ညှိုးထိုးလျှက်) ငယ်ငယ်က ခွဲပစ်တာလေ… ချစ်လို့သာ မပြောဘဲ ကြည့်နေရတယ်… နှမြောချက်”

ကျွန်မတို့ လူဖြစ်စတွင် ဘွားဘွားတို့တုန်းက တစ်နံတစ်လျား ကြာမြင့်စွာ ဖြတ်သန်းခဲ့ရသော တစ်ပါတီစနစ်ခေတ်လောက် မကျပ်တည်း တော့သော်လည်း ၁၉၉၀ ပြည့်နှစ်ဝန်းကျင် အစောပိုင်း ကာလများတွင် ပစ္စည်းပစ္စယဟူသည့် တိုရှေရှားရှေ နိုင်သေးသည်။ မိသားစု မုန့်ပုံးဟူသည် မှာလည်း ဧည့်သည်အတွက်သာ ဖြစ်သည်။ လိမ္မာလွန်းသော ကလေးအဖြစ် ဘွားဘွားက စိတ်တိုင်းကျ အသိအမှတ်ပြုပါလေမှ စားခွင့်ရသော ဆုလာဘ် ဖြစ်သည်။ ကံကောင်းထောက်မ၍ စားခွင့်ရလျှင်တောင် သိမ်းထားတာ ကြာလွန်းလှသဖြင့် ကုန်ဆုံးရက်စွဲမှာ အတော်ကို လွန်နေပါပြီ။ ဒါကိုပဲ မက်မက် စက်စက် ရှိရသည်။

သည့်အပြင် ကျွန်မအဘွားတွင် စိတ္တဇတစ်ခု ရှိသည်။ နေဝင်ရီတရော အချိန်တွင် ဘဘ ရေဒီယိုဖွင့်တိုင်း သူကပါ မယောင်မလည် နားစွင့်တတ် သေးသည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး စသည့် နိုင်ငံရေးကို သူ နားမလည် သော်လည်း ဘဘက

သူ့နိုင်ငံရေးမိတ်ဆွေများနှင့် စကားစမြည်ပြောလေတိုင်း "တိုင်းပြည်က တစ်ခုခုတော့ ပြောင်းလဲတော့မှာပါ" တို့၊ "အရေးကြီး လာပြီ" တို့ကို လေသံကြားရုံမျှနှင့်ပင် ဘွားဘွားမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို ပြေးဝယ်ထားတော့သည်။ ပြီးတော့ သူတင် ဝယ်တာ မဟုတ်၊ ဘေးအိမ်က အိမ်နီးချင်းတွေကိုပါ မောင်းခတ်သေးသည်။

"ကောင်မတွေ… ညည်းတို့ .. ဝယ်စရာရှိတာ ဝယ်ထားကြတော့… အိမ်က အဘိုးကြီးက ပြောနေတယ်… တိုင်းပြည်က လှုပ်တုတ်လှုပ်တုတ်ပဲတဲ့" ဟူ၍များ ဖောက်သည်ချလျှင် ဘေးအိမ်က အပေါင်းအဖော်များပါ ရောယောင်ပြီး သူ့လို ဆန်စု၊ ဆီစု စုကြရတော့သည်။

သည်လိုနှင့် ကျွန်မတို့အိမ်မှာ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲ လုပ်တော့လည်း ဆန်၊ ဆီဝယ်ရ၊ အမတ်များ အဖမ်းခံရတော့လည်း ဝယ်ရ၊ အမျိုးသား ညီလာခံကနေ အမျိုးသားဒီမိုကရေစီအဖွဲ့ ထွက်ခွာသွားပြီဟူသော သတင်း ကြားတော့လည်း ဝယ်ရ၊ စီးပွားရေးပိတ်ဆို့သည့် သတင်းကြားတော့လည်း ဝယ်ရ၊ လယ်ယာမြေတွေ တပ်မတော်အစိုးရ သိမ်းသည်ဟု ကြားတော့လည်း ဝယ်ရ၊ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်သည်ဟု ကြားတော့ လည်း ဝယ်ရ၊ ပြန်ဖမ်းပြန်ပြီဟု သိရပြန်တော့လည်း ဝယ်ရ၊ သည်အထဲ ဆန်အသစ်ပေါ်ချိန် ရောက်လျှင်လည်း ဝယ်စုရနှင့် ဝယ်မဆုံးအောင် ရှိနေသည်။

အဘိုး၊ အဘွားတို့၏ ထုံးစံက ဆန်ဝယ်လျှင် တစ်အိတ်တစ်ပိုင်း မဝယ်တတ်၊ တစ်နှစ်စာ မဝယ်လျှင်တောင် နွေဦးပေါက်ပြီးသည့်နောက် အခါကူးမတိုင်မီတွင် အနည်းဆုံး ခြောက်လစာတော့ ဝယ်စုထားတတ်သည့် အလေ့အကျင့်လည်း ရှိပါသေးသည်။ သည်လို ဝယ်စုထားသည့် ကြားကနေ ရုတ်ရုတ်ရက်ရက် အသံကြားလျှင် သူတို့၏ စုဆောင်းမှုကို နှစ်ဆ မြှင့်တင်လေ၏။

"ညည်းတို့ ဘာသိလို့တုံး… တိုင်းပြည်ပျက်သို့ ပြေးဟယ် လွှားဟယ် ဆိုရင် ဟင်းမပါရင် နေပလေ့စေ … ဆန်ရှိရင် အသက်ရှင်နိုင်သေးတယ် … ထားတော့… ဆီတို့၊ ဆားတို့၊ ငရုတ်တို့၊ ကြက်သွန်တို့ မရှိရင်တောင်အေ… ဆန်ကတော့ အရေးကြီးတယ်"

ဘွားဘွားကတော့ သူ့အဘိဓမ္မာနှင့် သူ ဟုတ်နေသည်။ ကျွန်မတို့ ကတော့ ဟင်းမပါဘဲ မစားချင်ကြသဖြင့် တိုင်းပြည် မပျက်ပါစေနှင့်လို့သာ ဆုတောင်းကြသည်။ သည်အထဲ အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့၍ ကုန်ဈေးနှုန်းတွေ တဖြည်းဖြည်း တက်လာတော့ ဈေးချိုကနေ ပစ္စည်းဝယ်ရာ ကနေ ပြန်လာတိုင်း မေမေ့ ညည်းသံမှာလည်း ပိုပြီး ကျယ်လောင်လာသည်။

"ဒီနေ့ ရောင်းတဲ့ဈေးနဲ့ မနက်ဖြန် ပြန်ဝယ်ရင် မရတော့ဘူး … ဈေးတက်တာကလည်း တစ်နေ့ တစ်နေ့ တူကို မတူဘူး … နို့ဆီ၊ သကြား၊ ခေါက်ဆွဲ၊ ဆေးလိပ် အကုန်တက်တာပဲ… ဒီကြားထဲ ပက်စီနဲ့ ဆဲဗင်းအပ်က ကုမ္ပဏီသိမ်းတော့မယ်တဲ့… နွေရာသီမှာ ရေခဲလေးစိမ်ပြီး ရောင်းရမလား တွေးနေတာ… သွားပါပြီ"

မေမေက ဘာဘာကို ကုန်ဈေးနှုန်းအကြောင်း ညည်းညူ တိုင်တည်တာကို ကျွန်မတို့ မြေးအဘွားတစ်တွေ နားစွင့်နေရင်းက ဘွားဘွားက "ငါ မပြော ဘူးလား"

ဆိုပြီး လက်တို့တတ်သေးသည်။ ကျွန်မကတော့ “ဘွားဘွားရယ်… တိုင်းပြည်ပျက်ရင် … ဟင်းမကောင်းချင်နေပါ … မြူရွက်သုပ်နဲ့ ချဉ်ပေါင်ဖူး ထောင်းတော့ ကျွေးပါနော်.. အသားဟင်းမှ မဟုတ်တာဘဲ .. သိပ်စျေးကြီးမှာ မဟုတ်ပါဘူး” ဆိုကာ ဘွားအေကို အတွန့်တက် စျေးဆစ်မြဲ ဖြစ်သည်။

ဘွားဘွားက ဟင်းချက်တော့ ကောင်းသည်။ သူ ချဉ်ရည်ဟင်း ချက်လျှင် ဝေ့ဝဲတက်လာသည့် အနံ့ကိုခံရင်း သွားရည် အနိုင်နိုင်သိမ်းရ ပါသည်။ ဝက်သားနှင့် ခရမ်းသီးခြောက်၊ ဝက်သားနှင့် သရက်ချဉ်ချက်၊ ဝက်သားနှင့် အင်ဥချက်၊ ငါးပိတလီမ့်ထိုးကြော်၊ ငါးမြင်းဆီပြန်၊ ပုစွန်ချဉ်ကြော်၊ ခွေးတောက်ရွက် ဟင်းချို၊ လက်ပံခေါင်းချဉ်ရည်၊ ထနောင်းရွက်သုပ်၊ တရုတ်စံကားဖူးသုပ်၊ သမုန်းဖူးသုပ်၊ မြူရွက်သုပ်၊ သခွပ်ပွင့်သုပ်၊ ငံပြာရည်ချက်နှင့် ရေစ်ပြုတ်တို့၊ အဝေရာရွက်ပြုတ်တို့ အစရှိသည့် အညာဟင်းတွေ အပြင် ဖားသားခြောက်ကြော်၊ ယုန်သားဟင်း၊ တစ်ခါတလေ မဟာမြိုင်တော ကနေ ရလာတတ်တဲ့ ဆတ်သား၊ ချေသားနှင့် ပျားသလက်တွေကိုလည်း အရသာရှိအောင် ချက်တတ်သည်။ မိုးတွင်းလို လေရော မိုးရော ကြီးနေချိန် မျိုးမှာ စျေးမသွားနိုင်၍ ပဲကြီးနှင့် ဆူးပုပ်ဟင်းချို၊ ပဲတီချဉ်နှင့် ငရုတ်သီး ကြော်လောက်ပဲ လုပ်ပေးလျှင်တောင် အဘွား လက်ရာကြောင့် ကျွန်မတို့မှာ ထမင်းစားမြိန်လှသည်။

ဘွားဘွားသည် တစ်ပတ် တစ်ခါ၊ ဒါမှမဟုတ်၊ ငရုတ်၊ ဆား၊ ကြက်သွန် ကုန်ချိန်လောက်မှ ဘုရားကြီးစျေးကို သွားတတ်ပါသည်။ အများအားဖြင့်တော့ အိမ်ရှေ့ကို လာသည့် ခေါင်းရွက်ဗျပ်ထိုး စျေးသည်တွေဆီကနေ ဝယ်ပါသည်။ အထူးသဖြင့် နွေဦးရာသီတွင် ဘွားဘွား ချက်သမျှကို အားပါးတရ လွေးပြီး သူ တခုတ်တရ ဝယ်ကာ သဲတွင် အေးအောင် စိမ်ထားသော ပြာသို အိုးထဲက ရေကြည်တစ်ပေါက်လောက်ကိုများ ခပ်သောက်လိုက်ရလျှင်ကိုပင် လူဖြစ်ကျိုးနပ်လှသည်ဟု စည်းစိမ်ကြီးချင်စရာ။ ကျွန်မကတော့ ကလေးပီပီ တိုင်းပြည်ပျက်မည့် အရေးကို အစားအသောက်နှင့်သာ ယှဉ်ပြီး တွေးပါသည်။

“စီးပွားရေးပိတ်ဆို့ရင် ချဉ်ပေါင်ဖူး စားရဦးမှာလား”

သည်လို တတွတ်တွတ် မေးလို့လည်း အဆူခံရဖူးပါသည်။ ဘေးအိမ်တွေကလည်း ညတိုင်း ရေဒီယိုသတင်း ပြီးသည်နှင့်-

“ဒေါ်ဒေါ်ရေ… ဒီနေ့ကော ဘာထူးသတဲ့တုံး”

လှမ်းမေးတတ်ကြသည်။ သို့ကလို အရေးတယူ အမေးခံရတာကို ဘွားဘွားကလည်း ကျေနပ်သည်။ ဘွားဘွား၏ သက်တမ်းတလျှောက်တွင် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဖဆပလ ပြည်တွင်းဆူပူမှု အစရှိသည့် မငြိမ်းချမ်းသော ကာလများကိုသာ ကြုံခဲ့ရသည် ဖြစ်၍ “တစ်နေ့နေ့တော့ တိုင်းပြည် ပျက်မှာပဲ” ဆိုသည့် တရားသေစိတ်က စွဲလမ်းနေသည်။

ဘွားဘွားသည် ညအိပ်ရာမဝင်ခင်တွင် အိမ်ရှေ့ ကွပ်ပျစ်ပေါ် ထိုင်ရင်း ပုတီးစိပ်တတ်သည်။ သူ ပုတီးစိပ်သည် ဆိုတာကလည်း အာရုံသည် ပုတီးစေ့များအပေါ်တွင် မတည်။ စက္ကူတွင် ပေါ်သော အရိပ်နောက်သို့သာ ကောက်ကောက်ပါအောင် လိုက်သည်။ အရဟံ၊ အရဟံဟု ဆိုနေရင်းက လမ်းပေါ်မှာ ဥဒဟိုသွားနေတဲ့ ကား၊ ဆိုင်ကယ်၊ စက်ဘီးတွေကိုသာ လိုက်ကြည့်နေသည်။ သူ

သတိရလျှင် အရဟံ၊ အရဟံဟု ဆက်ရွတ်ပြန်သည်။ သို့သော် ပုတီးစိပ်ပြီးလျှင် အိမ်အပေါ်ထပ်က ဘုရားစင်ရှေ့တွင် ဝပ်ချကာ ဆုတောင်းလျှင်တော့ အသံကျယ်နေတတ်သည်။

"ကမ္ဘာသူ ကမ္ဘာသားအပေါင်း ကျန်းမာပါစေ။ မြန်မာသူ မြန်မာသား အပေါင်း ကျန်းမာပါစေ၊ စစ်ရေးစစ်မက် ကင်းဝေးပါစေ"

ဆိုသည်မှာ ဘွားဘွား၏ မပြောင်းလဲသော ဆုတောင်းစကား ဖြစ်လေသည်။ ထိုအခါတိုင်း စစ်ကို ကိုယ်တိုင် မကြုံဖူးသော်လည်း ဘွားဘွားဟာ စစ်ကို အတော်ကြောက်ရှာတာပဲဟု မှန်းဆတွေးမိပါသည်။

ထိုအကြောက်တရားကြောင့်ပင် ထင်ပါသည်။ ကုန်ဈေးနှုန်းကြီး၍ပဲ ဖြစ်ဖြစ်၊ ရာသီဥတုကြောင့်ပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးမတည်ငြိမ်၍ပဲ ဖြစ်ဖြစ်၊ ရဟန်း၊ သံဃာတွေ ဆွမ်းဘုဉ်းပေးစရာ ဆန်မရှိတော့မည်ကိုတော့ ဘွားဘွား ကြောင့်ကြတတ်သည်။ မန္တလေး မလွန်ဈေး ဆန်လှူအသင်းကြီးက ကမ်းသည့် ဆွမ်းဆန်အိတ်ကို နှစ်တိုင်း ယူ၍ နှစ်တိုင်း မပျက်မကွက် လှူတတ်သည်။ ဝတ္တရားအရ လှူခြင်း၊ အစဉ်အလာအရ လှူခြင်း မဟုတ်ဘဲ ဆန်အလှူခံရမည့် ရက် နီးလာလျှင်ပင် ဆန်အလှူခံကားကို တခုတ်တရ တမျှော်မျှော် လုပ်နေတတ်သည်။

"စစ်ကိုင်း၊ မင်းဝံတောင်ရိုးတစ်လျှောက်က ရဟန်း၊ သံဃာ၊ သီလရှင် တွေအတွက် အခုလို ဆွမ်းဆန်လောင်းလှူရတာကို မဟာသံဃိက တဲ့ကွာလဒါနလို့ ခေါ်တယ်… အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဆိုတဲ့ ဆွမ်းအကျိုး ငါးပါးလည်း အကျိုးခံစားရတယ်… အသက်ရှည်ပြီး၊ ချမ်းသာတယ် ဆိုမှတော့ စစ်ဘေးစစ်ဒဏ်ကလည်း အလိုလို ကင်းလွတ်ပြီးသားပေါ့အေ"

သည်လိုနှင့်ပင် မလွန်ဈေး ဆန်အလှူခံကားကြီး လမ်းထဲတွင် ဆိုက်ရပ်နားပြီး "မြန်မာသက္ကရာဇ် ၁၇၉၉ ခုနှစ်တွင် ပုဂံပြည်၌ မင်းအဖြစ်သို့ ရောက်တော်မူသော အနော်ရထာ ဘုရင်မင်းမြတ်၏ ဆရာ ရှင်အရဟံ ရဟန္တာ မထေရ်မြတ်သည် စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးတော်မူပြီး ခါပဘာချောင် အစရှိသော ချောင်ကိုးချောင်တို့တွင် ဦးစွာပထမ တည်ထောင်တော်မူခဲ့သည် မှစ၍…." အစချီ ရွတ်ဖတ်၍ ဆန်အလှူခံ နှိုးဆော်သည့်တွင် ဘွားဘွားမှာလည်း သဒ္ဓါတရား ထက်သန်သည့်အတိုင်း အလှူခံဆန်အိတ်ထဲသို့ နို့ဆီဘူးဖြင့် ဆန်များကိုချိန်ကာ ဟောတစ်ဘူး ဟောတစ်ဘူး လောင်းထည့်ပါတော့သည်။

⁜

"မြဟ္မာနတ်လူအပေါ် ××× ဒေသနာကြားလိုက်သော် ××× ကမ္ဘာလောကမြေပြင်ပေါ် ××× သုံးကြိမ်တိုင်အောင် အင်မတန်သာခုခေါ် ××× သဟာမ္ပတိ နာမကေ မဟာမြဟ္မေနအကျော် ××× သဟာမ္ပတိ နာမကေ မဟာမြဟ္မေနအကျော် ကောဏ္ဍညနဲ့ ဝပ္ပဘဒ္ဒိ ××× မဟာနာမ်အဿဇိ ကျွတ်တမ်းဝင်ပြီ ဟော် ဟော် ခေါ်"

ဘွားဘွားနှင့် ပတ်သက်ပြီး ကျွန်မ မှတ်ဉာဏ်မှာ စွဲထင်နေသည်က ဝါတွင်းကာလ ဆွမ်းထချက်ရသည့် မနက်ခင်းများတွင် ကြားရသည့် သူ့ ခြေသံကို ဖြစ်ပါသည်။ ရပ်ကွက်မွှာရုံက နံနက် လေးနာရီခွဲလျှင် အဆိုတော်ကြီး

ဒေါ်မာမာအေးတို့၊ ဒေါ်တင်တင်မြတို့၏ ဓမ္မတေးသီချင်းများကိုဖွင့်ပြီး ရပ်ကွက်ကို နှိုးလေပြီ။ သမ္မုဒ္ဒေတို့၊ အောင်ခြင်းရစ်ပါး တေးသံတို့ ကြားရပြီး မရှေး မနှောင်းပဲ ဘွားဘွား၏ ချောင်းဟန့်သံကို ကြားရသည်။

သည့်လိုဆိုလျှင် ဘွားဘွား အိပ်ရာက နိုးပြီဟု မှတ်ယူနိုင်ပါသည်။ ပြီးလျှင် အောက်ထပ်သို့ ဘွားဘွား ဆင်းလာလေပြီ။ လေှကားတစ်လျှောက် ခပ်ဖွဖွ မြည်သော သူ့ခြေသံကို လေှကားခြေရင်းမှာ ရှိသည့် ကျွန်မတို့အိပ်ခန်း ထဲကနေ ကြားရတတ်သည်။

သည့်နောက် မကြာခင်တွင် ဓမ္မာရုံက လွင့်ပျံ့လာသည့် "ဓမ္မစကြာ" သီချင်းသံနှင့်အတူ ဆွမ်းချက်ရန် ပြင်ဆင်နေသည့် ဘွားဘွားထံမှ အိုးခွက် ပန်းကန် ဂလုံဂလွမ် အသံများကိုလည်း စပြီး ကြားရပါတော့သည်။ နောက် ဆယ်မိနစ်လောက်နေလျှင်တော့ မီးဖိုမှာ ထင်းမီး စစွဲလေတော့ အူထနေသော မီးခိုးငွေ့တို့သည် မီးဖိုချောင်မှသည် အိမ်မကြီးအတွင်းသို့ ဝင်လာတော့သည်။ သို့ဆိုလျှင် ဘွားဘွား ဆွမ်းထမင်းအိုးကို တည်နေပြီဟု သိနိုင်ပါသည်။

ပြီးလျှင် ဆွမ်းဟင်း စချက်တော့သည်။ ညကတည်းက အသင့်လှီးချွတ် ထားသည့် အရွက်တွေ၊ ရေနှင့်လုံးထားသည့် အသားလုံးတွေနှင့် ဆွမ်းဟင်း ခွက်ကို ပြင်သည်။ နံနက် ခုနစ်နာရီထိုးချိန်တွင် "ဆွမ်းတော်ဗျို့" ဆိုသည့် ဖျိုးဟစ်သံ ဆင့်လာချိန်မှာတော့ ဆွမ်းဟင်းတို့ အသင့်ဖြစ်နှင့်ပြီ။ ဆွမ်းလောင်းသည့် အမှုကိစ္စပြီးမှ ဘွားဘွား ရေချိုးသည်။ နံနက် ရှစ်နာရီခွဲ ဓမ္မာရုံသီလပေး တရားအမီ သွားနိုင်ရေးအတွက် ပြင်ဆင်သည်။

ဘွားဘွား အသင့်ဖြစ်ပြီဆိုလျှင် သူ့နောက်ကို လိုက်ချင်လို့ ကျွန်မ တို့မှာ သူ့အနားတွင် ယောင်ပေယောင်ပေ လုပ်ကြသည်။ သူက စိတ်ကောင်းဝင်ပြီး "လိုက်ခဲ့ကြ" ဟုများ ဆိုလျှင် ညီအစ်မနှစ်ယောက် ဘွားဘွား၏ လက်ကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် တယောက်စီ ဆွဲပြီး ကောက်ကောက် ပါအောင် လိုက်ကြပါသည်။

ဘွားဘွားသည် ဝါတွင်းဥပုသ်ရက်တွေမှာ စက္ကူတန်းရပ်ကွက်က ဓမ္မာရုံမှာ သီလယူတတ်ပြီး နေ့ခင်းတရားကိုတော့ ဘီးတန်းရပ်ကွက် ဓမ္မာရုံမှာသာ နာတတ်ပါသည်။ ဥပုသ်နေ့ ဆိုလျှင် အဘွား သီလယူ၊ တရားနာရာ နောက်ကို လိုက်ရတာ အတော်လေး ပျော်စရာကောင်းပါသည်။ မနက်ပိုင်း သီလပွဲတွင် သီလပွဲ ကုသိုလ်ရှင်များက လေမုန့်တို့၊ ဘီစကွတ်တို့ ကုသိုလ်ပြု တတ်ပြီး နေ့ခင်း တရားပွဲအပြီးတွင်လည်း တရားနာသူအပေါင်းကို ဆီးဖျော်ရည် အေးအေးလေး ဒါနပြုလေ့ရှိကြသည်။ ကလေးပီပီ တရားပွဲက ကုသိုလ်ပြုသည့် မုန့်နှင့် အအေးများကို ကျွန်မတို့ မက်မောပါသည်။ သည်တော့ ဥပုသ်နေ့တိုင်း ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ဘွားဘွား လက်ကို ဆွဲပြီး ဖြစ်ဖြစ်၊ ထဘီစကို ဆွဲပြီး ဖြစ်ဖြစ် သူ သွားလေရာနောက်ကို လိုက်ကြပါသည်။

ဘုန်းဘုန်းများ ဟောသည့် တရားကို သိပ်ကြီး နားလည်လွန်းလှသည်တော့ မဟုတ်၊ ဘုန်းကြီး တရားပွဲတွင် ပုံပြင်ပါသည်ဟုသာ အကြမ်းဖျင်း နားလည်ထားသည်။ တရားဟော ကိုယ်တော်ကသာ ပုံဝတ္ထုတွေ သာဓက ဆောင်ပြီး ပြောနေသည်။ တကယ်တမ်းမှာတော့ ဓမ္မာရုံကို တရားနာ လာသည့် အရွယ်လွန် တရားနာ ပရိသတ်ကတော့ ပုတ်သင်ညို ခေါင်း တဆတ်ဆတ်

ဖြစ်သလိုမျိုး ငိုက်ကြပါသည်။

တစ်ခါမှာတော့ အဇာတသတ်မင်းအကြောင်း ဟောတုန်းက နည်းနည်းအူကြောင်ကြောင် ဖြစ်ရဖူးသည်။ ဗိမ္ဗိသာရမင်းကြီးကို အဇာတသတ်က ခြေကိုခွဲပြီး ဆားသိပ်တဲ့အကြောင်း ဘုန်းကြီးက ဟောပြီး "ဖြစ်လေတော့သတည်း" ဆိုကာ တရားချရာတွင် ငိုက်နေသည့် တရားချစ်ခင် သူတော်စင်များဟာ "သာဓု၊ သာဓု၊ သာဓု" နှင့် အနုမောဒနာ ခေါ်ကြပါသည်။

"မင်းကြီး ခြေထောက် ဆားအသိပ်ခံရတာကို ဘွားဘွားတို့က ဘာလို့ သာဓုခေါ်တာလဲ" ဟု ဘွားဘွားကို ကျွန်မ မေးမိသည်။ အဖြေတော့ မရ၊ ခေါင်းသာ အခေါက်ခံရသည်။

ဒါတင်မက ကျွန်မတို့ ပဋ္ဌမတန်းတုန်းက မြန်မာ့ရုပ်မြင်သံကြားက မျောက်မင်း စွန်းဝူခုန်း၏ အနောက်သို့ ခရီးသွားခြင်း ဇာတ်လမ်းတွဲကြီး ပြခဲ့သည်။ ထိုဇာတ်ကားအရ ဝူခုန်းမှာ နတ်ပြည်သို့ ခဏခဏ တက်ရပြီး နတ်မင်း၊ သိကြားမင်းများနှင့်လည်း တိုက်ပွဲဖြစ်ရလေသည်။ တရုတ်နတ်သမီးနှင့် မြန်မာနတ်သမီး ပုံစံချင်း မတူကြပါ။ နတ်သမီးတွေ မတူရသည့် အကြောင်းကို နားမလည်နိုင်၊ ဇဝေဇဝါ ဖြစ်ရသည်။

တစ်ဖက်မှာလည်း ပဋ္ဌမတန်း ပထဝီဝင်တွင် တိုက်ကြီး ခုနစ်တိုက် သင်ရသည်။ နယ်နိမိတ်တွေအကြောင်းလည်း ပါသည်။ သည်တော့ အဘွားကို မေးရပြန်ပါသည်။

"နတ်ပြည်မှာရော လူ့ပြည်မှာလိုပဲ တိုက်ကြီးခုနှစ်တိုက် ရှိတာလားဟင်… တရုတ်နတ်တို့၊ ကုလားနတ်တို့၊ မြန်မာနတ်တို့၊ အင်္ဂလိပ်နတ်တို့ သူ့နေရာနဲ့သူ နေရမှာပေါ့နော်" ဆိုတော့ အဘွားက မျက်စောင်း လိမ့်ထိုးတော့သည်။ ကျွန်မက တယ်လျှာရှည်သတဲ့၊

ကျွန်မကသာ ငယ်စိတ်နှင့် ခပ်စွာစွာမို့ ဘွားဘွားနှင့် သူငယ်ချင်း ပေါင်းပေါင်းပြီး ရန်ဖြစ်ဝံ့တာပါ။ တကယ်တော့ ဘွားဘွားသည် မြေးတွေအဖို့ ခင်ပွန်းကြီး ၁၀ ပါးမှာ (ဝမ်းနှင့် မလွယ်သော်လည်း) ရင်နှင့်ရင်း၍ ကျွေးမွေးသော မာတာအဖြစ်လည်းကောင်း၊ ကိုယ် နှုတ် နှလုံးဖြင့် ကျေးဇူးပြုဖူးသော ဟိတကရ အနေဖြင့်လည်းကောင်း၊ ဦးခိုက်ထိုက်သူပါပဲ။ အဓိကက ဇာတ်သဘင် နှင့် ဘာသာရေးမှာ အဘွား၏ ကျေးဇူးကြောင့် ရင်းနှီးခွင့်ရသည့် အရာတွေ ဖြစ်သည်။ ရိုးရာဓလေ့ ဆိုသည်မှာ ရှေးရိုးဆန်သော အဘွားဆီကပင် နာကြားခဲ့ရပါသည်။

မြေးမိန်းကလေးနှစ်ယောက်မို့ ဆိုပြီး ဘွားဘွား သင်ကြားပေးသည့် အထဲတွင် သနပ်ခါးလူးရန်နှင့် ပန်းပန်ရန်လည်း ပါပါသည်။ ဘွားဘွား ကိုယ်၌ကပင်လျှင် မည်မျှပင် နေမကောင်း ဖြစ်နေပါစေ၊ မနက်မိုးလင်း လာသည်နှင့် သနပ်ခါး ခြေဆုံး ခေါင်းဆုံး မှုန်အောင် လိမ်းထားတတ်သည်။ အဘိုး၊ အဘွားတို့၏ ဇာတိအရပ် အရာတော် ဆိုတာကလည်း သနပ်ခါး ပေါသည့် ဒေသပေကိုး။ ရွာက ပို့ပေးသဖြင့် ကျွန်မတို့အိမ်မှာ သနပ်ခါး ပြတ်လပ်သည်ဟူ၍ မရှိပေ။ သနပ်ခါးအစစ်ကို ကျောက်ပျဉ်ထက်တွင် ခပ်ပျစ်ပျစ် သွေးကာ ပဲကြီးဟင်းအိုးထဲ မျက်နှာမှောက်လာသည့်အလား ဖွေးနေအောင် သနပ်ခါးလိမ်းထားကာမှ ဘွားဘွား သဘောကျပါသည်။

သနပ်ခါးကြိုက်တတ်သည့် ဘွားဘွားဟာ ပန်းကိုလည်း အတော်လေး ကြိုက်ပါသည်။ အလွန်မြန်မာပီသသည့် အညာသူမကြီးပေါ့။ တန်ဖိုးကြီးသည့် ပန်း ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ချုံကြိုချုံကြားမှာသာ ပွင့်သည့်ပန်း ဖြစ်နေလျှင်တောင် ဆိုးခနဲ ဆတ်ခနဲ ခူးပြီး ငွေမင်ရောင်လက်နေသည့် သူ့ ဆံထုံးနောက်တွင် ထိုးထည့်ထားလေ့ရှိသည်။ တစ်ခါတစ်ရံ ဇွန်၊ မြတ်လေး၊ စံပယ်၊ ခရေပန်းတို့ကို သီကုံးပြီး ဆံထုံးတွင် ကျော့ကာ ပတ်ထားသေးသည်။ ဂေါ်သဇင်တို့၊ ခွာညိုတို့၊ ကေရာဇ်ပန်းတို့၊ သနပ်ခါးပန်းတို့ ပေါ်ချိန် ရောက်တော့လည်း သူ့ရာသီနှင့် သူ့ပန်းပေါ့။

သူတင်မဟုတ်… ဘွားဘွားက ပန်းဝယ်တိုင်း ကျွန်မတို့အတွက်ပါ ပိုဝယ်ပေးသည်။ သနပ်ခါး အဖွေးသားနှင့် ဦးခေါင်း ပတ်ပတ်လည် တစ်ခုလုံး ပန်းကုံးများကို ကြော့ပြီး ပန်ပေးလိုက်ရလျှင် သူ စိတ်ကျေနပ်သည်။ သည့်အပြင် ခရေပန်းခြောက်တွေကိုလည်း အုန်းဆီပုလင်းထဲမှာ ထည့်စိမ်ထားတတ်သည်။ အုန်းဆီအနံ့ကို ကျွန်မတို့ ညီအစ်မနှစ်ယောက်က လုံးဝ မကြိုက်၊ နံသည်ဟု ထင်သည်။ အဘွားကလည်း ဆံပင် နက်မှောင်သည်၊ သန်စွမ်းသည် အကြောင်းပြပြီး ဇွတ်အတင်း လိမ်းပေးသည်။ ဒါကြောင့်လည်း အုန်းဆီလိမ်းရန် စကားစသည်နှင့် မြေးအဘွားတစ်တွေ တကျက်ကျက် ဖြစ်ရလေသည်။

အဘွားမတင်ညွန့်အကြောင်း ဆိုလျှင် သူ့မြေးအငယ်ဖြစ်သူ ကျွန်မနှင့် အပြိုင် ရန်ဖြစ် စိတ်ကောက်လေ့ရှိသော၊ သူ ကြည်ဖြူလျှင်တော့ ချွေးခံအိတ် ထဲက ပိုက်ဆံ ငါးကျပ်၊ တစ်ဆယ်တန် ခပ်နွမ်းနွမ်း အလိပ်လေးများကို မုန့်ဖိုးအဖြစ် ပေးတတ်သော၊ အစဉ်အမြဲ ဆေးပေါ့လိပ်ကြီး ခဲနေသော အဘွားအိုတစ်ဦး၏ သွင်ပြင်ကို ပြန်လည်ဖမ်းဆုပ်မိသည်။

မြေးအဘွားတစ်တွေ တဂျိန်းဂျိန်း ဖြစ်ကြရသည့် နောက်အကြောင်း တစ်ခုကလည်း သည့်ဆေးလိပ်ကြောင့်ပင် ဖြစ်သည်။ မမက သူ့ဘွားအေ ဆေးလိပ်သောက်တာကို နည်းနည်းလေးမှ မကြိုက်။ ဘွားဘွားခမျာ ဆေးပေါ့လိပ်တွေကို ဝှက်ထားရသည်။ ကျွန်မကလည်း ကျွန်မ။ ဘွားဘွားနှင့် မတည့်လျှင် နိုင်ကွက်ရပြီး သူ ဆေးလိပ်ဝှက်ထားသည့် နေရာကို သူ့ မြေးကြီးဆီမှာ သတင်းလက်ထောက် ချတတ်သည်။ သည်လိုနေ့မျိုးဆို သူတို့ မြေးအဘွားနှစ်ယောက် ရန်ဖြစ်သံများ ညံနေအောင် ကြားရတတ်သည်။

တကယ်က ထိုဆေးပေါ့လိပ်တွေကို ဘွားဘွား ဝယ်ခိုင်း၍ ကျွန်မ ကိုယ်တိုင် သွားပြီး ဝယ်ပေးထားရခြင်း ဖြစ်သည်။ သူ မဝယ်ခိုင်းလျှင်တောင် ကျွန်မက သတိတရ စကားလမ်းကြောင်းပေးသည်။ ဒါကလည်း ကျွန်မ စပ်စုချင်လို့ရယ်ပါ။ အိမ်နှင့် မျက်နှာချင်းဆိုင် ဝင်းထဲက ဆေးပေါ့လိပ် ဝယ်နေကျ အမေအေးစိန်တို့ အိမ်မှာ လူခြောက်ကလေး ရှိသည့်အကြောင်း ကြားဖူးပါသည်။

ကျွန်မမှာ ဆေးပေါ့လိပ် ဝယ်ရင်း လူခြောက်ကလေးကို ဘယ်နားမှာများ ထားထားသလဲဆိုပြီး မသိမသာ အကဲခတ် စနည်းနာရလေ့ရှိသည်။ တစ်ခါမတွေ့လျှင် နောက်တစ်ခါ သွားလို့ရအောင် ဘွားဘွားကို ဆေးလိပ်လို၊ မလို မကြာခဏမေးမိသည်။ ဆေးလိပ်ဝယ်ပေးဖို့ဆိုလျှင် အင်မတန် တက်ကြွခဲ့သည်။ မြေး အဘွား မတည့်ကြတော့မှသာ ကျွန်မက ဖော်ကောင်လုပ်သည်။

“ဆေးလိပ်သောက်တာ ကျန်းမာရေး ထိခိုက်နိုင်သတဲ့… ကြားပဲ

မကြားဖူးဘူးတော်… တစ်သက်လုံး သောက်လာတာ.. ငါတို့ အမေ၊ အဖေရော၊ အဘိုးအဘွားတွေရော၊ တစ်ရွာလုံးရော ဒီလိုပဲ သောက်ကြတာပဲ… ခုကျမှ ဘယ်သူ လျှာလျှာရှည်ရှည် အော်လိုက်တယ် မသိဘူး”

ဆေးလိပ်ဖွာတာဟာ ဘွားဘွားအတွက် ထူးဆန်းလှသည့် အကြောင်းအရာ မဟုတ်။ အမျိုးသမီးတစ်ဦး ဆေးပေါ့လိပ် သောက်ခြင်းက ပြဿနာ မဟုတ်သော်လည်း စီးကရက် လက်ကြားညှပ်တာကိုတော့ သူက မဲ့ချင်ချင်၊ ရွဲ့ချင်ချင်။ ကျွန်မဖြင့် နားမလည်နိုင်။

ကျွန်မမှာ အမြဲတစေ ဘွားအေကို ကလန်ကဆန် လုပ်နေတာမျိုးတော့ မဟုတ်၊ သူ သင်ပေးတာ တချို့ကိုတော့ လိုက်နာဖြစ်ပါသည်။ ဥပမာ- ထမင်းစားလျှင် လူကြီးကို ဦးချရန်တို့၊ လက်နှင့်စားလျှင် လက်ဖဝါးနှင့် လက်ဆစ် ဒုတိယအဆစ်ကို ကျော်ပြီး ထမင်း၊ ဟင်း မပေကျံရန်တို့၊ လူကြီးရှေ့ သွားလျှင် ခါးငုံ့သွားရမည် ဆိုတာတို့ ဆိုလျှင် ဘွားဘွား သင်ပေးထားသည့် အတိုင်းသာ လိုက်နာပါသည်။ လူကြီးများနှင့် စကားပြောလျှင် “ရှင့်” “ရှင်” နှင့် ပြောတတ်အောင် ဆုံးမသူမှာလည်း ဘွားဘွား ဖြစ်သည်။

“ညည်း ထမင်းစားပြီးပြီလား”

ဘွားဘွားက မေးလျှင် ကျွန်မက-

“အင်း”

ဟု တုံးတိတိ ဆိုသည်။

“ဘာ အင်း တုံး… သင်ထားတာ နားမထောင်ဘူး”

“ဟုတ်”

“ဘာ ဟုတ် တုံး…လုပ်ပြန်ပြီ”

“ဟုတ်ကဲ့ပါရှင့် … စားပြီးပါပြီရှင့်”

သည်လို ဖြေလေမှ ဘွားဘွား ကျေနပ်တော့သည်။ ဘွားဘွား သင်ပေးထားသဖြင့် သူစိမ်းတစ်ရံဆံ လူကြီးသူမများနှင့် ပြောလျှင် တရှင့်ရှင့်နှင့် ပြောတတ်သည့်အကျင့် ရခဲ့ပါသည်။ ဘွားဘွားနှင့်တော့ ထူးထူးရာရာ “ရှင့်” မနေခဲ့ပါ။

တစ်ခါတလေတော့ ဘွားဘွားကို ကျွန်မတို့ စိတ်လိုလက်ရ ချွဲနွဲ့ တတ်ပါသည်။ အထွေအထူးတော့ မဟုတ်၊ လပေါ်တွင် မြင်ရသည့် အရိပ်မှာ “ဆန်ဖွပ်သည့် အဘွားအို” ဟု အသိအမှတ်ပြု ပေးလိုက်ခြင်းသာ ဖြစ်သည်။ အမှတ်ရဆုံးကား တန်ဆောင်မုန်းလပြည့်နေ့လို ညမျိုးပေါ့။

ကျွန်မတို့ ငယ်စဉ်က မန္တလေး၏ ဓလေ့အရ တန်ဆောင်မုန်းလပြည့် နေ့ဆိုလျှင် ကြေးရတတ်များက ကလေးတွေအတွက် ပိုက်ဆံကြဲပေးတတ်သည်။ ထိုအခါမျိုးတွင် ဘွားဘွားက ကျွန်မတို့ ညီအစ်မနှစ်ယောက်အတွက်

ကတ္တီပါအိတ်ရှုံ့လေးတွေ လုပ်ပေးထားသည်။ ဘွားဘွား လုပ်ပေးထားသည့် ကတ္တီပါအိတ်ရှုံ့လေးတွေကို လည်တွင် ဆွဲကာ ပိုက်ဆံကောက် ထွက်ကြပါ သည်။

ပိုက်ဆံကြဲလေ့ရှိသည့် သူဋ္ဌေးများ အိမ်ရှေ့တွင် "တစ်...နှစ်...သုံး...ပိုက်ဆံကြဲပါဗျို့ ... ပိုက်ဆံကြဲပါဗျို့" ဆိုပြီး ကလေးတွေ စုပြီး အော်ကြသည်။ အကြွေစေ့ လွယ်သည့် နှစ်များတွင် ဆယ်ပြား၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ်တန် အကြွေစေ့များ ကြဲကြပြီး နောက်ပိုင်းမှာတော့ ကျပ်တန်များ အစားထိုးနေရာ ယူလာသည်။ ကျွန်မကတော့ လူကောင်သေးသူမို့ ပိုက်ဆံကောက်ရသည်ထက် လူပိသဖြင့် ငိုလျှင် ငိုရ၊ မငိုလျှင် ဒူးပြဲ၊ တံတောင်ပြဲပြီးသာ ပြန်လာရတာ များသည်။ ဒီတော့လည်း ဘွားဘွားက ကျွန်မကို စစ်ကူပါသည်။ ကလေးအုပ်ထဲတွင် အသက်ခုနစ်ဆယ်နီးပါး အဘွားအို တစ်ယောက် ပိုက်ဆံ ကောက်နေသည်ကို မြင်လျှင် အခြားသူ မဟုတ်။ ထိုသူမှာ ဘွားဘွား ဖြစ်သည်။ မမက ကျွန်မထက် ပိုပြီး ပိုက်ဆံကောက် နိုင်သူမို့ သူ စိတ်မပူ၊ ကျွန်မအတွက်သာ သူ ပူပန်လေ၏။

"ဘွားဘွား... ရွှေလမှာ ယုန်ဝပ်နေတဲ့ဘေးက ဆန်ဖွပ်တာ အဘွားအို သိလား... အဘွားအို"

"အမယ်... ညည်းက ဘယ်လို သိတုံး"

"သိတာပေါ့... ဘွားဘွားက လမင်းကြီးလေ.. ဟောကြည့် ကျွန်တော့်မှာ ပိုက်ဆံတွေ အများကြီးရပြီ"

ကျွန်မက ကြည်ကြည်သာသာ ဆိုပြန်တော့လည်း ဘွားဘွားမှာ မခံယူနိုင်သည့်အလား၊ သူ့ဖြစ်မြဲအတိုင်း ရှက်ကိုးရှက်ကန်း ဖြစ်ပြန်လေသည်။ ပြီးတော့ ပြောသေးသည်။ "အော်ဝမ်းကျမ" တဲ့။ ကျွန်မမှာ သူ့ကို အကောင်းပြောလည်းပဲ "အော်ဝမ်းကျ" ဟုသာ အခေါ်ခံရသည်။ ကိုင်း... မခက်ပါလား။

သည့်အပြင် ရှိသေးသည်။ ကျွန်မတို့ စတုတ္ထတန်းမှာ မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ လောနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည်ဖြင့် သင်ရပါသည်။ တစ်ခုသော တန်ဆောင်မုန်း လပြည့်ညတွင် ညဥ့်သန်းခေါင်ယံကို စောင့်ပြီး မြေအဘွားတွေ လပြည့်ဝန်းကို ကြည့်ကာ မယ်ဇလီဖူးသုပ် စားကြရင်း အနောက်ဘက် ကောင်းကင်တစ်ခွင်တွင် မီးပုံးပျံများကို မြင်ရပါသည်။

မမနှင့် ကျွန်မက လူတတ်ကြီး လုပ်ပြီး သည်မီးပုံးပျံ မည်သည့်အရပ်က လာသည် ဆိုတာကို ငြင်းကြသည်။ ဘွားအေရှေ့မှာ သူနှင့် လက်လှမ်း မမီသည့် လောနိုင်ငံတွေ၊ ထိုင်းနိုင်ငံတွေအကြောင်း ပါလာသည်၊ ဒါသည် အနောက်အရပ်ကနေ တက်လာတာကြောင့် "လောနိုင်ငံက မဖြစ်နိုင်၊ ဘင်္ဂလားဒေ့ရှ်က လာတာ" ဖြစ်ကြောင်း ကျွန်မက အခိုင်အမာ ဆိုသည်။ မမကလည်း အိန္ဒိယကလည်း ဖြစ်နိုင်တဲ့အကြောင်း ဆရာမကြီး လေသံနှင့် ပြောတော့ ဘွားဘွား နားညည်းလာပုံပေါက်သည်။

"အော်ဝမ်းကျမတွေ ငါ့များ လူတတ်လာလုပ်နေလို့... ဘယ်ဘင်္ဂလား ပြည်ကမှ မဟုတ်ဘူး.. အဲဒါ စစ်ကိုင်းဘက်အခြမ်းက လွှတ်နေတာ"

တဲ့။ ဆန်ဖွပ်တဲ့ အဘွားအိုဟာ သည်လိုကျတော့လည်း အကျအနရှိသား။ မတင်ညွန့်သည် အချဉ်မဟုတ်။

❑

(၈)

မယားတောသူ

မတင်ညွှန့်ကို အရင်က သူ့အကြောင်း မေးလိုက်တိုင်း သူက လိပ်ပတ်လည်အောင် မပြောတတ်၊ သည်ကြားထဲ စကားတစ်ခွန်း ပြောမည်ကြံတိုင်း ရှုပက အလင်္ကာတွေ၊ ဥပမာအလင်္ကာတွေ တသီကြီးနှင့် ဇာတ်ကို ချဲ့တာကြောင့် ကျွန်မတို့က ပြန်မေး၊ သူက စိတ်မရှည်နှင့်၊ အဆုံးတွင် မြေးအဘွားတွေ စကားပြောရင်း ရန်ဖြစ်ကြသဖြင့် ဇာတ်ရည်မလည်သေးခင် တစ်ခန်း ရပ်ခဲ့ရသည်သာချည်း။

"ဖြစ်ပုံကအေ.. ကိုခွေးကြီး ထင်းခွေသွားသလိုပါပဲ"၊ "ညည်း ဘိုးအေ.. ငါ့အိမ်ပေါ် အတင်းတက်ပြီး သူ့အိမ်မပြန်ဘူး၊ ငါ့ဆီမှာပဲနေမယ် လို့ လာဂျီကျတဲ့ညတုန်းက ငါ့နှယ် မိအေးမြကျော့တို့ အလှူက ရန်ပွဲကို သတိရမိသေး" စသည်ဖြင့် ဘာမှန်းမသိသော ကြားဖြတ်ဇာတ်တွေကလည်း တစ်ပုံကြီး။ ဘွားဘွားသည် စကားပြောလျှင် ထိုသို့ သိုင်းဝိုင်းပြောရမှ ကျေနပ်သည်။ လိုရင်းမရောက်၍ ဇာတ်ရည်မလည်သူကား ကျွန်မတို့ ဖြစ်သည်။ ဘွားဘွားရီဟု ကျွန်မတို့က ချစ်စနိုးခေါ်ကြသည့် ဘွားဘွား၏ အချစ်ဆုံးသူငယ်ချင်း မရီကတော့ ကျွန်မတို့ဘွားဘွားနှင့်စာလျှင် စကားကို အတန်ငယ် ရှင်းအောင် ပြောတတ်သူ ဖြစ်သည်။ သို့ပေမဲ့ သူတို့ နှစ်ယောက် ပြောပေါက်ကတော့ တူကြသည်။ အေးပ… သူတို့က အချစ်ဆုံး သူငယ်ချင်းတွေကိုး။

(ဆရာ)သိန်းဖေမြင့်က သူ့မိခင်နှင့် သူ့မိခင်သူငယ်ချင်း မမအုန်းတို့ မည်ရွေမည်မျှ ချစ်ကြကြောင်း ရေးသည့် သူ၏ "အညာပြန်"ကို ဖတ်ရတိုင်း မတင်ညွှန့်နှင့် မရီတို့ နှစ်ဦးသားကို ကျွန်မ ပြန်မြင်ယောင်မိသည်။ အရာတော် မှာတုန်းက မတင်ညွှန့်၊ မရီအပြင် ဒွေးတော်ဥဟု ကျွန်မတို့ ခေါ်သော မမဥတို့က တတွဲတွဲ။ အလွန်ချစ်ကြသည့် သူငယ်ချင်းများ ဖြစ်သည်။

"ငါတို့ငယ်ငယ်တုန်းက ညည်းအဘိုးတို့ ကာလသားတစ်သိုက်ကို မျက်စိထဲ ကြည့်မရပေါင်… ညည်းအဘွား မတင်ညွှန့်ဆိုရင် ညည်းအဘိုးကို ယုန်တွေလို့တောင် ပြောတာ"

"ဘာလဲဟင်… ယုန်တွေဆိုတာ"

"ယုန်တွေဆိုတာကအေ .. ငါတို့ ရေခပ်ဆင်းရင် သူတို့က လာပြီး ရစ်သီရစ်သီနဲ့ လူပျိုလှည့်တတ်တာ… ဟန်ထုတ်ချင်တော့ ခေါင်းမှာ ပတ်ထားသည့် ခေါင်းပေါင်းစကလည်း ယုန်နားရွက်ထောင်သလိုကိုးအေ့ … ငါတို့က အဲလို ပြောတော့ ညည်းအဘိုးတို့ လူသိုက်ကလည်း ငါတို့ကို ဘာပြောတယ် မှတ်တုံး… ဒီမိန်းမတွေ တကယ်လည်း ပုံပန်းလာတာ မဟုတ်ဘူး .. ရပ်ကိုက ခေတ်ကြီးလေးပါးရပ်နဲ့တဲ့…"

ပြောရင်းနှင့်ပင် ဘွားဘွားရီသည် သူတို့အပျိုပေါက်ဘဝ လူပျို အလှည့်ခံရသည့် အဖြစ်ကို ပြန်တွေးမိပြီး ငယ်မူငယ်သွေး ပြန်ကြွလာသည် ထင်၏။

တခစ်ခစ်နှင့် သဘောတကျ ရယ်လေသည်။ သူ့ခမျာ ရယ်သာ ရယ်ရသည်။ သူ့ရေ့သွားကျိုးလေးကို ကျွန်မတို့ မြင်မှာစိုးပြီး လက်ဝါးနှင့်လည်း ကာရသေးသည်။ သူ့မျက်နှာကမူ အပျိုပေါက်ကလေးလိုပင် ရှက်သွေး ကြောင့် ပြေပြေရဲလျက်။

"ငါတို့က သူတို့ကို ကြိုက်တာမှ မဟုတ်ဘဲနဲ့... အင်စပတ်တော် သားကို ကြိုက်ကြတာ"

ဘွားဘွားရီ ရယ်မိသလို ကျွန်မတို့လည်း ရယ်မိတာပါပဲ။ ဘဘ၏ အဖေနှင့် ဘွားဘွား၏ အဖေ မတည့်ကြရာ ဘဘက သူ့အဖေကို ရွဲ့ချင်သည့်နှင့် ဘွားဘွားတို့ အိမ်ပေါ်မှာ တက်ထိုင်ပြီး "နှင့်ပဲ ငါယူမယ်... ငါ့ကိုပဲ နင်ယူ ဆိုတာနှင့် သူတို့နှစ်ယောက် ညားကြရောတဲ့။ နောက်ဆုံးတော့လည်း တစ်ရွာသား နှင့် တစ်ရွာသူတွေမို့ အင်စပက်တော်သားအစား သည်ယုန်တွေ ချစ်၍ ခေါ်ရာနောက်ကိုပဲ လိုက်ခဲ့ကြရတာ မဟုတ်လား။

မန္တလေးမှာ အိမ်ဝယ်မည် ဆိုတော့ မရီကို ချစ်လွန်းလှသဖြင့် "မရီတို့နဲ့ နီးရာမှာပဲ နေချင်တယ်" ဆိုပြီး ဘွားဘွားက ဘဘကို ပူဆာခဲ့သည်။ မရီသည် မတင်ညွှန့်အဖို့ တိုးတိုးဖော်၊ တိုင်ပင်ဖက် အဆွေခင်ပွန်းကောင်းပေ။ သူ့အစ်မ မသန်းခင်၊ မသန်းရှင်တို့ထက် ပိုပြီး ဘွားဘွားရီကို သံယောဇဉ် တွယ်သည်။ ဘဘက ရိုက်လိုက်သည့်အခါတိုင်း မျက်ရည်လည်ရွဲဖြင့် "မရီရယ်... ကြည့်ပါဦးနော့... ငါ့လင်က ငါ့ကို ရိုက်တယ်တော့"" ဆိုပြီး အရှိုးရာများကို လှန်ပြကာ သူငယ်ချင်းနှစ်ယောက် ဖက်ငိုတတ်ကြသည်။

"ညည်းအဘွား မတင်ညွှန့်က စာမတတ်ဘူးအေ့.. ငါတို့တစ်တွေ စာသွားသင်လည်း သူက မလိုက်ဘူး... ငါကမှ နှစ်တန်းအထိ ကျောင်းတက်ဖူးသေး"

"ဘာလို့လဲဟင်...သူတို့က ကျောင်းနေဖို့ ပိုက်ဆံမတတ်နိုင်လို့လား"

ကျွန်မ အမေးကို ဘွားဘွားရီက နှုတ်ခမ်းတစ်ဖက် တွန့်ပြုံးပြီး မဲ့ကာရွဲ့ကာဖြင့် ပြန်ဖြေသည်။

"ဘယ်ဟုတ်လိမ့်မတုံး... သူ့အမေကြီးက ညည်းအဘွားကို အတော်ချစ်တယ်အေ့... မိန်းကလေးဆိုတာ စာတတ်ဖို့ မလိုဘူးလို့ ယူဆကြတာလည်းပါတယ်... စာသာ မတတ်တာရယ်... ညည်းအဘွားက မှတ်ဉာဏ် တော့ ကောင်းတယ်အေ့ ... ရွာမှာ ဇာတ်လာကရင် ဇာတ်ထဲက ဆိုငို၊ ပြောကို နှစ်ခါလောက် နားထောင်လိုက်ရင် သူက ဠာန်ကရိဏ်းကျကျ အမှားအယွင်း မရှိ ပြန်ရွတ်ပြနိုင်တော့တာ... ဒါပေသိ ခပ်ငံငံမို့လား... အဲဒါနဲ့ပဲ စောစောစီးစီး လင်ရတာပဲ"

မတင်ညွှန့် အိမ်ထောင်ကျချိန်တွင် အသက်က ဆယ့်ခြောက်နှစ် စွန်းစွန်းသာ ရှိသေးသည်။ ကျွန်မတို့ မြို့မှာဆိုလျှင်တော့ သည်အရွယ်ဆို မိဘရင်ခွင်ထဲမှာ ဆိုးနွဲ့၍ ကောင်းတုန်း ဖြစ်သည်။

"နောက် ညည်းအဘိုး တောခိုတော့ သူလည်း တန်းလန်း တန်းလန်း ပါရတော့တာပဲ... တောထဲမှာ ကလေး တစ်ယောက်ပြီး တစ်ယောက် မွေးနေတော့တာ... သူ ရွာကို ပြန်လာလို့ ငါ့ဆီ အလည်လာတိုင်း ပြောရတယ်... တော်လှန်ရေးလုပ်တယ်သာ ပြောတယ်... ညည်းက ကလေးချည်း မွေးနေ

တော့တာကိုးလို့… ဟုတ်တယ်လေ… အဲဒီအချိန်ကဆို သူ ကလေး လေးကောင်တောင် ပေါက်ပြီးနေပြီ… တကယ်လည်း သူက ဘာမှနားလည်တာ မဟုတ်ဘူး … ယောကျ်ားသွားရာ နောက်ကိုသာ တကောက်ကောက် လိုက်နေတာရယ် … ဒါပေမဲ့ တောထဲ တောင်ထဲ အနေအစား ဆင်းရဲတော့ ကလေးတွေက မွေးသမျှ အဖတ်မတင်ဘူး…. ဒါနဲ့ ညည်းတို့အဘိုးက အဲဒီအချိန်မှာ ရာထူးကလည်း ဆက်တိုက်တက်နေတော့ သူ့ကို ပြောတယ်… တောခိုတာ ပါချင်ရင် စာတတ်မှ ဖြစ်မယ် … ရွာပြန်ပြီး စာပြန်သင်လို့ ချော့လွှတ်မှ ပြန်လာတာ … သူ စာ အရေး အဖတ် စသင်တော့ အသက်ပဲ နှစ်ဆယ်ကျော် သုံးဆယ်နား နီးနေပြီ”

သူတို့ မည်မျှ ချစ်ကြပါစေ။ အချိန်တန်တော့ ခွဲရသည်။ သေကွဲ မတိုင်မီ ရှင်ကွဲ ခွဲရသေးသည်။ ကျွန်မတို့ ရှစ်တန်းနှစ်တွင် ဘွားဘွားရီတို့ မိသားစု မန္တလေးမြို့လယ်က အိမ်ကို ရောင်းပြီး မြို့သစ်ပြောင်းကြတော့ သူတို့နှစ်ယောက် ဖက်ငိုကြသေးသည်။ တစ်ယောက်က ငိုလိုက်၊ တစ်ယောက်က မျက်ရည်သုတ်ပေးလိုက်။ အရင်က ရပ်ကွက်ချင်း နီးနေသဖြင့် နေ့လယ် အားချိန်တိုင်း ဘွားဘွားရီတို့ အိမ်ဘက် အလည်သွားလေ့ရှိသော မတင်ညွန့်မှာ သူတို့ ပြောင်းသွားလိုက်ကတည်းက တမှိုင်မှိုင် တတွေတွေနှင့်။ ဘဝ၏ နေဝင်ချိန်များတွင် သူတို့လည်း ငယ်အကြောင်းလေးတွေ စားမြုံ့ပြန်ပြီး ကြည်နူးချင်သော်လည်း အခြေအနေကား မပေးတော့။

ရွာမှာကျန်ခဲ့သည့် ဘွားဘွား၏ သူငယ်ချင်း ဒွေးတော်ဥခမျာမှာလည်း မန္တလေးကို မကြာမကြာ မလာနိုင်ရှာပေ။ ဘွားဘွားတို့ကသာ ဒွေးတော်ဥကို သူငယ်ချင်းလို ပေါင်းနေပေမယ့် ဒွေးတော်ဥမှာ ကျွန်မအဘွားထက်ရော၊ အဘိုးထက်ပါ အရွယ်ကြီးပါသည်။ အဘွား သူငယ်ချင်း ဆိုသော်လည်း အဘိုးတို့နှင့် ရပ်ဆွေရပ်မျိုး မကင်းသူမို့ ကျွန်မတို့အိမ်သို့ အရာတော်မှ မည်သူ လာလာ တော်ရုံနှင့် စကားစ မပြတ်တတ်။ တစ်ခါသားမှာတော့ ကျွန်မတို့ အိမ်ကို အလည်လာသည့် ဒွေးတော်ဥမှာ ပြန်ခါနီးတော့ အုတ်သမံတလင်းပေါ် ပုဆစ်တုပ်ထိုင်ပြီး ဘဘကို လက်အုပ်ချီပါသည်။

“ကိုင်း … မောင်ထွန်းရွှေရေ .. ငါတို့တွေလည်း အသက်ကြီးပြီ၊ ဘယ်အချိန် သေမယ်မှန်းမသိ၊ နောက်တစ်ကြိမ် ပြန်တွေ့မယ်၊ မတွေ့မယ် မသိနဲ့… မင်းအပေါ် ငါ မနောအားဖြင့်၊ ဝစီအားဖြင့်၊ ကိုယ်အမူအရာအားဖြင့် လွန်ကျူးခဲ့မိတာရှိရင် တောင်းပန်ပါတယ်… ကျေပါ”

ဟု ဆိုကာ ဦးချသည်။ ပြီးတော့ လက်မောင်းလေးပင့်ကာ လက်မောင်း အင်္ကျီစနှင့် မျက်ရည်အသာတို့လျက် ရှိုက်ငိုနေသည်။ ဘဘကလည်း လက်အုပ်လေး ပြန်ချီကာ မျက်ရည်တွေဝဲနေသည်ပဲ။ “မမဥ ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါ” ဟု ဆိုသည်။ ထိုမြင်ကွင်းသည် ကျွန်မတို့အဖို့ ဘယ်အခါမှ မမေ့နိုင်စရာ။

တစ်ခါတစ်ရံမှာ ဘဘသည် ကျွန်မကို ပြေရာပြေကြောင်း စကား စတတ်သေးသည်။

“ငါ့မြေး ညည်း ဘွားဘွားကို မုန်းသလား” တဲ့။

“ဟင့်အင်း၊ မမုန်းပါဘူး ဘဘရယ်”

ကျွန်မလည်း ဟုတ်တိုင်းမှန်ရာ အတိုင်းသာ ဖြေသည်။

"အေးကွယ် .... မမုန်းနဲ့နော်... သူက စကားပြောသာ မတတ်တာ စိတ်ရင်း ဖြူရှာတယ်... ရိုးရှာတယ်"

ဘဘသည် သူ့အဖေကို ရွဲ့ချင်လို့သာ ဘွားဘွားကို ယူခဲ့သည်။ ပညာ အခြေခံအားဖြင့် ဘဘက ခုနစ်တန်းအထိ စာမေးပွဲ အောင်သူမို့ ဘွားဘွားတို့ထက် အခြေမြင့်သူ ဖြစ်သည်။ ပြီးတော့ ဘဘတို့မျိုးရိုးကား ရွာတွင် အထည်ကြီးပျက် ဖြစ်သော်လည်း သူကြွယ်မျိုးတော့ ဖြစ်ခဲ့ဖူးသည်။ ဘဘ ဘဝတွင် ရည်မှန်းခဲ့သည်က ကျောင်းဆရာဖြစ်ဖို့ ဖြစ်သည်။ အင်္ဂလိပ် အထွက်၊ ဂျပန်အတက် ဥစ္စာလည်း ပါးလာသဖြင့် မန္တလေးသို့ တက်ကာ ထမင်းစား ကျွန်ခံရင်း ပန်းထိမ်ပညာသင်ရသည်။ သည့်နောက် သူ ဘီအိုင်အေတပ်ထဲသို့ ဝင်သည်။

ထိုစဉ်က ဘဘတွင် ချစ်ရသူ ရှိသတဲ့။

"သူ့နာမည်က အမာ တဲ့၊ ဈေးချိုထဲမှာ ဆိုင်ဖွင့်တာ... သိပ်ယဉ်ကျေးတာပဲ... ညည်းတို့ အဘွားနဲ့ တခြားစီ"

အကြောင်းကြုံသဖြင့် ဖြစ်စေ၊ ငယ်ချစ်ကို အောက်မေ့သောကြောင့် ဖြစ်စေ ဘဘ နှုတ်ကမျှား သည်လို မတော်တဆ စကားထွက်သွားလျှင် ဘွားဘွား မျက်ရည် ဝိုင်းတတ်သည်။

ဖူးစာကံက အကြောင်းဖန်လာတော့ ကံကြမ္မာသည် အနည်းငယ် ခလောက်ဆန်လေ၏။ ဒုတိယကမ္ဘာစစ်ကြောင့် မန္တလေးမြို့ မီးကြွဲခံရသည်။ သေသူသေ၊ ကျေသူကျေနှင့်မို့ ဘဘလည်း ရွာပြန်သလို ဈေးချိုသူ အမာလည်း တောတွင် စစ်ရှောင်ကြသတဲ့။ စစ်မီးငြိမ်း၍ စစ်ကြီးပြီးသော်လည်း အမာကမူ ပြန်မလာနိုင်တော့ပေ။ တောရွာမှာတင် ရောဂါနှင့် ဆုံးပါးခဲ့လေသည်။ သည်လိုနှင့် ဘဘနှင့် ဘွားဘွား ညားကြသည်။ ဘဘကတော့ အစပိုင်းတွင် တစ်ရွာတည်းသားမို့ ဘွားဘွားကို အကြောင်းကြုံ၍ လူပျိုလုပ်ရုံသာ ရှိလိမ့်မည်ဟု ထင်ပါသည်။ သို့ပေမဲ့ သည်ဇနီးဟာ သူ့အဖို့ သေတစ်ပန် သက်တစ်ဆုံး ပေါင်းရမည့် ဘဝအဖော် ဖြစ်ခဲ့သည်။

ဘဘ၏ လွမ်းမောဖွယ် အချစ်ဇာတ်လမ်းကို ကြားရလျှင် ဘဘကို သနားရမည့်အစား၊ အမာ့ကို သနားရမည့်အစား၊ ဘွားဘွားကိုသာ သနားနေမိသည်။ ဘွားဘွားဘဝမှာတော့ ဘဘသည်သာ အချစ်ဦး၊ တစ်ဦးတည်းသော ရင်ခုန်မိသူ ဖြစ်သည်။ ပဲခင်းထဲတွင် သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့ စကားပြော လျှင်လည်း ကိုထွန်းရွှေ၊ ဝါကောက်ရင်းလည်း ကိုထွန်းရွှေ၊ နှမ်းကြဲရင်းလည်း ကိုထွန်းရွှေ။ သူ့ဘဝ၏ သူရဲကောင်း ကိုထွန်းရွှေ နာမည်ကို မနောသုခ တိုးစေမည့် ဂါထာလို တဖွဖွ ရွတ်ခဲ့သည်တဲ့။ သည်ဂါထာကို ရွတ်ရင်း အချစ်မိုးတွေ မစဲတမ်း သွန်းဖြိုးစွေခဲ့သည်။ အညာမှာ စွေသည့် အချစ်မိုးပေါ့လေ။

※

အညာဟု ပြောလေတိုင်း ကိုရင်ကြက်တောကို ဦးစွာ သတိရသည်။ ဘဘဦးကြီးငွေ၊ မမကိုင်း၊ ဒွေးတော်ဥ၊ ကြီးတော်ဒေါ်အုန်းကြည်၊ အရီးလေး ဒေါ်အုန်းရီ၊ ဘွားဘွားရီအပြင် ကျွန်မ၏ အဘိုး၊ အဘွားတို့၏ ပြောဟန်၊ ဆိုဟန်၊

လုပ်ရှားဟန်များကလည်း ဟိုတစ်စ သည်တစ်စ အတွေးများတွင် တစ်လှည့်စီ ပါဝင်လာကြသည်။

သူတို့၏ အညာအရပ်မှာ ပခုက္ကူ ပေါက်ထက် အထက်ကျသည်။ မုံရွာခရိုင်ထဲက အရာတော် ဖြစ်ပါသည်။ ခြေတော်ရာ ဘုရား ရှိသည်။ ထန်းတောတန်း နွဲ့နွဲ့ရှိသည်။ သနပ်ခါးတော ရှိသည်။ ရွာလယ်၊ တောင်ရပ်၊ ဆီးပင်ရပ်၊ မကျည်းအုပ်၊ ကုက္ကိုလ်ရပ်၊ ကျောက္ကာတိုက်ဟူ၍ အပိုင်းခွဲပြီး တည်ရှိသော ရွာကြီးကို ယခုအခါမှာတော့ အရာတော်မြို့နယ်ဟု တွင်စေသည်။ ထိုမြေကို နင်း၊ ထိုရေကိုမျို၊ ထိုအခင်းတွင် ပျိုး၊ ထိုအသီးကို ဆွတ်၊ ထိုထွက်ကုန်ကို ရောင်းပြီး ကျွန်မတို့ ဘိုးဘွားများ အသက်မွေးခဲ့ကြသည်။

"ဖေဖေ... အန်တီဝင်းဝင်းမြင့်တို့၊ အန်တီမဝင့်တို့က ဝင်းဝင်းမြင့် (နန်းတော်ရှေ့၊ မဝင့်(မြစ်ငယ်) ဆိုပြီး သူတို့နေတဲ့ နေရာကို ဘာလို့ နောက်ကနေ ကွင်းစကွင်းပိတ်နဲ့ ရေးတာလဲ"

ကျွန်မ ငယ်ငယ်က ဖေဖေ့ကို ထိုသို့ မေးဖူးပါသည်။

"သူတို့နေတဲ့ အရပ်ဒေသကို ချစ်လို့ ထည့်ကြတဲ့ သဘောပေါ့ သမီးရယ် ... တချို့တွေကျတော့ ဂုဏ်ယူတဲ့ သဘောပေါ့"

ထိုအခါ ကျွန်မ မဆိုင်းမတွ ပြန်ထောက်လိုက်သည်။

"ဒါဆို ဖေဖေလည်း ကြက်တော(အရာတော်) လို့ ရေးပေါ့"

ထိုစကားကို ဖေဖေ တော်တော် သဘောကျသွားပါသည်။ သို့သော် အဘယ်ကြောင့် သူ့ကို ကြက်တောဟု ခေါ်မှန်း ကျွန်မတို့ကို ပေးမသိပါ။ မည်သို့မေးမေး ပြောပြလေ့ မရှိ။

တကယ်တော့ ကိုရင်ကြက်တောကို ဘဘ တောခိုစဉ်က တောထဲ မှာပင် ဘွားဘွားက မီးဖွားသန့်စင်ခဲ့သဖြင့် အရာတော်သားရယ်လို့တော့ မဆိုသာ။ သို့ပေမဲ့ တောထဲတွင် ဆေးဝါးမပြည့်စုံ၊ အနေအစား ဆင်းရဲ သဖြင့် ကလေးများ အဖတ်မတင်၍ ကိုရင်ကြက်တောသည် လူမှန်း သိတတ်စ အချိန်က စပြီး သူ့ဘဝ အဦးပိုင်းကာလများကို အရာတော်တွင် နိဒါန်းပျိုးခဲ့ရတော့သည်။ ကောလင်း၊ ဂျိုးတောင်ရှိ ဆန်စက်များတွင် တစ်လှည့်၊ အရာတော်တွင် တစ်လှည့် နေပြီး အထက်တန်းကျောင်းကိုတော့ မန္တလေးတွင် တက်ခဲ့သည်။ ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်သည့် ကိုရင် ကြက်တောသည် အမျိုးထဲမှာတော့ စူပါစတားပါပဲ၊ ရန်ကုန်တက္ကသိုလ်သို့ သွားတက်နေသည့် ကာလများသည် ကြက်တော၏ မာတာမိခင် မတင်ညွန့် အဖို့ မျက်စချီထားနိုင်သော ရွှေရက်များ ဖြစ်လေသည်။

သူ့သားကလေး ရန်ကုန်မှ ပြန်လာသည့် အချိန်ဆိုလျှင် မတင်ညွန့် တစ်ယောက် ပျာယာကိုခတ်လို့တဲ့။ ရှမင်းလှသည့် သူ့သားကို မျက်စိအောက် ကနေ အပျောက်မခံ။ သူ့သား ရန်ကုန်ကို ပြန်မည့်နေ့ဆိုလျှင် သူ့ခမျာ နှပ်တရှုပ်ရှုပ်၊ မျက်ရည်တစမ်းစမ်း။

"ငါ့သားရယ်.. မင်း ရန်ကုန်သူတော့ ကြိုက်မလာနဲ့နော်။ အမေတို့

တောသူတောင်သား စရိုက်မျိုးနဲ့ ဟန်မယ် မထင်ဘူး။ အမေ့မှာ မင်းပဲ အားကိုးဖို့ရှိတာ.. ပိုက်ဆံကုန်တာ၊ ပညာမတတ်တာ အကြောင်း မဟုတ်ဘူးကွဲ့ .. မင်းကို ရန်ကုန်ပို့ပြီး တက္ကသိုလ်ကျောင်း ထားနိုင်တယ် ဆိုကတည်းက အမေ့မှာ ဂုဏ်တက်နေပြီးသား ... မင်းသာ ဟိုမှာ ရန်ကုန်သူနဲ့ကြိုက်ပြုပြီး အခြေချမယ် ဆိုတာမျိုး ကြားလို့ကတော့ အမေဖြင့် ရင်ကွဲမှာပဲ"

မတင်ညွန့်သည် သားတော်မောင် ရန်ကုန်ပြန်မည့်နေ့တိုင်း ထို စကားကိုသာ တွင်တွင်ရွတ်သည်။ ထို့နောက် သား၏ အဝတ်အိတ်လေးကို ရင်ခွင်မှာ ပိုက်ပြီး သူ့သားအား ခြေဆုံးခေါင်းဆုံး တစိမ့်စိမ့်ကြည့်တော့သည်။

ဂျိုးတောင်ဘူတာမှ ရထားဥသြဆွဲပြီဆိုလျှင် မျက်ရည်မကျဘူးဟု အားတင်းထားသည့်ကြားကပင် သားနှင့် ခွဲရတော့မည် ဆိုသည့်စိတ်ကြောင့် ဝမ်းနည်းစိတ်ကဖုံးမရ ဖိမရ ကြွတက်လာသည်။ ရထားခုတ်မောင်းသံ တဂျုန်းဂျုန်းကြားတွင် သားက "အမေ.. ကျန်းမာရေး ဂရုစိုက်ပါဗျာ" ဟု သတိပေးဖော်ရတာကိုပင် ငါ့သားလေးက သိတတ်ရှာတယ်ဟူ၍ အမှတ်ပေးရသေးသည်။

"သားရေ... အမေ့ဆီတော့ စာရေးပါကွယ်... မင်းအမေ စာ ကောင်းကောင်း မဖတ်တတ်ဘူး ဆိုပြီး မေ့မထားပါနဲ့။ ငါ့သားဆီက စာ လာတိုင်း အမေကြိုးစားဖတ်တာပဲ....အစောင်တိုင်း အလွတ်ရသပေါ့ကွယ်.. မင်းသာ အချိန်ရတိုင်း ငတို့(ငါတို့)ဆီ စာပို့ပါကွယ်"

ကြက်တော ကြားမည်၊ မကြားမည် မသေချာသော်လည်း သူ့အမေကတော့ ရထားတွဲနောက်ကို အပြေးတစ်ပိုင်း လိုက်ရင်း အော်ပြောရှာသည်။ ထို့နောက်တွင်မတော့ ဟီးချင့်တော့သည်။ သူ့သားနှင့် တစ်နှစ်တလေ ခွဲရတာ သူ့အတွက်တော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာသတဲ့။

"ဘုရားပွင့်အောင် ဆောင့်လည်း ငါက ကျွတ်တမ်းဝင်မယ့်သူ မဟုတ်တော့ ငါ့သား ပြန်လာတာ စောင့်ရတာ အဓိပ္ပာယ်ပိုရှိတယ်... အဲဒီအချိန်တွေက ငါ့အတွက် ပိုကြာတယ်အေ့"

သားကို မျှော်ရသည့် အတိတ်ဟောင်းအကြောင်းကို ကျွန်မတို့ကို အခွင့်သာသဖြင့် ပြောပြမိလျှင်တောင် ဘွားဘွားမှာ မျက်ရည်တစမ်းစမ်းနှင့် ရှိနေတတ်သည်။

သားနှင့် ခွဲရချိန်တွင် မျက်ရည်တာကျိုးသလောက် ကျွန်းပင်များ ဝါထိန်နေအောင် အပွင့် ပွင့်ချိန် ဆိုလျှင်တော့ ဘွားဘွား ပျော်နေလေပြီ။ ဘွားဘွားက အင်္ဂလိပ်လို လများကို မမှတ်တတ်၊ မြန်မာလအတိုင်းသာ သား ပြန်လာချိန်ကို မှတ်သည်။ အသေချာဆုံးက ကျွန်းပွင့်ချိန်ပေါ့။

မိုင်းသုံ တောင်ကြောတစ်လျှောက်တွင် ရွှေဝါရောင် ပြောက်တိ ပြောက်ကျား လင်းလက်စေသော ကျွန်းပွင့်များနှင့်အပြိုင် ဘွားဘွား၏ မျက်နှာမှာလည်း ဝင်းပနေတတ်သည်။ အဆက်အသွယ် ခက်ခဲသဖြင့် သားဆီကနေ စာရောက်မလာလျှင် ဘူတာဆီမှ ပြန်လာသူတို့ထံကနေ သားသတင်းကို စနည်းနာရသည်။ သည်သားကလေးသည် မတင်ညွန့်အတွက် အသက်၊ ကိုယ်ပွား၊ ပြည်တန်ပတ္တမြား၊ တစ်နည်း သူ၏ နှလုံးသားဝိညာဉ်နှင့် ပူးကပ် တွယ်ချည်စရာ

ပင်စည်တစ်ခု ဖြစ်၏။

"ငါ့သား ပြန်လာလို့ မျက်နှာမရွှင်ရင် စာမေးပွဲပဲ မဖြေနိုင်လို့လား၊ ဒီတောမှာ မပျော်လို့လား၊ ရည်စားပူမိလာလို့လားလို့ တွေးပြီး ငါ့မှာ စိတ်တွေမောလိုက်ရတာ... စာမေးပွဲ မဖြေနိုင်လည်း နောက်နှစ် ထပ်ဖြေပေါ့ .. ဘာအရေးလဲ .. ဂျုံးတောင်က ရန်ကုန်နဲ့ စာရင် တောမို့လို့ မပျော်ဘူး ဆိုရင်လည်း သူ ကြိုက်တာတွေ ချက်ကျွေးရင်း သူ့ကို ပျော်အောင် ထားရ မှာပဲ... ရည်းစားပူမိလာရင် ဆိုရင်ကော... ဒါဆိုရင်တော့ ကိစ္စရှိပြီ... ငါ ဘာလုပ်ရမယ်မှန်း မသိဘူး ... တွေးတိုင်း မျက်ရည်ပဲ စိမ့်ကျလာတယ်"

သည်စကားကို ကျွန်မတို့ကို ဘွားဘွားပြောပြစဉ်က အဘွား တစ်ယောက်ကနေ မြေးတွေကို ပြောပြနေသည့် ပုံစံနှင့် မဟုတ်ပါ။ သားသည် မိခင်တစ်ဦးက သူ၏ တိုးတိုးဖော်တစ်ယောက်ကို ရင်ဖွင့်သည့် ပုံစံနှင့်နှင့် တူသည်။ မျက်ဝန်းတွင် ရတ်ခြည်းပင် အိုင်ထွန်းလာသော မျက်ရည်ကို သူ မမှု၊ သည့်နောက် ကျွန်မတို့ကိုပါ မေ့သွားပုံပေါ်၏။ ပါးပြင်တစ်လျှောက်က မျက်ရည်ကိုလည်း သုတ်မပစ်ဘဲ တစ်လောကလုံးတွင် သူတစ်ယောက်တည်းပဲ ကျန်ခဲ့တော့သလို တွေတွေငေး၍ ဆွေးလေသည်။

ဘွားဘွားသည် သားနှင့်ပတ်သက်လာလျှင် လောကတွင် သူရဲကောင်း ဖြစ်သည်။ သူတစ်သက်လုံး ကြောက်ရသော သူ့လင်သား ကျွန်မတို့ဘဘကိုပင် အာခံဝံ့သူ ဖြစ်သည်။ ဖေဖေ ရစ်တန်းကျတုန်းက ဘဘက ဖေဖေ့ကို အိမ်တိုင်မှာ ကြိုးနှင့်ချည်ပြီး ရိုက်တော့ ဘွားဘွားမှာ အနာခံပြီး ဝင်တားသည်။ သား၏ ကြိမ်ဒဏ်ရာတွေကို နနွင်းသိပ်ပေးရင်း မျက်ရည်ကျရှာသည်။ ခင်ပွန်းဖြစ်သူကို အသည်းနှလုံး မရှိရကောင်းလားဟူ၍ နာကြည်းလေသည်။

ကျွန်မတို့ငယ်ငယ်တုန်းက ဘဘကို ကြောက်ရပါသည်။ ဘဘသည် ဘွားဘွားလို ကလေးများနှင့် သိပ်မရောတတ်။ ပတ်ဝန်းကျင်ကတော့ လူ့ခွစာဟု အမည်ပေးကြလေသည်။ ဘဘက ဗမာပြည် ကွန်မြူနစ်ပါတီ မုံရွာခရိုင်၏ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ဘဘ၏ အမည်ရင်း မောင်ထွန်းရွှေ ကနေ တောခိုတော့ ဗိုလ်တင်ထွန်း ဆိုပြီး အမည်ပြောင်းခဲ့သည်။ ၁၉၅၉ ခုနှစ်မှာ သူ့တပ်သား ငါးရာကျော်နှင့်အတူ လက်နက်ချပြီးနောက် အစိုးရ ချေးပေးသည့်ငွေနှင့် ကောလင်း၊ ဝန်းသိုနားက ဂျုံးတောင်တွင် ဆန်စက်၊ ဆီစက်နှင့် မော်တော်ကားအသင်း ထောင်ခဲ့လေသည်။

စကားကို ခပ်ပြတ်ပြတ် ပြောတတ်သော စိတ်မာသော စိတ်မြန်သော ဘဘက တစ်ဦးတည်းသောသား ဖေဖေ့ကိုတော့ အလွန်ချစ်ပါသည်။ ကလေး ခြောက်ယောက် မွေးသည့်အထဲတွင် သည်သားတစ်ယောက်ကိုပဲ အဖတ်တင်အောင် ခဲခဲယဉ်းယဉ်း မွေးနိုင်ခဲ့သည်ကိုး။ တောခိုစဉ်က သုံးနှစ်အရွယ် သူ့ သားလေးကို ခွေးဟပ်သဖြင့် ကြောက်ပြီး ငိုတာကိုပင် ... ငါ့သားကို ငိုအောင် လုပ်တဲ့ခွေး ဆိုပြီး ခွေးကို အပြုံးတကြီး သေနတ်နှင့် ပစ်သတ်ခဲ့သတဲ့။ သားအတွက် ဘဘသည် ထိုကဲ့သို့လည်း ရက်စက်တတ်ပါသည်။ အဖြစ်သည်းခဲ့ပါသည်။

သို့ပေမဲ့ ဖေဖေက အတွေးသမား။ ခံစားချက်သမား ဖြစ်သည်။ ဘဘနှင့် ခြားနားစွာ ဝမ်းနည်းလွယ်တတ်သည်။ တစ်ဦးတည်းသော သားပေမို့ မိသားစုထက် အပေါင်းအသင်းကို ပိုပြီး ခံမင်သော၊ ပစ္စည်းဥစ္စာနှင့် ပတ်သက်လျှင် နှမြောတွန့်တိုမှု၊ တွယ်တာမှုကင်းသောသူမျိုး ဖြစ်သည်။

ဘဘ အသက်အရွယ် ရလာတော့ ဂျိုးတောင်က ဆန်စက်နှင့် ဆီစက်ကို မဦးစီးနိုင်တော့သည့်အခါ စက်တွေကို ရောင်းလိုက်ရပါသည်။ ရောင်းရငွေနှင့် ဖေဖေ့ကို ကြက်ဥဖောက်စက် ထောင်ပေးပြီး မေမေ့ကိုတော့ စတိုးဆိုင် တည်ပေးပါသည်။ ဖေဖေက ကြက်ဥဖောက်စက်ကို ရေရှည် မလုပ်နိုင်ခဲ့ပေမယ့် မေမေကတော့ သူ့ဆိုင်ကို တိုးချဲ့နိုင်တဲ့အထိ အောင်မြင်အောင် လုပ်နိုင်ခဲ့သည်။ သည်လိုနှင့် ကျွန်မတို့ မိသားစုမှာ မေမေသည် စီးပွားရှာသူ အခရာ ဖြစ်လာပါသည်။

သည်လို အကြောင်းဖန်လာတာက ဘွားဘွားအတွက်တော့ ကသိ ကအောက် ဖြစ်ချင်စရာ။ ဈေးဖိုးကို ချွေးမဖြစ်သူက အပတ်စဉ် ပေးရသည်။ ဘယ်ငွေဘယ်မျှ ပေးရမည်ကို ဘဘက သတ်မှတ်ပေးထားသည်။ ၁၉၈၁-၈၂ ခုနှစ်တွင် ကျွန်မ မှတ်မိသလောက် သောကြာနေ့ည ဆိုင်သိမ်းလျှင် မေမေသည် ဈေးဖိုး ခြောက်ရာ ပေးရသည်။ ကုန်ဈေးနှုန်း မြင့်လာလျှင် ဈေးဖိုး မလောက်သည့် အကြောင်းကို ဘွားဘွားက ဘဘကို ပြောပြရသည်။ ထိုအခါ ဘဘက ဈေးဖိုးကို ပြင်ပြီး မေမေ့ကို ပေးစေပါသည်။

ဈေးဖိုးပေးရသည့် နေ့များတွင် ချွေးမနှင့် ယောက္ခမ နှစ်ဦးစလုံး မျက်နှာ မကြည်လင်တတ်ကြပါ။ ဘွားဘွားက မေမေ့ကို စီးပွားရှာနိုင်သူမို့ မာန်တက်သည်ဟု ထင်သည်။ မေမေကလည်း သူ့ ဘယ်လောက်ပင် တာဝန် ကျေသော်ငြား ယောက္ခမက သူ့အပေါ် သမီးအဖြစ် မသတ်မှတ်ခြင်းကို စိတ်နာသည်။ သည်အကြောင်းကို အိမ်တွင် ယောကျ်ားသားများ ဖြစ်သည့် အဘိုးနှင့် အဖေတို့က မရိပ်မိတတ်သော်လည်း ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာမူ အမြဲကြားညပ်ရသည်။ ဘွားအေ၏ ခံစားချက်ကိုရော၊ မိခင် ခံစားချက် ကိုရော သူတို့ ရင်ဖွင့်သမျှ ကြားကနေ နားယူပေးရပါသည်။

ဖေဖေနှင့် ပတ်သက်လျှင်လည်း ဘွားဘွားသည် မေမေ့ကို ကြားအဝင် မခံတတ်။ ဖေဖေ အိမ်ပြန်လာသည့်အချိန် မည်မျှပင် နောက်ကျပါစေ ဘွားဘွားကပဲ အိပ်ရေးပျက်ခံ စောင့်သည်။ သူကိုယ်တိုင်ပဲ တံခါးဖွင့်ပေး၊ ထမင်းစောင့် ကျွေးသူ လုပ်သည်။ ဖေဖေ ရန်ကုန်တွင် ကျောင်းတက်ရင်း မေမေနှင့် ဖူးစာ ဆုံခဲ့သည့် အဖြစ်မှအပ မြို့တော်ကြီးတွင် တက္ကသိုလ်တက်နိုင်သည့် အဖြစ်ကို ဘွားဘွား ဂုဏ်ယူသည်။ စက်ပိုင်သား၊ ဆေးကျောင်းသား စသော ဂုဏ်ပုဒ် များကြောင့် သူ့သားမှာ ရွာတွင် ပျိုတိုင်းကြိုက်သော နှင်းဆီခိုင် ဖြစ်ခဲ့ဖူးကြောင်း ဘွားဘွားမှာ စကားအခွင့်သင့်တိုင်း လက်မထောင်ပြီး ပြောတတ်သူ ဖြစ်သည်။ ကလေးဘဝတုန်းက ဖေဖေ ဆိုးပုံ၊ ဂျီကျပုံများ အကြောင်းကို ပြောလျှင်တောင် ဘွားဘွား မျက်နှာပေါ်တွင် အပြုံးကား လက်မြဲတည်း။ သို့သော် သည်သား မျက်နှာညိုလျှင်တော့ သူ့ကမ္ဘာ ပြိုတော့မည့်အတိုင်းပါပဲ။

မှတ်မိပါသေးသည်။ ကျွန်မတို့ ငယ်စဉ်က ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး ပိုပြီး ပွင့်လင်းလာသည်။ အထူးသဖြင့် မူဆယ်ရွှေလီ ကုန်သွယ်စီးဆင်းမှု ဖွံ့ဖြိုးလာခြင်းသည် မန္တလေးအတွက် အချိုးအကွေ့ တစ်ခု ဖြစ်ခဲ့သည်။ ထို့အတူ ဖားကန့်သို့ တက်၍ ကျောက်တူးသည် ဆိုသည်မှာလည်း လောပန်လောင်း ဖြစ်လိုသည့် သူသူငါငါတို့အတွက် မျှော်လင့်စရာ အိပ်မက် ဖြစ်လာပါသည်။ အဆိုတော် စိုင်းဆိုင်မောဝ်၏ "မူဆယ်-နမ့်ခမ်းလမ်း" တို့၊ "လောပန်းလောင်း" သီချင်းတို့မှာ ထိုစဉ်ကာလက မန္တလေးတွင် ခေတ်အစားဆုံး သီချင်း ဖြစ်ပါသည်။ နယ်မြေဒေသ အလုံးစုံ မငြိမ်းချမ်း သေးသော်လည်း မူဆယ်တက်ပြီး ကုန်သွားဝယ်မည့်သူ၊ ဖားကန့်မှာ ကျောက်တူးသွားမည့်သူ၊

သည့်အပြင် ကုန်သည်တွေ၊ ကျောက်ပွဲစားတွေ၊ သွားပြီး ပြန်လာသူတွေနှင့် ရပ်ကွက်ထဲမှာ ဩဇာ်သည်မပြတ် ဖြစ်နေတတ်သည်။

သည်အထဲမှာ ကျွန်မတို့ ဖေဖေလည်း ပါခဲ့ပါရဲ့။ ဖားကန့်မော်ထဲလည်း သူ ရောက်သည်။ ရွှေလီသို့လည်း သူ ရောက်သည်။ သို့ပေမဲ့ ဖေဖေ့အိမ် အပြန်လမ်းမှာ ကျောက်လည်း မပါ၊ ကုန်လည်း မပါခဲ့ပါ။ ဒါကို ဘဘက စိတ်ဆိုးသည်။ သူ့လို စီးပွားဖြစ်အောင် မလုပ်နိုင်သည့် သားကို ဘဘ ငြိုငြင်သည်။ ဖေဖေ ပြန်ရောက်လာလျှင် အမွေဖြတ်မည်ဟု စိတ်ဆိုး မာန်ဆိုးနှင့် ကြိမ်းဝါးသည်။

ဘဘ၏ ကြိမ်းဝါးသံကို ဘွားဘွား ကြားသည့်အခါ သည်ကိစ္စ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် အပထား၊ သားအတွက် ရတက်မအေးဖြစ်ပြီး လှိုက်လှိုက်သည်းအောင် ငိုပါတော့သည်။ အစားအသောက်လည်း ပျက်၊ နေမကောင်းတွေလည်း ဖြစ်ပြီး သူ့သားနှင့်သူ မခွဲရပါစေကြောင်း အတွက် မင်းကြီးကိုလည်း ဆက်ရ၊ မင်းလေးကိုလည်း သ,ရနှင့် ရှိသမျှ နတ်ဒေဝါနှင့် ဂင်္ဂါဝါဠုံ သဲစုမက ပွင့်တော်မူပြီးလေသော ဘုရားအပေါင်းတို့သည်လည်း ဘွားဘွား၏ ဆုတောင်း တိုင်တည်သံများကြောင့် နားငြီးကုန်ကြရတော့သည်။

ဘွားဘွား အတွက်တော့ သားဖြစ်သူက စီးပွားဖြစ်အောင် မလုပ်နိုင်ရုံ မကလို့၊ သားကြောင့် စီးပွားပျက်လျှင်တောင် ကြီးမားသည့် ပြဿနာ မဟုတ်ချေ။ သူသား ချွေးစို့မှာ၊ ပင်ပန်းမှာ၊ အနေအစား ဆင်းရဲမှာကသာ လက်တွေ့ဒုက္ခဟု ထင်ရှာသည်။ သား၏ အပြစ်အနာအဆာ ဟူသမျှသည် မိခင်၏ မျက်ရှုတွင်မူ ဆန္ဒဂတိဖြင့် ယှဉ်သည့် ကြီးမားလှသော မေတ္တာ အရှိန်အဟုန်ကြောင့် တောင်ကြီး ခြေဖဝါးအောက် ရောက်သလို သေးငယ်လွင့်စဉ်ကုန်ရသည်ချည်းသာ။

❑

(၉)

ဥာတကာနဠ

မတင်ညွှန့်တစ်ယောက် သားနှင့်ပတ်သက်လျှင် မျက်ရည်လွယ်သလို ဆွေမျိုး သားချင်းနှင့် သက်ဆိုင်လာလျှင်လည်း အငိုကောင်းသူရယ်ပါ။ သူ့တူ မောင်ကာတွန် ဆုံးတော့ ပြောလိုက်၊ ငိုလိုက်နှင့်၊ မောင်ကာတွန်လေး မွေးတုန်းက ဘယ်လို၊ အသက်တစ်နှစ် ရတော့ ဘယ်ပုံ၊ နှစ်နှစ်ပြည့်တော့ ဘယ်ညာ၊ နောက်ဆုံး မောင်ကာတွန် ဆုံးသည့်အချိန်အထိ သူ မှတ်မိသမျှကို ဇာတ်စုံခင်းသည်မှာ နေစောင်းချိန်အထိပင်။ အသုဘလာမေးသူ အပေါင်းက ရေဒီယိုမှလာသည့် ဇာတ်လမ်းပမာ နားဆင်စရာကို ကြားနေရတဲ့အတိုင်း။

"အို.. ကာတွန်ရဲ့… မင်းနှယ်.. အသေစောလိုက်တာကွယ်… သေခြင်းသေ ငါတို့က အရင်သေရမှာ မဟုတ်လား.. ခုတော့ မင့်သား မင့်သမီးတွေ ဒီအတိုင်း ကျန်ခဲ့ရပြီ… ဒွေးလေးဖြင့် နေရာလဲလို့ ရရင် လဲလိုက်ချင်ပါရဲ့ကွယ်"

အစချီပြီး ပြောပြောဆိုဆို မျက်ရည်တစမ်းစမ်း လုပ်သည်။ အင်္ကျီလက်လေးပင့်ပြီး မျက်ရည်သုတ်လိုက်၊ နှပ်ညှစ်လိုက်နှင့် နောက်ပိုင်း ဇာတ်တော်ကြီးထဲကလို ငိုချင်းကို တအိအိချနေသည်။ သူအဆိုအငို ကောင်းသဖြင့် အသုဘရှု လာသူတွေရော၊ နာရေးရှင်တွေရော ငိုလိုက်ကြတာ ပွက်ပွက်ကို ညံရော။

တစ်ခါသားမှာတော့ သူအငိုကောင်းသဖြင့် ဘဘ ဆဲတာ ခံရလေသည်။ ဘဘမှာ နာရေးတွင် ဖဲရိုက်နေသည့်အထဲ မတင်ညွှန့်က သွားလေသူကြီး ဘယ်သူ့ရော၊ ရွာနောက်ပိုင်းက ဘယ်သူ့သမီးကတော့ ဒီနှစ် ဆယ်တန်း အောင်တယ်တဲ့၊ တမလွန်က သူ့အဖေနဲ့ တွေ့ရင် ဒီသတင်းလေး ပြောလိုက်ပါဦးတို့၊ ဘယ်သူကတော့ နောက်နှစ် အလှူပေးမယ်တဲ့၊ အဲဒါလေးလည်း ပြောခဲ့ပါကွယ် စသည်ဖြင့် ပြောလိုက် ငိုလိုက်လုပ်နေသဖြင့် ဖဲမကောင်းသဖြင့် ကျွဲမြီးတိုနေသော ဘဘက "လခွမ်းတဲ့မှ… သေသွားတဲ့သူကို မှာမနေကြနဲ့ဟေ့… ဟိုက ဘာမှမသိတော့ဘူး.. ငါ မသေသေးဘူး… ငါ့မှာကျ ငါ သေတဲ့အခါကျလို့ သူတို့နဲ့တွေ့ရင် ပြန်ပြောပြလိုက်မယ်" ဆိုပြီး ထတုတ် တော့မှပင် ငိုသံစဲလေတော့သည်။

မတင်ညွှန့်၏ ငိုခြင်းအနုပညာ အမွေကို ဆက်ခံနိုင်သူကတော့ သူ့တူမ ဒေါ်ကိုင်းပေါ့။ ဒေါ်ကိုင်းသည် မတင်ညွှန့်၏ အစ်မကြီး မမသန်းခင်က မွေးသည့် ဥတစ်လုံး တစ်ကောင်ကွက် သမီးကလျာ ဖြစ်သည်။ သူ့သွင်ပြင်က သပိတ်နှရောင်ထနေသည့် အသားအရေမှာ ပါးရိုးငေါငေါ၊ သွားခေါခေါနှင့်၊ မွဲခြောက်နေသည့် ဆံစတွေကိုတော့ အုန်းဆီဖြင့် အရောင်တက်စေထားသည်။

အန်တီကိုင်းဟု ကျွန်မတို့က ခေါ်ပြီး မမကိုင်းဟု ဖေဖေက သညာပြု ထားတဲ့ အဆိုပါ ဒေါ်ကိုင်းကို ဒုတိယမတင်ညွှန့်ဟု တင်စားထိုက်ပါသည်။

ဘွားဘွားက သူတို့ညီအစ်မ သုံးယောက်မှာ သူ့ကို ခွဲပေးထားသည့် ယာ ငါးကေအကွက်ကို မမကိုင်းကို အငှားချထားပါသည်။ ထိုအခင်းမှာပဲ မမကိုင်းက ပဲစိုက်၊ နှမ်းစိုက်ပေါ့။ သို့ပေမဲ့ ဘွားဘွားကလည်း စည်းကမ်းနှင့်ပါ။ သူ့အခင်းမှာ

စီးပွားလုပ်ရသည့်မို့ သူ့အပေါ် မမကိုင်းက အလိုက်သိစေချင်သည်။ ဘွားဘွားကို တစ်နှစ် တစ်ကြိမ် မြေပဲဆီ၊ နှမ်းဆီ မှန်မှန် မဆက်သလျှင် ခုချက်ချင်းပင် အခင်းကို သူများကို ရောင်းပစ်တော့မှာ လိုလို ဘွားဘွားက လေသံပစ်တတ်သေးသည်။ သည်လိုအခါများဆိုလျှင် မမကိုင်းမှာ ကဿပဘုရား ပွင့်တော်မူသည့် အချိန်ကစပြီး သံသရာဝဋ်ဆင်းရဲကို သူမည်သို့ ခံစားရသည့်အကြောင်း မျက်ရည် တလည်လည်နှင့်ပင် ဇာတ်စုံ ခင်းတတ်သည်။

တကယ်တော့ မမကိုင်းက သိတတ်ပါသည်။ မန္တလေးကို လာလျှင် ဘယ်တော့မှ လက်ချည်းမလာ။ သူ တတ်နိုင်တာလေးတွေ ယူလာသည်။ ကျွန်မအဘိုးက ပေါက်ပေါက်ဆုပ်၊ မုန့်ဆီကြော်၊ ဆီးဆုပ် စသည့် အညာစာလေး များကို မက်မောသည်။ ဒါကြောင့်လည်း မမကိုင်းက လာလိုက်တိုင်း "ဦးကြီးရေ…. ဒါက ရွာတောင်ပိုင်းက ဒီမနက် ယူလာတဲ့ မုန့်ဆီကြော်လေးပါ … ဒါလေးကတော့ မုံရွာတွင်းပိုးကြော်လေး… ဒွေးလေးရေ.. ဒွေးလေးတို့ မိသားစု ဆီကောင်းဆီသန့် စားစေချင်လို့ မိကိုင်းကိုယ်တိုင် ကြိတ်ယူလာတဲ့ ဆီပါ" ဟူ၍ အလိုက်တသိ ပေးတတ်သည်။ ဒါတောင် ကျွန်မအဘွားက "ညည်းအေ… အပိုတွေ လုပ်မနေစမ်းပါနဲ့။ အဲဒါ ငါ့အခင်းက ထွက်တဲ့ဟာမဟုတ်လား" ဟု စကားနာထိုးတတ်သေးသည်။

ထိုသို့ ဆိုလိုက်လျှင် မမကိုင်းခမျာ မျက်နှာ မန်ကျည်းရွက်ခန့်သာ ကျန်တော့သည်။ မမကိုင်းသည် ဘဝအကျိုးပေး မကောင်းသဖြင့် ရုပ်ဆင်းအင်္ဂါ မပြည့်စုံရှာပေမယ့် စိတ်ရင်းဖြူသည်၊ သဘောရိုးရှာသည်။ ကျွန်မတို့အိမ် လာလျှင်တောင် ဖိနပ်ကို အိမ်ပေါက်ဝမှာပဲ ချွတ်ပစ်ခဲ့သည်။ သမံတလင်းမို့ သူ့ကို ဖိနပ်စီးပါ ပြောတိုင်းလည်း မရ။ ဖိနပ်လေး အသာချွတ်ပြီး သူ၏ ဦးကြီးတို့၊ ဒွေးလေးတို့ရှေ့မှာ ခေါင်းငုံ့ ခါးကိုင်းပြီး အရိုအသေပေး နေတတ်သည်။

"ဟဲ့…မကိုင်း"

ကျွန်မ အဘိုးက ခေါ်လိုက်သည်။

"တော်.. ဦးကြီး"

သည်ကား မမကိုင်း၏ ပြန်လည်ထူးသံ။

"ပဲပုပ်လေးများ မပါဘူးလားဟဲ့"

ထိုသို့ မေးလိုက်လျှင်တော့ မမကိုင်း၏ မျက်နှာမှာ ထညက် (ထန်းလျက်)နှင့် ပျားရည်ဆမ်းထားသော မုန့်တွင် သကာရည်အုပ်ပြီး သကြားဖြူးလိုက်သည့်နှယ်။ ပြုံးပြုံး ပြုံးပြုံးနှင့် "ပါသပေါ့တော်" ဆိုပြီး သတင်းစာစက္ကူနှင့် ပတ်ထားသော ပဲပုပ်အထုပ်ကြီးကို ကြိမ်ခြင်းတောင် ထဲမှ ထုတ်လိုက်လျှင် ကျွန်မ အတော်စိတ်ညစ်ရပြီ။ အညာပဲပုပ်နံ့သည် ရှမ်းပဲပုပ်နံ့နှင့် မတူ။ ပဲပုပ်ကြိုက်သော်လည်း မချက်ရသေးခင် ထိုအနံ့ကြီးကိုတော့ မကြိုက်လှပေ။ ထောင်းထောင်းထနေသော ပဲပုပ်နံ့နှင့် မမကိုင်း၏ ခေါင်းမှ ဂျီး(ကြေး)နှင့် အုန်းဆီနံ့ ရောသမထားသော အနံ့တို့ကြောင့် ကျွန်မမှာ မူးဝေရသည်။

မမကိုင်းကို စမြင်ဖူးတုန်းက မေမေ့ကို မေးရသေးသည်။

“မေမေ အဲဒီမိန်းမကြီး ဘယ်သူလဲဟင်”

“အဲဒါ သမီးအဒေါ် ဝမ်းကွဲတော်တယ် သမီးရဲ့”

ထိုစကားသံကြားတော့ စိတ်ပျက်သွားပါသည်။ ထိုအချိန်က မြိတ်တွင်ရှိသော အမေ့ဘက်က ဦးလေး၊ အဒေါ်များကိုလည်း မမြင်ဖူးသေးသည့် အချိန်မို့၊ ပထမဆုံး ကျွန်မ မြင်လိုက်ရသော အဒေါ်ဆိုသူမှာ စိတ်ကူးထဲကလို လှလှပပ ကြွကြွရွရွလေး မဟုတ်သဖြင့် စိတ်ပျက်မိတော့သည်။ နောက်ပိုင်း ကျတော့ မမကိုင်းက ကျွန်မတို့ အနွံအတာခံတာရော၊ သူရိုးတာတွေ့ရောကြောင့် သူ့ကို တစ်စတစ်စ ခင်တွယ်မိလာသည်။ သူ့ရဲ့ အညာအနံ့လေး ကိုတောင် တဖြည်းဖြည်း ယဉ်ပါးလာမိသည်။ အညာကို ချစ်လာမိသည်။ ကိုယ့်ကိုယ်ကိုယ် အညာသူဟု ပြောရသည်ကို သဘောကျလာမိသည်။

“ဒီကောင်မလေးဟာလေ.... ငတို့ ပဲပုပ်နံ့တော့ နံတယ် ပြောတယ်... သူ့အမေရဲ့ဘိတ်(မြိတ်)က အမျိုးတွေ့ရဲ့ငါးပိနံ့ကျမှ မွှေးတယ်ပြောမယ် ထင်ပါရဲ့”

ဆိုပြီး အမေ့ဘက်က အမျိုးတွေကို ကျွန်မက ပိုချစ်မှာပါဆိုသည့် သဘောမျိုး စနောက်တတ်ကြသည်၊

“မဟုတ်ပါဘူး အန်တီကိုင်းရဲ့ ကျွန်တော်လည်း မန္တလေး မွေးတာ၊ အညာသူပဲပေါ့”

ဟု ပြန်ပြောပြန်လျှင်လည်း “ညည်းအေ... ပလီတာ” တဲ့၊ မခက်ပါလား။

တစ်ခါသားမှာတော့ ကျွန်မအဘိုး၏ ညီဖြစ်သူ ဘဘဦးထွန်းငွေတို့ မိသားစုက ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို သူတို့ရှင်ပြုတွင် နားသဖို့ရာ ဖိတ်လေသည်။ အရာတော်ကို သွားရမည်ဟု မေမေက စစချင်း သတင်းပေးစဉ်က ကျွန်မ မေးခဲ့သည့် မေးခွန်း ရှိသည်။

“အဲဒီမှာ ရေလောင်းအိမ်သာ ရှိရဲ့လားဟင်”

အဲသည်တုန်းက ကျွန်မ ဒုတိယတန်း စာမေးပွဲဖြေအပြီးပေါ့။ သည်အကြောင်းကို မေမေက အိမ်သားတွေကို ပြောပြတော့ ဘဘဦးထွန်းငွေ နားသို့ ပေါက်လေသည်။ ဒါနှင့်ပဲ ဘဘဦးထွန်းငွေခမျာ မြို့က မြေးတွေအတွက် ရေလောင်းအိမ်သာတစ်လုံး အမြန်ဆောက်စေသည်။ ရေလောင်း အိမ်သာ ဆောက်ပြီးပြီဆိုသည့် သတင်းကြားတော့မှပဲ ကျွန်မမှာ အရာတော်ကို လိုက်ခဲ့ဖို့ လိုလိုလားလား သဘောတူတော့သည်။

ရွာရောက်တော့ မမကိုင်း၏ အိမ်က ရွာတောင်ဖျားပိုင်းတွင် ရှိသည်မို့ သူ့အိမ် အရင်ဝင်ပြီး နှုတ်ဆက်လိုက်သည်။ ဖေဖေ့ ကားဟွန်းသံ ကြားတော့ မမကိုင်းတစ်ယောက် အူယားဖားလျား သူ့အိမ်ထဲက ပြေးထွက် လာလိုက်တာ မျက်နှာကြီးကလည်း ပြုံးဖြဲဖြဲနှင့်။ သူ့ခမျာ ထ ကတော့ မည့်အတိုင်း။

“ဟဲ့... မိခိုင်တို့၊ ဖိုးကျော်တို့ ဘယ်သွားကုန်ကြတုံး... မြို့က ဦးကြီးရွှေတို့မိသားစု လာတယ်တော့... ထွေးလေးရော၊ ကြက်တောရော၊ ငါ့တူမများလည်း ပါ ... တော့... ကားကြီးနဲ့ဟေ့ ... ထွက်ကြည့်စမ်းကြပါဦး”

သူ့ရဲ့ မွေးရာပါ လော်စပီကာ အသံကြောင့်ပင် အိမ်ဝိုင်းချင်းနီး နားရှော၊ ရွာလယ်မှာ နေသည့် ဘဘဦးကြီးငွေတို့ မိသားစုရှော တစ်ဆင့် စကားဖြင့် ပြေးလာကြသည်။

သူ့မှာတော့ မအားနိုင်။

"ဟဲ့.. ကလေးတွေ အကြီးမနဲ့ အလတ်မ... ဧည့်သည့်တွေ အတွက် မြေပဲလေး၊ ရေနွေးကြမ်းလေး ချဟဲ့... ကြောင်အိမ်ထဲက လက်ဖက်ထုပ်လေး ဖြေ။ ဆီရွှဲရွှဲဆမ်းပြီး ယူခဲ့ကြဟဲ့"

ဟု အော်လည်း အော်...တစ်ဆက်တည်းမှာပင် ဂျီး(ကြေး)အလိမ်း လိမ်း တင်နေသည့် သူ့စားပွဲရှည်ကြီးကို ပုဆိုး နံငယ်ပိုင်းစုတ်ဖြင့် ဖုတ်ဖတ် ခါရင်း "မိုးတိုးမတ်တတ်နဲ့အေ... ထိုင်ကြစမ်းပါဦးဟဲ့" ပါးစပ်ကလည်း တတွတ်တွတ်နှင့် ကျွန်မတို့ကို ဧည့်ဝတ်ပြုပြန်သည်။

ဖေဖေနှင့် မေမေကတော့ မမကိုင်း၏ ဟန်ပန်ကို သဘောကျပြီး ပြုံးနိုင်ပေမယ့် မပြုံးနိုင်သူမှာ ကျွန်မပါ။ ဟုတ်သည်လေ။ မမကိုင်းဟာ မန္တလေးကို လာရင် အရင်နှစ်ပါးအောက် အခစားဝင်ရသလိုပဲ။ မေးမှပြော၊ ခေါ်မှ ထူးရယ်... အခုတော့ ဟုတ်ပါရိုးလား... တကယ်တော့ မမကိုင်းဟာ အရာတော်မှာလည်း "မကိုင်းဟေ့... တစ်ကိုင်းတည်း ရှိတယ်။ နှစ်ကိုင်း ရှိရင် ထင်းချိုင်ပစ်လိုက်မယ်" ဆိုသည့် ခပ်စွာစွာ အမျိုးထဲကပါ။ ရွာရောက်မှ အရာရာ သူ့ခြေသူ့လက်ဖြစ်နေပြီး သူ့အသံတစွာစွာကချည်း အရာရာကို ဖုံးလွှမ်းထားလေသည်။ သည်အထဲ "မဘီးရယ်... ညည်း သမီးနှစ်ယောက် ကလည်း ပိန်လှချည်လား... ဖြူဖပ်ဖြူရော်နဲ့အေ... တကတဲမှပဲ... မစားရမသောက်ရသလိုပဲ...ကမ္ဘာ့ဒွန်းရုပ် ပေါက်နေပြီ" ပြောပြောဆိုဆို သန်မာလှသည့် သူ့လက်ချောင်းကြီးတွေနှင့် ကျွန်မ၏ ပလွေရိုး လက်မောင်းလေးကို ဆွဲပြီး ချွေးနံ့ထောင်းထောင်းသင်းနေသည့် သူ့ရင်ခွင်ထဲကို ဆွဲသွင်း လိုက်သည်မှာ ရှောင်ချိန်ပင်မရလိုက်။

"ငါ့ကလေးတွေများအေ.. ကြည့်စမ်းပါဦးတော့... ဘယ်နှခါ ကျွေးကျွေး ဝတယ်ရယ်လို့ မရှိဘူး... ဟိုဘဝက အငတ်ဘေးဆိုက်လို့ သေပြီး လူလာဖြစ်တယ် မှတ်ရတယ်... ဟောဟိုမှာ ဆော့နေတာက အငယ်ဆုံး ကောင်နဲ့ နို့ညှာကောင်... မသန်ကြလား အေရယ်"

သူ ပြမှပဲ သူ့သားသမီးတွေကို ကျွန်မ မြင်ဖူးတော့သည်။ ခါတိုင်း မမကိုင်း ကျွန်မတို့ဆီ လာလျှင် သူတစ်ယောက်တည်းပဲ လာသည်။ သူ့ကလေးတွေကို ခေါ်မလာတတ်။ အခုမှ မြင်ဖူးခြင်း ဖြစ်သည်။ စုစုပေါင်း ခုနစ်ယောက်။ ထို့ကြောင့်ပင် နောက်တစ်ခါ သူ မန္တလေးလာတော့ ကျွန်မက လူကြီး ဂိုက်ဖမ်းပြီး လူကြီးလေသံတုကာ သူ့ကို ပြောဖူးသည်။

"အန်တီကိုင်းက မှဆိုးမဆို...အရွယ်လေးရှိတုန်း အားကိုးအားထား လုပ်ရအောင် နောက်လင်ယူပါ့လား"

နောက်အိမ်ထောင်ပြုပါလား မပြောတတ်သဖြင့် ထိုသို့ တုံးတိတိပင် ဆိုလိုက်တော့ သူက ဘာပြန်ပြောတယ် မှတ်တုန်း။

"ဟဲ့ ကောင်မလေး...ငါက ခုနစ်သားတောင် ကျပြီးနေမှ...ဘယ်အကောင်က

အ,အမှတ်လို့ ငါ့ ယူမတုံးအေ့” တဲ့။

ကျွန်မတို့ မြင်မိသလောက် သူ့သားသမီးတွေကို မျက်ဝါးထင်ထင် တွေ့ရသည့်အခါ အမှန်တကယ် သန်မာလား၊ မသန်မာလား သေချာမသိပေမယ့် အားလုံးက မည်းမည်းလုံးလုံး ကျစ်ကျစ်လေးတွေချည်း။ နှပ်ချေးကြောင်းတွေ မျက်နှာမှာ ပွထပေရေနေသလို သူတို့နှာခေါင်းထဲတွင်လည်း နှပ်ချေးခြောက်တွေ ပြည့်နေသည်။ ဖေဖေက မုန့်ဖိုးပေးတော့ သူတို့ခမျာ လက်နှစ်ဖက်ဖြင့် မဝံ့မရဲ ယူကြရှာသည်။

ဘွားဘွားသည် သူ့အမျိုးများနှင့် ပတ်သက်လျှင် အမြဲ သိမ်ငယ်စိတ် ရှိသည်။

“ညည်းတို့အဘိုးဘက်က အမျိုးတွေလို ငါတို့အမျိုးက ဥစ္စာတောင့်တာ မဟုတ်ဘူး…နဂိုကတည်းက ချို့ချို့တဲ့တဲ့ရယ် … ”

ထို့ကြောင့်ပင် မမကိုင်း တစ်ခုခုအမှားလုပ်မိ၍ ကျွန်မတို့ ဘဘ ငြိုငြင်သွားမည်မျိုးကို ဘွားဘွား အတော်လေး နောက်ဆံတင်းငင် ရှိတတ်သည်။ ရွာကို ပြန်လျှင် ဘဘမှာ သူ့အမျိုး သူ့အဆွေကို ပေးနိုင်ကမ်းနိုင် သလောက်၊ ဘဘပေးမှသာ ပိုက်ဆံကိုင်ခွင့်ရှိသော၊ ချွေးမဆီကနေ တစ်ပတ်စာ ဈေးဖိုးကိုသာ ရနေသော ဘွားဘွားအဖို့မူ သူ့အမျိုးအဆွေတွေ မည်မျှပင် နွမ်းပါးစေကာမူ မချိသောနှလုံးနှင့်ပင် မျက်ကွယ်ပြုရရှာသည်။

⁂

အလှူအတွက် ရွာကို ပထမဆုံး ရောက်ဖူးသည့် အခေါက်တွင် ကျွန်မတို့ မိသားစုက ဘဘဦးထွန်းငွေတို့အိမ်မှာ တည်းသည်။ ရွာ၏ အရပ်လေးမျက်နှာဆီမှ သိပေါင်းကျွမ်းပေါင်းတွေက ဘဘတို့ကို လာနှုတ်ဆက်ကြပါသည်။ “ကလေးတွေ ဘယ်မတုံး” လို့ မေးတိုင်း ကျွန်မတို့နှစ်ယောက် လူလုံး ထွက်ပြရသည်မှာ အကြိမ်ပေါင်း မနည်းတော့။ ပရိသတ်ကလည်း တရှန်းရှန်းနှင့် မျောက်ပွဲလာကြည့်သလိုကို စည်ကားနေတော့သည်။

ဘဘ ဦးထွန်းငွေတို့ အိမ်သည် အုတ်ဖိနပ်ခင်း၊ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။ အိမ်ရှေ့တလင်းပြင်မှာ အစဉ်လှည်းကျင်းထားသလို ပြန့်ပြူး ရှင်းလင်းနေတော့သည်။ မနက်ခင်း စောစောမတော့ ညက လေအဝှေ့တွင် ကြွေကျခဲ့သော စက္ကူပန်းခြောက်များနှင့် ခရေပန်းတို့ ပြန့်ကြဲနေသည်ကို တွေ့ရတတ်သည်။ ထိုစက္ကူပန်းရုံကြီးရှိသော ခြံဝင်းရယ်၊ ခရေပင်၊ မာလကာပင်၊ သရက်ပင်တွေနှင့် အုပ်ဆိုင်းထားသော ပျဉ်ထောင်အိမ်ကြီးရယ်ကို တွေးမိတိုင်း ထန်းတောရိပ် ညှို့ရွာအရပ်ဆီသို့ ဝိညာဉ်လွင့်ရပါသည်။

ဘဘဘက်က ဆွေမျိုးများသည် စိတ်ထက်သလောက် ကိုယ်ကာယလည်း ကြံ့ခိုင်ကြသည်။ ဘဘတို့၏ အစ်မအကြီးဆုံး ကြီးတော် ဒေါ်အုန်းကြည် ဆိုလျှင် အရာတော်မှ မန္တလေး၊ ရန်ကုန်သို့ အရောင်းအဝယ် လုပ်ခဲ့သည်မှာ သူ့အသက် ၈၅ နှစ်အထိ ဖြစ်သည်။ ဆုံးတာကတော့ ၉၁ နှစ်မှပါ။ မြေးတွေထဲက မိဘမဲ့ မြေးနှစ်ကောင်ကို သူကပဲ ကျွေးမွေးထားသည်။ ကလေးတွေ ကျောင်းစရိတ်၊ စားစရိတ်၊ နောက် သူ့ရပ်တည်မှုအတွက် ဘယ်သားသမီးဆီကမှ လက်ဖြန့်မတောင်းခဲ့ပေ။ ပဲလေး၊နှမ်းလေး၊ သနပ်ခါးတုံးလေးများကို တစ်လ တစ်ခါ

မန္တလေး သယ်လာကာ ရောင်းတတ်သည်။ သူ့အတွက် ဘယ်လောက် ကျန်သည်တော့ မသိ။ ဒါတောင် တစ်ခါတစ်ခါ သူက ရန်ကုန်အထိ ဆင်းရောင်းသေးသည်။

မည်သူ့ဆီမှာ မည်မျှရရန်ရှိသည် စသည့် တစ်ကျပ်တစ်ပြား အကြွေး စာရင်းကို သူမို့ မှတ်မိသည်။ မြေးနှစ်ကောင် ကျောင်းပိတ်ရက်ဆိုလျှင် နှစ်ယောက်စလုံးကို ခေါ်လာကာ သူကတော့ ကုန်လိုက်သွင်းပြီး သူ့မြေးတွေကို အကြွေးတောင်းလွှတ်သည်။ မန္တလေးမှာ ဆိုလျှင်တော့ ကျွန်မတို့ အိမ်မှာ တည်းပြီး ရန်ကုန်သွားလျှင်တော့ သူ့အသိ ဘုန်းကြီးကျောင်းတွင် တည်းသတဲ့။ အပြန်ကျတော့ ပုစွန်ခြောက်လေး၊ ငါးပိလေး ပြန်ရောင်းရန် သယ်လာတတ်လေသည်။

ထို့အတူ လူသန်လူရွှတ်ကြီး နောက်တစ်ဦးကို ပြပါဆိုလျှင်တော့ ကျွန်မတို့ အဘိုးနှစ်ဝမ်းကွဲ ဘဘဦးဖေသင်းကို ပြရပေမည်။ သူသည်လည်း ဘဘဘက်က တော်သည့် အမျိုးပင်။ ဦးဖေသင်းသည် တစ်ခါက တိုင်းပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဖူးသည်။ အင်္ဂလိပ်စာ အရေး၊ အပြော အလွန် တော်ပြီး ကြုံတိုင်း သူ၏ဟာဝိုင်အီ ခရီးအကြောင်း ဂုဏ်ယူပြောတတ်သေးသည်။ သူ့အိမ်တွင် သူကိုယ်တိုင် ဦးစီးပြီး အင်္ဂလိပ်စာအတန်း ဖွင့်ထားပါသည်။ ကျွန်မတို့ကို သူ့ဆီမှာ အင်္ဂလိပ်စာ လာသင်ဖို့ ပြောတိုင်း ကျွန်မတို့မှာ သူ့ဆွေစဉ်မျိုးဆက် ဇယားနှင့် ဆွေတော်မျိုးတော်တို့၏ ဘုန်းတော်ဘွဲ့ကို မဆုံးနိုင်အောင် ရွတ်ပြနေမည်ကို စိုးသဖြင့် မသွားဖြစ်ကြပါ။ တကယ်လည်း ဘဘဦးဖေသင်းက အမျိုးစပ်ပြသည့်နေရာမှာ အတော်လေး နှံ့နှံ့စပ်စပ် ရှိလေသည်။ သူက ကျွန်မတို့ အဘိုးကို “ကိုလေးရွှေ” ဟု ခေါ်တတ်သည်။

“ကိုလေးရွှေရေ၊ ရွာအနောက်ပိုင်းက တင်မိတို့သားအမိ မှတ်မိသေးလား… ကျုပ်တို့ဘကြီးရဲ့ နောက်မယားလေး မမရွှေစာရဲ့ အမျိုးတွေဟာလေ… တင်မိသမီးလေး မုံရွာမှာ ဆရာအတတ်သင်ကျောင်း တက်နေတယ်တဲ့” ဆိုတာမျိုးက တစ်သွယ်။

“မောင်ဝင်းဖေကို ကိုလေး မှတ်မိ၊ မမှတ်မိတော့ မဆိုတတ်ဘူး… ကျုပ်တို့ ငယ်ငယ်က အင်စပက်တော်သားနဲ့ ရန်ဖြစ်တော့ မျက်နှာလို မျက်နှာရ ဝင်ကုန်းတိုက်တဲ့ အကောင်ရယ်… မနေ့ညက သူ့ကို အကြောင်းမတိုက် ဆိုင်ဘဲ အိပ်မက်မက်သဗျ”

ဟုလည်း တစ်ဖုံ။

သူ အမျိုးစပ်တော်ပုံက အောချယူရသည်။ ကျွန်မအဘိုးကတော့-

“ဖေသင်းရှိနေလို့ပဲ ငါတို့ ဆွေစပ်မျိုးစပ် မပြတ်တာ” ဟု သူ့ညီကို ကျိတ်ပြီး ချီးကျူးသည်။

“ကြက်မှာအရိုး၊ လူမှာအမျိုးတဲ့ဗျ… တစ်ခုခု ဖြစ်ကြည့်ပါလား.. ဒါငါ့အမျိုး၊ ငါ့အဆွေနဲ့ ဘယ်လောက် အင်အားတောင့်လဲ… မျိုးမှန်းမသိ၊ ဆွေမှန်း မသိတာမှ ရှက်စရာကောင်းတာ”

ဟူ၍ ဘဘဦးဖေသင်းက ကြုံတိုင်း လက်ချာရိုက်တတ်သည်။ ဆရာမခင်ခင်ထူး၏ “အညာသူ အညာသား ကျွန်မဆွေမျိုးများ” စာအုပ်ကို

ဖတ်စဉ်က ကျွန်မမှာလည်း အဘိုးတို့၊ အဘွားတို့ ဆွေမျိုးတစ်သိုက်၏ ပုံရိပ်ကို စီကာစဉ်ကာ မြင်ယောင်လာရင်း ပြုံးမိပါသေးသည်။ အညာဓလေ့က တူလိုက်သည့်ဖြစ်ခြင်း။ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ကို စနစ်တကျ မှတ်သားပြုစု လွန်းတတ်သူ ဘဘဖေသင်းအကြောင်းကိုတော့ အမျိုးနှင့်စကားစပ်မိလေတိုင်း ပြုံးကြရသည်။ "ငါတို့ အမျိုးများ ညည်းတို့ နှယ်နှယ်ရရ မမှတ်နဲ့" ဟူသည်ကား အမျိုးစပ်မပြခင် သူ စကားဦးသန်းလေ့ရှိသော အပြော ဖြစ်သည်။

သူ့ အမျိုးအစပ်ကောင်းပုံကလည်း တကယ်ကို ပြောစမှတ် တွင်ခဲ့သည်။ ကျွန်မ ဖေဖေနှင့် ရွာက သားချင်းတချို့ ရန်ကုန်မှာ တက္ကသိုလ် သွားတက်နေတုန်း တစ်နေ့တော့ ဦးဖေသင်းကြီး ရန်ကုန်ကို ပေါက်ချလာပါလေရော။ သည်မှာတင် ရန်ကုန်မြို့မှာ တစ်ယောက် တစ်နေရာ ပြန့်ကျဲနေသည့် အမျိုးတွေကို ခေါ်ပြီး ထုံးစံအတိုင်း "မင်းတို့ တစ်ယောက်ကို တစ်ယောက် ဘယ်လို တော်စပ်တယ်... ဘယ်ဥကနေ ဘယ်လို ပေါက်ဖွားလာတယ် ဆိုတာ သိကြရဲ့လား" ဟု မေးလည်း မေး၊ ဆွေမျိုးပြဇယားဆွဲပြီး ရှင်းလည်း ရှင်းပြရာ ကျောက်သင်ပုန်း တစ်ချပ်တည်းနှင့်တောင် မလောက်၍ နှစ်ချပ်တောင် ရေးယူရကြောင်း ဆွေမျိုးများကြားတွင် ပြောစရာဖြစ်ခဲ့သည်။

တစ်ခါတလေတော့လည်း သူ့ဆွေမျိုးစာရင်းက အတည်ယူလို့ ရတာ မဟုတ်။ သပွတ်အူလို ရှုပ်ယှက်ခတ်အောင် တော်ပြမှ စပ်သည့်အမျိုးကိုလည်း ငါတို့က အမျိုးတွေဟု လုပ်ချင်လုပ်တတ်သည်။ ဘဘဦးဖေသင်း မည်မျှပင် တက်တက်ကြွကြွ အမျိုးစပ်ပြပါစေ... ကျွန်မတို့မှာ မမှတ်မိသည်က များသည်။

"သူပြောမှပဲ.. ငါတို့ ဆွေမျိုးအုပ်ကြီးမှန်း သိတော့တယ်... တစ်ရွာလုံးများ အမျိုးပတ်တော်ထားလား မသိပါဘူး" ဆိုပြီး ကျွန်မမှာ မမကို လက်ကုတ်ပြီး ပြောရသေးသည်။

လူကြီးတွေကလည်း ခက်တော့ ခက်သည်။ ကျွန်မ အဘိုးလည်း ထိုနည်းနှင်နှင်။ သူတို့ သိကျွမ်းဖူးသူတို့၏ သားသမီးများ၊ မြေးများ၊ ဝမ်းကွဲ ဆွေမျိုးများနှင့် ကြုံဆုံရန် အကြောင်းပေါ်လာလျှင်တောင်မှ ... ဟဲ့ ဘယ်သူ့ မြေးလို့ ပြောလိုက်စမ်း။ ဘယ်သူ့ သမီးလို့ မိတ်ဆက်လိုက်နော်။ သူတို့ ဘိုးဘွားတွေနဲ့ ငါတို့နဲ့က ဘယ်လို သိခဲ့ကြတာဟဲ့။ အဲဒါတွေ ထည့်ပြောနော်... စသည် ဖြင့် မှာတမ်းခြွေတတ်သည်။ ကျွန်မတို့ဘက်က မေ့ပြီးဖြစ်ဖြစ်၊ တမင် မပြောချင်၍ မပြောခဲ့လျှင်ပဲ ဖြစ်ဖြစ် အပြစ်တင်ခံရလို့ မဆုံးတော့ပေ။ ကျွန်မကလည်း ဘာရယ်မသိ။ ထိုသို့ မိတ်ဆက်ရမှာကို အလွန်ဝန်လေးပါသည်။

"ဟာဗျာ ဘဘကလည်း... အဲလို ပြောလိုက်မှ၊ အရင်က အကြွေး ဟောင်းတွေ ပြန်တောင်းနေရင် ဘယ့်နှယ့်လုပ်မလဲ"

သည်လို အကြောင်းပြတော့ ဘိုးတော်ဘုရားက သိပ်မကြည်လင်ပေ။

သူတို့ ညီအစ်ကို နှစ်ယောက်ကျတော့ အချင်းချင်း အပေးအယူ မျှကြသည်။ ... ကိုလေးရွှေ... ဘယ်သူ့ သိလားဗျ... ဟု တစ်ယောက်က စကား စလျှင် ကျန်တစ်ယောက်ကလည်း... သိသားပဲကွ၊ တို့နဲ့ အမျိုး ဘယ်နှဝမ်းကွဲ တော်တာ မဟုတ်လား... ပြန်ဖြေသည်။ အရာတော် အမျိုးတွေ၏ သာရေးနာရေး ထူးခြားဖြစ်စဉ်များနှင့် ပတ်သက်လာလျှင် ဘဘဦးဖေသင်းက ဦးဆုံးသိရသည်။

သိရမှာပေါ့။ သူက အသက် ၈၀ ကျော်အထိတောင် နေပူမရှောင်၊ မိုးရွာမရှောင် မန္တလေးမြို့ပေါ်က အမျိုးအိမ်တိုင်းစေ့ဆီကို ဆိုင်ကယ်ကိုယ်တိုင်မောင်းပြီး သွားလည်တတ်သည့်သူကိုး။ ဘယ်သူတော့ သာတယ်၊ ဘယ်သူတော့ မာတယ်၊ ဘယ်သူတော့ အကြွေးပတ်လည်ဝိုင်းလို့ အိမ်က ဖယ်ပေးရသတဲ့ စသည့် နောက်ဆုံးသတင်းများကို သူက ဝေဝေဆာဆာ ပြန်ပြောနိုင်စွမ်းရှိသည်။ ဒါနှင့်ပဲ ကျွန်မအဘိုးမှာ ဘဘဦးဖေသင်းကို မျှော်ရသည့်ကား အလုပ်တစ်ခု ဖြစ်လာသည်။

ဘဘက သူ့ညီကို မျှော်သလောက် ကျွန်မတို့ ညီအစ်မမှာ ငယ်ငယ်တုန်းကတော့ ဘဘဦးဖေသင်း လာပြီဆိုလျှင် ပုန်းရတာကိုက စွန့်စားမှု တစ်ခု။ ပုန်းတာမှ ရိုးရိုးပုန်းတာ မဟုတ်၊ လှေကားဖိနပ်ချွတ်မှာ ကျွန်မတို့ ဖိနပ်တွေကို မြင်လျှင် အော်ပြီးခေါ်နေမှာစိုးလှသဖြင့် အိမ်ပေါက်ဝမှာ သူ့အသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ကျွန်မတို့မှာ ကိုယ့်ဖိနပ် ကိုယ်ဆွဲပြီး အိမ် အပေါ်ထပ်ကို တစ်ချိုးတည်းလစ်ကြသည်။ ပြဿနာက သူက အိမ်ကိုလာလျှင် ကျွန်မအဘိုးနှင့်အတူ အေးအေးဆေးဆေး စကားပြောပြီး ပြန်သူ မဟုတ်။

"ဟိုကောင်မလေး ဒီလာခဲ့ဦး... ကိုင်း ... ရေးစမ်းအေ... ဥရင်ကောက် (ဥ) ရေးပြစမ်း"

သူတို့ စကားဝိုင်းအနားကို အမှတ်တမဲ့ယောင်ပေပေ သွားရပ်မိတာ မြင်လိုက်သည်နှင့် ထိုသို့ လှမ်းခိုင်းချင် ခိုင်းတတ်သည်။ ရတ်တရက် ဆိုတော့ သူ့လည်း ကြောက်ရသည်နှင့် ဥရင်ကောက်ကိုလည်း မရေးတတ်တော့။ (ဉ) နှင့် (ဠ) လည်း မကွဲတော့။ ကြောက်လေ မှားလေ။ မှားလေ ပိုအဆူ ခံရလေ။ အဆူခံရမှာ စိုးသဖြင့် ကျွန်မတို့က ပိုကြောက်လေ။

"ဆရာမကို အင်္ဂလိပ်လို ဘယ်လို ခေါ်လဲ"

"တီးချာ"

"ဆရာဝန်ကို ဘယ်လိုခေါ်လဲ"

"ဒေါက်တာ"

"တယ်တတ်ပါလားဟ... ကိုင်း... ဒါဖြင့် ဗေဒင်ဆရာကို ဘယ်လို ခေါ်လဲ"

သည်တော့ ကျွန်မလည်း ဆက်မဖြေတတ်တော့။ ဆရာမကမှ မသင်ထားတာကိုး။ ကျွန်မ မျက်လုံးလေး ကလယ် ကလယ် ဖြစ်နေသည်ကို တွေ့လျှင် သူက ထိုသို့ စနောက်လိုက်ရသဖြင့် ပျော်နေသည်။ ပြီးတော့လည်း ပြောတတ်သေးသည်။

"ညည်းတို့က ငါ့အင်္ဂလိပ်စာအတန်းကိုမှ လာမတက်ကြတာ" တဲ့။ အင်္ဂလိပ်စာအတန်း ဆိုလို့လည်း ငါ့မြေးလေးများ ဆိုပြီး အခမဲ့ပညာရေး လုပ်ပေးတာမျိုး မဟုတ်။ သူ့ဝါဒကား အမျိုးရင်းဖြစ်လျှင် အခကြေးငွေအရာ၌ ပိုပြီး ပြတ်သားရမည် ဟူ၏။

ဘဘဖေသင်းက စာသင်တာတင် မဟုတ်၊ တိုင်းရင်းဆေးနည်း ပညာကို

သင်ယူပြီး တစ်ဖက်တစ်လမ်းက သူ့ဟာသူ စိတ်လိုလက်ရ ဆေးတွေ ဖော်နေတာလည်း ရှိသည်။ ကျွန်မ မှတ်မိသလောက် သူ့ဆေးအတွက် စံပယ်ပန်းတို့၊ ရှောက်သီးခွံတို့ကို နေလှန်းပြီး အခြောက်ခံတာတွေလည်း ရှိသည်။ တခြားပစ္စည်းတွေရော အများကြီးပါပဲ။ ပြီးလျှင် လျက်ဆား၊ ဝမ်းပျော့ဆေး၊ အခိုးပွင့်ဆေးစသည်ဖြင့် ကြိတ်ပြီး ဘူးကလေးတွေနှင့် ထည့်ထားကာ အမျိုးတွေကြားထဲ လိုက်ရောင်းပြန်ပြီ။ သူ့ကိုကြောက်လို့ ပုန်းရသည့်အထဲတွင် ထိုဆေးကိစ္စလည်း ပါသည်။ တစ်နေ့သားမှာ ကျွန်မတို့ ညီအစ်မနှစ်ယောက် ကံဆိုးချင်တော့ သူနှင့် တည့်တည့်သွားတိုးသည်။

"ဟိုကလေးနှစ်ယောက် လာခဲ့စမ်း"

သူ့အနားကို ရောက်သွားတော့ "ပါးစပ်ဟ" ဟူ၍ ခိုင်းသဖြင့် ကျွန်မတို့မှာ ဘုမသိဘမသိ ပါးစပ်ဟပေးလိုက်ရာ သူက ဆေးတစ်ကော်စီ သူ့လက်နှင့်ကော်ပြီး ကျွန်မတို့ ပါးစပ်ထဲသို့ ခွံ့လိုက်ပါသည်။ ဆေးကြီးက ခါးလိုက်တာ.... သို့ပေမဲ့ ကြောက်တော့လည်း ထွေးမထုတ်ဝံ့ပေ။ သူကတော့ အောင်နိုင်သူတစ်ယောက်လို သူ့ဆေးကို အရောင်းမြှင့်တင်တော့သည်။

"ဒီဆေးက အစာကြေစေတယ်... အစာစားချင်စိတ်လည်း ပေါ်တယ် ... ဝမ်းလည်း မှန်စေတယ်အေ့... ညည်းအမေကို သွားခေါ်စမ်း"

သည်လိုနှင့် မေမေ့မှာလည်း ကန့်လန့်ကန့်လန့်နှင့် ပါလာရသည်။ မေမေ ရောက်လာတော့ ညည်းသမီးတွေ ကျန်းမာရေးကောင်းအောင် ဒီဆေးတွေ တိုက်သင့်ကြောင်း၊ ဘယ်ဆေးက ဘယ်လောက်ကျသည်၊ ဘယ်လို သောက်ရမည် စသည်ဖြင့် ဆေးညွှန်းပေးပြီး ဇွတ်အတင်း ထိုးထည့် ရောင်းတော့သည်။ ဘဘဖေသင်း၏ ဆေးများ ရောင်းကောင်း၊ မကောင်း မသေချာသော်လည်း ကျွန်မအဘိုးနှင့် အဘိုးဝမ်းကွဲ ဘဘရွှေဒေါင်းမြိုင် နှစ်ဦးကတော့ ရောဂါဘယ်လောက်ဆိုးဆိုး၊ အင်္ဂလိပ်ဆေးဝါးကို မည်သို့ပဲ မှီဝဲနေရပါစေဦးတော့... သူတို့ ညီလေး ဖော်စပ်ထားသည့် ဆေးကိုလည်း လက်မလွှတ်တမ်း အသက်ထက်ဆုံး ယုံယုံကြည်ကြည် အားပေးသွားပါ၏။

ထို့ပြင်တစ်ဝ ရှိသေးသည်။ ဘဘဦးဖေသင်းသည် မနက်ခင်း စောစောပိုင်းက သူ့အင်္ဂလိပ်စာသင်တန်း ကျောင်းလွှတ်ပြီဆိုလျှင် သူ နေထိုင်ရာ မြို့သစ်မှ ကိုင်းတန်းဈေးအထိ ဆိုင်ကယ်နှင့်သွားပြီး ချက်စရာ ပြုတ်စရာ သွားဝယ်တတ်သေးသည်။ သူ့အကြောင်းပြချက်က မြို့သစ်က ဈေးထက် ကိုင်းတန်းဈေးက ဝယ်လို့ကောင်းသည်၊ အသီးအရွက် လတ်ဆတ်သည်တဲ့။ အိမ်ရောက်တော့လည်း သူဝယ်လာတာ သူ့ဘာသာ ချက်ပြုတ် စားတာပါပဲ။ တစ်ခါတလေ ကျွန်မအဘိုးထံ ဝင်လာပြီး သူဝယ်လာတာတွေကို ပြန်မျှသွားတတ်သေးသည်။ သူ့သားသမီးတွေက "အဖေရယ်... အသက် ကြီးပါပြီ။ ဒီဆိုင်ကယ်ကြီး မစီးပါနဲ့တော့" ဆိုတိုင်းလည်း မထုံတက်သေး မကြားချင်ယောင် ဆောင်နေတတ်သည်။ သူ စိတ်မထင်လျှင် မထင်သလို ကျွန်မတို့အဘိုးကို ကျွန်မတို့တွေ မရှိခိုက် ဆိုင်ကယ်ဖြင့် ခေါ်သွားပြီး တောင်သမန်အင်းဘက် ထန်းရည်သွားသောက်ကြသည့် အခါမျိုးလည်း မကြာခဏ ဆိုသလိုပင်။

⁂

သည့်အမျိုး သည့်အဆွေတွေ စိတ်ဓာတ်က ထန်လိုက်ကြတာဟု စကားစလျှင် ဘဘ၏ အမေ၊ ကျွန်မတို့၏ ဘွားတော်ကြီး ဒေါ်စောမိကို ချန်လုပ်၍ မရပါချေ။ ဒေါ်စောမိ အပျိုဘဝတုန်းက သူနှင့် ကျွန်မတို့၏ အဘိုးကြီး (ဦးတင်ဘ) ရည်ငံနေသည်ကို သူ့အဖေက သိပါလေရောတဲ့။ မောင်တင်ဘကို ထောင့်မကျိုးဘူးဟု ထင်နေသည့် သူ့အဖေကြီးက မစောမိကို မောင်တင်ဘနှင့် ယူလျှင် ခေါင်းဖြတ် သတ်မည်ဟု ကြိမ်းဝါးသည်။ သည်တော့ မစောမိ စိတ်ဓာတ်ပြတ်သားပုံက ပြောစမှတ်တွင်ခဲ့သည်။

"အဖေ ခေါင်းဖြတ် သတ်လည်း ကျုပ်ကတော့ သေလိုက်ရုံပဲ.. ဒါပေမဲ့ ကျုပ်ခေါင်းကတော့ ကိုတင်ဘ ရှိတဲ့ အရပ်ကို လိမ့်မှာ" တဲ့လေ။

ချစ်ရသူအတွက် ထိုသို့ ရဲရဲဝံ့ဝံ့ ပြတ်သားခဲ့သည့် မစောမိပါပေ။ သား၊ မြေးတွေကတော့ အမေစောဟု ခေါ်ကြသည်။ အမေစော၏ မိန့်မှာစကားဆိုလျှင် မည်သူမျှ နှုတ်လှန်မထိုးဝံ့အောင် ဩဇာထက်လှသည်။ သူလည်း အသက် ၉၀ ကျော်မှ ဆုံးလေသည်။ ဆုံးတော့လည်း ရောဂါ မည်မည်ရရ မပြောသာ။ အိပ်ရင်းနှင့်ပင် ဝင်သက် တန့်သွားသည်။ သူ အသက်ဘယ်လောက် ကြီးကြီး အသက် ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် သူ့သားသမီးတွေကိုတော့ ကလေးတွေလို သဘောထားပြီး အကွက်စေ့နေအောင် စီမံခန့်ခွဲသည်။ သည်အကြောင်းကြောင့်လည်း ချွေးမဖြစ်သူ ကျွန်မအဘွား မတင်ညွှန့်နှင့် မျက်နှာကြော မတည့်လှ။

တစ်ခါမှာတော့ ဘွားဘွားရီ ပြောပြဖူးတာ ရှိသည်။ ဘွားဘွားရီက ရွာမှာ ဆိုလျှင် ရပ်ဆွေရပ်မျိုးလည်း ဖြစ်သည့်အပြင် အမျိုးနီးစပ်လည်း တော်နေတော့ အမေစောက မန္တလေး လာတဲ့အခါ တစ်ခါတလေ ဘွားဘွားရီတို့ အိမ်မှာ တည်းတတ်သည်။

"တစ်ခါတော့ အမေစောက မန္တလေး ရောက်လာတယ်အေ့… မောင်ထွန်းရွှေက သူ့အိမ်မတည်းရင် စိတ်ဆိုးချေဦးမယ် ဆိုပြီး သူ့ဖာတောင်းလေး ခေါင်းပေါ် ရွက်ပြီး ညည်းတို့အိမ်ကို သွားတယ်"

ဘွားဘွားရီတို့ မြို့သစ်သို့ မပြောင်းမီက မန္တလေးတွင် သူတို့ နေသော အရပ်နှင့် ကျွန်မတို့နေသော ရပ်ကွက်မှာ မန္တလေးအခေါ် နှစ်ကြပ် ဝေးပါသည်။

"မကြာပါဘူးအေ.. တစ်အောင့်နေတော့ ပြန်ရောက်လာပါရောလား… ဖြစ်ပုံက ဒီလိုရယ်"

ဘွားဘွားရီက မတင်ညွှန့်နှင့် မစောမိတို့ သမီးယောက္ခမ နှစ်ယောက်ရဲ့ ရန်ပွဲကို ကျွန်မတို့ကို ဖောက်သည်ချပါသည်။

"နေပါဦး… တော်က ကျုပ်ကို ကြည့်မရဘူးဆို"

ဒါက ဒေါ်စောမိ သူ့ဖာတောင်း ချလိုက်ပြီးချင်းချင်း ပြောလိုက်သည့် မတင်ညွှန့်၏ ပဋိသန္ဓာရစကား။ ဒီတော့လည်း အမေစောတို့က ခပ်ရှင်းရှင်းပင်။ သူတောင်မြောင်မေးတာ ဒီကလည်း ဘွင်းဘွင်းပဲပေ့ ဆိုပြီး မျက်နှာချင်းဆိုင်ပြီး ပြောလိုက်တော့သည်။

“အေးပ… ညည်းကမှ အချိုးမပြေဘဲနဲ့ဟာ”

“ဒါနဲ့များတော် ကျုပ်အိမ် လာနေသေးတယ်… အံ့ရဲ့ … ဒီမယ် မှတ်ထားလိုက်ဦး…. တော် မကြည်လည်း ကိစ္စမရှိဘူး… ကျုပ်လင် ကြည်နေရင် ပြီးတာပဲ”

ထိုသို့ဖြင့် အမေစောမှာ ဆွေ့ဆွေ့ခုန်ပြီး ဘွားဘွားရီတို့ အိမ်ထဲ ပြန်ရောက်လာတော့သည်။

“ငါ့အေ ချွေးမတို့ သမက်တို့ မပြောနဲ့ … ဘယ်သားသမီးကမှတောင် စကားတစ်ခွန်း ပြန်မပက်ဖူးဘူး… မီးသေပြီးသားပါဟဲ့… သူ့ကျမှ သက်သက်ဘဝင်ကိုင်လို့… ရွာအနောက်ပိုင်းက မိကြည်တို့ သူ့လင်ကို ပြန်ပြောသလိုများ ပြောလိုက်ရရင် သင်းလုပ်စာ မစားမိလို့ တော်သေးတယ်… စားများမိရင် အဖန်ငါးရာ ငါးကမ္ဘာ ငရဲကျမှာထက် ပိုဆိုးတယ်အေ့”

ဆိုပြီး တဖျစ်တောက်တောက် ပြောမဆုံးတော့ချေ။ သည့်အပြင် ဘွားဘွားရီက ကျွန်မကို ပြောသေးသည်။ “ငါတော့ ညည်းကို အမေစော သေလို့ ဝင်စားတယ် မှတ်တာပဲအေ့… ညည်းနဲ့ ညည်းအဘွားက တည့်မှ မတည့်ကြတာကိုးနော့။ အမေစော နှုတ်သီးကောင်းတာရော၊ ဒေါသကြီးတာရော၊ ရုပ်ရည်ရော ညည်းနဲ့ တထေရာတည်းမှ တထေရာတည်းပါအေ” တဲ့။

သည်စကားသာ မှန်လျှင်တော့ ဘွားဘွားနှင့် ကျွန်မ မတည့်တာ မဆန်းလှချေဘူးပေါ့။

❑

(၁၀)

ဈေးသည် မေမေ၊ ဈေးသည် သမီး

မည်သူက စလိုက်မှန်း မသိသော်လည်း ယောက္ခမနှင့် ချွေးမကို ကမ္ဘာဦးရန်သူ အဖြစ် ပြောကြသည်ကို မကြာခဏ ကြားဖူးပါသည်။ အမေစောနှင့် ဘွားဘွားတို့ မတည့်ကြသလို ဘွားဘွားနှင့် မေမေတို့ သဟဇာတ မဖြစ်ကြပုံကို ကြည့်ပြီး "ကမ္ဘာဦးရန်သူ" ဆိုသည့် စကားဟာ အချို့သူများအဖို့ ဟုတ်သလိုလိုပေါ့။ သည်အကြောင်းတွေကိုတော့ အဘိုးနှင့် အဖေတို့ မသိကြပါ၊ သိလျှင်လည်း ထဲထဲဝင်ဝင် မခံစားတတ်ကြပါ။

ကြားဖူးသည့် ဟာသတစ်ပုဒ် ရှိသည်။

"ကိစ္စ အသေးအမွှား ဆိုရင် (ဥပမာ-အိမ်နဲ့ပတ်သက်တာမျိုးပေါ့) ကျွန်တော့်မိန်းမက ဆုံးဖြတ်ပြီး ဘယ်သူက သမ္မတဖြစ်သင့်တယ်... နိုင်ငံအရေးက ဘယ်လိုဖြစ်သင့်တယ် စတဲ့ ကိစ္စကြီးတွေကိုတော့ ကျွန်တော်က ဆုံးဖြတ်တယ်"

သို့ကလိုပင် ယောကျ်ားသား အများစုသည် မိသားစုထဲက သေးသေး မွှားမွှားကိစ္စများကို ဝင်မပါတတ်သလို၊ စိတ်လည်း မဝင်စားတတ်ကြပေ။ ကျွန်မတို့ အိမ်တွင်လည်း အဘိုးနှင့်အဖေသည် အီသီယိုးပီးယားတွင် စားနပ်ရိက္ခာရှားပါးကြောင်း၊ ဆိုဗီယက်ရုရှ ပြိုကွဲပြီးနောက် ပေါ်ပေါက်လာသော နိုင်ငံငယ်များ၏ အရေးအခင်း၊ အမေရိကန်သမ္မတ ဘီကလင်တန်၏ နိုင်ငံခြားရေးမူဝါဒ စသည်တို့အကြောင်း စကားတဖောင်ဖောင် ပြောနေသလောက် အဘွားနှင့် အမေကတော့ မနက်ဖြန် ဘာချက်မယ်၊ ကြက်သွန်ဈေးက ဘယ်လောက်ရှိတယ်၊ ဆီဈေးဘယ်လောက်တက်တယ်၊ အကြီးမ သင်္ချာ အမှတ်နည်းတယ်၊ အငယ်မ အင်္ဂလိပ်စာ လိုက်မမီဘူး အစရှိသည့် ကိစ္စများကိုသာ ပိုပြီး အာရုံစိုက်ပါသည်။ သည်တော့ အဘွားနှင့် အမေတို့နှစ်ဦးသား၏ အသံတိတ်စစ်ပွဲမှာ အဘိုးနှင့် အဖေထက် ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ပိုပြီး ခံစားရသည်။

မေမေသည် သူကိုယ်တိုင် စီးပွားရှာရသဖြင့် ငွေတစ်ကျပ်တလေ ကိုသော်မှ အလဟဿ အပွန်းအပဲ့ မခံတတ်ပေ။ အဆိုးဆုံးမှာ အရာရာကို တွက်ချက်လွန်းသည်။ ဥပမာ- ကျောင်းမှာဆိုလျှင် သူငယ်ချင်းတွေက ဆရာမကို ပန်းလက်ဆောင်ပေးသည်၊ ရာသီပေါ် အသီးအနှံများ ပေးသည်၊ အထည်စများ ပေးသည်ကို မြင်မိလျှင် ကျွန်မလည်း ပေးချင်သည်။ "ကျေးဇူးပဲနော် သမီး" ဟူ၍ ဆရာမက အပြုံးနှင့် တုံ့ပြန်လိုက်တာမျိုး ကြုံဖူးချင်သည်။ မေမေကမူ ထိုသို့တံစိုးလက်ဆောင် ပေးခြင်းကို အားမပေးတတ်ပါ။

"အဲဒါ လာဘ်ထိုးနေတာပဲ... ဘာလို့ ပေးရမှာလဲ... ပိုက်ဆံ ကုန်က ကုန်နဲ့"

သူများနည်းတူ ဆရာမကို လက်ဆောင်မပေးသလို အတန်းပိုင် ဆရာမ၏ ကျူရှင်မှာလည်း မထားတတ်ပေ။ မေမေကိုယ်တိုင် စာသင်ပေးပါသည်။ သို့ပေမဲ့ မေမေက စိတ်မရှည်တတ်၊ စာထဲကို ကျွန်မ စိတ်ပါလက်ပါ မရှိလျှင် ရိုက်တတ်သည်။

သည့်လိုနှင့် သားအမိနှစ်ယောက်၏ စာသင်ဝိုင်း ဆီကနေ စာအံသံအစား ငိုသံများသာ ကြားရတတ်သည်။ စတုတ္ထတန်းနှစ်က စပြီး ကျွန်မ တောင်းဆိုလွန်းသဖြင့် အတန်းပိုင်ဆရာမ၏ ကျူရှင်ကို တက်ခွင့်တော့ ရပါ၏။ စိတ်ချမ်းချမ်းသာသာနှင့် တက်ရသည့်မျိုးတော့ မဟုတ်။ ထိုစဉ်က ကျူရှင်လခမှာ တစ်လလျှင် တစ်ရာကျပ် ဖြစ်သည်။ မေမေက ထိုတစ်ရာကို ကျူရှင်တက်ရသည့် ရက်ပေါင်း ၂၀ နှင့် စားပြီး တစ်ရက်လျှင် မည်မျှကျသင့်သည်ဟူ၍ တစ်ခါတည်း တွက်ချက်ထားသည်။

ဆရာမကလည်း မကြာခဏဆိုသလို အကြောင်းအမျိုးမျိုးပြပြီး ကျူးရှင် ပိတ်တတ်သည်။ ကျွန်မမှာတော့ ကလေးပီပီ အတန်းမရှိလို့ ပျော်ရမည့်အစား ဆရာမက ကျူရှင်ပိတ်တိုင်း စိတ်အညစ်ကြီး ညစ်ရသည်။ အိမ်ပြန်ရောက်လျှင် “ဒီတစ်ရက် ပိတ်တော့ ကြည့်ပါလား… နေရင်းထိုင်ရင်း ငါးကျပ်ကုန်ပြီ” ဆိုသည့် မေမေ၏ အပြစ်တင်သံကို ကြားရတတ်သည်။

အဆိုးဆုံး ကိစ္စကတော့ ကျောင်းက အချို့သော ဆရာမတွေဟာ ကျွန်မတို့အိမ်မှာ စတိုးဆိုင် ဖွင့်ထားတာကို သိပြီး ဆိုင်ကနေ ဟိုပစ္စည်း ယူလာပါ၊ သည့်ပစ္စည်း ယူလာပါ ဆိုတာမျိုး ကျွန်မကို ခိုင်းတတ်သည်။ သည်လိုများ အခိုင်းခံရလျှင် ကျွန်မမှာ အမေ့ကိုလည်း မပြောရဲ၊ ဆရာမကိုလည်း မတွန်းလှန်ရဲနှင့် နောက်တစ်နေ့ ကျောင်းသွားရမှာကိုတောင် အတော်လေး ဝန်လေးနေမိခဲ့သည်။ သည့်အကြောင်းကပင် ကျွန်မကို ငယ်ငယ်ရွယ်ရွယ်နှင့် ကိုယ့်ပိုက်ဆံ ကိုယ်ရှာနိုင်အောင် တွန်းအားပေးခဲ့လေသည်လား မပြောတတ်ပါ။

“တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး” ဟုဆိုလျှင် မိခင် ဈေးသည်၏ အနီးအနားမှာ နေရလေတော့ ကျွန်မတို့လည်း ဈေးသည် ဖြစ်ခဲ့ရသည်ပင်။ အဘိုး၊ အဘွားတို့လို ရွာမှာ မကြီးပြင်းခဲ့ရသဖြင့် လယ်ထဲမှာ မရုန်းကန်ခဲ့ရ သော်လည်း သီတတ်စအရွယ်မှာ အမေ့ခြေရာကို နင်းပြီး ကျွန်မတို့လည်း ပေသီး ကောင်းကောင်း ခေါက်တတ်ပေပြီ။ သည်လို ပေသီးခေါက်ပြီး ဈေးရောင်း ကြရာမှာ ဘွားဘွားနှင့် ကျွန်မ ရန်ဖြစ်ခဲ့ရသည်များလည်း ရှိခဲ့သည်။

အကြောင်းက သည်လိုပါ။ ကျွန်မ တတိယတန်း စာမေးပွဲပြီးကတည်းက နွေရာသီကျောင်းပိတ်ရက်တိုင်း သီလရှင်ဝတ်ရသည်။ စစချင်း သီလရှင် ဝတ်သည့်နှစ်က မြိတ်က မေမေ့အမျိုးတွေ (မေမေက မြိတ်သူ ဖြစ်ပါသည်) အလှူမှာ ဝတ်ခဲ့ရတာပါ။ ထိုနှစ်ကတော့ ဝတ်သည့်ရက်ကလည်း နှစ်ရက်ပဲ ရှိတာမို့ ထူးထူးခြားခြား ဘာမှမရှိခဲ့။ စတုတ္ထတန်း စာမေးပွဲ ဖြေပြီးနောက်မှာတော့ ရက်ကြာကြာ သီလရှင်ဝတ်ရပါသည်။ သင်္ကြန်ပြီးလျှင်ပြီးချင်း ဝတ်ရသည်။ သင်္ကြန်မတိုင်ခင် အထိက ကျွန်မရဲ့ လုပ်ငန်းလေးဆီကနေ ပိုက်ဆံ ရနိုင်သေးတာကိုး။

လုပ်ငန်းဆိုလို့ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်။ သင်္ကြန်ရေပြွတ်တွေ၊ ရေသေနတ်တွေ ရောင်းရတာမျိုးပေါ့၊ ၁၉၉၄ ခုနှစ် သင်္ကြန်မတိုင်မီက စပြီး ကျွန်မတို့ညီအစ်မတွေ ရေပြွတ်စရောင်းပါသည်။ မေမေက အရင်းအနှီး ထုတ်ပေးသည်။ ပစ္စည်းဝယ်ပေးသည်။ အမြတ်ဘယ်လောက် တင်သင့်သည်ကို အကြံပြုသည်။ ကျန်တာ ကျွန်မတို့ ညီအစ်မ သဘောပင်။

မမက ရေသေနတ်ကြီးတွေ၊ စတီးရေပြွတ်တွေ အနည်းဆုံး ကျပ် ၁၀၀ ကျော်တန် ပစ္စည်းတွေကို ရောင်းရပြီး၊ ၁၀၀ တန်အောက် ပစ္စည်းတွေကို ကျွန်မ

ရောင်းရ ပါသည်။ မမက ပစ္စည်းကြီးမို့ အရောင်းရ ခက်ပေမယ့် တစ်ခုဆိုလျှင် တစ်ခု ပြောရလောက်အောင် အမြတ်ကျန်တတ်သည်။ သူ့ရေသေနတ်တွေ၊ စတီးပွတ်တွေက တစ်ခုရောင်းလျှင် ထက်ဝက်လောက်ကို မြတ်သည်။ ကျွန်မှာတော့ တစ်ခုကို ၂၀၊ ၃၀ လောက်ပဲ မြတ်သည်။ သို့ပေမဲ့ ပစ္စည်းအသေးလေးတွေ အဝယ်များ၍ ကျွန်မက ပိုရောင်းရပါသည်။ မေမေကတော့ ညီအစ်မနှစ်ယောက် ဈေးလုရောင်းရင်း ရန်မဖြစ်ဖို့ရာ မှာတတ်တာကလွဲလို့ ဝင်မစွက်တတ်ပါ။

ခက်တာက ဘွားဘွား။ ကျွန်မ ပိုရောင်းရတိုင်း သူ မကျေနပ်တတ်။ သူ့မြေးဘက်က အမြဲကူရောင်းသည်။ ဖေဖေတို့၊ မေမေတို့က "အမေ… ကလေးတွေကြားထဲ… ဝင်မပါပါနဲ့" ပြောတာလည်း မရ။ ဘွားဘွားမှာ ဆိုင်ခင်းပြီးသည်နှင့် သူ့မြေးအကြီး ဈေးရောင်း ကောင်းပါစေကြောင်း ရွတ်ဖတ်သရဇ္ဈာယ်နေသည်မှာ မပြီးတော့။ ဆိုင်ထဲသို့ ဈေးဝယ်ဝင်လာ လျှင်လည်း အပြိုင်ဈေးရောင်းသည်။ သည်လိုနှင့် ညပိုင်း ဆိုင်ပိတ်လျှင် သူတို့ မြေးအဘွားက တစ်ဖက်၊ ကျွန်မက တစ်ယောက်တည်း သတ်သတ်ဖြင့် ရန်ဖြစ်ကြလေသည်။ အချိန်တန်တော့လည်း ကျွန်မတို့ ပစ္စည်းအားလုံး ရောင်းရသည်ပင်။

နှစ်ဆန်းတစ်ရက်နေ့ ဆိုလျှင် မေမေနှင့် ကျွန်မတို့ စာရင်းရှင်းတမ်း စသည်။ ဘောက်ချာနှင့်တကွ မေမေ စိုက်ပေးထားရသော အရင်းအနှီးအားလုံး ပြန်ပေးရပါသည်။ အမြတ်ကို ကျွန်မတို့ ယူသည်။ အနည်းဆုံး လေး၊ ငါးထောင်တော့ ကျန်လေသည်။ ထိုအချိန်က ဗလာစာအုပ်တစ်အုပ်လျှင် လက်လီရောင်းဈေး ၂၀ ကျပ် ရှိသော်လည်း တစ်ဒါဇင် လက်ကားဈေးမှာ ၁၅၀ ကျပ်ခန့်သာ ရှိသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ တစ်နှစ်ပတ်လုံး သုံးရန် ဗလာစာအုပ် ၁၀ ဒါဇင်တော့ အသာလေး ဝယ်နိုင်သည်။ ၁၀ ဒါဇင်လုံးလည်း သုံးရန် မလိုတော့ ကျွန်မတို့မှာ ခုနှစ်ဒါဇင်လောက်သာ ဝယ်ကြသည်။

သည့်နောက် ဘဘနှင့် ဘွားဘွားကို ကန်တော့ရန် သတ်သတ် ဖယ်ရသေးသည်။ ကျန်ပိုက်ဆံကို ကျောင်းအပ်ဖို့၊ ခဲတံ၊ ဘောလ်ပင် ဝယ်ဖို့ သုံးရသည်။ ထိုအချိန်က ဗလာစာအုပ် သုံးအုပ်ဖိုးနှင့် ခဲတံ သုံးချောင်းဖိုး အပါအဝင် ကျောင်းအပ်ခမှာ ၄၅၀ ကျပ်သာ ရှိပါသည်။ ကျွန်မတို့သည် ကိုယ့်ပိုက်ဆံ ကိုယ်ကိုင်ကာ မိဘအုပ်ထိန်းသူ မပါဘဲ ကိုယ်တိုင် ကျောင်းအပ် ရပါသည်။ ကျောင်းနှင့် အိမ်ကလည်း တစ်ပြပဲ ဝေးသည်မို့ အကြောင်းသိတွေ ဖြစ်ကြလို့ လက်ခံကြပါသည်။

ကျွန်မတို့ လည်လည်ဝယ်ဝယ် ပြောတတ် ဆိုတတ်လာတော့ နေမကောင်းလို့ ဆရာဝန်ပြချင်လျှင်တောင် သာမန်အာဂန္တုအဖျားလောက် ကတော့ ကိုယ့်ဘာသာ ဆေးခန်း သွားရပါသည်။ ဆေးခန်းဘယ်မှာရှိသည့် ဘယ်လိုသွားရသည်၊ ဆရာဝန်နှင့်တွေ့လျှင် ဝေဒနာအကြောင်း ဘယ်လို ပြောပြသင့်သည် ဆိုတာ မေမေက သင်ပေးထားသည်။ ဘယ်မိဘ၊ ဘယ်အုပ်ထိန်းသူမှ မလိုက်တတ်။ မမကိုတော့ သူ့ အဘွားက လိုက်ပေးသည်။

ကျောင်းမှာ ဆုရလို့ ဆုယူလျှင်လည်း သည်လိုပါပဲ။ ဘယ်သူမှ မလိုက်ပေးတတ်။ ထုံးစံအတိုင်း မမ ဆုယူတိုင်းတော့ သူ့ဘွားဘွားကပဲ ဂုဏ်ယူစွာ လိုက်ပေးသည်ပင်။ ကျွန်မသာလျှင် အမြဲတမ်း တစ်ယောက်တည်း ဆုယူပြီး ဝေါင်စင်းစင်းနှင့် ပြန်လာရသည်။

"... မေမေ လိုက်လိုက်၊ မလိုက်လိုက်... သမီးလေး တော်လို့ ဆုရပြီပဲ... နေရာတကာ ဘယ်သူပါမှ... ဘယ်ဝါပါမှ... ဘာဖြစ်မှ... ဆိုတာတွေ မတွေးနဲ့သမီး... အားပေးသူရှိရှိ... ကဲ့ရဲ့သူရှိရှိ သမီး...လမ်းကို.. သမီးပဲ လျှောက်ရမှာ"

မေမေကိုယ်တိုင်သည်လည်း သူ့ဘဝတွင် ဦးဆောင်သူ ဆိုခြင်းထက် မှီခိုသူ ဖြစ်လိုခဲ့ပါသည်။ ဘဝတွင် ရွေးချယ်ခွင့် နည်းပါးသဖြင့် မလွဲရှောင်နိုင်ဘဲ လောကဓံကို တည့်တည့် ရင်ဆိုင်သူများ စာရင်းတွင် မေမေ့ကိုလည်း ထည့်ရပါလိမ့်မည်။ သူ့ဘဝတစ်လျှောက်လုံးတွင် မိသားစုကို ပခုံးထမ်းပြီး ဦးဆောင်ခဲ့ရသူကိုး။

မေမေ့မှာ ပညာရေးနှင့်သာ အသက်မွေး ဝမ်းကျောင်း ပြုချင်လွန်းလှသဖြင့် ပညာထူးချွန်အောင် သင်ကြားခဲ့သော်လည်း ဘဝကံကြမ္မာက အခွင့်အရေး မပေးခဲ့ပါ။ သို့ပေမဲ့ ဇာတ်ဆရာအလိုကျ ဘဝတွင် ဆေးစက်ကျရာ အရုပ်ထင်အောင် စွမ်းဆောင်နိုင်ခဲ့သည့် အတွက်တော့ ကျွန်မတို့အဖို့ မေမေ့ကို ကျေးဇူးတင်စရာ ကောင်းလှသည်။

⁜

တကယ်တော့ မေမေ့ဘဝသည် ဖေဖေ့လို ချောမွေ့ခဲ့သည် မဟုတ်။ သူ ကိုးတန်းနှစ်တွင် အဖေရော၊ အမေရော ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသည်။ မိဘနှစ်ပါး မကွယ်လွန်မီတွင် မြိတ်(ဘိတ်) နောက်လယ်အရပ်တွင် ရှိသည့် သူတို့အိမ်ကြီး မီးလောင်လေသည်။ သည်လို ဥစ္စာဆုံး၊ လူဆုံးဖြစ်ပြီး နောက်မှာ ကျန်ရစ်တဲ့ မေမေတို့ မောင်နှမရှစ်ယောက်ကို အုပ်ထိန်းသူ မရှိသည်မို့ အစ ပိုင်းမှာ ပရမ်းပတာဘဝကို ကိုယ့်အသိစိတ်နှင့်ကိုယ် ဖြတ်သန်းရပါသည်။

ဦးလေးတွေ၊ အဒေါ်တွေက သူတို့မောင်နှမ ရှစ်ယောက်ကို နိုင်သူက နိုင်သလောက် ခွဲဝေ မွေးစားကြပြန်တော့လည်း မောင်နှမတွေ အတူတူ နေခွင့် မရှိတော့။ ဆိုင်ရာ ဦးလေး၊ အဒေါ် ခေါ်ရာနောက်ကိုသာ လိုက်ကြရသည်။ သည်ကတည်းက မေမေ့ထံတွင် ထိုသိမ်ငယ်မှုက အမြဲစွဲထင် ကျန်ရစ်၏။ မိသားစု သိုက်သိုက်ဝန်းဝန်း နေချင်သည်။ ကိုယ့်အိုးနှင့် ကိုယ့်အိမ်နှင့် နေချင်သည်။ သူများအရိပ်က ကင်းလွတ်ချင်သည်။ မောင်နှမ ရှစ်ယောက် ထဲတွင် ငါးယောက်မြောက်ဖြစ်သော မေမေသည် မွေးချင်းများထဲတွင် တစ်ဦးတည်းသော ဘွဲ့ရသူ၊ ရန်ကုန်တွင် ကျောင်းသွားတက်နိုင်သူ ဖြစ်သည်။

"ဘီးရတဲ့ ပစ္စည်းလေးတွေကို ကြီးကြီးတို့ပဲ သိမ်းပေးထားပါ...ပြီးတော့ ဘီးကို ကျောင်းဆက်ထားပေးပါ"

သူများအိမ်တွင် လိုက်နေရ၍ သူများ အရိပ်အကဲကို အမြဲ ကြည့်နေရသည်။ မေမေက ငယ်ကတည်းက ရည်မှန်းချက် ကြီးသည်။ ဆရာပဲ ဖြစ်ချင်သည်။ မောင်နှမဝမ်းကွဲများကို ထိန်းရင်း စာကြည့်ရသည်။ တစ်ဖက်ကလည်း စက်ချုပ်ရင်း ကျောင်းစရိတ် ရှာရသည်။ ဆယ်တန်းအောင်တော့ မေမေ ဆေးတက္ကသိုလ် ဝင်ပါသည်။ သို့ပေမဲ့ ထောက်ပံ့မည့်သူ မရှိတာ တစ်ကြောင်း၊ နှစ်ကြာကြာ တက်ရမှာမို့ မတတ်နိုင်တာ တစ်ကြောင်းကြောင့် စီးပွားရေးတက္ကသိုလ်သာ တက်ခဲ့ရသည်။ မိဘတွေဆီကနေ သူ့အဖို့ ကျန်ရစ်သည့် ရွှေစငွေစကို အုပ်ထိန်းသူ အဒေါ်တွေ၊ အစ်မတွေဆီမှာ အပ်ပြီး သူ့ကို ကျောင်းဆက်ထားပေးဖို့သာ

တောင်းဆိုခဲ့ပါသည်။

စီးပွားရေးတက္ကသိုလ် ရောက်တော့ မေမေက "အင်ကြင်းဆောင်" တွင် နေရသည်။ သည်တုန်းက ကျွန်မဖေဖေက ရန်ကုန် တိမ္မေးကု တက္ကသိုလ် ကျောင်းတော်သား။ ဇီဝက အဆောင်ကပါ။ ကံ့ကော်တောကြား၊ ရေတမာပင်တွေကြားမှာ အဖေနှင့် အမေ၏ အချစ်ဇာတ်လမ်းကလည်း သူသူငါငါ တက္ကသိုလ်ကျောင်းတော် ဇာတ်လမ်းများလိုပင် ဆွတ်ပျံ့ဖွယ်ဖြစ်ခဲ့သည်။ လူတန်းစားတော့ ကွာဟသည်ပေါ့။ အဖေက စက်ပိုင်သူဌေး၏ တစ်ဦးတည်းသောသား၊ အပျိုချောများ ဝိုင်းဝိုင်းလည်နေသူ။ အမေကတော့ လစဉ်ကျောင်းစရိတ်အတွက် အမြဲ ပူပင်နေရသူလေ။

"ကျောင်းပိတ်တဲ့အချိန် သူငယ်ချင်းတွေ သူတို့ မြို့ကိုပြန်ရင် မေမေလည်း ပြန်ချင်တာပေါ့ … ဒါပေမဲ့ မေမေ့မှာ ပြန်စရာ အိမ်မရှိဘူး… ကြိုနေမယ့်သူ မရှိဘူးလေ… အဒေါ်အိမ် ပြန်မယ်ဆိုတော့ ဦးလေး မျက်နှာ ကြည့်ရမယ်… အစ်မအိမ် ပြန်မယ်ဆိုရင်လည်း ခဲအို မျက်နှာ ကြည့်နေရဦးမယ်"

မေမေ သည်လို နောက်ကြောင်းပြန် စကားကို ပြောလေတိုင်း ကိုယ်ပိုင်အိမ်နှင့် နေဖို့ရာ မည်မျှဆန္ဒရှိကြောင်း သူ့စကားများထဲတွင် ရိုးတိုးရိပ်တိပ် ပါလာတတ်သည်။ မေမေက အစုအဆောင်း တော်သည်။ ရသမျှ ကုတ်ကတ်၍ ရွှေစုတတ်သည်။ ရသတဏှာနောက်ကို မပါ၊ ပါးစပ်ကို အလိုမလိုက်ဘဲ၊ ရွှေကိုသာ အငတ်ခံ စုသည် ဆိုသည့်အထဲတွင် ကျွန်မ အမေပါ ပါသည်။ တစ်ခါတလေ မေမေ စိတ်လိုလက်ရရှိလျှင် သူ ဝယ်ထားသည့် ရွှေထည်၊ ကျောက်ထည်တွေကို ကျွန်မကို ပြတတ်သည်။ ပြီးတော့လည်း ကျွန်မကို မှာပြန်ပါသည်။

"မေမေ့မှာ ဒါတွေ ရှိတဲ့အကြောင်း ဘွားဘွားကိုလည်း မပြောရဘူး၊ ဘဘကိုလည်း မပြောရဘူး၊ ဖေဖေ့ကိုလည်း မပြောရဘူးနော်"

ကျွန်မိသားစုဝင်တွေကိုတောင် ပေးမသိဘဲ မေမေသည် ထိုသို့ တိတ်တဆိတ် စုဆောင်းတတ်သူ ဖြစ်လေသည်။ ကျွန်မတို့နှင့် ပတ်သက်လျှင်မူ မေမေ့ အိပ်မက်က ကြီးကျယ်ပါသည်။ ငါးတန်းနှစ် စတက်ချိန်ကစပြီး သမီးနှစ်ယောက်ကို ဆွဲကြိုးတစ်ကုံးစီ စဆင်ဖို့၊ ခြောက်တန်းနှစ် စတက်ချိန်တွင် အိပ်ရာခွဲပြီး တစ်ယောက်တစ်ခန်း ထားဖို့၊ ခုနစ်တန်းနှစ်ဆိုလျှင် လက်ကောက်ဆင်ဖို့၊ ရှစ်တန်းနှင့် ကိုးတန်းနှစ်များတွင် ကျူုက်ထီးရိုးကို လိုက်ပို့ဖို့၊ တက္ကသိုလ်ရောက်လျှင် ကိုယ်ပိုင်ကားကို မောင်းပြီး ကျောင်းတက်နိုင်ဖို့ စသည်ဖြင့် နှစ်အလိုက် သူ့မှာ ရည်မှန်းထားတာတွေ ရှိပါသည်။

သူ့သမီးတွေကို သူလို ဘဝမျိုး ဘယ်တော့မှ မဖြတ်သန်းစေရဟု မေမေ အမြဲကြွေးကြော်တတ်သည်။ သူငယ်စဉ်ကတည်းက ပိုက်ဆံကို ချွေချွေတာတာ စနစ်တကျ သုံးခဲ့ရ၍ ငွေအသုံးအစွဲနှင့် ပတ်သက်လျှင် မေမေသည် ရေကို လက်ကြားက အယိုမခံနိုင်လောက်အောင် အင်မတန် စိစစ် စေ့စပ်သည်။ ကျွန်မတို့ကိုလည်း ပိုက်ဆံတန်ဖိုး၊ ငွေရှာရသည့် တန်ဖိုးကို သိစေချင်သည်။

ဒါကြောင့်လည်း ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ဈေးရောင်းနည်း၊ ဝယ်နည်း၊ ရောင်းသူနှင့် ဝယ်သူ ဆက်ဆံရေးတွေ မေမေက သင်ပေးပါသည်။ မမက ဈေးအဝယ်တော်ပြီး ကျွန်မက ဈေးအရောင်း တော်ပါသည်။ ကျွန်မက ဈေးဝယ်လျှင်

ဈေးချိုချိုနှင့်ရအောင် ဆစ်ရတာ၊ တခြားဆိုင်တွေကို လိုက်ပြီး ဈေးစုံစမ်းရတာမျိုး စိတ်မရှည်တတ်ပါ။ မေမေကတော့ သူ ရွှေဝယ်လာလျှင် တောင် ဘယ်လောက်သား ဝယ်လာသည်။ ဘယ်တော့ ပြန်ရောင်းမည်။ ဘာကြောင့် ဝယ်သည် ဆိုတာက အစ အမြဲရှင်းပြပါသည်။

အမှန်ပြောရလျှင် မေမေ ပြောပြ၍သာ နားထောင်ရသည်။ ကျွန်မမှာ လုံးလုံး စိတ်မဝင်စားခဲ့ပါ။ ကောင်းကောင်းလည်း နားမလည်။ ကျွန်မ နားလည်သည်က သည်ပစ္စည်း သည်ဈေးနှင့်ဝယ်ပြီး သည်ဈေးနှင့် ရောင်းလျှင် သည်လောက် ရသည်။ ရသည့်ပိုက်ဆံနှင့် လောက်အောင် ဘယ်လို သုံးရမည်။ ဒါသာလျှင် အဓိကဖြစ်သည်ဟု ထင်သည်။ မေမေ ပြောသည့် ဈေးနှုန်း အတက်အကျ တွက်ချက်မှုများမှာ ထိုစဉ်က ကျွန်မ အသက်အရွယ်နှင့် နားလည်ရန် ခက်ခဲသော ဘာသာရပ် ဖြစ်နေခဲ့သည်။

မှတ်မိသလောက် ကျွန်မ စတုတ္ထတန်းနှစ်တွင် အိမ်မှာ ရေခဲစက် ထောင်ပါသည်။ ရေခဲစက်နှင့် တစ်ပြိုင်နက်တည်း အပိုဝင်ငွေ ရအောင်ဆိုပြီး ရေခဲချောင်းလည်း လုပ်သေးသည်။ အလုပ်သမားတွေ ခေါ်ကာ ရေခဲချောင်း ထုပ်၊ ရေခဲကန် (တကယ်တော့ ဆားကန်)ထဲ ပစ်ထည့်၊ မနက် ၈ နာရီ ဆိုလျှင်တော့ ကျွန်မတို့အိမ်မှာ မန္တလေး မြို့နယ်အရပ်ရပ်က ရေခဲချောင်း လာယူသည့် ဖောက်သည်တွေနှင့် စည်ကားနေတတ်သည်။

သည်အုပ်စုထဲတွင် ကျွန်မလည်း ပါသည်။ မမကတော့ ရေခဲချောင်း ရောင်းရတာ ရှက်စရာကောင်းသည် ဆိုပြီး မရောင်း။ ကျွန်မကတော့ ရှက်လည်း မရှက်၊ ကြောက်လည်း မကြောက်။ သီလရှင် လူထွက် ကျွန်မမှာ မနက်ကစပြီး နေစောင်းသည့်တိုင်အောင် အိမ်ရှေ့မှာ ထီးတစ်ချောင်း၊ ရေခဲပုံး တစ်ပုံး၊ ထိုင်ခုံတစ်လုံးနှင့် ရေခဲချောင်း ရောင်းပါသည်။ ရေခဲချောင်း တစ်ချောင်းလျှင် နှစ်ကျပ်နှင့် ရောင်းသည်တွင် အရင်းက ပြား ၇၀ သာ ရှိသည်မို့ တစ်ကျပ် ပြား ၃၀ မြတ်သည်။ တစ်နေ့ အချောင်း တစ်ရာတော့ အသာလေး ကုန်သည်။ စဉ်းစားကြည့်တော့ ထိုင်နေရင်း တစ်ရာသုံးဆယ် ရနေသည်ကို ကျွန်မ ပျော်ပါသည်။ ညနေ ရေခဲပုံး သိမ်းလျှင် မေမေ့ကို စာရင်းပြန်ရှင်းပေးရသည်။

နောက်တော့ မေမေက ကော်ဖီစေ့လည်း လှောင်သေးသည်။ အောင်မြင်သည်ပင်။ မြိတ်ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များလည်း ဖြန့်သေးသည်။ အလုပ်အားလုံး မေမေတစ်ဦးတည်းသာ လုပ်ရသည်မို့ နောက်ပိုင်း အလုပ်များ မနိုင်တော့၍ စတိုးဆိုင်မှအပ ကျန်အလုပ်များကို နားလိုက်တော့သည်။ တစ်ဖက်က မြေကွက်တွေ ဝယ်လိုက်၊ ပြန်ရောင်းထုတ်လိုက် လုပ်သေးသည်။ ကျွန်မအတွက်မူ ရေခဲချောင်း မရောင်းရတော့ ဝင်ငွေလျော့သွားသည်။ သည့်အပြင် အိမ်မှာက စည်းကမ်းတစ်ခု ရှိသည်။ ဖေဖေဖြစ်ဖြစ်၊ ဘာဘဖြစ်ဖြစ်၊ ဘွားဘွားဖြစ်ဖြစ်၊ ကျွန်မတို့ဖြစ်ဖြစ် မည်သူမဆို ကိုယ် လိုချင်သည့် ပစ္စည်းကို စတိုးဆိုင်ထဲမှ ယူလျှင် တန်ရာတန်ကြေး ပေးပြီး ဝယ်ရမည် ဆိုသည့် စည်းကမ်း ဖြစ်သည်။

ထိုစည်းကမ်းကို ချမှတ်သူက ဘာဘ။ အိမ်မှာက စတိုးဆိုင် ဖွင့်ထားလေတော့ ဆေးမျိုးတွေကပဲဖြစ်ဖြစ်၊ အသီအကျွမ်း အပေါင်းအသင်းတွေကပဲ ဖြစ်ဖြစ် လက်တစ်ကိုမှသည် လက်တစ်ဆုပ်အထိ လက်လွယ်သလို လာယူတာမျိုးကို ဘာဘက မကြိုက်တတ်လေတော့ သည်လို စည်းကမ်းမျိုး သတ်မှတ်ထားသည်။ ရောင်းရသည့် ပိုက်ဆံမှာ အိမ်အတွက် လည်ပတ်ရန် ပြန်သုံးသည်ဟု ဆိုသော်လည်း

အလကားရနေတိုင်း လက်လွယ်လွယ်နှင့် ယူတတ်သည့် အကျင့်မျိုး မရှိဖို့ ဟန့်တားချင်တာက လိုရင်း ဖြစ်ပါသည်။ သည်အကြောင်းနှင့် ဆက်စပ်ပြီး မည်သူ့ဆီကမှ အလကားမယူဖို့၊ အထူးသဖြင့် အကြွေးကင်းအောင် နေဖို့လည်း ဆုံးမပါသည်။

အိမ်မှာ ချမှတ်လိုက်သည့် စည်းကမ်းကြောင့် နည်းနည်းတော့ ကျွန်မ အခက်တွေ့သွားသည်။ စုထားသည့် ပိုက်ဆံတွေ ကုန်သွားသည့်အချိန် တစ်ခုခု လိုအပ်လာလျှင် လိုချင်တာ မဝယ်နိုင်တော့မည်ကို စိုးမိသည်။ မမ ကတော့ သူ့အဘွား ရှိတော့ အဆင်ပြေသည်။ သည်တော့ ကျွန်မမှာ နောက် တစ်မျိုး ကြံရသည်။ မေမေ့ကို အရုပ်တွေ၊ ကလေးတွေ စားတတ်သည့် မုန့်မျိုးတွေ တင်ရောင်းဖို့ အကြံပေးရသည်။ ကျွန်မက ကျောင်းက ဈေးဆိုင်တွေကို လိုက်ကြည့်ရင်း၊ သူငယ်ချင်းတွေကိုလည်း မေးရင်း ဘယ်လိုပစ္စည်းက အရောင်း သွက်သည်ကို စနည်းနာရလေ၏။

ဥပမာ.. တယ်လီဖုန်းပုံစံ ချောကလက်ဘူး ဆိုလျှင် ကလေးများ ကြိုက်ကြသည်။ သည်လို ပစ္စည်းပုံစံအဆန်းလေးများဆိုလျှင် ရောင်းရတတ်ကြောင်း မေမေ့ကို ပြောပြတော့ မေမေက ကျွန်မအတွက် ကောင်တာ အသေးတစ်လုံး ပေးပါသည်။ ကျွန်မ မှာသည့် ပစ္စည်းကို သူ ဝယ်ပေးရသည်။ ကျွန်မက ဈေးနှုန်းသတ်မှတ်သည်။ ကျွန်မက တစ်နေကုန် ကျောင်းတက်ရလေရာ မေမေကပဲ ကျွန်မပစ္စည်းတွေကို ရောင်းပေးရသည်။ အမြတ်ကျတော့ ကျွန်မ ယူသည်။ ကျွန်မ၏ ပါဝင်မှုက ကြီးကြီးမားမား မရှိလှ။ အကြံပေး ရခြင်းနှင့် ဈေးနှုန်းသတ်မှတ်ရခြင်းသာ။ ဒါပေမဲ့ ရောင်းရတဲ့ ပိုက်ဆံကျတော့ ကိုယ့်ပိုက်ဆံပဲပေါ့။

"ဒါ... သမီးပိုက်ဆံနော်၊ မေမေနဲ့ ဘာမှမဆိုင်ဘူး"

သည်လိုပဲ ခပ်တည်တည်နှင့် လက်ဝါးကြီးအုပ်လေသည်။ မေမေသည် စီးပွားရှာရာတွင် မဟုတ်၊ အခြားသော နေရာများတွင်ပါ သိချင် တတ်ချင် လုပ်ချင်စိတ် ရှိသည်။ အလုပ်နှင့်လက် ပြတ်သည် မရှိ။ တွေတွေဝေဝေ မိန်းမိန်းမောမော ထိုင်ငေးမနေတတ်။ ဆောင်းဝင်ခါနီးလျှင် သိုးမွေးအင်္ကျီထိုးချင်ထိုး၊ မဟုတ်လျှင် ကျွန်မတို့အတွက် အင်္ကျီချုပ်ချင်ချုပ်၊ အစုတ်အပြဲများကို ဖာထေးချင် ဖာထေး၊ သည်လိုမှ မဟုတ်လျှင်လည်း ဈေးဆိုင် ကောင်တာထဲတွင် ရှိသော ပစ္စည်းများကို တစ်ခုချင်းစီထုတ်၍ ဖုန်သုတ် နေတတ်သေးသည်။

မေမေ တိကျပုံ၊ စေ့စပ်ပုံကြောင့် ကျွန်မတို့ ငယ်စဉ်က အဝတ်အစား ဆိုလျှင် အပြင်မှာ ဝယ်မဝတ်ရပါ။ ညီအစ်မနှစ်ယောက်အတွက် မေမေ ချုပ်ပေးသည့် ဆင်တူအင်္ကျီတွေကိုသာ ဝတ်ရပါသည်။ တရုတ်ပိတ်စတွေ အဆင်လှပြီး ဈေးချိုလျှင် သမီးနှစ်ယောက်အတွက် ဂါဝန်လေးတွေ မေမေ ချုပ်ပေးတတ်သည်။ သို့မဟုတ်လျှင် သူ အပျိုတုန်းက ဝတ်ခဲ့သည့် လုံချည်များကို ချုပ်ရိုးပြန်ဖြေကာ ကျွန်မတို့အတွက် စကတ်ချုပ်ပေးတတ်သည်။ အများအားဖြင့် မေမေချုပ်ပေးသည့် အထည်တွေကို မစုတ်မပြဲမချင်း ဝတ်ရပါသည်။ အရပ်ရှည်လာသဖြင့် အင်္ကျီက ခါးတိုသွားလျှင်တော့ အင်္ကျီကို စကတ်နှင့် တွဲချုပ်ကာ ဂါဝန်အဖြစ် အသွင်ပြောင်းစေပါသည်။

အနွေးထည် ဆိုလျှင်လည်း အနွေးထည်မို့၊ ကျွန်မတို့မှာ မေမေ ထိုးပေးတဲ့ သိုးမွေးထည်တွေသာ ရောင်စုံရှိသည်။ အကယ်၍များ လက်တံ ရှည်လာ၍ သိုးမွေးအင်္ကျီ လက်တိုသွားလျှင်လည်း မေမေ နောက်တစ်မျိုး ကြံတတ်သည်။

ဥပမာ- အပြာရောင် သိုးမွေးအင်္ကျီ လက်တိုသွားသည် ဆိုပါစို့။ လက်နေရာမှာ မေမေက အနက်ရောင်တစ်လိုင်း ထပ်ထိုးပေးပြီး ရှည်အောင် ဖြည့်ပေးသည်။ သည့်ထက်မက တိုသွားပြန်လျှင် နောက်ထပ် အပြာတစ်လိုင်း ဖြည့်ပေးပြန်သည်။ သည်လိုနှင့် ကျွန်မတို့မှာ အပြာတစ်လိုင်း၊ အနက်တစ်လိုင်း၊ အပြာတစ်လိုင်း စပ်ကျားဝတ်ရလို့ ဝတ်ရ၊ စကတ်ဆိုလျှင်လည်း တိုသွားလျှင် အောက်အနားကနေ အစတစ်စဖြင့် ဆက်ပေး၊ ဂါဝန်ဖြစ်အောင် အပေါ်အင်္ကျီနှင့် ဆက်ပေးသဖြင့် အပေါ်ဆက် အောက်ဆက်နှင့် ဝတ်လိုဝတ်ရနှင့် မည်သည့် ဒီဇိုင်းမှန်း မပြောနိုင်လောက်အောင် ဆန်းပြားသော ဒီဇိုင်းမျိုးစုံကို မရိုးတမ်း ဝတ်ရသည်။

ဒါတင်မက၊ ကျွန်မတို့ ဖိနပ်ပြတ်လျှင်လည်း မေမေကိုယ်တိုင် သည်းကြိုးလဲပေးပါသည်။ ကျွန်မတို့မှာ ငယ်စဉ်က ဆင်ကြယ်၊ မြင်းကြယ် စသော (ကြက်ပေါင်ဖိနပ်ဟု ကျွန်မတို့ ခေါ်တတ်သော) ရော်ဘာဖိနပ်များ ကိုသာ စီးရသည်။ ယင်းမာတို့၊ စိန်ဒါးမောက်တို့ စသော လှလှပပ ဖိနပ်များ မစီးရတတ်။ ထိုကြက်ပေါင်ဖိနပ် သည်းကြိုးပြတ်လျှင် တစ်ဖက်ပြတ်လျှင် တစ်ဖက်စာသာ သည်းကြိုးလဲပေးတတ်သည်။ ဖိနပ်တစ်ရန်လုံးစာ မလဲတတ်။

ထိုမျှအထိ မေမေ နှမြောတတ်သည်။ သို့နှင့် ကျွန်မတို့မှာ ဖိနပ် ဆိုလည်း ဘယ်တစ်ဖက်၊ ညာတစ်ဖက်နှင့် သည်းကြိုးအရောင်စုံ စီးရပါသည်။ ခြေအဆုံးအကြောင်း ပြောလျှင် ခေါင်းအစကရော မည်သို့နည်းဟု မေးပါဦး။ သို့ဆိုလျှင် မေမေ၏ ဆံပင်ညှပ် ပညာကိုပါ ထည့်ပြောရလိမ့်မည်။

မေမေ့လက်အောက်တွင် ကြီးပြင်းခဲ့ရသည့် ကာလတစ်လျှောက်လုံး ကျွန်မတို့၏ ဆံသဆရာမှာ မေမေသာလျှင် ဖြစ်သည်။ နှစ်မွှာအသည်း ဇာတ်ကားမှာ မေမေ့အကြိုက်ဆုံး ဇာတ်ကားမို့ ကျွန်မတို့၏ ဆံပင်ကေမှာလည်း စန္ဒာကေသာလျှင် ဖြစ်သည်။ မင်းသမီး စိုးမြတ်နန္ဒာ အနုပညာလောကထဲကို ဝင်လာခါစက စတားကိုလာ ကြော်ငြာထဲက သူ့ဆံပင်ပုံစံကလည်း အတော်လေး လူကြိုက်များခဲ့ဖူးသည်။ သည်တော့လည်း ကျွန်မတို့ ပူဆာတော့ စိုးမြတ်နန္ဒာကေ ပြောင်းညှပ်ပေးပါသည်။

မေမေ့အဖို့ စန္ဒာကေပဲဖြစ်ဖြစ်၊ စိုးမြတ်နန္ဒာကေ ပဲဖြစ်ဖြစ် ကွဲပြား နေသော်လည်း အများအမြင်မှာတော့ တစ်ပုံစံတည်းသာ ဖြစ်ပါသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာတော့ ဆံပင်ညှပ်ခါနီးတိုင်း မျက်ရည်ပေါက် ကြီးငယ်ကျအောင် ငိုတာချည်းပါပဲ။ သမီးနှစ်ယောက်စလုံးကို နှစ်လ တစ်ခါ မေမေ ဆံပင်ညှပ်ပေးသည်။ ဆံပင်ရှည်တာကို သူ မကြိုက်။ ဆံပင်ညှပ် ပေးပြီးတိုင်း သမီးလေး နှစ်ယောက်၏ မျက်နှာကို တပြုံးပြုံးနှင့် မေမေ့ခမျာ ကြည့်မဝ ဖြစ်နေတတ်ပေမယ့် ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာတော့ မျက်ရည်လည်ရွဲနှင့်ပါ။

“မမ ငါ လှလားဟင်”

ဆံပင်ညှပ်ပြီးတိုင်း သည်မေးခွန်းကိုပင် ကျွန်မမှာ မရိုးတမ်း မေးတတ်သည်။

“ဟင့်အင်း၊ မလှဘူး...ငါကောဟင်“

“နင်လည်း မလှဘူး”

သည်လိုနှင့် ညီအစ်မနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ

မျက်ရည်ဖြိုင်ဖြိုင် ကျရစမြဲ။ နောက်တော့ အပြောင်းအလဲ ရှိလာပါသည်။ အကြောင်းက ကျွန်မတို့ အိမ်နားတွင် အလှပြင်ဆိုင် တစ်ဆိုင် လာဖွင့်သည်။ ထိုဆိုင်က သင်တန်းသူလေးတွေ ဆံပင်အစမ်းညှပ်ဖို့ လိုအပ်သည့် အခါတိုင်း မေမေက "အစ်မ သမီးတွေက မအေ ဆံပင်ညှပ်ပေးတာကို ငိုဟယ် ရယ်ဟယ် ဖြစ်နေကြတာလေ... သူတို့က ဆိုင်မှာမှ ညှပ်ချင်ကြတာတဲ့... လိုရင် လာခေါ်သွားကြနော်" ဆိုပြီး ဝကွက်အပ်ထားလေတော့ ကျွန်မတို့မှာ အစမ်းသပ်ခံခေါင်းများ ဖြစ်ကြရပြန်ပါသည်။

ကလေးဆိုတာ လှဖို့မလို၊ အလှကြိုက်သူတွေ မဟုတ်လို့များ မေမေ တွေးလေသလား မသိပါ။ မေမေ့ဆီကနေ ဂျိုင်း (Joy) ဂျင်းအင်္ကျီ တစ်ထည် ကြည်ကြည်ဖြူဖြူ ရဖူးတာကတော့ အမှတ်တရပါပဲ။ သူ ချုပ်ပေးသည့် အင်္ကျီ မဟုတ်ဘဲ ဆိုင်မှာ ရောင်းနေသည့် အထည်တွေထဲကနေ ဂျိုင်း အင်္ကျီကို ဝတ်ချင်လွန်းလှ၍ ပူဆာမိသဖြင့် မေမေက ဆင်ပေးတာရယ်ပါ။ အစတုန်းကတော့ မေမေ သဘောကောင်းလှချည်လားပေါ့ ။ တကယ်တော့ မဟုတ်။ မှန်ကောင်တာထဲမှာ ခေါက်ပြီး သိမ်းထားသည့် အင်္ကျီမှာ နေရောင် တိုက်ရိုက်ကျလေတော့ နေစားပြီး အဖြူအစင်းကြောင်းကြီး ကန့်လန့်ပေါ် နေပြီး ဖြစ်သည်။ ရောင်းလို့လည်း မရတော့။ ကျွန်မတို့မှာ နေစားထားသော ထိုအင်္ကျီကိုပင် မက်မက်မောမော ဝတ်ရသည်။

ကိုယ်ပိုင် ဝတ်ချင်တာ ဝတ်၊ စားချင်တာ စားနိုင်အောင် ကျွန်မမှာ ငွေစုရတော့သည်။ ကျွန်မ ဆိုသည်ကလည်း အင်မတန်စိတ်ကူးယဉ်သည်။ ရုပ်မြင်သံကြား ကြော်ငြာတွင် တွေ့သမျှကို သွားချင်သည်၊ စားချင်သည်။ "စစ်ကိုင်းမြို့က သူဇာ စားတော်ဆက်" ကြော်ငြာမြင်လျှင် နောက်တစ်ခါ စစ်ကိုင်းကို သွားလျှင် သွားစားမည်ဟု အမြဲတေးထားသည်။ ရန်ကုန်မြို့က "သံအမတ်ကြီး စားတော်ဆက်" ဆိုပြန်တော့လည်း ရောက်ဖူးချင်သည်။ ဒါ့အပြင် ကျွန်မငယ်ငယ်က ကံစမ်းမဲထည့်ရတာ အတော်လေး ဝါသနာ ပါပါသည်။ "ရွှေပြည်နန်း" သနပ်ခါးခဲက ရန်ကုန်မှာ အခမ်းအနားနှင့် ကံစမ်းမဲဖောက်ပေးမယ်ဆိုပြီး ကြော်ငြာပြန်တော့ ကံစမ်းမဲထည့်ပြီးတိုင်း ရန်ကုန်သွားဖို့ရာ တစ်ခါတည်း အထုပ်ပြင်ထားတတ်သည်။ အမေမလွတ်လည်း ကိစ္စမရှိ၊ ငါ့မှာ ရှာထားတဲ့ ပိုက်ဆံရှိတယ် ဆိုပြီးလည်း မာန်တင်းတတ် သေးသည်။

တစ်ခါသားမှာတော့ ကျွန်မအတွက် မေမေ စိတ်မကောင်း ဖြစ်သွားဖူးသည်။ အဲသည်တုန်းက ကျွန်မ ဆဌမတန်း။ ကျွန်မတို့ ကျောင်းမှာ ကြက်ခြေနီသင်တန်း လာပေးပါသည်။ သင်တန်းမပြီးခင် တစ်ရက်အလိုတွင် သင်တန်းဆရာက ကြက်ခြေနီကတ် လုပ်ပေးရန်အတွက် ပတ်စ်ပို့ဓာတ်ပုံ ယူလာ ခိုင်းသည်။ ကျွန်မမှာ ကြံရာမရ၊ သည်ပတ်စ်ပို့ပုံရအောင် ဘယ်လိုလုပ်ယူ ရမှန်းလည်း မသိ။ မကြံတတ်သည့်အဆုံး မေမေ့ သေတ္တာထဲကနေ ဓာတ်ပုံ အဟောင်းတွေကို ယူပြီး မေမေ့ကို ဓာတ်ပုံလက်ဆောင်ပေးထားသည့် မေမေ့ သူငယ်ချင်းတွေ၏ ပုံတွေကို တစ်ပုံချင်းစီ ရွေးယူကြည့်ပါသည်။ ဘယ်ပုံက ကိုယ်နှင့် အနီးစပ်ဆုံး တူ၊ မတူ။

"ထမင်းမစားဘဲနဲ့ အဲဒါ ဘာလုပ်နေတာလဲ"

မေမေက မေးတော့ ကျွန်မ ရွေးထားသည့် ဓာတ်ပုံတွေထဲက ဘယ်ပုံက ကျွန်မနှင့် တူသလဲ၊ ဆရာက ဓာတ်ပုံ ယူလာခိုင်းသည့်အကြောင်းကို ပြောတော့ မေမေ့မျက်နှာ အတော်ညှိုးသွားပါသည်။ "စောစောက ပြောပေါ့ သမီးရယ်" တဲ့။

တစ်ခွန်းတည်းမျှသော ထိုစကားနှင့်အတူ မျက်ခမ်းသားများ အရည်လဲ့နေသော မေမေ့မျက်ဝန်းကို သတိပြုမိခဲ့သည်။ သည့်နောက် ငွေကြေးအသုံးအစွဲ အတွက် တင်းကျပ်မြဲ တင်းကျပ်သော်လည်း သူစိတ်လို လက်ရရှိလျှင်မူ ကျွန်မ ကြိုက်တတ်တာတွေကို မေမေ ဝယ်လာပေးတတ်သည်။

ဘဝတွင် ဘောလုံးသမား မျိုးလှိုင်ဝင်းပုံပါသည့် ပြက္ခဒိန်ကို မေမေ ဝယ်လာပေးခြင်းသည်လည်း အိပ်မက်ပမာ မယုံနိုင်စရာ ကောင်းပါသည်။ ၁၉၉၅ ခုနှစ် အရှေ့တောင်အာရှဖလား ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်၌ မြန်မာနှင့် ဗီယက်နမ် အသင်းတို့ ကန်ကြရာ မြန်မာအသင်းမှာ ကြိုးစားလျက်ကပင် ရှုံးခဲ့ရသည်။ ခြောက်တန်းကျောင်းသူ ကျွန်မမှာ မြန်မာအသင်းအတွက် ထိုညတွင် ပထမဆုံး အသည်းကွဲခဲ့ရသည်။ အိပ်ရာထဲ ရောက်သည်အထိ ဗီယက်နမ်အသင်းကို တပူပူတဆူဆူနှင့် မကျေနပ်လို့ မဆုံးတော့။ နောက်နေ့ ကျောင်းက ပြန်လာတော့လည်း စာကောင်းကောင်း မကြည့်နိုင်၊ သတင်းစာ တွေက မည်သို့မည်ပုံ ရေးကြမည်ကို တကူးတက စောင့်ဖတ်ရသည်။

အဲသည်တုန်းက မြန်မာဘောလုံး လက်ရွေးစင် မျိုးလှိုင်ဝင်း၊ သန်းတိုးအောင်၊ ဝင်းအောင်၊ ကြည်လွင်၊ မောင်မောင်ဦး၊ ဂိုးသမား အောင်ကျော်ကျော်တို့မှာ ရုပ်ရှင်မင်းသားထက်ပင် ရေပန်းစားသေးသည်။ မကြာပါ။ သူတို့ပုံနှင့် ပြက္ခဒိန် ထွက်လေသည်။ ပိုလိုကားချပ်တို့၊ အရုပ်ကတ်တို့ ကျွန်မ ဝယ်လျှင်တောင် ငြူစူတတ်သော မေမေက ကျွန်မ ကျောင်းက အပြန် အိမ်ထဲသို့ အဝင်တွင် “သမီး ဟောဒီမှာ ကြည့်စမ်း” ဆိုပြီး မျိုးလှိုင်ဝင်း ပုံနှင့် ပြက္ခဒိန်ကို ပြပါသည်။ ကျွန်မကလည်း သာမန်ကာလျှံကာ ကြည့်ပြီး မေးပုံက “ဆိုင်မှာ ရောင်းဖို့လား မေမေ”တဲ့။ “သမီးအတွက်လေ” ဆိုသည့် အဖြေကို ကြားတော့ ကိုယ့်နား ကိုယ်ပင် မယုံချင်။ “ငါ့အမေ ဘာဖြစ်သွားတာလဲ မသိဘူး” ဟုပင် တကူးတက တွေးမိပါသည်။ ကျွန်မ၏ အတွေးကိုသာ မေမေ သိခဲ့လျှင်တော့ ခမျာ ဝမ်းနည်းရှာမှာပါ။

ကျောက်ကြိုကျောက်ကြားကနေ စိမ့်ယိုတွဲခိုတတ်သည့် ရေစက်တို့သည် ဒလဟော မရှိသော်လည်း အေးမြသန့်စင်တတ်သည် ကိုတော့ကျွန်မ ထောက်ခံရပါလိမ့်မည်။

⁂

တစ်ခါတလေ မေမေ ပြောဖူးတာရှိပါသည်။

“သမီး လသားတုန်းက ဝမ်းလျှော့ပြီး သေမလို ဖြစ်တုန်းကလေ… မေမေတော့ ရှုံးမတတ်ပဲ၊ သားသမီးအတွက် ပူရတဲ့အပူက ဘာနဲ့မှ မတူဘူး၊ အဲဒီအချိန်ကဆိုရင် သမီးအသက်အတွက် ဘာနဲ့မဆို လဲပစ်မယ်လို့ကို စဉ်းစားခဲ့တာ”

အကြောင်းတိုက်ဆိုင်တိုင်း ပြောလေ့ရှိသည့် စကားဆိုသော်လည်း သည်စကားလုံးများကို နှုတ်က ထွက်လေတိုင်း မေမေ့အသံမှာ လှုပ်ခါမြဲ ဖြစ်သည်။ ထိုစဉ်က မန္တလေးဆေးရုံကြီးက ကလေးအဆောင်မှာ သေကောင် ပေါင်းလဲ ဖြစ်ပြီး အသက်မြော့မြော့လေးသာ ကျွန်တော့်သည့် သမီးငယ် အတွက် မေမေ့နှလုံးသားဟာ အတော်လေး ငရဲခံခဲ့ရှာလိမ့်မည် ထင်သည်။ ဖြစ်ပုံက ကျွန်မမှာ ဝမ်းအသွားလွန်ပြီး နှုတ်ခမ်းများ ပြာလာသဖြင့် ဆေးသွင်း ပေးဖို့ရာ သွေးကြော

ရှာပေမယ့် လသားအရွယ်မို့ အလွယ်တကူ သွေးကြော ရှာမရခဲ့ပါ။ သေးသွယ်ချွန်မြသော အပ်သွားသည် ကျွန်အသားထက် မေမေ့နှလုံးသားကို ပိုပြီး စူးနစ်တိုးဝင်ခဲ့ဟန် ရှိပါသည်။

"ကလေးက ငယ်ငယ်လေးဆိုတော့ အသားက နုနုလေးရယ်၊ သွေးကြောက ရှာမတွေ့၊ သမီးရဲ့ ငိုသံကလည်း စူးလိုက်တာ… မေမေဖြင့် ဘာလုပ်ရမှန်း မသိတော့ဘူး … ခြေမကိုင်မိ လက်မကိုင်မိဆိုတာ အဲဒီတော့မှ တကယ်ခံစားတတ်တော့တာ"

ကျွန်မ ဝေဒနာအတွက် မေမေကတော့ သူ့ကိုယ်သူ အပြစ်ဖို့သည်။ ရင်ကဖြစ်သော သွေးအတွက် ဖိစီးလွန်းခဲ့ရသည့် စိတ်ဝေဒနာဟာ မေမေ့ကို အမြဲခြောက်လှန့်နေခဲ့သည်။ ကျွန်မ ဖနောင့် သံစူးပြီး ဖျားတုန်းကလည်း မေမေ တစ်ညလုံး မအိပ်ခဲ့ပါ။ အဖျားတက်နေသည့် သမီးငယ်၏ နဖူးကို ရေဝတ် အုပ်ပေးရင်း မျက်ရည်တလည်လည်နှင့် မေတ္တာသုတ်ကို တဖွဖွ ရွတ်ပေးခဲ့သည်။ မေမေ့ စိတ္တဇကို မြင်ရတိုင်း ကျွန်မမှာတော့ သည်မိခင်ကြီးအပေါ်ကို တိုးလို့သာ သနားနေမိသည်။

ဟုတ်သည်၊ မေမေဟာ သနားစရာပါပဲ။ မေမေ့ဝမ်းကြာတိုက်မှာ ကျွန်မ ခိုဝင်မိသည့် အချိန်ကစပြီး တက္ကသိုလ်နည်းပြအလုပ်ကနေ ထွက်ခဲ့ရသည်။ သို့ပေမဲ့ ယောက္ခမနှင့် ချွေးမ တကျက်ကျက် ရန်ဖြစ်လွန်းတော့ မန္တလေးနှင့် မဝေးရာနေရာတွင် အထက်တန်းပြရာထူးကို မေမေ လျှောက်ထားခဲ့သည်။ မေမေ ဆန္ဒရှိသလို နွားထိုးကြီးက အထက်တန်းကျောင်းတွင် အလုပ်ရခဲ့သော်လည်း ကလေး နီတာရဲလေး မျက်နှာကို မြင်ရသည့် အခါ သူ့စိတ်တို့ ညွတ်ပျောင်းသွားပြန်သည်။

သမီးလေးအတွက် ဘာမဆို သည်းခံပြီး နေမယ်တဲ့။ မေမေ့ ဆုံးဖြတ်ချက် စကားသံကို ကြားယောင်မိတိုင်း ကျွန်မမှာ ကြည်နူးစိတ်နှင့် တိုးလို့သာ ပြုံးဖြစ်ခဲ့သည်။ ကျွန်မ မသိနိုင်တာက သွေးနုသားနုကာလမှာ မေမေ စိတ်ရှုပ်ရ၊ စိတ်ညစ်ရသည့် အတိမ်အနက်ကို မခန့်မှန်းနိုင်ခြင်းပင်။ နောက်တော့ မကြာလှပါ။ အိမ်တွင်း ပဋိပက္ခကို ဆက်ပြီး သည်းမခံနိုင်၍ ထင်ပါသည်။ ကျွန်မကို ရင်ခွင်ပိုက်ကာ မန္တလေးကို ခွာ၍ နွားထိုးကြီးကို မေမေ ပြောင်းသွားခဲ့သည်။

"မေမေ သွားတော့ သမီးမမကလေ လိုက်ချင်လို့ ငိုရှာတာ…တစ်ခါမှ ကိုယ်မရောက်ဖူးတဲ့ အရပ်ဒေသ ဆိုတော့ မေမေကလည်း သူ့ကို မခေါ်နိုင်ဘူးလေ…သမီးတောင် ကောင်းကောင်း မျက်လုံးမပွင့်သေးတာ…ပြီးတော့ သူ့အဘွားကလည်း မထည့်ဘူးလေ"

သည်ဇာတ်လမ်းကို ပြောလျှင်၊ သည်နေရာကို ရောက်လျှင်၊ သည်စကားလုံးကို ရွတ်လျှင်၊ သည်အတွေးကို ကျော့လျှင် မေမေ မျက်ရည်စို့ပြန်၏။ သမီးကြီးကို သည်လို ထားခဲ့ရတာကို မေမေ့တစ်သက်လုံး အပြစ်စွဲစိတ် ခံစားမိသွားလေသလား မဆိုတတ်ပါ။

ကျွန်မ အာရုံမှာတော့ မှုန်ရီပြာထွေးသော တချို့သော ဆောင်းတွင်း မနက်ခင်းတို့တွင် နွားထိုးကြီး-မန္တလေး ကားဂိတ်မှာ သမီးကြီးကို အငမ်းမရ နမ်းရှုပ် နှုတ်ဆက်တတ်သော မေမေ့၏ မချိပြုံးကို မြင်ယောင်မိပါသည်။ မယားဖြစ်သူကို

အိမ်ပြန်ဖို့ရာ လိုက်လာပြီး ဖျောင်းဖျသည့် ဖေဖေနှင့်အတူ မမ ပါလာ၍သာ မေမေ့မှာ သမီးကြီးအပေါ် အလွမ်းဖြေနိုင်တော့သည်။ သို့ပေမဲ့ မာနကြီးသည့် မေမေက ပြန်မလိုက်။ သမီးကြီး၏ တကြော်ကြော် မြည်တမ်းသံကိုလည်း မကြားဟန် ပြုခဲ့သည်။ မေမေခါးရာနောက်ကို လိုက်ပါသွားရင်း ကျွန်မ ဝမ်းလျှောပြီး နွားထိုးကြီးဆေးရုံကလည်း လက်လျှော့ လိုက်ရပြီ ဆိုသည့် အခြေအနေ ရောက်တော့မှသာ မေမေ့သံမဏိ နှလုံးသားက အရည်ပျော်လေ၏။ သည့်နောက် တစ်လျှောက်လုံးမှာ မေမေသည် ဝေဒနာ နောက်ကို အာရုံမလိုက်ပါတော့ပေ။ ရွှံ့မီးတောင်သေတစ်ခုလို ဟန်ဆောင် ကောင်းခဲ့သည်။ မတရားမှန်း သိပေမယ့် ကျွန်မတို့အတွက် မေမေ့၏ မျိုသိပ် နိုင်စွမ်းအပေါ် ဘဝနှင့်ချီပြီး ကျေးဇူးတင်မိပါသည်။

အိမ်မှာတော့ ကျန်သည့် မိသားစုဝင်တွေထက် ကျွန်မက မေမေနှင့် အနီးကပ်ဆုံး၊ မေမေ့ ရင်ငွေ့အလှူရဆုံးသူပါ။ သည်တော့လည်း မိခင်၏ အထုအထောင်း၊ အရိုက်အနှက်ကို အခံရဆုံး ဖြစ်သလို တိုးတိုးဖော်လည်း ဖြစ်ပါသည်။ ယောက္ခမကို မကျေနပ်တိုင်း၊ ယောက္ခမနှင့် စကားများတိုင်း သမီးငယ်ကိုသာ ဖိပြီး မဲပြီး ရိုက်တတ်သူ၊ သည်လို ရိုက်ပြီး ခဏကြာလျှင် သူ့ဟာသူ နောင်တရပြီး မျက်ရည်ကျတတ်သူမှာလည်း မေမေသာ ဖြစ်ပါ သည်။ မေမေ့ကို ကျွန်မ စိတ်မနာခဲ့ပါ။ တစ်မိသားစုလုံးတွင် ကျောချင်းကပ်၊ ရင်ချင်းအပ်နိုင်လောက်အောင် ကျွန်မအဖို့ အရင်းနှီးဆုံး လူသားမှာ မေမေပဲ ဖြစ်သည်။ မေမေဟာ ကျွန်မအတွက် အရိပ်အမိုး၊ အကာအရံ၊ ပြန့်ကား ခိုင်ကျည်သော ပင်စည်၊ အပူအအေး မမျှသည့် ရာသီဥတုကို ထိန်းညှိပေးမည့် မိုးသစ်တော။

“မေမေ ဖေဖေ့ကို ကွာလိုက်ပါလားဟင်...ဒီအိမ်မှာ မနေနဲ့တော့လေ...မေမေနဲ့ သမီးပဲ မြိတ်မှာ ပြန်နေကြမယ်”

စီးပွားရှာရတာ ပင်ပန်းသည့်အကြောင်း မေမေ ညည်းညူတိုင်း၊ မြိတ်က မေမေ့အစ်ကိုနှင့် ညီမတို့က မပြေလည်သဖြင့် မေမေ့ဆီကို ငွေလှမ်းတောင်းကြတိုင်း၊ သည်လိုအခါမျိုးမှာ ဆိုင်အတွက် အရင်းအနှီး ထုတ်ပေးထားသည့် ဘဘ၏ မျက်နှာကို ကြည့်ရလို့ ဆန္ဒရှိသလို မထောက်ပံ့နိုင်တိုင်း၊ သူ့ကိုတောင် မကြည်ဖြူသည့် ယောက္ခမအိမ်ကို မြိတ်က ဆွေမျိုးတွေက ညှိအိပ် ညနေ လာလည်ကြမည်ဟု ပြောကြတိုင်း မေမေ့မျက်နှာ မသာယာသည်ကို မြင်လေလျှင် ကလေးပီပီ ကျွန်မကတော့ မေမေ့ကို ဖေဖေနှင့် ကွဲလိုက်၊ ကွာလိုက်ဖို့သာ တိုက်တွန်းခဲ့သည်။

အချို့မိသားစုတွေမှာ တစ်ဦးနှင့် တစ်ဦး ဆက်ဆံရေးသည် ဖွဲမီး တငွေ့ငွေ့ ကျွမ်းလောင်သည့်ပမာ အဘယ့်ကြောင့် ပွင့်ပွင့်လင်းလင်း မရှိဘဲ ရှုပ်ထွေးပွေလီစွာ တမြည့်မြည့် ခံစားစရာတွေ ဖြစ်နေကြရသလဲ ဆိုတာကို ကျွန်မ နားမလည်နိုင်ပါ။ မေမေ့ထံကတော့ “မဖြစ်ပါဘူး သမီးရယ်... သမီး ကြီးလာရင် သိလိမ့်မယ်” ဆိုသည့် အာဂုံဆောင်ထားသည့် ထိုစကားကိုသာ မပြောင်းမလဲ ကြားရပါသည်။

မေမေပြောသလို အသက်အရွယ် ရလာသည့်နောက် အချင်းချင်း အကြား မပြေလည်သော ဆက်ဆံရေးများ၏ နောက်ကွယ်က အကြောင်းရင်းကို သိလာသည့်တိုင် “ဘာကြောင့်” ဆိုသည့် တစ်ခုတည်းသော အဖြေကို ပေးရန်ခက်ပါသည်။ “ဘယ်သူက မှားပြီး ဘယ်သူက မှန်သည်” ကိုလည်း ပြောရန် ခက်ပါသည်။ တန်းသော ချည်မျှင်များက ရွှေချည် ငွေချည် မဟုတ် ကြ၍များလား။

ဖွဲ့နှောင်သော ချည်ထုံးက အလျှော့အတင်း မမှန်၍များလား။ သို့တည်းမဟုတ် မီးခဲကို ပြာဖုံးလိုက်လျှင် အချိန်တန်လျှင် ငြိမ်းသွားလိမ့်မည် ဆိုသော အတွေးများကြောင့်ပေလား။

ကျွန်မတို့ မိသားစုမှာတော့ ကမ္ဘာငယ်နှစ်ခုက သီးခြားတည်ရှိပါသည်။ ဘွားဘွားနှင့် မမတို့ ကမ္ဘာကတော့ ပိုပြီး စိမ်းတင့်ရွှန်းလက်လေသည်။ မြေးမ၏ မျက်နှာကို တစ်ချက်မညိုအောင် ဖြည့်ဆည်းပေးသော ဘွားဘွားကြောင့် မမ၏ ခြံမြေ နီဝါတင့်သလောက် ကျွန်မမှာတော့ ဖြူပြာ မရင့်နိုင်ပါ။ ဒါကို မေမေ ရိပ်မိမည်ပင်။ ညဥ့်အမှောင်ထဲတွင် ကြယ်ကြွေသည့် ခဏတွင် အပ်တစ်ထောက်စာ အရောင်လက်သွားသည်ကို မြင်လိုက်ရသလိုမျိုး မေမေ၏ ချစ်ခြင်းပြယုဂ်ကို ရှားရှားပါးပါး ကြုံရဖူးသည်လည်း ရှိသည်။ သက်သေကား ကျောပိုးအိတ်လေးတစ်လုံး ဖြစ်ပါသည်။

"ကိုယ်မွေးထားသည့် သားသမီး၊ ပါးစင်ဟလိုက်တာနဲ့ အူ ဘယ်နှခွေ ဆိုတာ သိတယ်"

သည်စကားကိုတော့ ကျွန်မတို့ မကြာခဏ ကြားဖူးကြသည်။ တကယ်တော့ မိခင်တို့သည် သားသမီးဖြစ်သူ ပါးစပ်မဟခင် ကတည်းကပင် သူတို့အရိပ်အကဲကို ကြည့်ရုံနှင့် သူတို့လိုအင်ကို နားလည်နှင့်ပြီးသား ဖြစ်တတ်သည်။ ကျွန်မမေမေကတော့ လျင်သူပေမို့ ကျွန်မ၏ အရိပ်အကဲကို တည့်တည့် မဟုတ်ဘဲ မှန်ထဲကတစ်ဆင့် လှမ်းမြင်ရုံနှင့် သိသတဲ့။

"ဆိုင်ကို ဖုန်းလာဆက်တဲ့ ကောင်မလေး လွယ်ထားတဲ့ ကျောပိုး အိတ်လေးကို သမီးက ငေးကြည့်နေတာလေ… မေမေက သူ့ကို ပိုက်ဆံ အမ်းမယ်ဆိုပြီး ဒီဘက်လှည့်လိုက်တော့ ဒီဘက်ကောင်တာက မှန်ထဲမှာ သမီး အဲလို ငေးကြည့်နေတာကို တွေ့တာ"

မေမေသည် အံ့ဩတကြီး ဖြစ်နေသော သမီးငယ်ကို ခေါင်းလေး ပုတ်ကာ ပုတ်ကာ ပြောရင်း ကျောပိုးအိတ်လေး လှမ်းပေးလိုက်သည်။ ကျွန်မလက်နှင့် ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် ကိုင်မိသော ကျောပိုးအိတ်လေးသည် သားရေအနက်ဖြင့် ချုပ်ထားပြီး အပြင်ဘက်တွင် အိတ်ထောင်သေးသေးလေး နှစ်ခု ပါသေးသည်။ သို့ဆိုပြန်တော့လည်း ကျွန်မမှာ မယူရက်၊

"နောင်ကို မဝယ်နဲ့တော့နော် မေမေ၊ မေမေ ပိုက်ဆံကုန်မှာ"

မေမေ ပင်ပန်းရှာသည် ဆိုသည့် အသိသည် ကျွန်မရင်ကို နွမ်းစေပါသည်။ မနပ်ပဲသရေစာ စားခဲ့သော၊ အကျီလည်း အိမ်နေရင်း ငါးစုံကိုသာ လှည့်ပတ်ဝတ်နေရှာသော၊ တစ်နှစ် နေလို့ အဝတ်အစားအသစ် တစ်စုံမျှ မချုပ်တတ်သော မေမေ့အပေါ် မသိတတ်တာတွေများ ဖြစ်နေလား ဆိုသည့် အပြစ်စွဲခံစားချက်သည် ကျွန်မကို ခြောက်လှန့်ပါသည်။ သည့်ထက်ပိုပြီး စိတ္တဇသည်းခဲ့ရသည်က မေမေ ဆင်ပေးထားသည့် လည်တံဆွဲကြိုးလေး ပျောက်သွားခြင်းနှင့် ဆိုင်ပါသည်။

ထိုနေ့က ကျွန်မ ကျောင်းသွားသည်။ ကျောင်းပြန်လာသည်။ ထမင်းစားသည်။ စာကျက်သည်။ ကြိုးခုန်တမ်း ကစားသည်။ ကြက်တောင် ရိုက်သည်။ စာအုပ်ဆိုင်တွင် စာအုပ်သွားငှားသည်။ နောက်တစ်နေ့မနက်

အိပ်ရာကအထ လည်ပင်းကို စမ်းကြည့်သည့်အခါ လည်တုံဆွဲကြိုးလေး မရှိတော့။ ပျောက်ပြီမှန်း သိသိချင်း စိုးရိမ်စိတ်ကြောင့် မိုးတိုးမတ်တတ်နှင့် ချောက်ထဲကျသွားရသလို မိုက်ခနဲ ဖြစ်သွားသည်။ ဘယ်မှာ ကျခဲ့ပါလိမ့်၊ ဘယ်အချိန်ကတည်းက မရှိတော့ပါလိမ့်။ ဘယ်လိုစဉ်းစား၊ စဉ်းစား အဖြေ မပေါ်။

ထိုရက်ပိုင်းတွင် မေမေ မသိအောင် ကော်လာပါသည့် အင်္ကျီတွေချည်း ဝတ်သည်။ ပြီးတော့ ဆွဲကြိုးကို တိုးတိုးကျိတ်ကျိတ် ရှာသည်။ သိသွားလျှင် မေမေ ငိုမှာလား၊ ကျွန်မကို ဆူမှာလား၊ ရိုက်မှာလား တွေးရင်းနှင့် မောလာသည်။ သုံးရက်မြောက် ညတွင် ကျွန်မ အိပ်ခါနီးတော့ မေမေက တစ်ဖက်ခြမ်းသို့ လှဲနေရင်းက ပြောလိုက်သည်။

"ဆွဲကြိုးပျောက်လို့ သမီး ရှာနေတာမဟုတ်လား... မရှာနဲ့တော့နော်၊ စာပဲ ကောင်းကောင်းကြည့်... မေမေ သမီးကို မဆူပါဘူး ... သမီး မအိပ်ဘဲ လူးလိမ့်မနေနဲ့တော့၊ ပျော်အောင်သာ အိပ်နော်... "

မေမေ့အသံသည် ပုံမှန်သာ ဖြစ်သည်။ အေးအေးသက်သာ ရှိသည်။ သည့်နောက် မေမေက စကားတစ်ခွန်း ထပ်ပြောသေးသည်။

"သမီး စိတ်ဖိစီးနေတာမျိုး မေမေ မမြင်ချင်ဘူး" တဲ့။

ထိုနေ့ညက မေမေလည်း အိပ်မပျော်ပါ။ ကျွန်မလည်း အိပ်မပျော်ပါ။ ဆွဲကြိုးကတော့ ပျောက်ခဲ့ပြီး ဖြစ်သည်။ သို့သော် မေမေ့ကိုတော့ ကျွန်မ ရှာတွေ့ခဲ့ပါသည်။

❑

(၁၁)

ဒါနဆန်ပါရှင်

ကျွန်မ၏ ငယ်ဘဝကို မေမေက အတော်လေး လွှမ်းမိုးထားနိုင်ခဲ့သည်။ ကျွန်မ တတိယတန်း စာမေးပွဲဖြေပြီးချိန်၌ မြိတ်တွင် ပထမဆုံးအကြိမ် သီလရှင် ဝတ်ခဲ့ရပြီး လူထွက်လာတော့လည်း မေမေက တရားစခန်းပေးဝင်ပြန်သည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်တိုင်း မေမေနှင့်အတူ မိုးကုတ် ဝိပဿနာ (မြို့ဟောင်း) မှာ ဝင်ရသည်။ ဆရာတော်ဦးဣန္ဒက က ပထမနေ့ အလုပ်ပေး တရားတော်အချိန်တွင် ပဋိစ္စသမုပ္ပာဒ်ကို ရှင်းပြတော့ လူကြီးတွေက သဘောပေါက် နားလည်ကြသော်လည်း ကျွန်မမှာ လုံးဝ ဉာဏ်မမီခဲ့။ အဓိက ပြဿနာက ပါဠိစာလုံးများ မသိခြင်းပင်။ ကျောင်းကို ပြန်ရောက်တော့ အဝိဇ္ဇာ ဆိုသည်မှာ ဘာကို ဆိုလိုသည်၊ တဏှာ၊ ဥပါဒါ၊ ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုသည်မှာ ဘာကို ဆိုလိုသည်... တစ်ခုစီ အနက်အဓိပ္ပာယ် ပြန်ကြည့်ရသည်။ သုံးရက်လောက်နေတော့ အတန်အသင့် နားလည်လာသည့်တိုင် တရားတော့ မမှတ်တတ်သေး။

တရားနာချိန်၊ ထိုင်ချိန် စုစုပေါင်း တစ်နေ့လျှင် ကိုးကြိမ် ရှိသည်။ ကျွန်မအတွက်တော့ တရားထိုင်ချိန် ဆိုလျှင် တော်တော်လေး အိပ်လို့ ကောင်းပါသည်။ ငိုက်သည့်အချိန် ဆိုလျှင် ခန္ဓာကိုယ်က ရှေ့နောက် ယိမ်းနေတတ်ပြီး လုံးဝ အိပ်ပျော်သွားပြီ ဆိုလျှင်တော့ တည့်တည့်မတ်မတ် အနေအထား ဖြစ်သွားတော့သည်။ မသိသူများက ကြည့်လျှင်တော့... ကလေးမလေး တော်တော်တရားကောင်းနေပြီဟု ထင်ချင်စရာ။ တရား စခန်း စဝင်ကတည်းက ကျွန်မမှာ ထိုင်လျက်နှင့် အိပ်တတ်သည့် အကျင့်ရ သွားသည်။ ဒါတောင် မေမေ့ကို ပြောရသေးသည်။ ဆရာတော်ဘုရားကြီးက မှာထားသည်လေ။ ဖြစ် ပျက် မြင်အောင်ရှု၊ ဖြစ်၊ ပျက် မုန်းအောင်ရှု၊ ဖြစ်၊ပျက် ဆုံးအောင်ရှု ဟူ၍။

သည်တော့ ကျွန်မက "မေမေရယ်.. ဖြစ်၊ ပျက်လည်း မြင်နေပါပြီ၊ တစ်နေ့၊ တစ်နေ့ တရားထိုင်ရလွန်းလို့... ဖြစ်၊ ပျက်ကိုလည်း တော်တော်ကြီး..မုန်းနေပါပြီ။ ဒါတောင် မဆုံးနိုင်သေးဘူး" ဆိုကာ တရားချိန် နီးတိုင်း မသွားချင်သဖြင့် တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်အောင် ဂျီကျသည်။ နောက်တော့လည်း မေမေက ကျွန်မကို တွန်းအားပေးနိုင်မည့် သူတစ်ဦးကို ရှာတွေ့သွားခဲ့သည်။ သူက တခြားသူ မဟုတ်၊ ကျောင်းအမကြီး ဝိသာခါ ။

ဆရာတော် ဟောသည့် တရားတွင် ဝိသာခါက ခုနစ်နှစ်ဖြင့် သောတာပန်တည်လေသည်။ ကျွန်မမှာတော့ အသက် ကိုးနှစ်ကျော်ပြီ။ ငါက သူ့ထက် နှစ်နှစ်တောင် ကြီးနေပြီ။ သူ ရရင် ငါလည်း ရရမှာပေါ့ ဆိုသည့် စိတ်ဓာတ်မျိုး ထားသည်။ ပထမဆုံး အတွေ့အကြုံ ဆိုတော့လည်း သိပ်နားမလည်ဘဲ အတန်းထဲမှာ စာပြိုင်ကြသလို ပြိုင်ကြည့်ချင်သည်။

ဝိသာခါနှင့် ပြိုင်ဖို့ ဆုံးဖြတ်ချက်ချပြီး နောက်တစ်နေ့ ပထမ ခြေလှမ်းမှာကတည်းက ကျွန်မ ကျရှုံးလေ၏။ ထိုနေ့က ကြိုးစားပမ်းစား

တရားမှတ်ပါသည်။ သို့ပေမဲ့ ကျွန်မရေ့က အဒေါ်ကြီးက မတ်တတ်ရပ်ရင်း တရားမှတ်သည်။ သူ့ဘာသာ ဘယ်လို တရားမှတ်မှတ် အကြောင်းမဟုတ်ပေမယ့် သူက တရားမှတ်ရင်း လေလည်လေတော့ နောက်တည့်တည့်က ကျွန်မက သူ လွှတ်သမျှကို ဒိုင်ခံ ရှူရလေသည်။ တစ်ခါတည်းလည်း မဟုတ်။ တစ်လုံးပြီး တစ်လုံး လွှတ်သည်။ ဘယ်အချိန်ကတည်းက စုဆောင်းထားတာတွေ မသိ။ ကျွန်မမှာ တရားထိုင်ရင်း ဖြစ်၊ ပျက်လည်း ဘယ်ဆီ မသိ။ ဒေါမနဿတွေ ပွားပြီးရင်း ပွားနေရတော့သည်။ ကျွန်မက သိပ်နားမလည် သေးတော့ အတွေးကလည်း ချော်သည်။

လက်တွေ့မှာတော့ သောတာပန်တည်ဖို့ နေနေသာသာ သမာဓိတောင် မတည်နိုင်ပေ။ စိတ်က ဗိုက်ဆာသည့်အကြောင်း ရောက်သွားလိုက်၊ ကျောင်းက သူငယ်ချင်းတွေအကြောင်း ရောက်သွားလိုက်၊ ခြေထောက်ကျဉ်နေသည့် နေရာဆီ ရောက်လိုက်နှင့် မြေကမ္ဘာအနှံ့ ဟိုဟိုသည်သည် လှည့်ပတ်နေပါသည်။ သည်လိုမှ စိတ်ကို လွှတ်မထားဘဲ နှာသီးဖျားမှာသာ အာရုံထားလျှင် လေပုပ်နံ့ကိုသာလျှင် စိတ်က စွဲနေသည်။

"နံသေးလား မသိဘူး" တွေးပြီး ရှုကြည့်မိတာလည်း အခါခါ။

"ငါ... ဒီလို... သူများ အီးရှူပြီးတောင် တရားမှတ်နေရတာ ... သောတာပန်တော့ တည်ဖို့သင့်ပြီ။" ကြာတော့လည်း စိတ်ပေါက်ပေါက်နှင့် သည်လိုသာ တွေးမိတော့သည်။ တရားချိန်စေ့၍ သူများတွေနည်းတူ အဲသည် အဒေါ်ကြီးလည်း တရားချတော့မှ ကျွန်မမှာ လွတ်လွတ်ကျွတ်ကျွတ် တရားမှတ် နိုင်တော့သည်။ သို့ပေမဲ့ ကျွန်မ ခြေထောက်တွေက မခံမရပ်နိုင်အောင် နာကျင် နေရှာပြီ။ တောင့်ခံထားကြည့်သည်။ ဘယ်လိုမှ မရတော့၊ သို့နှင့် တရားချ ဖို့ရာ ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင်... ခုနက အဒေါ်ကြီးရော၊ တခြားယောဂီတွေရော ကျွန်မ ဘေးကနေ ဖြတ်သွားရင်းက ကျွန်မကို မြင်ပြီး... "ဟယ်.... ကြည့်စမ်း၊ ကလေးမလေး ငယ်ငယ်လေး ရှိသေးတာနော်.... ဒါတောင် တရားမှတ်ကောင်း နေလိုက်တာ... တော်လိုက်တာ" နှင့် ဝိုင်းပြီး ချီးမွမ်းကြသည်၊

သည်လို ချီးမွမ်းပေမယ့် ကျွန်မမှာ ဘယ်လိုမှ မပျော်နိုင်။ သည်မှာ တရားချပါတော့မယ် ဆိုကာမှ ဘေးနားကနေ လာချီးကျူးနေတော့ အခက် တွေ့ရသည်။ သူတို့ကလည်း တော်တော်နှင့်မသွား။ ပါရမီထူးလှချည့်၊ လိမ္မာလှချည့်နှင့် တစ်မျိုးပြီး တစ်မျိုး အတောမသတ် ချီးကျူးနေတော့ ကျွန်မမှာ လိမ်ပိန်နေပြီ။ ဖြစ်ချင်တော့... သူတို့ အုပ်စုထဲက အဒေါ်ကြီးတစ်ယောက်က ထိုင်ရာက ထပြီး ပြန်ဖို့ပြင်လေရာ သူ့လက်ဖျားနှင့် ကျွန်မဒူး တိုက်မိသွားသည်။ ဒီကလည်း ဘယ်ရမလဲ။ အခွင့်အရေးကို စောင့်နေတာ ဆိုတော့... ချက်ချင်း မျက်လုံးဖွင့်လိုက်ပြီး-

"ကျွန်တော် သောတာပန်တည်ဖို့ တဲတဲလေးပဲ လိုတော့တာ... အဒေါ်က ဘာလို့ ဝင်တိုက်တာလဲ" ဆိုပြီး ငိုပါတော့သည်။

မည်သို့ချော့ချော့ မရတော့။ အလိုလို ငိုချင်နေသည့်သူကို ငိုချင်လျက် လက်တို့ ဖြစ်သွားသည်ပဲ ဆိုပါစို့။ မေမေကတော့ ဉာဏ်နီဉာဏ်နက်များသည့်

သူ့သမီးအကြောင်း ရိပ်မိနှင့်ပြီး ဖြစ်သည်။ သူ့မှာ သူ့ဓမ္မမိတ်ဆွေတွေကို အားနာလေတော့ တအီအီ လုပ်နေသည့် ကျွန်မကို အမြန်ချော့ရတော့သည်။

"အေးအေး… သမီးက တော်ပြီးသား၊ မနက်ဖြန် ဒီလိုပဲ တရား မှတ်ရင် သောတာပန်ဖြစ်ပြီနော်"ဆိုတော့မှပင် ကျွန်မလည်း မျက်ရည်စဲ တော့သည်။

စတုတ္ထတန်း စာမေးပွဲဖြေပြီးသည့်နှစ်က သီလရှင်ဝတ်ရပြန်တော့ ဇာတ်လမ်းက တစ်မျိုးပြောင်းပြန်သည်။ ထိုစဉ်တုန်းက စစ်ကိုင်းမှာ သီလရှင် ဝတ်ခဲ့ရသည်။ ဘွဲ့နာမည်က ဥတ္တရာရီ။ ကျွန်မ သူငယ်ချင်းတစ်ယောက်နှင့်အတူ ဝတ်ရတာပါ။ သူ့အဖေက ကဆုန်လပြည့်နေ့မှာ အလှူလုပ်ရင်း ကျွန်မတို့ နှစ်ယောက်ကို သီလရှင်ဝတ်ပေးသည်။ စစ်ကိုင်းမှာ သုံးရက်သာ သီတင်း သုံးခဲ့ရပေမယ့် ကျွန်မတို့ အတော်လေး ပျော်ကြပါသည်။

စစ်ကိုင်းကို သူတော်ကောင်းတွေ ပျော်မွေ့ရာအရပ်ဟု တင်စား ကြသည့်အတိုင်း ပုထိုး၊ စေတီ အလွန်ပေါ်များပါသည်။ တရုတ်စံကားပန်းမှာ စစ်ကိုင်းတောင်၏ အမှတ်အသား ဖြစ်သည်။ နွေရာသီဆိုလျှင် စစ်ကိုင်း တစ်တောင်လုံး တစ်ချောင်လုံး တရုတ်စံကားပန်းများ ဝေနေလေပြီ။ ပန်းရနံ့တို့ ထုံသီကြိုင်လှောက်နေပြီ။ အထူးသဖြင့် နွေဦးရာသီတွင် စစ်ကိုင်း၏ အလှသည် ပိုပြီး ကျက်သရေဆောင်သည်ဟု ထင်ရသည်။ အရဏ်တက်ချိန် နှင်းမြူ ခပ်ပါးပါး ဝိုးတဝါးကြားမှ မန္တလေးဘက်ကမ်းဆီသို့ စစ်ကိုင်းတောင်ပေါ်မှ မှန်းမျှော် ကြည့်ရသည်မှာ တမေ့တမောကြီးကို လွမ်းစရာကောင်းလှပါသည်။ တကယ်ပင်… ဘယ်ဝယ်ဆီကို တမ်းတမှန်းဆကာ လွမ်းရမည်ကို မသိနိုင်ပေ။

ကျွန်မတို့ စစ်ကိုင်းမှာ သီလရှင်ဝတ်တော့ ရပ်ရှင်မင်းသားကြီး ဇေယျ ရဟန်းဘဝဖြင့် သီတင်းသုံးခဲ့သည့် ညောင်တုန်းချောင်မှာပါ။ စစ်ကိုင်းမှာ ချောင်တွေ အတော်များတာမို့ တစ်ချောင်ပြီး တစ်ချောင် လျှောက်လည်ခဲ့ကြတာ၊ တောင်ပေါ်တက်ပြီး ဆော့ကြတာ၊ ညနေစောင်းဆိုလျှင် ဧရာဝတီမြစ်ကမ်းပါး ဆီကနေ မန္တလေးဘက်ကို မျှော်ကြည့်ရင်း … "မေမေရေ…သမီး နာမည်… ဥတ္တရာရီ ဖြစ်သွားပြီ…" ဟူ၍ အော်ရတာ။ ပြန်တွေးမိတိုင်း မျက်ရည်စို့အောင် လွမ်းချင်စရာ။

သည့်နောက်မှာတော့ သူငယ်ချင်း၏ မိဘများက မန္တလေးပြန်မှာမို့ ကျွန်မတို့ သီလရှင်နှစ်ပါးကိုလည်း မန္တလေးမှာပဲ သီတင်းသုံးနိုင်စေရန် အတွက် ဘုရားကြီးနားက ကုသိနာရုံကျောင်းတိုက်ထဲက ကျောင်းတစ်ကျောင်းမှာ စီစဉ်ပေးပါသည်။ ထိုကျောင်းဝင်းတွင် ဘုန်းကြီးတစ်ပါး၊ ကိုရင်ကြီး တစ်ပါး၊ ကျွန်မတို့အရွယ် ကိုရင်တစ်ပါး (ဘွဲ့တော် ရေဝတ) နှင့် သီလရှင်ကြီး နှစ်ပါး သီတင်းသုံးသည်။ ကျောင်းဝင်းထဲတွင် ကျောင်းဆောင် နှစ်ဆောင် ရှိပြီး တစ်ဆောင်က ဘုန်းဘုန်းနှင့် ကိုရင်များ၊ တစ်ဆောင်က ဆရာကြီးတို့ နေသည်။ ကျွန်မတို့က ဆရာကြီးများနှင့် နေရသည်။

ကျွန်မ သီလရှင်ဝတ်ရာမှာ သူများတကာလို စည်တော်သံရွှမ်းပြီး ထမင်းရည်ချောင်းစီး မောင်းတီးကာ အလှူပေးပြီး ဝတ်ခဲ့ရသည်မျိုး မဟုတ်လေတော့ အထူးအထွေ မကုန်ကျခဲ့ပါ ။ မေမေက သီလရှင်ဝတ်စုံကိုပင်လျှင် သီလရှင်အရောင် တရုတ်ပိတ်စ သွားဝယ်ပြီး ကိုယ်တိုင်ချုပ်ပေးခဲ့သည်။ ချုပ်ပေးတော့လည်း တစ်စုံတည်း။ သီလရှင် အတူဝတ်သည့် သူငယ်ချင်းတွင် ဝတ်စုံနှစ်စုံ ပါသည်။

သည်တော့ ကျွန်မတို့မှာ တစ်မျိုး ကြံရပြန်သည်။ တစ်ယောက်က မနက်ပိုင်း ရေချိုးလျှင် ကျန်တစ်ယောက်က ညနေစောင်းမှ ရေချိုး။ မနက်က ရေချိုးသည့်သူ လျှော်ဖွပ်သွားသော ဝတ်စုံမှာ ညနေစောင်းလျှင် ခြောက်ပြီ ဖြစ်၍ ညနေကျမှ ရေချိုးသည့်သူက ဝတ်နိုင်လေသည်။ ညနေ ရေချိုးသူ လျှော်ဖွပ် လှန်းသွားသည့် ဝတ်စုံကိုတော့ မနက် သီလရှင်က ဝတ်ပေါ့။ သည်လိုနှင့် နှစ်ယောက်ပေါင်း ဝတ်စုံ သုံးစုံတည်းနှင့် ကျွန်မတို့ သူငယ်ချင်း နှစ်ယောက်မှာ သူ့ဟာနှင့်သူ အဆင်ပြေနေခဲ့ပါသည်။

သီလရှင်ဝတ်မှ ဦးစွာ တွေ့ကြုံရသည့် ပြဿနာမှာ မနက် မိုးလင်းတိုင်း လုံချည်ရှာရခြင်း ဖြစ်သည်။ မေမေ ပြောပြသည့် အတိုင်းဆိုလျှင် ကျွန်မက ညအိပ်လျှင် ၃၆၀ ဒီဂရီ ပတ်ပြီးတော့မှ အိပ်တတ်သူတဲ့။ မနက် နိုးလာလျှင်တော့ ညက အိပ်သည့်အတိုင်း ပုံစံမပျက်ပင်။ တကယ်တော့ တစ်ညလုံး တစ်ပတ်ပတ်နေခြင်း ဖြစ်၏။ ကျွန်မတင် မဟုတ်၊ ကျွန်မ သူငယ်ချင်း ဘွဲ့တော် ဒါနဝတီသည်လည်း ထိုနည်းလည်းကောင်းပင် ဆရာကြီးတွေက ကျွန်မမိခင် ဖုန်းဆက်သည့်အခါ လုံချည်မနိုင်ကြောင်း တိုင်ကြ၍ မေမေက ကျွန်မတို့အတွက် ဖိစကပ်တစ်ထည် နေ့ချင်းအပြီး ထပ်ချုပ်ပေးသည်။ ခါးပတ် ပတ်လျှင် ကျွန်မက မိုက်အောင့်တတ်၍ မပတ်ချင်။

ဒါနဝတီနှင့် ဥက္ကာရီတို့သည် ဖိစကပ်နှင့် သီလရှင်ဘဝကို ခုန်ပျံ ကျော်လွှားကစားရင်း ဖြတ်သန်းခဲ့ကြသည်။ ထုံးစံအတိုင်း အများဆုံး ကစားကြတာက ကြော်ငြာရိုက်တမ်းပင်။ ထိုအချိန်က ထက်ထက်မိုးဦး ကြော်ငြာများ တီဗွီဖန်သားပြင်တွင် စတင် နေရာယူလာချိန် ဖြစ်သည်။ ကြော်ငြာရိုက်တမ်း ကစားလျှင် ကျွန်မက ထက်ထက်မိုးဦးပဲ အမြဲလုပ်သည်။ ဒါနဝတီကတော့ ခိုင်သင်းကြည် တစ်လှည့်၊ နန္ဒာလှိုင် တစ်လှည့်၊ မေသန်းနု တစ်လှည့် လုပ်ရသည်၊ ပင်တိုင်မင်းသားက ကိုရင်ရေဝတ။

ကိုရင်က လွင်မိုးလုပ်လိုက်၊ ဒွေးလုပ်လိုက်။ ကျွန်မတို့ ကြော်ငြာ ရိုက်ပြီဆိုလျှင် ဘေးကျောင်းတိုက်က ကိုရင်တွေကပါ လာကြည့်ကြလေသည်။ ကိုရင်တွေကို ကျွန်မတို့နှစ်ပါးက ကြော်ငြာစာသား ရေးပေးပြီး စာရွက်ကို ဝေကာ အော်ဆိုခိုင်းသည်။ ကိုရင်ရေဝတမှာ ကျွန်မတို့နှင့် တစ်လှည့်စီတွဲက ကြပါသည်။ ကျွန်မမှာ ခေါင်းတုံးဖားလျားနှင့် ဆိုတော့ ထက်ထက်မိုးဦးလို ဆံပင်ရှည်ကို ခါပြီး မယမ်းနိုင်။ သည်တော့ မျက်နှာသုတ် ပဝါ တဘက်ကို ခေါင်းပေါ်တင်ပြီး ဆံပင်ရှည်လုပ်ရသည်။ ဒါနဝတီနှင့် ဥက္ကာရီ တစ်ဖြစ်လဲ ထက်ထက်မိုးဦး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်တို့သည် ခေါင်းလှုပ်လိုက်၊ ခါးလှုပ်လိုက်၊ နှာခေါင်းရှုံ့ပြလိုက်ဖြင့် သူတို့ တဘက် ဆံပင်ကြီးကို ဟိုဘက်ခါလိုက်၊ ဒီဘက်ခါလိုက်၊ အဲသည် တဘက်ကြီးက မြေကြီးပေါ် ပြုတ်ကျလိုက်၊ ပြန်ကောက်တပ်လိုက်နှင့် တခါခါ တယမ်းယမ်း ဖြစ်နေချိန်တွင် ကိုရင်တွေက လက်ခုပ်တွေတီးပြီး ကြော်ငြာသီချင်း ဆိုပေးကြသည်။

နေ့လယ်နေ့ခင်း ဘုန်းဘုန်းတို့၊ သီလရှင်ဆရာကြီးတို့ ကျိန်းလေ့ရှိသည့်အချိန်တို့တွင် ကျွန်မတို့ ကြော်ငြာရိုက်ကြလေသည်။ နောက်တော့ ကျွန်မတို့ကိုယ်တိုင်က ဆူတာက တစ်ကြောင်း၊ အခြားသော ကျောင်းတိုက်များကပါ တိုင်ကြတာ တစ်ကြောင်း ဘုန်းဘုန်းကြီး သိသွားလေတော့ ကျွန်မ တို့ကို ဆူပြီး ကိုရင့်ကိုတော့ ရိုက်ပါသည်။ ဘုန်းဘုန်းက အိမ်ကိုလည်း ဖုန်းဆက်ပြီး တိုင်ပြန်တော့ နဂိုကတည်းက တစ်ပတ်သာ ဝတ်ဖို့ စဉ်းစားထားသည့် ကျွန်မမှာ “ဒီလောက်တောင် ဖြစ်လုတာဟာ” ဆိုပြီး ဘုန်းဘုန်းကြီးကို စိတ်ခုကာ ခြောက်ရက်နှင့်ပင်

ကိုယ့်သဘောနှင့်ကိုယ် လူထွက်ပြီး အိမ်ကို ဆိုက်ကားစီးကာ ပြန်ချလာပါသည်။ မေမေ့မှာ တားချိန်ပင် မရလိုက်။

ဘာဝနာကုသိုလ် အထုံကူးပေးလိုသည့် မေမေ့ စေတနာကြောင့် ကျွန်မမှာ သူ့သဘောအတိုင်း သီလရှင်ဝတ်ရပေမယ့် မမကိုတော့ ခေါင်းတုံး တုံးရမည်စိုးသဖြင့် သူ့အသွားက ပေးမပတ်။ သည်တော့ မမက လွတ်ငြိမ်း ချမ်းသာခွင့် ရ၏။ အမေ့၏ အချစ်တော်၊ လက်ဝဲတော်ကလေး ကျွန်မသာလျှင် နိဗ္ဗာန်မြန်မြန်ရောက်ဖို့ အကြောင်းဖန်လေသည်။ နွေရာသီ ကျောင်းပိတ်မှာ သီလရှင်ဝတ်ဖို့ ဆံချရလေတိုင်း အမေဖြစ်သူက "ငါ့သမီးလေး မြင့်မြတ်သော ဘုရားသမီးတော်အဖြစ် ကူးပြောင်းပြီ" ဆိုပြီးသကာလ ကြည်နူးမျက်ရည် ဖြိုင်ဖြိုင်ကျချိန်တွင် သမီးတော်ကလေးကလည်း သူ မျှော်မှန်းထားသော ထက်ထက်မိုးဦး၏ ဆံပင်ရှည်နှင့် ဝေးပြီဖြစ်၍ အဆွေးကြီးဆွေးလျက် မျက်ရည် မိုးစွေပါတော့သည်။ ကလေးဘာသာဘာဝမို့ တစ်ခါတလေ "ဘုရားကျတော့ ဆံထုံးကြီးနဲ့... သမီးကျတော့ ခေါင်းတုံးတုံးရတယ်" ဆိုကာ ဂျစ်ကန်ကန်လုပ်ပြီး ငိုသည့်အခါ ငိုပေါ့ ။

ပဉ္စမတန်း စာမေးပွဲဖြေပြီးသည့်နောက် သီလရှင်ဝတ်တော့ အရင်နှစ်တွေကနှင့်စာလျှင် တော်တော်လေး တည်ငြိမ်သွားပြီဟု ဆိုရပါမည်။ သို့သော်... တစ်ရက်။ အဖိတ်နေ့မှာ ဆရာလေးတွေ ဆွမ်းခံထွက်တော့ ကျွန်မကိုပါ လိုက်ခဲ့ဖို့ ခေါ်သည်။ မေမေကတော့ မှာထားပါသည်။

"ဆရာလေး... လုံးဝ ဆန်မခံပါနဲ့နော်၊ လိုတာမှန်သမျှ တပည့်တော် ပံ့ပိုးပါ့မယ်၊ ရတဲ့အချိန်လေးမှာ ဆရာလေးဘာသာ အေးအေးဆေးဆေး တရားအားထုတ်ပါ "

သို့ပေမဲ့... ဥက္ကာရီကလည်း အတွေ့အကြုံ အသစ်အဆန်း လိုချင် လေသည်။ ဆန်ခံတယ် ဆိုတာကို တစ်ခါမှ မကြုံဖူးလေတော့ ထိုနေ့ မယ်တော်ကြီး၏ စကားကို ဖီဆန်ဖြစ်ခဲ့သည်။

ထိုတုန်းက ကျွန်မ အတွေ့အကြုံအရ အိမ်ကြီး၊ ခြံကြီးတွေနှင့် နေထိုင်သူတွေဆီကနေ အလှူအတန်း အရနည်းတတ်ပါသည်။ အလုပ်သမား တန်းလျားမှာ နေသူတွေ၊ မြို့ဟောင်း ဘူတာဈေးက ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေ ဆိုလျှင်တော့ ခရမ်းချဉ်သီးဖြစ်ဖြစ်၊ ချဉ်ပေါင်တစ်စည်းလောက် ဖြစ်ဖြစ် မရှိ၊ ရှိတာ လှူတတ်ကြလေသည်။ ဆွမ်းခံထွက်ချိန် အစပိုင်းကတော့ ဘာမှမဖြစ်။ အဆင်ပြေနေ၏။ ဖြစ်ချင်တော့ ကျွန်မတို့အုပ်စုတွင် ကျွန်မနှင့်ရွယ်တူ သီလရှင်တစ်ပါး ပါသည်။ ဆန်ခံမထွက်ခင်ကတည်းက ဆရာကြီးတွေက မှာထားသည်။ ဆန်ခံထွက်သည့်အခါ ဣန္ဒြေရှိဖို့၊ မျက်လွှာချပြီး လှုပ်ရှားတာကအစ ညင်သာဖို့ ဖြစ်သည်။ ဆရာကြီးတို့ စကားကို ကျွန်မ နားထောင်ပါသည်။

သို့ပေမဲ့ ဟိုဆရာလေးကတော့ ထိုသို့မဟုတ်။ ဒါနဆန်ပါရှင် ... ပြောပြီးလို့ တစ်ဖက်က လှူလိုက်သည်နှင့် သူ့မှာ တစ်ဖန် ပြန်ပြီးတောင် ဆုတောင်းမပေးနိုင်။ ကျွန်မ ပိုရမှာစိုးပြီး အတင်းပဲ လုကာ အလှူခံသည်။ တစ်ဈေးသည်ပြီး တစ်ဈေးသည်ဆီ အပြေးသွားသည်။ သူ့ ခြေလှမ်းတွေ သွက်နေတော့သည်။ ဆရာကြီးတွေက တစ်ချက် တစ်ချက် ဟန့်ပေမယ့် မရ။ သူကလည်း ခပ်စွာစွာထဲကပါ။

တစ်ကြိမ်မှာတော့ သူက ကျွန်မ အလှူခံနေတာကို ကြားဖြတ်ဝင်ချိန်မှာတော့ ကျွန်မလည်း မခံနိုင်တော့သည်နှင့် … "ဆရာလေး.. ဒါတော့ လွန်နေပြီနော်" ဆိုလိုက်ရုံကို သူက ကျွန်မကို မျက်စောင်းခဲသည်။ မျက်စောင်းလေး အချီခံလိုက်ရရုံမျှနှင့် ကိုယ့်ကိုယ်ကိုယ် သောတာပန်ဖြစ်ပြီဟု ထင်နေခဲ့သည့် ဥက္ကာရီမှာ မခံမရပ်နိုင် ဖြစ်ပြီး လက်ထဲမှာ ရှိနှင့်သည့် ဆန်ခံခွက်နှင့် သူ့ခေါင်းကို အားရပါးရ ခေါက်ပစ်လိုက်သည်။ သူကလည်း ခေသူမဟုတ်မို့ သူ့ခွက်နှင့် ကျွန်မကို ပြန်ခေါက်သည်။ ကျွန်မတို့မှာက ဆံပင်လည်း ဆွဲဆောင့်၍ မရဆိုတော့ ခွက်ကိုသာ လက်နက်တစ်ခုလို သဘောထားရသည်။ သူက လုပ်တော့ ကျွန်မကလည်း ပြန်လုပ်ဖို့ ကြိုးစား။ ဆရာကြီး တွေက ဝိုင်းဆွဲ။ ဈေးသည်တွေက ကြည့်ပြီး ရယ်ကြ။ ထိုနေ့က မြို့ဟောင်း ဘူတာဈေးတွင် ပြောစရာ သတင်းတစ်ပုဒ် ရသွားသည်။

"မနက်က သီလရှင်နှစ်ပါး ဆန်ခံရင်း… ခွက်စောင်းခုတ်ကြလို့ " တဲ့။

ကျောင်းကို ပြန်ရောက်တော့ အဆူခံလိုက်ရသည်မှာ ခေါင်းပင် မဖော်နိုင်ပါ။ ဘယ်သူ စလုပ်တာလဲ ဆိုတော့ ကျွန်မက အဓိကလက်သည် ဖြစ်နေသည်။ ဆရာကြီးတို့က အလွန်စည်းကမ်းကြီးသည်မို့ မေမေ့ဆီ ဖုန်းဆက်ပြီး တိုင်လေတော့ မေမေက "ဆရာကြီးရယ်… ဘီး..သမီးလေးကို… လူမထွက်ခိုင်းပါနဲ့… ကလေးက ဆိုးမှန်း သိပါတယ်… ဒါပေမဲ့ ဘုရား အဆုံးအမ၊ တရားအဆုံးမနဲ့ လိမ္မာစေချင်လို့ပါ … မလိမ္မာရင် ဆရာကြီးတို့ ကြိုက်သလို ဆုံးမနိုင်ပါတယ်… ဘီး… ဆရာကြီးတို့ကို အပ်ပါတယ်" ဆိုပြီး တောင်းပန်ပါသည်။

ဥက္ကာရီလည်း နောက်နေ့မှစကာ ဘုရားစာ သင်ရတော့သည်။ ထိခြင်းငါးပါး ရှိခိုးပုံကအစ ဘုရားပင့်ပုံအဆုံး သင်ပေးသည်။ ထိုစဉ်ကတော့ နေ့ရက်များကို ပင်ပန်းစွာ ဖြတ်သန်းနေရသည်ဟု ခံစားမိသည်။ ကျွန်မမှာ အိမ်မှာလို အော်ဟစ်မကစားရ။ မနက်အစောကြီး ထရတာ တစ်မျိုး။ အမြဲတစေနီးပါး မျက်လွှာချပြီး တရားအမှတ်နှင့် ညင်ညင်သာသာ လှုပ်ရှား တတ်အောင် နေရတာတစ်မျိုး၊ စကားလည်း စိတ်ရှိသလို မပြောနိုင်တာ တစ်မျိုးကြောင့် စိတ်ကျဉ်းကျပ်ရသည်။

သည့်အပြင် ခံစားရသည့် နောက် ဝေဒနာ တစ်မျိုးကတော့ သာ၍ ပြင်းပါသည်။ ရိပ်သာတစ်ခုလုံးတွင် နွေရာသီမို့ ကျွန်မလို သီလရှင်ဝတ်ကြသူ တခြားသော ရွယ်တူတန်းတူများလည်း ရှိသည်။ သူများမိဘတွေက သူတို့ သမီးကို မကြာခဏ လာကြည့်တတ်တိုင်း ကျွန်မမှာ… ငါ့အိမ်က ဘယ်သူများ လာမလဲ ဆိုပြီး မျှော်လင့်ခဲ့ရဖူးသည်။

"ဥက္ကာရီ ဆရာလေးအိမ်က ဆရာလေးမိဘတွေကော" အမေးခံရလေတိုင်း ကျွန်မမှာ ဖြေစရာစကားလုံး ရှားပါးနေလေသည်။

"တပည့်တော်အိမ်က အလုပ်များတယ် ဘုရား" အဖြေကိုသာ ပေးစရာ ရှိသည်။ တစ်ခါတော့ မခံနိုင်လွန်း၍ မေမေ့ထံ ဖုန်းဆက်မိသည်။

"မေမေ.. ဆရာလေးကို ရိပ်သာမှာပဲ ထားတော့မလို့လား…မေမေ နောက်တစ်ခါ လာမတွေ့ရင် ဆရာလေး ထွက်ပြေးမှာနော်"

"ဆရာလေး… တပည့်တော်ကို စိတ်ညစ်အောင် မလုပ်ပါနဲ့၊ တပည့်တော် မလာနိုင်ပေမယ့် ဆရာလေး လိုတာကို လူကြုံနဲ့ အမြဲ ထည့်ပေးနေတာပဲ.. အခု ဆရာလေးက ဘာလိုလို့လဲ"

"ကျွန်တော် ဘာမှမလိုချင်ဘူး မေမေ၊ ဆရာလေးလို့လည်း ကျွန်တော့်ကို လာမခေါ်နဲ့တော့၊ သူများတွေ ကြားထဲမှာ ကျွန်တော် မျက်နှာငယ်တယ်"

ကျွန်မ စကားကြောင့် မေမေ စိတ်မကောင်း ဖြစ်သွားတာတော့ သေချာပါသည်။

"သမီးကို မေမေ အားလုံး ပြောပြထားတာပဲ… တစ်အိမ်လုံး မပူမပင် မကြောင့်မကြနေနိုင်ဖို့၊ သမီးတို့ လူတန်းစေ့ စားနိုင်၊ သောက်နိုင်ဖို့ အားလုံးက မေမေ့အပေါ်မှာပဲ မူတည်နေတာ… မေမေ့ဟာ မေမေတစ်ယောက်တည်းပဲ ရုန်းကန်နေရတာ သမီးလည်း သိသားနဲ့"

သမီးလည်း တစ်ယောက်တည်းပါပဲ မေမေဟုတော့ ကျွန်မ ပြန်မပြောဖြစ်တော့။ ထိုစဉ်က သူ့စီးပွားပျက်မှာစိုး၍ ငါ့ကိုတောင် လာမတွေ့နိုင် ဆိုပြီး မေမေ့ကို စိတ်မှတ်ထားမိသည်။ ထိုညက လပြည့်ကျော် ၁ ရက်နေ့။ လပြည့်ဝန်းကြီးကို ကြည့်ကြည့်ပြီး ဥက္ကာရဲခများ အလိုက်သည်းလိုက် ရှိုက်ကြီးတငင် ငိုခဲ့ရပါသည်။

*

နောက်တစ်ပတ်ကြာတော့ ကျောင်းကို မေမေ ရောက်လာသည်။ သူနှင့်အတူ ခရီးထွက်ဖို့ ကျွန်မကို လာခေါ်ခြင်း ဖြစ်သည်။ မေမေ့ကို တရားပြပေး ခဲ့သည့် မြိတ်က လက်ဦးဆရာမှာ လူဝတ်ကြောင်ကို စွန့်ပြီး ရဟန်းဘဝကို အပြီး ကူးပြောင်းတော့မည့်အကြောင်း ပြောလာသည်။ မြိတ် အိတ်ချိန်းရုံး ကနေတစ်ဆင့် လွှဲပေးလိုက်သည့် ဖုန်းကို ရလျှင်ရချင်း စိတ်မြန်လှသည့် မေမေက ရန်ကုန်ကို သွားဖို့ရာ ချက်ချင်း ရထားလက်မှတ် ပြေးဝယ်သည်။ သို့ပေမဲ့ ထိုင်ခုံနှင့် မရတော့ ရထားပေါ်က လူသွားလမ်း စကြံပေါ်မှာ သာအမိ နှစ်ယောက် ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး လိုက်ခဲ့ကြသည်။

ရိုးရိုးတန်း ဆိုတော့ ကြမ်းပိုးကလည်း ထူးသည့်အပြင် မီးရောင်လည်း မလင်း။ ကျွန်မ မေးခနဲ အိပ်ပျော်သွားခိုက် မည်သည့်ဘူတာမှန်း အတိအကျ မမှတ်မိ၊ ပဲခူးတိုင်းထဲက ဘူတာတစ်ခုခုတွင် ဖြစ်လိမ့်မည်။ လူတွေ ဝေါခနဲ ရထားပေါ် ပြေးတက်ပြီး နေရာယူကြရာ ကျွန်မကို လူလေး၊ ငါးယောက်က ဆက်တိုက်ဆိုသလို တက်နင်းကြတော့သည်။ မှောင်ကလည်း မှောင်ဆိုတော့ "မေမေ… မေမေ" နှင့် ကြောက်လန့်တကြား အမေကို တခဲ့ရသည့် ထိုစဉ်က ခံစားချက်ကို တစ်သက်မမေ့။ "ကျွန်မသမီး သီလရှင်လေး ပါတယ်။ ဖြည်းဖြည်းလုပ်ကြပါ" ဆိုပြီး မေမေ အော်တော့မှပင် ရထားကလည်း စထွက် နေပြီဆိုတော့ ဝရုန်းသုန်းကား တက်လာကြသည့် ခရီးသည် တချို့လည်း ကိုယ်ရှိန်သတ်တော့သည်။

"မေမေ .. နောက်တစ်ခါ သမီးကို SE (ရထားအထက်တန်းတွဲ) ပေးစီးနော်… သမီးအတွက် တစ်ခုံသတ်သတ် ဝယ်ပေးနော်… သမီး သကြိန် ရေပွတ်ရောင်းရတဲ့အထဲက မေမေ့ကို ပိုက်ဆံပြန်ပေးပါ့မယ်"

ကျွန်မက ငိုပြီး ပြောသည်တွင် မေမေက စိတ်မကောင်းဖြစ်သွားပြီး ထိုတစ်ခေါက် မြိတ်က အပြန်မှာတော့ ကျွန်မအတွက် အထက်တန်းတွဲတွင် ခုံတစ်ခုံ သီးသန့် ဝယ်ပေးပါသည်။

ဒုတိယအခေါက် မြိတ်ခရီးစဉ်သည် ကျွန်မကို အမှတ်တရ ဖြစ်စေခဲ့ပါသည်။ ထိုခရီးဟာ ဆရာလေးဥက္ကာရီကို ဓမ္မာစရိယဖြစ်ဖို့ အကြောင်း ဖန်စေခဲ့သည်။ မြိတ်ရောက်တော့ ဥက္ကာရီကို ကျောက်ဖျာ (ကျွဲကူး ဟို တစ်ဖက်ကမ်း) က ဂတ်တောင်ရိပ်သာကျောင်းမှာ ထားပါသည်။ တစ်ကျောင်းလုံးမှာ သီလရှင်က ဥက္ကာရီ တစ်ပါးတည်းသာလျှင် ရှိပါသည်။ ဥက္ကာရီမှာ ယောဂီအမယ်ကြီးများနှင့်သာ ပေါင်းရသည်။ တချို့တလေမှာ ကျန်းမာရေးကြောင့် တရားချိန်ကို အပြည့်အဝ မရှုမှတ်နိုင်၊ မနာကြားနိုင်ကြပါ။ သည်လို အခါမျိုးဆိုလျှင် ဥက္ကာရီက ညရောက်တိုင်း ယောဂီတွေကို စုပြီး နေ့ခင်းတုန်းက ဆရာတော် ဟောကြားသွားသည့် တရားတော်များကို ပြန်ပြော ပြရပါသည်။ အမယ်ကြီးတွေက ဥက္ကာရီကို တရားပြကောင်းသည်ဟု ဆိုကြသည်။

သည်ကနေတစ်ဆင့် မေမေ့အစ်မကြီး၏ ယောက္ခမတွေက သူတို့အိမ်မှာ တရားလာဟောဖို့ ပင့်လေသည်။ နောက်တော့ နီးစပ်ရာ အသိုင်းအဝိုင်း များကလည်း တရားဟောဖို့ တောင်းဆိုကြသည်။ သည်လိုနှင့် ဥက္ကာရီမှာ မြိတ်တွင် နောက်လယ်၊ မြစ်ငယ်ရပ်၊ ကံဖျားရပ်၊ ထားဝယ်စုရပ်၊ ပါရမီရပ်ရှိ ရပ်ကွက်ဓမ္မာရုံတို့တွင် တရားပြခဲ့ရသည်။ ၁၉၉၅ ခုနှစ်၊ မေလတွင် ဖြစ်သည်။

အများက ချီးမြှောက်ကြပြန်တော့ ကျွန်မမှာ တဖြည်းဖြည်း စိတ်ပြောင်းသွားသည်။ ကျောင်းဖွင့်ချိန် နီးတော့ ကျွန်မကို လူဝတ်လဲခိုင်းသည့် အခါ လူထွက်ချင်စိတ် မရှိတော့ပြန်ပါ။

"လောကီစာ မသင်ချင်တော့ဘူး...မေမေ"

မေမေကတော့ ဘာမျှ မပြော၊ ဖေဖေကတော့ ပြင်းပြင်းထန်ထန် တားမြစ်သည်။

"ဒါ စိတ်ရှုးပေါက်ပြီး ပြောရမယ့် စကား မဟုတ်ဘူး...အသက်က ငယ်ငယ်လေး ရှိသေးတာ...နောက်မှ မဝတ်ချင်ပါတော့ဘူး ဆိုရင် ဟိုမရောက်၊ ဒီမရောက် ကိုးလိုးကန့်လန့် ဖြစ်နေမယ်...အခုထွက်"

ဖေဖေ၏ တစ်ခွန်းတည်းသော အမိန့်ကြောင့် ထိုနှစ်က ကျွန်မလည်း သီလရှင် ဆက်မဝတ်ဖြစ်တော့။ သည်လိုနှင့် ဥက္ကာရီသည် ပုံမှန်လူဝတ်ကြောင် ဘဝကို ပြန်ရောက်လာပြီး အချိန်ကြာသော် နဂိုလို ဆော့မြဲ၊ ကဲမြဲ၊ အပေါက် ရှာမြဲ၊ အဘွားနှင့် ရန်ဖြစ်မြဲ ဖြစ်လာပြန်ပါသည်။

❑

(၁၂)

ချစ်ရည်နှင်းစက် အလွမ်းခေါတ်တူ

အညာသူမို့ မိုးကို ကြောက်သဖြင့် ကျောင်းဖွင့်သည့် မိုးရာသီကို ကျွန်မ လိုက်လိုက်မောမော မရှိတတ်။ နွေကျောင်းပိတ်ရက်များက ငယ်ဘဝ၏ အချိုမြိန်ဆုံး ကာလတွေမို့ မတမ်းတစရာ မရှိ။ ပန်းရောင်ဝတ်ရုံ တလွှားလွှားနှင့် ကျော်လွှန်ခဲ့ရသော နေ့ရက်များ၊ သကြံန်ရေပွဲတ်ရောင်းရင်း ဖြတ်သန်း ခဲ့ရသော နေ့ရက်များ အလွန်တွင် ကျွန်မအကြိုက်ဆုံး ဒုတိယရာသီက ဆောင်းရာသီရယ်ပါ။ ဆောင်းရာသီတစ်ခွင်လုံး အပ်ထောက်မိသော နေ့ရက်တိုင်းသည် လွမ်းစရာချည်းသာ။ သည်လွမ်းစရာ အဖြစ်တွေ့ထဲမှာ အမေနှင့် အဘွား၏ ရင်ငွေ့နွေးနွေးမှာ မချန်မလှပ် ပါခဲ့ပါသည်။

အအေးခေါတ်ကဲမှ အနွေးခေါတ်၏ တန်ဖိုးက သိသာသတဲ့။ မြောက်ပြန်လေ ဆော်သွေးသော မန္တလေးဆောင်းသည် စာဆိုနှင့်အညီ မန်းတုန်အောင် လမ်းဆုံက ဟစ်ချင်တော့လောက်အောင်ကို အရိုးထဲစိမ့်ပြီး ချမ်းတတ်ပါသည်။ ညဉ့်နက်လေ အအေးပိုလေ။ ထုံးစံအတိုင်း အလှည့်ကျသာရသော မီးကလည်း မလာတာများသည်မို့ ကျွန်မတို့မှာ အိမ်ရှေ့တွင် ဝိုင်းဖွဲ့ မီးလှုံရင်း ဈေးဆိုင်ကို ချမ်းချမ်းစီးစီးနှင့် စောင့်ရပါသည်။ ထင်းမီးငြိမ်းလျှင် ဆိုင်လည်း သိမ်းပြီပေါ့။ အိမ်ပြင်မှာတော့ ပုရစ်အော်သံ တစီစီသာလျှင် ကျန်ရစ်ခဲ့သည်။ ဝန်းကျင် တစ်ခုလုံးကမူ အအေးခေါတ်တို့ စက်စက်ယိုကာ ပိန်းပိန်းပိတ်အောင် မည်းမှောင်လျက်။

အိပ်ပြန်တော့လည်း ခြေအိတ်တို့၊ ခေါင်းစွပ်တို့ စွပ်ထားသည့် ကြားက စောင်ကို နှစ်ထပ်၊ သုံးထပ်ခြုံလေကာမှ အနွေးခေါတ်ကို လုံလုံ လောက်လောက် ရသည်။ ကျွန်မတို့ သားအမိနှစ်ယောက်မှာမူ နှစ်ထပ်၊ သုံးထပ် ထပ်ထားသော စောင်ကို အတူတူခြုံကြသည်။ ဒါက ပိုနွေးသည်လေ။ ကယောက်ကယက် ဆောင်းအိပ်မက်ကြောင့် ညဉ့်လယ်ကြီးတွင် ရုတ်တရက် လန့်နိုးလျှင်တောင် အမေ့၏ နွေးသောရင်ငွေ့ကို ခံစားရစမြဲ။

ဆောင်းတွင်း အရုဏ်နိုးခါနီးအချိန် လမ်းထိပ် ကင်းတဲက သံချောင်း ခေါက်သံ လေးချက်မြည်လျှင်တော့ မေမေ အိပ်ရာထလေပြီ။ စောင်လှပ် လိုက်သဖြင့် ဖျတ်ခနဲ ဝင်လာသော အေးစိမ့်စိမ့်အထိအတွေ့၊ မျက်ခွံပေါ်သို့ အုပ်ဖိုးကျလာသော ခေါတ်မီးရောင် တဝင်းဝင်း၊ သည့်နောက် မေမေ့ ချိုးချိုး ချွတ်ချွတ်အသံ၊ တစ်ပြိုင်နက်တည်းမှာပင် သွပ်ခေါင်မိုးပေါ်သို့ နှင်းရည်စက်များ လေးတိလေးကန် တဖြောက်ဖြောက်ကျနေသံနှင့် ဘယ်အရပ်၊ ဘယ်ဇာတ် ဆီကနေ ပျံ့လွင့်လာမှန်း မသိသော ဆိုင်းသံ။ ဆောင်းတွင်း အရုဏ်ဦးသည် သည်လိုပဲ တိတ်တဆိတ် နိုးထခဲ့ပါသည်။

နိုးတစ်ဝက် အိပ်ပျော်တစ်ဝက် အနေအထားတွင် ကျွန်မသည် စောင်ကို လည်ပင်းအထိအောင် တင်းတင်းစေ့စေ့ ဆွဲယူခြုံသည်။ ဒူးကို ကွေးထားသည်။ လက်နှစ်ဖက်ကို ဒူးကြားတွင် ညှပ်ထားသည်။ ဆိုင်းသံနှင့် နှင်း ကျသံကို နားစိုက်ထောင်ရင်းကနေ အိပ်ပျော်တော့မလို အသိစိတ် လျော့ရဲ

ကုန်သည်များလည်း ရှိသည်။ မကြာပါ။ မေမေ့ စကားသံကို ကြားရပြန် လေသည်။

"ဘုရားကြီး မျက်နှာတော်သစ်တာကို လိုက်ဦးမှာလား"

သည်တော့မှ စောင်ပုံထဲကနေ လေးတိလေးကန်ထသည်။ မျက်နှာသစ်သွားတိုက်ပြီးနောက် သားအမိနှစ်ယောက် လမ်းလျှောက်ကာ မဟာမုနိဘုရားကြီးဆီသို့ မျက်နှာတော်သစ်အမီ ဖူးကြလေသည်။

အိမ်ကနေ ဘုရားကြီးအထိ နာရီဝက်နီးပါးလောက်တော့ လမ်းလျှောက်ရသည်။ ဘုရားပရိဝုဏ်မှာတော့ ခါတတ်တိုင်မီးရောင် ထိန်ထိန်ဝင်းလျက်ရှိပြီ။ ဝေ့ဆိုင်းနေသော မြူမှုန်သည် မီးရောင်အောက်တွင် ကစဥ့်ကရဲ မျောနေ၏။ ချမ်းချမ်းအေးအေး ကြားထဲတွင် ဘုရားဝင်းထဲ၌ ကံ့ကော်နှင့် သရဖီပန်းကုံးများကိုလည်း လန်းလန်းဆန်းဆန်း ငွားငွားစွင့်စွင့် တွေ့ရသည်။

"ဝယ်သွားပါဦးလား အစ်မ... ဘုရားကပ်ဖို့လေ"

ရောင်းကြသည့်အထဲတွင် တစ်ခါတလေ ခွာညိုပန်းများလည်း ပါလာတတ်သည်။ ခွာညိုရနံ့ ယဉ်ပုံ၊ သင်းပုံကလည်း တစ်မျိုးထူးသည်။ တပိုတွဲ၊ တပေါင်းသည် ပန်းပေါင်းစုံညီစွာ သင်းထုံသည့် လရာသီဖြစ်သည်။ မကြာမီတွင် ဘုရားဖူးတွေ တစ်စတစ်စ များလာသည်နှင့်အမျှ ရုပ်ပွားတော် ရှေ့မျက်နှာစာ၌ ရာသီစာပန်းများ အကုံးလိုက် အခိုင်လိုက် ညွတ်ကျမတတ် သိပ်သည်းလာလေ၏။ သို့သော် တစ်ယောက်တစ်ပေါက် ရှိခိုးကော်ရော်သံ တွေကို ရှေ့ဆုံးတွင် ထိုင်နေသော ဝတ်ရွတ်အဖွဲ့၏ မွှစကြာ ရွတ်ဖတ် သရဇ္ဈာယ်သံက ဖုံးလွှမ်းထားလေသည်။ ကျွန်မကတော့ အမေ့ပေါင်ကို ခေါင်းအုံးအိပ်ပြီး နှာသီးဖျားတွင် တစ်ချက် တစ်ချက် တိုးဝင်လာသော ပန်းရနံ့ကို အမျိုးအမည် ခွဲခြားရင်း ငိုက်လေ့ရှိသည်။ တစ်လျှောက်လုံး မေးပြီး အိပ်နေခဲ့ရာက ဘုရားကြီးဝင်းအတွင်းက ဗဟိုရ်စည်သံ ယွန်းသံကြားတော့မှ ထထိုင်တော့သည်။

မုနိမြတ်ရုပ်ပွားတော်၏ မျက်နှာတော်ကို ဖူးပြီးသည့်နောက် သားအမိနှစ်ယောက် ဘုရားကို လက်ယာရစ်ပတ်၍ ပူဇော်ကြသည်။ ဘုရားပရိဝုဏ်ကို ပတ်ကြတိုင်း မြောက်ဘက်နားက ကြေးရုပ်ကြီးများ ပြတိုက်ကို ကျွန်မ စိတ်အဝင်စားဆုံး ဖြစ်သည်။ ထိုနေရာသို့ ရောက်လျှင် သံတိုင်များအကြား ကနေ ကြေးရုပ်ကြီးတွေကို ချောင်းကြည့်ပြီး စပ်စုရတာက အလုပ်တစ်ခု။ ဘွားဘွား သင်ပေးထားသဖြင့် ကြေးရုပ်ကြီးတို့၏ ဒူးခေါင်းကို ပွတ်ပြီး ဒူးမနာ ပါစေနှင့်၊ ဦးခေါင်းကို ပွတ်ပြီး ခေါင်းမကိုက်ပါစေနှင့်၊ ဗိုက်ကို ပွတ်ပြီး ဗိုက် မနာပါစေနှင့်ဟူ၍ ဆုတောင်းရတိုင်း ကြေးရုပ်ကြီးတွေ အသက်ဝင်လာလေမလား တွေးပြီး နောက်ကျော မလုံသလိုလို ခံစားမိစမြဲ။ ညရောက်လျှင် ကြေးရုပ်ကြီးတွေက သူတို့ကို ခမာပြည် ပြန်ပို့ဖို့ အော်မြည် ဆန္ဒပြတတ်သည် ဆိုသည့် အရပ်စကားမျိုးလည်း ကြားဖူးထားသည်ကိုး။ ဒါကြောင့်လည်း အရုဏ်ကျင်းချိန်မှာ ကြေးရုပ်ပြတိုက်နားကို ရောက်လေတိုင်း ကျွန်မမှာ သူတို့ အနေအထားကို အမြဲတမ်းလိုလို ထောက်လှမ်း စုံစမ်းလေသည်။ စပ်စပ်စုစု ဝါသနာအရင်းခံကြောင့်သာ အိပ်ရေးအပျက်ခံပြီး မေမေနှင့်အတူ မျက်နှာတော်သစ်တာကို လိုက်လာမိတာပါ။

မေမေကတော့ ကျွန်မ အိပ်ရေးပျက်မှာကိုစိုးပြီး သိပ်မခေါ်ချင်လှ။ သို့ပေမဲ့

ဘုရားကြီးကို မေမေနှင့်အတူ မလိုက်ရလည်း ဒီဇင်ဘာလ စကတည်းက အပြေးလေ့ကျင့်ဖို့ရာအတွက် စောစောထတတ်သည့် အကျင့် ကျွန်မမှာ ရှိနှင့် ပါပြီ။ အရမ်းအစောကြီးတော့လည်း မဟုတ်။ သူများတကာက အပြေး လေ့ကျင့်ကြတာက မနက် လေးနာရီ၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကျတော့ မနက် ခြောက်နာရီကျမှ ထပြီး ပြေးကြသည်။ ကျွန်မတို့ ပြေးတဲ့အချိန်ဟာ သူများတွေ အိမ်ပြန်လာတဲ့ အချိန်ပေါ့။ အဝေးကြီးလည်း မပြေးနိုင်။ အိမ်ကနေ ၂၆ ဘီလမ်း တောင်ဘက်ကျုံးလောက်အထိပဲ ပြေးကြသည်။ ပြေးသည် ဆိုတာထက် လမ်းလျှောက်သည် ဆိုတာက ပိုမှန်လိမ့်မည်။

ကျုံးဘေးတစ်လျှောက်တွင် "ဘာလုပ်ဖို့လဲ… တီကို ရဖို့၊ ဘယ်သူ့အတွက်လဲ… ငါတို့အတွက်ပဲ" ဆိုသော အတိုင်ကို သံပြိုင်ရွတ်ပြီး အပြေး လေ့ကျင့်သူများလည်း ရှိသည်။ မန္တလေးမြို့၏ ပထမဆုံးသော မြို့တော်ဝန် မာရသွန်ပြိုင်ပွဲ နီးလေပြီကိုး။ ပထမဆုကို တီကိုကား ချီးမြှင့်မည် ဆိုသော မက်လုံးကြောင့် အားကစားစိတ်များလည်း တက်ကြွကြွကုန်၏။ သည့်မတိုင်ခင် ရန်ကုန်မြို့တော်ဝန် မာရသွန်ပြိုင်ပွဲတွင် ရုပ်ရှင်အနုပညာရှင်များ ကိုယ်တိုင် ဝင်ပြိုင်ကြ၊ ပြေးကြသည်များကလည်း စေ့ဆော်မှုတစ်ခု ဖြစ်သည်။

ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာမူ ပြေးသည်ဟု အမည်ခံထားသော်လည်း ယောင်စိန်လုပ်ကြသည်က များပါသည်။ တစ်ခါတစ်ရံ "ရွှေနဂါး" ရုပ်ရှင်ရုံရှေ့က သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည်ခိုင် ကြော်ငြာဆိုင်းဘုတ်ကို တစိမ့်စိမ့် ကြည့်လျှင် ကြည့်၊ ဒါမှမဟုတ် "မစိုးရိမ်" ရုပ်ရှင်ရုံက ကုလားကား ကြော်ငြာဆိုင်းဘုတ်ကို ကိုယ်တိုင် နှားလည်ဘိအလား အလွတ်ရတော့မတတ် ကြည့်ချင်ကြည့်၊ သည်လိုမှ မဟုတ်လျှင် မန်းသီတာဥယျာဉ်ထဲသို့ သွားပြီး လျှောစီးလိုက်၊ မျောက်ကြည့်လိုက် လုပ်ချင် လုပ်ပြီးမှ အိမ်ကို ပြန်လာတတ်သည်။ အိမ်ရောက်လျှင်တော့ "သမီးတို့ ဒီနေ့ ကျုံးတစ်ဖက်တော့ ဆုံးအောင် ပြေးခဲ့တယ်" ဆိုပြီး ခပ်တည်တည် ပြောကြသည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် ပထမဆုံးသော အကြိမ် မန္တလေးမြို့တော်ဝန် မာရသွန်ပြိုင်ပွဲကို ကျင်းပပါသည်။ အရာရာနှမြော တွန့်တိုတတ်သူ မေမေသည် ကျွန်မတို့၏ အားကစားဝါသနာကိုတော့ အားပေးသည်။ ထိုစဉ်က တရုတ်တန်းတွင် တရုတ်စစ်ခြေနင်းဖိနပ် တစ်ရန် ခြောက်ဆယ် ပေးရတာကိုတောင် သမီးနှစ်ယောက်အတွက် လိုလိုလားလား ဝယ်ပေးခဲ့သည်။ သူ့စိတ်ထဲမှာလည်း အတော်ပင် မျှော်လင့်ထားလေသည်။

မာရသွန်ပွဲ နီးလေလေ ကျွန်မတို့မှာ အိမ်တွင် အခွင့်ထူးခံ ဖြစ်လေလေပါပဲ။ စားချင်တာမှန်သမျှ စားရသည်။ အိပ်ရေးဝဖို့ လိုသည်ဟု အကြောင်းပြချက်ဖြင့် စာမကျက်ဘဲ အိပ်ရာစောစော ဝင်လျှင်လည်း အပြစ် လွတ်ခွင့်ရှိပြန်သည်။ သမီးနှစ်ယောက် အတန်းထဲမှာ ဆုယူတာကိုတောင် လိုက်လေ့မရှိသည့် ဖေဖေနှင့် မေမေခမျာ မာရသွန်ပြိုင်ပွဲနေ့မှာတော့ တာထွက်ရာကို သူတို့ကိုယ်တိုင် လိုက်ပို့ပေးပြီး ပန်းဝင်သည့် နေရာတွင် အကျ အန စောင့်ကြိုနေလေ၏။

တာလွှတ်ကတည်းက အခြေမလှသော ကျွန်မတို့အကြောင်းကိုတော့ မေမေ့ မသိရှာ။ သေနတ်ဖောက်သံ သေချာ မကြားလိုက်ရသော်လည်း "ပြေးဟေ့ ပြေး…ပြေး" ဆိုကတည်းက ခြေလှမ်း ဆယ်လှမ်းပြည့်အောင်ပင် မပြေးရသေး၊ ကျွန်မမှာ ဖိနပ်ပါမလာတော့။ ဖိနပ်ကို နောက်ကလူက တက်နင်းလိုက်သဖြင့်

ကျွတ်ကျကျန်ခဲ့ပြီ။ နောက်သို့ လှည့်ကာ ဖိနပ်ရှာပါ သော်လည်း ရေကာတာကျိုးသလို ဒလဟော ပြုတိုးပြေးနေသော လူအုပ် ကြားတွင် ဖိနပ်သည် ဘယ်ဆီနေမှန်း မသိ၊ ခါတ်မီးတိုင် အလင်းကလည်း ကောင်းကောင်း အားကိုးမရ။ လူအုပ်စဲကာမှ ဖိနပ် ရှာတွေ့တော့သည်။

သည့်လိုနှင့် လမ်းတွင် တွေ့သမျှ နားရာ နေရာတိုင်းတွင် ရပ်ပြီး လိမ္မော်သီး စားလိုက်၊ ရေတောင်းသောက်လိုက်။ တောင်ငေးလိုက် မြောက် ငေးလိုက်၊ "အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်" သီချင်းကြားလျှင် အားကစား စိတ်ဓါတ်တွေ ရုတ်ခြည်း နိုးကြားလာပြီး ထပြေးလိုက်၊ လူကြီးတန်း အပြေးသမားတွေ၏ လမ်းကြောင်းထဲ မှားပြီး ဝင်ပြေးလိုက်နှင့်မို့ ဗထူးကွင်းကို ရောက်တော့ အတော်ပင် အချိန်လင့်နေပါပြီ။

မနက် လေးနာရီခွဲမှာ တာလွှတ်ပြီး ခြောက်နာရီ ထိုးခါနီးလျှင် ပုံမှန် ပန်းဝင်ကြသော်လည်း ကိုးနာရီထိုးသည့်အထိ သမီးနှစ်ယောက်၏ အရိပ်ကို မမြင်ရလေတော့ အမေ့သောကသည် ပွက်ပွက်ထတော့၏။ ပူပန်သူက ပူပန်နေပေမယ့် ကျွန်မတို့ ညီအစ်မနှစ်ယောက်ကတော့ အေးအေး ဆေးဆေးပင်။

သူများတကာ ပန်းဝင်ပြီးကြသည်မှာ ကြာလှပြီ၊ ပွဲလည်း ပြီးနေပြီ ဖြစ်သဖြင့် တံခါးကို ဘယ်သူကမှတောင် အမှုထားပြီး ပိတ်မနေကြတော့။ တစ်ရေးနိုးမှ အူတိအူကြောင် ပန်းဝင်လာသော ကျွန်မတို့ ညီအစ်မနှစ်ယောက် ကို စနောက်ချင်သဖြင့် တချို့လူကြီးတွေက "ပန်းဝင်တော့မှာ ပြေးထားဟ … တီဗွီရိုက်နေတယ်… ပြေး ပြေး" ဆိုပြီး လက်ခုပ်တီး အားပေးကြသည်ကို အဟုတ်မှတ်ကာ နှစ်ယောက်သား လက်ကြီးမြှောက်ကာ ပန်းဝင်ကြသေးသည်။ အိုးလံပစ် တာဝေးပြေးပွဲမှာ ပန်းဝင်တဲ့ အားကစားသမားလိုလိုပေါ့လေ။

မေမေကတော့ ရက်လှသည်ဆိုပြီး ထိုအချိန်ကစပြီး မာရသွန်ပြိုင်ပွဲ ဝင်ပြိုင်ချင်လှပါသည် ဆိုသော စကားမျိုးကို အိမ်မှာ လေသံပင် အသမ်း မခံတော့ပါ။ ဒါတောင် ကျွန်မက အမှတ်မရှိ။ ပြိုင်ပွဲအပြီး နှစ်လအကြာ မှာ မာရသွန် ဝင်ပြိုင်ခဲ့သည့် ဆယ်နှစ်အောက် ကလေးများအတွက် မြို့တော် ဘီစကွတ်က ဘီစကွတ် တစ်ထုပ်စီ လက်ဆောင်ပေးနေသည် ဆိုသည့် သတင်းကို ကြားတော့ ဖုန်ထူထူ နေပူပူ ဗထူးကွင်းထဲသို့ တစ်ခေါက် ထပ်သွားကာ လူအုပ်အပိခံပြီး ဘီစကွတ်တစ်ထုပ် ငတ်ကြီးကျပြီး သွားယူခဲ့သေးသည်။

ကျွန်မထက်စာလျှင် မမက အားကစားတွင် ပိုပြီး အနည်းငယ် ဖြစ်ဖြစ်မြောက်မြောက် ရှိလေသည်။ ပုစွန်ဆိတ်ကလေးငယ်ငယ် ပင်လယ် ကူးတတ်သည့် အရွယ်ရောက်တော့ သူက တိုက်ကွမ်ဒို သင်သည်။ ကျွန်မက အကသင်ချင်သည်။ သို့ပေမဲ့ သင်ခွင့်မရခဲ့။

နွေရာသီ ကျောင်းပိတ်ရက် ရောက်တိုင်း ကိုယ့်အထုပ်ကို ပိုက်ကာ ဇာတ်ထဲ လိုက်ဖို့ချည်း စဉ်းစားမိသည်။ သည့်အကဝါသနာက သတ္တမတန်း တက်ခါနီးတွင် ပိုပြီး ပိုးကြွလာသည်။ ဗုဒ္ဓဟူး ညပိုင်းတွင် မြန်မာ့ရုပ်မြင် သံကြားက လွှင့်တတ်သည့် အငြိမ့်မှန်သမျှကို မလွတ်တမ်း ကြည့်သည်။ မှန်ကြည့်ပြီး အစမ်း မေးထိုးကြည့်သည်။ ထဘီအနားခတ်လည်း ကျင့်သည်။ အဖေ့ပုဆိုးကို ခါးမှာပတ်၊ မျက်နှာသုတ်တဘက် တစ်ထည်ကို ပဝါလို ခြုံကာ တီဗွီထဲက မင်းသမီးနှင့် အပြိုင်ကသည်။ သီလရှင်ဘဝကနေ လူထွက် လာကတည်းက ကျွန်မကို ခေါင်းတုံးမဟု ခေါ်ပြီး

လှောင်တတ်သည့် ဘေးအိမ်က ဘိုးတိမ်ညွန့်ကတော့ ဝင်းထရံကနေ လှမ်းကြည့်ပြီး ဩဘာပေးပါသည်။

"ခေါင်းတုံးမ…ဗျိုင်းပျံ ပျံနေတယ်ဟ"

ကျွန်မမှာ ကနေရင်း မိုးတိုးမတ်တတ် ဆိုတော့ ရှက်ရမ်း ရမ်းပြီး ဖိနပ်နှင့် ကောက်ပေါက်ပါသည်။ ဘဘတို့၊ ဘွားဘွားတို့က "ဟဲ့.. လူကြီးကို မလုပ်ရဘူး" ဆိုပြီး တားသေးသည်၊ ကလေးစိတ်လည်း မပျောက်သေး လေတော့ ဖိနပ်နှင့် ကောက်ပေါက်ပြီးတာကိုတောင် မကျေနပ်နိုင်သေးဘဲ အော်ငိုသည်။ ဒါတောင် အစခံရတာက မလွတ်ပြန်။

"လေပါတီ ခေါင်းတုံးမတို့က မိုက်တယ်ကွာ… အငြိမ့်ခံန်းကနေ နောက်ပိုင်း ဇာတ်တော်ကြီးကိုတောင် ချက်ချင်း ကူးပစ်လိုက်တာ" တဲ့၊

"လေပါတီခေါင်းတုံးမ" အငြိမ့်ပွဲဟူ၍ နာမည်တပ်ကြသည်ကို မခံချင်သဖြင့် မကတော့ဟု မည်သို့ပင် ဆုံးဖြတ်ထားပါစေ၊ ဆိုင်းသံကြားလျှင် လူက ခေါင်းထောင်လာသည်။ လက်ချောင်းလေးတွေ လူးလွန့်လာသည်။ ကိုယ်ခန္ဓာ သည်လည်း မသိမသာ ယိမ်းထိုးလာသည်။ အထူးသဖြင့် ဝါကျွတ်ပြီးချိန် ဆောင်းရနံ့နှင့်အတူ ဇာတ်ပွဲရာသီ စသည့် အချိန်များတွင် ဖြစ်ပါသည်။

လမ်းထိပ်မှာ ဇာတ်ကားကြီး ဆိုက်ပြီ။

ပွဲကြည့်စင် ဆောက်ဖို့ ဝါးလုံးတွေကို ပစ်ချကြပြီ၊

ဇာတ်အဖွဲ့၏ ပိုစတာကို မြင်ရပြီ။

အားကစားအတွက် ပြေးသော လွှားသော ခြေထောက်မှာ ကဖို့ ခုန်ဖို့ရာ ဖြစ်လာပြန်ပါသည်။

⁜

အငြိမ့်ပွဲ၊ ဇာတ်ပွဲကြည့်ရသည်ကို ခုံမင်တတ်တာ၊ ဆိုချင်၊ ကချင်စိတ် ရှိတာ တို့မှာ ဘွားအေနှင့် တူလှသည်ဟု ဆိုရပါမည်။ ဘွားဘွားက ဇာတ်ပွဲဆို ရှေ့ဆုံးက ဆိုသည့်အမျိုး။ သူ ငယ်စဉ်က ကြည့်ခဲ့ရသည့် ဂရိတ်ဦးဖိုးစိန်တို့၊ အရွယ်ရောက်မှ အသည်းစွဲဖြစ်ခဲ့သည့် ရွှေမန်းတင်မောင်တို့၊ မင်္ဂလာအောင်မောင်း တို့၊ မြို့တော်သိန်းအောင်တို့ ဆိုသည်မှာ ကျွန်မတို့ခေတ်မှာ မရှိတော့။ တစ်ခုကလည်း မန္တလေးမှာ ဇာတ်တွေ၊ အငြိမ့်တွေ ကြည့်နိုင်ဖို့က သီတင်း ကျွတ်ပြီးသည့်နောက်ပိုင်း ရပ်ကွက်ဘုရားပွဲများတွင် ဖျော်ဖြေရေးအဖြစ် ထည့်ပေးမှသာ ကြည့်ရတော့သည်။ သို့နှင့် အဘွားမှာ ရုံပွဲထက် ရပ်ကွက် ဇာတ်ပွဲတွေနှင့်သာ ရသေ့စိတ်ဖြေ လုပ်ရတော့သည်။ ရပ်ကွက် ဘုရားပွဲ တွေမှာ ဘွားဘွားနှင့်အတူ လိုက်ကြည့်ခွင့်ရခဲ့သည့် အငြိမ့်နှင့် ဇာတ်ပွဲတွေ အကြောင်းကို ပြန်စဉ်းစားမိလျှင် လွမ်းပွင့်ထုံသော ပွဲညများကို သတိရမိ သည်။

ပြက်ပြက်ထင်ထင် အမှတ်ရနေမိတာက လက်ချိတ်တန်းအရပ် ဘုရားပွဲ ဖြစ်သည်။ လက်ချိတ်တန်းက ကြေးရတတ်တွေများ၊ အရပ်ကလည်း ညီညွတ်လေတော့ နှစ်စဉ်နှစ်တိုင်းနီးပါး အငြိမ့်၊ ဇာတ်တစ်မျိုးမျိုး ထည့်သွင်း

ဖျော်ဖြေနိုင်သည်။ တစ်နှစ်တလေ ခြေခင်းလက်ခင်းသာသည့် အနေအထား မျိုးဆိုလျှင် အငြိမ့်ရော ဇာတ်ပါ နှစ်မျိုးစလုံး ပါသည်။

ညနေ ခြောက်နာရီကျော်သည်နှင့် ပွဲခင်း လူစည်နေပြီ။ လမ်းထောင့်က ဇာတ်ရုံကြီးကလည်း ဟီးဟီးထလျက်။ ကြက်သွေးရောင် ကတ္တီပါကားလိပ် ကြီး၏ နဖူးစည်းတွင် "ပန်တျာနေဝင်းအောင်" ဇာတ်ဆိုသည့် ရွှေရောင် စာလုံးကြီးကို ဆလိုက်မီးအရောင်ကြောင့် ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး မြင်နေရသည်။

ကပြအသုံးတော်ခံမည့်ဇာတ်မှာ ခေတ်ပေါ်မြန်မာ တေးသံသာနှင့် စတိတ်ရှိုး၊ ပြီးရင် "အမွှေလို အကြွေပိုင်ရတယ်" အော်ပရာနှင့် မင်းသိင်္ခ၏ "မမင်းဖြူ မှန်မှန်ပြော" ဇာတ်လမ်း၊ နောက်ပြီး နှစ်ပါးခွင်နှင့် "ဝေဿန္တရာ" ဇာတ်တော်ကြီး ဟု သိရသည်။ အစီအစဉ် ကြော်ငြာသူကလည်း "ယနေ့ည မိဘပြည်သူများကို ပန်တျာနေဝင်းအောင် ဇာတ်အဖွဲ့က တတ်စွမ်းသမျှ အနုပညာအားနဲ့ အားပါးတရ ဖျော်ဖြေချင်သွားမှာပါ။ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစား ထားသမျှကို အသုံးတော်ခံရင်း ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲချင် ကွဲပါစေ ခင်ဗျာ၊ ဒီနှစ် ပွဲရာသီအတွက် အထူးတင်ဆက်ထားတဲ့၊ ဘယ်ပွဲမှာမှ မကပြရသေးတဲ့ ဇာတ်လမ်းဇာတ်ကွက် အသစ်တွေလည်း ပါတဲ့အကြောင်း သတင်းကောင်း ပါးလိုက်ပါရစေ။ ဒီတော့ ဇာတ်လမ်းအသစ်တွေကို ဦးဦးဖျားဖျား ထူးထူး ခြားခြား တဝကြီး ခံစားကြည့်ရှုချင်သူများကို ကျွန်တော်များ ပန်တျာ နေဝင်းအောင်အဖွဲ့က ဖိတ်မန္တက ပြုလိုက်ပါတယ်"တဲ့။ ထိုသို့ ကြေညာ မောင်းခတ်ကာ ပရိသတ် ခေါ်လေသည်။

နာမည်ကြီးဇာတ်အဖွဲ့ ဆိုသော်လည်း ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်ဟု ပြောလျှင် သင့်မည်လား မသိ။ လက်ချိတ်တန်းအရပ်မှာပဲ ဇာတ်အဖွဲ့ စတည်းချပြီး လက်ချိတ်တန်းမှာပဲ ပြန်ကရသည်ကိုး။ ကျွန်မတို့ ငယ်စဉ်က မန္တလေး၊ တာရဲတန်းရပ်ကွက်၏ တောင်ဖျားပိုင်းကျသည့် လက်ချိတ်တန်းရပ်ကွက်တွင် သဘင်အနုပညာနှင့် အသက်မွေးသူတွေ ဆိုတာက ဟောတစ်အိမ်၊ ဟော တစ်အိမ် ဆိုသလို လက်ညှိုးထိုး မလွဲပေ။ မျက်နှာသိ ဇာတ်အဖွဲ့ ဆိုပေသည့် သူ့ဘာသာ ဇာတ်လမ်း သစ်သစ်၊ ဟောင်းဟောင်း ပွဲတော်သည့်သူများအဖို့မှာတော့ ဇာတ်ရုံဆီသို့ တရွေရွေ။ အကဲဆုံးက အိမ်ရှင် လက်ချိတ်တန်းသူ လက်ချိတ်တန်းသားများပေါ့။ လက်ချိတ်တန်းနှင့် ခုံလီးဝင်း၊ နောက် နဝရတ် ရပ်ကွက်တို့က သည့်တစ်ကြောမှာ အပြိုင်ပဲလေ။ သည်တော့ ပွဲစည်အောင် ကိုယ့်လူမှ ကိုယ်မရှန်းနိုင်လျှင် နောက်ကောက်ကျန်ခဲ့ရုံ ရှိတော့သည်။

ဘဘရွှေဒေါင်းမြိုင်နှင့် ဘွားဘွားရီတို့က လက်ချိတ်တန်း အမာခံ တွေမို့ ပွဲကြည့်ချင်တော့ သူတို့ကို ခွင့်တောင်းထားရသည်။ သူတို့ မိသားစုက လူအင်အားလည်း တောင့်၊ ပွဲလည်း ဝါသနာပါ ဆိုတော့ ပွဲကြည့်ဖို့ ဖျာ နှစ်ချပ်စာ ဝယ်ထားပြီးသား။ ပွဲကြည့်စင်က အင်္ဂလိပ်အက္ခရာ "ယူ" (U) ပုံသဏ္ဌာန်။ ရှေ့တည့်တည့်ရှိ ဇာတ်စင်ကြီးကလည်း ခုံညားလှပါဘိ၊ လက်ဝဲ၊ လက်ယာနှင့် နောက်တန်းက ပွဲကြည့်စင်တွေအပြင် အလယ် လွတ်နေသည့် ကွက်လပ်မှာလည်း စင်အနိမ့်လေး ရှိသေး၏။ ပွဲကြည့်စင်အထက် လူတစ်ရပ် ကျော်ကျော်တွင် တစ်၊ နှစ်၊ သုံး၊ လေး စသည့် ဂဏန်းကတ်ပြားများကို နိုင်လွန်ကြိုးနှင့် အစဉ်လိုက် ချိတ်ဆွဲထားပါသည်။

ပွဲဆိုသည်ကို သေသေချာချာ ဂဃနဏ မသိသေးသည့် ကျွန်မကို ဘွားဘွားက "ဒါက ပွဲကြည့်ဖို့ စင်ဝယ်ထားတဲ့ သူတွေအတွက် နေရာ

သတ်မှတ်ထားတာ" ဆိုကာ ရှင်းပြတော့ "ဒါဆိုလည်း ရှေ့ဆုံးတန်းက ဝယ်ပေးပါ" ပူဆာမိလေသည်။ စင်တွေကလည်း ဈေးအမျိုးမျိုးကိုး။ ရှေ့တန်း၊ နောက်တန်း ဈေးကွာတာအပြင်၊ ပန်းကောက်စင် ဆိုတာလည်း ရှိသေးသည်။ ထိုစင်က အကယ်၍များ မင်းသားက ပန်းကြဲလိုက်ရင် လုကောက်၍ ကောင်းမည့် နေရာမျိုးပေါ့ ။

ဖျာတစ်ချပ်စာကို အနိမ့်ဆုံး ၅၀၀ တဲ့။ နေရာက လူနှစ်ယောက် ထိုင်ရုံသာ ရှိသည်။ ခြေထောက်တောင် ဆန့်လို့ရသည် မဟုတ်။ ဝယ်ချင်ရင် ကိုယ့်ဘာသာ ပိုက်ဆံစုထားဟု အဘွားက ပြောတော့ ကျွန်မ အားငယ် သွားပါသည်။ တစ်နေ့ ရသည့် မုန့်ဖိုး သုံးကျပ်ဖြင့် ဘယ့်နှယ့် စုရပါ့မလဲ။ ဘဘကြီးရွှေဒေါင်းမြိုင်နှင့် ဘွားဘွားရီတို့ မိသားစု ပွဲဝါသနာကြီးလို့သာ ကပ်မြှောင်လုပ်ကာ ကြည့်ခွင့်ကြုံတော့သည်။ ဘွားဘွားကလည်း ဘွားဘွားရီကို တစ်ညတည်းပါအေဟု ပြောပေးထားသည်။ တကယ်တော့ ဝယ်ထားသည့် ဖျာနှစ်ချပ်ပေါ်မှာ ထိုင်ပြီး ရှုစားကြမည့် လူတွေကိုလည်း ကြည့်လိုက်ဦး။ ကျွန်မတို့ မြေးအဘွား သုံးယောက်အပြင်၊ သူတို့မိသားစုကလည်း ခြောက်ယောက်။ အားလုံးပေါင်း လူကိုးယောက်နှင့်တင် မပြီး။ ရေဘူးတွေ၊ မုန့်ထုပ်တွေ၊ ခြင်းတောင်းတွေ၊ စောင်တွေ တစ်ပုံတစ်ပင် ပါသေးသည်။

ဟောဒါက... စတိတ်ရှိုးအပြီး အဆာပြေစားဖို့ ကော်ဖီနဲ့ မုန့်ကြွပ်၊ ဟောဒါက အော်ပရာအပြီး တည်းဖို့ လက်ဖက်၊ ဟောဒါက နှစ်ပါးသွား ကတုန်း အိပ်ချင်ပြေစားဖို့ အချဉ်ပေါင်း။ သို့ကလို ဖွယ်ဖွယ်ရာရာတွေ ပါသေးသည်။ ဘွားဘွားရီ၏ မြေး အပျိုပေါက်တွေ ကျတော့ မင်းသားကို ဆွတ်ပေးမည့် ရေမွှေးပုလင်း၊ နှစ်ပါးခွင်မှာ စွပ်မယ့် ပန်းကုံးတွေအပြင် ညကြီးမင်းကြီးမှာ မိတ်ကပ်၊ နှုတ်ခမ်းနီဘူးတွေပါ သယ်သေးသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာသာ ကိုယ့်စောင်လေးကို ကိုယ်ပိုက်လို့။ မေမေ ဝတ်ပေးလိုက်သည့် ယုန်မွှေးဆွယ်တာ ဆင်တူနှင့် ဖြစ်သည်။ ဘွားဘွားကတော့ "အရုပ်ကလေးတွေနဲ့ တူတယ်" ပြောပါသည်။ ဆွယ်တာက ပွဲလမ်းသဘင်မို့သာ အလှသဘော အနေဖြင့် ဝတ်တာရယ်ပါ။ အောက်မှာ အင်္ကျီနှစ်ထပ် ထပ်ဝတ်ထားရသေး၏။ ကျွန်မတို့က မိုးလင်းအထိ အားပေးဖို့ အားခဲထားကြသည့် သူတွေကိုး။ မန္တလေး ဆောင်းကို အန်တုဖို့ရာ သည်လောက် ဝတ်ထားမှ တော်ရုံကျလိမ့်မည်။

နှင်းနုနုလေးတွေ ခပ်ပါးပါး ကျနေသော်လည်း တစ်ချီ တစ်ချီ အပြေး ကျီစယ်တတ်သည့် ဆောင်းလေအေးကြောင့် ကျွန်မတို့ လက်ဖျားလေးတွေမှာ အေးကျဉ်လို့။ စကားပြောလိုက်တိုင်း အငွေ့ထွက်တာကို ကြည့်ပြီး ပျော်လွန်း၍ ခဏခဏ တဟေးဟေး အော်ကြသည်။ ပွဲကြည့်ရတော့မည်မို့ စိတ်လှုပ်ရှား တာလည်း ပါပါသည်။ ဘွားဘွားကတော့ သည်ကလေးမ အကဲကို မရဘူးတဲ့။

မန္တလေးဆောင်းသည် ပွဲခင်းထဲမှာ ကျတော့ ဆောင်းပီပြင်အောင် မမွှေနိုင်ပေ။ လူတွေ... လူတွေလေ၊ တိုးကြ၊ ကြိတ်ကြ၊ အော်ကြ၊ ဟစ်ကြ၊ ဆဲကြ၊ ဆိုကြ။ ထုံးစံအတိုင်းပေါ့၊ ကျွန်မတို့လိုပဲ ဖျာလေးတစ်ချပ်လောက် ဝယ်ပြီး ရှိသမျှ ဆွေမျိုး အကုန်ခေါ်လာကြသည့်သူချည်းပဲကိုး။ ဟိုရောက် တော့ နေရာလုရင်း ရန်ဖြစ်ကြသည်။

"ညည်းတို့အေ... ကိုယ့်လူနဲ့ကိုယ်ချင့်ပြီး ဝယ်ထားတာ မဟုတ်ဘူး၊ တစ်ညလုံး ကြည့်ရမယ့်ဟာ... ဘယ်သူက ကျပ်ကျပ်တည်းတည်း ဒုက္ခခံနိုင်မှာလဲ"

အဲသလို တစ်ဖွဲ့ကများ ပြောလိုက်ရင် ကျန်အဖွဲ့ကလည်း စက္ကန့် မဆိုင်း ပက်ခနဲ ခွန်းတုံ့ပြန်လေသည်။

"ဒီတစ်ညတည်းမှာ ဒီနေရာလေး တစ်နေရာအတွက်နဲ့တော့ စကား လုပ်ပြီး ပြောမနေပါနဲ့အေ... ခဏနေ ဆီလေး တစ်မှုတ်လောက်၊ ဆားလေး တစ်ဆုပ်လောက်နဲ့ တစ်သက်လုံး မရှိအတူ၊ ရှိအတူ ဝေမျှပေးခဲ့တာကျတော့ သတိမရဘူး"

ရယ်တော့လည်း ရယ်ရသည် ၊

သည်လို ကျေးဇူးဖော်လိုက်၊ စကားနာထိုးလိုက်၊ စောင်းလိုက်၊ မြောင်းလိုက်နှင့် ပွဲမထွက်မချင်း ပွဲခင်းထဲမှာ ကျွက်ကျွက်ညံနေပါရောလား။ အဖွဲ့တိုင်း၊ အဖွဲ့တိုင်း ဖျာနယ်နိမိတ် သတ်မှတ်ရေးအတွက် စကားစစ်ခင်း နေကြတာချည်းပဲ။ အချို့များဆို ရှေ့ကအဖွဲ့နှင့်ရော၊ နောက်က အဖွဲ့နှင့်ရော၊ ဘေးကအဖွဲ့ပါမကျန် ပတ်လည်ရိုက်ပြီး ဒိုင်ခံရန်ဖြစ်ကြ၊ ဒိုင်ခံနယ်မြေ ကျူးကျော်ကြသည်။

အရေးထဲ "ဆေးလိပ်လား၊ ကွမ်းယာလား၊ အာလူးကြော်လား၊ ငါးမုန့်ကြော်လား၊ အချဉ်ပေါင်း၊ နေကြာစေ့လည်း ပါတာနော်၊ ဘာလိုလဲပြော" ဆိုသည့် ဈေးသည်က တစ်မှောင့်။ ကျပ်သိပ်သည့် လူအုပ်ကြားတွင် ကျော်ခွပြီး ဟိုဘက် ကူးလိုက်၊ သည်ဘက် ကူးလိုက်။ သူ့ထက်ဆိုးသည်က လေပုပ်ထုတ် ဆေးသည်။ သည်လောက် ပြည့်ကျပ်နေရသည့် လူအုပ်ထဲတွင် သူက အလိုက်ကမ်းဆိုး မသိ၊ လေပုပ်ထုတ်ဆေး လာရောင်းနေတော့ သူ့ဆေးအစွမ်းကြောင့် ရွှေပွဲလာ ပရိသတ်ထုက ခဏခဏ အီးမုံးပေါက်ကွဲနေလျှင် အနားက လူများအဖို့ မချောင်။ နတ်တော် ဆောင်းညမှာ ချွေးရွှဲရွှဲစိုနေသည့် ကိုယ့်အဖြစ်ကို ကိုယ်ကြည့်ပြီး ပွဲထွက်ပါတော့ဟု ဆုတောင်းမိသည်မှာ အခါခါ။

အစီအစဉ်ကြေညာသည့်သူကလည်း ပြောနှင့်ပြီးသား ဇာတ်ပရိကံ စကားကိုပဲ ထပ်ဆင့်လောင်းပြောပြီး လူခေါ်လို့ မပြီးတော့ပေ။ သူနှင့်အပြိုင် အော်နိုင်သူက ပွဲတော် လုံခြုံရေးကော်မတီ။ ပွဲလုံခြုံရေး ကော်မတီကလည်း လော်ဗီကာကနေတစ်ဆင့် ပွဲခင်းထဲမှာ အရက်သေစာ သောက်စားပြီး ရန်ဖြစ်ရင်၊ မူးပြီးရမ်းရင် ဘယ်လို ပြစ်ဒဏ်ချမှတ်မယ် ဆိုသည့်အကြောင်း ဆယ်မိနစ် တစ်ခါ ရာဇသံပေးနေပါတော့သည်။ မိုက်ကိုင်ပုဂ္ဂိုလ်များ အဖို့လည်း မစားသာလှ။ ပွဲခင်းထဲမှာ လူပျောက်လို့၊ ဘာပစ္စည်း၊ ညာပစ္စည်း ကောက်ရလို့ စတာတွေပါ အော်ပေးရသည်။ ထိုသို့သော အော်သံများ ကြားလျှင်တော့ ပွဲခင်းထဲမှာ စကားနှင့် ရန်ဆောင်နေကြသော အုပ်စုတွေမှာ စကားပြော ခဏရပ်ပြီး နားစွင့်တတ်ကြသည်။ ပြီးတော့လည်း ဆက်ပြီး ပွားကြပြန်ပါရော။ ဆိုင်း အဖွဲ့၏ ဩော်ခံတီးလုံးကိုတောင် မည်သူမျှ နားသောတ ဆင်မနေနိုင်အား။ ကိုယ့် ဇောနှင့် ကိုယ်လေ။

မျှော်ရင်းမောနေသည့် အချိန်မှာပင် "ကြွရောက်ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ရွှေပွဲလာ ပရိသတ်အပေါင်းတို့ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခနဲ့ ပြည့်စုံကြပါစေ... ကျွန်တော်များ ပန်တျာနေဝင်းအောင် ဇာတ် အဖွဲ့ကြီးဟာ ကျွန်တော်များရဲ့ အနုပညာစွမ်းအားကို အကြွင်းပိုမထား၊ စကား ဆိုမများဘဲ ပရိသတ်အတွက် ထိုက်ထိုက်တန်တန် ပေးဆပ်တော့မှာမို့ အခုပဲ ရှုစားလိုက်ကြရအောင် ခင်ဗျား" ဆိုသည့် အသံအဆုံးမှာ ကတ္တီပါ ကားလိပ်ကြီး

တရွေ့ရွေ့ တက်သွားပြီး ဆိုင်းသံ၊ ဒိုးသံ တညံ့ညံ့နှင့် ပွဲဦးထွက် နတ်ကတော် အကကို ဦးစွာကြည့်ကြရသည်။

ဗလာဇာတ်ပွဲများမှာ နှစ်ညပဲ ကသည်မို့ ပထမညမှာ ကန်တော့ပွဲနှင့် စားတော်တိုက်ပြီး ကရသဖြင့် ပွဲဦးထွက် နတ်ကတော်အကဟု ခေါ်ပြီး နောက်ညကျတော့ ကန်တော့ပွဲ မပါဘဲ အကချည်းသက်သက် ကသည့် ယိမ်းမို့ ပွဲဦးထွက် အပျိုတော်အကဟု ခေါ်ကြောင်း မှတ်သားဖူးသည်။ ပွဲမှာ နတ်ကတော်လည်း ထွက်ရော စောစောက ဘတစ်ပြန် ကျားတစ်ပြန် စကား အောင်လံ ထူနေသူများမှာ အချင်းချင်း မြန်မြန် စကားစဖြတ်ပြီး မိမိတို့၏ ဒူးနှစ်လုံးကို လက်နှစ်ဖက်နှင့် ပိုက်ကာ ရှုစားပါတော့သည်။

သည်လိုအချိန်ဆို ကျွန်မအဘွားအတွက် အကွက်ကောင်းဆိုက်ပြီ။ သူက အင်မတန်ပွဲကြိုက်တဲ့သူ။ ပြောလိုက်ရင် ဇာတ်စကားလေးနှင့် သိုင်းဝိုင်း လိုက်ရမှ။ ရွှေမန်းတင်မောင် ပြောသလို “အမလေးအေ… ငါ့ဘဝက ဆူးကြားက ဘူးခါးပါ” တို့၊ မင်္ဂလာအောင်မောင်းကြီး ရွတ်သလို “အပူ ဘယ်ခါ မအေး.. အပူဘယ်ခါမအေး” ဆိုတာမျိုး ခဏခဏ ရွတ်တတ်သည်။

ထို့ကြောင့်ပင် သူ့အသည်းကျော်မြေး မမနှင့်ပတ်သက်ပြီး တခြား သူနှင့် ရန်ဖြစ်လျှင် သူ ရန်ထောင်တာကလည်း တစ်မျိုးဆန်းသည်။ “ငါကလေ ဟောသလို ဟောသလို တင်မောင့်ဇာတ်ထဲကလို ပြန်ပြောလိုက်ချင်တာ”၊ “စိန်အောင်မင်း အပြောလေး ကြားချင်သေးလား…ကိုင်း…”၊ “အောင်သန်းကြည်လို အပိုမဆိုဘဲ ပြောရရင်” ဆိုသလို ဇာတ်အပြောနှင့် ချီပြီး ရန်ဖြစ်လေတော့ သူ့ရန်ဘက် တစ်ဖက်လူမှာ မည်သို့ပြန်ပြောရမည် မသိဘဲ စိတ်ဆိုးရမည့်အစား သဘောကျပြီး ရယ်ကြပါသည်။

အခုလည်း ကြည့်။ ဇာတ်ပွင့်ကတည်းက “ဒီဇာတ်အဖွဲ့ရဲ့ သမ္ဘာနဲ့ ပညာကို မှန်းဖို့ အပျိုတော် ၁၂ ကြိုး ဘယ်လောက် ပိုင်သလဲဆိုတာ အရင်ကြည့်ရမယ်” တဲ့။ အပျိုတော် ၁၂ ကြိုးဆိုဘာ ဝမ်းဗိုက်၊ ချက်ကို လှုပ်ပြီး ကသည့်အက၊ ကျောပြင် လှုပ်ပြီးကသည့် အက၊ သားမြတ်လှုပ်ပြီး ကသည့်အက၊ ခါးလှုပ်ပြီး ကတာ၊ ပေါင်၊ ခြေသလုံး ဖွင့်ကတာ၊ မျက်စိ မျက်လုံး လှုပ်ပြီးကတာ အို… စုံနေတာပါပဲ၊ လူမမြင်အပ်သော လျှို့ဝှက် အတွင်းသားကို လှုပ်ပြီး ကတာတောင် ပါလိုက်သေး။ “အဲဒါ ဘယ်နေရာလဲဟင်”ဟု သွားမေးမိသဖြင့် ခေါင်းခေါက်ခံရသည်။ “ဒီလိုအသေးစိတ်တွေ မြင်ရမှာမို့လား” ဟု မေးတော့ အဘွားက “ပွဲကြည့်သက် ရင့်လာရင် အပွေးမြင်ရုံနဲ့ အပင်သိလိမ့်မယ်”” ဟု ခပ်တည်တည် မိန့်ပါသည်။

စာအုပ်ထဲမှာသာ ဖတ်ဖူးတော့သည့် ဗုံရှည်ဇာတ်၊ မြေဝိုင်းဇာတ်၊ ရိုးပြတ်နင်းဇာတ်၊ လှည်းဇာတ်၊ လူဘိုင်စကုပ်တို့ ဆိုတာ ကျွန်မ သိတတ်စ အရွယ်မှာ ကြုံရတဲ့ ခေတ်သစ် ဇာတ်သဘင်ရဲ့ ဒစ္စကိုမီးရောင်အောက်မှာ အငွေ့ပျံသွားခဲ့ပြီလေ။ ပွဲဦးထွက် နတ်ကတော်အကပြီးတော့ “သူ့ကိုမှ ချစ်မိနေပါပြီ.. တွေ့နေ မြင်နေကျမို့ ဖြေဖျောက်ဖို့လည်း မလွယ်… မျက်စိထဲ တဝဲဝဲလည်လည်” ဆိုပြီး ဟန်ပါပါ ဆိုညည်းရင်း တွံတေးသိန်းတန်ဟန်နှင့် လူရွှင်တော်တစ်ယောက် ထွက်လာတော့ ပရိသတ်က သူ့ကို လူရွှင်တော်ရယ်လို့ မခံစားကြတော့ဘဲ တွံတေးသိန်းတန်နှင့် တူလှချည်ရဲ့ဆိုပြီး တရှိုးရှိုးဖြင့် လက်ခေါက်မှုတ်ရင်းတောင် အားပေးလိုက်ကြသေးသည်။

သို့ကလိုပဲ ချစ်သူ့နယ်မြေသည်သာ ငြိမ်းချမ်းနယ်မြေတို့၊ မှတ်မိရဲ့လား အတူးရေ...မှတ်မိပါတယ် အသက်ရေ...ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းဆွေတို့ အလှည့်ကျတော့ မန္တလေးတမ်း ဖျော်ဖြေပြီးသွားသည့် နောက်တွင် ဖန်စီဒိုင်း...ဖန်စီဒိုင်း ဆိုပြီး လူတစ်ယောက် ဝုန်းဒိုင်းကြဲပြီး စင်ပေါ်တက်လာတော့ အောက်က အိပ်ငိုက်နေသည့် သူတွေမှာလည်း လန့်နိုးကုန်ပြီး တဒိုင်းတည်း ဒိုင်းကြပြန်ပါတော့သည်။ ပန်းကုံးစွပ်မည့်သူ၊ ရေမွှေးဆွတ်ပေးချင်သည့်သူ၊ ဆုတော်ငွေ ချမည့်သူတို့လည်း နိုးကြားကုန်ပြီ။

"ဟဲ့...ကောင်မတွေ ညည်းတို့ မကဲကြနဲ့နော်"

ဘွားဘွားရီက သူ့မြေးတွေကို ဟန့်တော့ "အမေကြီးကလည်း လုပ်ပြီ၊ အမေကြီးတုန်းကလည်း ဒီလိုပဲ နေမှာပဲဟာ" ဆိုကာ သူ့မြေးတွေက ပြန်ပြီး ကျီစားသည့်တွင် ဘွားဘွားရီခမျာ လူကြားထဲမှာ ဇာတ်ကြောင်း လှန်ခံရမည် စိုးသည်နှင့် ဆက်ပြီး မမာန်ဝံ့တော့ချေ။

သည့်နောက်မှာတော့ "အသည်းနှလုံးကို ပန်းသီးလေးလို...အအေးခန်း သေတ္တာထဲမှာ သိမ်းထားချင်" ဆိုသွားသည့် ဆီးသီးကောက် မင်းသား တစ်ယောက်ရယ်၊ "စာအုပ်ထဲမှာ သင်တဲ့ မယ်သီတာ ခိုးတာ ဘယ်သူလဲ ... သူငယ်ချင်း ငယ်ရည်းစားက မေးတယ်...ဒီလိုပါ မောင့်ချစ်တဲ့ ချစ်သူမေရယ်...ဒဿဂီရိ ဘီလူး ဘီလူးတဲ့ကွယ်" အော်ချင်ရာ အော်သွားသည့် အဆိုရှော်ရယ်၊ "ရော့ယူလိုက်...ရော့ယူလိုက်" ဆိုကာ ကာလသားတွေ အများဆုံး အားပေးခံရသည့် တစ်ကိုယ်လုံး တီကောင် ဆားထိသလို တွန့်လိမ်ပြီး ဆိုသွားသူရယ် တစ်ယောက် တစ်မျိုး မရိုးနိုင်အောင် အသုံးတော်ခံသွားကြလေသည်။

သနားစရာ ကျွန်မ အဘွားမှာတော့ သူ ကြားဖူးနားဝရှိသော သဘင်သည် ပညာရပ်တွင် သည်အပိုင်း မပါဝင်လေတော့ ဘာကို ဘယ်လို အမှတ်ပေး အကဲဖြတ်ရမှန်းမသိ ယောင်တိယောင်ချာ ပါးစပ် အဟောင်းသား ဖြစ်နေရှာပါတော့သည်။ အဆိုတော်တစ်ယောက်က "အချစ်ဟာ မီးလား" ဆိုတာကို အားနှင့် မာန်နှင့် အော်လိုက်မှပဲ သူ့ခမျာ "သေချင်းဆိုးတဲ့ တော်... ဆိုစရာ ရှားသလား ... ငါက မီးကြောက်ပါတယ် ဆိုမှ ... နိမိတ်မရှိ နမာမရှိ" ဟု ထောမနာ ပြုဖို့ရာ သတိရရှာတော့သည်။ အစီအစဉ် ကြေညာသူ ပြောသွားသလို အနုပညာ စွမ်းပကားများကို အစွမ်းကုန် ထုတ်ဖော်ပြသ သွားတာပဲဟုသာ မှတ်ရတော့မည်။

အော်ပရာ ပြီးလို့ သစ္စာထား နှစ်ပါးသွား ကသည့်အချိန်ကျတော့ လူထက်ဝက်လောက် ပြန်ကုန်ပြီ။ လူတွေ ကျဲကုန်တော့ ကျွန်မတို့ ညီအစ်မ နှစ်ယောက်လည်း ချမ်းချမ်းနှင့် ကွေးကြပြီ။ ဆောင်းလေကြမ်းက အတား အဆီးမရှိ မွှေချင်တိုင်း မွှေပြီလေ။ အရိုးထဲစိမ့်အောင် ချမ်းလှသော်လည်း ငွမ်းစောင်ကို ဖိခြုံရင်း မင်းသမီးနှင့် မင်းသား၏ အညှုခရာ၊ အတီအတာ နှင့် အပြိုင် ချစ်အားတွေပို၊ သစ္စာတွေ ထားတာကို မျက်လုံး မပွင့်တစ်ချက် ပွင့်တစ်ချက် ကြားကနေ အားပေးရပြန်ပါသည်။

ပွဲဈေးခင်းမှာတော့ ဆိုင်တွေလည်း ပိတ်၊ လူခြေလည်း တိတ်ပြီ။ ကျွန်မ အဘွားမှာသာ မင်းသားန (မင်းသန/ ခေါင်းဆောင် မင်းသား) ၏ အရည်အချင်းကို တစ်ဖက်သတ် စာမေးပွဲ စစ်နေဆဲ။ ငါတို့တုန်းက ဘယ်လို ဘယ်ဝါ ဘယ်ညာဟု သူ

ရှင်းပြနေလင့်ကစား ကျွန်မတို့မှာ အားနာပါးနာနှင့်တောင် ခေါင်းမညိတ်ပေးနိုင်တော့၊ မင်းသားကလည်း သူ့အမာခံ ပရိသတ် အတွက် ဟဲတုန်း၊ ကြဲတုန်း။

"ဝေသန္တရာ" ဇာတ်တော် ကတော့ မဒ္ဒီဒေဝီက "ရွှေရင်သွေး ကလေးနှစ်ဖော် ပျောက်ပါလို့။ ပေ့ွနောက်ကယ် ပူဆာတုန်းကိုလ၊ အမုန်းတော် ပိုစကားငယ်နှင့်၊ မယ့်နား သံမှိုနှက်သည့်နှယ်၊ ကြားခက်ပြန်ပြီ" ဆိုကာ ငိုချင်းချသည်တွင် ကျွန်မအဘွားမှာ ဒီဇာတ် ဘယ်လိုချာတာ၊ ဘယ်လို ပညာရည် မပြည့်တာ ဆိုပြီး စောစောက ပြောခဲ့သူဟာ သူ မဟုတ်သလို မျက်ရည်လည်၍ ဖြစ်ရပြန်လေသည်။ "ဒီသေနာကျ မိုင်းတာမလေးကလည်း ဒီလောက်တောင် ငိုရသလားအေ့" သည်လို ငိုသံပါကြီးနှင့် ပြောရင်းကနေ ကျွန်မတို့ ဘက်ကိုလည်း လှည့်ပြီး "ဖိနပ်စာမ နှစ်ကောင်ကလည်း အိပ်လိုက်တာ သိုးလို့...ဇာတ်ကြည့်ဖို့ ခေါ်လာတာ...အဲလို အိပ်ရင် နောက်ဘယ်တော့မှ မခေါ်ဘူးမှတ်" ဆိုပြီး မဆီမဆိုင် မာန်မဲလိုက်သံကိုလည်း အိပ်မှုန်စုံဝါး ဖြစ်နေသည့် ကြားကနေ ကြားဖြစ်အောင် ကြားလိုက်ရပါသေးသည်။

ဆောင်းရာသီကို အားကစားရာသီ၊ ပွဲရာသီဟု ဆိုကြသည်။ ကျွန်မ အဖို့မူ လွမ်းပွင့်ထူသော လရာသီသာလျှင် ဖြစ်ပါသည်။ သည်အလွမ်းသည် ခေတ်ကာလရေစီးကြောင်း တိုက်စားလျှင်လည်း မယွင်းပြောင်းနိုင်လောက်အောင် အမြုတေသဖွယ် နှလုံးသား၏ အနက်ရှိုင်းဆုံး နေရာတွင် သီးသီး သန့်သန့် သိုဝှက်လင်းလက်လျက်ရှိပါသည်။ ရာသီပွဲတော်တို့၏ ရနံ့အပြင်၊ အတူပါဝင်စီးမြောခဲ့ကြသည့် ရင်ခွင်နွေးနွေးတို့သည် ကျွန်မအဖို့ ပွဲတော်ထက် ပို့သော အဓိပ္ပာယ်ကို ဆောင်ပါသည်။

❑

(၁၃)

ပွဲကြိုက်ခင်

ပွဲတော်၊ ပွဲတော်များ။

သည်လို ဆိုလာပြန်တော့ ဇာတ်ပွဲများနှင့် ဆက်စပ်ပြီး ကျွန်မတို့ မန္တလေးရပ်ကွက်များ၏ ဓလေ့နှင့် အရပ်ဘုရားပွဲများအကြောင်း လက်တို့ ဆိုရဦးမည်။ တကယ်တော့ လက်ချိတ်တန်းနှင့် ခုံလီးဝင်း ဘုရားပွဲတို့မှာ အငြိမ့်တွေ၊ ဇာတ်တွေ၊ တီးဝိုင်းတွေနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေတာကို ဘေးရပ်ကွက်တွေက အားကျရပါသည်။ ကျွန်မတို့ ရပ်ကွက်က ဘုရားပွဲ ကတော့ သူများတကာလို ဇာမချဲ့နိုင်ဘဲ တိုးတိုးတိတ်တိတ်နှင့်သာ အကျဉ်းရုံး ပြီးလိုက်ရတာ များပါသည်။ ပျော်ပွဲရွှင်ပွဲ ဆိုတာ ပါလုမှ ချောတိုင်တက် ပွဲ၊ ခြင်းခတ်ပွဲ… သည်လောက်ပဲ။ “လဝန်းအိမ်” တေးဂီတအဖွဲ့ကို တစ်ခါတလေ ကြုံခေါင့်ကြုံခဲ ဖိတ်ပြီး ဘုရားပွဲမှာ ထည့်ပေးလျှင်တော့ တစ်ရပ်ကွက်လုံး ထိုတီးဝိုင်းနားမှာပဲ သွားမော့နေကြတော့သည်။ မြို့မတီးဝိုင်းကို အနားတောင် မသီနိုင်ပေ။ များသောအားဖြင့် ရပ်ကွက် ဓမ္မာရုံက အသံချဲ့စက်နှင့် ဖွင့်ပေးသော သီချင်းဖြင့်သာ နှစ်သိမ့်လိုက်ရပါသည်။

ဇာတ်၊ အငြိမ့်၊ တီးဝိုင်း မငှားနိုင်သည့် အချို့ရပ်ကွက်တွေကတော့ ဘုရားပွဲမှာ ပိတ်ကားထောင်ပြီး ရုပ်ရှင် ပြပါသည်။ ခြောက်နာရီခွဲကနေ သန်းခေါင်ကျော်အထိ သုံးကားဆက်တိုက် ပြသည်။ ကြည့်ပြီးသား၊ သိပြီးသား ဇာတ်ကားတွေ ဆိုပေမယ့် အားပေးသူကတော့ အားပေးတာပါပဲ။ ကလေး ပရိသတ် များပါသည်။

ရုပ်ရှင်ပြစက် ဆိုတာလည်း သည်တော့မှသာ အနီးကပ် မြင်ဖူးတော့သည်။ မျက်ဝင်း၊ ချီပါဝင်း၊ ကမ္ဘဝါတန်း အစရှိတဲ့ ရပ်ကွက် ဘုရားပွဲများမှာလည်း ပိတ်ကားထောင် ရုပ်ရှင်ပြကြတာမျိုး ကြုံဖူးပါသည်။ ဆောင်းလေ အေးအေးကြားတွင် ဖိနပ်ပင် ခုထိုင်ပြီး ထန်းပင်မြစ်ဝါးရင်းက ကွင်းပြင်ကျယ် ထဲမှာ ပိတ်ကားထောင်ပြသည့် ဇာတ်ကားများကို ကြည့်ခဲ့ကြသည်။ ရုပ်ရှင် ကြိုက်လို့ချည်း မဟုတ်။ ဒါဆို ဘာကို ကြိုက်လို့လဲ။ ဖြေစရာ သိပ်မရှိလှ။ ဖျော်ဖြေရေး ရှားပါးသည်မို့ စည်းနှင့်ဝါး တီးကာ အလှူခံနေသူကို တွေ့လျှင်တောင် ကလေးဘာသာဘာဝ မော့မိမော့ရာ မော့သည်သာချည်း။

တစ်ခါတစ်ရံမှာတော့ ဘုရားပွဲမှာ ဗလာဆိုင်းနှင့် ဧည့်ခံသည်လည်း ရှိပါသည်။ ဆိုင်းပညာရှင်တွေကလည်း လက်တစ်ကမ်းက လူတွေပဲမို့ နားလည်မှုနှင့် ဈေးညှိပြီး တီးပေးကြပါသည်။ ကျွန်မက ဆိုင်းပွဲကို နားထောင်လေ့ မရှိသော်လည်း ဘဘကြီး ရွှေဒေါင်းမြိုင် တီးသည့်ပွဲ ဆိုလျှင်တော့ ရပ်ကွက်ချင်းလည်း မဝေးလျှင် ဘဘနှင့်အတူ လိုက်သွားတတ်သည်။

ဘဘကြီးက နယ်ပွဲတွေ၊ တောအလှူတွေမှာသာ တီးတာ များပါသည်။ မြို့ပေါ်ဆိုလျှင် အလှူပွဲများတွင်သာ အတီးများပြီး ဘုရားပွဲတော့ သိပ်လိုက်လေ့မရှိပါ။ မန္တလေးမြို့သူ၊ မြို့သားတွေ ဆိုင်းကို အားပေးကြပါဦးမလားဟု

အစပိုင်းမှာ သူ စိုးထင့်မိကြောင်း နောက်အခါများတွင် ပြန်ပြောပြပါသည်။ မင်းသမီး၊ မင်းသား အက၊ ရုပ်သေးအကတွေ မပါဘဲ ပရိသတ်ကို ဆွဲဆောင်နိုင်အောင် တီးရမှာဆိုတော့ သူ့အနေနှင့် ပူမည်ဆိုလျှင်လည်း ပူထိုက်သည်ကိုး။

ည ရှစ်နာရီလောက်မှာ ဘဘကြီး ပတ်စာတပ်ပြီ။ ပတ်မတီး ဆရာကြီးနှင့် ဆိုင်းအဖွဲ့ကလည်း မြူးမြူးကြွကြွ လက်စွမ်းပြကြပြီ။ ပြီးမှ ပရိသတ်နှင့် စပြီး မိတ်ဆက်၊ ကန်တော့ပန်း ဆင်ပါသည်။ ပတ်စာစုံလို့ သဒ္ဒါရုံဖွင့်ရင်း အရှိန်ရလာသည့်အခါ စိန်ဗေဒါ တီးပုံက ဘယ်လို။ တီးပေါက်က ဘယ့်နှယ်ဆိုပြီး ပြောလိုက်၊ ရှင်းလိုက်၊ ဆိုလိုက်နှင့် တီးပါတော့သည်။ ဆိုင်းနောက်ထနှင့်ကလည်း အတော်လေး အပေးအယူမျှပါသည်။ သောတရှင် အပေါင်းတို့ ဆိုင်းလက်သံနှင့် အဆိုတို့ကို ခံတက်ကျဖို့ရာ ဆိုင်းနောက်ထ အကူအပံ့နှင့် အသောလေး ထည့်လိုက်၊ ရာဇဝင်လေး ခင်းလိုက်၊ သမ္ဘာနှင့် ပညာလေးပြလိုက် လုပ်ရသည် မဟုတ်လား။ ထိုညက ဘဘကြီး တီးသွားသည့် “တုံးကျော်မ” သီချင်းနှင့် “ရှစ်ဌာန သာလာယံ” သီချင်းကို ဘုမသိ ဘမသိ ကလေးအရွယ် ကျွန်မတောင် နားထဲ စိမ့်ပြီးစွဲသွားတော့သည်။

“ရွှေဒေါင်းမြိုင်ရဲ့... မမြရင်နဲ့ပဲ ပြီးတော့မှာလားကွ၊ အရိုးကို အရွက် မဖုံးတာတော့ ဟုတ်ပါပြီကွာ၊ ဒါပေမဲ့ ပရိသတ်များက ကာလပေါ် သီချင်းလေးကို ဆိုင်းနဲ့ ဘယ်လို တီးသလဲဆိုတာ ခင်ဗျားလက်သံနဲ့ နားဆင်ချင်သေးသပတဲ့... ဗျား။ ကဲ… မောင့်အချစ်မြားစူးကို လက်စွမ်းပြပါဦးလား ကိုယ့်လူရေ” ဆိုတော့ မောင့်အချစ်မြားစူးကို ဆိုင်းဆင့်ပြလိုက်သည့်အခါ ပရိသတ်က သြဘာပေးကြပါတော့သည်၊ ကျွန်မ အဘိုးကတော့ ပြောသည်။

“ကြည့်စမ်း။ ပရိသတ် များလာလိုက်တာ… ဖိုးမြိုင်မို့ ပိုင်အောင် တီးနိုင်တာ... အပြောနဲ့ အတီး မျှလိုက်တာ... ဒိုးဆစ်ထည့်သွားပုံကို သတိထားမိကြရဲ့လား... ပတ်သံများကွာ... တည်လိုက်၊ မြည်လိုက်၊ ကြည်လိုက်၊ စည်လိုက်တာ” တဲ့။ ဘဘကြီး ရွှေဒေါင်းမြိုင် အတီးကောင်းတာ မှန်ပေမယ့် သူ့ညီကို တဖွဖွ ချီးကျူးမဆုံးဖြစ်နေသည့် ကျွန်မတို့ အဘိုးကို ကြည့်ရင်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည့်အကြောင်း ဆွေမျိုးတွေကြားမှာပင် တီးတိုး ဆိုမိကြသေးရဲ့။

⁜

ဘုရားပွဲမှာ ဆိုင်းတို့၊ အငြိမ့်တို့ကို ငြီးလာလျှင် ဓမ္မာရုံဘက်ကို လှည့်ဝင်ပြီး ကိုယ့်မိသားစုက လှူထားသည့် အလှူကို ဘယ်သို့ဘယ်ပုံ ပဒေသာပင် သီးထားသည်ကို ဝင်ကြည့်ကြပါသည်။ ကျွန်မတို့ မိသားစုမှာ အနီးအနားက ရပ်ကွက်တိုင်းလိုလိုက ဘုရားပွဲတွေမှာ ဘုရားကြေး ထည့်ဝင်လှူဒါန်းသလို ဆွမ်းတော်ပန်းကန်ပြားလည်း ယူပါသည်။ ဘုရားကြေး ဆိုသည်မှာ စာရေးတံမဲအတွက် သဒ္ဒါတတ်အားသရွေ့ လှူကြသည့် ထည့်ဝင်ကြေးပါ။ တချို့တွေက ဝန်မပိအောင် တစ်ရက်လျှင် မည်ရွေမည်မျှဆိုပြီး စုလေ့ရှိသည်။ ညနေတိုင်း ရပ်ကွက်၏ ဦးစီးခန့်ခွဲမှုဖြင့် ဘုရားကြေး လာကောက်သောသူများ ရှိပါသည်။ တစ်နေ့ ၅ ကျပ် ထည့်မလား၊ ၁၀ ကျပ် ထည့်မလားပေါ့။

ထိုသို့ စုသွားလိုက်တာ ဘုရားပွဲရက် ရောက်သည့်အခါ စာရေးတံ အတွက် ငွေအလုံးအရင်း လှူစရာမလိုဘဲ ကိုယ့်စုငွေနှင့်ကိုယ် ထည်ထည်ဝါဝါ လှူနိုင်တန်းနိုင်ပါတော့သည်။ ဘုရားပွဲမတိုင်မီ နှစ်ရက်လောက် အလိုမှာ ဆိုလျှင်

ရပ်ကွက်က ဆွမ်းတော် ပန်းကန်ပြား လိုက်ဝေလေ့ရှိသည်။ လိမ္မော်သီး၊ ပန်းသီး၊ တစ်ချို့က ကိတ်မုန့်၊ ပေါင်မုန့် ကိုယ်ကြိုက်တာ ကိုယ်ထည့်လှူပြီး ဘုရားပွဲနေ့ ရောက်လျှင် ရပ်ကွက်ဓမ္မာရုံတွင် သွားပို့ထားရပါသည်။ ထိုနေ့မျိုး ဆိုလျှင် ဓမ္မာရုံက မြတ်စွာဘုရား ဆင်းတုတော်ရှေ့တွင် လာရောက် လှူဒါန်း ထားသော မုန့်များ၊ ပုံစံဖော်ထားသည့် သစ်သီးဝလံများ အလျှံအပယ် ဖြစ်နေတတ်၏။

ဘုရားပွဲဆိုလျှင် ပွဲနေ့မတိုင်မီကတည်းက ရပ်ကွက်ထဲတွင် အသံညံနှင့်ပြီ။ ရက်သတ္တပတ် တစ်ခုလုံး သံဃာတော်များ၏ မဟာပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်သရဇ္ဈာယ်တာ ပြီးစီးသွားပြီ ဆိုလျှင်တော့ ရပ်ကွက်ထဲမှာ ဘိုးသိန်း အသံကို စကြားရပါပြီ။ ကျွန်မတို့အဆိုအရ ဆိုလျှင်တော့ ဘိုးသိန်း၏ စက်သေနတ်ပစ် တရားပွဲ စပြီပေါ့။

ဘိုးသိန်းဆိုတာ ကျွန်မတို့ရပ်ကွက်က ဓမ္မာရုံလူကြီးပါ။ ရပ်ရေးကိစ္စတွေမှာ ကမကထ ပြုရသူ ဖြစ်သည်။ သူက တကယ့် မိုက်ခဲရယ်။ သူ့လက်ထဲ မိုက်ရောက်သွားလို့ကတော့ ပြီးပြီ။ နိပါတ်တော်တွေနှင့်လည်း အကျွမ်းဝင်သူမို့ ဟောတာ၊ ပြောတာတော့ မဆိုးလှပါ။ နီးစပ်သူတွေကတော့ “ဘိုးသိန်း ရှိလို့ ရပ်ကွက်က တော်တာ၊ ဘေးနားက တခြားရပ်ကွက်တွေကတောင် ဒီလို မပြောတတ်ကြဘူး” ဟူ၍ မြှောက်ပြောလျှင် မျက်နှာငွေလ ရွှင်ပပ ဖြစ်နေတော့သည်။ ချီးကျူးလည်း ချီးကျူးထိုက်ပါပေသည်။ တကယ်တမ်း သည်လို ပြောဖို့၊ အော်ဖို့ကိစ္စတွေမှာ ကိုယ့်ထမင်း ကိုယ်စားပြီး မည်သူမျှ အလုပ်ပျက် ခံကာ မလုပ်ချင်ကြပေ။ ဝါသနာအရင်းခံ ရှိပါဦးမှ တော်ကာကျသည်။ သည်တော့ ဘိုးသိန်းကိုပဲ ပင့်ပေးထားကြတော့သည်။

ခက်တာက သူက တစ်ချီတစ်ချီ ဗွေဖောက်တာ ဆိုးသည်။ ရွဲတာ လိုလို၊ စောင်းတာလိုလိုနှင့်…။ သူနှင့် မတည့်သည့်သူတွေကို မိုက်ကနေတစ်ဆင့် စိန်ခေါ်တာမျိုးလည်း ရှိသေးသည်။ ပေါ်တင်တော့ မဟုတ်၊ ဇာတ်နိပါတ် အကိုး အကားနှင့် စွာခြင်း ဖြစ်သည်။ သက်ဆိုင်သူတွေကတော့ သိချင်သိနိုင်ပေမယ့် ကျန်သူတွေမှာတော့ ဘိုးသိန်း မည်သူနှင့် ရန်ဖြစ်နေတာပါလိမ့်ဟု တွေးစရာ ဖြစ်သည်။

ဘုရားပွဲရယ်မှ မဟုတ်၊ အလှူတွေ၊ တရားပွဲတွေမှာ ဆိုလျှင်လည်း ဘိုးသိန်းက မဏ္ဍပ်မှာ ဒိုင်ခံအော်ရပါသည်။ သို့နှင့် ကျွန်မ အဘွားက ညည်း သည်။ “သီတဂူ ဆရာတော်ဘုရားရဲ့တရားပွဲရှိရင် ဘုန်းကြီးဟောတာ အလွန်ဆုံး နှစ်နာရီပဲ နာရတယ်… ဘိုးသိန်း တရားကျတော့ တရားပွဲ မစမချင်း နှစ်ရက်ကျော် နာရတာ…. နားတောင် အူတယ်” တဲ့။

မည်သူတွေ မည်သို့ပဲ ဝေဖန်ပြီး စကားတင်းဆိုပါစေ၊ နှစ်တွေ အလီလီ ပြောင်းသော်ငြားလည်း ကျွန်မတို့ ရပ်ကွက်မှာတော့ ဘိုးသိန်းက ပန်းပန်ဆဲ။ သူ့နေရာကို ဆက်ခံမည့်သူ မရှိသေး၊ ဘုရားပွဲ နီးလာလျှင် ဘိုးသိန်း အသံကြီးကို ဟိန်းခနဲ ကြားရပြီ။ လှူဒါန်းသူ၏ နာမည်နှင့် အလှူငွေကို ရပ်သိ ရွာသိ လော်စပီကာကနေ အော်ပေးပြီး သာဓုခေါ်ပေး နေပါတော့သည်။ သည်လို အချိန်ဆို ကျွန်မ အဘွားမှာလည်း အလုပ်တစ်ခု ပိုတော့သည်။ တခြားတော့ မဟုတ်ပါ။ ဘိုးသိန်း ရွတ်သွားသည့်အထဲတွင် ကျွန်မတို့ မိသားစုနာမည် ပါ၊ မပါ စောင့်နားထောင်ရသည့် အလုပ် ဖြစ်သည်။

“ဟဲ့….. ငါတို့နံမယ်(နာမည်) ပါသွားပလား”

ဘွားဘွားက မေးလေတိုင်း “ဟာ… ရက်စရာကြီးပါဗျား မပါချင် ပါဘူး” သို့ကလို ကျွန်မတို့က ပြန်ဖြေတော့ သူက ဘဝင်မကျချင်။ သည်တော့ သူက အိမ်နီးနားချင်းတွေဆီကပဲ အတည်ပြုချက် ရယူတော့သည်။ ဘေးအိမ် တွေက “ဒေါ်ဒေါ်ရေ… ဒေါ်ဒေါ်တို့အိမ်ကို ကျော်သွားတယ်” လို့ ပြောလို့ကတော့ ဘိုးသိန်း နားငြီးပြီမှတ်။ “ငါတို့လည်း သူများတန်းတူ လှူတာပဲ… တို့ကျမှ ဘာလို့ ချန်သွားရတာတုံး” ဆိုပြီး ဘိုးသိန်းကို သွားရစ်လို့ မဆုံးနိုင်တော့ပေ။

ဘိုးသိန်းကလည်း တစ်ခါတစ်ရံ အကဲပါလွန်းသည်။ မည်သူ လှူသည်၊ မည်မျှ လှူသည်၊ နတ်၊ လူ သာဓုခေါ်ပါသည် ဆိုလျှင် ပြီးပြီပေါ့။ သည်လို မဟုတ်ဘဲ အတော်လေး ကွန့်ညွှန့်ပြီး ပြောတတ်သည်။

“ဦးတင်ထွန်း၊ ဒေါ်တင်ညွှန့် မိသားစုက အလှူငွေ သုံးရာတဲ့ ခင်ဗျ၊ ရပ်ကွက်ထဲမှာတော့ဗျာ… တကယ်ကို စံတင်ရတဲ့ မိသားစုပါပဲ”

သည်မှာတင် မနားဘဲ သူတို့သားက ဘယ်လို၊ ချွေးမက ဘယ်လို၊ မြေးကလေးတွေက ဘယ်လိုနှင့် အပိုစာသားတွေ ထည့်ပြီး ပြောလေတော့ ကျွန်မတို့မှာ ရက်လွန်းလှ၍ ဘယ်ချောင် ပြေးပုန်းရမလဲတောင် မသိတော့။ ကြီးကျယ်လောက်သည့်ကိစ္စ မဟုတ်သော်လည်း သူများတွေက “ဟယ်… ညည်းတို့ကို ဘိုးသိန်းကြီးက အော်သွားတယ်တော့” ဆိုပြီး ပြုံးစိစိ ပြောသွားလျှင် ရက်ပြီးရင်းသာ ရက်နေမိတော့သည်။ ဘွားဘွားကတော့ ဆေးပေါ့လိပ် ဖွာနေရင်း ဘိုးသိန်း၏ ထောမနာအသံတွေကို တစိမ့်စိမ့်ခံစားပြီး ပီတိတွေ ဖြာနေတတ်ပါသည်။

“နို့ ဘာရက်စရာရှိတုံး… ကိုယ့်ရှိလို့ ကိုယ် ပြောခံရတာပဲ၊ ဟုတ် တာ ပြောတာ ပြောပါစေ”

ဘုရားပွဲမှာ ပျော်စရာတစ်ခုက မုန့်စားဖိတ်ရခြင်းပင်။ ကျောင်းက ဆရာမတွေနှင့် သူငယ်ချင်းတွေကို ဘုရားပွဲမို့ အိမ်ကို မုန့်စားကြွဖို့ရာ ဖိတ်ရတိုင်း လူက အူမြူးနေတတ်သည်။ မဟုတ်လျှင် ကိုယ်တွေမှာ သူများ ဘုရားပွဲ လိုက်စားနေရတာ မဟုတ်လား။ အိမ်ရောက်တော့ မေမေက အင်္ကျီအသစ် ထုတ်ဝတ်ပေးသည်။ ဘေးအိမ်က ဘိုးတိမ်ညွှန့်သမီး အပျိုမတွေကလည်း အဝတ်အစား အသစ်တွေနှင့် ကြော့လို့၊ လွင်လို့ပါလား။

“မေမေ… သူတို့လို သမီးလည်း ကာခြယ်ဆိုးချင်လို့”

ကျွန်မ ပူဆာမိတော့ ဒါက ကလေး လုပ်ရမယ့် ကိစ္စမဟုတ်ဘူး ဆိုပြီး အမာန်ခံရပါတယ်။ မည်သို့ပြောပြော အင်္ကျီအသစ် ဝတ်ရသည့်ကိုက နည်းသည့် အခွင့်အရေး မဟုတ်။

ကျောင်းက ဆရာ၊ ဆရာမတွေ၊ သူငယ်ချင်းတွေ အိမ်မှာ စဲသွားသည့် အခါ မေမေ ထည့်ပေးလိုက်သည့် လေးဆင့်ချိုင့်နှင့် ကြာဆံဟင်းတွေကို တစ်ခေါက် ပြီး တစ်ခေါက် ရပ်ကွက်ထဲမှာ လိုက်ဝေရပါသည်။ “ဒေါ်ကြီးရေ … ကျွန်တော်တို့ အိမ်က ကြာဆံဟင်းဗျို့ … မေမေက ထည့်ပေးလိုက်တယ်” ဆိုလိုက်လျှင် တစ်ဖက်ကလည်း “အေး.. ညည်းတို့က ကြာဆံဟင်း ချက်တာလား … ငါတို့က မုန့်ဟင်းခါးအေ့ … အပြန်ယူသွားကြဦး” ဆိုပြီး ထပ်ထည့်ပေးလိုက် ပြန်ပါသည်။ သည်လိုနှင့်

ကြာဆံဟင်း ချက်သည့်အိမ်၊ မုန့်ဟင်းခါး၊ အုန်းနို့ ခေါက်ဆွဲ၊ အာပူလျှာပူ ချက်သည့် အိမ်၊ ဆီးဖြူသီးနှင့် ငါးပိကြော် ဧည့်ခံသည့် အိမ်၊ ဆနွင်းမကင်း၊ ထိုးမုန့်၊ သာကူ၊ လက်ဖက် ဧည့်ခံသည့်အိမ် စသဖြင့် ပြည့်နေလေတော့ ကျွန်မတို့အိမ်မှာ ညစာတောင် ချက်စရာ မလိုတော့ပေ။ တစ်အိမ်နှင့် တစ်အိမ် လဲလှယ်ပြီး စားကြသလို ဖြစ်နေသည်။

နောက်နေ့ မနက်မှာတော့ စာရေးတံမဲ ဖောက်ပြီး ကပ်လှူပူဇော်ကြပါသည်။ မဲနှိုက်ဖို့ရာ ကိုယ် ပင့်ထားသည့် ကိုယ်တော် ဘယ်စာရေးတံမဲကို ပေါက်သွားသလဲ ဆိုသည်ကို စနည်းနာကြသည်။ နောက်ရက်များမှာတော့ ဓမ္မာရုံကနေ စာရင်းရှင်းတမ်းကို တစ်ရပ်ကွက်လုံး ကြားအောင် လော်ဖြင့် ကြေညာသည်။ ရပ်ကွက်သူ၊ ရပ်ကွက်သား အပေါင်းတို့လည်း ကုန်လွန်ပြီးသော ဘုရားပွဲ အကြောင်းကို တသသ ပြောကြသည်။ နောက်တစ်နှစ်ကို မျှော်ကြလေသည်။

သည်လိုနှင့် ဆောင်းနှောင်းပိုင်းသို့ ရောက်လာလျှင် ပွဲရာသီ ပြီးဆုံးတော့မည်။ နေ့တာ၏ အလင်းချိန်သည် တစ်စတစ်စ ခါးခန့်လာပြန်ပါသည်။ နွေဦးသို့ တရွေ့ရွေ့ တိုးဝင်လာခဲ့လေပြီပေါ့။ ဆိုင်းသံ ဗုံသံကို သင်္ကြန်ဒိုးပတ်သံက လွှမ်းလာသည်။ တစ်ချိန်တည်းမှာပင် အလှူပွဲရာသီရောက်ပြီလို့ ဆိုနိုင်ပါသည်။ တောင်သူဦးကြီးတွေ ကောက်ရိတ်ချိန်ပေကိုး။ ဝင်းမှည့်သော စပါးကွင်းများကို မှန်းဆမြင်ယောင်တော့ မွေးကို သတိရမိပြန်ပါသည်။

❑

(၁၄)

ပုံပြောကောင်းတဲ့သူ

"ယခုလိုအချိန်သို့ ရောက်ပြီဆိုလျှင် အတွက်နှင့် မွေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲက စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်"

ရာသီစက်ဝန်း အခါခါ ကျော့ခဲ့ပြီး ဖြစ်ပါသည်။ မိုးသည် ညိုတစ်ခါ၊ မည်းတစ်လှည့်၊ ဆောင်းသည်လည်း မှုန်တစ်ခါ၊ လင်းတစ်လှည့်၊ နွေသည်လည်း ဖျော့တစ်ခါ၊ ရင့်တစ်လှည့်။ ကျွန်မအဖို့ လွမ်းတသသ ဖြစ်ရသော ရာသီမှာ နွေဦး ဖြစ်ပါသည်။ ဆောင်းတွင်းတစ်လျှောက် တိုက်နေကျ မြောက်ပြန် လေသည် နွေဦးတွင် မျက်နှာများတတ်သည်။ အရပ်မျက်နှာ ပေါင်းစုံကနေ ဝေ့လွင့်တတ်သော လေရူးလေပွေ အသွင်ဖြင့် မြူးထူးတတ်သည့် အချိန်ဖြစ်သည်။

ထိုအခါမျိုးတွင် ကျွန်မ၏ ငယ်သူငယ်ချင်း မွေးကို သတိရတတ်ပါသည်။ ငယ်ငယ်တုန်းကတော့ စာမေးပွဲဖြေခါနီး အချိန်တွင် ပျံ့လွင့်လာသည့် သကြံန်ဒိုးသံကို နားထောင်ရင်း၊ ကျောင်းဝင်းထဲက ဘောလုံးကွင်းထဲတွင် လေရူးကြောင့် ကော့ပျံတက်လာသော ဖုန်မှုန့်၊ သဲမှုန့်တွေနှင့် လေကတော့ကို စာသင်ခန်း ပြတင်းပေါက်ကနေ ငေးကြည့်ရင်း မွေးကို လွမ်းရသည်။ မွေး အကြောင်းကို ဖတ်ရလေတိုင်း တစ်ပတ်လျှို ဆံထုံးလေး ထုံးထားသော အသား ညိုညိုစိုစို ဝင်းဝင်းအိအိ မိန်းကလေးကို မြင်ယောင်ကာ စိတ်ကူးနှင့် ချစ်ရသည်။ မှုန်ဝါးသော လရောင်အောက်တွင် အချစ်ရှာခဲ့သူ သူ့အတွက် နာကျင်ရသည်။ ကုသိုလ်ကြမ္မာ မမီပါခဲ့သော ချစ်ခြင်းမေတ္တာတို့အတွက် လိုက်မော ရပါသည်။

မွေး။ ဆရာမကြီး ဒေါ်ခင်နှင်းယု၏ ဂန္ထဝင်ဝတ္ထု မွေး။ အတွက်၏ မွေး၊ မကျည်းတန်ဟု အဆိုခံရဖူးသူ မွေး၊ ဝါးခယ်မသူ မွေး၊ ချစ်ဦးသူက အထားခံခဲ့ရသူ မွေး။ သည့်အထဲကမှ ကျွန်မ စိတ်အဝင်စားဆုံးမှာ တီဘီ ရောဂါသည် အမေနှင့် အစ်မတို့နှင့် ဘဝကို ဖြတ်သန်းဖူးသူ မွေးအဖြစ်နှင့် ဖြစ်ပါသည်။

မွေးကို စပြီး ရင်းနှီးခဲ့ရသည့် အချိန်က အတော်စောပါသည်။ မေမေ့ နှုတ်အပြောကတစ်ဆင့် ကျွမ်းဝင်ခဲ့ရသော မွေးသည် ကျွန်မအဖို့မှု ချစ်တတ်လွန်းသည့် မိန်းကလေး၊ ခွင့်လွှတ်တတ်သည့် မိန်းကလေး၊ ပြီးတော့ သနားစရာ မိန်းကလေး ဖြစ်သည်။ မေမေသည် မွေးအကြောင်းကို ပြောတိုင်း မျက်ရည်ဝေ့ တတ်သည်။ မွေးမေမေက မေမေ့ရဲ့ မေမေလိုလို၊ မွေးရဲ့အစ်မ မမအေးက မေမေ့အစ်ကို ကိုကိုနောင်နီလိုလို မေမေခံစားဟန်တူ၏။

"မွေးကတော့ အဆုတ်နာရောဂါကို ကုလို့ ရခဲ့တယ်လေ... သူ့ အမေနဲ့ အစ်မကတော့ တီဘီနဲ့ပဲ ဆုံးတာပဲ၊ မမအေးဟာ မွေးမေမေကို ပြုစုရင်း ရောဂါကူးတာပေါ့ ... ကိုကိုနောင်းလည်း အဲဒီလိုပဲလေ... မေမေ့ အမေကို ပြုစုရင်း ရောဂါကူးတာပဲ..."

ကြားရဖန်များလာတော့ မွေးသည် ဇာတ်ကောင်တစ်ဦးပင် ဖြစ်သော်လည်း

ကျွန်မအတွက်မူ ငယ်သူငယ်ချင်းပမာ သံယောဇဉ် ဖြစ်လာသည်။ မွေး အကြောင်းကို ကြားရလျှင် နားထောင်းဝသည် မရှိ။ မေမေ့အတွက်မူ မွေးဟာ သူ့ဝေဒနာအနာဖေးကို ပြန်ကွာစေတတ်သည်မို့ ဝတ္ထုကို ပြောပြရလေတိုင်း မျက်နှာညှိုးလေသည်။

မေမေ့အပေါ် အလိုက်သိချင်သော စိတ်ကြောင့်ပင် ကျွန်မ ဒုတိယတန်း စာမေးပွဲဖြေအပြီး နွေရာသီတွင် မွေး ဝတ္ထုကို စပြီး ဖတ်ဖြစ်ခဲ့သည်။ ဘဝမှာ ရုပ်ရှင်ရုံတွင် ပထမဆုံး ကြည့်ဖူးသည့် ရုပ်ရှင်ဇာတ်ကားမှာလည်း မွေးပင် ဖြစ်သည်။ မင်းသမီးမေဆွိ၏ မွေး ဖြစ်သည်။ ဝတ္ထုအပေါ် စွဲလမ်းစိတ်ဖြင့် မွေးဇာတ်ကား ရုံတင်တော့ တော်ဝင်ရုံမှာ လိုက်ပြပါရန် ဖေဖေ့ကို ပူဆာရသည်။ ထိုစဉ်က မန္တလေး ၈၄ လမ်းပေါ်တွင် တော်ဝင်ရုံ ဆိုသည့် ရုပ်ရှင်ရုံ တစ်ရုံ ရှိခဲ့ဖူးသည်။ ဖေဖေကလည်း အနီရောင် သူ့စက်ဘီးလေး နောက်ဘက် ဖင်ထိုင်ခုံပေါ်တွင် သမီးနှစ်ယောက်ကို ကျပ်ကျပ်တည်းတည်း ထိုင်စေပြီး ရုပ်ရှင်လိုက်ပြပေးခဲ့သည်။ အိမ်ပြန်ရောက်တော့ ကျွန်မက ပြောသတဲ့။

"ရုပ်ရှင်ရုံထဲက တီဗွီကြီးက အိမ်က တီဗွီထက် ကြီးတယ်" ဆိုပဲ။

မွေး။ မည်သို့ဆိုစေ မွေးသည် ကျွန်မအပေါ် ကျေးဇူးရှိသည်။ သည်မွေးကြောင့်ပင် စာဖတ်သည့်အကျင့် ရခဲ့ပါသည်။ မွေးကို စဖတ်သည့်အချိန်က အတော်လေး ကြာသည်၊ လချီ ကြာသည်။ တကယ်တော့ ကျွန်မ ငယ်စဉ်က စာဖတ် အလွန်ပျင်းပါသည်။ မမက စာဖတ်မြန်ပြီး သူက အရင်ပြီးသဖြင့် သူ ဖတ်ရသည့် ဇာတ်လမ်းတွေကို ကျွန်မကို ပြောပြတတ်သည်။ အဆုံးထိတော့ မဟုတ်၊ အဆုံးထိ သိချင်ရင် ကိုယ့်ဘာသာ ဖတ်ဖို့ ပြောလေတော့ ကလေး တစ်ယောက်အဖို့ ထူထဲသော စာအုပ်များ ဖြစ်ပေမယ့် နည်းနည်းချင်းစီ ဖတ်ဖြစ်ခဲ့သည်။ သည့်နောက်မှာတော့ မေမေ့ အကြိုက်ဆုံး စာရေးဆရာမ ဖြစ်သူ ဆရာမမိုးမိုး(အင်းလျား)၏ ဝတ္ထုများ အလှည့်ပေါ့။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ညပုံပြင် စာအုပ်အထူကြီးကို ပြီးအောင် ဖတ်နိုင်ခဲ့သည့် အကျိုးကြောင့်လည်း ဝတ္ထုစာအုပ် အထူတွေအပေါ် မစိမ်းတော့တာလည်း ပါပါသည်။

မေမေကလည်း တစ်မျိုး။ ကျွန်မတို့ ဝတ္ထုဖတ်လျှင် မငြိုငြင်တတ် ပေမယ့် ကာတွန်းဖတ်လျှင်တော့ မာန်မဲချင်သည်။ အိမ်နားက စာအုပ်ဆိုင်တွင် စစချင်း စာအုပ်ငှားဖူးခါစက တစ်ခါငှားလျှင် တစ်အုပ်ကို တစ်ရက် တစ်ကျပ်၊ နောက်တော့ သုံးကျပ်၊ နောက်တော့ ငါးကျပ်။ ကျွန်မကလည်း ကျွန်မပင်။ ဖတ်ပြီးသား ကာတွန်းကိုလည်း ထပ်ကာထပ်ကာ ငှားဖတ်တတ်သည်။

မွေးလိုပင် ဘိုဘို၊ ပိုးဇာ၊ ပိုးချစ်၊ ရွှေအိ၊ ရွှေဘုတ်၊ ဇီးကွက်၊ ဒီလုံး၊ သော်က၊ တွတ်ပီ၊ ဦးရုံစားတို့သည်လည်း ကျွန်မ ငယ်ဘဝ အဖော်များ ဖြစ်ပါသည်။ ကာတွန်း ဖတ်တာကို မေမေက အားမပေးပေမယ့် ပေါက်ကရ တစ်ခုခု ကစားနေတာထက်စာလျှင် ငြိမ်ငြိမ်ဆိမ်ဆိမ် စာထိုင်ဖတ်နေတာက စိတ်အေးရမည်ဟု သူတွေးပုံရသည်။ အလွန်အကျွံ ကန့်ကွက်တာမျိုး မရှိ။

မက်မက်မောမော စာဖတ်တတ်သည်က ဆရာကြီးရွှေဥဒေါင်း၏ ဦးစံရှား ဝတ္ထုများနှင့် မင်းသိင်္ခ၏ ဆားပုလင်းနှင်းမောင် ဝတ္ထုများကို မြည်းစမ်းဖူးရာက စပါသည်။ စုံထောက်ဝတ္ထုဆိုတော့ စိတ်ဝင်စားသည်လေ။ အဘွားက ထမင်းစားရန်

ခေါ်သည်ကိုလည်း အော်မကြား၊ ခေါ်မကြား၊ မီးပျက်လျှင်လည်း မေမေ ဆူတာကို ခံပြီး အိပ်ရာထဲမှာ ဖယောင်းတိုင် ထွန်းပြီး ဖတ်လိုဖတ်၊ ဓာတ်မီး ထိုးပြီး ဖတ်လိုဖတ်။ အတော်လေး သဲသဲမဲမဲ ဖတ်ခဲ့သည်။ စာဖတ်သည်ဟု ဆိုရာတွင် ဇာတ်လမ်းကို စိတ်ဝင်စားခြင်းအပြင် သူငယ်ချင်းများကို ပြောပြရန်အတွက် ဇာတ်လမ်းရှာတာလည်း ပါပါသည်။ ကျွန်မကို ပုံပြောကောင်းသူ အဖြစ် သူငယ်ချင်းတွေက ခင်ခင်မင်မင် ရှိတာ၊ ပုံပြောမယ်ဟေ့ ဆိုလျှင် ကျွန်မအနားမှာ လူတွေ ဝိုင်းနေတာမျိုးကို သဘောကျသည်။

သည်လိုနှင့်ပဲ ကျွန်မမှာ သူငယ်ချင်းတွေကို ပြောပြဖို့အတွက် ကုန်ကြမ်း ရှာရပါသည်။ ကုန်ကြမ်း အလျဉ်မမီသည့်အခါမျိုးတွင် ကိုယ့်ဘာသာ ဇာတ်လမ်းတွေကိုလည်း လုပ်ကြံပြောရပါသည်။ ပြောစရာ မရှိလျှင် အိမ်က အဖေနှင့် အမေ ရန်ဖြစ်ကြသည့် အကြောင်းကိုလည်း ဇာတ်လမ်းလုပ်ပြီး ပြောတတ်သည်။ မေမေ မျက်ရည်ကျရသည့် အခါမျိုးများတွင် ကျွန်မလည်း ငိုမိသည်။ အဲသည်အကြောင်းတွေ သူငယ်ချင်းတွေကို ဖောက်သည်ချကောင်းတော့ သူတို့ပါ မျက်ရည်လည်ရွဲ ဖြစ်ကြရသည့်အခါလည်း ရှိသည်။ အတန်းထဲကို ဆရာမ ဝင်လာတော့ မျက်ခွံတွေ မို့အစ်အောင် ငိုထားသည့် ကျွန်မတို့ အပေါင်းအပါ တစ်သိုက်ကို မြင်ပြီး ဆရာမပါ အထိတ်တလန့် ဖြစ်ခဲ့ဖူးပါသည်။

ကျွန်မကလည်း အတော်လေး ပေါက်ပေါက်ရှာရှာ လုပ်တတ်သည်။ ပြောစရာ ဇာတ်လမ်းလည်း ကုန်၊ အိမ်မှာလည်း ကုန်ကြမ်း မရှိလျှင်၊ နောက်ဆုံး ကြံရာမရသည့်အဆုံး ညဦးပိုင်းမှာ ဘဘ နားထောင်တတ်သည့် ဘီဘီစီ၊ ဗွီအိုအေ သတင်းတွေကို အတန်းထဲမှာ ပြန်ပြောပြတတ်သည်။

"ဟယ်... စာသင်ခန်းထဲမှာ အဲဒါတွေ မပြောရဘူး၊ နောက်တစ်ခါ ပြောရင် ကျောင်းအုပ်ဆရာကြီးကို တိုင်လိုက်မှာနော်... ကျောင်းထုတ် ခံရမယ် ဘာမှတ်လဲ"

ပြောတုန်းက ပြောပြီး ဆရာမက သည်လို ခြိမ်းခြောက်ပြန်တော့လည်း သတ္တိခဲကျွန်မက ကြောက်ဒူးတုန်ပြီး ငိုတတ်ပြန်သည်။ သို့ပေမဲ့ အမှတ် မရှိလှ။ ကျွန်မကြောင့် ဆရာမ ခေါင်းမွေး မီးလောင်ဖူးလေသည်။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် နဝတ အကြီးအကဲများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ ဆွေးနွေးပြီးနောက် ထိုတွေ့ဆုံပွဲကို ထောက်ခံသည့်အနေနှင့် မန္တလေးမြို့မှာ ထုတ်ဝေသည့် ရတနာပုံသတင်းစာတွင် လူတစ်ဦးက ကြော်ငြာထည့်သည်။ "မောင်နိုင်ဝင်းတင့်နှင့် မအေးဆုစံကျော်တို့၏ စေ့စပ်ပွဲအတွက် ဝမ်းမြောက်ပါကြောင်း၊ အာကာမောင်၊ ကမ္ဘာ မောင်၊ မြန်မာမောင်" ဆိုသည့် ကြော်ငြာ ဖြစ်သည်။

ထိုအကြောင်းကို လူပြောသူပြော များလေသည်။ ကျွန်မတို့အိမ်မှာလည်း စကားဝှက်ကြော်ငြာ အကြောင်းကို တိုးတိုးကျိတ်ကျိတ် ပြောကြသည်။ လူကြီးတွေ တိုးတိုးကျိတ်ကျိတ် ပြောရသည့်ကိစ္စက ကျွန်မအဖို့ မဟာလျှို့ဝှက်ချက်ကြီးသဖွယ် ခံစားရသည်။ လျှို့ဝှက်ရမည် ဆိုလေလေ သူများကို ပြောပြချင်လေလေပါပဲ။ အဲသည်တော့ ကျောင်းဆင်းချိန်တွင် အတန်းထဲ မှာ လူကုန်သလောက် ရှိတော့ ကျောက်သင်ပုန်းပေါ်တွင် "မောင်နိုင်ဝင်းတင့် နှင့် မအေးဆုစံကျော်တို့၏ စေ့စပ်ပွဲ" ဆိုပြီး မြေဖြူနှင့် ရေးထားခဲ့သည်။ သည့်အပြင် သိချင်လျှင် အသေးစိတ်စုံစမ်းပါရန် ဆိုပြီး ကျွန်မ နာမည်ကိုလည်း ထည့်ရေးထားခဲ့သည်။

စိတ်ထင်သလို လုပ်ချင်ရာလည်း လုပ်ပြီးရော၊ ညကျတော့ တွေးရင်းနှင့် တဖြည်းဖြည်း ကြောက်လာသည်။ ကျွန်မကို ဆရာမ ခေါ်ရိုက်တော့မှာလား၊ ကျောင်းထုတ်မှာလား၊ ရဲက ဖမ်းမှာလား စသည်ဖြင့် တွေးကာ ချွေးပြန်လာပါ၏။ အိမ်နှင့် တစ်ပြိုသာဝေးသည့် ကျောင်းကို ပြန်သွားပြီး သင်ပုန်းပေါ်က စာကို ဖျက်ဖို့ ဆိုတာကလည်း သရဲကြောက်သူ ကျွန်မအဖို့ မလွယ်ကူလှ။ "မနက်ဖြန် ရောက်လျှင်" ဆိုသည့်အတွေးနှင့် ကျွန်မမှာ အိပ်မရနိုင်ဘဲ တစ်ယောက်တည်း ယောက်ယက်ခတ်နေမိသည်။ သည်လိုနှင့် မနက်ကျတော့ ဦးဏှောက်နှီဦးဏှောက်နက် သုံးပြီး ခေါင်းကိုက်ချင်ယောင်ဆောင်ကာ ကျောင်းမသွားတော့ပေ။ မကြာပါ။ ဆရာမ၏ ဆင့်ခေါ်မှုကြောင့် မေမေ့မှာ ကျွန်မအတွက် ကျောင်းအုပ်ဆရာကြီး ရုံးခန်းတွင် ဖြေရှင်းပေးခဲ့ရပါသည်။

ထိုအတောအတွင်းမှာ ခဏတော့ ကျွန်မ ငြိမ်လိုက်သေးသည်။ သို့ပေမဲ့ အမူပွေအောင် လုပ်တတ်သည့် အကျင့်ကတော့ မပျောက်။ နောက်တစ်ခါ ကျွန်မ ကြိုးပြတ်မွှေပုံက နိုင်ငံတော်အဆင့် ဖြစ်သည်။ အစိုးရအဖွဲ့၏ အတွင်းရေးမှူး(၁)ထံသို့ လိပ်မူပြီး တိုင်စာပေးပို့ခဲ့သည်။ ကျွန်မတို့ အတန်းတင်စာမေးပွဲပြီးလျှင် ဆယ်တန်းကျောင်းသူ၊ ကျောင်းသားတွေ စာမေးပွဲဖြေရပါသည်။ ပြီးလျှင် သံဃာတော်များ၏ စာမေးပွဲ လာပါသည်။ ရဟန်းတော်များ စာမေးပွဲဖြေသည့် အချိန်မျိုးဆိုလျှင် အနေအထိုင် မတတ်သော ကိုယ်တော်တွေကိုလည်း မြင်ရလေ့ရှိသည်။ စာမေးပွဲခန်းကနေ ထွက်လာသည့် ကိုယ်တော်တချို့မှာ မှတ်တိုင်မှာ ကားစောင့်ရင်း မိန်းကလေးတွေကို စနောက်တာမျိုး၊ စာမေးပွဲပြီးသည့် နောက်ဆုံးရက်တွင် တဟေးဟေး တဟားဟား အော်ဟစ်ကြတာမျိုး ရှိသည်။ လူကြီးတွေက ကိုယ်တော်တွေ ငယ်သေးတာပဲ ဆိုပြီး ဖြည့်ပြီး တွေးပေးတတ်ပေမယ့် လူတတ်ကြီးလုပ်သူက ကျွန်မ။

ထိုစဉ်က နိုင်ငံတော်အစိုးရအဖွဲ့၏ အတွင်းရေးမှူး (၁) ကို ကျောင်းသူ၊ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးရှိသူအဖြစ် တီဗွီဖန်သားပြင်တွင် မကြာခဏ မြင်ရပါသည်။ သူက မာလ်တိမ်ဒီယာ စာသင်ခန်းဆိုသည် များကို ကျောင်းများတွင် လိုက်ဖွင့်ပေးသည်။ အဖြူအစိမ်းဝတ် ကျောင်းသားများနှင့် ရယ်ရယ်မောမော ရိုက်ကြပုံတွေကို သတင်းထဲတွင် တွေ့ရပါသည်။ ဒါကြောင့်လည်း အားကိုးတကြီး သူ့ဆီ လိပ်မူပြီး ရဟန်းသံဃာတော်များကို ဝိနည်းနှင့်အညီ နေထိုင်စေရန် ကြပ်မတ်ပေးဖို့ရာ စာရေးသည်။ သည့်နောက် မျက်ပါးရပ် စစ်တပ်ရှေ့က စာတိုက်ပုံးမှာ ခပ်တည်တည်ပင် စာသွားထည့်ခဲ့ဖူးသည်။ သည်အထိ ပြဿနာမရှိသေး။ ကျွန်မ၏ စာရောက်၊ မရောက် မသိသော်လည်း အကြမ်းရေးထားသည့် စာကို ဘဘ မြင်သွားရာက ပြဿနာစပါသည်။ ကလေး ကလေးလို မနေရကောင်းလား ဆိုသည့် အမူဖြင့် အရိုက်ခံရပါသည်။ သည့်နောက်မှာတော့ ကျွန်မသည် နိုင်ငံတော်အဆင့်ကို မစဉ်းစားရဲတော့ဘဲ ကျောင်းတွင်းကိုသာ ပိုပြီး အာရုံစိုက်ပါတော့သည်။

ဒါကတော့ ကျောင်းမှာ ကိုယ်ပိုင်မဂ္ဂဇင်းတစ်စောင် ထုတ်ပြီး ငှားတာ ရယ်ပါ။ ကျွန်းမှာ ပုံဝတ္ထုတွေကို ပြောပြရ၊ ဖတ်ရတာနှင့် မတင်းတိမ်ချင်တော့။ စာလည်း ရေးချင်လာသည်။ သည်လို မဂ္ဂဇင်းအဆင့်သို့ မရောက်ခင်မှာကတည်းက စာပေဖြတ်သန်းမှု ရှိခဲ့ပါသည်ဟု ခပ်တည်တည်ဆိုလျှင် အကြောင်းသိ သူများက ကျွန်မကို ရယ်တတ်ကြသည်။ ကျွန်မငယ်ငယ်က ရေးဖူးခဲ့သည့် ကဗျာကို သတိရသူကလည်း ရတတ်ကြသည်။ စာလုံးပေါင်း သတ်ပုံ အမှားမှား အယွင်းယွင်းနှင့် ကိုယ်တိုင်ပင် အဓိပ္ပာယ်နားမလည်သော ကဗျာမျိုး။

“ငါ စိုက်တဲ့နှင်းဆီပင်။ ပန်းရောင်ဖြစ်သည်။ ဆရာမအတွက်။ အယုတ်တမာမ သူဇာလှိုင်၊ ငါ့ ခဲတံကို ချိုးပစ်တယ်။သေတောင်မခေါ်ဘူး” ဆိုသည့် ကဗျာမျိုးပေါ့ ။ ကျွန်မက ကဗျာဟု နာမည်တပ်ထားသော ထိုစာကို မေမေ့ကို ပြတော့ မေမေက ရယ်ပြီး ကောင်းတယ်၊ ကောင်းတယ်ဟု ချီးမွမ်းပါသည်။ ဒါတောင် ကျွန်မက “မေမေက ကောင်းတယ်ဆိုပြီး ဘာလို့ ရယ်တာလဲ” မေးပြီး စိတ်ဆိုးသေးသည်။ အသက်ကြီးလာလို့ ပြန်ဖတ် တော့မှသာ “ဟင် … ဘယ့်နှယ်ကြီးပါလိမ့်” ဆိုတာမျိုး တွေးမိပါသည်။

ကျွန်မ တတိယတန်းစပြီး ကိုယ့်ဘာသာ ကာတွန်းဆွဲ၍ သူငယ်ချင်းတွေကို ကာတွန်းစာအုပ် ငှားသည်။ ကျွန်မက အမြဲစာပြပေးနေရသော သူငယ်ချင်းများခမျာ ကျွန်မ စိတ်ငြိုငြင်မှာကို ဆိုးပြီး ကြောက်ကြောက်နှင့် စာအုပ်ကို ငှားဖတ်ကြရပါသည်။ ကာတွန်းစာအုပ်ကို ငှားဖတ်ပြီး ပိုက်ဆံ မပေးလျှင်ဖြစ်ဖြစ်၊ မရယ်လျှင်ဖြစ်ဖြစ် ကျွန်မက စိတ်ကောက်သေးသည်။ ငှားခက တကယ့်အငှားဆိုင်နှင့် စာလျှင် သက်သာပါသည်။ တစ်ခါ ငှားလျှင် တစ်ပတ်ကို နှစ်ကျပ်ပဲ ယူပါသည်။ သူငယ်ချင်းများခမျာ… ပိုက်ဆံလည်း ပေးရသေးသည်။ ရယ်ချင်ချင်၊ မရယ်ချင်ချင် ဖွတ်အတင်း ရယ်ပြရသေးသည်။ သနားစရာ ကောင်းလိုက်လေခြင်း။

ဒါကတော့ ဝါသနာကို အရင်းပြု၍ ငွေရှာခြင်းပေါ့။ ကျောင်းက ကထိန်ကြေး၊ ဆရာကန်တော့ပွဲကြေး၊ ဘာကြေး၊ ညာကြေးတောင်လျှင် မေမေက အမြဲတမ်း ဗျစ်တောက်ဗျစ်တောက် လုပ်တတ်သည်။

“ဒီခေတ်ကြီး ငွေရှာရတာ လွယ်တာ မဟုတ်ဘူး… ကလေး တစ်ယောက် လူဖြစ်အောင် မွေးရတာ ပိုတောင် မလွယ်သေး … ပင်ပန်းလိုက်တာ”။ မေမေ့ညည်းသံကို ကြားလေတိုင်း ဘာကြောင့်ရယ်မသိ။ ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလို ခံစားရစမြဲ။ ကျောင်းစရိတ်ကို တတ်နိုင်သမျှ ရှာရန် ကြိုးစားမိတော့သည်။

တစ်နှစ်စာ စာအုပ်ဖိုး၊ ခဲတံဖိုး၊ ကျောင်းအပ်ခကို နွေရာသီ ကျောင်းပိတ်ရက်တွင် ဈေးရောင်းရသည့် အမြတ်ရှိထားလို့ ပူစရာမလိုပါ။ သည်တော့ ကျောင်းနေစဉ်အတွင်း ကုန်ကျမည့် ဘာကြေး၊ ညာကြေးတွေကိုသာ ရှာရန် လိုတော့သည်။

အစကတော့ ကာတွန်းစာအုပ်ကို ကိုယ့်ဘာသာ ရေးကာ ငှားသည်။ နောက်တော့ အိမ်က ပုံပြင်စာအုပ်တွေကို ငှားသည်။ ပုံပြင်စာအုပ်တွေ ကုန်ပြန်တော့ တစ်မျိုးကြံရပြန်သည်။ ဒါကြောင့်လည်း ကိုယ်ပိုင်မဂ္ဂဇင်း စာအုပ် ထုတ်ဖြစ်ခြင်း ဖြစ်သည်။ ကျွန်မ၏ မဂ္ဂဇင်းနာမည်က “ထွန်း” မဂ္ဂဇင်း ဖြစ်သည်။ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး လစဉ် ထုတ်သည်။ စာမျက်နှာ ၈၀ ပါ ဗလာစာအုပ်တစ်အုပ်လုံး ကျွန်မတစ်ယောက်တည်း ရေးသည်။ ထိုစဉ်တုန်းက မမကတော့ “တစ်ပင်တိုင်” မဂ္ဂဇင်းဆိုပြီး ပေးလိုက်ရောပေါ့ ဟူ၍ အကြံပြုပါသည်။

ကျွန်မ စာအုပ်တွင် ကဗျာ (ကိုယ့်ဘာသာစပ်သည်။ တစ်ခါတစ်ရံ ဆရာကြီးမင်းသုဝဏ်၏ ကဗျာများ ကူးထည့်သည်)၊ ကာတွန်း (ကိုယ့်ဘာသာ ရေးသည်)၊ အင်္ဂလိပ်စာကဏ္ဍ (ကျောင်းစာအုပ်ထဲမှ ကူးချသည်)၊ ကလေး များအတွက် ပုံပြင် (လူထုဦးလှ၏ ပုံပြင်များ ဖြစ်သည်)၊ မြန်မာ့ဆေးနည်း အညွှန်း

(အိမ်မှာရှိသည့် ဆေးကျမ်းထဲမှ ဖြစ်သည်)၊ တရားဒေသနာ နာကြားပါ (ကျွန်မ ကိုယ်တိုင် ဟောသည်။ ငွေ့စွသမုပ္ပါဒ်ကို စတင် ရှင်းလင်းခြင်းမှ စ၍လစဉ် အခန်းဆက်ပုံစံ တင်ပြသည်)၊ ထူးဆန်းထွေလာ (ကိုယ့်ဘာသာ ကြံဖန်ရေးသည်။ "လူဝင်စားတွေ့ရှိ" ဘာညာဆိုပြီး လူစိတ်ဝင်စားအောင် ရေးသဖြင့် သူငယ်ချင်းတွေက အဟုတ်မှတ်ပြီး အားပေးကြသည်။ ထိုကဏ္ဍက အားပေးမှုအရဆုံး ဖြစ်၏)၊ ရုပ်ရှင်ဝေဖန်ရေး (ကျွန်မ ကြိုက်သည့် မင်းသား၊ မင်းသမီးဆိုလျှင် အကောင်းပြောပြီး၊ မကြိုက်သူ ဆိုလျှင်ဘော့ အကောင်း မရေးပါ)၊ မှုခင်းသတင်း (ပြစ်မှုမဂ္ဂဇင်းမှ ကူးသည်)၊ နိုင်ငံတကာသတင်း (ရတနာပုံသတင်းစာမှ ကူးသည်)၊ တစ်လအတွင်း ကုန်ဈေးနှုန်း (မေမေ့ကို မေးပြီး ရေးသည်)၊ ဝတ္ထု (ကိုယ့်ဘာသာရေးသည်)၊ ဖေဒင် (ကိုယ့်ဘာသာ ဟောချင်တာ ဟောသည်)၊ စာမျက်နှာအလွတ်များပေါ်တွင် တီဗွီတွင် လာသည့် ကြော်ငြာများက ကြော်ငြာသီချင်းစာသားများကို ကြော်ငြာကဏ္ဍဟု ထည့်သွင်း ဖော်ပြပေးသလို၊ ဒီတစ်လ အကြိုက်ဆုံး သီချင်းကဏ္ဍတွင်လည်း ဆီးထုပ်ထဲက သီချင်းများကို ကူးထည့်ပေးပါသည်။

ကျွန်မ ကိုယ်တိုင်ရေးသည့် ဝတ္ထုများသည် ကိုယ်တိုင်က ဘဝ သရုပ်ဖော်ဟု ထင်ထားသော်လည်း ဖတ်ကြည့်လျှင် အတော်လေး ရယ်ရပါသည်။ စေတနာရှင် ဆရာမလေးအကြောင်း ရေးသည့် "မေတ္တာရောင်ခြည်" ဝတ္ထုတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဆင်ဖြူကန် ကွင်းထဲမှာလုပ်သည့် ထောက်ခံပွဲ အကြောင်းလည်းပါသည်။ ထိုထောက်ခံပွဲကို ကလေးတွေနှင့်အတူ စေတနာရှင် ဆရာမလေးလည်း သွားသည်။ ကလေးတွေ အပေါ် အနစ်နာခံသော ဆရာမလေးမှာ သူ့ကိုတ်မုန့်ကို ကလေးတွေက ယူစားတော့ အတော်လေး စိတ်ဆိုးသွားသည်။ ငါက စေတနာထားရက်နဲ့ ငါ့ကိတ်မုန့်ကို ယူစားကြတယ်ဆိုပြီး ဒေါသတွေ ပေါက်ကွဲ ကြေကွဲကာ ကလေးတွေကို ရိုက်ပြီး မေ့လဲကျသွားသည်နှင့် ဇာတ်သိမ်းထားသည်။

ကျွန်မ မဂ္ဂဇင်းသည် အတန်းထဲတွင် အတော်လေး ငှားရပါသည်။ လက်ပင်မလည်၊ မဂ္ဂဇင်းမဖတ်ရလို့ ရန်ဖြစ်ကြတိုင်း ကျွန်မမှာ သဘောတွေ ကျပြီး ပြုံးတုံး ပြုံးတုံးနှင့် ဝင်ရောက် ဖျန်ဖြေပေးရပါသေးသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဖတ်ပြီးလျှင်တော့ ကျွန်မကို ပိုက်ဆံပေးရမည်။ ဒါက စည်းကမ်း။ ကျွန်မဘက်ကလည်း အတတ်နိုင်ဆုံး လစဉ်ထွက်ရန် ကြိုးစားရတော့ သည်။ ကျောင်းကပြန်ရောက်ပြီး လွယ်အိတ်ချပြီးသည်နှင့် တစ်ပြိုင်နက် စာတန်း ရေးရတော့သည်။ တစ်ချို့လတွေမှာတော့ နှစ်လပေါင်းမှ တစ်ကြိမ်သာ ထွက်နိုင်သည်။ နောက်တော့... မေမေက စာမေးပွဲနီးပြီ။ အဆင့်လျော့လျှင် ရိုက်မည်ဆို၍ ကျွန်မ မဂ္ဂဇင်းကို အောင်မြင်စွာ ရပ်နားလိုက်ရပါသည်။ ငါးအုပ်မြောက်အထိ ထုတ်ဖြစ်ခဲ့သော်လည်း နောင်တွင် ဆက်မလုပ်ဖြစ်တော့ပါ။ ထိုမဂ္ဂဇင်း စာအုပ်အဟောင်းများမှာ ဖေဖေ သိမ်းပေးထား၍ သုံးအုပ်သာလျှင် အမှတ်တရအဖြစ် ကျန်ပါတော့သည်။

သည့်နောက်မှာတော့ ပုံမှန်စာရေးဖြစ်သည့် အကြောင်းတစ်ခု ရှိလာပြန်ပါသည်။ သည်တစ်ခါ ဝတ္ထု၊ မဂ္ဂဇင်း၊ ကဗျာ မဟုတ်တော့ပါ။ ဒိုင်ယာရီရေးသည့် အလေ့အထသာ ဖြစ်သည်။ ကျွန်မ စာဖတ်ဝါသနာ ပါတာကို သိထားသည့် ဆဋ္ဌမတန်း အတန်းပိုင်ဆရာမက ဆရာကျော်အောင် ဘာသာပြန်ထားသည့် ဇာလာတာ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ငှားပေး ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့လက်အောက်မှာ ပုန်းအောင်း နေရစဉ်က နေ့စဉ် ဒိုင်ယာရီရေးခဲ့ဖူးသည့် အန်းဖရန့်ကဲ့သို့ ဇာလာတာသည်လည်း သူကြုံတွေ့ခဲ့ရသော ဘော့စနီးယား ပြည်တွင်းစစ်အကြောင်းကို မှတ်တမ်းတင်ခဲ့သည်။ ၁၃ နှစ်အရွယ် ကလေးတစ်ယောက်၏ ပြည်တွင်းစစ်အပေါ် ခံစားချက်မှာ ထိရှဖွယ်ကောင်းလွန်းသည်။ သူ့ဒိုင်ယာရီစာအုပ်သည် ကမ္ဘာကျော်ခဲ့ပြီး ထိုစာအုပ်ကြောင့်ပင် ကုလသမဂ္ဂက ဇာလာတာနှင့် သူ့အမေကို ပါရီကို ပြောင်းရွှေ့ပေးခဲ့ပါသည်။

ဇာလာတာ့စာအုပ်ကို ဝတ္ထုစာအုပ်မဟုတ်သဖြင့် ကျွန်မက စိတ်မဝင်စားခဲ့သော်လည်း မေမေကတော့ အဆုံးတိုင်အောင် ဖတ်ပါသည်။ သည့်နောက် ကျွန်မကို သမီးလည်း ဒိုင်ယာရီရေးဟု တိုက်တွန်းသည်။ မှတ်တမ်းမှတ်ရာ ကျန်တာပေါ့ဟုပြောသည်။ နေ့တိုင်းရေးရမည့် အလုပ်မျိုးကျတော့ ကျွန်မက ပျင်းပါသည်။ သည်တော့ မေမေက တစ်မျိုး ပြောပြန်သည်။ ဇာလာတာက ဒိုင်ယာရီ ရေးလို့ ပြင်သစ်ကို ရောက်တာတဲ့လေ။

နေ့စဉ်မှတ်တမ်းရေးရသည့် အလုပ်မျိုးကို ကျွန်မ စိတ်မပါလှပေမယ့် ဇာလာတာ့လိုပဲ နိုင်ငံခြားကို ရောက်ဖူးချင်ပါသည်။ ဒါကြောင့်လည်း နိုင်ငံခြားက လာခေါ်စေချင်သည့် ရည်ရွယ်ချက်တစ်ခုတည်းနှင့် ဒိုင်ယာရီ ရေးတတ်သည့် အကျင့် ကျွန်မမှာ ရှိလာခဲ့သည်။ ထူးခြားသည့် အကြောင်းအရာတွေတော့ မဟုတ်။ သည်နေ့ ဘာဟင်းနှင့် စားသည်၊ ကာတွန်းဘယ်နှအုပ် ဖတ်ပြီးသည်၊ ဘွားဘွားနှင့် ရန်ဖြစ်သည် စသော အကြောင်းအရာများ များပါသည်။

သို့ပေမဲ့ ကျွန်မက ရည်မှန်းချက်ကြီးသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်မသေသွားလျှင် သည်ဒိုင်ယာရီစာအုပ်ကို ကျွန်မနှင့်အတူ မြှုပ်ပေးပါရန် မှာကြားခဲ့မည်။ ဒီဘဝ နိုင်ငံခြားကို မသွားရလျှင်တောင် တစ်ချိန်ချိန်မှာ ကျွန်မ စာအုပ်ကို တွေ့မိသော နောင်လာနောက်သားများအတွက်မူ အဖိုးမဖြတ်နိုင်သော သမိုင်းစာအုပ်တစ်အုပ် ဖြစ်ရမည်ဟု တွေးသည်။ သည်အတွေးနှင့်ပင် ဆရာကြီး မင်းသိခ်ဝတ္ထုကို အဖတ်များခဲ့သည့် ကျွန်မမှာ ဒိုင်ယာရီစာအုပ်၏ ပထမဆုံးသော စာမျက်နှာတွင် ဆုတောင်းစာလိုလို၊ သိုက်စာလိုလို သတင်းစကားပါးထားသေးသည်။

“သင်သည် တန်ဖိုးထားတတ်သူဖြစ်ပါက ဒီစာအုပ်ဟာ သင့်အတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလိမ့်မည်” တဲ့။

※

ပုံပြောရတာဟာ ကျွန်မ၏ အကြိုက်ဆုံး ကစားနည်းဖြစ်လျှင် ရုပ်ရှင်ရိုက်တမ်းမှာ ဒုတိယအကြိုက်ဆုံး ကစားနည်း ဖြစ်ပါသည်။ ပဉ္စမတန်းနှစ်တွင် ကျွန်မတို့ ရုပ်ရှင်ရိုက်တမ်း အကြီးအကျယ် ကစားခဲ့သည်။ ကျွန်မပဲ ဒါရိုက်တာ၊ ကျွန်မပဲ မင်းသမီး၊ ကျွန်မပဲ အကယ်ဒမီအကဲဖြတ်လုပ်ပြီး ကျွန်မဘာသာ အကယ်ဒမီ ပြန်ယူသည်။ ကျွန်မတို့မှာ တစ်ကားပြီးတိုင်း တစ်ခါ အကယ်ဒမီ ပေးပွဲ ကျင်းပကြသည်။ ဇာတ်ကားထဲမှာ ပါသည့် သရုပ်ဆောင်တိုင်း အကယ်ဒမီ ရလေသည်။ အကယ်ဒမီရသူတို့သည် တစ်ယောက်လျှင် ခဲတံတစ်ချောင်း၊ ဒါမှမဟုတ်လျှင် ပေတံတစ်ချောင်းတို့၊ ဗလာစာအုပ်တစ်အုပ်တို့ ရတတ်သည်။ စာအုပ်ငှားလို့ရသည့် ပိုက်ဆံတွေမှာ အကယ်ဒမီပေးပွဲ စရိတ် ဖြစ်ကုန်၏။

အထူးသဖြင့် ပထဝီဆရာမအချိန်သည် ရုပ်ရှင်ရိုက်တမ်း ကစားလို့ အကောင်းဆုံးအချိန် ဖြစ်သည်။ ဆရာမသည် အတန်းထဲသို့ ရောက်လျှင် ဆယ့်ငါးမိနစ်မျှ စာကို ရှင်းပြသည်။ ပြီးလျှင် သည့်မေးခွန်းအတွက် ဖတ်စာစာအုပ်ထဲက ဘယ်စာမျက်နှာ ဘယ်အပိုဒ်က စာကို ဖြေရမည်၊ ကိုယ့်စာအုပ်ထဲတွင်လည်း ဒါကို မှတ်စုအဖြစ် ပြန်ကူးထားကြဟု ဆိုပါသည်။ ပြီးလျှင် ဆရာမ၏ အကြွေးတောင်းခန်း စတင်တော့သည်။

ကျွန်မတို့ ပထဝီဆရာမက အနည်းငယ်နွမ်းပါးပါသည်။ ကလေးတွေ ကြိုက်တတ်သည့် အရုပ်ကတ်တွေ၊ မိန်းကလေးတွေအတွက် လက်သည်းနီဘူးလေးတွေ၊ ဆံညှပ်ကလစ်တွေ၊ ဘီးစကုပ်တွေ၊ ဂျယ်လီမုန့်တွေကို အတန်းထဲကို ယူလာပြီး ရောင်းပါသည်။ ဆရာမမှာ သူ့ကိစ္စနှင့် သူ လက်မလည်၊ အတန်းထဲက ဈေးဝယ်သူတွေရော၊ တစ်နေ့က ဝယ်ပြီး သူ့ကို ပိုက်ဆံ မပေးသေးသဖြင့် နာမည်ခေါ်ပြီး အကြွေးတောင်းတာရောနှင့် ကျွန်မတို့ကို အာရုံ မစိုက်နိုင်ပါ။ သည်လိုဆိုလျှင် ကျွန်မတို့အတွက် အကွက်ကောင်းဆိုက်လေပြီ။

မြို့မအသင်းကားကြီး ထွက်လာချေပြီ။ ရွှေဝါဖူး အမျိုးသမီး ရေသဘင်မဏ္ဍပ်နားသို့ ရောက်လာလေပြီ။ ရွှေဝါဖူးမဏ္ဍပ်က ခင်ခင်ထား ဦးဆောင်သော လုံမပျိုတစ်သိုက်လည်း အသင်းကားကြီးကို ဝန်းရံကာ ကကြလေပြီ။ ကျွန်မတို့သည် ရသမျှ သင်္ကြန်သီချင်းတွေ အားလုံးကို တစ်ယောက်တစ်ပေါက်ဆိုကာ ခုံတန်းရှည်ကို ပုတ်ပြီး မမောတန်း ကကြသည်။ သည်ကတာနှင့်ပဲ တစ်ချိန်ကုန်လေသည်။ ကျွန်မတို့ ကကြတော့ အတန်းထဲက ကောင်လေးတွေကလည်း ငါတို့လည်း ပါမယ်ဆိုပြီး သူတို့ပါ ရောကကြသည်။ သင်္ကြန်မိုး ဇာတ်ကားသည် ကစားလို့အကောင်းဆုံး ဇာတ်ကား ဖြစ်ပါသည်။ တစ်တန်းလုံး ပါဝင်နိုင်သည်ကိုး။ ဆရာမနားမှာ လူအုပ်တစ်စု၊ ကျွန်မတို့နားမှာ လူအုပ်တစ်ခုနှင့် ကြွက်ကြွက်ညံလွန်းသဖြင့် ဘေးအခန်းက ဆရာမ ရန်လာတွေ့တာကိုပင် ခံရဖူးသည်။

ဆရာမသည် အတန်းဆူလွန်းလှသဖြင့် ဈေးရောင်းနေရင်းက ကြိမ်လုံးကို စားပွဲပေါ်သို့ တဖြန်းဖြန်းရိုက်ကာ အတန်းထိန်းပါသည်။ ပြောလို့ မရလျှင် သူ့ဘေးနားမှာရှိသည့် သောက်ရေအိုးက သောက်ရေခွက်၊ ရေခွက်ခံသည့် သံပန်းကန်ပြား၊ တံမြက်စည်းတို့ဖြင့် ပစ်ပေါက်တတ်သည်။

ထိုအခါတိုင်း ကျွန်မတို့က “ပန်းကန်ပြားပျံ လာပြီဟေ့… ပုန်းကြ… ပုန်းကြ”၊ “ဒီတစ်ခါ တံမြက်စည်းဟ” သို့ကလို အော်ပြီး ခုံအောက်တွင် ဝပ်ကြပါသည်။ အိမ်မှာ ကျွန်မတို့ ညီအစ်မနှစ်ယောက် မွေးနေ့ပွဲကျင်းပတမ်း ကစားရင်း ဂျပန်တွေ ရွာထဲဝင်လာသည့် ခေတ်မျိုးကို ချက်ချင်း ကူးလိုက် ကြသလိုပင်၊ အတန်းထဲမှာလည်း ဆရာမ၏ တိုက်စစ်ကို ခံရသည့်အခိုက် လျှပ်တစ်ပြက် အတွင်းမှာပဲ စစ်ကား ပြောင်းရိုက်လိုက်ကြသည့် အခါမျိုးလည်း ရှိသည်။ ဆရာမက သောင်းကျန်းသူ ၊ ကျွန်မတို့က သောင်းကျန်းသူကို နှိမ်နင်းရသူပေါ့။

သည်လို ရုပ်ရှင်ရိုက်တမ်း ကစားပြန်တော့လည်း “မွေး” သည် ကျွန်မနှလုံးသားကို ဆုပ်ကိုင်ထားမြဲ ဖြစ်၏။ ရေဆင်းတံတားအဆုံးတွင် ခြေထောက်လေးကို တွဲလောင်းချရင်း ဘော်ငွေရောင်လဲ့နေသော ဝါးခယ်မ မြစ်ကြီးကို ငေးကာ လွမ်းဆွေးရသည့် အခန်းတွင် နောက်ခံသီချင်းကို သူငယ်ချင်းတွေက သီဆိုပေးရပါသည်။ ဆိုကြသည့် သီချင်းတော်တော်များများ မှာ

ဗဒင် သီချင်းများဖြစ်သည်။

"ဘုရားကျောင်းလည်း မင်းက မတက်တာ အတော်ကြာပြီ xxx အပေါင်းအသင်းများ စုမိတဲ့အခါ ငယ်စဉ်က အကြောင်းတွေ xxx ပြန်ပြီး ပြောဖြစ်တယ်ဆို... မင်းသတင်း မင်းနာမည်တွေ မင်းအကြောင်းများ ရောက်လာရင် ပြောရင်း စိတ်ထိခိုက်တယ် xxx မင်းကတော့ တို့နဲ့ ပါမလာဘဲ xxx အမှောင်ထဲမှာ ဆက်လျှောက်နေဆဲ..."

သူတို့က တစ်ယောက် တစ်ပေါက် ကပြောင်းကပြန်နှင့် ရရာသီချင်းကို ဆိုချင်သလို ဆိုကြသည်။ မွေးဖြစ်သူ ကျွန်မကလည်း ဆွေးချင်သလို ဆွေးပေးရသည်။ တစ်ခါတလေ သူတို့တွေ ဈာန်ဝင်ပြီး သီချင်းဆိုတာကို မရပ်ကြတော့သဖြင့် မင်းသမီးမှာ ဆွေးတာကို နားချင်လျက်က မနားနိုင်ဘဲ ပြတ်ကျလုလု ဖြစ်သည်အထိ ဆွေးပေးရပြန်သည်။

"တော်တော့ဟာ...နင်တို့က...ငါ ပျင်းလာပြီ"

တစ်ခါတလေ ကျွန်မက ဂျစ်ကန်ကန်လုပ်ပြီး ဈေးဆစ်တာလည်း လက်မခံကြပါ။

"နင်ကနော်... နော့်နော်နော်... နင့်အလှည့်ကျတော့နော်... နော်နော်နော်... တမင်ညစ်တယ်နော်... ငါတို့သီချင်းဆိုလို့ ဝတဲ့အထိနော်... နော့်နော်နော်... သရုပ်ဆောင်ပေးရမယ်နော်"

အများနှင့်တစ်ယောက် ဆိုတော့လည်း ကျွန်မမှာ အားမတန် မာန်လျှော့ရလေသည်။ ဒါနှင့်ပဲ မွေး ဇာတ်ကားရိုက်မည်ဆိုလျှင် အဆွေးခန်းကို ကျွန်မမှာ အလိုလိုနေရင်း လန့်နေမိတော့သည်။

ထိုသို့ ရုပ်ရှင်ရိုက်တမ်း ကစားသည်မှာ ကလေးတုန်းကတင် မဟုတ်။ ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ် ပထမနှစ်အထိ ကစားသေးသည်။ ထိုစဉ်က ကျွန်မ၏ မင်းသား၊ မင်းသမီးများက ရပ်ကွက်ထဲက နှစ်တန်း၊ သုံးတန်းအရွယ် ကလေးတွေပေါ့။ ရိုက်သည့် ဇာတ်ကားကတော့ "မောင့်မူပိုင်ရှင်"။

ဖေဖေကတော့ သူ့သမီးတွေကို အလှအပနှင့် ဖက်ရှင် အသစ်အဆန်း များဘက် စိတ်ဝင်စားနေတာမျိုးထက် ကလေးတွေနှင့်သာ လုံးထွေး အော်ဟစ် ကစားနေတာမျိုးပဲ မြင်ချင်သည်။ သို့နှင့် ကျောင်းပိတ်ရက်ဆိုလျှင် ရပ်ကွက်ထဲက ရှိသမျှ ကလေးပေါင်းစုံမှာ ကျွန်မတို့ အိမ်မှာသာ လာကစားကြသည်။ သုံးနှစ်အရွယ်မှ ရှစ်တန်းအထိ ပါသည်။ ကလေးတွေပျော်အောင် မိုနိုပိုလီတို့၊ ပေသီးတို့၊ မြွေကားချပ်၊ ပုံပြင်စာအုပ်၊ ကလေးဂျာနယ်မျိုးစုံတို့ကို ဖေဖေက ဝယ်ပေးထားလေသည်။ သူတို့တွေကလည်း ကျွန်မတို့ အိမ်ဆိုလျှင် အတော်ပျော်ကြသည်။ အကြောင်းမသိသူတွေကတော့ "အိမ်က နေ့ကလေးထိန်း ကျောင်း ဖွင့်ထားတာလား" ဟုပင် မေးယူရသည်။

သူတို့နှင့်ကတော့ "မောင့်မူပိုင်ရှင် " ဇာတ်ကားရိုက်တမ်း တစ်ရက် သာ ဆော့လိုက်ရ၏။ မူလတန်းကလေးတွေဆိုတော့ ကျွန်မပေးသည့် ဒိုင်ယာလော့ကို စာတစ်ကြောင်းလျှင် ငါးခေါက်လောက် အော်ပြီး ကျက်ကြသည်။ "မမခိုင်... မမခိုင်... ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်ကို... ကျွန်တော့်ကို... ဒီလို... မပြောပါနဲ့...

မပြောပါနဲ့" (ငါးခေါက်)၊ "မိုးလွင်…မိုးလွင် … ရှင်ဟာ… ရှင်ဟာ တော်တော်ယုတ်မာပါလား (ငါးခေါက်)။ ထုံးစံအတိုင်း သူတို့ စာအော်ကျက်သလို ဒိုင်ယာလော့ကို အော်ကြီးဟစ်ကျယ် ကျက်ကြလေတော့ လူကြီးတွေက ဒီကလေးတွေ ဘာစာတွေ အော်ကျက်နေပါလိမ့်ဆိုပြီး အာရုံစိုက်နားထောင်သည့်တွင် အဖြေကို သိသွားပြီး "ကလေးတွေကို မဟုတ်တာတွေ သင်ပေးရပါ့မလား" ဆိုသော ပုဒ်မဖြင့် ဇာတ်ညွှန်းဒါရိုက်တာမမလည်း ရိုက်ကူးခွင့် အပိတ်ခံရ တော့သည်။

ဘဝတစ်လျှောက် ကျွန်မ၏ ဝါသနာကို ပါရမီဖြည့်ပေးသူများထဲတွင် ငယ်သူငယ်ချင်းများကိုလည်း မှတ်တမ်းတင်ထားရပါလိမ့်မည်။ ထို့အတူ ကျောင်းက ဆရာမများလည်း ပါပါသည်။ စာစီစာကုံးပြိုင်ပွဲဆိုလျှင် သူတို့ မျက်စိထဲတွင် ကျွန်မကိုသာ မြင်လေ့ရှိသည်။ မြို့နယ်အဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ကျောင်းကိုယ်စားပြုအဖြစ် ကျွန်မကိုပဲ လွှတ်ပြီး ပြိုင်ခိုင်းတတ်ပါသည်။ မေမေကလည်း ဒါကျတော့ အားပေးသည်။

နောက်တော့ စာစီစာကုံးပြိုင်ပွဲတွင်သာမက တပ်မတော် ဉာဏ်စမ်း ပဟေဠိ ပြိုင်ပွဲတို့၊ တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတို့ ဆိုလျှင်လည်း ကျွန်မပဲ သွားပြိုင် ရပါသည်။ မေမေက အားပေးသော်လည်း ကျွန်မမှာ ဘိုးအေဖြစ်သူကို ကြောက်ရပါသည်။ သည်လို ကျပန်းစကားပြော ပြိုင်ပွဲဆိုလျှင် အိမ်မှာ လေ့ကျင့်လျှင် အသံကျယ်ကျယ်ထွက်ပြီး မကျင့်ဝံ့။ ဘဘက မကြိုက်တတ်ပါ။

သူငယ်ချင်းတွေကတော့ ကျေးဇူးတင်စရာ ကောင်းလှသည်။ ကျွန်မ စင်ပေါ်ရောက်ပြီဆိုတာနှင့် စပြီး လက်ခုပ်တီးသည်။ ကျွန်မ စကား တစ်ခါ ချတိုင်း တစ်ခါလက်ခုပ်တီးသည်။ ဘယ်သူမှ အဲလောက်ကြီးတော့ မတီးကြ၊ သူတို့ပဲ တီးသည်။ အမှတ်ပေးအကဲဖြတ်ပေးရသော ဆရာ တစ်ယောက်ကတောင် လှမ်းပြီး သတိပေးရသေးသည်။

"ဟိုဘက်အုပ်စုတွေ ခဏခဏ လက်ခုပ်တီးမနေကြနဲ့လေ…ပြောတဲ့သူက ဖြောင့်ဖြောင့် မပြောရဘူး"

ကျွန်မကတော့ ဟာသစာအုပ်ထဲမှာ ဖတ်ဖူးခဲ့သည့် ပီတာလေး ထုံးကိုသာ နှလုံးမူပါသည်။ ထိုဟာသကို ကြားဖူးသူများလည်း ရှိလိမ့်မည်။ ဇီဝဗေဒဘာသာ စာမေးပွဲဖြေရမည့် ပီတာလေးသည် သန်းအကြောင်းကိုသာ ဖတ်လာသည်။ စာမေးပွဲမေးခွန်းက ခွေးအကြောင်းဖြေပါ ဆိုလေတော့ ခွေးဆိုသည့် သတ္တဝါဟာ ခန္ဓာကိုယ်ကို အမွေးတွေနှင့် ဖုံးအုပ်ထားတာမို့ သန်းလည်း ရှိမှာပဲတဲ့။ သန်းဆိုသော သတ္တဝါကတော့ ဆိုပြီး သူ ကျက်လာသည့် စာကိုသာ ဖြေသည်။ ကြောင်အကြောင်း မေးပြန်တော့လည်း … ကြောင်ဆိုသည့် သတ္တဝါမှာ အမွေးတွေနှင့် သတ္တဝါ ဖြစ်သည်။ ထိုအမွေးတွေကြားမှာ သန်း ရှိမည်၊ သန်းဆိုသည့် သတ္တဝါမှာဟု အစချီကာ သန်းအကြောင်း ရေးပြန်သည်။ နောက်တစ်ခါ မေးခွန်းက ငါးအကြောင်းတဲ့။ ပီတာလေး ဒုက္ခရောက်မည် ထင်သလား။ မဟုတ်ပါ။ အင်မတန် ဉာဏ်ကောင်းသော ပီတာလေး ဖြစ်သည်။ ငါးဆိုသည်မှာ အကြေးခွံတွေနှင့် ဖုံးအုပ်ထားသော သတ္တဝါ ဖြစ်သည်။ အကယ်၍ သူ့ခန္ဓာကိုယ်မှာ အမွေးသာ ရှိခဲ့လျှင် သန်းလည်း ရှိမည်။ သန်းဆိုသည်မှာ ဆိုပြီး ထုံးစံအတိုင်း သန်းအကြောင်းပဲ သူ ပြောလေသည်။

ကျွန်မလည်း ပီတာလေးနှင့် မထူးခြားလှ။ စင်ပေါ်တက်ပြီး စကား ပြောတာအပြင် သီချင်းလည်း ဆိုချင်လေတော့ "အာရှ သူ့ရဲကောင်း" တစ်ပုဒ် ကိုတော့ အပီကျက်ထားသည်။ ပထမမြန်မာနိုင်ငံကို တည်ထောင်သော အနော်ရထာအကြောင်း ခေါင်းစဉ်ပဲ ကျကျ၊ ဘုရင့်နောင်အကြောင်း ပြောဖို့ ခေါင်းစဉ်ပဲကျကျ၊ ကျက်ထားသော သမိုင်းကို မှတ်မိသလောက် အနည်းငယ်သာ ပြောပြီး "ဒီလိုနိုင်ငံတော်ကြီးဟာ နယ်ချဲ့လက်အောက်ကို ကျရောက် ခဲ့ပါတယ်" ဟူ၍ ဇွတ်အတင်း ဆက်စပ်လိုက်ကာ "မြန်မာ့လွတ်လပ်ရေး အတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်..." ဆိုပြီး သီချင်း စဆိုပါတော့သည်။ ဆုရသည်၊ မရသည်အပထား၊ စင်ပေါ်မှာ သီချင်း ဆိုခွင့်ရခဲ့တာ အမြတ် မဟုတ်ပါလား။

ကျွန်မ ဘာလုပ်လုပ် သူငယ်ချင်းများကတော့ အားပေးသည်။ ပုံပြော ကောင်းသည်ဟု သူတို့က ထောက်ခံထားသဖြင့် ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တိုးရလေသည်။

သူတို့ဆီက တစ်ခုတော့ အမှန်အတိုင်း ကြားခွင့် ရခဲ့သည်။ ကျပန်းစကားပြောပြိုင်ပွဲတွင် စင်ပေါ်တက်ပြီး ပြောတာထက် အတန်းထဲတွင် ဝတ္ထုဇာတ်လမ်းများကို သည့်အတိုင်း ပြန်ပြောပြတာက နားထောင်လို့ ပိုကောင်းသတဲ့။ သူတို့ နားထောင်ဖူးသော ဇာတ်လမ်းများထဲတွင် မွေးက အကောင်းဆုံးတဲ့။ ကျွန်မက မွေးနှင့်ပတ်သက်လျှင် လိုက်လိုက်လှဲလှဲ ရှိသတဲ့။ မွေးဇာတ်လမ်းကို ပြောရတိုင်း မေမေ့မျက်နှာကို မြင်ယောင်ရစမြဲ၊ အမေဖြစ်သူနှင့် အစ်ကိုဖြစ်သူကို လွမ်းဆွတ်သည့် မေမေ့ ခံစားချက်ကို စာနာရစမြဲဆိုတာ သူတို့မှ မသိတာပဲ။ မိခင်၏ ဝေဒနာကို မျှဝေစာနာပြီး ပုံဖော်သည့် ဇာတ်လမ်းမို့ မွေးက သူတို့အတွက် ပိုပြီး ထိရသည့် ဇာတ်လမ်း ဖြစ်တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

❑

(၁၅)

ချစ်တဲ့သူငယ်လေ

တပို့တွဲလ၏ အဖျားပိုင်း နေ့ရက်များသည် လွမ်းစရာကောင်းလှ၏။ ညဦးပိုင်းတွင် အအေးဓာတ် ကြွင်းကျန်နေသေးသော်လည်း နေ့ခင်းပိုင်းတွင် အချမ်းပေါ့လာသည်။ မြူဝေသော မနက်ခင်းတို့လည်း တစ်စတစ်စ ပါးလျလာပြီ။ ညြို တွန်သံသည် နွေရာသီကျောင်းပိတ်ရက်၏ တပ်လှန့်သံ ဖြစ်ပါသည်။ စာမေးပွဲကြီး နီးလာပြီပေါ့။ သူငယ်ချင်းတွေနှင့် ခွဲရတော့မည်။

စိတ်ဝိညာဉ်သည် စာသင်ခန်းထဲသို့ နောက်ကြောင်းလှည့် ပြေးဝင်ပြန်သည်။ တောင်ပြန်းလက်ကောက်တို့၊ ဆွဲကြိုးတို့နှင့် ချစ်စရာကောင်းနေသော အတန်းဖော်များ၊ “ဒါ ငါ့နေရာ… ကျော်တဲ့သူကို ပေတံနဲ့ ရိုက်ကြေး” ဆိုပြီး ထိုင်ခုံကို စည်းသားကြသည့် အဖြစ်များ၊ “နင် ငါ့ကို ခေါ်မှာလား… မခေါ်ဘူးလား… ခေါ်မှာဆိုရင် ဒီလက်ညှိုးကို နိုပ်” ဟုဆိုကာ လက်ညှိုးနှင့် လက်ခလယ်ကို ကွေးပြီး ငြိမ်းချမ်းရေးယူကြပုံများ၊ ရန်ဖြစ်ပြီးတိုင်း အငြိုးအတေး မရှိ မြန်မြန်ပြန်ခေါ်ကြသူများ၊ ပြန်ခေါ်ကြသည်နှင့် “နင်နဲ့ ငါနဲ့ မခေါ်တုန်းကလေ” ဆိုသည့် စကားအစချီပြီး ပြောမကုန်လောက်အောင် တွတ်ထိုးကြပုံများ။

အရယ်အပြုံးတချို့ကို ပြန်မြင်ရသည်။ ညည်းညူသံတချို့ကို ပြန်ကြားရသည်။ စွဲလမ်းခဲ့ဖူးသော ဧကရာဇ်ပန်းရနံ့တို့သည်လည်း တလှပ်လှပ် ဝေးသွားလိုက်၊ တအိအိ စူးလာလိုက်နှင့်။ ပြီးတော့ သူငယ်ချင်းတွေ အမှတ်တရ ရေးပေးခဲ့သည့် အော်တိုစာအုပ်လေး။ လတ်ဆတ်မြဲဖြစ်သော အမှတ်တရများ။ စာသင်နှစ်တစ်နှစ်လုံး ဘယ်လောက်ပဲ ရန်ဖြစ်ဖြစ်၊ နှစ်ကုန်ခါနီးလျှင် လွမ်းကြရပြီ၊ တစ်သက်လုံး သတိရပါမည့်အကြောင်း သက်သေ ထူကြရလေပြီ။

သည်လိုအချိန်ဆို ကျွန်မတို့ သူငယ်ချင်းတစ်သိုက်မှာ အလုပ်ရှုပ်ရ လေပြီ။ စာကျက်ဖို့အတွက်တော့ မဟုတ်၊ အပြန်အလှန် အော်ကို ရေးပေးရသော အလုပ်ကြောင့် စာကျက်ဖို့ဆီသို့ အာရုံမရနိုင်။ သူ့အော်ကို စာအုပ် ကိုယ်ယူ၊ ကိုယ့်အော်တို စာအုပ် သူ့ပေးနှင့်၊ ကျောင်းဆင်းလို့ အိမ်ပြန်ချိန် ဆိုလျှင် အော်တိုစာအုပ်တစ်ထပ်နှင့် ပြန်လာရတတ်သည်။

“ခေါင်းလောင်းသံတိတ် ကျောင်းကြီးပိတ်လည်း မင်းကို သတိရနေမှာပါ”

“ကောင်းကင်ပြာတာ သဘာဝ၊ မင်းကို ချစ်တာ ထာဝရ”

“စက္ကန့် ၆၀ တစ်မိနစ်…မင်းကို ချစ်တာ ဒီတစ်နှစ်၊ မိနစ် ၆၀ တစ်နာရီ…မင်းကို ချစ်တာ ကြာပါပြီ၊ ၂၄ နာရီတစ်ရက်…မင်းကို ချစ်တာ ဒီတစ်သက်”

“တိုးတိုးပြောမယ်
တိတ်တိတ်နားထောင်…သုံးလုံးတည်းရယ်…ခင်တတ်တယ်”

"မြကျွန်းညိုညို တက္ကသိုလ်ကို ရက်တိုတိုနှင့် ရောက်ပါစေ"

သည့်လိုကွန့်ညွန့် ရေးသားရသည့်မျိုးကို ကျွန်မတို့တွေ သဘောကျကြသည်။ သူငယ်ချင်းတွေမှာ ထိုခဏတော့ ကဗျာဆရာ၊ ကဗျာဆရာမတွေ ဖြစ်ကုန်ကြသည်။

ကျွန်မမှာ မဂ္ဂဇင်းကိုလည်း ကိုယ်တိုင် ထုတ်နေသူ၊ ရုပ်ရှင်ရိုက်လျှင်လည်း ဒါရိုက်တာ လုပ်နေသူမို့ အော်တိုရေးပေးသည့် ကိစ္စမှာလည်း အညံ့ မခံနိုင်။ သူတို့ ရေးနေကျ "အလှအတွက် မှန်ကြည့်သလို ဘဝအတွက် စာကြည့်ပါ" ဆိုသလိုမျိုးက ရိုးသည်လေ။ အော်တိုစာသားကို သူများထက် ထူးပြီး ရေးချင်သည်။ သို့နှင့် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၏ ကဗျာ စာအုပ်မှာ ကျွန်မအတွက် မှီငြမ်းကိုးကားစရာ ဖြစ်လာသည်။

"နင်ရေးတဲ့ အော်တိုက သူများနဲ့ မတူဘူး … ပိုကောင်းတယ်"

သူငယ်ချင်းတွေက မြှောက်ပေးလေလေ ကျွန်မကလည်း ကွေးအောင် ကလေ ဆိုသည့်အထဲကပါပဲ။ ထုံးစံကလည်း ကျွန်မတို့သည် ဘယ်သူ အော်တိုအရေးကောင်းသည်ကို အမြဲစနည်းနာကြသည်။ အရေးကောင်းသူ ထံကနေ အမှတ်တရစာများ လိုချင်ကြသည်။ ကျွန်မမှာတော့ ဆရာမောင်စိန်ဝင်း၏ ကျေးဇူးနှင့် အော်တိုရေးပေးပါရန် လက်မလည်အောင် အားပေးခြင်း ခံရပါသည်။ တကယ်တော့ သူငယ်ချင်းတွေဟာ ကျွန်မ၏ ပါရမီကို ဖြည့်ပေးကြသည့် သူတွေပါ။

အသက်ဆယ်နှစ်ကျော် အရွယ်တွေမို့ ကလေးစိတ်ကလည်း မကုန်သေး၊ သို့ပေမဲ့ လူကြီးတွေလိုလည်း လိုက်တုပပြီး လုပ်ချင် ဆိုသလို ဖြစ်နေကြသည်။ ဆရာမက လေ့ကျင့်ခန်းစာအုပ်ထဲမှာ Very Goodတို့၊ "တော်" တို့၊ "ကောင်း" တို့ ပေးလျှင်တော့ တသသကြည့်ပြီး ပျော်နေတတ်သူများ ဖြစ်သည်။ စတုတ္ထတန်းဖတ်စာအုပ်တွင် ဦးနာအောက်အကြောင်း သင်ရတော့ အင်္ဂလိပ်တို့ပိုင်သည့် ဧရာဝတီသင်္ဘောနှင့် ပြိုင်ဆိုင်ပြီးနောက် ရှုံးနိမ့်ခဲ့သည့် သူ့အတွက် ဝမ်းနည်းပြီး နဝရတ်ဘုရားမှာ သူငယ်ချင်းတွေစုပြီး ကုသိုလ်လုပ် အမျှဝေခဲ့ကြသူများ ဖြစ်သည်။ သို့ပေမဲ့ အတန်းထဲတွင် လူကြီးဂိုက်ဖမ်းပြီး ရွှေရောင်း ရွှေဝယ် လုပ်ကြသူများမှာလည်း ဒီအုပ်စုသာလျှင် ဖြစ်သည်။

ကျွန်မတို့သည် တစ်ယောက်၏ တောင်ပြုန်းလက်ကောက်ကို တစ်ယောက်က ချွတ်ကာ နမ်းရှုပ်ကြသည်။ ပြီးလျှင် ရွှေစစ်၊ မစစ် ခွဲခြား ကြသည်။ တောင်ပြုန်းလက်ကောက်ချင်းအတူတူပင် ကျွန်မတို့လက်ထဲ၌ တစ်ကွင်းက ရွှေအစစ်ဖြစ်ပြီး တစ်ကွင်းက ရွှေအတု ဖြစ်ချင် ဖြစ်နေတတ်သည်။ ကျောင်းနားက အိမ်တစ်အိမ်က တိုက်ဆောက်တော့ သူ့အိမ်ရှေ့တွင် ပုံထားသည့် ကျောက်စရစ်ခဲတွေကို ကောက်လာပြီး ကျောက်စိမ်းဖြစ်နိုးနိုး သွေးကြသည့် အခါလည်း ရှိသည်။ ပုရွက်ဆိတ်အနီကို အမဟု ထင်ပြီး ပုရွက်ဆိတ်အနက်ကို အထီးဟု ထင်ကာ တစ်ကောင်စီဖမ်းပြီး ပတ်ပတ်လည်ကို ဖဲကြိုးတွေနှင့် ဝိုင်းကာ သူတို့နှစ်ကောင်ကို မင်္ဂလာလည်း ဆောင်ပေးဖူးကြသည်။

လူကြီးတွေလုပ်သလို လိုက်လုပ်ကြသည့် အထဲတွင် စာချုပ်ချုပ်ဆို ကြသည့် ကိစ္စလည်း ပါသည်။ အချစ်ဆုံး သူငယ်ချင်းတွေ ဘယ်တော့မှ မခွဲဆိုပြီး လက်မှတ်ထိုး စာချုပ်ချုပ်ပြီး ထိုစာချုပ်ကို ပလတ်စတစ်အိတ်ဖြင့် အထပ်ထပ်ပတ်ကာ ဆရာ၊

ဆရာမများ အိမ်သာနားက သရက်ပင်အောက်တွင် မြှုပ်၊ ထိုသို့ မြှုပ်ထားခဲ့သည့် နေရာကို မြေပုံဆွဲမှတ်ကာ ထိုမြေပုံကို ကျောက်သင်ပုန်း နောက်ဘက်မှာ ဝှက်ထားခဲ့။ သည်လို ဝှက်ထားသည့် နေရာကို စကားဝှက်ဖြင့် မှတ်ကြသည့် အလွန်ပွေလီသော အလုပ်မျိုးလည်း လုပ်ခဲ့ကြသည်။ မသိလျှင် ရတနာမြေပုံကိုပဲ ဝှက်ထားရသလိုလို။ ပြီးလျှင် ကလေးဘာသာဘာဝ အင်မတန်လည်း စိတ်ကူးယဉ်ကြသည်။ ဘာလေးဖြစ်ဖြစ် ထူးဆန်းနေတတ်ကြသည်။

ပထမဦးဆုံးအကြိမ် မေမေနှင့်အတူ မြိတ်ကို ကျွန်မ လိုက်သွားမယ် ဆိုတုန်းကလည်း နိုင်ငံခြားသွားသည့်အလား သူတို့မှာ ထူးဆန်းနေကြသေးသည်။

"မြိတ်ဆိုတာ အဝေးကြီးဟ… ငါ့အမေ ပြောတာက ရထားလည်း စီးရမှာ၊ လေယာဉ်ပျံလည်း စီးရမှာတဲ့… ပြီးတော့ ရန်ကုန်ကနေ သွားရမှာတဲ့"

ရန်ကုန်ဆိုသည်ကို သူတို့ စိတ်ဝင်စားသည်။ ရထားစီးရ၊ လေယာဉ်ပျံ စီးရမည့် အတွက်လည်း ကျွန်မကို အလိုလိုနေရင်း အထင်ကြီးကုန်ကြသည်။ မေမေက ရထားကို ရိုးရိုးတန်းကနေသော ထိုင်ခုံဝယ်ပြီး ကျွန်မတို့ ညီအစ်မ နှစ်ယောက်ကို ကြမ်းပြင်တွင် စောင်ခင်းကာ အိပ်စေသည့် အကြောင်းကိုတော့ မည်သူမျှ မသိ။

မြိတ်ကိုသွားသည့် လေယာဉ်လက်မှတ်ရဖို့ မှောင်ခို ကြီးထွားနေသော ခေတ်တွင် မေမေသည် အဒေါ်နှင့်စပ်မှ တော်ရသည့် ဦးလေးအရာရှိ တစ်ယောက်၏ နာမည်ကို သုံးပြီး ၄-၅ ရက်အတွင်း လေယာဉ်လက်မှတ် ရောက်အောင် လုပ်ပါသည်။ လက်မှတ်အတွက် လိုအပ်သော စာရွက်စာတမ်းတွေ လိုက်ယူသည့် အခါ တက္ကစီဆိုတာ ဝေလာဝေးလို့ ခပ်သုတ်သုတ် လမ်းလျှောက်လိုက်၊ ဘတ်စ်ကားစီးလိုက်နှင့် တောင်ပြေးမြောက်ပြေးလုပ်တိုင်း သူသွားရာ နောက်ကို ဖတ်ဖတ်မောအောင် ကျွန်မတို့ တကောက်ကောက် လိုက်ရတာကိုတော့ သူငယ်ချင်းတွေက မသိ၊ ကျွန်မတို့ ရန်ကုန်သွားမည်ဆိုသည်နှင့်ပင် သူတို့မှာ အားကျလှပြီ။

"ရန်ကုန်ရောက်ရင် နင် ရဲအောင်ကို ဝင်တွေ့ခဲ့နော်"

"ငါ့အတွက်တော့ ကိုကိုလင်းမောင်ကို တွေ့ပေးနော်… အော်တိုလည်း ရေးပေးပါလို့ ပြောနော်"

သူတို့မှာပုံက မင်းသားရဲအောင်တို့၊ ကိုကိုလင်းမောင်တို့ကို တွေ့ချင်တိုင်း တွေ့ခွင့်ရမှာကျလို့။ ကျွန်မကတော့ ဘယ်သူ့မဆို "အေး… အေး… တွေ့ပေးခဲ့မယ်" ဆိုတာချည်း အာမခံခဲ့သည်။

တကယ်တမ်း ရန်ကုန်ရောက်တော့ ဘူတာကြီးကနေ ဆင်းဆင်း လာချင်း မေမေသည် လေယာဉ်ရုံးသို့ သွားသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်မှာ ကိုယ့်အကျီကို ကိုယ့်ဘာသာထည့်ထားသော ကျောပိုးအိတ် လေးကို ကိုယ့်ဘာသာ ပိုက်ပြီး အမေ့ကို မီအောင် လိုက်ရပါသည်။ သည်လောက် မီအောင် လိုက်နေသည့်အထဲကမှ ဖြစ်ချင်တော့ တစ်ခုသော လမ်းဘေးတစ်နေရာ၌ ခွေးခြေခုံလေးများခင်းကာ လက်ဖက်ရည်ဆိုင်ဖွင့်ထားသည့် နေရာတွင် ထိုင်နေသော ရုပ်ရှင်သရုပ်ဆောင် (ဦး)သန်းဖေလေးကို ဖျတ်ခနဲ တွေ့မိသည်။ သန်းဖေလေးပဲဆိုတာ သိတော့ ကျွန်မမှာ ပျော်လိုက်တာ။ နှုတ်လည်း မဆက်ရဲ၊

ကျောပိုးအိတ်ကလေးကို ပိုက်ပြီး သန်းဖေလေး၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ပိတိဖြာပေးခဲ့သည်။ မေမေ အော်ခေါ်တာကိုပင် မကြား။

မန္တလေးကို ပြန်ရောက်တော့ သူငယ်ချင်းများကို သိုင်းကာပိုင်းကာ ပြောပြရပါသည်။

"ရေ ရမယ်... ရေ ဆိုပြီး ရေကုသိုလ်လုပ်တဲ့ သူတွေရှိတယ် သိလား... ငါတို့နဲ့ ရွယ်တူပဲ... ဒါးပေမဲ့ ရေအိုးကို သူတို့ ရွက်နိုင်တယ်ဟ"

"မန္တလေးက အထွက်ကတည်းက လမ်းက လူတွေက ရထားကို ရေနဲ့ပက်ကြတာ... တံခါးကို ပိတ်ထားရရော"

"တောင်ငူနားရောက်တော့လေ ပြေငြိမ်း သေသွားတဲ့ တံတားနား ရောက်တော့မှာပဲဆိုပြီး ငါဖြင့် လှုပ်တောင် မလှုပ်ရဲဘူး... တော်ကြာ ငါပါ ရထားပေါ်ကနေ လိမ့်ကျသွားမှာစိုးလို့"

"နောက်ပြီးတော့လေ။ ရန်ကုန်မှာ ငါ သန်းဖေလေးကြီးကို တွေ့ခဲ့တယ် သိလား"

တခြားအကြောင်းအရာတွေကိုသာ စိတ်မဝင်စားလျှင် ရှိချင် ရှိမည်။ သန်းဖေလေးကို တွေ့ခဲ့ပါသည်ဆိုတော့ သူတို့၏ မျက်လုံးများ အရောင်လက်လာသည်။ တွေ့ခဲ့ပါသည်ဆိုရုံနှင့် မကျေနပ်။ ထပ်ကြား ချင်ကြသေးသည်။ ကျွန်မမှာလည်း "သန်းဖေလေးက ငါတို့ကို ထမင်းစား ဖိတ်တာ ငါတို့ မအားလို့ မသွားနိုင်ဘူး" ဘာဘာညာညာ မဟုတ်က ဟုတ်ကတွေ ပြောရသည်။ သူတို့ကလည်း "နင်ကလည်း သွားလိုက်တာ မဟုတ်ဘူးဟာ" ဆိုပြီး ပူညံပူညံလုပ်ကြသည်။ သည်လောက် ထူးလှသည့် အခွင့်အရေးကို ကျွန်မက လက်လွှတ်ပစ်ခဲ့သည့် သဘောနှင့် ကျွန်မကို မကျေနပ်ကြပြန်။

သည်သူငယ်ချင်းတွေသည် ချစ်စရာကောင်းလှသည်။ ဆရာမက ကျူရှင်ပိတ်သည့်အခါတိုင်း အမေ ဆူမှာစိုးသဖြင့် အိမ်မပြန်ချင်သေးသည့် ကျွန်မကို သူတို့အိမ်သို့ ခေါ်သွားကြသည်။ ပြောင်းပုပ်ရေထဲတွင် ငါးမျှား တော့လည်း အတူတူ၊ ပေါက်မြိုင်ကျောင်းတိုက်ထဲတွင် မာလကာပင်ပေါ် တက်တော့လည်း အတူတူ၊ သဲပုံပေါ် ကျွမ်းထိုးတမ်း ဆော့ကြတော့လည်း အတူတူ၊ အချိန်မစေ့လို့ ကျွန်မ အိမ်ကို မပြန်မချင်း တာရဲတန်းရပ်ကွက် တောင်ဖျားပိုင်းတွင် ဇာတ်တိုက်နေသော အငြိမ့်တို့၊ ဇာတ်တို့ စတည်းချရာ ဆီကို သွားမော့ကြတော့လည်း အတူတူ။

တစ်ခါသော် ဈေးရောင်းတမ်း ကစားကြသဖြင့် အတူတူ အရိုက်ခံရဖူးသည်လည်း ရှိသည်။ ထိုစဉ်က ကလေးသဘာဝမို့ အားကျမိရာ အားကျသည့် အထဲတွင် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လည်း ပါသည်။ ဘာကြောင့်ရယ်တော့ မသိ၊ ကျွန်မတို့လည်း တောင်းကို ရွက်ကာ ဈေးရောင်းကြည့်ချင်သည်။ သို့နှင့် ကျွန်မတို့ ညီအစ်မနှစ်ယောက်ရယ်၊ ကျွန်မအစ်မ၏ သူငယ်ချင်း နှစ်ယောက်၊ ပြီးတော့ ကျွန်မသူငယ်ချင်း။ အားလုံးပေါင်း ငါးယောက် ဈေးအရောင်းထွက်ရန် တိုင်ပင်ကြသည်။

ကျွန်မက ဘွားဘွား ဆန်ပြာသည့် ဆန်ကောကို တိတ်တိတ်လေး ယူလာခဲ့သည်။ ကျွန်မတို့မှာ ဘာရောင်းရမည် ဆိုသည်မျိုး မရှိ၊ စကောထဲတွင်

နေကြာစေ့ နှစ်ထုပ်၊ သကြွံပန်းကုံးတစ်ခု၊ ပိုလိုကားချပ်များ၊ အရုပ်နှစ်ရုပ်၊ ဆီးထုပ်တစ်ထုပ်။ သည်လိုစုံစီနဖာ ထည့်ထားပြီး ဘယ်လို အော်ရောင်းရမည် ဆိုတာလည်း မသိ။

"ငါတို့က ဘာအသည်လဲ"

"စျေးသည်ပေါ့ဟ ... စျေးသည်... စျေးသည်လို့ အော်ရောင်းမှာပေါ့"

"ဗန်းကို နင် ရွက်မှာလား"

"ဟင့်အင်း၊ ငါ မရွတ်ဘူး .. ဒီမယ် ငါပြောပြမယ်... ငါနဲ့ နင့်အစ်မ နဲ့က နင့်ဘေးနားမှာ နေပေးမယ်... နင်က ဗန်းရွက်... ငါတို့နှစ်ယောက်က စျေးသည်လို့ တစ်ယောက်တစ်လှည့် အော်ပေးမယ်... ကျန်တဲ့နှစ်ယောက်က တုတ်ကိုင်လာခဲ့"

"တုတ်က ဘာလုပ်ဖို့လဲ"

"ခွေးတွေ လိုက်ဆွဲရင် ယမ်းရမယ်လေ"

သည်လို တစ်ယောက်တစ်မျိုး အကြံများနှင့် စျေးရောင်း ထွက်ခဲ့ကြသည်။ စစချင်းမှာတော့ စျေးသည်ဆိုသည့် အော်သံမှာ သိပ်မကျယ်လှ၊ ရှက်နေကြလို့ တိုးတိုးညင်းညင်းသာ ထွက်နိုင်သည်။ နောက်တော့လည်း ရဲလာပြီး "စျေးသည်... ဟောဒီက စျေးသည်" နှင့် တကြော်ကြော် အော်နိုင်တော့သည်။

ကျွန်မတို့မှာ ခွေးမောင်းရရုံတင်မက လူပါ ဟန့်ရလေသည်။ အတန်းဖော်သူငယ်ချင်း ကောင်လေးတွေရှိတဲ့ ရပ်ကွက်ကို ဖြတ်သွားမိတဲ့ အခါ နောက်ကနေ လိုက်လာပြီး စကြသည်။ ကျွန်မတို့က "စျေးသည်" အော်လျှင် သူတို့ကလည်း စျေးသည်... စျေးသည် လိုက်အော်ပြီး စနောက်သည်။ သည်အခါ ခွေးယမ်းတုတ်ဖြင့် သူတို့ကို ဟန်ပြကာ ရန်စွာပေးရလေသည်။

ကျွန်မတို့သည် လေ့တန်း၊ ဘီးတန်း၊ စက္ကူတန်း၊ နဝရတ်၊ ကားဝင်း၊ မျက်ပါးရပ် စသည်ဖြင့် မီးရထားသံလမ်း အရှေ့ခြမ်း၊ အနောက်ခြမ်းတွင်ရှိသော ရပ်ကွက်တော်တော်များများကို ရောက်ခဲ့သည်။ အိမ်နှင့် လေး၊ ငါးပြ ဝေးသော နေရာများ ဖြစ်နေတာတောင် ဘေးအန္တရာယ်မရှိခဲ့။ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် ဆက်နေသည်ဖြစ်၍ ဒီကလေးတွေ ဘယ်ရပ်ကွက်က၊ ဘယ်သူ့ သားသမီးဆိုတာလည်း သိကြသည်။ သည်လို သိကြခြင်းကြောင့်ပင် ကျွန်မတို့ အိမ်ပြန်မရောက်မီကတည်းက ကျွန်မတို့ စျေးရောင်းထွက်သည့် သတင်းကို မေမေက ကြားရထားပြီး ဖြစ်သည်။

စျေးကလည်း မရောင်းရ။ နေစောင်းတော့ ကျွန်မတို့အားလုံး မောပန်း ခြေညောင်းပြီး ပြန်လာသည်။ မသွားခင်တုန်းကတော့ အားလုံး အတူတူ တာဝန် ခွဲဝေယူကြမည်၊ အမြတ်ရလျှင်လည်း အတူခွဲယူကြမည်ဟု သဘောတူထားသည်။ သာလျှင်လည်း အတူ၊ နာလျှင်လည်း အမျှပေါ့။ သို့သော် အိမ်ကို ပြန်လာရာတွင် လမ်းထိပ်ကို ရောက်ကတည်းက အိမ်ရှေ့တွင် ကြိမ်လုံးနှင့် စောင့်နေသော အမေ့ကို တွေ့ရလေသည်။

"မပြောမဆိုနဲ့ ပျောက်သွားလိုက်ကြတာနော်... လာပါဦး လာပါဦး...

ဈေးသည်တွေ ဒီကို လာပါဦး”

မေမေက ကြိမ်လုံးတဝင့်ဝင့်နှင့် ဈေးသည်အုပ်စုကို ဖိတ်မန္တကပြုသည်တွင် “နင့်အမေက ကြိမ်လုံးကြီးနဲ့ရယ် ... ငါတို့ ပြန်တော့မယ်နော်” ဆိုပြီး အေးအတူပူအမျှ ရဲဘော်ရဲဘက်များသည်လည်း တစ်မျိုးတည်း လစ်ကြတော့သည်။ သို့ပေမဲ့ သူတို့လည်း မလွတ်၊ အိမ်ပြန်ရောက်တော့ သူတို့အမေ တွေကလည်း သူတို့ကို ဒိုးပတ်ဝိုင်းရော၊ အိုးစည်ဝိုင်းရောနှင့်ပါ ဗျောတီးပေး ကြပါသည်။

⁕

၁၉၉၃၊ ၉၄၊ ၉၅ ခုနှစ်များ။

ကုန်ဆုံးသွားသည့် နေ့ရက်တွေနှင့်အတူ စီးမျောသွားသည့် သီချင်းများ။

ဗဒင်၏ နေရာ၊ အေးချမ်းမေ၏ တစ်စစီကျိုးပဲ့နေ၊ ဝင်းထွဋ်၏ ဆေးဆိုးပန်းရိုက်မျက်နှာအခွေထဲက စာအုပ်ထဲမှာ သင်တဲ့ မယ်သီတာခိုးတာ ဘယ်သူလဲ။ သည်သီချင်းတွေထက် နားရည်အဝဆုံးသီချင်းကတော့ တီဗွီ ကနေ နေ့တိုင်းလွှင့်သည့် သီချင်းများပေါ့ ။

“တို့သွေးလည်း မဟုတ်... တို့သားလည်း မဟုတ်... တို့အမျိုး လည်း မဟုတ်ပေ”

“ခိုင်မာဆုံးသော ပြည်ထောင်စုတွေ ကမ္ဘာအရပ်ရပ်မှာ ပြိုကွဲလျက် ရှိကြပေ... အယူအဆအမျိုးမျိုး လိုရာဆွဲကာ စစ်ခင်းလျက်ရှိကြပေ”

“ဒီမြေပေါ်မှာ နေလာဖူးသော ဘဝအတွက် ကျေးဇူး ရင်မှာ xxx ကျေးဇူးတရားအား နားလည်ခြင်းနဲ့ တုံ့ပြန်ပေးဆပ် နေလာဖူးတဲ့ ရတနာမြေအား လေး... စား”

“တစ်အူတုံဆင်းဗမာ မောင်နှမအရင်းအခြာ xxx ညီအစ်ကို သားချင်း တိုင်းရင်းဆွေတွေ xxx တောင်ပေါ်သားတွေ မြေပြန့်သားတွေ xxx ပြည်နယ်တိုင်းများ မွေးဖွားရာမြေ xxx ဘယ်လိုပင်ခြားခြား တစ်သား တည်းလေ xxx ဘယ်လိုပင်ဝေးဝေး တစ်ပြေးတည်းလေ xxx မြန်မာတွေ ဟန်ဆောင် မပြုံးတတ်ပေ xxx မြန်မာတွေ ဟန်ဆောင် မမုန်းတတ်ပေ xxx ဘယ်လိုပြောပြော သွေးက စကားပြောပါတယ်လေ”

တီဗွီက တိုက်ရိုက်လွှင့်သည့် လှေပြိုင်ပွဲကို ကြည့်ရသည်။ ဆင်ဖြူကန်ကွင်းက နွားပြိုင်ပွဲကိုလည်း သွားခဲ့သည်။ ပန်းဆယ်မျိုးပြပွဲဆိုတာလည်း ရှိခဲ့သည်။ အမျိုးသား ကျောင်းသား အားကစားပွဲတော် ဆိုတာကိုလည်း ဖန်သားပြင်ပေါ်ကနေတစ်ဆင့် မြင်ရဖူးပါသည်။ သဘင်သည့် သားသမီး အများဆုံးရှိသည့် ကျောင်းဖြစ်၍ အနုပညာမျိုးဆက် မရှားသည်မို့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြု ဝင်ပြိုင်ကြသည်။

ဆေးလိပ်ဆိုလျှင် ခပေါင်းတစ်ဘူးလျှင် လက်လီရောင်းဈေး ၂၅ ကျပ်၊ တစ်ကာတွန်းဆိုလျှင် ၃၀၀၊ လန်ဒန် တစ်ဘူးလျှင် ၃၀၊ တစ်ကာတွန်းဈေးက ၃၅၀၊ ငါးသုံးလုံး တစ်ဘူးလျှင် ၁၀၀၊ တစ်ကာတွန်း လျှင် ၉၈၀။ ခေါင်းလျှော်ရည်

ယိုးဒယားက လာသည့် အပြာရောင် တစ်ထုပ် ၁၀၊ ရွှေဝါဆပ်ပြာ တစ်တောင့် ၁၅ ကျပ်။ ဗလာစာအုပ်တွေက တီတီတီ ကျောင်းမှန်မှန်တက် စာမခက်၊ ဒီတီ၊ ဇာမဏီ တံဆိပ်တို့နှင့် ဖြစ်သည်။ ကျောင်းသင်ရိုးစာအုပ်ဟူသည် ကျောင်းသားတိုင်းကို အလုံအလောက် မပေး နိုင်သဖြင့် မဲနှိုက်ပြီး ကံထူးသူသာ ရခွင့်ရှိသည့် ဆုလာဘ်မျိုး ဖြစ်သည်။ သင်္ချာ (၂) ဘာသာရပ်အတွက် လိုအပ်သည့် ဒေါက်ချွန်တို့၊ စက်ဝိုင်းခြမ်းတို့ အတွက် တစ်ပါတည်း ပါသည့် ကွန်ပါဘူး ဆိုသည်မှာလည်း မဲနှိုက်ပြီး ယူရသည့် အရာ၊ ကျွန်မကတော့ ကံမထူးတတ်လေတော့ အဟောင်းတန်းကနေ မေမေ ရှာဝယ်လာပေးသည့် သင်ရိုးစာအုပ်အနွမ်းကိုသာ ပဋ္ဌကတ်သုံးပုံအလား တန်ဖိုးထားပြီး တရိုတသေ ကိုင်ရပါသည်။ တိုင်းမ်တို့ နယူးဝိစ်မဂ္ဂဇင်းအဟောင်း စာမျက်နှာတို့ကို ထိုသင်ရိုးစာအုပ်အဟောင်းများ အဖုံး ဖုံးရန် အတွက် အသုံးပြုခဲ့ကြသည်။

ကျွန်မတို့သည် လေညာကို ဆန်တက်သည့် ရွက်လှေပေါ်က လှေထိုးသားသစ်များ။ ခုနှစ်များ၊ သီချင်းများ၊ ဈေးနှုန်းများ၊ လူများ၊ ပြီးတော့ သူငယ်ချင်းများ။ သည်ဟာတွေအားလုံးသည် အလွမ်းဇာတ်ကို ထုထည်ကြီးမားအောင် ကူပံ့ကြသည်။ အငွေ့အသက်တို့သည် တစ်မျှင်ချင်း ဖယ်ခွာလို့ မရ၊ သူတို့သည် တပေါင်းတစည်းတည်း ယှက်နွယ်လျက် ရှိကြ၏။

မိုးရွာလျှင် ကျောင်းဝင်းထဲတွင် ရေပြည့်နေသဖြင့် ကျောင်းမသွားရပါ။ အိမ်ရှေ့တွင် မြောင်းရေကျော်နေသည့် ကတ္တရာလမ်းမပေါ်မှာ စက္ကူလှေ လေးတွေ အပြိုင်မျှောကြသည်။ ဆောင်းရာသီ ညနေများတွင် တိမ်ကင်းစင်လျှင် ကောင်းကင်ယံက လေတံခွန်တိုက်ပွဲမှာ ပြတ်ကျလာသည့် စွန်ကို လုကောက်ကြသည်။ မီးရထားကို မြင်လျှင် လက်ပြသည်။ ကြိုးခုန်ကြသည်။ ရွှေစွန်ညို ကြသည်။ ဖယ်ခုတ်ကြသည်။ ညှော်သည်လာရင် အိမ်ရင် ဖယ်ပေးဆိုပြီး တိုင်ဦး ကြသည်။ ပိစ်ဆိုတာ လက်နှစ်ချောင်း၊ ချောင်းတာက သူခိုး၊ ခိုးတာက ပိုက်ဆံ လုပ်ကြသည်။ ပတ်ပတ် ဗေလို့ ဗေလို့ဂျံ ကြသည်။ ပြီးလျှင် ရန်ဖြစ်ကြသည်။ ကျောင်းဆင်းချိန်တွင် လမ်းမကြီးခြားလျက်က လမ်းအရှေ့ဘက်နှင့် အနောက်ဘက် အော်ဟစ် ရန်ထောင်ကြသည်။ သို့ပေမဲ့ စာမရလျှင်တော့ ဆရာမ ဖျားပြီး ကျောင်းမလာပါစေနှင့် ဆုတောင်းသည့် နေရာမှာ စိတ်တူကိုယ်တူ ရှိကြသည်။

သကာရည် အနီရောင်၊ အစိမ်းရောင်နှင့် နို့ဆီဆမ်းပေးသော ယင် တလောင်းလောင်းဖြစ်နေသည့် ရေခဲခြစ်မှာ အလွန်စားကောင်းသည်။ လျှာတွေ၊ နှုတ်ခမ်းတွေ ရဲနေအောင် ကျန်ခဲ့စေသည့် အချဉ်ပေါင်းထုပ်များကို မက်မောခဲ့ ကြသည်။ အချိုမှုန့် အိတ်ထက်ဝက်ကျိုးအောင် ထည့်ပြီး ချက်ထားသော ကျောင်းက ကြာဆံဟင်း တစ်ပွဲ တစ်ကျပ်ကို ဟင်းရည်သုံးခါတောင်းပြီး သောက်ရသည်ကို ပျော်ပါသည်။ သို့ပေမဲ့ ဘဝသည် တရုတ်ဆေးသကြား လုံးလို လုံးပါးပါးပြီး အချိုကုန်ခါနီးတော့ ခါးသက်သက် ဖြစ်လာသည်။

တစ်ခုံတည်း အတူတူထိုင်သည့် သူငယ်ချင်း လင်းလင်းအေးက ဆဋ္ဌမတန်းစာမေးပွဲပြီးတော့ ကျောင်းထွက်သွားသည်။ ဖတ်စာစာအုပ် မဲပေါက်တာတောင် သူ့ခမျာ အပြည့်အဝ မပျော်နိုင်ရှာ၊ စာအုပ်ကို သူ့အမေ ရောင်းစားပစ်သဖြင့် ငိုခဲ့ဖူးသည့် ကျွန်မ သူငယ်ချင်းလေး။ ခမျာမယ် မန္တလေး ကျောက်ဝိုင်းမှာ ပန်းရောင်းဖို့ဆိုပြီး ကျွန်မတို့ကို နှုတ်ဆက်သွား ခဲ့သည်။

ကျောင်းက အပြန်ကျလျှင် အိမ်ကမှာလိုက်သည့် ဆန်ကို တစ်ပြည်ချင်း၊

မီးသွေးကို ကြွပ်ကြွပ်အိတ်နှင့် တစ်ထုပ်ချင်း ဝယ်ပေးရသည့် စုစုလှိုင်ကတော့ မီးသွေးဝယ်ဖို့ ၁၅ ကျပ် ကျပျောက်ခဲ့သဖြင့် ကျောင်းမှာ တစ်နေကုန် ငိုသည်။ နောက်တော့ ရထားသံလမ်း တံခါးစောင့် လုပ်ပေးရသည့် သူ့အဖေက မြို့ပြောင်းဘူတာကို ပြောင်းရတော့ သူပါ ကျောင်းထွက်သွားပြန်သည်။ ပြန်မတွေ့တော့။

လူကုံထံကျောင်း မဟုတ်သည့် ကျောင်းငယ်လေးကနေ့ တစ်နေ့တော့ ကျွန်မလည်း စွန့်ခွာလာခဲ့ရသည်။ ကြေးရထက်များနေသည့် မြို့လယ်ကောင်က ကျောင်းကို ပြောင်းရွှေ့ခဲ့၏။ အရင်တုန်းက စာပြိုင်ခဲ့ဖူးသည့် သူငယ်ချင်းတွေက ကျောင်းအသစ်မှာ ကျွန်မ စာမလိုက်နိုင်မှာ၊ အဆင့်ကျသွားမှာကိုတော့ စိုးရိမ်ကြသည်။ သူများကျောင်းမှာ ကျွန်မ ပထမရတာကိုပဲ သူတို့ မြင်ချင် ကြသည်။

သည်လိုနှင့် နှစ်တွေ ကြာသွားသည်။ တချို့ ငယ်သူငယ်ချင်းတွေကို ပြန်တွေ့ရပါသည်။ တချို့ကိုတော့ မတွေ့ရတော့၊ တချို့ကို မှတ်မိပေမယ့် တချို့ကိုတော့ မေ့နှင့်ပြီ။ ကလေးတွေဆိုလျှင် မုန့်အပိုပေးတတ်သည့် ကျောင်းက မုန့်ဈေးတန်းက ဒေါ်ကြည်စမ်းတို့ မိသားစု ဘယ်ရောက်သွားပြီလဲဟု မေးကြသည်။ "နင် ငယ်ငယ်က တွံတေးတူးမြောင်းကို ဇဒွေး(တံတွေး) တူးမြောင်းလို့ ဖတ်တာ မှတ်မိသေးလား"၊ "ဂဝံကျောက်ကို ၈၀ ဒီဂရီ ကျောက်လို့ ဖတ်ဖူးတယ်လေ" ဟု ကျွန်မကို စနောက်ကြသည်။ သည့်နောက် ဘယ်သူကတော့ သားသမီးဘယ်နှယောက် ရနေပြီး ဘယ်ဆရာမကတော့ ကွယ်လွန်သွားနှင့်ပြီ ဆိုတဲ့အကြောင်း ပြောဖြစ်ကြသည်။ "နင် မှတ်မိလား" ဆိုသည့် အစချီ စကားနောက်တွင် ပြောပြီးသားတွေကိုလည်း ပြန်ပြော ကြသည်။ ရယ်စရာရှိလျှင် ထပ်ရယ်ကြသည်။ လွမ်းစရာရှိလျှင် ထပ်လွမ်းကြသည်။

အလွမ်းရဆုံးအဖြစ်ကတော့ ဖေဖော်ဝါရီလ စာမေးပွဲဖြေခါနီးအချိန် သူငယ်ချင်းတွေ အတူစုပြီး စာကျက်ကြသည့် အချိန်ပေါ့။ စာစုကျက်ပြီးလျှင် မဟာမုနိဘုရားကို ခြေကျင်လျှောက်သွားကြသည်။ ဘုရားကြီး မြောက်ဘက် မုခ်တွင် နံ့သာသွေးကြသည်။ သူငယ်ချင်း ခြောက်ယောက်၊ ခုနစ်ယောက် စုပြီး ဖလားငယ်တစ်ဖလား ရအောင် နံ့သာကို ခပ်ပျစ်ပျစ်လေး သွေးကြ သည်။ ထိုနံ့သာသည် အရဏ်ကျင်းချိန်တွင် မဟာမုနိဘုရားကြီး မျက်နှာသစ်တော်အတွက် အလှူ ဖြစ်ပါသည်။ ဖလားတစ်လုံးရလာတော့ နံ့သာခွက်ကို အားလုံးအတူ ကိုင်ကြပြီး စာမေးပွဲအတွက် ဆုတောင်းကြပါသည်။

ဝေးဝေးလံလံ နေရာကို သူငယ်ချင်းတွေ အတူသွားခဲ့ကြဖူးတာဆိုလို့ ရောဝတီမြစ်လယ်က သောင်ပြင်ပေါ်ကို အလည်ထွက်ခဲ့တုန်းက တစ်ကြိမ်သာ ရှိပါသည်။ စတုတ္ထတန်းစာမေးပွဲအပြီး နောက်ရက်မှာပေါ့။ သူငယ်ချင်း၏ အမေ ပါသည်။ အတန်းပိုင်ဆရာမ ပါသည်။ ထိုနေ့က ကျွန်မတို့တစ်တွေ သောင်ပြင်ပေါ်မှာ ရေချိုးကြသည်။ စစ်ကိုင်းတံတားဘက်ကို တူရူပြီး ဆရာမရယ်၊ သူငယ်ချင်း အမေရယ်က ရွှေမန်းဆီသို့နှင့် ရွှေအင်းဝ သီချင်းကို ဖျော့ဖျော့ အေးအေး ညည်းကြသည်။ သီချင်းသံသည် မော်တော်သံ တဒုတ်ဒုတ်ကြားတွင် တစ်ခါတစ်ခါ နစ်ဝင်သွားခဲ့သည်။ မော်တော်သံကြောင့်ပင် ဟင်္သာငှက်များ အဝေးသို့ ပြေးကြသည်။ မြစ်သင်ဖြူးသည် အလှုပ်အခတ် ငြိမ်နေခဲ့ပါသည်။

သောင်ပြင်က အပြန် မန္တလေးတောင်ခြေက ရွှေကျင်ကျောင်းကို ဝင်လည်ခဲ့သေးသည်။ အဲသည်တုန်းက သူငယ်ချင်းသုံးယောက် အတူစုပြီး

ရိုက်ထားသည့် ဓာတ်ပုံကတော့ ဆေးသားတချို့ ပြယ်နှင့်ပါပြီ၊

ခုများတော့ လူတွေလည်း ကွဲကုန်ပါပြီ။ နှံ့သာရည်တွေလည်း ကျဲကုန်ပါပြီ။

❑

(၁၆)

ကြမ္မာမုန်တိုင်း လေရိုင်းဆင်သည်

၁၉၉၈ ခုနှစ်၊ ဧပြီ ၁၅ ရက်။

ထိုနေ့မနက် လင်းအားကြီးချိန်တွင် ကျွန်မ အိပ်မက်တစ်ခု မက်ပါသည်။ အိပ်မက်ထဲမှာ ကျွန်မ တစ်ခါမျှ မမြင်ဖူးသည့် အမျိုးသမီး တစ်ယောက်က မျက်နှာချင်းဆိုင်ပြီး ကျွန်မကို ပြောနေသည်။ ဒီဇင်ဘာ ၈ ရက်နေ့မှာ ကျွန်မ သေမယ်တဲ့။ အိပ်ရာက နိုးလာတော့ အိပ်မက်တစ်ခုလုံးတွင် ထိုရက်စွဲကိုသာ မှတ်မိနေသည်။ မေမေ့ကို အိပ်မက်အကြောင်းကို ပြောပြတော့ မျက်နှာ မကောင်းလှ။

သည်ကြားထဲ သနပ်ခါးလိမ်းသည့် ကျောက်ပျဉ်မှာ ကျွန်မကြောင့် ကျကွဲပါသည်။ အဲသည်ကျောက်ပျဉ်က ဖေဖေနှင့် မေမေတို့၏ အိမ်ထောင်ဦး ပစ္စည်း၊ စားပွဲပေါ်ကနေ အောက်ကိုအချမှာ ကျွန်မ လက်က လွတ်ကျပြီး နှစ်ခြမ်း ကျိုးသွားခဲ့သည်။ တိုက်ဆိုင်ချင်တော့ နောက်တစ်ကြိမ် ကျွန်မ အိပ်မက် ထဲတွင် အံသွားတွေ ကျိုးကုန်သည်ဟု မက်သည်။ နိမိတ်ဆိုသည်များကို အယုံကြည် လွန်သည့်အထဲမှာ မပါသော်လည်း စိတ်တော့ ထင့်ခဲ့သည်။ သည်ကြားထဲမှာ ကျွန်မတို့ မိသားစု မကြုံဖူးတာတွေကိုလည်း ကြုံရပြန်သေးသည်။

ပုံမှန်ဆိုလျှင် မနက် ခြောက်နာရီခွဲလျှင် မေမေ ဆိုင်ဖွင့်ပါသည်။ တချို့နေ့များတွင် လင်းအားကြီး ဆိုင်ဖွင့်လိုက်သည့် အချိန်မှာပဲ ဆိုင်ရှေ့မှာ ပြန့်ကျဲနေသည့် ဆန်စေ့တွေကို တွေ့ရတတ်သည်။ ဆိုင်မဖွင့်ခင် မည်သည့် အချိန်ကတည်းက မည်သူ လာကြဲထားမှန်း မသိ။ ဒါ့အပြင် ဆိုင်ရှေ့က ပန်းခုံဘေးမှာ ထမင်းနှင့်ဟင်းတွေကို ပုံပြီး လာချထားတာမျိုးကိုလည်း သုံး၊ လေးခါ ကြုံရဖူးသည်။ ခွေးစားနေတာမျိုးတော့ မရှိ၊ တစ်ခါမှာတော့ ကျွန်မတို့ အိမ်ရှေ့က တည်ပင်၏ သစ်ကိုင်းတွင် အရုပ်မကို ထူးထူးဆန်းဆန်း လည်ပင်းကနေ ချည်ပြီး ကြိုးဆွဲချသလိုမျိုး တွဲလောင်း လာချိတ်ထားပါသည်။ သည်အရာတွေကို မည်သူက ကြံစည်နေသည်ကို မသိရသော်လည်း ကျွန်မတို့ မိသားစုအပေါ်မှာ မလိုသူတော့ ရှိနှင့်ပြီပေါ့။

အဖြစ်အပျက်တွေက တိုက်ဆိုင်ချက်တွေ များလာသည်။ မိစ္ဆာသည် မဖိတ်ခေါ်ပါဘဲနှင့် အဖော်အပေါင်းနှင့် ရောက်လာသည်။ ရေပြင်ညီမျဉ်းသည် ရုတ်တရက် အောက်သို့ ငိုက်စိုက်ကျသွားသည်။ သေလွန်ပြီးသွားသော နကျယ်ကောင်တို့၏ ကျိန်စာ သင့်ခဲ့ပြီလား မသိ။

ထိုနှစ်က ကမ္ဘာ့ဖလား ဘောလုံးပွဲရာသီအပြီးတွင် ဘဘ အသည်း အသန် ဖြစ်ပါသည်။ တစ်နေ့ ကောင်းနိုး ကောင်းနိုးနှင့် အိမ်မှာပဲ ဆေးကု နေရာကနေ သတိမရတစ်ချက် ရတစ်ချက် ဖြစ်လာသည်။ အသက်ရှူသံတွေ ပြင်းလာသည်။ ဘဘကို ဆေးရုံကို အမြန်ပို့မှ ရတော့မည်။ သူ အတော်လေး မမာသည့် ညတွင် ဖြစ်ချင်တော့ မီးပျက်ပါသည်။

အိပ်ရာပေါ်မှာ လဲ့နေသည့် ဘဘ အနားသို့ တိုးကပ်၍ ဘွားဘွား ထိုင်ပြီး အသံမထွက်ဘဲ တိတ်တိတ်ရှိုက်ကာ မျက်ရည်တသွင်သွင် စီးရှာသည်။ နှုတ်ကမူ ဘုရားစာကို တဖွဖွ ရွတ်လျက်။ ဖယောင်းတိုင် မီးတောက်သည်လည်း လှုပ်လီလှုပ်လဲ့။

"မင်း အဖေ သေမှာလား ငါ့သားရယ်"

ဖျော့တော့သော သူ့လေသံတွင် ကြောင့်ကြမှုပမာဏက မနည်းနောလှ။ ဖေဖေက ဘွားဘွားကို နှစ်သိမ့်ပါသည်။ သည့်နောက် ချက်ချင်းပဲ ဘဘကို ပုဂ္ဂလိက ဆေးရုံကို ခေါ်သွားခဲ့သည်။ ဖေဖေရော၊ မေမေရော လိုက်သွားသဖြင့် ကျွန်မတို့ မြေးအဘွားတွေသာ ကျန်ရစ်ခဲ့ပါသည်။ ဘဘက မာမာချာချာမို့ တစ်ခါမှလည်း သည်လို သေကောင်ပေါင်းလဲ မဖြစ်စဖူးမို့ အသက်ဝိညာဉ်ကို သည်လောက်အထိ သူ့ခမျာ ခဲယဉ်းစွာ ဆုပ်ကိုင်နေရသည့် အဖြစ်ကို မြင်ရတော့ အတော်လေး စိတ်ပူမိကြသည်။ ထိုညက ကျွန်မတို့တစ်တွေ အိပ်မရ။ တော်သလင်းလဆန်း၏ အပူကလည်း စိတ်နွမ်းဟိုက်သူတို့ကို မညှာတာခဲ့။

ဆေးရုံတင်ပြီး တစ်ပတ်အကြာတွင် ဘဘ နလန်ထလာပါသည်။ သက်သာလာသည်။ သူ့အာရုံသည် ပြင်ပလောကနှင့် အဆက်အစပ် မိလာသည်။ အစားအသောက် ဝင်လာသည်။ ကျွန်မတို့မှာတော့ မိသားစု နည်းသည့် အိမ်မို့ အိမ်သားတစ်ယောက် ဆေးရုံတက်ရသည်နှင့် တစ်မိသားစုလုံးပါ ပင်ပန်းကြရသည်။ ဘဘ ဆေးရုံက မဆင်းမီမှာပင် ဘွားဘွား အိပ်ရာထဲ လဲသည်။

နေမကောင်း စစဖြစ်ချင်းတုန်းကတော့ သူ့အနားမှာ ကျန်နေခဲ့သည့် ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို မေးပါသေးသည်။

"ငါ့ မျက်စိတွေ ဝါနေသလားဟင်… ခရက်ပိုင်း နေလို့ သိပ်မကောင်းဘူး"

"အင်း … နည်းနည်းတော့ ဝါသလိုပဲ… ဆေးခန်းပြမလား"

"နေပါစေ"

သည်လိုပဲ ဘွားဘွား လွယ်လွယ် ပြောခဲ့သည်။ ထိုနှစ်က မမက ဆယ်တန်း၊ ကျွန်မက ကိုးတန်းပေါ့။ မေမေနှင့် ဖေဖေက ဆေးရုံမှာပဲ တစ်လှည့်စီမို့ ကျွန်မတို့ မြေးအဘွားတွေမှာ ဈေးဆိုင်က တစ်ဖက်၊ ကျောင်းနှင့် ကျူရှင်က တစ်ဖက်၊ လူနာနှင့် လူနာစောင့်အတွက် စားရေးသောက်ရေး မလစ်ဟင်းရအောင် လုပ်ပေးရတာတစ်ဖက်နှင့် အချိန်အားရသည် မရှိ။ ဘွားဘွားက နေမကောင်းတာကို ကျိတ်ခံသည်။ သူ့မြေးကြီး သန်းခေါင်ယံ အထိ စာကြည့်တာကို ဘေးနားကနေ ခြင်ယမ်းပေးရင်း ထိုင်စောင့်သည်။ သူ့မြေးအိပ်ခါမှ သူလည်း အိပ်သည်။ ကြာတော့ စိတ်က ဘယ်လိုပဲ တင်းခံခဲ့ပါစေ၊ ခန္ဓာကိုယ်ကို ညာလို့ မရပါချေ။ ထိုနှစ်ဦး အစကတည်းက ကျန်းမာရေး ချူချာနေခဲ့သည့် ဘွားဘွားမှာ ရေရှည် မဟာန်နိုင်ရှာပါ။ ဘဘ ဆေးရုံက ဆင်းလာတော့ သူလည်း စိတ်လျှော့လိုက်သည်ထင့်။ အစားမဝင်တော့။

ဆေးခန်းကိုတောင် သူ ကိုယ်တိုင် မသွားနိုင်တော့။ အိပ်ရာထဲမှာပဲ ကွေးကွေးလေး အိပ်နေကာ "နံကြားက အောင့်လိုက်တာ" ဟူ၍တော့ ဖွဖွ ညည်းရှာပါသေးသည်။ ဘွားဘွားကို ဆေးရုံတင်ဖို့ရာ စီစဉ်နေဆဲမှာပင် မေမေက

အရေးပေါ် ဖြစ်လာပါသည်။ သူကလည်း ညကျရင် အိပ်မရ။ အိပ်လိုက်တာနှင့် မောသည်။ ကောင်းကောင်း အသက်ရှူလို့မရ။ တစ်စုံတစ်ရာက သူ့ကို ပိတ်ဆို့ထားသည့်နှယ်။ ဆရာဝန်ကို သွားပြတော့ နှလုံးရောဂါဟု ယူဆသည်တဲ့။ ဓာတ်မှန်ရိုက်ဖို့ ပြောသည်။ ဓာတ်မှန်ရိုက်ကြည့်တော့ အဆုပ်မှာ ပြဿနာရှိသည်ဟု အဖြေပေါ်ပါသည်။ ဆရာဝန်က ဆေးရုံ တက်ခိုင်းတော့ ချက်ချင်း ဆေးရုံကောက်တက်လိုက်ရသူက ဘွားဘွား မဟုတ်ဘဲ မေမေ ဖြစ်သွားလေသည်။

ဘွားဘွားကတော့ မျက်လုံးပင် ကောင်းကောင်း မပွင့်တော့။ လက်မောင်းအောက်မှာ တွဲကျနေသော အရေပြားနှင့် အရိုးမှာ တခြားစီ ဖြစ်လာသည်။ မျက်တွင်းဟောက်ပက်သည် တစ်နေ့တခြား ပိုနက်လာသည်။ နှုတ်ခမ်းတွေ ဖြူရော်ခြောက်သွေ့နေတော့ ရေကို ဝါဂွမ်းလေးနှင့် ဆွတ်ပြီး သူ့ နှုတ်ခမ်းစများဆီသို့ တို့ပေးရပါသည်။ အခြေအနေ မဟန်တော့သည်မို့ အိမ်ကို ပင့်နေကျ ဆရာဝန်က သည်ရက်ပိုင်းမှာပဲ ဆုံးလိမ့်မည်ဟု အတိအကျ ဟောကိန်းထုတ်သွားသည်။ ထိုနေ့ညက ဆရာဝန် ပြန်သွားတော့ ဖေဖေသည် ဘွားဘွားကို ထားသည့် အခန်းထဲကနေ ကျွန်မတို့ အားလုံးကို အပြင်ထွက်ခိုင်းပါသည်။ သည့်နောက် တံခါးပေါက်ကို သူ ပိတ်လိုက်သည်။ အခန်းထဲတွင် ဖေဖေတို့ သားအမိနှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပါသည်။

ထိုတစ်ညလုံး ဘွားဘွားလက်ကို ကိုင်ပြီး ဖေဖေ ငိုခဲ့သည်။ ကလေး တစ်ယောက်လို ရှိုက်ကြီးတငင်ရယ်ပါ။ “ငါ့သားက ငါ့အသက်ပဲ” ဟု ကြွေးကြော်ခဲ့သူ၊ ပညာမတတ်သော်လည်း သားရဲ့အရေးနှင့် ပတ်သက်လာ လျှင် တစ်လောကလုံးကို စိန်ခေါ်ရဲသူ၊ “အမေ ဘာသိလို့လဲဗျာ” ဟု စကားခပ်မာမာ ပြောလိုက်မိရင်တော့ ခမျာမယ် မျက်နှာလေးငယ်ပြီး သူ့သား မျက်နှာကိုသာ နှုတ်ဆိတ်လျက်က ငေးကြည့်တတ်သူ၊ စာရေး ဝါသနာ ပါသည့် သားအပေါ် အထင်ကြီးတတ်သူ။

အခုတော့ သားလက်ကိုလည်း မဆွဲနိုင်တော့၊ သားဟုလည်း မခေါ် နိုင်တော့၊ သားရေ့ကလည်း မရပ်တည်ပေးနိုင်တော့။ ဒီရေသည် တဖြည်းဖြည်း ဆုတ်နှင့်ပြီ။ ဆည်းဆာသည် တဖြည်းဖြည်း ကျနှင့်ပြီ။ ကမ်းပါးသည်လည်း တဖြည်းဖြည်း ပြိုနှင့်ပြီ။ သည့်နောက် ဖေဖေသည် အားရအောင် ငိုပြီးနောက် ဘွားဘွား ဘေးမှာပဲ မေတ္တာပို့ အမျှဝေပြီး ပြတင်းပေါက်တွေကိုရော၊ ပိတ်ထားသည့် တံခါးမကြီးကိုပါ ဖွင့်ပေးလိုက်သည်။

နောက်တစ်နေ့က ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။

ဘွားဘွား အိပ်ရာထဲတွင် မြောနေကတည်းက ကျွန်မတို့ အိမ်တွင် အိမ်အကူမိန်းကလေးတစ်ယောက် ခေါ်ထားပါသည်။ အိမ်အကူတွေ မခေါ်ဖြစ်တော့တာ သုံးနှစ်နီးပါးလောက်ရှိမှ အိမ်မှာ လူမမာတွေ များနေသဖြင့် ခေါ်လိုက်တာ နှစ်ပတ်လောက်သာ ရှိပါသေးသည်။ ထိုအကူမိန်းကလေးရယ်၊ အရာတော်ကနေ ရောက်လာသည့် ဘဘအမျိုး တချို့ရယ်နှင့် လူမမာနားမှာ လူမပြတ်တော့ ရှိပါသည်။

ဘွားဘွားကိုတော့ အိမ်နောက်ဖေး မီးဖိုချောင်နှင့် အိမ်မကြီးအကြားက အလယ်ခန်းထဲမှာ ထားပါသည်။ ထိုနေ့က ကျွန်မ သိပ်နေမကောင်းလှ၍ ကျောင်းကနေ နေ့တစ်ဝက်ခွင့်ယူပြီး အိမ်ပြန်လာခဲ့သည်။ အပေါ်ထပ်က အခန်းထဲမှာ အိပ်နေစဉ် နေ့လယ် နှစ်နာရီခွဲလောက်တွင် အောက်ထပ်မှာ ရုတ်ရုတ်သဲသဲ

လူသံတချို့ ကြားရသည်။ အောက်ထပ်ကို ကျွန်မ ဆင်းလာတော့ ဘွားဘွား အခြေအနေ ပိုဆိုးလာသည့်အကြောင်း သိရသည်။ ဖေဖေက အိမ်မှာ မရှိ၊ ဆေးရုံကြီးမှာ မေမေ့ကို သွားကြည့်နေသည်။ မမက ဖေဖေ့ကို ပြေးခေါ်မည် လုပ်တော့ ဆိုင်မှာ ဈေးလာဝယ်နေကျ အိမ်နီးချင်း အန်တီကပဲ သူ့ကားနှင့် ဆေးရုံကို လိုက်ပို့ပေးပါသည်။ ဖေဖေနှင့်ကလမ်းမှာဘဲ တွေ့ကြလို့ သားအဖ နှစ်ယောက် အိမ်ကို အတူပြန်လာကြသည်။

အိမ်ရောက်တော့ ဘွားဘွား ဆုံးနှင့်ပြီ။ သူချစ်သည့် သားကိုရော၊ မြေးကိုရော မစောင့်ပါဘဲ သွားနှင့်ပြီ။ မနှုတ်ဆက်နိုင်ဘဲ ခွာနှင့်ပြီ။ သေခါနီး အချိန်တွင် အနည်းငယ် အမောဖောက် သွားသည်မှအပ ဝေဒနာကို ပြင်းပြင်း ပြပြ မခံစားလိုက်ရ။ ဘယ်ဘက်မျက်ဝန်းထောင့်မှာတော့ မျက်ရည်စ အနည်းငယ် စိုနေခဲ့သည်။

ကျွန်မအတွက်တော့ ဘဝတွင် တစ်သက်နှင့် တစ်ကိုယ် နာရေးကို နီးနီးကပ်ကပ် ကြုံရဖူးခြင်းဖြစ်သည်။ မိသားစု၏ ပထမဆုံး နာရေးပေါ့။ ကျွန်မတို့မှာ ဘာမှမလုပ်တတ်၊ ဆွေမျိုးတချို့နှင့် အိမ်နီးချင်းတွေရယ်၊ ရပ်ကွက် သာရေးနာရေး အဖွဲ့တွေရယ်က ဝိုင်းကြဝန်းကြနှင့်မို့သာ အရပ်ကောင်းမှုနှင့် ဘွားဘွားလည်း အလောင်းလှရှာသည်။ ရေချိုးတာ၊ ခြေမန်းကွင်း စွပ်တာ၊ လက်မ နှစ်ခုကို ပူးချည်တာ၊ မေးပြုတ်နေလို့ မေးအောက်မှာ အဝတ်ခုတာ၊ အသုဘ ခုတင်အောက်မှာ ရေအိုးထားတာ စသည့် ထုံးတမ်း စဉ်လာတွေကိုလည်း ရပ်ကွက်ကပဲ လုပ်ပေးပါသည်။

အသုဘညက ကျွန်မတို့တစ်တွေ မေမေ့ဆီကို သွားမစောင့်နိုင်ကြပါ။ မေမေ့ကို ဘယ်လို ပေးသိရမလဲ ဆိုတာကိုလည်း မကြံတတ်ကြ။ သို့ပေမဲ့ မေမေက သိနှင့်ပြီးပြီတဲ့။ ဘွားဘွား ဆုံးသည့်နေ့က ဖေဖေ ပြန်သွားပြီးသည့် နောက် ဆေးရုံက ရေအိမ်ထဲကို အဝင်၊ အဝမှာ မေမေ ချော်လဲမလို ဖြစ်သည်။ သည်မှာပဲ ဘွားဘွားရဲ့ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်မိခဲ့သတဲ့။

ဖြစ်ချင်တော့ သင်္ဂြိုဟ်မည့် မနက်မှာပဲ မြိတ်က မေမေ့ညီမ ဒေါ်ရှုအင် ရောက်လာပါသည်။ အိမ်မှာ လူမမာတွေ များနေသည့်အကြောင်း မြိတ်ကို လှမ်းပြီး အကြောင်းကြားထားဖူးတော့ သူတို့က မေးနေကျ ပယောဂ ဆရာမဆီမှာ အခြေအနေကို သွားမေးကြသည်။ ပယောဂဆရာမက ကျွန်မတို့ အိမ်မှာ မသန့်ရှင်းတာကို သူ တွေ့နေရသည့်အကြောင်း၊ ပြီးတော့ သည် ရက်ပိုင်းအတွင်း စနေသမီး ထွက်ကိန်းရှိသည့်အကြောင်း ဟောတော့ စနေသမီး ဖြစ်သူ မေမေ့အတွက် စိုးရိမ်ပြီး ကျွန်မတို့ အဒေါ်က ပယောဂဆရာကိုပါ ခေါ်၍ မန္တလေးကို အမြန်လိုက်ချလာသည်။ အိမ်ကိုရောက်တော့ နာရေးနှင့် သူတို့ တန်းတိုးသည်။ မေမေတော့ မဟုတ်၊ စနေသမီး နောက်တစ်ယောက် ဖြစ်သူ အဘွား၏ အသုဘပေါ့။

အဒေါ်နှင့် အဒေါ် ခေါ်လာသည့် ဆရာမကို ဆေးရုံကို လွှတ်ပြီး လူနာ စောင့်ခိုင်းပြီးမှ အသုဘချရပါသည်။ အဒေါ်ကို မေမေက မေးပါသည်။

“အိမ်မှာ အမေ ဆုံးပြီမဟုတ်လား” တဲ့။

“ဘီး .. နင် ဘယ်လို သိလဲ” မေးတော့ ပြန်မဖြေ။ “သူ လာနှုတ်ဆက်တယ်” ဆိုသည့် တစ်ခွန်းတော့ ပြောသည်။

ဘွားဘွားကို အသုဘချသည့် မနက်တွင် မိုးခပ်ဖွဲဖွဲကျနေသည်။ လေလည်း ခပ်ပါးပါး တိုက်နေ၏။ ခပ်မှုန်မှုန် သော့နေသည့် မိုးနှင့်လေထဲတွင် အသုဘ ကနားဖျင်းက အဖြူရောင်ပိတ်စသည် တလွင့်လွင့်။ မည်သည့် ဘုံဘဝကို ဘွားဘွား လွင့်ပါးသွားပါသနည်း။ တစ်နေရာရာကနေများ ကျွန်မတို့ကို ကြည့်နေပါသလား။ ကျွန်မတို့အနားမှာ ရှိနေပါသလား။ ကျွန်မတို့ကို စကားတွေ လှမ်းပြောနေပါသလား။ သွားနှင့်သူက သွားနှင့်ပြီပေါ့။

အသုဘချခါနီးကျမှ ရွာကနေ မမကိုင်း ရောက်လာပါသည်။

“ဒွေးလေးရေ… မိကိုင်း အလာကို မစောင့်တော့ဘူးလား”

မမကိုင်းက ဟီးချလိုက်သည်တွင် ကျွန်မတို့လည်း မျက်ရည်မဆည် နိုင်တော့ပေ။ ဘွားဘွား အိပ်ရာထဲ မလဲခင် တစ်ပတ်က မမကိုင်းဆီကို ပို့ဖို့ ကျွန်မကို စာရေးခိုင်းခဲ့သည်ကို သတိရမိသည်။

စာထဲမှာ … မကိုင်းတဲ့… ညည်းတို့လည်း ခြေခင်းလက်ခင်းသာမယ် လို့ ငါထင်တာပဲ၊ အဆင်ပြေရင် ငါ့ကို ဆီပို့ပေးပါဦးတဲ့၊ ဖြစ်နိုင်ရင်တော့ အဲဒီယာကွက်တွေ ငါ ရောင်းလိုက်ချင်ပြီ၊ ညည်းတို့ တတ်နိုင်ရင်လည်း ညည်း တို့ပဲ ယူ၊ ငါလည်း အသက်ကြီးပြီတဲ့၊ ငါ့မှာ ခြေစောင့်လက်စောင့် ဘာမှ မရှိဘူး၊ မသေခင်လေး လှူချင်တန်းချင်တယ်၊ ပေးချင်ကမ်းချင်တယ်တဲ့။ စာကတော့ သည်မျှပါပဲ။ သို့ပေမဲ့ အရာတော်ကို လူကြုံမရှိတာနှင့်ပဲ မမကိုင်း ဆီကို စာရောက်အောင် မပို့လိုက်ရ။ သည်ယာကွက်ကိုလည်း ဘွားဘွား စိတ်မစွဲတန်ကောင်းပါရဲ့လေ။

နေ့လယ် နှစ်နာရီတွင် အသုဘချပါသည်။ အသုဘကားရောက်ပြီ ဆိုတာနှင့် အခေါင်းသွင်းဖို့ရာ အလုပ်ရှုပ်ကြပြီ။ ဘွားဘွား၏ အလောင်းကို ဝိုင်းပြီး မ ကြတော့ ဘဘက ဆို့ဆို့နင့်နင့် ဆိုရှာသည်။

“မတင်ညွန့်ရေ… သွားတော့ဟဲ့… နင့်သားကိုလည်း မစွဲလမ်းနဲ့… နင့်မြေးကိုလည်း မစွဲလမ်းနဲ့… သွားပေတော့”

ဖေဖေသည် အိမ်နောက်ဖေးဘက်ကို ပြေးကာ အုတ်နံရံကို မျက်နှာ အပ်ပြီး ရှိက်ကြီးတငင်ငိုသည်။ ဘဘ၏ အစ်မကြီးဖြစ်သူ ကြီးတော်ကြီးက နှစ်သိမ့်ပေးရှာသည်။

“မောင်တင်မောင်ထွန်းရေ… လာလာ … အသုဘချတော့မယ်ဟဲ့”

အခေါင်းကို မပိတ်မီတွင် ကျွန်မတို့ ညီအစ်မနှစ်ယောက်၏ အရပ် နှင့်အညီ တိုင်း၍ ဖြတ်ထားသော အပ်ချည်ကြိုးကိုပါ နာရေးစီစဉ်ပေးသူတွေက ဘွားဘွားနှင့်အတူ ထည့်ပေးလိုက်ကြသည်။

ရေအိုးခွဲသံ၊ ကြေးစည်ထုသံတို့နှင့် ချိန်သားကိုက်ပြီး ကနားဖျင်းကိုလည်း ဖျက်ချလိုက်သည်။ အသုဘယာဉ်တန်းသည် တရွေ့ရွေ့ စပြီး ထွက်ခွာသည်။ ဘွားဘွားကတော့ ယာဉ်ထိန်းရဲ၏ အတားအဆီးကိုတောင် မခံရဘဲ ရှေ့ဆုံးက ကားနှင့် သွားရသည်ပေါ့။ အသုဘယာဉ်တန်းမို့ လမ်းဆုံများတွင် အခြား တစ်ဖက်က ကားတွေ၊ ဆိုင်ကယ်တွေ ရပ်ပေးကြသည်။ ဖြတ်သွားသည့် ယာဉ်တန်းကို သူတို့

လှမ်းကြည့်ကြသည်။ သံဝေဂလည်း ရချင်ရမည်၊ ကရုဏာလည်း သက်ချင်သက်မည်၊ သွားလေသူကတော့ ဘာကိုမျှ သိတော့မည် မဟုတ်ပေ။

မီးသဂြိုဟ်စက်ထဲ မသွင်းမီတွင် မိသားစုကြည့်ဖို့ရာအတွက် နောက်ဆုံး အကြိမ် အခေါင်းကို ဖွင့်ပြပါသည်။ သည့်တစ်ခါ ဘွားဘွား၏ မျက်နှာကို အနီးကပ်ကြည့်မိတော့ အတော်လေး ရုပ်ပျက်နေပါပြီ၊ နာမကျန်းဖြစ်စဉ် ကာလအတွင်း အစာရေစာ မဝင်တော့သဖြင့် သေလွန်သည့်အခါ သူ့မျက်နှာမှာ အရိုးခေါင်းအခွံသာသာ သာရှိပါတော့သည်။ ဘွားဘွား၏ သည်ရုပ်သွင်ကို မြင်တော့ မမက စူးခနဲ အော်ချလိုက်သည်။

"ဘွားဘွား"

ကန်တော့ပင် မကန်တော့နိုင်တော့။

"ဖေဖေရေ... ဘွားဘွားလေ..."

သည်မှာတင် သူ့အသံ တန့်သွားသည်။ ငိုရှိုက်သံကြောင့် သူ့ စကားမှာ ဗလုံးဗထွေး၊ ဆုံးအောင်လည်း မပြောနိုင်၊

ငိုသံတွေ ညံစီနေသည့်ကြားမှာပင် မီးသဂြိုလ်စက်အခန်း၏ တံခါး ပိတ်သံသည် "ဂျိန်း" ခနဲ ဟိန်းထွက်လာခဲ့သည်။

*

ဘွားဘွားကို သဂြိုလ်ပြီး နောက်ရက်မှာ မေမေ့ကို ဆေးရုံကနေ ခေါ်လာခဲ့သည်။ ရက်လည်ပြီးလျှင် မေမေ့ကို ရန်ကုန်မှာ ဆေးသွားကုဖို့ရာ ပြင်ဆင်ကြသည်။ မေမေ အိမ်ကို ပြန်ရောက်တော့ ခုတင်ပေါ်တွင် ဖြန့်ထားသည့် ဘွားဘွား၏ အင်္ကျီနှင့် လုံချည်ရယ်၊ သုသာန်ကနေ ချိုးယူလာသည့် သစ်ကိုင်းခြောက် ရယ်ကို ကြည့်ပြီး မျက်ရည်တွေတွေ ကျပါသည်။ သံယောဇဉ်သည် သိမ်မွေ့ နူးညံ့ပါ၏။ အလုံးအထည် မမြင်နိုင်ဘဲ ကိန်းအောင်းနေတတ်တာမျိုး။ အမြုတေလို သူ့အင်အားနှင့်သူ သိပ်သည်းကျစ်လျစ်အောင် တည်ဆောက်နေ တတ်တာမျိုး။ အလင်းအိမ်လေးလို တဖြည်းဖြည်း အရှိန်ယူပြီးမှ တောက်ပ တတ်တာမျိုး ဖြစ်သည်။ သိနိုင် မြင်နိုင်သည့် နေရာမှာ ဘွားဘွားရှိနေလျှင်တော့ သမီးချွေးမရဲ့ မျက်ရည်အတွက် ကျေနပ်ကောင်းပါရဲ့လေ။

ဘွားဘွားကို ငါးရက်နှင့်ပင် ရက်လည်လိုက်ကြသည်။ ရက်လည်ပြီး နောက်နေ့တွင် မေမေ၊ မြိတ်က အဒေါ်၊ ပယောဂဆရာမနှင့် ဖေဖေတို့ ရန်ကုန် ဆင်းကြတော့မည်။ ဒါပေမဲ့ သည်အတိုင်းတော့ ကျွန်မတို့ကို ထား မသွားကြပါ။ မသွားခင် ရက်လည်သည့် ညမှာပဲ အိမ်မှာ မသန့်ရှင်းသည့် အရာကို ဆရာမက ဖော်ပေးဖို့ရာ စီစဉ်ပါသည်။

နှစ်ရက်ခြား တစ်ခါသာ မီးလာသည်မို့ ထိုညက မီးပျက်သည့် အလှည့်။ ည ၁၀ နာရီထိုးတော့ ဆရာမက အိမ်မှာရှိသမျှ လူအားလုံးကို ဘုရားစင်ရှေ့သို့ ခေါ်လိုက်သည်။ သည့်နောက် အားလုံးကို ချည်ကြိုးနှင့် ဝိုင်းလိုက်ပါသည်။ သည်စည်းဝိုင်း အပြင်ဘက်ကို သူ့ခွင့်ပြုချက်မရဘဲ မထွက်ဖို့ မှာပါသည်။ နာနာဘာဝတို့၊ အောက်လမ်း၊ အထက်လမ်းတို့ကို အယုံအကြည် မရှိတတ်သည့်

ဘာဘာကတော့ အသာနှုတ်ဆိတ်နေပါသည်။

ဘုရားစင်ပေါ်တွင် ဖယောင်းတိုင်မီးများ စီတန်း မီးညှိထားသည်။ ဘုရားစင်ရှေ့မှာတော့ ပန်းကန်တစ်ချပ် ရှိသည်။ ကျွန်မ မှတ်မိသလောက်တော့ ရှေ့မှာရှိသည့် ပန်းကန်ထဲတွင် ဆန်စေ့တွေ ပါသည်။ ကြက်ဥ ပါသည်။ အပ်ချည်လုံး ပါသည်။ ကွမ်းယာပါ ပါသည်။

အားလုံး နေရာတကျဖြစ်တော့ ဆရာမသည် အတော်လေး ကြာအောင် ဂါထာတွေ ရွတ်ပါသည်၊ သူ့အသံဝဲတာရော၊ အသံက သိပ်မကျယ်လှတာရော၊ တစ်ခါမျှ မကြားဖူးတာတွေရောကြောင့် ဘာတွေရွတ်သလဲဆိုတာ မသိပါ။ သည့်နောက်မှာတော့ သူက ဓားကို ကိုင်ပြီး "ကျွန်မနဲ့ ဘယ်သူ လိုက်မလဲ" ဆိုပြီး မေးပါသည်။ ထိုအခါ ဘာဘာက မတ်တတ် ထရပ်လိုက်သည်။ ဆရာမက ဓားကိုကိုင်ကာ ဘာဘာက ဖယောင်းတိုင်ကို ကိုင်ပြီး အောက်ထပ်ကို ဆင်းသွားကြပါသည်။ ကျွန်မတို့အားလုံးကတော့ စည်းဝိုင်း ထဲတွင်သာ ကျန်ခဲ့ပါသည်။

ညအမှောင်က ပိုသည်းလာသလို ခွေးအူသံတွေလည်း ပိုကျယ်လာ ပါသည်။ လူခြေတိတ်ချိန်မို့ အရာရာသည် ဆိတ်ငြိမ်လွန်းလှသည်။ လူအုပ်ထဲမှာ ရှိနေလျက်ကပင် တစ်ယောက်ယောက်ကပဲ ကိုယ့်ကို စိုက်ကြည့်နေ သလိုလို ကျွန်မမှာ နောက်ကျောမလုံ ခံစားမိသည်။ မေမေ့နားကိုသာ တိုးကပ်ပြီး အောက်ထပ်က အခြေအနေကို နားစွင့်ထားရသည်။ ကျွန်မတို့တစ်တွေ တစ်ယောက်မျှ အသံမထွက်မိကြပါ။

အောက်ထပ်က မေမေတို့ အိပ်ခန်းနားကို ရောက်တော့ ဆရာမက ရပ်လိုက်ပါသည်။ ဆရာမသည် မျက်လုံးကို စေ့ပိတ်ထားသည်။ ပြီးနောက် သမံတလင်းနေရာကို ဓားနှင့် ထောက်ပြီး သည်နေရာမှာ လက်သီးနှင့် အားရပါးရ ထိုးချလိုက်ဖို့ ဘာဘာကို ပြောပါသည်။ ဘာဘာက သူ အားမသန်သည့် အကြောင်း ပြောတော့ ဖေဖေ့ကို အခေါ်ခိုင်းသည်။ ဘာဘာက အောက်ထပ် ကနေ ဖေဖေ့ကို လှမ်းအော်သည်။ ဖေဖေက ခွင့်မပန်ဘဲ မေ့ပြီး စည်းဝိုင်း အပြင်ဘက်ကို ထွက်လိုက်မိသည်။ စည်းဝိုင်းအပြင်ဘက်ကို ဖေဖေ ရောက်သွားသည်နှင့် အောက်ထပ်က ဆရာမက စိုးရိမ်တကြီးဖြစ်သွားသည်။

"ဟာ… လွတ်သွားပြီ.. လိုက်…လိုက်" တဲ့။

ဘာဘာလည်း ဘာလုပ်ရမှန်း မသိ။ ဆရာမက မြောက်ဘက် တံခါး ပေါက်ကို အတင်းဖွင့်ခိုင်းသည်။ ဖွင့်ပေးလိုက်တော့ ခြံစည်းရိုးနားကို တိုးကပ်သွားလေသည်။ ထိုစဉ်က ကျွန်မတို့အိမ်၏ မြောက်ဘက်အခြမ်းတွင် အုတ်တံတိုင်းကို တစ်ဝက်သာ ခတ်ထားနိုင်ပါသည်။ ကျန်တစ်ဝက်ကိုတော့ ထရံနှင့်သာ ကာထားရသည်။ ဆရာမက ထရံခြံစည်းရိုးဘေးက မြေသားပေါ် ကို ဓားနှင့်ထောက်ထားပြီး ထိုနေရာကို လက်သီးနှင့် အားရပါးရ ထိုးချလိုက်ဖို့ ပြောသည်။ ဖေဖေကလည်း မှာသည့်အတိုင်း မြေနေရာကို အားပါပါနှင့် လက်သီးနှင့် ထိုးချလိုက်သည်။

ဖေဖေလည်း လက်သီးနှင့် ထိုးချလိုက်သည်နှင့် တစ်ပြိုင်နက်၊ အိမ် အပေါ်ထပ် လှေကားတစ်လျှောက် တစ်စုံတစ်ယောက် ဒုန်း ဒုန်း ဒုန်းနှင့် ပြေးဆင်းသွားသည့်အသံကို စည်းဝိုင်းထဲမှာ ကျန်ရစ်ခဲ့သည့် ကျွန်မတို့အားလုံး

ပီပီသသ ကြားလိုက်ရပါသည်၊ အောက်ထပ်မှာတော့ ဖေဖေ့လက်သီး အရှိန်ကြောင့် မြှုပ်ထားသည့် အရာများ ခုန်ထွက်လာသည်။ အရိုးအပိုင်းအစတွေပေါ့။

ဆရာမ ပြောတာကတော့ အစိမ်းသေထားသူ၏ အရိုးတွေတဲ့။ သုံးနှစ်ဆက်တိုက် လူသုံးယောက် သေအောင် ပြုစားထားတာဟု ဆိုပါသည်။ ကျွန်မတို့မှာ ယုံရခက်ပေမယ့် ဘာကိုမှလည်း အပ်ကျမပ်ကျ မပြောနိုင်လေတော့ ဆရာမကို ပြိုင်ပြီး ငြင်းချက် မထုတ်ဖြစ်ကြ။ ဆရာမက အရိုးတွေကို ထမင်းနှင့် ဟင်းနည်းနည်း ထည့်ပြီး သုသာန်မှာ ညတွင်းချင်း သွားပစ်ဖို့ရာ ညွှန်ကြားပါသည်။ ဖေဖေတို့လည်း ခပ်သွက်သွက်ပဲ ညကြီးသန်းခေါင် အဲသည်အထုပ်ကို တောင်မြင့်သုသာန်မှာ သွားပစ်ကြသည်။

မနက်ကျတော့ ညကအကြောင်း မိသားစုထဲမှာပဲ အချင်းချင်း ပြန်ပြောဖြစ်ကြသည်။ အလင်းကို မြင်ရချိန်ဖြစ်နေတာတောင် အမှောင်တုန်းက ကြုံရတဲ့အဖြစ်အတွက် ကျွန်မမှာ ကြက်သီးတဖြန်းဖြန်း ထမိဆဲ၊ ကြောက်နေမိဆဲ ရယ်ပါ။ မေမေ့လက်ကိုသာ အတင်းဆုပ်ကိုင်ထားမိသည်။ သို့ပေမဲ့ မေမေ့လက်ကို ကျွန်မ ကြာကြာ မဆွဲကိုင်လိုက်ရပါ။ မေမေ့ကို ခေါ်သွားကြ တော့မည်တဲ့။

ဆေးကုဖို့ရာ မေမေ့ကို ရန်ကုန်ကို ခေါ်သွားကြလေပြီ။ အိမ်မှာ ဘာဘာ၊ မမ၊ ကျွန်မ၊ အိမ်အကူကောင်မလေးနှင့် ဘာဘာတူမ တစ်ယောက်သာလျှင် ကုန်ခဲ့သည်။ မေမေတို့ သွားတော့ အိမ်မှာ ခြောက်ကပ်ပြီး ကျန်ခဲ့သည်။ ကျွန်မတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အချင်းချင်း နားလည်လိုက်ကြသည်။ ဒီအိမ်မှာ တို့တစ်တွေ ဘယ်လို နေခဲ့မလဲပေါ့။ သည်ကတည်းက အိမ်မှာ နေလို့ မပျော်တော့ပါ။

ကျွန်မထက် မမက ပိုဆိုးပါသည်။ သူ့ခမျာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေရန် ငါးလလောက်သာ လိုတော့သော်လည်း စာကောင်းကောင်း မကြည့်နိုင်။ တမှိုင်မှိုင် တတွေတွေနှင့် သူ့အဘွားကိုသာ သတိရနေလေသည်။

ငယ်ငယ်တုန်းက အဘွားပြောပြသည့် ပုံပြင်တွေနှင့် ကြီးပြင်းရသည့် ကျွန်မတို့မှာ ကြီးလာတော့ ပြောင်းပြန်။ ညအိပ်ခါနီးလျှင် ပေါင်ချိန်က ဘယ်လို၊ ကျန်ကျောင်းက ဘယ်လို၊ နဂါးနိုင်ခဲ့ထဲက ဂူကျိုက ဘယ်လိုဆိုပြီး ဘွားဘွားကို ဇာတ်လမ်း ပြန်ပြောပြရသည်။ မမ ပြောပြသည့် တရုတ်ဇာတ်လမ်းတွဲတွေ အကြောင်းကို ဘွားဘွားက တအင်းအင်းနှင့် အင်းလိုက်ရင်း အိပ်ပျော်သွား တတ်သည်။ ကျွန်မ သတ္တမတန်းနှစ်၊ မမ အဋ္ဌမတန်းနှစ် ကတည်းက သမီး တစ်ယောက်စီကို တစ်ခုတင်စီ ခွဲအိပ်စေပေမယ့် မမတို့ မြေးအဘွားကတော့ ကြုံရင်ကြုံသလို အတူတူသာ အိပ်ကြသည်။ ဘွားဘွားက သူ့မြေးကို မခွဲနိုင်ဘဲကိုး။ အခုတော့ဖြင့် မမတစ်ယောက်တည်းသာ ငေါင်းစင်းစင်း ကျန်ခဲ့ရတော့သည်။

တစ်နေ့ ကျွန်မ ကျောင်းက အပြန် မမက ပြောလာပါသည်။ ဝိညာဉ် မေးလို့ရသည့် နေရာ သူ သိသတဲ့။ ဘွားဘွားနှင့် သူ တွေ့ချင်သည်။ စကား ပြောချင်သည်၊ သည်တော့ သူ ဝိညာဉ်သွားမေးမယ်ပေါ့။ ကျွန်မကို လိုက်ခဲ့ဖို့ရာ အဖော်စပ်ပါသည်။ သည်လိုနှင့် ညီအစ်မနှစ်ယောက် ဘုရားကြီးနားက အမေစိမ်းဆိုသည့် ဝိညာဉ်ခေါ်ပေးတတ်တဲ့ အဘွားဆီကို ရောက်သွားကြ သည်။

အမေစိမ်းက အသက် ၇၀ လောက်တော့ ရှိမည်။ ခန္ဓာကိုယ်က ခပ်ဖိုင့်ဖိုင့်။

ဆံပင်က တစ်ခေါင်းလုံး ဖွေးနေပြီး ကွမ်းလည်း ဝါးသည်။ အသား ကတော့ ခပ်ညိုညိုရှိရယ်ပါ။ သူ့အိမ်က ဝင်းကြားလေးထဲမှာ ဖြစ်သည်။ ခြံကတော့ အတော်ကျယ်၏။ ကျွန်မတို့ ရောက်တော့ မန်ကျည်းပင်အောက်မှာ ထန်းပက်လက် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေပါသည်။ ဝိညာဉ်ခေါ်ချင် လို့ပါဆိုတော့ သူက ခပ်အေးအေးသာ ကျွန်မတို့နှစ်ယောက်ကို ကြည့်သည်။ ပါးစောင်ထဲက ကွမ်းဖတ်ကို လက်နှင့်ကော်ကာ ထွေးထုတ်လိုက်ပြီး ဘွားဘွား၏ နာမည်ကို မေးသည်။ အသက်ကို မေးသည်။ ကွယ်လွန်ချိန်ကို မေးသည်။ ပြီးတော့ နှုတ်က တစ်စုံတစ်ရာကို ရွတ်ဆိုသည်။

ကျွန်မမှာ အသက်ပင် မရှူရဲ။ သူ့ကို ပြူးကြောင်ကြောင်နှင့် ကြည့်လိုက်၊ ဘေးဘီကို မသိမသာ မျက်စိ ဝေ့ကြည့်လိုက်နှင့် ဘယ်နားကများ ဘွားဘွား ရောက်လာမလဲဆိုပြီး ကြောက်ကြောက်နှင့် စပ်စုမိသည်။

“ကလေးမလေး ကြောက်နေသလား” တဲ့။ အမေစိမ်းက မေးတော့ ကျွန်မလည်း ခေါင်းအသာညိတ်မိသည်။ ခဏကြာတော့ အမေစိမ်းက စပြီး ပြောပါတော့သည်။

“သူက ပြောနေတယ်... သူ အသက်ထွက်ခါနီးမှာ သူ့သားကို ရှာတယ်... သူ့သား မရှိဘူးတဲ့... အဲဒါ ဟုတ်သလား”

အမေစိမ်း ပြောတာ ဟုတ်နေလေတော့ ကျွန်မတို့မှာ အံ့သြပြီး သူ့ကို စကားပြန်မဆိုမိကြ။

“သူ ဝေးဝေး မသွားနိုင်သေးဘူး... အခု အိမ်နားမှာပဲ ရှိနေသေးတယ်... အိမ်ရှေ့က သစ်ပင်အောက်မှာ ထမင်းလေး ဟင်းလေး ပုံပေးပေါ့ ... ကုသိုလ်လုပ်ပြီး အမျှလည်းဝေ... ဟုတ်ပြီလား”

မမသည် ရှိုက်ပြီး အမေစိမ်းကို မေးလေသည်။

“ဘွားဘွားကို အမြဲတမ်း ခေါ်ထားလို့ ရမလား”

“ဟဲ့.. ဘာလုပ်ဖို့တုံး ... မလုပ်ကောင်းတာအေ... ခက်လိုက်တာ... ကဲ... သွားကြ... သွားကြ”

နဂိုကတည်းက အခွင့်ကို စောင့်နေသောမိုးက ထိုညက သဲကြီး မဲကြီး ထစ်ချုန်းရွာပါသည်။ မီးက ပျက်၊ လေကြီးမိုးကြီး ကျချိန်တွင် အိမ်အပေါ်ထပ်က မှန်ပြတင်းပေါက်ကနေ အိမ်ရှေ့လမ်းမဘက်ကို ချောင်း ကြည့်ရင်း လျှပ်ရောင်အောက်မှာ ဘွားဘွားကို ရှာမိသည်။ အိမ်၏ တောင်ဘက် ထောင့်တွင် မလေးရှားပိတောက်၊ အလယ်တည့်တည့်မှာ တည်ပင်၊ မြောက်ဘက် ထောင့်မှာ ပိတောက်ပင် ရှိပါသည်။ ဘွားဘွားက ဘယ်အပင် အောက်မှာတဲ့ လဲ။ မိုးသည်းထဲမှာ ဘယ်အပင်အောက်မှာ သူ မိုးဝင်ခိုနေမလဲ။ ပြီးတော့ သူ တစ်ယောက်တည်း အိမ်မကြီးဘက်ကို မျှော်ကြည့်နေလား။ သူ ချမ်းရှာမှာ၊ ဝမ်းနည်းရှာမှာပဲ။

သူ့ကိုလည်း ကိုယ် ခေါ်လို့မရ၊ ကိုယ့်ကိုလည်း သူ ခေါ်လို့မရ။ ဘဝချင်း ခြားသည့်အဖြစ်ကို တိတိကျကျ နားလည်ရပါပြီ။ ကျွန်မတို့က တစ်စုသပ်သပ်၊ သူက တစ်ယောက်တည်း သပ်သပ်။ အသုဘတွင် မျက်ရည် ကျရုံသာ ကျခဲ့ပေမယ့် အခုလို

ဘွားဘွား တစ်ယောက်တည်း အိမ်အပြင်က မိုးသည်းထဲမှာ ကျန်ခဲ့မည့်အဖြစ်ကို တွေးမိတော့မှ ကျွန်မမှာ ရိုက်ကြီးတငင် ငိုမိတော့သည်။ ဘွားဘွားကို သနားလိုက်တာလေ။

မမက နှုတ်မလုံလေတော့ ဝိညာဉ်သွားမေးသည့် အကြောင်းကို ဖေဖေ့ကို ပြောမိသည်။ သူ့အဘွားကို သူ မခွဲနိုင် ၊ ဒါကိုပဲ ထပ်ခါတလဲလဲ ပြောပြီး ငိုသည်။ တွယ်နှောင်မှုတိုင်းဟာ ပူလောင်စရာချည်းပါပဲ။ မမကို သနား၍ ဖေဖေက ချော့ခဲ့သော်လည်း နောက်ကို မသွားဖို့ရာ မှာပါသည်။ မေမေ့ ဓမ္မမိတ်ဆွေတစ်ယောက်ကလည်း သည်အကြောင်းကို သိသွားတော့ ကျွန်မကို ခေါ်ပြီး ဆုံးမသေးသည်။

“သေတဲ့အခါ ရုပ်ရော နာမ်ရော ချုပ်ငြိမ်းတာပဲ သမီးရယ်… သမီးလည်း ဒီလောက် တရားတွေ ထိုင်နေတာပဲ… ပြီးတော့ ဘယ်ဘဝ ရောက်တယ်… ဘာဖြစ်တယ် ဆိုတာတွေက ကိုယ်လည်း မြင်ရတော့တာ မဟုတ်ဘူး … ဒီလိုပဲ ပြောကြမှာပဲ.. အဲလိုသာ သိနေမယ်ဆိုရင် လူသတ်မှု တွေကို သူ့ကိုပဲ ဖော်ခိုင်းတော့မှာပေါ့ …. မဟုတ်ဘူးလား”

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ ဘွားဘွားကို တွေ့ချင်သေးသည်လေ။ သေခြင်းတရားကို ပထမဆုံး နဖူးတွေ့ ဒူးတွေ့ တွေ့ဖူးသူအဖို့ ဖြေသိမ့်နိုင် စွမ်းတွေ နည်းပါးနေခဲ့ပါသည်။

သည်အတောအတွင်း ညဆိုလျှင် ကျွန်မတို့မှာ ချောက်ချားမိကြသည်။ သန်းခေါင်ဆိုလျှင် မီးဖိုချောင်ထဲကနေ အိုးခွက်သံတွေ ကြားရတတ်သည်။ ကြောင်လား၊ သူခိုးလား၊ စိတ်ထင်နေ၍ပဲလား၊ ဘာလား မပြောနိုင်း ခတ်မီးနှင့် သွားထိုးကြည့်လျှင်လည်း ဘာမှ မတွေ့။ ဘဘကို ပြောလျှင် မဟုတ်ကဟုတ်က ကြောက်မနေကြနှင့် ဆိုပြီး အဆူခံရမှာ စိုးလေတော့ သူ့ကိုလည်း မပြောရဲ။ ကျွန်မ၊ မမ၊ အိမ်က ကောင်မလေးနှင့် ဘဘ၏ တူမမှာ ကြောက်ကြောက်နှင့် ပူးကပ်ပြီး အိပ်ကြရသည်။

ဂြိုဟ်ဆိုးမှာ ထိုမျှနှင့် မရပ်။ ကျွန်မတို့အဖို့ ထိုစဉ် ကံတရား ဆိုသည့်အရာမှာ ရေတံခွန်လိုမျိုး အပေါ်ကနေ အောက်ကို တစ်ဆင့်ပြီး တစ်ဆင့် ဒရောသောပါး တလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့ပါသည်၊ သည်လို ဒုက္ခတွေ မရောက်ခင်ကတည်းက ပစ္စည်းဥစ္စာတွေ ဆုံးပါးခဲ့တာက အရင် ဖြစ်ပါသည်။

တစ်ပါးသူကို အယုံကြည်လွန်ပြီး မေမေ ငှားပေးထားသည့် လက်ဝတ် ရတနာတို့မှာလည်း ပြန်မပေးတော့ဘဲ အလိမ်ခံရသည်။ လိမ်သွားသူကို တရားစွဲဆိုတာ မပြီးပြတ်သေးခင်၊ မေမေ ဝယ်ထားသည့် မြေတစ်ကွက်ကိုလည်း ဘေးအိမ်ကနေ ဆယ့်ငါးပေကျော် ခိုးပြီး တိုက်ဆောက်ထားသည်။ ဒါကို တရားပြန်စွဲဖို့ အစချီထားတာကိုလည်း ဆက်မလုပ်နိုင်။ မေမေ့ကို ဆေးကုဖို့ရာ လက်ထဲမှာ ငွေသားရယ်လို့ အလုံးအရင်း မရှိ။ ဖေဖေ့မှာ ရန်ကုန်နှင့် မန္တလေး သွားချည် ပြန်ချည်လုပ်ပြီး အသည်းအသန် ပေါင်ရန်းရ၊ ချေးငှားရသည်။ သည်အထဲ ညဆိုလျှင် ဘဘ အိပ်သွားပြီဆိုလျှင် ကျွန်မတို့မှာ ဖေဖေ့ကို ဖုန်းခိုးဆက်ပြီး အိမ်မှာ အသံတွေ ကြားနေရသည့် အကြောင်း တငိုငို တရယ်ရယ် တိုင်ကြပြန်သည်။ လာကြဲထားသည့် ဆန်စေ့တွေ ထမင်းပုံ၊ ဟင်းပုံ တွေကလည်း တွေ့ရမြဲဖြစ်သည်။

ရန်ကုန်ကို ဖေဖေ ရောက်တော့ မန္တလေးက ကလေးတွေအတွက် ပူရသည်။ မန္တလေးကျပြန်တော့လည်း ရန်ကုန်က ဇနီးသည်အတွက် ရတက်မအေး ဖြစ်ရသည်။ တစ်နေ့တော့ ဖေဖေ ဖုန်းပြောနေသည့် အသံကို ကျွန်မ ကြားမိသည်။

"မဘီးရောဂါက အခုတော့ စီအေလို့ ထင်တာပဲ" တဲ့။

သည်စကားကို ကြားတော့ ကျွန်မ ခေါင်းကို မိုးကြိုးပစ်ချလိုက် သလိုပါပဲ။ အရာအားလုံး လွင့်စဉ်သွားသလို ခံစားလိုက်မိသည်။ ဒါဆို မေမေ သေရတော့မှာပေါ့။ ထိုတစ်ညလုံး ကျွန်မ အိပ်မပျော်။ မမ မသိအောင်လို့ စောင်အပါးလေးကို ခေါင်းမြီးခြုံပြီး တစ်ညလုံး ငိုသည်။

နောက်နေ့ကျတော့ ကျွန်မတို့ အိမ်က ပြဿနာတွေကို သိနေသည့် ဖေဖေ့မိတ်ဆွေတစ်ယောက်က သူ့စိတ်ထဲ မရှင်းတာနှင့် ပယောဂကို နိုင်သည့် ဘုန်းကြီးတစ်ပါးဆီကို ခေါ်သွားပါသည်။ ဘုန်းကြီးက ဖေဖေ့ကို တွေ့တွေ့ချင်း ကျွန်မတို့ နေအိမ်မှာ မသန့်သည့်အကြောင်း၊ အိမ်က အငယ်မလေး၏ ခြေထောက်တွင် အပင်းထည့်ထားသည့်အကြောင်း ဟောလေသည်။

တိုက်ဆိုင်ချင်တော့ ကျွန်မ၏ ညာဘက်ခြေထောက်မှာ ဘာကြောင့်ရယ် မသိ၊ ထိုအတောအတွင်း နာပြီး ခြေဆာသလို ဖြစ်နေခဲ့သည်။ သည်တော့လည်း ဘုန်းကြီးကို ယုံရတော့မလိုလို။ ဘုန်းကြီးကတော့ မိသားစုထဲက တစ်ယောက်ယောက်ကို ခေါ်ပြီးမှ ပြန်လာဖို့ ပြောပြီး ဖေဖေ့ကို ပြန်လွှတ်ပါသည်။ ဖြစ်ချင်တော့ အဲသည် ဘုန်းကြီးကျောင်းကို နောက်တစ်ကြိမ် ဖေဖေ ပြန်မသွားခင်မှာဘဲ မေမေ အသည်းအသန် ဖြစ်လာပြန်သဖြင့် ဖေဖေ ရန်ကုန်ကို ပြန်ဆင်းဖို့ရာ အကြောင်းဖန်လာပါသည်။ မေမေ့ဆီကို လိုက်ချင်လွန်း၍ ကျွန်မ ပူဆာပေမယ့် ဖေဖေက မခေါ်ပါ။ သည်လို မခေါ်လေတော့ မျိုသိပ်ပြီး ခံစားနေရသမျှကို ပွင့်အန်မိပါသည်။

"ဖေဖေ...သမီးကို မညာပါနဲ့ မေမေက ကင်ဆာဖြစ်နေတာဆို"

ကျွန်မ စကားကြောင့် ဖေဖေ အံ့ဩသွားပုံရသည်။

"မဟုတ်ပါဘူး… အဆုတ်ထဲ ရေဝင်တာပါ.. သမီးကို ဘယ်သူက ပြောလဲ…."

"ဖေဖေပဲ ဟိုနေ့က ဖုန်းထဲမှာ စီအေလို့ ပြောနေတာပဲဟာ… စီအေဆိုတာ ကင်ဆာကို ပြောတာဆိုတာ သမီး သိတယ်… ဆရာမ မစန္ဒာရဲ့ ဘ၀အိပ်မက် ပန်းအိပ်မက်ကို တစ်လောကတင် သမီး ဖတ်ထားတာ… အဲ့ဒီထဲမှာ ဦးဘပွားရဲ့ ရောဂါကို စီအေလို့ ပြောတယ်"

ဖေဖေသည် မသိမသာ ပျက်သွားသည့် မျက်နှာကို ချက်ချင်းပဲ ပြန်တည်လိုက်သည်။

"မဟုတ်ပါဘူး သမီးရယ်… အခု အဆုတ်ထဲက ရေတွေကို ဖောက်ထုတ်နေရတာပဲ.. စီအေဆိုတာ သံသယရှိတာပါ… တကယ် မဟုတ်ပါဘူး"

သည်စကားက ဖေဖေ ညာပြီး ပြောနေလျှင်တောင် ကျွန်မ ယုံလိုက်

ချင်သည်။ ဟုတ်ပါစေဟု ဆုတောင်းသည်။ ဟုတ်မှာပါဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်သည်။ ပူစရာမရှိတာ ကြံဖန် ပူနေပြန်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် လှည့်စားမိသည်။

သည်လိုနှင့် ဖေဖေက ရတ်တရက် ရန်ကုန်ဆင်းသွားပြန်ပါသည်။ ဖေဖေ မရှိတဲ့ရက်အတွင်း ဖေဖေ့မိတ်ဆွေကနေတစ်ဆင့် ဖေဖေ့ကိုယ်စား ကျွန်မမှာ ပယောဂကုသော ဘုန်းကြီးထံသို့ ရောက်ရလေသည်။

*

ဘုန်းကြီးကျောင်းကို ကျွန်မတို့ ရောက်သည့်အချိန်က ညနေခြောက်နာရီ ဝန်းကျင် နေရောင်ငြိမ်းလုငြိမ်းခင် အချိန်ပေါ့။ ကျုံရှင်က အပြန်မှာ အိမ်က ကောင်မလေးကို ဝင်ခေါ်ပြီး နှစ်ယောက်သား စက်ဘီးနှင့် လာခဲ့ကြသည်။ ဘုန်းကြီးကျောင်းက ထည်ထည်ဝါဝါ ဖြစ်ပါသည်။ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ ငြိမ်ငြိမ်ဆိမ်ဆိမ် အေးငြိမ်းသည်။ ကျောင်းဆောင်တွေထဲမှာ ပယောဂကုသည့် ဘုန်းကြီး၏ ကျောင်းဆောင်ကတော့ သရက်ပင် ခပ်အုပ်အုပ် ကြားမှာ ဖြစ်ပါသည်။

အစပိုင်းမှာတော့ ဘုန်းကြီးက အင်းကွက်တွေကို ပြာချပြီး၊ ပြာကို ရေမှာ စိမ်ကာ ကျွန်မကို တိုက်ပါသည်။ ဘာမှန်းမသိသော်လည်း သောက်ဆို တော့လည်း သောက်လိုက်ရသည် လာခဲ့မိပြီကိုး။ အဲသည်အထိ ဘာမှ မဖြစ်သေး။ ပြာရေကို သောက်ပြီး တစ်အောင့်ကြာတော့ ကျွန်မကို မျက်စိမှိတ် ခိုင်းပါသည်။ မှိတ်ပြီးသည့် နောက်မှာတော့ ကျွန်မ ငယ်ထိပ်ကို သံချွန်နှင့် ထောက်ကာ နာနာဘာဝကို ခေါ်ပါတော့သည်။

“ဟယ်… အစိမ်းသရဲ မြန်မြန်လာစမ်း… နင် ဘာလို့ လာရမလဲ ဆိုတာ ငါ ပြောပြီးပြီနော် .. ပြီးတော့ ငါ့သမီး ကိုယ်ထဲက အပင်းကို မြန်မြန် နှုတ်စမ်း”

ကျွန်မမှာဖြင့် ကြောက်လိုက်တာ။ ဘယ်ကစပြီး ဘုရားစာကို ဆိုရမလဲတောင် မသိတော့၊ ဘုန်းကြီးက “ကြောက်စရာ မလိုဘူး၊ ဘုရားစာတွေ မရွတ်နဲ့နော်” ဆိုပြီး သတိပေးလာတော့ မေ့နေတဲ့ ဘုရားစာကို ဆက်ပြီး မစဉ်းစားဖြစ်တော့ပါ ။ ဘုန်းကြီးရဲ့ အသံဟာ မာသည်ထက်မာပြီး ဟိန်း သည်ထက် ဟိန်းလာပါသည်။ ဆယ့်ငါးမိနစ်လောက်နေတဲ့အထိ ဘယ်အစိမ်းသရဲမှ ကျွန်မရဲ့ ကိုယ်ထဲ မပူးဝင်သေး။ ဘုန်းကြီးက…

“ဟဲ့… ကြာတယ် … မြန်မြန်ဝင်စမ်း” ဆိုပြီး ကျွန်မခေါင်းကို သံချွန်နှင့် တိုးတိုးပြီး ထိုးပါသည်။ သံချွန်၏ အဖျားက အနည်းငယ် တုံးသော်လည်း အားစိုက်ပြီး ထိုးထားတာ ကြာလာသည့်အခါ ကျွန်မမှာ အတော်လေး နာလာပါသည်။ နာလွန်းလှသဖြင့် ခေါင်းကို မသိမသာ ရွှေ့ဖို့ ကြိုးစားတော့ လက်တစ်ဖက်က သံချွန်နှင့် ထောက်ပြီး အခြားလက်တစ်ဖက်က ကျွန်မ ခေါင်းကို ကိုင်ထားသည့် ဘုန်းကြီး၏ လက်မှာ ပိုပြီး အားပါလာပါသည်။ နည်းနည်းမျှ ရွှေ့မရပေ။

အချိန်နည်းနည်း ကြာလာသည့်အခါ ကျောင်းတိုက်မှာ တဖြည်းဖြည်း လူစည်လာပါသည်။ ကျွန်မနောက်မှာ ပယောဂကုမည့် သူတွေ အပုံကြီး တန်းစီနေပြီ။ ဘုန်းကြီးကလည်း ဒေါသပရိသတ် များလာလေလေ ကျွန်မ ခေါင်းကို ပိုပြီး ဖိလာလေလေပါပဲ။ သွေးတောင် စို့ပါသည်။ မခံနိုင်လွန်းတော့ ကျွန်မက “နာတယ် ဘုရား” လျှောက်မိသည်။ သည်မှာတင် မထင်မှတ်သည့် တုံ့ပြန်မှုကို ရခဲ့သည်။

"နင် အခု ရောက်လာပြီ မဟုတ်လား… ငါ့ကို မလောက်လေး မလောက်စားနဲ့ အော်နေတယ်… အလင်းကို မြန်မြန်နုတ်စမ်းဟဲ့"

ကျွန်မမှာ ဘာလုပ်ရမှန်း မသိ။ ပရိသတ်က ကျွက်ကျွက်ညံအောင် စိတ်ဝင်စားနေကြပြီ။ မခံနိုင်လို့ ကျွန်မက ငိုတော့ ကယ်တင်ရှင်တစ်ယောက် ပေါ်လာပါသည်။ ဧည့်ပရိသတ်ထဲက ဦးလေးတစ်ယောက်က "အရှင်ဘုရား ဒါ ကလေးမလေး အသံ မဟုတ်လား… သူ တကယ် နာလို့ ထင်ပါတယ်" ဆိုပြီး ဝင်လျှောက်ပေးတော့မှ ကျွန်မလည်း သက်သာရာရပါတော့သည်။ အဖော် ခေါ်လာသည့် အိမ်က ကောင်မလေးကတော့ ကြောက်ဒူးတွေ တုန်လို့။ အိမ် အပြန်ကျတော့ သူ့မှာ စက်ဘီးတောင် မနင်းနိုင်တော့လို့ ကျွန်မကပဲ တင်ပြီး ခေါ်လာခဲ့ရသည်။ ဘုန်းကြီးက နောက်တစ်နေ့ ထပ်လာခဲ့ဖို့ မှာသော်လည်း မသွားဖြစ်တော့ပေ။ ကျွန်မ ခေါင်းအနာမခံနိုင်တော့ပါ။

ဖေဖေကလည်း ရန်ကုန်မှာ တစ်ပတ်ပင် မကြာ။ ပြန်ရောက်လာ ပါသည်။ မေမေ ထူထူထောင်ထောင် ဖြစ်လာပြီဆိုသည့်အကြောင်း ပြောတော့ အနည်းငယ် စိတ်အေးရပါသည်။ ဒါသည့်လည်း ကြာရှည်မခံပါ။ မန္တလေးကို ဖေဖေ ပြန်ရောက်ပြီး နှစ်ရက်နေ့တော့ ရန်ကုန်က ဖုန်းလာပြန်ပါသည်။ မေမေ အသည်းအသန်ဖြစ်လို့ ဆေးရုံတင်ရပြန်ပြီတဲ့။ အမြန်လိုက်လာပါတဲ့၊

သို့နှင့် ကျွန်မတို့မှာ ညတွင်းချင်း ရန်ကုန် ဆင်းဖို့ ပြင်ရပါတော့သည်။ အခြေအနေက ဘာမှန်း မသိပြီမို့ သည်တစ်ခါတော့ သမီးနှစ်ယောက် စလုံးကို ရန်ကုန်ကို ခေါ်သွားဖို့ ဖေဖေ ဆုံးဖြတ်ခဲ့သည်။ အိမ်က ဆန်နီကားလေးနှင့်ပဲ သားအဖ တစ်တွေ ရန်ကုန်ကို မောင်းချလာခဲ့သည်။ ထိုစဉ်က ဖေဖေက စိတ်လှုပ်ရှားနေသဖြင့် ကားကို ကိုယ်တိုင်မမောင်း၊ အမျိုးမကင်းသည့် အစ်ကိုတစ်ယောက်ကိုသာ ကိုယ်စား မောင်းခိုင်းခဲ့သည်။ ကျွန်မနှင့် ကား မောင်းသူက ရှေ့ခန်းမှာ။ ဖေဖေနှင့် မမကတော့ နောက်ခန်းမှာပေါ့။ ဖေဖေ့ မျက်နှာမှာ သောကကို ဖုံးလို့မရပါချေ။ ပူပန်နေသည့်ကြားက ကားပေါ်မှာ မေတ္တာသုတ် ရွတ်လာခဲ့သည်။

မန္တလေးအိမ်ကနေ ကျွန်မတို့ ထွက်လာသည့် အချိန်က ည ဆယ်နာရီ ခွဲကျော်၊ မေမေနှင့် မတွေ့ရသည်မှာ ကြာပါပကော။ နှစ်လကျော်ပြီလေ။ မေမေ နာလန်ပြန်ထူ နိုင်ပါတော့မလား။ ကင်ဆာဆိုတာ တကယ်ပဲ သေချာ ခဲ့ပြီလား။ အသည်းအသန်ဆိုတာ ဘယ်လိုအခြေအနေမျိုးပါလိမ့်။ အဆုတ်ထဲက ရေကို နှစ်ကြိမ် ဖောက်ထုတ်ထားပြီးတဲ့ အကြောင်းတော့ ကြားမိသည်။ ကားစထွက်ကတည်းက ကျွန်မ အတွေးမျှင်မှာ ဖြတ်မရ။ စိတ်မောရပါ၏။

ကံဆိုးမှုက မန္တလေး စွယ်တော်ဘုရားအလွန်တွင် စတင်ပါသည်။ စွယ်တော်ကို ကားပေါ်ကနေ လက်အုပ်ချီ ဖူးအပြီး၊ ကားနောက်ခန်းမှာလည်း ဖေဖေ မေတ္တာပို့ အမျှဝေအပြီးတွင် ကံဆိုးမသွားရာ မိုးထစ်ချုန်း ရွာခဲ့လေသည်။ ထိုအချိန်တွင် မျက်နှာချင်းဆိုင်က လာသည့် ကုန်တင်ကားကြီးက ရှေ့မီးကို အားကုန် ဖွင့်ပြီး မောင်းရာ ကျွန်မတို့မှာ မည်သည့်အရာကိုမျှ ကောင်းကောင်း မမြင်နိုင်တော့။ သည်အချိန်မှာပဲ ဘယ်ကမှန်းမသိသည့် စက်ဘီးတစ်စီးသည် အရှိန်နှင့် မောင်းနေသော ကား၏ ရှေ့ကို ကန့်လန့်ဖြတ် ဝင်လာပါသည်။

ဒိုင်း ဆိုသည့် တိုက်မိလိုက်သံ၊ ကျွီ ဆိုသည့် ဘရိတ်အုပ်သံ၊ သည့် နောက်မှာတော့ ကားရှေ့က မန်ပြင်ဆီကို အရှိန်ပြင်းပြင်းနှင့် ဝင်ဆောင်သည့်

လူ့ခန္ဓာကိုယ်တစ်ခု။ လက်ဖျစ် တစ်တွက်စာအတွင်း မြန်ဆန်လှသည့် အဖြစ်အပျက်ဖြစ်သည်။ မည်သည့်အရာကိုမျှ တားဆီးလိုက်ချိန် မရပါ။

ကျွန်မသည် ချက်ချင်းဆိုသလို မျက်နှာကို လက်ပါးနှင့် အုပ်လိုက်မိတော့သည်။

❑

(၁၇)

မုန်တိုင်း၏ အမြင့်ဆုံးအဆင့်

ကားအရှိန်သေသွားသည်နှင့် လမ်းဘေးဝဲယာကနေ အသံတချို့ကို ကြားမိသည်။

"ဟာ…လုပ်ကြပါဦး၊ သေပြီထင်တယ်"

အနားသို့ ခပ်သွက်သွက် ပြေးလာနေသော ခြေသံများ တစ်စ တစ်စ ပီသလာသည်။

"မီးငယ်…မီးငယ်"

ကားနောက်ခန်းကနေ ကျွန်မကို အော်ခေါ်နေသည့် မမ၏ အသံကို ကြားရသည်။ ကိုယ့်ကိုယ်ကိုယ် ငါသေသွားပြီလားလို့ ပြန်မေးမိသည်။ ရင်ဘတ် အပြင်ဘက်ကို ခုန်ထွက်လာတော့မတတ် ပြင်းလှသည့် နှလုံးခုန်သံ ကိုတော့ ပြန်ကြားနေရသေးသည်။ ကျွန်မ မသေသေး။ မျက်လုံးကိုလည်း ဖွင့်မကြည့်ရဲသေး။ ဘေးကနေ ဖေဖေနှင့် မမက အသံပေးနေလေတော့ လက်ဝါးနှင့် မျက်နှာကို ခွာလိုက်သည်။ ကျွန်မမျက်နှာ ဘာမှ မဖြစ်သွားသော်လည်း လက်ဖမိုးမှာ ကားမှန်ကွဲတချို့ စိုက်ဝင်နေသည်။ သည်တော့မှ ကျွန်မလည်း နာရမှန်း သိလာတော့သည်။

အတိုက်ခံရသူက ကားရှေ့မှာ ခွေခွေလေး လဲလျက်။ သွေးအိုင် ထွန်းနေလေပြီ။ လူအုပ်ကလည်း တစ်စ တစ်စ များလာ၏။ ရဲလည်း ရောက်လာသည်။ စစ်ချက်ယူသည်။ သည့်နောက် ကျွန်မတို့ကားနှင့်ပဲ လူနာကို ဆေးရုံကြီးကို ပို့လိုက်သည်။ ကားကို မောင်းပေးသည့် အစ်ကို့ မျက်နှာမှာ ဆီးရွက်မျှသာ ကျန်တော့သည်။ ဖေဖေ့မျက်နှာသည်လည်း ငိုတော့မယောင်။ မနက် သုံးနာရီ ထိုးခါနီးတော့မှ ဆေးရုံကနေ အိမ်ကို ပြန်ရောက်လာသည်။ ရန်ကုန် ကို ကျွန်မတို့ သွားနှင့်ပြီဟု ထင်နေခဲ့သည့် ဘဘမှာတော့ အိမ်ပြန်ရောက်လာ ကြသည့် သားအဖတစ်တွေကို ကြည့်ပြီး ရုတ်တရက် နားမလည်နိုင်။

သို့ပေမဲ့ မေမေကလည်း အသည်းအသန်ဖြစ်နေပြီ ဆိုမှတော့ အမြန်ဆုံးနည်းနှင့်သာ ရန်ကုန်ကို လိုက်ဖို့ ရှိတော့သည်။ နောက်တစ်နေ့မှာ ကားကိစ္စ၊ အမှုကိစ္စ၊ လူနာကိစ္စတွေ အားလုံးကို ယုံကြည်ရသည့် သူငယ်ချင်းတွေနှင့် မျက်နှာလွှဲခဲ့ပြီး ဖေဖေ တစ်ယောက်တည်းပဲ ရန်ကုန်ကို ဆင်းသွားခဲ့သည်။

ကံက ထပ်ဆိုးချင်တော့ အတိုက်ခံရသူက ဆေးရုံမှာ ရက်ပိုင်းပဲ ကြာပြီး ဆုံးပါးသွားပါသည်။ အမှုက ပိုကြီးလာခဲ့သည်။ ကျွန်မတို့ အိမ်မှာ ကားမောင်းသည့် အစ်ကို့ မိန်းမက လာငိုလိုက်၊ ဆုံးပါးသွားသူ၏ မိသားစု တွေက အရက်မူးပြီး လာဆဲလိုက်၊ ရှေ့နေတွေ ရဲတွေနှင့် အမှုကိစ္စ၊ လျော်ကြေး ကိစ္စတွေ အမျှင်တန်းလိုက်နှင့် အတော်လေး ရှုပ်ထွေးပွေလီနေခဲ့ပါသည်။ ကျွန်မတို့ကလည်း အားကိုးစရာက သည်အဖေပဲ ရှိလေတော့ မဖုံးဖိထားတတ်။ ည

ဆယ်နာရီကျော်လောက် ဖေဖေ ဆေးရုံကနေ ပြန်လာချိန်မျိုး ဆိုလျှင် ရန်ကုန်ကို ဖုန်းဆက်ပြီး ဖြစ်ကြောင်းရယ်ကုန်စင် နေ့တိုင်း အစီရင် ခံကြသည်။ ဖေဖေအတွက် လောကမံ ပိုပြင်းလှသည့် နေ့ရက်တွေပေါ့။

ဒီဇင်ဘာလထဲသို့ ရောက်လာသည်။ ကျွန်မတို့အတွက် ချိုမြိန်နူးညံ့သော ကာလများ မဟုတ်ပါ။ ဆောင်းလေများသည် ပိုမိုကြမ်းရှ လာသယောင် ခံစားမိသည်။ အသွေးအရောင် စုံလင်သော ဟေမန်ဦး မဟုတ်။ အရာရာသည် မှိုင်းပျပျသာ ရှိနေသေးသည်။ မည်သို့ဖြစ်စေ မေမေ့ကိုတော့ ရအောင် ကုမည်၊ အသက်လုမည်၊ လိုအပ်လာလျှင် နိုင်ငံခြားအထိ သွားကုဖို့ရာ တစ်မိသားစုလုံး သဘောတူထားကြသည်။

စွဲလမ်းစိတ်ကြောင့်ရယ်လား မသိ၊ ကျွန်မကတော့ မေမေသေသွားပြီ ဆိုသည့် အိပ်မက်ကို ရက်ဆက် မက်သည်။ အိပ်မက်ထဲမှာ ငိုလိုက်ရတာ။ နိုးလာတော့ အိပ်မက်မို့ တော်သေးသည်ဟု စိတ်ဖြေချင်စရာ။ သို့ပေမဲ့ ဖြေလည်း မပြေနိုင်၊ စိတ်မှာ လေးလံနေမိသည်။ အိပ်မက်ကို ပြောင်းပြန် ယူရသည် ဆိုသော နှစ်သိမ့်စကားတွေကိုတောင် ယုံကြည့်ဖို့ရာ ခဲယဉ်းလာသည်။ ကျောင်း သွားနေရသော်လည်း စိတ်မပါ၊ စာကြည့်လို့လည်း မရ။

မမကို ကျွန်မ တကျည်ကျည် လုပ်ပါသည်။

"ရန်ကုန် သွားမယ်၊ ငါ့ကို ရန်ကုန်ပို့ပေး"

ကျွန်မ ပူဆာလွန်းသဖြင့် မမက မှတ်ပုံတင် ထုတ်ပေးသည်။ သည့်နောက် ဆိုင်ခန်းထဲကနေ ပိုက်ဆံ ငါးထောင်ပေးသည်။ ရထားလက်မှတ် ကိုယ့်ဘာသာ သွားဝယ်တဲ့။ ဝယ်လို့ရရင် သွားကြမယ်တဲ့။ သူက အကဲစမ်းတော့ ကျွန်မ ဘက်က ဖြစ်အောင် လုပ်ပြဖို့သာ ရှိတော့သည်။ သို့ပေမဲ့ ကျွန်မ တစ်ခါမျှ ရထားလက်မှတ်ကို ကိုယ်တိုင် မဝယ်ဖူးခဲ့၊ မြိတ်ကနေ အပြန် ရန်ကုန်ကနေ မန္တလေးကို ရထားစီးတိုင်း သားအမိနှစ်ယောက် ဘူတာရုံမှာ မနက်ကတည်းက တန်းစီရတာကိုတော့ မှတ်မိသည်။ သည်လောက်လည်း ကျွန်မ အချိန် အကုန်မခံနိုင်။ ကလေး လာဝယ်ရင်ကော လက်မှတ်က ရောင်းပေးပါ့မလား။ နောက်တော့လည်း အကြံရသည်။ ကျွန်မ ကျူရှင်သွားနေကျ လမ်းပေါ်မှာ Leo Express ကားလက်မှတ် အရောင်းဌာနရှိပါသည်။ ဒါကို သတိရမိတော့ အရဲစွန့်ပြီး ညီအစ်မနှစ်ယောက်စာ လက်မှတ်သွားဖြတ်ခဲ့သည်။ တစ်ဆောင် ၂၀၀၀ ကျပ်။

လက်မှတ် တကယ် ဝယ်ချလာတော့ သွားဖို့သာ ရှိတော့သည်။ ဘာဘမှာလည်း မတားသာတော့။ သည်လိုနှင့် အသက် ၁၄ နှစ်နှင့် ၁၅ နှစ်ကျော် မိန်းကလေးနှစ်ယောက်တည်း ရန်ကုန်ကို ဆင်းလာခဲ့သည်။ ညကျတော့ ဘာဘက ဖေဖေ့ကို ဖုန်းဆက်ပြီး အကြောင်းကြားပေးထားသဖြင့် မနက်ကျတော့ စော်ဘွားကြီးကုန်း ကားဝင်းတွင် ဖေဖေ လာကြိုပါသည်။

ကျွန်မမှာ တစ်ညလုံး ကားပေါ်မှာ မအိပ်နိုင်၊ မေမေ့ကို တွေ့ရင် ဘာတွေ ပြောရမလဲ ဆိုတာကိုသာ စဉ်းစားလာခဲ့ပါသည်။ ဆိုင်နေ့တိုင်း ဖွင့်ရဲ့လားဟု မေမေ မေးနိုင်သည်။ ကျောင်းမပိတ်ဘဲ ဘာလို့ လိုက်လာတာလဲဟု အပြစ်တင်ကောင်း တင်နိုင်သေးသည်။ သည့်ထက် ဆိုးတာက ကားကောဟု မေးလာခဲ့လျှင်..။ ကျောင်းက ဒီဇင်ဘာ ပိတ်ရက်မို့ဟု ညာရမှာပဲ။ ကားကိုတော့

အငှားလိုက်ခိုင်းထားသည်ဟု ပြောလျှင်တော့ မေမေ ယုံကောင်း ယုံနိုင်သည်။ မေမေက လူရည်ပါးတော့ ကျွန်မတို့ အမူအရာ ပျက်တာနှင့် ချက်ချင်း ရိပ်မိနိုင်သည်။ ဒါကို တွေးမိပြန်တော့ စိတ်မောရ ပါသည်။ ပြီးတော့ မေမေ ပိန်သွားလား၊ မမှတ်မိနိုင်လောက်အောင် ရုပ်ကျသွားမလား။ သူ့ရောဂါအကြောင်းကိုကော သူ သိသွားပြီလား။ အဆုတ်ထဲ ရေဝင်ရှိသက်သက်ပဲလား၊ ဖေဖေ ပြောသလို တကယ်ပဲ ကင်ဆာ မဟုတ်သေးဘူးလား။ ကျွန်မမှာ ကွက်မြီးတန်းအတွေး တသီကြီး ထွေးလုံး ရစ်ပတ်သဖြင့် အသက်ရှူမဝ ဖြစ်ရသည်။

မေမေက သူ့ဆီ ဖုန်းဆက်လျှင်လည်း မကြိုက်။

“မေမေ နေကောင်းတယ်... ခဏခဏ ဖုန်းဆက်မနေကြနဲ့၊ ကိုယ့်ဘာသာ စာကောင်းကောင်းကြည့်၊ လပတ်စာမေးပွဲမှာ အမှတ်ကောင်း ရဲ့လား”

သူ့ဝေဒနာအကြောင်းကို စကားအစမခံ၊ ကျွန်မတို့ ကျောင်းကိစ္စကိုသာ အာရုံလွှဲပစ်သည်။ သတိရလှချည်ရဲ့၊ လွမ်းလှချည်ရဲ့ဆိုပြီး ငိုကာ ယိုကာ သူ့ကို အလွမ်းသယ်တာမျိုးလည်း မကြိုက်တော့ ကျွန်မတို့မှာ ဖုန်းလည်း မဆက်ရဲပါ။ ပြီးခဲ့သည့် နိုဝင်ဘာလတုန်းက ဖေဖေ ရန်ကုန်က အပြန်မှာ သူ ပါးလိုက်သည့် စာတစ်စောင်ကိုသာ ရခဲ့ပါသည်။ စာထဲမှာ ဆံပင်တွေ ရှည်လာပြီ၊ မရှုန်ဆိုင်မှာ ဆံပင်သွားညှပ်ပါတဲ့။ မနက် အိပ်ရာထရင် မိုက်ဟောင်းလောင်းနဲ့ ကျောင်းမသွားနဲ့၊ ရှမ်းခေါက်ဆွဲ စားသွားတဲ့။ ထမင်း ဟင်းက အိမ်နောက်ဖေး ဝင်းကြားထဲက မစီကို ခေါ်ပြီး ချက်ခိုင်း၊ အဝတ်လည်း လျှော်ခိုင်းလို့ ရတယ်၊ ညီအစ်မနှစ်ယောက် ရန်မဖြစ်ကြနဲ့၊ တည့်အောင် နေတဲ့။ သည်လောက်ပါပဲ၊

အရင်နှစ်တွေက သီတင်းကျွတ် ကျောင်းပိတ်ရက် ရောက်လျှင် ကျွဲဆည့်ကန် မိုးကုတ်ဝိပဿနာမှာ ရိပ်သာဝင်ရပြီး ဒီဇင်ဘာ ဆိုလျှင်တော့ သားအမိနှစ်ယောက် ပုဂံက ဣလသိပညာဒေဝ ဂုရုကျောင်းမှာ ရိပ်သာဝင်ကြ ပါသည်။ သည်တစ်နှစ် ဒီဇင်ဘာတော့ မေမေ မမာသဖြင့် မဝင်နိုင်တော့။ မိုးကုတ်ဝိပဿနာမှာ မေမေ လှူထားခဲ့သည့် ကျောင်းဆောင်က ရေစက်ချ ပြီးပေမယ့် ပုဂံက ကျောင်းဆောင်ကတော့ မပြီးပြတ်သေးသဖြင့် ရေစက်မချ နိုင်သေး။

သည့်အပြင် မေမေက လှူဖို့ချည်းသက်သက် ဘုန်းကြီးလွယ်အိတ် တွေကို ကိုယ်တိုင် ချုပ်သေးသည်။ နောက်ပိုင်း အရေအတွက်များလာတော့ သူကိုယ်တိုင် မချုပ်နိုင်တော့ဘဲ စက်ပန်းထိုးသည့် အိမ်မှာ ပုတ်ပြတ်အပ်သည်။ တန့်ကြည်တောင် ဆရာတော်ကနေ့တစ်ဆင့် လွယ်အိတ်တစ်ထောင် လှူဖို့ရာ ကတိခံထားသည်။ သူအပ်ထားသည့် လွယ်အိတ်တွေက ရတာတွေလည်း ရ၊ မရတာတွေလည်း မရသေး။ သည်ကိစ္စအတွက်လည်း စက်ချုပ်ဆိုင်ဆီကို မေမေ့ကိုယ်စား ပုံမှန်သွားပြီး ကြည့်ပေးရသေးသည်။ သည်လို ဗာဟီရကိစ္စတွေကို စိတ်မရှည်တတ်သူမို့ ကျွန်မမှာ မေမေ့ကို ငြိုငြင်ချင်ပေမယ့် မငြိုငြင်ဝံ့။ ဒါကလည်း အကြောင်းရှိပါသည်။

သတ္တမတန်းနှစ် နွေရာသီကျောင်းပိတ်ရက်တွင် သီလရှင်ဝတ်နေစဉ် တစ်ရက်မှာတော့ ကျွန်မ ကျောင်းတိုက်ဆီကို မေမေ မလာစဖူး ရောက်လာခဲ့သည်။ အိမ်မှာ ပြဿနာတစ်ခုခု ဖြစ်လာပုံရသည်။ မျက်နှာလည်း မကောင်း။ ဆရာလေးကို ပြောစရာရှိတယ်တဲ့။ ဆိုသာ ဆိုသည်။ သူ့နှုတ်ကနေ စကားသံ တော်တော်နှင့် ထွက်မလာ။ အတော်လေးကြာမှ သူ အားယူပြီး ပြောလိုက်သည့် စကားဟာ

ကျွန်မအတွက် သတင်းကောင်း မဟုတ်။

"မေမေ သီလရှင် ဝတ်တော့မယ်"

ကျွန်မသည် ချက်ချင်း မဆုတ်မဆိုင်းဘဲ "ဟင့်အင်း" ဟု ပြောသည်။ အလိုလို မျက်ရည်ဝိုင်းလာသည်၊ "မေမေ မဝတ်ရဘူး" ဆိုပြီး အကျောက်အကန် တားသည်။

"ဆရာလေးလည်း သိနေတာပဲ… မေမေ ဘယ်လောက် ပင်ပန်း တယ် ဆိုတာ… မေမေ ဒါတွေအားလုံးကို အပြီး လွှတ်ချလိုက်ချင်ပြီ သမီး… သမီးကို ခုလို ဘုရားသမီးတော်အဖြစ် တွေ့ရတော့ မေမေ ဘယ်လောက် ဝမ်းသာသလဲ သိလား… ငါ မဝတ်ရပေမယ့် ငါ့သမီးလေးတော့ ဝတ်ရတယ် လို့ တွေးပြီး ကြည်နူးရတာ"

ပျားရည်နှင့် ဝမ်းချစကားမှာ ကျွန်မအတွက် ချိုမြိန်မနေပါ။ မေမေ့ကို စကားဆက် မပြောနိုင်ဘဲ ကျောင်းပေါ်ကို တက်ကာ ကျွန်မငိုသည်။ တရားထိုင်လည်း မသွားဖြစ်။ သည်းသည်းထန်ထန် ငိုနေသည့် သမီးကို ကြည့်ပြီး နောက်ဆုံးမှာတော့ ဇွတ်မတိုးဖို့ရာ မေမေ ဆုံးဖြတ်လိုက်ပုံ ရသည်။ သားအမိနှစ်ယောက် အကြားတွင် အပေးအယူတော့ ရှိခဲ့ပါသည်။

"ဒါဖြင့် ဆရာလေး ရိပ်သာမှာ ရှိနေတုန်း စည်းကမ်းလိုက်နာပါနော်… ရတဲ့ အချိန်လေးမှာလည်း ငါ့အမေအတွက် ကုသိုလ်ပြုရတယ်လို့ သဘောထားပြီး တရားအားထုတ်ပါ… ဒါပေမဲ့ သမီးတို့ ဘွဲ့ရတဲ့ အချိန်ကျရင် မေမေ့ ဆန္ဒအတိုင်းပဲ ဖြစ်ချင်တယ်"

မှောင်ခါလာနောင်ခါစျေးလို့ သဘောထားပြီး ခေါင်းညိတ်လိုက် သော်လည်း တစ်နေ့ကျလျှင် ကျွန်မတို့ကို ထားခဲ့ပြီး သာသနာ့ဘောင်ကို မေမေ ဝင်သွားတော့မည်ဆိုသည့် အတွေးဟာ ကျွန်မကို အတော်လေး နှိပ်စက်ပါသည်။ သည်ကတည်းက အိမ်မှာ မိုးကုတ်ဆရာတော်ဘုရားကြီး တရားခွေတွေ ဖွင့်ပြီး မေမေ တရားနာလျှင်လည်း ကျွန်မမှာ မကြည်ဖြူချင်တော့၊ ည မအိပ်ခင် မေမေ တရားထိုင်တာမျိုးကိုလည်း မလိုလားနိုင်တော့ပေ။

တစ်နေ့တော့ မေမေ့ တရားတိပ်ခွေတွေကို ကျွန်မ ဖျက်ဆီးပစ်လိုက်သည်။ မေမေ သိတော့ မဆူပေမယ့် အတော်လေး ယူကျုံးမရပုံပေါ်သည်။ ကျွန်မ၏ ဝေဒနာကိုလည်း သူ ရိပ်စားမိပုံ ရသွားသည်။ ပြေရာပြေကြောင်း တစ်ခွန်းတော့ ဆိုရှာပါသည်။

"မနိုင်းကောင်းပေမယ့် ဘုရားလောင်း မင်းသားရော၊ ဝေသန္တရာ မင်းကြီးရော ဒီလိုပဲ စွန့်ခဲ့ရတာပဲ သမီးရယ်… ပါရမီဖြည့်တယ်ဆိုတာ ဖြည့်တဲ့သူလည်း ကောင်းကျိုးချမ်းသာ ရမှာပါ"

မေမေ့ကို ချစ်သည့်စိတ်ကြောင့်ပင် သာသနာ့ဘောင် ဝင်သည်အထိ ခွင့်မပြုနိုင်သော်လည်း တခြားသော အလှူအတန်း ကိစ္စတွေမှာတော့ ကြည်ဖြူ နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသည်။ ဒါကြောင့်လည်း သံဃာတော်များ အတွက် လွယ်အိတ်ချုပ်သည့် ကိစ္စတွေမှာလည်း မေမေ မျက်ကွယ်ပြုထားရသည့် အချိန်မှာ ဖြည့်ဆည်းပေးခဲ့ရသည်။ သည်အကြောင်းတွေကို ရန်ကုန်ရောက်သည့်အခါ မေမေနှင့် တွေ့လျှင် ပြောပြချင်ပါသည်။ သူ့သမီးလေး သူ့အပေါ် မည်မျှ သိတတ်ထားသည် ဆိုတာကို ကြားသိပြီး မေမေ ကျေနပ်

ဝမ်းမြောက်နိုင်ပါစေ။

သို့ပေမဲ့ ကျွန်မအတွက်တော့ သိဒ္ဓတ္ထမင်းသားရော၊ ဝေဿန္တရာမင်းကြီးရောဟာ သူရဲကောင်း မဟုတ်ခဲ့ပါ။ ရာဟုလာတို့၊ ကဏှာတို့ ဇာလီတို့အတွက် နာကျင်ရပါသည်။

❈

ဒီဇင်ဘာလ ၅ ရက်နေ့မနက်တွင် ရန်ကုန်သို့ ရောက်သည်၊

သည်တစ်ခေါက် ရန်ကုန်ခရီးက ကျွန်မအဖို့ တတိယမြောက်ခရီး။ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်များတွင် မြိတ်ကိုသွားတုန်းက တစ်ထောက်သာ နားခဲ့ရသည့် ရန်ကုန်ကို သီးသန့်လာရသည့် ခရီး ဖြစ်သည်။ ဖေဖေက တက္ကစီ ငှားလာပြီး လာကြိုပါသည်။ တက္ကစီက အရင်တုန်းကလို လေးဘီးကား အပြာ မဟုတ်တော့။

ရန်ကုန်၏ လမ်းမများသည် ထုံးစံမပျက်၊ အရပ်မျက်နှာပေါင်းစုံမှ လူပေါင်းစုံနှင့် တချို့နေရာတွင် တရွှေရွှေ၊ တချို့နေရာမှာတော့ တရိုန်ထိုး စီးမျောနေပါသည်။ အရင်အခေါက်တွေတုန်းက ရန်ကုန်ကို ရောက်လျှင် သွားချင်တာ၊ စားချင်တာတွေ စိတ်ကူးထားတတ်ပေမယ့် သည်တစ်ခါမှာတော့ မေမေ့ကိုသာ တွေ့ချင်မိသည်။ ခပ်စိပ်စိပ်မက်သည့် အိပ်မက်ဆိုးက ကျွန်မကို ခြောက်လှန့်နေသည်။ အိပ်မက်ထဲမှာ ကျွန်မသည် တောင်တစ်တောင်ပေါ်သို့ မောကြီးပန်းကြီး တက်နေရသည်။ တောင်ထိပ်ကို ရောက်တော့ မေမေ့အလောင်းကို တွေ့ရသည်။ တစ်ခါမက်ဖူးသည့် အိပ်မက်မှာတော့ မေမေက ရထားစောင့် နေသည်။ ကျွန်မက သံလမ်းဟိုဘက်အခြမ်းမှာ မေမေ့ကို လှမ်းခေါ်ရင်း အော်ငိုနေသည်။ ခဏကြာတော့ မည်သူမှန်း မသိသည့်သူက ကျွန်မကို လာပြောသည်။ “နင့် အမေ သေပြီ” တဲ့။ အခုတော့ သက်ရှိထင်ရှား ရှိနေသေးသည့် မေမေ့ကို တွေ့ရတော့မည်။ ကျွန်မတို့ လာမည့်အကြောင်းကို မေမေ့ကို ပြောပြထားသဖြင့် သူကလည်း သိနှင့်ပြီးပြီတဲ့။

စမ်းချောင်းက ဖေဖေ့၏ ဆရာ့အိမ်မှာ ကျွန်မတို့ တည်းပါသည်။ ဖေဖေကတော့ သူ ပင်တိုင်ရေးနေသည့် မဂ္ဂဇင်းတိုက်မှာပဲ နေသည်။ မဂ္ဂဇင်း တိုက်ကလည်း စမ်းချောင်းမှာပဲ ဆိုတော့ မေမေ့ကို စမ်းချောင်း၊ ပြည်လမ်း ပေါ်က အထူးကု ဆေးတိုက်တစ်တိုက်မှာ ထားပါသည်။ ရန်ကုန်ကို ရောက်ရောက်ချင်း အထုပ်ချပြီးသည်နှင့် ကျွန်မတို့ မေမေ့ဆီကို သွားကြသည်။ ခဲဆွဲထားသလို စိတ်လေးနေခဲ့သော်လည်း မေမေ့အနားကို ရောက်လာပြီ ဆိုသည့်အသိဟာ မည်သို့ဆိုစေ။ အနည်းငယ်တော့ စိတ်သက်သာရာရပါသည်။

မေမေ့ကို စတွေ့ရသည့် မြင်ကွင်းဟာ အမောဆို့စေပါသည်။ခများမယ် လှဲပြီး မအိပ်နိုင်သဖြင့် ဆေးရုံခုတင်၏ အပေါ်ပိုင်းကို မတ်ခိုင်း ထားပြီး ခေါင်းအုံးတွေ ခုထားပြီးမှ သူ ကျောမှီနေရရှာသည်။ သည့်အပြင် နှာခေါင်းမှာလည်း အောက်ဆီဂျင်ပေးထားသည့် ပိုက်တန်းလန်း၊ လက်မှာလည်း ပိုက်တန်းလန်း။ ခန္ဓာကိုယ်ကတော့ ရုပ်ပျက်လောက်သည်အထိ ကျုံမသွားပါ။

“ဘီးကလေ အရင်တုန်းက သူ စားနိုင်တုန်းကတော့ နေမြန်မြန် ကောင်းချင်လို့ဆိုပြီး အစားတော့ ကြေးမများဘူး… ကြိတ်မှိတ်စားတာပဲ… မန္တလေးကို သူ ပြန်ချင်လှပြီတဲ့… ဒီတစ်ခေါက် ဆေးရုံတက်တော့ အစားသိပ်

မဝင်ဘူး”

ဘေးနားက ဖေဖွေ ဆရာမ၏ စကားသံကို ကြားရသည်။ မေမေသည် ကျွန်မတို့ကို ကြည့်ရင်း မျက်ရည်လည်လာသည်။ သို့ပေမဲ့ ရစ်ဝိုင်းလာသည့် သူ့မျက်ရည်ကို မျက်တောင်တဖျပ်ဖျပ် ခတ်ကာ အမြန် နှင်လွှတ်ရင်း အားယူပြီး စကားပြောသည်။

“ခရီးပန်းလာကြလား”

“မပင်ပန်းပါဘူး မေမေ”

“အခု ဘယ်မှာ အိပ်ကြမှာလဲ”

ကျွန်မတို့ ဖြေသည့် စကားကိုတောင် မစောင့်။ ဘေးက သူနာပြု ဆရာမကို မေမေက သူ့မွေ့ရာကို ပြသည်။ ပြီးတော့ “ဖယ်ပေး” တဲ့။ ဆရာမက “ပုလို့လား” မေးတော့ ခေါင်းညိတ်သည်။ “ဖယ်လိုက်” ဟု ထပ်ပြောသည်။ မွေ့ရာကို ဖယ်ပြီးသွားတော့ “သမီးတို့ အိပ်ကြနော်” တဲ့။

မေမေ့ရှေ့မှာ ငိုမချလိုက်မိအောင် အတော်ထိန်းရပါသည်။ သူ့ သမီးတွေ မွေ့ရာမပါဘဲ မအိပ်တတ်သည်ကို မေမေ သိသည်။ နွေခေါင်ခေါင် ပူလွန်းလှသည့် အချိန်မှာတောင် မွေ့ရာမဖယ်စတမ်း အိပ်ကြတာ မေမေ မှတ်မိ သည်လေ။ မွေ့ရာမပါလျှင် ကျောနာလှချည့် ဆိုပြီး အဆာကျယ်တတ်သည့် သူ့သမီးတွေ၏ သဘောကို မေမေ နားလည်ထားသည်လေ။

“အစ်မရယ်...မွေ့ရာ ပေးချင်တာများ ပြောရောပေါ့...ကျွန်မ စီစဉ်ပေးပါ့မယ်”

နောက်ဆုံး သူနာပြုဆရာမ ကြားဝင်တော့မှ သားအမိတစ်တွေ ပြေလည်မှု ရသွားပါတော့သည်။

ရောက်သည့်နေ့ တစ်နေ့လုံး ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး မေမေ့ကို ပြောပြစရာစကားတွေ မကုန်နိုင်။ ပြီးသွားသည့် ဘုရားပွဲအကြောင်း ဘိုးတိမ်ညွှန့်တို့ မိသားစုအကြောင်း၊ ကျောင်းကအကြောင်း စသည်ဖြင့် တောင်တောင်ညာညာတွေ ပြောပြီး အိမ်က ကိစ္စတွေအကြောင်း မရောက်လေအောင် စကားမြားဦး လှည့်ထားကြသည်။ “ကားကို ဒီအတိုင်း ထားခဲ့သလား” ဆို၍ မေမေ မေးလာတော့ ကြိုတင်စဉ်းစားထားသည့်အတိုင်း ဖြေကြသည်။ ဒါတောင် ကျွန်မလက်ဖျံရိုးလေးကို ကိုင်ပြီး “ပိန်လိုက်တာ... ဘာမှ မစားဘူးလား” ငေါက်သေးသည်။ ညနေပိုင်းကျတော့ မေမေ့မျက်နှာ လန်းလာသည်။ ဒီဇင်ဘာ ၆ ရက်နေ့၊ တနင်္ဂနွေနေ့ နေ့လယ် မြန်မာ့အသံကနေ မေမေ ကြိုက်သည့် မင်းသမီးစန္ဒာ၏ နှစ်မြှာအသည်း ဇာတ်ကား လာပါသည်။ သားအမိ တစ်တွေ ဒေါ်ဂျမ်းစိန်နှင့် ဦးဘချစ်ကို ကြည့်ပြီး ရယ်ကြသေးသည်။

ကျွန်မမှာသာ တစ်ဒုက္ခ။ ဆေးခန်းနားက ဝယ်လာသည့် ဟင်းကို မကြိုက်သည်မို့ ကြေးများပြီး မစားဘဲ နေသည်။ ဂျီကျနေသည့် သမီးကို မေမေက “လာစမ်း” တစ်ချက် အော်သည်။ ပြီးနောက် ဆေးမသွင်းထားသည့် သူ့လက်တစ်ဖက်နှင့် ထမင်းခွံ့ကျွေးပါသည်။

“ကုန်အောင် စားနော်… ညက်အောင် ဝါးစား”

မေမေသည် မျက်စောင်းချိတ်၍ ပြောလိုက်သည်။ အိမ်မှာဆိုရင်လည်း ကျွန်မ ထမင်းမစားလျှင် သည်လိုပဲ ခွံကျွေးနေကျ။ ခါတိုင်းလိုဆိုလျှင် ကျွန်မသည် တအီအီလုပ်ပြီး ထမင်းကို ကောင်းကောင်းမစား၊ ထမင်းတစ်လုတ်၊ တုတ်တစ်ချက် ဆိုသလို ထမင်းတစ်လုတ်ဝင်ဖို့အရေး မေမေ့မှာ ဆူရ၊ ငေါက်ရ၊ ခေါက်ရ၊ ဆွဲရ လိမ်ရနှင့် ဖြစ်သည်။ ဆေးခန်းထဲကျတော့ မေမေ့ကို ဂျီမကျရဲ သလို ဂျီကျချင်စိတ်လည်း မရှိတော့။

ထိုရက်ပိုင်း မေမေ့၏ အခြေအနေ အတော်လေး တိုးတက်လာသည်။ ကျောဘက်တွင် အဆုတ်ထဲက ရေကို စုပ်ထုတ်ထားသည့် ဒဏ်ရာကတော့ နာရှာသေးသည်။ ချွဲလည်း ထသည်။ အဖျားတော့ မရှိ။ ဆီး၊ ဝမ်းမှန်နေသေးသည်။ လှဲပြီး မအိပ်နိုင်သေးသဖြင့် ပင်ပန်းပုံတော့ ပေါ်သည်။ ထိုင်လျက် မေ့ရင်း ငိုက်ရင်းက တစ်ခါတလေ သူ တရားမှတ်နေတတ်သည်။

ဒီဇင်ဘာ ၉ ရက်နေ့ မနက်တွင် ကျွန်မတို့အားလုံး ပုံမှန်အတိုင်း နိုးထလာကြပါသည်။ ပုံမှန်အတိုင်းဟု ဆိုရခြင်းက ထိုနေ့က ကစဉ့်ကလျား နေ့ရက်များ မတိုင်မီ နောက်ဆုံးနေ့ ဖြစ်ခဲ့ခြင်းကြောင့်ရယ်ပါ။ သည်မနက်မှာတော့ မေမေ ပိုပြီး ချွဲကျပ်နေသည်။ သူ့ချွဲသံ တဂူးဂူး တဂဲဂဲကို ဘေးကနေ ကြားရတာ ကိုယ်တိုင်ပင်လျှင် အသက်ရှူမဝတော့သလို ခံစားမိသည်။ ခဏနေ သူ ဝမ်းသွားတော့ ကျွန်မက ဆေးကြောသုတ်သင်ပေးဖို့ လုပ်သည်။ မေမေက လက်မခံပါ။ ကျွန်မလက်ကို ဖယ်ပြီး သန့်ရှင်းရေးလုပ်ဖို့ ခေါ်ထားသည့် အဒေါ်ကြီးကိုပဲ လက်ယပ်ခေါ်ပါသည်။

“အစ်မပဲ လုပ်ပေးနော်… သူ အရမ်းအသန့်ကြိုက်တတ်တာ ကျွန်မ သိတယ်”

သူ့ဝေဒနာထက် သမီးတွေ၏ စိတ္တဇတိုင်းကို အသေးစိတ် စဉ်းစားပေးခဲ့သည်။ သို့ပေမဲ့ သူ့အသံသည် လေတိုးသံလို ယဲ့ယဲ့မျှသာ ထွက်နိုင်တော့သည်။

မနက် ၁၁ နာရီကျော်လောက်မှာတော့ ရုတ်တရက် အောက်ဆီဂျင် ပြတ်သွားပါသည်။ အောက်ဆီဂျင် ကုန်ခါနီးချိန်တွင် သူနာပြုဆရာမက ဆေးရုံက တာဝန်ရှိသူတွေကို အကြောင်းကြားခဲ့ပေမယ့် ချက်ချင်း ရောက်မလာကြပါ။ သည်လိုနှင့် အောက်ဆီဂျင် ပြတ်သွားသည့် ခဏအတွင်းမှာပဲ မေမေ နှုတ်ခမ်းတွေ ပြာနှမ်းလာပြီး မျက်ဖြူလန်လေသည်။

“မေမေ”

ခုတင်ဘေးဘက်သို့ စောင်းလျက် ပုံကျလာတဲ့ မေမေ့ကို ကျွန်မတို့ ညီအစ်မနှစ်ယောက် ပြေးပွေ့ကြသည်။

“ဆရာမ လာပါဦး… ဆရာမ”

ကျွန်မတို့ အသံကုန် ဟစ်အော်သည်။ ဆရာမတွေ ပြေးလာကြသည်။ အခြေအနေ ဝရုန်းသုန်းကား ဖြစ်ကုန်သည်၊ မမက “ဖေဖေ့ကို သွားခေါ်… မြန်မြန် သွားခေါ်” တဲ့။ ကျွန်မကို အမြန်လွှတ်သည်။ မျက်ဖြူလန်နေသည့် မေမေ့ကို ကြည့်ပြီး

ဒူးပင်မခိုင်ချင်ဖြစ်နေသည့် ကျွန်မမှာ ကုန်တုန်ယင်ယင်နှင့်ပဲ မေမေ့အခန်းရှိသည့် လေးလွှာကနေ အောက်ကို ပြေးဆင်းလာခဲ့သည်။ ဖိနပ်လည်း မပါ။ ဆေးခန်းဘေးက လမ်းကြားအတိုင်း ပြေးလာခဲ့သည်။ ဖေဖေ တည်းခိုသည့် မင်္ဂလာဇင်းတိုက်နှင့် မေမေ့ ဆေးခန်းက မဝေးလှပါ။ ဟိုကွေ့ သည်ချိုး လုပ်လိုက် ရုံနှင့်ပင် ရောက်နိုင်တဲ့ အနေအထား။ သို့ပေမဲ့ စိတ်လောပြီး ကမူးရှူးထိုး ပြေးလာမိတော့ ကွေ့သည့်လမ်းတွေက မှားကုန်သည်။ ဖေဖေက တစ်ခါသာ ပြထားဖူးတော့ မှတ်လည်း မမှတ်မိတော့။

ဖေဖေ့ဆီလည်း မရောက်၊ မေမေ့ဆီလည်း မပြန်နိုင်။ မွန်းတည့်ခါနီး နေအပူချိန်ကလည်း ပူလိုက်တာ။ မတ်မတ်လည်း မရပ်နိုင်တော့၊ ခြေလက်ကိုလည်း မသယ်နိုင်တော့။

"မေမေ သေပြီထင်တယ်… ဒုက္ခပါပဲ… မေမေ သေပြီ ထင်ပါရဲ့"

ကျွန်မသည် လမ်းဘေးမှာ ထိုင်ပြီး ကျူကျူပါအောင် ငိုပါတော့ သည်။ လမ်းသွားလမ်းလာတစ်ယောက်က မနေနိုင်၍ ချော့ပြီး မေးလေတော့မှ အကျိုးအကြောင်း သိပြီး ဆေးခန်းကို လိုက်ပို့ပေးပါသည်။ ဆေးခန်းရောက် တော့လည်း အပေါ်ထပ်သို့ မတက်နိုင်။ ပိတ်ဖြူ လွှမ်းထားသည့် မေမေ့ အလောင်းကိုများ တွေ့လေမလား စိတ်နှင့် ရင်မဆိုင်ရဲ ဖြစ်နေသည်။ အောက်ထပ်မှာပဲ အတော်လေး ငိုနေသဖြင့် သူနာပြုဆရာမတစ်ယောက်က အမေ သက်သာသွားပြီ၊ အောက်ဆီဂျင် ပေးထားပြီဆိုပြီး ချော့တော့မှသာ အပေါ်ထပ်ကို တက်နိုင်တော့သည်။

အခန်းကို ပြန်ရောက်တော့ မေမေ အသာမှိန်းနေသည်။ နွမ်းဟိုက်နေသည့် အသွင်ကတော့ ကျန်သေးသည်၊ သူ့လက်ဖျားလေးတွေ အေးနေသဖြင့် နွေးလာစေရန် လက်နှင့် အသာဆုပ်ပေးမိသည်။ ကျေးဇူးတင်သည့်အနေဖြင့် မေမေက ကျွန်မ လက်ကို ပြန်ဆုပ်ကိုင်ပြီး အသိအမှတ်ပြုရှာသည်။ မေမေ့မှာ အသိစိတ် မကင်းကွာသေး။ ခဏကြာတော့ ဖေဖေတို့လည်း ရောက်လာပါသည်။

တကယ်တော့ မုန်တိုင်းက အားယူဖို့ အရှိန်ကို ဖျော့လိုက်ခြင်းသာ။ ည ခုနစ်နာရီမှာတော့ လေနီကြမ်းက တစ်ကျော့ပြန် ဝင်လာပါသည်။ သူနာပြု ဆရာမက မေမေ့ကို သွေးဖိအား တိုင်းပြီးသည့်နောက် မျက်နှာမကောင်းလှ။

"ပရက်ရှာ အရမ်းကျနေတယ်…လူကြီးတွေကော"

ဖေဖေက သူ့ဆရာမနှင့်အတူ ဆရာဝန်ကြီးဆီကို သွားတွေ့နေသည့် အချိန်ပေါ့။ ကျွန်မတို့လည်း ဘာလုပ်ရမှန်းမသိဘဲ ဖေဖေ့ကိုသာ ထိုင်စောင့် နေကြသည်။ ဖေဖေတို့ ရောက်လာချိန်တွင် သူနာပြုဆရာမက အခြေအနေကို အစီရင်ခံသည်။ မရှေးမနှောင်းမှာပဲ ဆရာဝန်ကြီး ရောက်လာသည်။ စမ်းသပ်စရာရှိတာ စမ်းသပ်ပြီး ဆေးထိုးပေးခဲ့သည်။

"သိပ်မျှော်လင့်ပါနဲ့တော့" တဲ့။ ဆရာဝန်ကြီး၏ ပြောစကားဟာ ကျွန်မ မေမေအတွက်တော့ သေမိန့်ပါပဲ။ သူကတော့ မကြားရဘူးပေါ့။ ကြားရသည့် ကျွန်မတို့မှာသာ မျှော်လင့်ချက်ဟာ အရှိန်ပြင်းပြင်း လောင်ကျွမ်း သွားတာ။ တစ်မုဟုတ်ချင်း ပြာပုံဖြစ်သွားတာ။

ဆေးတိုက်၏ လေးလွှာကနေ အောက်ထပ်ကို ခေါက်တုံ့ခေါက်ပြန် ခါတ်လှေကားစီးရင်း ခါတ်လှေကားထဲမှာ ကျွန်မ ငိုသည်။ ကျွန်မ မေမေဟာ တကယ်ပဲ ကုလို့ မရနိုင်တော့ဘူးတဲ့လား။ တကယ်ပဲ သေတော့မှာ တဲ့လား။ အဲသလောက်ပဲ မြန်ရသလား။

အောက်ထပ်မှာ ခဏထိုင်သည်။ တီဗွီက ဘာတွေ ပြနေသည်ဆိုတာ ကျွန်မ၏ သိစိတ်မှာ မရှိ။ သတိဝင်လာပြီး ကြည့်မိတော့ "အထူးရဲ့ ကွန်မန်ဒို" တရုတ်ဇာတ်လမ်းတွဲထဲတွင် မင်းသား ချိန်ကွမ်းမင် သေ၍ မင်းသမီး ဝမ်လီနီ ကလည်း ငိုနေလေပြီ။ ည ရှစ်နာရီထိုးတော့ သတင်းလာသည်။ ထိုင်နေလျက်မှာပင် မျက်ရည်သည် တားမနိုင်လောက်အောင် တစိမ့်စိမ့် စီးကျလာသည်။ မြင်ကွင်းတွေ၊ အသံတွေ ကျွန်မဘေးမှာ၊ ကျွန်မ ရှေ့မှာ ဘာမှ မရှိတော့။ စကြာဝဠာ အမှောင်တိုက် တစ်ခုလုံး ကျွန်မ တစ်ယောက်တည်းလိုပါပဲ။

ည ရှစ်နာရီခွဲတော့ အပေါ်ကို တစ်ခေါက် တက်ကြည့်သည်။ မေမေ မောတာ သိသာလာသည်။ မုန့်တိုင်းထန်သော ပင်လယ်ပြင်က လှိုင်းလုံးများနှယ်၊ သူ့ရင်အုံသည် မို့မောက်သွားလိုက်၊ ပြေကျသွားလိုက်။ ချွဲသံတွေ့ ပိုပြင်းလာသည်။

"ချွဲစုပ်စက်က အလုပ်မလုပ်ဘူး" ဆိုသည့် သူနာပြုဆရာမ၏ ပျာယီး ပျာယာအသံကို ကြားလိုက်ရသည်။ ပလပ်ခေါင်းကို ပလပ်ပေါက်တွေထဲ ဟိုထိုး သည်ထိုးနှင့် အလုပ်ရှုပ်ကုန်ကြသည်။ သူနာပြုဆရာမ အသံကို ကျွန်မတို့ ကြားသလို မေမေလည်း ကြားမည်ပင်။ မေမေ သေချင်ပုံ မရသေး။ သူ့ လက် နှစ်ဖက်က မွေ့ရာကို အတင်းဖျစ်ညှစ် ဆွဲဆုပ်ကိုင်ထားပြီး ရင်ခေါင်းသံကြီးနှင့် အသက်ရှူနေသည်။ ဥမမည် စာမမြောက်သေးသည့် သူ့သမီးနှစ်ယောက်ကို စိတ်ချပုံမပေါ်။ သူ နေချင်ရှာသေးသည်။

ကျွန်မသည် ဘေးနားက ခေါင်းအုံးတစ်လုံးကို ပါးစပ်ထဲကို ထိုး သွင်းပြီး "အား" ဟု အော်ရင်း ငိုချလိုက်သည်။ အသံခပ်အုပ်အုပ်သာ ထွက်သွားသည်။ ဖေဖေ့ ဆရာမက ကျွန်မကို အခန်းအပြင်ဘက်သို့ ဆွဲခေါ်လာခဲ့သည်။

"မေမေ ဘဝကူးမကောင်းဘဲ နေလိမ့်မယ် သမီးရယ်… လာခဲ့…လာခဲ့"

"မေမေ့ကို ကယ်ပါ အန်တီရယ်…မေမေ့ကို ကယ်ပေးပါ"

ဆရာမက ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံးကို ဖက်ပြီး ငိုပါသည်။

"ဒီကလေးနှစ်ယောက်ကို ငါ သနားလိုက်တာ ဘာထွန်းရယ်"

ကျွန်မတို့ကို နှစ်သိမ့်ရင်း အနားမှာရှိသည့် ဖေဖေ့ဘက်ကို လှည့်ပြီး ဆရာမက ပြောလိုက်သည်။ ဖေဖေ့ဆီက စကားသံ ပြန်မလာ၊ ငိုချင်တာကို အံ့ကြိတ်ပြီး ခံနေပုံပေါ်သည်။ သည်ဆရာနှင့် ဆရာမဟာ တပည့်တွေထဲမှာ ဖေဖေ့ကို အချစ်ဆုံး။ သူတို့လင်မယားနှစ်ယောက်ကပဲ ဖေဖေ့ကို "ဘာထွန်း" ဟု ခေါ်ကြသည်။ တက္ကသိုလ်မှာ ပညာသင်ပေးခဲ့ရုံတင်မက တပည့်၏ လူ့ဘဝထဲ အထိပါ ကူညီခဲ့ပေးကြတဲ့သူတွေပါ။ ရန်ကုန်မှာ ဆေးရုံကို ပုံမှန် လာစောင့်ပေး၊ ကူညီပေးမယ့် ဆွေမျိုးက နည်းပါးလေတော့ သည်ဆရာနှင့် ဆရာမတို့ အိမ်ကပဲ တာဝန်ယူပေးရသည်။

"မမ မလာရင် ဒီတိုက်ပေါ်ကနေ ဘီး ခုန်ချလိုက်မှာနော်"

သူ့ဆီကို ပုံမှန်လာပြီး အားပေးနေသည့် ဆရာမအပေါ် မေမေက သည်မျှ အထိ အားကိုးသည်။ အခုတော့ သူ အားကိုးတဲ့ ဆရာမကလည်း သူ့ကို မကယ်နိုင်။ ဘဝတစ်ခု အတူ တည်ဆောက်ဖို့ရာ ယုံကြည်ပြီး လက်ကို ဆုပ်ကိုင်ဖူးသည့် သူ့ခင်ပွန်းသည်ကလည်း သူ့ကို မကယ်နိုင်။ ကျွန်မတို့ကလည်း မကယ်နိုင်။

ည ၁၀ နာရီမှာ အခန်းထဲကို ဝင်ကြည့်မိပြန်သည်။ အသက်မထွက်သေးပေ။

တံခါးဝကနေပဲ လှမ်းကြည့်လိုက်သည်။ မေမေ့ခမျာ သူ့ရှင်သန်မှု အတွက် တစ်ယောက်တည်း ရုန်းကန်နေရဆဲ။ တစ်ခါ တစ်ခါ အသက်ရှူရဖို့ အရေး မိနစ်ပိုင်းမျှ အထိပင် ကြာသလို စိတ်က ထင်မိသည်။ ပင်ပန်း ဆင်းရဲလိုက်တာ။ သမုဒ္ဒရာကို အန်တုပြီး တစ်ယောက်တည်း လက်ပစ်ကူးနေရသူကို ကျွန်မတို့တစ်တွေဟာ သင်္ဘောပေါ်ကနေပြီး စောင့်ကြည့်နေရသလိုပါပဲ။ သည်တစ်ခါ တကယ်မြုပ်သွားပြီ ထင်ပါရဲ့ ဪ.. မမြုပ်သေးဘူး၊ ပြန်ပေါ် လာသေးတာပဲ။ ရင်တမမနှင့် ကြည့်နေရသည်။ တစ်ချိန်ချိန်မှာ မြုပ်သွားတော့မည် ဆိုတာကိုလည်း သိပြီးဖြစ်သည်။ ကယ်လည်း မကယ်နိုင်။ အဘယ်မျှ ဆိုးသော ဝေဒနာပါလိမ့်။

တရားခွေ ဖွင့်သည်။ သို့ပေမဲ့ အသံထွက်မလာ။ ထွက်လာပြန်တော့လည်း အသံမှာ ထစ်အအနှင့်။ အဘယ်မျှ ကြီးသော ဝဋ်ကြွေးပါလိမ့်။ မေမေ တရားနာမည်ကို စိုးသဖြင့် မန္တလေးအိမ်မှာတုန်းက တိပ်ခွေတွေကို ဖျက်ဆီးခဲ့ဖူးသည့် ကျွန်မမှာ သည်မြင်ကွင်းကို မြင်ရတော့ တွင်းနက်ထဲကို ပြုတ်ကျ သွားရသလို ဆုပ်ကိုင်စရာပင် မကျန်တော့။

"သမီးကိုသာ တစ်ခါတည်း သတ်လိုက်ပါတော့ မေမေရယ်"

ငိုရင်းနှင့် ဆေးခန်းက ဘုရားခန်းဆီသို့ လျှောက်လာခဲ့သည်။ တရား ထိုင်ကြည့်သည်။ သမာဓိ မတည်နိုင်။ ယောက်ယက်ခတ်သော စိတ်တို့သည် ပွက်ပွက်ထနေဆဲ။ မကြာမီ မေမေ့၏ အမျိုးဝမ်းကွဲတို့ ရောက်လာသည်။ အားလုံးက သနားစရာ သတ္တဝါလို ဝိုင်းကြည့်တာကို ခံနေရသည့် မေမေ့ခမျာ မှာတော့ လူတွေအလယ်မှာ မည်သူ့ကိုမှ ဂရုမထားနိုင်ဘဲ တစ်ယောက်တည်း အစွမ်းရှိသမျှ ရုန်းကန်နေရရှာသည်။

အောက်ထပ်သို့ ကျွန်မ ဆင်းလာသည်။ ဘဘဆီကို လှမ်းပြီး ဖုန်းခေါ်သည်။

"ဘဘ မေမေ ဆုံးတော့မယ်တဲ့...ကျွန်တော့် မေမေကို ကယ်မရတော့ဘူးတဲ့"

တစ်ဖက်က ဖုန်းကိုင်သော ဘိုးအေသည် မြေးမကို မည်သို့ ဖြေသိမ့် ပေးရမှန်း မသိ။

"အေးပါ ငါ့မြေးရယ်...ဘဘ မေတ္တာပို့ပေးနေမယ်နော်"

သည့်နောက် ဆေးခန်းအပြင်ဘက်သို့ ထွက်လိုက်သည်။ ည ခုနစ်နာရီ ကတည်းက အမောဖောက်သူမှာ သန်းခေါင်ယံအထိ အသက်ပြင်းနေသေးသည်။ ကျွန်မကိုယ် ကျွန်မ ပြန်မေးကြည့်သည်။ မေမေ တကယ် သေတော့မယ်တဲ့။ ဘယ်လို

ကျန်ခဲ့ရမလဲ။ သည်အတိုင်းပဲ ထိုင်ကြည့်ရတော့မှာလား။ မေမေ မရှိဘဲ ကျွန်မလည်း မနေချင်။

ပြည်လမ်းတစ်လျှောက် ကားတစ်စီး အရှိန်ပြင်းပြင်း မောင်းလာသည်ကို မြင်တိုင်း ကားရှေ့ကနေ ပြေးခံလိုက်ဖို့ စဉ်းစားသည်။ တကယ်တမ်းမှာတော့ ကျွန်မ မလုပ်ရဲပါ။ ဆိုးလှတဲ့ ဒုက္ခပါလား။

ဒီဇင်ဘာ ၁၀ ရက်နေ့ မနက် တစ်နာရီထိုးတော့ အပေါ်ထပ်ကနေ မမ ဆင်းလာသည်။

"မေမေ ဆုံးပြီ" တဲ့။

မျှော်လင့်ပြီးသား သတင်းပါပဲ။ ပြိုလဲကျလုလု ပင်စည်ကို လက်ညှိုးလေးနှင့် တွန်းထုတ်လိုက်သည့် စကားပါပဲ။ နောက်ဆုံးသော ရေအရှိန်နှင့် ကမ်းပါးတွေ အထပ်ထပ် ပြိုသွားရသလိုပါပဲ။

အပေါ်ထပ်ကို တက်လာတော့ မေမေ့ကို တပ်ထားသည့် ပိုက်တွေကို ဖြုတ်နေကြပါပြီ။ မေမေ့အနားကို ကျွန်မ ကပ်လာခဲ့သည်။ မသေခင်က အားပါးတရ ဖက်ခွင့်မရခဲ့သည့် မေမေ့ခန္ဓာကိုယ်ကို ကျွန်မ သိမ်းကျုံးပြီး ဖက်ထားမိသည်။ မေမေ့ ရင်အုံပေါ်ကို ပါးအပ်မိတော့ ဂူးဂူးဂဲဂဲ ချွဲသံလိုလို၊ အသက်ပဲ ရှူနေသေးသလိုလို စိတ်ထင်မိသည်။

"မေမေ သွားတော့နော်...သမီးတို့ကို စိတ်ချပြီး သွားပါ"

မေမေ ကြားနိုင်ရုံမျှ လေသံမျှနှင့် အသိပေးလိုက်သည်။

အို...မေမေလည်း ဘွားဘွားလိုပဲ မျက်ရည်တွေ စိုလို့ပါလား၊

"ဟဲ့၊ ရှူဆေး လုပ်ကြပါဦး...မေ့မျှား သွားပြီလား"

ကျွန်မကို စိုးရိမ်သည့် အဘွားဝမ်းကွဲတစ်ယောက်က အနားကို ပြေးလာသည်။ တည်တည်ငြိမ်ငြိမ်ပဲ သူ့ကို ပြန်ဖြေခဲ့သည်။

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး...ရတယ်"

ဆေးခန်းထဲက မေမေ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေကို ဖြည်းဖြည်းဆေးဆေး သိမ်းဆည်းခဲ့သည်။ အလောင်းလာသယ်သူကလည်း သယ်သွားခဲ့လေပြီ။ အားလုံးပြီးတော့ ဆရာတို့၊ ဆရာမတို့၏ စမ်းချောင်းအိမ်ကို သားအဖ သုံးယောက် ပြန်လာခဲ့ကြသည်။ ကျွန်မတို့ အကြားမှာ စကားသံ မရှိ။

ညသည် တိတ်ဆိတ်လွန်းလှသည်။

※

မြိတ်က ဆွေမျိုးတွေကို စောင့်ရသည့်အတွက် မေမေ့ကို ငါးရက်မြောက်နေ့မှ သင်္ဂြိုဟ်ဖြစ်သည်။ နေ့လယ်ပိုင်း ရေဝေးမှာ သင်္ဂြိုဟ်ပြီးပြီးချင်း ညရထားဖြင့် သားအဖတစ်တွေ မန္တလေးကို ပြန်ကြတော့မည်။ သည်ကနေ့က မေမေ့ကို

နောက်ဆုံးသာ တွေ့နိုင်တော့မည့် နေ့။

တစ်မနက်လုံး နှင်းဆီနှင့် စံပယ်ပန်းကို စျေးတွင် ရသမျှ ရှာဝယ် ဖြစ်ခဲ့သည်။ တကယ်က မေမေက ကံ့ကော်ပန်းကို ကြိုက်တာပါ။ မေမေ့ကို ပိုးပန်းစဉ်က စီးပွားရေးတက္ကသိုလ်၊ အင်ကြင်းအဆောင်တွင် ကံ့ကော်ပန်းတွေ ဝေခဲ့ဖူးသည်။ ပန်းပန်လေ့မရှိသူမို့ မေမေက ဖေဖေ ပေးသည့် ကံ့ကော်ပန်းတွေကို ဘုရားကို ကပ်သတဲ့။ ကံ့ကော်ပန်းကား မေမ့ဘဝတွင် ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုသည့် သင်္ကေတ။ ဒီဇင်ဘာလ ဆိုတော့လည်း အချိန်ရာသီ မဟုတ်သဖြင့် မေမေ မြတ်နိုးသည့် ကံ့ကော်ပန်းတွေကို ရှာဖို့ မလွယ်ကူလှ။ အစားထိုးပေးရမည့် နှင်းဆီနှင့် စံပယ်ပွင့်များအပေါ် မေမေ နှစ်သိမ့်နိုင် ကောင်းပါရဲ့။

စိတ်စောနေတဲ့ ကျွန်မအဖို့ မေမေ့ကို မြင်နိုင်ဖို့ရာ ဂနာမငြိမ် ဖြစ်နေရသည်။

ဟော... မေမေ့ကို သယ်လာပါပြီ။

"ဟင်... မေမေ့ကို..."

သတိတစ်ချက်လွတ်ပြီး အော်မိမလို ဖြစ်သွားသည်။ မေမေ့ကို ပိတ်ဖြူတွေ ပတ်ထားသည်လေ။ မေမေ အသက်ရှူကျပ်တော့မယ် ဆိုပြီး သတိပေးတော့မည့် ဆဲဆဲမှ အခြေအနေကို ပြန်သတိရသည်။ ကျွန်မ မေမေဟာ ရုပ်ခန္ဓာချည်းသက်သက် ချန်ထားခဲ့တာကိုး။

ငယ်သေးသည့် အရွယ်မှာ လူသေကောင်ဆိုလျှင် ထိကိုင်ဖို့ နေနေသာသာ၊ စေ့စေ့ပင် မကြည့်ရဲသည့် ကျွန်မက မေမေ့ကိုတော့ နောက်ဆုံးအနေဖြင့် ဆုပ်နယ်ဖြစ်ခဲ့သည်။ မေမေ့၏ ခြေဖျားလေးတွေ၊ လက်ဖျားလေးတွေ ပါးကလေးတွေ။

မေမေသည် ကျွန်မ၏ ကယုကယင်အပေါ် အသိမရှိတော့၊ မတုံ့ပြန်နိုင်တော့ပေ။ ရေခဲတိုက်ထဲကနေ ထုတ်ယူလာခဲ့ရသဖြင့် သူ့ အသားဆိုင်တို့သည် အေးစက်တောင့်တင်းနေလေ၏။ နောက်ဆုံးအနေဖြင့် မေမေ့ အဝတ်အစားထဲက ခပ်လတ်လတ် ဝတ်စုံဖြစ်သည့် ဘူးပါတိတ် အစိမ်းရောင်ဝတ်စုံကို ကိုယ်ပေါ်တွင် လွှမ်းပေးလိုက်သည်။ ကျေနပ်လောက်အောင် တစိမ့်စိမ့် ကြည့်ပြီးမှ မနွေးလှသော ရင်ခွင်အပေါ်သို့ ပန်းတွေ ကြဲချလိုက်သည်။

ကိုယ့်ရပ်ကိုယ့်ရွာ မဟုတ်သဖြင့် အသုဘမှာ စည်ကားလှသည် မဟုတ်၊ ဆွေမျိုး အနည်းအကျဉ်းမျှသာ ရှိသည်။ ဘုန်းကြီးကြွလာတော့ သရဏဂုံတင်ပေးသည်။ ကွယ်လွန်သူ အမည်ကို မေးသည်။ အိမ်နာမည် ဘီးဘီးအင် ပါဘုရား၊ နီနီယဉ် လို့လည်း သိကြပါတယ်ဘုရား၊ အသက် (၄၂) နှစ်ပါဘုရား။ လျှောက်တင်ကြသည်။ တရားဟောသည်။ ရေစက် ချသည်။ အမျှဝေသည်။ ပြီးနောက် အသင့်စောင့်နေသူတို့က မေမေ့ကို ပြန်သယ်သွားကြသည်။

ရှိုက်သံတွေ စီခနဲထွက်လာပြန်သည်။ "ကလေးတွေကို ထိန်းပေး ကြဦး" ဆိုသည့် အသံကို ကြားရသည်။ ကျွန်မ လက်ကာ ပြမိသည်။ အူလှိုက် သည်းလှိုက် မငိုချင်လှတော့။ ငါးရက်လုံးလုံး ငိုခဲ့ရသည်မှာ ပင်ပန်းလွန်းလှပြီ။ ငိုတာ မဟုတ်ပေမယ့် မျက်ရည်တော့ စိုမိသေးသပေါ့။ သည်မျက်ရည်ကို ကျွန်မ မတားနိုင်။ သို့ပေမဲ့ ဒါဟာ ငိုတာ မဟုတ်လို့တော့ ငြင်းရလိမ့်မည်။

မကြာမီမှာပဲ မေမေနှင့်အတူ၊ အလောင်းနှင့်အတူ၊ ဘီးဘီးအင်နှင့် အတူ၊ နီနီယဉ်နှင့်အတူ၊ သမီးနှစ်ယောက် မိခင်နှင့်အတူ နှင်းဆီပန်းပွင့်များ ပါသွားသည်။ သူတို့လည်း ပြာဖြစ်ချင် ဖြစ်သွားကြမှာပါ။ ဒါမှမဟုတ် ကျွန်မ တို့လိုပဲ နွမ်းပြီး ကျန်ရစ်ခဲ့ကြလိမ့်မည်ထင့်။ ခေါင်းတိုင်ကနေ မီးခိုးငွေ့တွေကို ခပ်မျှဉ်းမျှဉ်း စမြင်တော့ ဖေဖေက "သွားကြစို့နော်... သမီး" တဲ့။ ကျွန်မတို့ကို ဆွဲခေါ်သည်။ မမက ကျွန်မကို ကြည့်ပြီး "ငါ နင့်ဘေးနားမှာ ရှိမှာပါ ညီမလေးရယ်" ဆိုပြီး စိမ့်ကျလာသည့် ကျွန်မ မျက်ရည်တွေကို သုတ်ပေးရင်း ကတိပေးသည်။

မီးခိုးငွေ့တို့ သိပ်သည်းပြီး အရောင်ပိုရင့်လာသည်။

မသေဆုံးခင်မှာ ရှင်သန်နိုင်ဖို့ရာ ရုန်းကန်မှု ပြင်းထန်သလောက် အဆုံးသတ်သွားဖို့ ကျတော့များ လွယ်ကူလိုက်တာ။ ဝင်လေတန့်သွားမည့် ထွက်သက်တစ်ခုသာ လိုအပ်သည်ကိုး။ ဘဝတစ်ခု နိဂုံးချုပ်ခဲ့ပြန်ပြီ။ ပြတ်ကျသွားသော ပိုးအိမ်မှ ကြိုးမျှင်များသည် အောက်တွင် တွဲလောင်း ကျလျက်။

ထိုညမှာတော့ ည ရှစ်နာရီခွဲရထား၏ ဥသြသံက ကျွန်မတို့ကို ဆောင်ယူဖို့ရာ လောဆော်နေလေ၏။ သားအဖတစ်တွေသည် မပြီးဆုံးသေးသော၊ တစ်နည်း ဆက်ရန် ကျန်ရှိနေသော ခရီးအတွက် ရထားပေါ်ကို တက်လိုက်ကြသည်။

ဝေးပြီ။ မေမေက တစ်လမ်း၊ ကျွန်မတို့က တစ်လမ်း။ သံသရာ ဆွေမျိုးတစ်ယောက်ကို သည်ဘဝမှာတော့ သည်မှာတင် ထားခဲ့ရပါပြီ။ ထိုအချိန်ကစပြီး ပျောက်ရှသွားတဲ့ လည်တုံဆွဲကြိုးကို ရှာရသည့် အိပ်မက်ကို စိတ်အားငယ်သည့် အချိန်တိုင်း တိုက်တိုက်ဆိုင်ဆိုင် မက်တတ်သည်။ မေမေက မရှာပါနှင့်တော့ဆိုပြီး တားသည်။ ကျွန်မက မရမက ရှာသည်။ အိပ်မက်သည် ကျွန်မကို မောဟိုက် နွမ်းလျလွန်းအောင်ပင် ရှည်လျားလွန်း လှပါ၏။

❑

(၁၈)

လောကဓံ လှိုင်းကြက်ခွပ်လေးတွေ

မုန်တိုင်း ပြီးစအချိန်။

အရာရာသည် အပြိုပြို အပျက်ပျက်တို့နှင့် ဖရိုဖရဲ တစ်စစီ ပြန့်ကျဲလျက်။

မန္တလေးကို ပြန်ရောက်ပြီးသည့် နောက်တစ်ရက်မှာပဲ မေမေ့ကို ရက်လည်လိုက်ကြသည်။ ရက်လည်သည့် ညမှာပဲ ဆေးကုစဉ်က ချေးငှား ထားသော အကြွေးက ပူလေသည်။ တစ်ပူမအေးခင် တစ်ပူက ဆင့်သည်။ ပေးရန်ရှိသော အကြွေးကိုသာ မှတ်မှတ်ရရ ပေးဖို့ ဖြစ်လာသည်။ မေမေ ချေးပေးထားခဲ့သည့် ရရန်ရှိသော အကြွေး ဆိုသည်မှာ ဘယ်ဆီနေမှန်း မသိ။

မေမေ မည်သူ့ကို မည်မျှ ချေးငှားခဲ့မှန်း မသိ။ သူကိုယ်တိုင်ကလည်း မိသားစုဝင်တွေကိုတောင် မယုံလို့ မပြောခဲ့လေတော့ စာရင်းအင်း ဆိုသည်မှာ ကြက်ပျောက်ငှက်ပျောက် ပျောက်လေသည်။ သည့်အပြင် မေမေ ဝယ်ထားခဲ့သည့် မြေကွက်တချို့၏ စာချုပ်တွေလည်း ပျောက်နေသည်။ ဘယ်မှာ ထားခဲ့မှန်းလည်း မသိ။ ဘယ်သူ့ကို အပ်ခဲ့မှန်းလည်း မသိရ။ တရားရင်ဆိုင်ဖို့ရာ စွဲဆိုထားသည့် အမှုတွေမှာလည်း ပန်းလှပြီ။ သို့နှင့် နောက်ဆုံးတွင် ရသလောက်နှင့်သာ ကျေအေးလိုက်ရသည်။ ကားကိစ္စအတွက် တစ်ဖက်သား ကျေနပ်ဖို့ရာ ရှိကာ ရောင်းချပြီး ပေးရသည်။ ကားကိုလည်း ရသည့်ဈေးနှင့်ပင် ရောင်းလိုက်ရသည်။ အကြွေးကင်းအောင် နေချင်သူတွေမို့ ကျွန်မတို့မှာ မရှိလျှင် မစားဘူးဆိုသည့် အမျိုးပါ။ ကြွေးပူတာ မခံရအောင် ရှိတာမှန်သမျှ အကုန် ထိုးဆပ်ပေးလိုက်သည်။ ဘဝတွင် သုံးလအတွင်း မျက်လှည့်ပြသလို ပြောင်းလဲသွားခဲ့သည်။

တစ်ညမှာတော့ ညဥ့်နက်သန်းခေါင်ကြီး ဆိုင်ခန်းတံခါးတွေကို အကုန်ဖွင့်ပြီး အိမ်ရှေ့မှာ ဖေဖေ တစ်ယောက်တည်း ထွက်ထိုင်နေသည်။ ဆေးလိပ်တွေ တစ်လိပ်ပြီး တစ်လိပ် သောက်ရင်း လှုပ်ရှားမှု မရှိ၊ ငူငူကြီး။ ရပ်ကွက်က ကင်းလှည့်တော့ ဖေဖေကို တွေ့ပြီး ဆိုင်ပိတ်ပြီး အိမ်ထဲ ပြန်ဝင် ဖို့ရာ ဖျောင်းဖျကြသည်။

"ခေတ်ကာလက ကောင်းတာ မဟုတ်ဘူး... အိမ်ထဲ ပြန်ဝင်လိုက်ပါဗျာ... တော်ကြာ ရိုက်လုသွားမှဖြင့် ..."

"ကျွန်တော့်မှာ အမေလည်း ဆုံးပြီ၊ မိန်းမလည်း သေပြီ၊ ဥစ္စာလည်း ကုန်ပြီ... ဒီထက်ဆိုးစရာ မရှိတော့ဘူး"

ဖေဖေ ငိုသည်။ တင်းထားသမျှ သူ့စိတ်တွေကို အရည်ဖျော်ချ လိုက်သည်။ ဘဝ၏ သန်းခေါင်ယံညဥ့်နက်များ။ အမှောင်ဆုံး ညများ။ ညှိုးရော်ခြောက်ကပ် အက်ကွဲစေသော ညများ။

နောင်မှာတော့ ဖေဖေက ပြန်ပြောပြပါသည်။

"ငါမှာ သမီးလေး နှစ်ယောက် ကျန်သေးတယ်... သူ့အမေက သူတို့နှစ်ယောက်ကို အရမ်း မျှော်လင့်ထားတာ... သူတို့အတွက် အသက်ရှင် ရဦးမယ်ဆိုတဲ့ စိတ်နဲ့ ဖေဖေ ယိုင်နဲ့ မသွားတာ"

ကျေးဇူးတင်လှပါတယ် ဖေဖေရယ်။

အမေနှင့် အဘွားနေရာသို့ အဖေနှင့်အဘိုးတို့ အစားထိုး ဖြည့်ဆည်း ပေးကြသည်။ သို့ပေမဲ့ ကွက်လပ်သည် ပြည့်သည် မရှိ။ မေမေ့ကို လွမ်းလှ၏။ အထူးသဖြင့် ကျောင်းက ပြန်လာသည့် အချိန်တိုင်း တစ်ခုခု ပြောချင်တာ ရှိလျှင် သတိလွတ်ပြီး မေမေ့ကို ရှာမိသည်။

ဝေးကွာခဲ့ပြီမှန်း အသိပြန်ဝင်လာတော့ မချိသောနှလုံးမှာ တရိရိ မြည့်လေသည်။ ရက်ခြားဆိုသလို မက်သော အိပ်မက်တချို့တွင် မေမေသည် ဆေးရုံပေါ်မှာ မောဟိုက် နုန်းချည့်နေဆဲ။ သို့မဟုတ်လျှင် ဆရာဝန်တွေက အသက်ကယ်လို့ရသဖြင့် မေမေ ပြန်ကျန်းမာလာပြီး ကျွန်မတို့နှင့် စကားတွေ ဖောင်ဖွဲ့နေသတဲ့။ တစ်ခါတလေ မေမေ တကယ်မသေဘဲ မီးသဂြိုဟ်လိုက်မိ သည်ဆိုသည့် အိပ်မက်မျိုး မြင်မက်လျှင်တော့ ချက်ချင်း လန့်နိုးပြီး စိတ်ထွေ ဖြစ်ရသည်။ တချို့အိပ်မက်တွေမှာတော့ မေမေက နောက်အိမ်ထောင်ပြု သွားပြီး ကျွန်မတို့ကို ထားခဲ့သည်။ သို့မဟုတ် ရိပ်သာကနေ ခဏပြန်လာပြီး ဆိုင်ကို စျေးရောင်းကောင်းရဲ့လား လာကြည့်သည်။ ကျွန်မအဖို့မူ အမေဟာ ခရီးရှည်တစ်ခုကို ထွက်သွားသူ၊ တစ်နေ့နေ့ ပြန်လာလိမ့်မည် ဆိုတာကိုသာ စိတ်စွဲနေသည်။

ခွဲခွာရတော့မည်ကို သိသည်နှင့် နာကျင်ရသည်။ ပင်ပန်းရသည်။ ငိုကြွေးရသည်။ သည်ပရိဒေဝဟာ တိတိပပ ဝေးကွာသွားချိန်တွင် "တကယ်ပဲ ပြီးဆုံးခဲ့ပြီ" ဆိုသည့် အသိဖြင့် အရှိန်ခေတ္တတန့်သည်။ ဘာမှ မတတ်နိုင်တော့သည်မို့ လက်လျှော့ပြီး ကြိုးကို လွှတ်လိုက်သည့်ခဏ ခြေကုန် လက်ပန်း ကျသွားသလိုမျိုး။ ပြီးမှသာလျှင် တိုက်ဆိုင်မှုရှိတိုင်း အမှတ်တရတွေကို ပြန်တမ်းတရင်း တစ်ကျော့ပြန် တအိအိ လှိုက်စား ပြိုဆင်းရလေသည်။

၂၂-၁၂-၁၉၉၈။

မေမေ့ကို တွေ့ချင်တယ်။

၂၃-၁၂-၁၉၉၈။

မေမေ့ကို ပြန်တွေ့ချင်တယ်။

၂၄-၁၂-၁၉၉၈။

မေမေ ဘယ်မှာလဲ။ မေမေ့ကို တွေ့ချင်တယ်။

မေမေ့ကို ကျွန်မ တွေ့ချင်သည်။ ကျွန်မ၏ ဒိုင်ယာရီ စာမျက်နှာများတွင် မေမေ့ကို တွေ့ချင်သည့် အကြောင်းတွေသာ ပြည့်လျှမ်းနေသည်။ ဖေဖေ တားထားသည့် ကြားကပင် အမေစိမ်းဆီကို ရောက်ပြန်လေသည်။ သည်လို အချိန်မျိုးတွင် ဘယ်အယူဝါဒကမှ ကျွန်မ၏ အသိဉာဏ်ကို မစိုးမိုးနိုင်ပါ။ မေမေ့ကို

တွေ့ချင်သည်။ ဒါက လိုရင်း။ မေမေ့ကို တွေ့နိုင်တဲ့ နည်းတိုင်းကို ကျွန်မ ရှာဖွေမည်။ လိုက်နာမည်။ ဘယ်လိုပုံစံနှင့်ပဲ တွေ့ရတွေ့ရ။

အမေစိမ်းက ပြောတော့ မေမေဟာ ကျိုက်ထိုမှာတဲ့။

"ညည်းတို့ အမေက ဒီက မဟုတ်ဘူး... အောက်ပိုင်းဒေသ တစ်ခုခု ကပါ... ဟုတ်တယ်မဟုတ်လား"

ကျွန်မတို့ ခေါင်းညိတ်ခံသည်။

"ယိုးဒယားလည်း စပ်တယ်...အခု သူ့အပေါင်းအဖော်တွေ ရှိတဲ့ဆီကို ရောက်သွားတာ...သူတို့သိုက်က ကျိုက်ထိုနားမှာ"

အမေစိမ်းဆီကနေ ပြန်လာတော့ ကျွန်မ ငိုမိသည်။ ဟင့်အင်း .... ကျွန်မ မေမေဟာ သည်လို မကျွတ်မလွတ်ဘဝနှင့် သံသရာကို စည်းနှောင် ထားခံရမည့် အခြေအနေကို လိုလားသူ မဟုတ်။ သူဟာ လွတ်ကျွတ်ချင်သူ ရယ်ပါ။

"ပြောတဲ့ စကားလည်း နားမထောင်ကြဘူး ...ကိုယ်လည်း သိနိုင်တော့တာ မဟုတ်ဘဲနဲ့ ဟိုက စိတ်ထင်တာ ပြောတာကို သွားနားထောင် နေကြတယ်"

ဖေဖေ သိတော့ ဆူပါသည်။ သို့နှင့် အမေစိမ်းဆီကို ထပ်ပြီး မရောက်ဖြစ်တော့။ မေမေ ဆုံးပြီး တစ်လအကြာမှာတော့ ကျွန်မတို့တွေ စိတ်ရှင်းရှင်းနှင့် နေနိုင်အောင်ဆိုပြီး အိမ်မှာ သံဃာတော်များကို ပင့်၍ ကမ္မဝါ ရွတ်ဖတ်စေပါသည်။ တစ်ဖက်သား၏ ဘဝကို မဟုတ်မမှန်သည့် နည်းလမ်းနှင့် ထိန်းချုပ်နိုင်သည်၊ အနိုင်ယူနိုင်သည် ဆိုသည်ကို ကျွန်မ မယုံကြည်လှပါ။ အရာရာဟာ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ပါပဲ။ ဝဋ်ကြွေးဆပ်ချိန်ကို ရှောင်ခွာမရခြင်း မျှသာဖြစ်သည်။ မိသားစုဘဝတစ်ခုကိုတော့ ရင်းနှီးလိုက်ရသပေါ့၊ ပြီးတော့ ခင်မင်ရင်းစွဲ ဆက်ဆံရေးတချို့။

ထမင်းနပ် မမှန်လောက်သည့် အခြေအနေမျိုး မဟုတ်ပေမယ့် မေမေ မရှိတော့တဲ့ နောက်ပိုင်း အရာရာကို ခြိုးခြံရပါသည်။ဖေဖေက ဆေးထိုးအပ်ကို ပြန်မကိုင်၊ မြန်မာစာ ကျူရှင်ပြသည်။ စာစီစာကုံး ရေးသည့် အချိန် တစ်ချိန်တည်း အတွက်သာ သင်ပြပေးသဖြင့် အိမ်ထမင်းအိုး ဖြည့်နိုင်ရုံမျှတော့ ဖူလုံသည်။ မမရဲ့ ပြည်ပတက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ထားတဲ့ သင်တန်းက သင်တန်းကြေးနှင့် စာမေးပွဲကြေးက အထောင်းဆုံးစရိတ် ဖြစ်သည်။

ငွေကို အတိုင်းအထွာနှင့် သုံးရတာခြင်း အတူတူ ဟိုစဉ်က အသုံး မကြမ်းအောင် ဆိုသည့် ဆိုဆုံးမမှုနှင့်၊ သည်တစ်ခါက မရှိလို့ မသုံးရခြင်း။ သည်နှစ်ခုတော့ ကွာခြားသည်။ အထူးသဖြင့် လောကဓံ အချိုးအကွေ့တွင် ပတ်ဝန်းကျင်က ပြောင်းလဲသွားသည့် လူမှုဆက်ဆံရေး တချို့ကတော့ ကျွန်မ၏ ခံနိုင်ရည်ကို ထိုးနှက်လွန်းသည်။ ကျွန်မ၏ အနေအထိုင်က တဖြည်းဖြည်း သီးသန့်ဆန်လာသည်။ သံသယ များတတ်လာသည်။ အပြင်းပြဆုံး ဆန္ဒကတော့ အရင် အခြေအနေကို ပြန်ရောက်ချင်တာပါပဲ။

ကျွန်မ တတ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းကတော့ ထီထိုးပြီး ဘုရားကို နားပူနားဆာတိုက်ခြင်းဖြစ်သည်။ တစ်နှစ်၊ နှစ်နှစ်အတွင်း နဂိုလို

ဘဝမျိုးပြန်ရောက်နိုင်သည်။ သည်လို ကျပ်တည်းသည့် အချိန်က သိပ်မကြာတော့၊ မြန်မြန်ပြီးဆုံးတော့မည် ဆိုတာကိုပဲ စိတ်မှာ ယုံကြည်နေမိသည်။ သို့ပေမဲ့ ယုံကြည်သည့်အလျောက် ကံစမ်းတာကလည်း တစ်ခါမျှ အကျိုး မပေးခဲ့ချေ။ လဆန်းပိုင်း၏ ပထမဆုံး ကိုးရက်တာမှာ ဖွင့်သည့် ထီ၏ နောက်ဆုံးဂဏန်းနှစ်လုံးကို ယူပြီး မြန်မာနှစ်လုံးထီ ခေတ်စားခဲ့သည့် ကာလတုန်းကလည်း ကံစမ်းခဲ့ပါသေးသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး သုံးခုပါသဖြင့် ကျောင်းက ကျွန်မကို ဆုချခဲ့သည့် ကျပ်ငွေသုံးထောင်ဟာလည်း နှစ်လုံးထီဖိုး ဖြစ်ခဲ့ရသည်။

လမ်းက ပျောက်သည်ထက် ပျောက်သလိုလို၊ ဝေးသည်ထက် ဝေးသွားသလိုလို။

ဘဝမှာ ကံအား မှိန်ခဲ့လေတော့ ဉာဏ်အားကိုသာ အမှီပြုစရာ ရှိတော့သည်ကိုး။ သည်ခရီးမှာ အနီးကပ်ဆုံး ရဲဘော်တစ်ဦးကတော့ ကျွန်မ တို့၏ ဘဘပေါ့။

⁂

တစ်ခါတလေ ဘဘအကြောင်းကို အတွေးရောက်မိတိုင်း ဘဘဟာ မာနကြီး သူလား၊ တစ်ပါးသူကို ဝန်မပိစေလိုသဖြင့် မြိုသိပ်တတ်သူလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းသူလားရယ်ဟု ကျွန်မမှာ စစ်ကြောမိစမြဲ။ အခြေယိုင်သွားသည့် လောကဓံအပေါ် တုံ့ပြန်ကြသည့် ကျန်ရစ်သူလေးဦးမှာ ဘဘဟာ အတည်ငြိမ်ဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့သည်။

အိမ်မှာ အကူကောင်မလေးတွေ ခေါ်တာလည်း မမြဲလေတော့ နောက်ပိုင်း မည်သူ့ကိုမျှ မခေါ်ဖြစ်တော့ပါ။ စားဖို့သောက်ဖို့ ဘဘကိုယ်တိုင် ချက်ပြုတ်သည်။ ဘွားဘွား ဆေးခဲ့သော ထမင်းအိုးမှာ ဘဘ ဆန့်ထည့်ခဲ့ သည်။ ဘွားဘွား ကိုင်ခဲ့သော ဓားကို ဘဘဆွဲ၍ အသားခုတ်ခဲ့၏။ အိမ်ရှေ့ကို လာနေကျ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေရဲ့နှုတ်ဖျားမှာလည်း “ညွှန့်ညွှန့် ရေ”၊ “အမေကြီးရေ” ၊ “ဒေါ်ဒေါ်ရေ” အော်ခေါ်တာအစား “အဘရေ” ဆိုသည့် အသံတွေ ပြောင်းလာသည်။ တက္ကသိုလ်တက်နေသည့် မြေးတွေ ကျောင်းကပြန်လာလျှင် သည်အဘိုး ချက်ပြုတ်ပြီး တည်ခင်းသည့် ထမင်းပွဲမှာ စားမြိန်ခဲ့ရသည်ချည်းသာ။

“အစားအသောက်နဲ့ ပတ်သက်ရင် သေဝဝ ရှင်ဝဝပဲ… ဟိုအစာရှောင် ဒီအစာရှောင်ရင်လည်း သေကံပါရင် စောစောစီးစီး သေမှာ… စားစရာ ရှိတာ စားကြ”

ဒါက ဘဘ၏ လက်သုံးစကား၊ အစားအသောက်နှင့် ပတ်သက်လျှင် ဘယ်သောအခါကမျှ ဘယ်သူ့အပေါ်ကိုမှ ဘဘ မတွန့်တိုတတ်ပါ။

“ငယ်ငယ်တုန်းက အခရာတော်မှာ တို့အိမ်ကြီး မီးလောင်တော့ ဆင်းရဲသွားရော… ရွာနဲ့ ဆယ်မိုင်လောက် ဝေးတဲ့နေရာကို အမေစောနဲ့ မနက်တိုင်း ဈေးရောင်းထွက်ရတယ်… ဟင်းရွက်လေး ဘာလေးပေါ့ဟာ… မနက်ဆိုရင် အရုဏ်မတိုင်မီမှာ မှောင်ကြီးမည်းမည်း တို့သားအမိနှစ်ယောက် သွားကြရတာ… အမေစောက တောင်းကို ရွက်ပေါ့… ဘဘက တောင်းနှစ်လုံးကို ဆက်ထားတဲ့ ထမ်းပိုးလေးကို ထမ်းရင်းပေါ့… ဆောင်းတွင်းဆိုရင် ချမ်းလိုက်သမှ… ဒီလိုနဲ့ မွန်းတည့်ခါနီးမှ ပြန်လာကြတာ… ရွာကို ပြန် ရောက်တော့ နေစောင်းရော့မယ်…

ဖိုက်ကလည်း ဆာလိုက်တာကွာ... အူကို တကြုတ်ကြုတ်မြည်နေတာ... တစ်နေ့ကျတော့ ဘဘတို့ စားမယ့် ထမင်းကို မောင်ကျန် (ဘဘရဲ့ညီအငယ်ဆုံး)က ဘာမှ မကျန်အောင် စားထားနှင့်တာ... အမေစောက မောင်ကျန်ကို အချစ်ဆုံး... ဒါပေမဲ့ စိတ်တွေစိုးပြီး ထန်းပလပ်နဲ့ ရိုက်ရော... မောင်ကျန့်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်... ဩော်... ငါ့ညီလေး... ကလေးမို့ မသိတတ်တော့ စားမိရှာတယ်... တို့မလဲ ဆင်းရဲတော့ ရှိတဲ့ထမင်းလေးအတွက် စိတ်ထွက်ပြီး ရိုက်မိရှာတယ်လို့... အဲ့ဒီကတည်းက အစားအသောက်နဲ့ ပတ်သက်ရင် ဘယ်တော့မှ စေတနာ မမှားစေရဘူး... ညည်းတို့လည်း သူများ စားသောက်တာအပေါ်မှာ စိတ်မကွက်မိကြစေနဲ့"

ဘဘက ဟင်းချက်ကောင်းသူ။ ငွေကုန်ကြေးကျ နည်းနည်းနှင့် ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ချက်ပြုတ်တတ်သူ။ သူကိုယ်တိုင်ကလည်း အာဟာရ မျှတအောင် စားတတ်သူ။

"အသားဟင်း မလိုပါဘူးကွာ... ဟင်းမှာ အစပ်အဟပ်လိုတယ်... အချဉ်တစ်ခွက်၊ အစပ်တစ်ခွက်... လိုသလို ပါပါစေ... နောက်ပြီး အအီအဆိမ့်၊ အဆိပ်အတောက် ဖြစ်စေမယ့်ဟာဆိုရင် သူ့ကို ဖြေပေးမယ့် ဟင်းက လိုသေးတယ်"

သည့်စကားကို ဘဘက စိတ်ရင်းနှင့် ပြောသည်လား၊ နှစ်သိမ့်သည့် သဘောနှင့် ပြောသည်လား ဆိုတာကို မသိနိုင်ပါ။ သို့ပေမဲ့ စက်ပိုင်ဘ၀နှင့် သူ ရွှေထီးဆောင်းခဲ့စဉ်က အသားဟင်းဆိုတာ အနည်းဆုံး သုံးခွက်လောက်ပါမှ စားတော်တည်နိုင်ခဲ့သည့် အကြောင်းကို ကျွန်မတို့က ကြားဖူးထားလေတော့ သူ့အတွက် စိတ်မကောင်း ဖြစ်ကြရသည်။ အစားအသောက်တင်မှာမဟုတ် အဖျားအနာမှာလည်း ဘဘဟာ သူတစ်ပါးကို ဝန်မပိစေခဲ့သူရယ်ပါ။

"ငယ်ငယ်က လှည်းပေါ်က လိမ့်ကျပြီး ပွန်းပဲ့ကုန်လို့ ငိုတော့ ကမြင်းကြော ထတုန်းက ထပြီး ငိုရမလားဆိုပြီး အဖေက ရိုက်တာကွာ... ဒါနဲ့ လှည်းလမ်းပေါ်က ဖုန်တွေကို လက်နဲ့ သိမ်းကျုံးယူပြီး ခါပစ်လိုက်တာ... ပြီးတော့ လက်ထဲမှာ ကျန်ရစ်ခဲ့တဲ့ ဖုန်မှုန့်လေးနဲ့ အနာကို သိပ်ပေးလိုက်တာ... မကြာပါဘူး ပျောက်တာပဲ"

"ဟာ...ဘဘကလဲ၊ အဲဒါ ကံကောင်းလို့ မဟုတ်ရင် ပိုးတွေ ဝင်ကုန်မှာ"

ကျွန်မတို့ အပြောကို ဘဘက ပြုံးရုံသာ ပြုံးနေခဲ့သည်။ တစ်ခါသား သူ ဆီးကျောက်တည်တော့ ဆေးခန်းကို ခေါ်မရ၊ သူ့ဘာသာ သံမနိုင်၊ ကျောက်မနိုင်ဆိုပြီး ခုန်းရည်တွေ၊ ဖရုံသီးတွေနှင့် ဆေးဖော်စားသည်။ ကျောက်က အခဲလိုက် ပြုတ်ကျကုန်တော့ ကျွန်မတို့မှာ အံ့ဩရသည်။ ထို့အပြင် သူ့မှာ တရုတ်ရှုဆေးဘူး အနီလေး ရှိသည်။ သာမန်နှာစေးရုံမျှနှင့်ကတော့ သည်ရှုဆေးနှင့် ပြီးသည်။ အစာမကြေ၊ ဝမ်းမမှန်လျှင် "ဖေသင်းရဲ့ဆေးလေးက ကောင်းတယ်" ဆိုပြီး သူ့ညီရဲ့ ဆေးကိုသာ မှီဝဲ အားပေးသည်။ ကျန်းမာရေးနှင့် ပတ်သက်လာလျှင် ကျွန်မတို့ စိတ်ပူစရာမလိုအောင် သူ့ဘာသာ ဂရုစိုက်သည်။

"ဆေးခန်းသွားရင် အင်္ဂလိပ်ဆေးတွေက ပိုက်ဆံကုန်မှာ"

တကယ်တော့ သူ့မှာ သည့်ထက် ခိုင်လုံသည့် အကြောင်းပြချက် ရှိပါသည်။

"ငါတော့...လေဖြတ်တာမျိုး မဖြစ်ချင်ဘူး...သေရင် တစ်ခါတည်း

သေလိုက်ချင်တာ…နာတာရှည်ဖြစ်ပြီး သူများ ပြုစုဆောင့်အောင့်နေတဲ့ ဘဝမျိုးမှာလည်း မနေချင်ဘူး”

ဘဘမှာ ကျန်းမာရေးပြဿနာဆိုလို့ နားလေးတာလောက်ပဲ ရှိသည်။ သူ့အကျင့်က ရေနွေးကြမ်းကို အမိက သောက်သည်။ တစ်နေကုန် ကွမ်းတမြုံ့မြုံ့ ဝါးသည်။ တစ်လတစ်ခါ ဆံပင်ညှပ်သည်။ မနက် အိပ်ရာထလျှင် လက်ဖက်ရည် တစ်ခွက် သောက်သည်။

ဘွားဘွား ရှိစဉ်အခါက ဘဘအတွက် မနက်တိုင်း လက်ဖက်ရည် ဝယ်ပေးနေကျ ဆိုသော်လည်း ဘွားဘွားမရှိသည့် နောက်ပိုင်း မြေးအပျိုလေးတွေကို လက်ဖက်ရည်ဆိုင်ကို မလွှတ်ချင်တော့ ဆိုင်ကို သူ့ဘာသာ သွားသောက်သည်။ လက်ဖက်ရည်ဆိုင်ကို သွားလျှင် ရေနွေးဓာတ်ဘူး တစ်ခါတည်း ယူသွားပြီး ရေနွေး တောင်းယူလာခဲ့သည်။ ကျွန်မတို့ကလည်း မနက် ခုနစ်နာရီ အတန်းကို ကမန်းကတန်း မီအောင် သွားနေရတော့ သူ့ဖို့လည်း ရေနွေးတည်မပေးနိုင်၊ ဒီတော့ သူ့ဘာသာ အဆင်ပြေအောင် ဖြေရှင်းတတ်သည်။ ပြီးလျှင် ကွမ်းသီးကို သေးသေးမှုန်မှုန်လေးများ ဖြစ်သည်အထိ ကွမ်းညှပ် တစ်ခုနှင့် တစ်နေ့ကုန် ထိုင်စိပ်နေတတ်သည်။ ကွမ်းဝါးတော့လည်း ကွမ်းရွက် တစ်ရွက်ကို လေးခေါက် ချိုးပြီး တစ်ပိုင်းလောက်ကိုသာ ထုံးလေးတစ်တို့၊ ကွမ်းသီးလေး လေး၊ ငါးဖတ် ထည့်ပြီး ဝါးနေတတ်သည့်သူပါ။ စျေးသည်လာလျှင် စျေးဝယ်ပြီး ထမင်း၊ ဟင်းချက်ပေါ့။ နေ့လယ်ပိုင်းမှာတော့ တစ်ရေးအိပ်တတ်ပြီး စာအုပ် တစ်အုပ်အုပ် ဖတ်နေတတ်သည်။ ည ခြောက်နာရီထိုးလျှင်တော့ ရေဒီယို နားထောင်လေသည်။

သူ ရေဒီယိုနားထောင်လျှင် အတော်လေး အသံဆူပါသည်။ သူ့မှာ ရှိသည့် တရုတ် ရေဒီယိုက မကောင်းတာရော၊ လိုင်းက မကြည်တာရောကြောင့် တဂျစ်ဂျစ်မြည်တတ်သည်။ နားကြပ်နှင့် နားထောင်ဖို့ ပြောတာကိုလည်း သူ လက်မခံတတ်။ သူ့ရေဒီယိုက တဂျီးဂျီးအသံကြောင့် ကိုရီးယားကား အကြည့် ပျက်လေတော့ ကြာတော့ ကျွန်မတို့က ရေဒီယိုကလေးအပေါ် အပြစ်မြင်ချင် လာသည်။

“ဘဘရယ်… လိုင်းကလည်း ကောင်းတာ ကြည်ကာ မဟုတ်ဘူး… နောက်ပြီး ဘယ်သတင်းဌာန ဖြစ်ဖြစ် ဒီသတင်း အကုန်အတူတူပဲဟာကို… ဘာလို့ နားအူခံပြီး အကြာကြီးနားထောင်နေရတာလဲ”

ဘဘက ကျွန်မတို့ကို မတုံ့ပြန်ရှာပါ။ သို့ပေမဲ့ ကျွန်မတို့ တီဗွီ ကြည့်နေရာနှင့် ဝေးရာကို ရွှေ့ပြီး ရေဒီယိုနားထောင်ရှာသည်။ အိမ်မကြီးနှင့် မီးဖိုချောင်အကြား ရေအိုးစင် ဘေးနားသည် ဘဘ စတည်းချရာနေရာ ဖြစ်လာသည်။ နေ့ခင်းဆိုလျှင် ထိုနေရာမှာပဲ ဖိနပ်ဖင်ခုထိုင်ပြီး စာဖတ်နေတတ်သည့် ဘဘကို တွေ့နိုင်သည်။ ညဆိုလျှင်တော့ ခြင်ယမ်းရင်း ရေဒီယို နားထောင် ရသူပေါ့။

တစ်ခါတလေ သူ ပျင်းလွန်းလာလျှင်တော့ စစ်တုရင်ကစားဖို့ ကျွန်မတို့ကို အဖော်စပ်တတ်သည်။ သည် စစ်တုရင်ကစားခြင်း အတတ်ကလည်း ကျွန်မတို့ကို ဘဘကိုယ်တိုင်ပဲ သင်ပေးခဲ့တာပါ။ ဟိုတုန်းက ဘဘက ဆရာ ဖြစ်လေတော့ မကစားတတ်သေးသည့် ကျွန်မတို့မှာ အမြဲတမ်းရှုံးရသည်။ နောက်ကျတော့ ခဏခဏ ရှုံးတတ်သူက ဘဘ ဖြစ်လာသည်။

“ငါ မကျေနပ်သေးဘူးဟာ…နောက်တစ်ပွဲ ထပ်ကစားဦးမယ်…ညည်း အချိန်ရတယ်မဟုတ်လား”

စစ်တုရင်အကွက်များ၊ အရုပ်များကို အကွက်စေ့အောင် မမြင်နိုင်တော့၊ လွှမ်းခြုံပြီး မကြည့်နိုင်တော့သည့် ဘဘအတွက် ကျွန်မ ဝမ်းနည်းလာမိသည်။ သူ နိုင်ပါစေတော့ဆိုပြီး ကျွန်မဘက်က အကွက်တွေကို ဟ ထားပေးလျှင်တောင် သူ တွေ့ချင်မှ တွေ့တော့သည်။ သူ တွေ့ပြီး နိုင်သွားမှသာ ပွဲပြီးတော့သည်။

“ဘဘရှာ…ဒီအကွက် ကျွန်တော် မမြင်လိုက်တာ နာသွားတယ်…အခုတော့ ကျွန်တော့်ဘုရင် ဘယ်ကိုမှ ပြေးလို့မရတော့ဘူး”

ဘဘသည် တပြုံးပြုံးနှင့် ကစားပွဲကို ချက်ချင်းမသိမ်းသေး။

“အေးကွ… နေဦး” ဆိုပြီး အရုပ်တွေကို ဟိုရွှေ့သည်ရွှေ့နှင့် အကွက်စမ်းနေတတ်သည်။ ကျွန်မတို့က မအားသေး၍ အတူမကစား ပေးနိုင်လျှင်လည်း သည်လိုပဲ သူ့တစ်ယောက်တည်း အကွက်စမ်းပြီး လေ့ကျင့် နေတတ်ပါသည်။

သူ့အပေါ်မှာ တစ်ခါတလေ စိတ်မရှည်နိုင်သည့် အဖြစ်မျိုးလည်း ကျွန်မတို့မှာ ရှိသည်။ အထူးသဖြင့် နားလေးသူကို သုံး၊ လေးခါ ပြန်ပြောရသည့် အခါမျိုးမှာပေါ့။ ဒါကြောင့် ထင်ပါသည်။ နောင်တော့ ကျွန်မတို့ကို မေးမေးစမ်းစမ်း လုပ်တာမျိုး နည်းသည်ထက် နည်းလာသည်။ သူ သိချင်လွန်းမှ၊ မေးချင်လွန်းမှ၊ မနေနိုင်လွန်းမှသာ မေးစမ်းတော့သည်။ သည်တော့လည်း ကျွန်မမှာ စိတ်မကောင်း ဖြစ်ရပြန်သည်။ ငေးငေးငိုင်ငိုင်နှင့် အဝေးကြီး တစ်နေရာကို သူ့အကြည့်တွေ ဝေနေတတ်သည့် အခါမျိုးမှာ သူ့မျက်စိ မှေးမှုန်မှုန်လေးကို အကဲခတ်ကြည့်ရင်း သူ့အတွေးတွေကို လိုက်ဖမ်းခဲ့မိသည်မျိုးလည်း ကျွန်မမှာ အခါခါ။

“အရာတော်ကို လွမ်းလို့လားဟင် ဘဘ”

“နွားများတောင် အချိန်တန်ရင် ချည်တိုင်ကို လွမ်းသတဲ့”

“ဒါဖြင့် ရွာကို ပြန်ကြမလား”

“လက်ဖလာချည်းတော့ မပြန်ချင်ပါဘူး…ကိုယ့်အမျိုး ကိုယ့် အဆွေဆိုတာက ပြေလည်တဲ့သူက ခပ်ရှားရှားရယ်”

ဘဘ ခေတ်ကောင်းစဉ်က သူ့အမျိုးအဆွေတွေ အားလုံးပါ ကောင်းစားခဲ့ရသည်။ သူ့အထောက်အပံ့နှင့် မကင်းခဲ့။ ဘယ်သူ့သာရေး၊ နာရေးဖြစ်ဖြစ်၊ ဘယ်သူ့အမှုကိစ္စကြီးငယ် ဖြစ်ဖြစ် “မန္တလေးမှာ ဦးကြီးရွှေ ရှိတယ်” ဆိုတဲ့ အသိနှင့် ဆွေမျိုးတွေကလည်း အားကိုးကြသည်။ သည်လို ဥာတကာနဋ္ဌ သင်္ဂဟောရတာကို ဘဘကလည်း သဘောကျသည်။ အားကိုးခံရတဲ့ဘဝ ဆိုတာ လူ့အတ္တကို အရောင်တင်ပေးနိုင်သည် မဟုတ်လား။

အခုတော့ သည်အရောင် မှေးမှိန်လေပြီ။ “ဦးကြီးရွှေ ရေ့ …” ဟု တတိုင်းလည်း လက်မလွယ်နိုင်တော့။

"အေးကွယ်… ငါ့လည်း သား ရှာကျွေးနေတာကို စားနေရတာ… အိမ်က ကလေးတွေရဲ့ ကျောင်းစရိတ်တွေ၊ သူတို့တက်နေတဲ့ သင်တန်းစရိတ်၊ စာမေးပွဲစရိတ်တွေကလည်း ကြီးတယ်… ပိုတယ်လျှံတယ်ဆိုတာ ရှားတယ်ကွဲ့"

ရွာကို မပြန်နိုင်ပေမယ့် သတိတရ ရှိတတ်သည်။ ဝသန်ဦးတွင် မိုးရိပ်မှိုင်းလာပြီ ဆိုသည်နှင့် အနောက်တောင်အရပ်ကို လှမ်းမျှော်ကြည့်ကာ သူ့အလွမ်းကို စတင်ပျိုးသည်။

"ဒီအချိန်ဆိုရင် နှမ်းစိုက်ဖို့ အခါကောင်းပဲ… နှမ်းတောင်သူတွေ အလုပ်ဖြစ်အောင် ပင်ဖြစ်မိုးလေး ရွာကောင်းပါရဲ့"

သည့်အချိန်ဆိုလျှင် လယ်ညှိပြီ၊ သည့်အချိန်ဆိုလျှင် ယာအခြောက် ထွန်ပြီ၊ သည့်အချိန်ဆိုလျှင် နေကြာတွေ ပွင့်ပြီ၊ သည့်အချိန်ဆိုလျှင် ဝါ ကောက်ပြီ၊ သည့်အချိန်ဆိုလျှင် မျိုးစေ့ပြာကြပြီ၊ သည့်အချိန်ဆိုလျှင် ခြေတော်ရာဘုရားပွဲ စပြီ။ သည်လိုနှင့် သူ လဆန်းရက်ကို တွက်သည်။ လပြည့်ရက်ကို မှတ်သည်။ လဆုတ်ရက်ကို ကြည့်သည်။ သင်္ကြန်စာကို ဖတ်သည်။ ရွာဆွေရွာမျိုးကို မျှော်သည်။ ရွာရှိရာအရပ်သို့ မျက်နှာမူ၍ မေတ္တာပို့သည်။

ရွာကနေ ပါးလိုက်လို့ မုန့်ပေါက်လေး၊ မုန့်ဆီကြော်လေး၊ ပေါက်ပေါက်ဆုပ်လေး၊ ဆီးထန်းလျက်လေး ဝါးရလျှင် ကျေနပ်လို့ မဆုံး။ သမုန်းပွင့်၊ သခွပ်ပွင့်၊ ကြောင်လျှာပွင့်၊ လက်ပံပွင့်ကို ရာသီအလိုက် တခုတ်တရ မှာတတ်သည်။ တစ်ခါတလေ ဘဘဦးဖေသင်း လာလျှင်တော့ ညီအစ်ကိုနှစ်ယောက် တောင်သမန်အင်းဘက် သွားကာ ထန်းရည်လေး တစ်ကျိုက်နှစ်ကျိုက် မော့တတ်သေးသည်။

ကျွန်မ တက္ကသိုလ် ဒုတိယနှစ်မှာ စတိုးဆိုင်ကို အပြီးပိတ်လိုက်ရသည့် နောက်ပိုင်း ဘဘ၏ အနေအထိုင်က ပိုပြီး ကျစ်လျစ်လာပါသည်။ ကွမ်းထွေးခံ သူ့ဘာသာ သွန်သည်၊ ဆေးသည်။ သူ့ဆီးအိုး သူ့ဘာသာ သန့်ရှင်းသည်။ ဘုရား၊ တရားနှင့် ဝေးခဲ့သည့် ဘဘဟာ စိပ်ပုတီးကိုင် ဖြစ်လာသည်။ ဘုရားကြီးကို တစ်လတစ်ခေါက်တော့ ပုံမှန်သွားဖြစ်လာသည်။ ဖေဖေက ဘဘ သုံးဖို့ စွဲဖို့ သီးသန့် မပေးတတ်သလို ကျွန်မတို့အတွက်လည်း သတ်သတ်မှတ်မှတ် မုန့်ဖိုးမပေးတတ်။ ကျွန်မက ဖေဖေ့ မဂ္ဂဇင်းအဟောင်းတွေ၊ ဈေးဆိုင်ပြုတ် သွားသည့်နောက်ပိုင်း ကျန်ခဲ့သည့် စတားကိုလာ ပုလင်းဟောင်းတွေ စတာတွေ ရောင်းပြီး မုန့်ဖိုးယူသည်။ မမကတော့ ကလေးအငယ်တွေကို စာပြသည်။ ဘဘခမျာသာ တစ်ခါတစ်ရံ ဖေဖေ စာပေဟောပြောပွဲကအပြန် ကန်တော့ဖူးသည့် ငွေကိုသာ ခြစ်ခြစ်ခြုတ်ခြုတ် သုံးစွဲရသည်။

"နိုင်ငံပြောင်းလဲသွားလို့ ခေတ်တွေ စနစ်တွေ အသစ်ဖြစ်လာရင်… ညည်းတို့လည်း ခေတ်ကောင်းကို မီမှာပါ… ဒါကလည်း မကြာတော့ပါဘူး"

ဘဝဟန်ချက် ပျက်သွားခဲ့သော်လည်း ခေတ်စနစ်နှင့် ပတ်သက်လျှင် ဘဘ၏ မျှော်လင့်ချက်က မမေးမှိန်ခဲ့။ "မကြာတော့ပါဘူး" ဆိုတာကို အင်အား အပြည့်နှင့် ခဏခဏ ရွတ်သည်။ သူ့မျှော်လင့်ချက်မှာ ဒေါ်အောင်ဆန်းစုကြည့် ဒီပဲယင်းအရေးအခင်း ပြီးသည့်နောက် နေအိမ်အကျယ်ချုပ် ပြန်ကျသွားသည့် အချိန်မှာ အရှိန်ကျသွားလေသည်။ သည်တုန်းက မန္တလေးကနေ ဒီပဲယင်းကို

အသွားတွင် ဘာဘနှင့် ဘာဘဦးဖေသင်းတို့ အသက် ရှစ်ဆယ်ကျော် အဘိုးကြီး နှစ်ယောက် တစ်ယောက်က ဆိုင်ကယ်မောင်းပြီး တစ်ယောက်က နောက်က လိုက်ထိုင်ကာ ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်းနောက်ကို စစ်ကိုင်း တံတားအကျော်အထိ လိုက်ပို့ခဲ့ကြသေးသည်။ သည့်နောက် နိုင်ငံရေး အဖုအထစ်တွေ ပြန်စလာတော့ ဘာဘခမျာလည်း စိတ်ဓာတ်ကျသွားပုံပါပဲ။

“ဘာဘက လက်နက်ချခဲ့တယ် ဆိုတော့ ကွန်မြူနစ်ကို သစ္စာဖောက်တာပဲပေါ့ “

တစ်ခါတလေ ကျွန်မက သွေးတိုးစမ်းပြီး သူ့ကို မခံချင်အောင် ပြောမိသည်။

“လက်နက်မချလည်း အဲ့ဒီ အခြေအနေမှာ တပ်က အခြေအနေ မကောင်းလှတော့ဘူး…ဟုတ်တယ်၊ လက်နက်ချခဲ့တာ အမှားတစ်ခု ဖြစ်ချင် ဖြစ်မယ်…ဒါပေမဲ့ နိုင်ငံရေးမှာ ငါ နှစ်ခါအသေမခံဘူး…ကိုယ့်ဝါဒနဲ့ ဆန့်ကျင်တဲ့ ဘယ်အစိုးရရဲ့ဘက်တော်သားမှ အဖြစ်မခံခဲ့ဘူး၊ သစ္စာမခံခဲ့ဘူး”

“ဒါဆို ဘာသာရေးကိုကော ဘာဘ ယုံကြည်လား”

“ညည်းတို့ အခု ကြုံနေရတဲ့ လောကဓံဆိုတာပေါ့… ညည်းတို့ အမေနဲ့ အဘွား ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတယ်… သူတို့အတွက် အခုအချိန်မှာ လုပ်ပေးနိုင်တာက ဒီကုသိုလ်ကောင်းမှုပဲ… သူတို့ ဒါကို ယုံကြည်တော့… လုပ်ပေးရမယ်”

ဘာဘ၏ လေသံမှာ ပြောရင်းနှင့် တိမ်ဝင်သွားသည်။ ယောကျ်ား ရင့်မာကြီးဆိုသည့် ပတ်ဝန်းကျင်၏ သတ်မှတ်မှုကြောင့်သာ ဘာဘခမျာမှာလည်း ဘာမှမဖြစ်သလို၊ ခံနိုင်ရည်ရှိသလို ဟန်ဆောင်နေရတာ ထင်ပါသည်။ အိမ်ထောင်ဦးစီး တန်ခိုးပါဝါနှင့် ဘွားဘွားနှင့် မေမေ့အပေါ် မာထန်ခဲ့မိသမျှ အပေါ်မှာတော့ သူ နောင်တရပုံ ပေါ်သည်။

“အေးလေ… အခုတော့ သူတို့ မရှိကြတော့ဘူးမဟုတ်လား… အဘွားရဲ့မြေးဆိုတာကိုရော၊ အမေ့ရဲ့ သမီးဆိုတာကိုရော ကျန်ခဲ့တဲ့ ညည်းတို့ နှစ်ယောက်လုံးကို ကောင်းကောင်း စောင့်ရှောက်ပေးရတော့မှာပဲ”

ဆန္ဒရှိပေမယ့် ကံက မရှိပြန်တော့ ဘာဘစောင့်ရှောက်ပေးနိုင်သည့် ကာလဟာ ခုနစ်နှစ်သာ ရှိခဲ့သည်။ ဘွားဘွား ဆုံးခဲ့သည့် စက်တင်ဘာလမှာပဲ ဘာဘလည်း ကျွန်မတို့ကို နှုတ်ဆက်သွား၏။ သူ ဖြစ်စေချင်သလိုပါပဲ၊ ဝေဒနာကို ကြာရှည်မခံစားလိုက်ရ။ တစ်ပတ်လောက် ဖျားသည်။ ဆေးရုံ တင်လိုက်ရသည်။ ဆေးရုံမှာ လေးရက်လောက်နေပြီး ညင်ညင်သာသာပဲ အသက်ထွက်သွားသည်။ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်မှာပေါ့။

စက်တင်ဘာ မနက်ခင်းသည် မိုးဖွဲဖွဲဖြင့် စတင်ခဲ့သည်။ သည့်နောက် တဖြည်းဖြည်း သည်းလာရာ တစ်နေကုန် မိုးစွေခဲ့သည်။ တစ်စ တစ်စ ညဥ့်နက် လာတော့ အသုဘအိမ်တွင် စောင့်မည့်သူက သားအမိ သားအဖ သုံးယောက်နှင့် ဘာဘ ဆေးရုံတက်နေစဉ်တွင် အရာတော်ကနေ လာကူပေးသည့် ဦးလေး တစ်ယောက်သာရှိသည်။ ဖေဖေနှင့် မမက ဆေးရုံမှာ စောင့်ပေးခဲ့ရသဖြင့် ပင်ပန်းပြီး အပေါ်ထပ်မှာ ခဏနားနေသည်။ ဦးလေးက လက်ဖက်ရည် သွားဝယ်နေသည်။

ထိုအချိန်မှာပဲ အရက်မူးသမားတစ်ယောက် ရောက်လာပြီး နာရေးအိမ်ကို အရက်ဖိုး လာတောင်းသည်နှင့် ကြုံသည်။

ကျွန်မမှာ အသက်မဲ့နေသော ဘဘကို ကြည့်ပြီး အော်ဟစ် ငိုလိုက်ချင်သည်။ ဘဘ ရှိစဉ်အခါက လုံခြုံခဲ့ရသည်။ စာပေဟောပြောပွဲနှင့် ခရီး ထွက်လိုက်၊ စာသွားသင်လိုက်၊ သတင်းမေး သတင်းလိုက်လိုက်နှင့် ဖေဖေက အိမ်မှာ မရှိတတ်လေတော့ ဘဘကသာ ကျွန်မတို့၏ အနီးကပ် အုပ်ထိန်းသူပါ။ တစ်ခါသားမှာ စတိုးဆိုင် မပိတ်ရခင်တုန်းက ဆိုင်မှာ အမျိုးသားသုံးယောက် ဘာပစ္စည်းမှ မဝယ်ဘဲ ကျွန်မတို့ကို ဟိုမေး သည်မေး ဟေးလားဝါးလား လာလုပ်နေကြ၍ ဘဘဟာ အုတ်ခဲကိုင်ပြီး မောင်းထုတ်ဖူးသည်။ ပြီးတော့ "နောက်တစ်ခါ ငါ့မြေးတွေဆီ မင်းတို့ ဒီလိုလာပြီး လူဝါးမဝနဲ့" ဟု သတိပေးခဲ့သည်။ အခုတော့ သည်လို သူ မကြုံးဝါးနိုင်တော့ပြီ။

အရက်မူးသမား ထွက်သွားတော့ ဘဘ အနားကို တိုးကပ်ကြည့်မိသည်။ အိပ်နေတဲ့အတိုင်းပါပဲ။

"သူများတကာတွေ စင်ကာပူမှာ ကျောင်းသွားတက်နေကြပြီ၊ ကျွန်တော်လည်း တက်ချင်တာပဲ… ဖေဖေက မမကိုကျတော့ သင်တန်းကျောင်းတွေ ထားပေးတယ်… ကျွန်တော့်ကိုကျတော့ မထားပေးဘူး… ကျွန်တော် ဒီအိမ်မှာ မနေချင်တော့ဘူး… ထွက်ပြေးချင်တယ်"

တစ်ခါတလေ ကျွန်မမှာ မကျေနပ်တာရှိတိုင်း ဘဘထံမှာ ပေါက်ကွဲ ဖြစ်သည်။

"နှစ်ယောက်စရိတ် ဆိုတော့ ညည်းတို့အဖေက တစ်ပြိုင်တည်း မတတ်နိုင်လို့ပါ ငါ့မြေးရယ်…တစ်နေ့တော့ ဖြစ်ရမှာပေါ့ "

အခုတော့ သည်လိုလည်း မနှစ်သိမ့်နိုင်တော့ပြီ။ ဘဘအတွက် ခံစားရတာဟာ မေမေတို့၊ ဘွားဘွားတို့ ကွယ်လွန်ခဲ့ချိန်တုန်းကနှင့် မတူပါ။ လူနည်းသည့် အိမ်မို့ တစ်ယောက် ထွက်ခွာသွားခြင်းမှာ သိသိသာသာ ခြောက်ကပ်စေသည်။ အနိမ့်ပါးဆုံးအချိန်မှာ အတူရှိနေပေးခဲ့သည့် ရဲဘော် ရဲဘက်တစ်ယောက်နှင့် လက်တွဲဖြုတ်လိုက်ရသည့် ခံစားချက်က သည်မှာ အဆစ်ပိုလာသည်။

သေနတ်ကွေးခဲ့သော လက်ညှိုးသည် အခုများတော့ အတောင့်လိုက် မာခဲနေ၏။ လက်ဖျံမှာတော့ ဆေးသွင်းသော အပ်ရာများကြောင့် မို့ဖောင်း ရောင်ကိုင်းလျက်။ ကြံ့ခိုင်တောင့်တင်းသည်ဟု ထင်ခဲ့ဖူးသော ဘဘ၏ လက်မောင်းသားများသည်လည်း အောက်သို့ ပျဉ်းတွဲကျနေ၏။ ကျွန်မတို့ ငယ်စဉ်က တစ်ခါနင်းပေးလျှင် တစ်ကျပ်ရခဲ့ဖူးသော အနင်းခံ ခန္ဓာကိုယ် မှာလည်း လွန်ခဲ့သော နှစ်အပိုင်းအခြားမှာ ကတည်းက ခြေတစ်ဖက်တင်လျှင်ပင် တောင့်မခံနိုင်တော့၊ တံတောင်နှင့် ကြိတ်ပေးလျှင်လည်း "နာလှချည့်" ဖြစ်နေသည်။ သူ မဆုံးခင် နှစ်နှစ်လောက်တုန်းက ဖေဖေ ကန်တော့ထားသည့် ပိုက်ဆံတစ်သိန်းထဲက ဘဘခြစ်ခြုတ်သုံးပြီး ကျန်ခဲ့သည့် ငွေသုံးသောင်းကို သူ့ သေတ္တာထဲမှာ တွေ့လိုက်ရချိန်မှာတော့ ရင်ပွင့်မတတ် ခံစားရပါသည်။ သူ့ခမျာ အတော်လေး ချိုးခြံခဲ့ရှာတာပါ။

ဘဘ၏ နာရေးကာလတစ်လျှောက် မိုးကောင်းခဲ့ပါသည်။ အရာတော်က ဆွေမျိုးတစ်သိုက်က သင်္ဂြိုဟ်မည့်နေ့ကျမှ ရောက်လာသည်။ ကျေးဇူးပြုဖူးသူမို့ သူ့အသုဘမှာ အမျိုး အတော်စုံပါသည်။ ရေးဟောင်းနှောင်းဖြစ် ပြောကြ၊ အောက်မေ့ကြနှင့် စကားကောင်းနေကြသည့် ဘဘ၏ ချစ်လှစွာသော ဆွေမျိုးတစ်အုပ်ကို ကြည့်ပြီး ဘဘကို ရှိစေချင်လိုက်တာ၊ သည်စကားဝိုင်းထဲမှာ ဝင်ပါစေချင်လိုက်တာ။

ဘဘရေ... သူတို့ ပြောနေကြတယ်... ကျည်းတောမှာ မိုးဖြိုင်ဖြိုင် ကျနေပြီတဲ့။ လာနားထောင်လှည့်ပါဦးတော့။

ရှိုက်ရင်းနှင့် တ လိုက်မိသော ကျွန်မအသံကို မိုးခြိမ်းသံက လွှမ်းသွားသည်။ မိုးတစိမ့်စိမ့်ကြားမှာ အသုဘယာဉ်တန်း ထွက်ခွာခဲ့ပါသည်။

သည်ခရီးမှာဖြင့် တစ်ယောက်တော့ လမ်းခွဲခဲ့ပြန်လေပြီ။

သည်ရထားမှာဖြင့် တစ်ယောက်တော့ ဆင်းနေခဲ့ပြန်လေပြီ။

သည်မြစ်ကြောမှာဖြင့် တစ်ယောက်တော့ သောင်စပ်မှာ တင်ကျန်ခဲ့ပြန်လေပြီ။

❑

(၁၉)

ကျန်ရစ်…မြစ်

နှင်းတောင်တို့ ကျစ်လျစ်သိပ်သည်းမှု လျော့ပါးချိန်။

အေးခဲလိုက်ထုံနေသည့် ရေခဲပြင်ပေါ်မှာ နေရောင်စပြီး လွှမ်းလုလု အချိန်ဖြစ်သည်။ နေခြည်နုနုကြောင့် အနွေးဓာတ်စရပြီ။ နွေဦးအကြို ရွက်နုဖူးတို့လည်း ပြူထွက်တော့မည်။ သည်အချိန်ဟာ ဆောင်းခိုဖူးသည့် ကြိုးကြာငှက်တို့ မူရင်းအရပ်ဒေသဆီကို ပြန်ကြသည့် အချိန်ပေါ့။ ကျွန်မတို့လည်း အဝေး တစ်နေရာကို ပျံသန်းဖို့ တောင်ပံအစမ်းခတ်ကြပြီ။

ကျွန်မမှာ ဘွဲ့ရပြီးကတည်း အလုပ်ဝင်ခဲ့သည်။ အောက်ခြေဝန်ထမ်းမို့ မုန့်ဖိုး ရရုံလောက်သာ လစာရသည်။ မည်သို့မျှ ကျွန်မ မပျော်ပိုက်ပါ။ ကျောင်းတုန်းက မိဘကြွယ်ဝပြီးသား သူငယ်ချင်းတချို့ နိုင်ငံခြားမှာ စာ ဆက်သင်ကြသည်။ တချို့ကျတော့ မိဘက လုပ်ငန်းထောင်ပေးလို့ စီးပွားရေးက အသင့်ရှိသည်။ တချို့သူငယ်ချင်းတွေ၏ မိဘတွေကျတော့ ရာထူးရာခံ ရှိပြီးသားမို့ သက်ဆိုင်ရာဌာနမှာ သူတို့သားသမီးအတွက် စီမံပြီးသား။ ကျွန်မတို့မှာသာ ကိုယ့်ဘဝကိုယ် ရုန်းရရုံရှိတော့သည်။

ကျွန်မတို့ကို မေမေ ဖြစ်စေချင်ခဲ့သည်မှာ သည်လိုဘဝမျိုး မဟုတ်။ သည်လို ဘဝမျိုးကို မရောက်အောင် သူ ကြိုးစားပေးခဲ့သည်။ အခုတော့ ဘာမျှမထူးတော့သလိုဖြစ်နေသည်။ မေမေ့ဘဝတစ်လျှောက်လုံး ငြိုးငြင်ခဲ့ရသမျှ သူကိုယ်တိုင်လည်း မခံစားရသလို ကျွန်မတို့လည်း ကောင်းကောင်း မခံစား လိုက်ရပါ။ သည့်အပြင် ငယ်ကတည်းကစပြီး ရုန်းကန်လာခဲ့ရတဲ့ မေမေ့မှာ ထင်းထင်းပပ အလင်းရယ်ဆိုတာမျိုးလည်း ကြုံတွေ့မသွားနိုင်ခဲ့ရှာပေ။ တကယ်တော့ မေမေ့ခမျာ တရားရှာခဲ့ပေမယ့် အစွဲတော့ မကျွတ်နိုင်ခဲ့သူပါ။

ပတ်ဝန်းကျင်က တချို့တွေ၏ အမြင်မှာတော့ အမေလည်း မရှိ၊ အဖေကလည်း အိမ်မှာမမြဲတတ်၍ သည်ကလေးမနှစ်ယောက် စောစောစီးစီး အိမ်ထောင်ကျမှာပဲဟု ထင်သူက ထင်သည်။ သည်လိုအခြေအနေမျိုးကိုတော့ ဖေဖေကလည်း အဖြစ်မခံသလို၊ ကျွန်မတို့ကလည်း အရောက်မခံပါ။ မေမေ့ကို ချစ်သည့်စိတ်ကြောင့်ပဲ မေမေ့ မျက်ကွယ်ရာမှာလည်း အောင်မြင်အောင် လုပ်နိုင်သည့်သူ ဖြစ်ချင်သည်။ သည်တွန်းအားဟာ ဘဝမှာ မယိုင်လဲစေဖို့ အကြီးမားဆုံး ခွန်အားပါပဲ။ နှစ်လကျော်အတွင်း လူလည်း သေ၊ ဥစ္စာလည်း ပြုန်းသည့် လောကဓံလှိုင်းလုံးကြီးကို ခံရဖူးထားတော့ ကျန်သည့်ဘဝ သက်တမ်းတစ်လျှောက်မှာ ကြုံရသည့် တွေ့ဆုံကြုံကွဲခြင်းတွေ၊ အတက်အကျ အနိမ့် အမြင့်တို့သည် လောကဓံလှိုင်းကြက်ခွပ်မျှသာ ရှိပါတော့သည်။

ကျောင်းပြီးလို့ တစ်နှစ်အကြာမှာတော့ ကျွန်မ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချခဲ့သည်။ သည်ဘဝမှာ ကျွန်မ မနေချင်၊ ရုန်းထွက်မည်။ တစ်နေ့နေ့မှာ မေမေ ဖြစ်စေချင်သည့် ပညာတတ် ဘဝမျိုးကို ရောက်ချင်သည်။ ပိုက်ဆံမရှိသော်လည်း နိုင်ငံခြားမှာ ကျောင်းတက်နိုင်မည့် အခွင့်အရေးမျိုးကို လိုက်ရှာချင်သည်။

သည့်အတွက် ကျွန်မ လိုချင်သည့်ဘဝက မန္တလေးမှာ မရှိ။

ကျွန်မ ရန်ကုန် သွားတော့မည် ဆိုသည့် စကားဟာ ဒေဖေ့အတွက်တော့ ရင်ကွဲစေသည့် စကားပါပဲ။

"သမီး ကျောင်းတက်တုန်းက တစ်ရက်မှာ သမီးတို့ သူငယ်ချင်းတွေ ကဖေး ချစ်ချစ်ကို လာပြီး ထိုင်ကြတာ ဖေဖေ တွေ့ဖူးတယ်... သမီး မလွတ်လပ်မှာစိုးလို့ ဖေဖေ မနှုတ်ဆက်ခဲ့ဘူး... ကြည့်လိုက်တော့ အားလုံးထဲမှာ ငါ့သမီးလေးက ဝတ်တာစားတာ အနွမ်းဆုံးပဲ... စိတ်မကောင်း လိုက်တာ"

မေမေနှင့် ဘွားဘွား ရှိစဉ်တုန်းက ဘာဘတို့၊ ဖေဖေတို့နှင့် ပူးပူး ကပ်ကပ် မရှိလေတော့ အုပ်ထိန်းတဲ့ မိန်းမသားတွေ မရှိတော့သည့်နောက်မှာ အပျိုဖြစ်လာသည့် သမီးနှစ်ယောက်ကို ထိန်းသိမ်းဖို့၊ ဖြည့်ဆည်းပေးဖို့ အခက် တွေ့ကြသည်။ ကျွန်မတို့ ဘယ်အချိန်မှာ ဘာလိုအပ်မှန်း သူတို့ သေချာမသိ။ မမ ဘွဲ့ယူတုန်းက ဘာဘ မဆုံးသေး။ သည်တုန်းကလည်း ဘွဲ့ယူဖို့ လုံချည် မရှိတော့ ဘာဘက ဖေဖေ မင်္ဂလာဆောင်တုန်းက ပုဆိုးကို မမ ဝတ်ဖို့ ဖွတ်အတင်း ပေးသည်။

"အခုခေတ် မိန်းမတွေဝတ်တဲ့ လုံချည်ကလည်း ဒါမျိုး မဟုတ်ဘူးလား... အပေါ်က ဝတ်ရုံရုံလိုက်ရင် ဘာမှ မကွာဘူး... အဲဒါပဲ ဝတ်လိုက်တော့"

မမမှာ မျက်နှာငယ်ငယ်နှင့် ဘာဘကို ငေးကြည့်ရှာသည်။ တစ်ခါတလေကျတော့ ဖေဖေက သူ့မိတ်ဆွေတွေကို အကူအညီ တောင်းပြီး ကျွန်မတို့ကို အင်္ကျီလိုက်ဝယ်ပေးဖို့ ပြောပါသည်။ ကျွန်မတို့မှာကလည်း တစ်သက်လုံး အမေဆင်လာသည့် အင်္ကျီကိုသာ ဝတ်ခဲ့ရသဖြင့် အင်္ကျီစ တစ်စလျှင် အပြင်မှာ ဘယ်ဈေးရှိမှန်း မသိအောင်ပင် အတော်လေး ထူအခဲ့သည်။ အစဖိုး၊ ချုပ်ခဖိုးကို ကြားမိတော့ သေလွန်သွားသည့် အမေကို တ မိပါရဲ့။

အရွယ်ရောက်လာသည့် သမီးတွေ ရည်းစားသနံထားပြီး မဖြစ်သင့်တာ ဖြစ်မှာကိုတော့ ဖေဖေ အပူဆုံးပါ။

"ဘာဘကလည်း ညဆိုရင် စောစောအိပ်ရာဝင်ပြီ... ဖေဖေ စာပေ ဟောပြောပွဲနဲ့ ခရီးတွေ ထွက်ရတိုင်း အိမ်မှာ ကျန်ခဲ့တဲ့ ငါ့သမီးလေး နှစ်ယောက် လိမ်လိမ်မာမာမှ နေခဲ့ရလားတွေးပြီး အမြဲ နောက်ကြောင်း မအေးဘူး"

ကျွန်မ တက္ကသိုလ်နောက်ဆုံးနှစ်တုန်းက ကျွန်မဆီကို ဖုန်းဆက် နေ့ကျ သူငယ်ချင်းကောင်လေးတစ်ယောက် ရှိပါသည်။ ကျွန်မတို့ ဖုန်းပြော ကြသည်ကို ကြည့်ရင်း တစ်နေ့တော့ ဖေဖေက ကျွန်မကို ခေါ်မေးပါသည်။

"အဲဒါ သမီး ကောင်လေးလား"

"မဟုတ်ပါဘူး ဖေဖေ... သမီးတို့ သူငယ်ချင်းပါ"

"ဒီလိုပါ သမီးရယ်... သမီးက ကျောင်းလည်း မပြီးသေးဘူး...ပြီးတော့ ဖေဖေတို့မှာလည်း မပြည့်စုံသေးဘူး... ဒီအချိန်မှာ အဲဒီလို ကိစ္စတွေ စဉ်းစားမယ်ဆိုရင် သမီး မျက်နှာငယ်ရမှာ... ဖေဖေ့ကို အချိန် နည်းနည်းပဲ ထပ်ပေး... ဖေဖေ ဂျာနယ်ထုတ်လို့ရအောင် ကြိုးစားနေတာ... သမီးတို့

အိမ်ထောင်ရေးမှာလည်း ဖေဖေက တင့်တောင့်တင့်တယ်ပဲ ဖြစ်စေချင်တာ”

သည်စကားဟာ မေမေသာရှိလျှင် သမီးတွေကို တိုးတိုးကျိတ်ကျိတ် မေးမြန်းပြီးမှ ဆုံးမရမည့် စကားမျိုးပေါ့။ ဖေဖေ့ခမျာ မျက်နှာမှူရာမှာပဲ။

“ဟင့်အင်း ဖေဖေ... ဖေဖေ စိတ်ချ ... သမီးက သမီးရည်မှန်းချက်ကို အပျက်မခံဘူး”

ကြွေးကြော်ခဲ့သလိုပါပဲ။ တစ်နေ့မှာတော့ အသိုက်ကနေ စွန့်ခွာရမည့် အချိန်ကို ရောက်လာပါသည်။

ကျွန်မ ရန်ကုန် သွားမည့်နေ့တွင် စာပေကိစ္စတစ်ခုနှင့် ဖေဖေ မေမြို့ကို ရောက်နေသည်။ အိမ်နီးနားချင်းတွေက လေးဘီးကားအပြာလေးကို ငှားပြီး ကျွန်မကို လိုက်ပို့ကြသည်။ မေမေ ရန်ကုန်မှာ တက္ကသိုလ်တက်တုန်းက ကိုယ်နှင့်မကွာ ယူလာခဲ့သည့် သံသေတ္တာဟာ အခုတော့ ကျွန်မအဖို့ ဖြစ်ရပြန်သည်။ သံသေတ္တာတစ်လုံးရယ်၊ ဘေးအိမ်က ကျွန်မကို လိုက်ပို့ကြသည့် ကစားဖော်ကလေးတွေရယ်၊ အဒေါ်ကြီးတွေရယ်၊ ကျွန်မရယ် လေးဘီးကား သေးသေးလေး အပေါ်မှာ အပြည့်။

ကျွဲဆည်ကန် ကားကြီးဝင်းကို ကျွန်မတို့ ရောက်ကြသည်အထိ ဖေဖေ မလာသေး။ ကျွန်မမှာ ဖေဖေ့ကို မျှော်ရပြီ။ ကားက ခြောက်နာရီ ထိုးလျှင် ထွက်မည်။

ဖေဖေ လာမှာပါ။ ဖေဖေ ရောက်အောင် လာမှာပါ။ ကားဂိတ်ကို ဖေဖေ လိုက်လာခဲ့မယ်လို့ မနက်တုန်းက သေသေချာချာ သူ ပြောသွားခဲ့တာပဲ။ ငါ ဖေဖေ့ကို ကန်တော့သွားနိုင်မှာပါ။

ငါးနာရီ မိနစ်ငါးဆယ်မှာ ဖေဖေ ရောက်လာခဲ့သည်။ ဖေဖေ့ မိတ်ဆွေ စာရေးဆရာ လင်းမယားနှစ်ယောက်လည်း ပါပါသည်။

“သမီး အကုန်ပါပြီလား”

“ဟုတ်”

အစတုန်းကတော့ ဖေဖေ့ကို တွေ့လျှင် နေကောင်းအောင် နေဖို့၊ စိတ်မပူဖို့ရာတွေ ပြောရန် စဉ်းစားထားသော်လည်း လက်တွေ့မှာတော့ ကျွန်မ အသံတွေ ဆို့အနေပါသည်။ ဖေဖေကလည်း စကား ရှည်ရှည်ဝေးဝေး မပြောပါ။

ဖေဖေ့ မျက်နှာတစ်ခုလုံး ရဲနေသည်။ နောက်ဆုံး သူပြောလိုက်တာ “အေး.. အေး... သွားတော့ ” တဲ့။

ကျွန်မ ဖေဖေ့ကို ကျောခိုင်းလိုက်ပြီး ကားပေါ်ကို တက်လိုက်ပါသည်။ ဖေဖေ့ ရှေ့မှာ ကျွန်မ မငို၊ ကျွန်မက စွန့်ခွာခဲ့သူလေ၊ စိတ်အားတင်းရမည်။ ဖေဖေသည်လည်း ကျွန်မ ရှေ့မှာ မျက်ရည်မကျခဲ့ပါ။ သူ မျက်ရည်ကျလျှင် သူ့သမီးလေး နောက်ဆံ တင်းနေလိမ့်မည်ဆိုတာ ဖေဖေ သိနေတာပဲဟာ။

မကြာခင်မှာ ကားဘီး စလှိမ့်လေသည်။ ကားပေါ်က ကျွန်မကို

မျက်စိတစ်ဆုံး ကြည့်ပြီး လက်ပြနေသည့် ဖေဖေ့ကို လှမ်းမြင်ရသည်။ သည်တော့မှပဲ ကျွန်မမှာ ရှိုက်ကြီးတငင် ငိုဖြစ်တော့သည်။

မကြာမီ ကျောက်ဆည်ကို ရောက်သည်။ ဒီအချိန် ငါ အိမ်လှည့် ပြန်ရင် မန္တလေးကို ပြန်ရောက်ဖို့ တစ်နာရီပဲ ကြာမှာ။ ဖေဖေ အံ့သြ နေမှာပဲ။ ပြန်ရရင် ကောင်းမလား။

ခဏနေတော့ မိတ္ထီလာကို ရောက်သည်။ အခုနေ လှည့်ပြန်ရင်တော့ သုံးနာရီလောက်ပဲ ကြာမှာပါ။ ပြန်မယ်ဆို ရသေးတာပဲ။ သည်လိုနှင့် မနက်လင်းအားကြီး ပဲခူးကို ရောက်တော့မှပဲ မန္တလေးကို မပြန်ဖို့ရာ စိတ်တုံးတုံး ချမိတော့သည်။ သို့ပေမဲ့ ကျွန်မ နှလုံးသားကတော့ ကျန်ရစ်ခဲ့ပါပြီ။ ဝမ်းနည်းလွယ်တတ်သည့် ဖေဖေဟာ ကျွန်မ ကွယ်ရာမှာ ငိုနေရှာမှာပါ။ သည်သမီးကို ရင်ခွင်မှာ မထွေးနိုင်ခဲ့သည့်အတွက် တစ်ညလုံး သူ မအိပ်ဘဲ ထိုင်တွေးနေမလား မသိ။ သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားနေမလား မသိ။

ရန်ကုန်မလာခင် ရက်တွေမှာတုန်းက အပူလျှပ်ပြီး ဖေဖေ နှာခေါင်းသွေး လျှံပါသည်။ သွေးတွေကို မြင်တော့ ကျွန်မတို့ ညီအစ်မနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်မိကြသည်။

“ဖေဖေ ဘာဖြစ်တာလဲ… သေတော့မှာလား မသိဘူး”

တွေးရင်းနှင့် ငိုချင်လာသည်။ ကျွန်မတို့ဘဝမှာ ဆုပ်ကိုင်စရာ သည်ကြိုးတစ်ခုပဲ ကျန်တော့တာပါ။ ဖေဖေ့ကို ကြည့်ပြီး ငိုတော့မယောင် ဖြစ်နေသည့် သမီးကို ဖေဖေကလည်း မသိဘဲ နေမည်မဟုတ်။

“ဘာမှမဖြစ်ဘူး… စိတ်မပူနဲ့”

သည်လိုပဲ ဖေဖေ နှစ်သိမ့်ပေးခဲ့သည်။

ဖေဖေရယ်… သမီးအတွက်တော့ ဖေဖေက သူရဲကောင်းပါပဲ။ သမီးတို့အတွက် အသက်ရှင်ပေးခဲ့တယ် ဆိုတာ တစ်ခုတည်းနဲ့၊ အသည်းမအာ တတ်တဲ့ ဖေဖေ သမီးတို့အတွက် ကြံ့ခိုင်ပေးခဲ့တာ တစ်ခုတည်းနဲ့တင် ကျေနပ်ပါပြီ။ သမီးမှာ မေမေရော၊ ဖေဖေရော ပေးတဲ့ ခွန်အားရှိတယ်။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိတယ်။ ဉာဏ်ရှိတယ်။ သမီးလိုချင်တဲ့ ဘဝမျိုး ရောက်အောင် သမီး ကြိုးစားယူမယ်။

ဖေဖေရှိတဲ့ အရပ်ဟာ သမီး အိမ်ပါပဲ။

ဖေဖေ့ဆီကို သမီး ပြန်လာမှာပါ။ ဖေဖေ့အိမ်ကို သမီး ပြန်လာမှာပါ။ ဒီသမီးက ဖေဖေ့သမီးပါ။

သည်စိတ်နှလုံးနှင့်ပဲ လေဟုန်ကိုခွင်း၍ အဝေးကိုနှင်ဖို့ရာ လေးကြိုး တင်းရပြန်ပြီပေါ့ ။

❊

ဖေဖေနှင့် ဝေးရာ၊ ဇာတိမြို့နှင့် ဝေးရာကို ရောက်ပြီးသည့်နောက်၊ ကိုယ့်ဘဝကို ကိုယ်ဖန်တီးဖို့ ဆုံးဖြတ်ပြီးသည့်နောက်မှာတော့ လည်တုံဆွဲကြိုးကို ရှာသည့် အိပ်မက်ဟာ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားပြန်သည်။ မမြင်မက်တော့ သည့်မှာ ဆယ်စုနှစ်တစ်ခုကျော်မျှရှိပြီ။ ဆွဲကြိုးကို သိစိတ်က ပြန်စဉ်းစားမိခဲ့ လျှင်တောင် အိပ်မက်မှာတော့ တစ်ခန်းရပ်သွားပြီးဖြစ်သည်။ သို့ပေမဲ့ မေမေ၊ ဘွားဘွားနှင့် ဘဘတို့ကတော့ ကျွန်မ၏ အိပ်မက် ဇာတ်ကောင်တွေ ဖြစ်နေကြဆဲ၊

နာကျင်လျက်ကပင် အိပ်မက်ကို စွဲလမ်းစွာ ဆုပ်ကိုင်ထားသော ကျွန်မမှာ အဘိုး၊ အဘွားနှင့် အမေ့ကို ပုံရိပ်ယောင်ကမ္ဘာမှာ တွေ့ဖို့ရာ အမြဲ ကြိုးစားမိသည်။ မမြင်မက်တာ ကြာလျှင် တမ်းတသည်။ ဆိုရိုးစကားက နာတာကို လွမ်းတာနှင့် ဖြေတဲ့။ ကျွန်မမှာတော့ လွမ်းတာကို နာတာနှင့် ဖြေရသည်။ အိပ်မက်က နိုးလာတိုင်း မောဟိုက် နာကျင်နေရတာကို မသိစိတ်မှာ သာယာလာသည်။ ဒါသည် နှစ်နှစ်ဆယ်ကြာခဲ့သော စိတ္တဇ ဖြစ်၏။

အိပ်မက်ထဲမှာ ကျွန်မ ရင်ဖွင့်နေမိသည်။ သို့မဟုတ် သတင်းပေးနေ မိသည်။ သို့မဟုတ် တိုင်ပင်နေမိသည်။ သို့မဟုတ် သူတို့ တစ်ဦးချင်းစီ၏ လှုပ်ရှားမှုတွေကို ဖန်သားပြင်မှာ ကြည့်နေရသလို အသေးစိတ် ရှုကြည့် မိသည်။

တချို့အိပ်မက်မှာတော့ မြဝတီရုပ်သံက လွှင့်၍ ကြည့်ခဲ့ရဖူးသည့် တရုတ်ဇာတ်လမ်းတွဲ "ငွေကြယ်ပွင့်တို့ သက်သေတည်" ထဲက ကင်ဆာ ရောဂါနှင့် သေသွားသည့် ကလေးငါးယောက်အမေ မင်းသမီး ချီးရှာဟာ ကျွန်မ အမေ ဖြစ်နေသတဲ့၊ အိပ်မက်ထဲမှာ ချီးရှာ၏ ကလေးတွေဖြစ်သည့် သုံးသုံးတို့၊ ဝမ်းဝမ်းတို့၊ ပင်းပင်းတို့နှင့်အတူ ကျွန်မလည်း အမေကို အပြိုင် တရင်း ငိုနေလေသည်။

အိပ်မက်တစ်ခုမှာတော့ မေမေဟာ ဈေးဆိုင်ခန်းထဲမှာ ပစ္စည်းတွေကို ဖုန်သုတ်ပြီး နေရာချနေသည်။

"အခု စတားကိုလာကို သိပ်မတွေ့ရပြန်တော့ဘူး မေမေ... မြန်မာနိုင်ငံကို ပက်စီ ပြန်ဝင်လာပြီ"

"မျောက်စိမ်းခါတ်ခဲက သုံးတဲ့သူတောင် ရှိပါတော့မလားပဲ... အခု ခါတ်မီးတွေကို ပလပ်ပေါက်ထိုးပြီး အားပြန်သွင်းလို့ ရနေပြီတဲ့"

"မေမေပဲ သမီး တီဗွီကြည့်ချင်လို့ မီးမှန်စေချင်တိုင်း ဘုရားမှာ လျှပ်စစ်မီး အလှူလုပ်လို့ ပြောလို့... အခုထိ လျှပ်စစ်မီး အလှူခံပုံးထဲကို အလှူငွေထည့်နေတုန်းပဲ သိလား"

မေမေသည် ကျွန်မကို ဘာမှပြန်မပြော။ ရွှေဝါဆပ်ပြာတောင့်တွေကို တစ်တောင့်ချင်း စီနေလေ၏။

အိပ်မက်တစ်ခုမှာတော့ ဘဘသည် ရေဒီယိုကို အသံကုန် ဖွင့်ပြီး သူ့နား အနားသို့ကပ်ကာ နားထောင်နေ၏။ ပြီးတော့ သူက ဆိုင်ခန်းထဲမှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်တချို့ကို အသံထွက်ပြီး ဖတ်သည်။

"အကြွေး သည်းခံပါ"

“ယနေ့ ရောင်းရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်”

“တစ်ခွန်းဆိုင်”

အိပ်မက်တစ်ခုမှာတော့ ဘွားဘွားသည် ဆွမ်းချက်ဖို့ရာ အိမ်အပေါ်ထပ် သူ့အခန်းဆီကနေ အောက်ထပ်ကို ဆင်းလာပါသည်။ မီးခွက်တစ်ခုကို ကိုင်ထား၏။ ဧည့်ခန်းက အဖြတ်တွင် ကျွန်မ ရေးထားခဲ့သည့် “ဆရာမကြီး အေးလဲ့ထွန်း၊ တပည့် မောင်တင်ထွန်း” စာသားကို လက်ခနဲ တွေ့ရသည်။

သည့်ကကျော်တော့ ငယ်ငယ်က မေမေနှင့် အတူတူ အိပ်ခဲ့ရသည့် အခန်းကို လှမ်းမြင်ရ၏။ ညာဘက်အပေါ်ထောင့်တွင် ခြင်ထောင်အပြာကို သားရေပင်နှင့် ထုံးချည်ထားတာကိုလည်း ဟိုတုန်းကအတိုင်း ပြန်တွေ့ရသည်။ မီးဖိုခန်းသို့ အကူးတွင် တံခါးဝမှာရှိသည့် ပြာသိုအိုးနှစ်လုံးကို ဆင့်ထားသည့် သစ်သားရေအိုးစင်ကလည်း မပြောင်းမလဲ အရောင် ခပ်မွဲမွဲပါပဲ။ ညာဘက်ကအစိမ်းရောင် သုတ်ထားသည့် အုတ်နံရံကတော့ ဆေးကွာလုပြီ။ သို့ပေမဲ့ ဘေးကပ်လျက်မှာ ရှိသည့် ရွှေလာငွေလာ ဂမုန်းနှစ်ပင်ကတော့ အိပ်မက်ထဲမှာ စိမ်းစိမ်းစိုစိုနှင့် ရွက်သစ်တွေတောင် ဝေလို့။

မကြာမီမှာ ဘွားဘွား၏ အိုးခွက်ပန်းကန် ရွှေသံတွေကို ကြားရသည်။ သူ ဆွမ်းချက်တော့မည်။ မီးခိုးငွေ့တွေ လှိုက်ပြီး အူထလာသည်။ ပုံရိပ်ယောင် ကြေးမုံပြင်သည် ခပ်ဝါးဝါး။ ထိုစဉ် ဓမ္မာရုံကနေ ကြားနေကျ ဓမ္မတေးသံကို ကြားလိုက်ရလေသည်။

“မြဟမ္မာ နတ် လူအပေါ် xxx ဒေသနာကြားလိုက်သော် xxx ကမ္ဘာလောကမြေပြင်ပေါ် xxx သုံးကြိမ်တိုင်အောင် အင်မတန်သာခုခေါ်”

သော်တာအေးလဲ့

စာပြီးရက် - ဖေဖော်ဝါရီ ၁၄၊ ၂၀၁၉

11:19 AM

“ကျန်ရစ်…မြစ်” မှတ်တမ်းလွှာ

သည့်စာအုပ် ဖြစ်မြောက်ရေးအတွက် မေတ္တာရေးရှုခဲ့ကြပါသော အန်တီဝင်းဝင်းမေ (VEC ပညာ့ရိပ်သာ။ မန္တလေး) နှင့် အန်တီဝိုင်း (ကံ့ကော်ဝတ်ရည်)၊ စာမူကြမ်းကို ဖတ်ရှုပေးကြတဲ့ အစ်မ ဒေါက်တာစန်းကြူကြူအေး (မန္တလေး-ဆေးတက္ကသိုလ်)၊ ညီမလေး ပြည့်နှင့် ကျွန်မ၏ မိသားစုဝင်တွေကို လှိုက်လှဲသော စိတ်နှလုံးနှင့် အလေးအမြတ် ပြုပါသည်။ တကယ်တော့ သည့်စာမူကြမ်းကို ၂၀၀၉ ခုနှစ်ကတည်းက ရေးသားထားခဲ့ပြီး ထိုစဉ်ကတော့ လူမှုကွန်ရက် (ဖေ့စ်ဘွတ်ခ်) ပေါ်မှာသာ အပိုင်းခွဲပြီး တင်ခဲ့ပါသည်။ သည့်တုန်းက စာအုပ် ထုတ်ဖို့ရာ တိုက်တွန်းကမ်းလှမ်းခဲ့သည့် ဆရာသမားတွေ ရှိခဲ့ပေမယ့် ကျွန်မ မဝံ့ရဲခဲ့။ တွန့်ဆုတ်နေမိသည်။ စာမူကြမ်း ဆယ်နှစ် ရှိလေမှ တစ်ဖန် အချောသပ် ပြင်ဆင်ရေးသားပြီး ယခုလို စာအုပ်အဖြစ်သို့ ရောက်လာပါတော့သည်။

စောင်းငဲ့ကြည့်မိသော လွန်ခဲ့သော ဆယ်စုနှစ် ကာလတစ်ခုကို လွမ်းပါသည်။ သီချင်းတွေကို လွမ်းပါသည်။ အတူတကွ နှလုံးသွေးချင်း နီးစပ်ဖူးသူများကို လွမ်းပါသည်။ ဆိုင်းသံ၊ ဗုံသံတို့ကို လွမ်းပါသည်။ ကျေးလက်၌ ဆန်သော ရပ်ကွက်လေးကို လွမ်းပါသည်။ မွန်းကျပ်သောကာလတွင် သည့်အလွမ်းသည် ပို၍ပြီး အရောင်ထင်းပါသည်။ ထို့ကြောင့် ကျွန်မတမ်းတဖြစ်သည်။ ထို့ကြောင့် “ကျန်ရစ်…မြစ်” ဖြစ်လာရသည်။

“ကျန်ရစ်…မြစ်” တွင် မည်သူ ကျန်ရစ်သနည်း၊ မည်သည့် အရာတို့ ကျန်ရစ်သနည်းဟု မေးလာလျှင် ကျွန်မ မဖြေတတ်ပါ။ သည့်စာကို မှတ်တမ်းတင်သူက ကျန်ရစ်ခဲ့တာလား၊ သို့တည်းမဟုတ် စပ်ယှက်ခဲ့သော ကြိုးနွယ်များက ကျန်ရစ်တာလား။

ကျွန်မ မသိပါ။

သော်တာအေးလှဲ့



တစ်ခါတစ်ရံ ဝေဒနာသက်သာစေရန်အတွက် ခံစားချက်ကို
ဖောက်ထုတ်သည့် နည်းဖြင့် ကုစားတတ်ကြသော်လည်း
ခံစားချက်တိုင်း ဖြေချထိုက်နေသည်တော့ မဟုတ်ပါ။
ဆေးဝါးများလို တစ်နေ့နည်းနည်းချင်းစီ မှီဝဲထိုက်သော
ဝေဒနာမျိုးလည်း ရှိပါသေးသည်။ ဝေဒနာနှင့် အသက်ဆက်ရသည်။
ဒါဟာ အလွမ်းပေါ့။